ဝံသာနုရက္ခိတ

# ရွှေပျက်မှုန်ဦးဝိဇယ

ဓမ္မဒါန



ကျစွာဆရာတော် ရွှေမျက်မှန် ဦးဝိဇယ

၁၅၀၇၇

ကျေးဇူးတော်ရှင်

ကျဗ္ဗာ ဆရာတော် ဘုရားကြီး

# ဝံသာနုရက္ခိတ

# ရွှေမျက်မှန် ဦးဝိဇယ

ပဌမပုံနှိပ်ခြင်း၊ ၁၉၇၁-မေလ

စာအုပ်ရေ ၂၀၀၀၊ ဓမ္မဒါန

ဘာသာရေးဆိုင်ရာ စာမူ ခွင့်ပြုချက်အမှတ် ၁၅၆၃

မျက်နှာဖုံး ခွင့်ပြုချက် အမှတ် ၁၀၄

ပန်းချီ....ကိုဝင်းမောင်

ဘလောက်....ရွှေနဂါး

ပုံနှိပ်သူ....ဦးလှ

ကြီးပွားရေးပုံနှိပ်တိုက်၊ လက်ဆည်ကန်၊ ဂုန္တာဝန်ဝင်း၊ မန္တလေး
မှတ်ပုံတင်အမှတ် ၀၁၇၇၇ မှာ ရိုက်နှိပ်ပြီး

စစ်ကိုင်းတောင်ရိုး၊ ကျစွာချောင် ဦးလက္ခဏာ
ကင်းလွတ်ခွင့်အမှတ် ၅၉၅ က
တာဝန်ခံ ထုတ်ဝေသည်။

# မာတိကာ


၁။ မိတ်ဆက် .... — လူထုဦးလှ ၅

၂။ ပူဇော်ပွဲကျင်းပရခြင်းအကြောင်းပြနိဒါန်း....အရှင်လက္ခဏ ၁၃

၃။ ဆရာတော်(ရွှေမျက်မှန်)ဦးဝိဇယ၏
မဟာထေရုပ္ပတ္တိ အကျဉ်း.... — အရှင်ဗြဟ္မဝံသ ၂၁

၄။ ကျစ္ဆာဆရာတော်ဘုရားကြီး၏ ပရိယတ္တိဝိသာရဒဂုဏ်
အရှင်သီလာနန္ဒာဘိဝံသ ၂၇

၅။ ဆရာတော်၏ အင်္ဂလိပ်အစိုးရ နယ်ချဲ့ဆန့်ကျင်ရေး
အမျိုးဘာသာ သာသနာလုပ်ရပ်များ — ဆရာတော်ဦးပဝရ ၇၃

၆။ ရွှေမျက်မှန် ဦးဝိဇယ၏ နယ်ချဲ့ဆန့်ကျင်ရေးလုပ်ရပ်နှင့်
ဝံသာနုရက္ခိတ တရားများ — အသျှင်ပညာနန္ဒာဘိဝံသ ၈၇

၇။ စာနယ်ဇင်းကပြောသော ရွှေမျက်မှန်ဆရာတော် ဦးဝိဇယ
လူထု ဒေါ်အမာ ၁၃၇

၈။ ကျစ္ဆာဆရာတော်ဘုရားကြီးနှင့် စစ်ကိုင်းတောင်
သာသနာရေးကိစ္စများ.... ရွှေကိုင်းသားဦးသောဘိတ ၂၀၃

၉။ ကျစ္ဆာမဟာထေရဂုဏကထာ အဖြာဖြာ
ဝိဇိတာရုံနာယကချုပ်ဆရာတော်ဘုရား ၂၁၉

၁၀။ အမျိုးဘာသာ သာသနာ့အကျိုး သည်ပိုးဆောင်ရွက်တော်
မူသည့် ကျစ္ဆာဆရာတော်ဘုရားကြီး
ရွှေကိုင်းသား ဦးသောဘိတ ၂၄၂

၁၁။ ကျစ္ဆာဆရာတော်ဘုရားကြီး (ရွှေမျက်မှန် ဦးဝိဇယ)၏
ထူးခြားသော ဂုဏ်တော်များ.... ကျစ္ဆာ အရှင်လက္ခဏ ၂၅၈

၁၂။ ကျစ္ဆာဆရာတော်ဘုရားကြီး (ရွှေမျက်မှန် ဦးဝိဇယ)၏
နောက်ဆုံးနေ့များ — .... ကျစ္ဆာ အရှင်လက္ခဏ ၂၆၉

၁၃။ မဟာထေရဂုဏကထာ ဂါထာ ကဗျာများ — ၂၀၃

# မိတ်ဆက်

'ကျေးဇူးရှင်' ဆိုတဲ့ မြန်မာ စကားဟာ အလွန်လှပါတယ်။ သူ့နေရာနဲ့သူ အနှစ်သာရလဲ ရှိတယ်။ ရိုသေလေးစားမှုလဲ ပါတယ်။ ဗုဒ္ဓယဉ်ကျေးမှုမှာ အရင်းခံတဲ့ စကားပါဘဲ။

ကျေးဇူးရှင် ရွှေကျင်ဆရာတော်ဘုရားကြီး၊ ကျေးဇူးရှင် မန်လည်ဆရာတော်ဘုရားကြီး၊ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး စသည်ဖြင့် ဆရာတော် ဘုရားကြီးများရဲ့ ဘွဲ့တော်များ ရှေ့က ကျေးဇူးရှင် ဆိုတဲ့ စကားကို ဗုဒ္ဓဘာသာ မြန်မာလူမျိုးများက ရိုရိုသေသေ လေးလေးမြတ်မြတ် ထဲ့လေ့ ရှိကြတယ်။

ဘာ့ကြောင့်လဲ။

သာသနာတော်မြတ်အကျိုး၊ တိုင်းသူပြည်သား၊ ကမ္ဘာသူ ကမ္ဘာသား၊ သတ္တဝါများအကျိုး ဆောင်ရွက် ကြိုးပမ်းတော်မူကြလို့ ဖြစ်ပါတယ်။

ဘုရားရှင် ကိုယ်တော်မြတ်ကြီးကို ရှိခိုးကန်တော့ရာမှာ ...

"ကျေးဇူးတော်အနန္တ
ဂုဏ်တော်အနန္တ
ဉာဏ်တော်အနန္တ နဲ့
ပြည့်စုံတော်မူသော မြတ်စွာဘုရား"

လို့ သုံးနှုန်းကြပါတယ်။ ဒီသဘောရဲ့ တစိတ်တဒေသကိုယူပြီး ဘုရားရှင်ရဲ့ သားတော်များဖြစ်ကြတဲ့ ဆရာတော် သံဃာတော်ကြီးများရဲ့ ဂုဏ်ကျေးဇူးကို ထုတ်ဖော်လိုရာမှာ ကျေးဇူးရှင်ဆိုတဲ့ စကားလုံးကို ကြည်ကြည်ညိုညိုနဲ့ သုံးနှုန်းကြတာ ဖြစ်လိမ့်မယ်လို့လဲ ယူဆနိုင်ပါတယ်။

ကံအား လျော်စွာ ၁၃၃၈ ခု ပြာသိုလပြည့်နေ့က စစ်ကိုင်းတောင်ရိုး ကျစွာချောင်မှာ ကျင်းပတဲ့ ၁၀ ကြိမ်မြောက် ကျစွာ ဆရာတော် ဘုရားကြီးရဲ့ ဂုဏ်ကျေးဇူးတော်တွေကို ရည်မှန်းပြီး စာတန်းဖတ်ပွဲနဲ့ ပူဇော်ပွဲ ကျင်းပတဲ့ အခမ်းအနားကို ကျွန်တော် တက်ရောက်ခွင့်ရခဲ့ပါတယ်။ မန္တလေးနဲ့ စစ်ကိုင်းတောင်မှာ သီတင်းသုံးကြတဲ့ ဆရာတော် သံဃာတော် တော်တော် များများ၊ သီလရှင် များနဲ့ ကျစွာချောင် ဆရာတော်ကြီးရဲ့ တပည့်တပန်း လူပရိသတ် တော်တော်စုံတဲ့ ပွဲပါဘဲ။

ကျစွာချောင် ဆိုတာက ဝါးချက်ရွာနဲ့တော့ နီးပါရဲ့၊ ဒါပေမယ့် သွားရလာရ လွယ်တဲ့ ချောင်မဟုတ်လို့ တော်ရုံစေတနာ၊ တော်ရုံ သဒ္ဓါတရားနဲ့ ဒီအခမ်းနားကို တက်ကြမှာ မဟုတ်ဖူး။

ရေဝတီမြစ်ကို တောင်ကမ်းပါးရံက မိုးကြည့်နေတဲ့ ကျစွာချောင်ဟာ စစ်ကိုင်း ကျစွာမင်းကြီး ဆောက်လုပ် ကိုးကွယ်သွားတဲ့ ချောင်ဖြစ်ပါတယ်။ ရှုမျှော်ခင်းလဲကောင်းတယ်၊ ချောင်ကျတဲ့ ချောင်တချောင်လို့လဲ ဆိုနိုင်တယ်။

ဒါ့ကြောင့် သူတော်ကောင်းတွေ ပျော်တဲ့ ဌာနတခုလို့ ဆိုရပါမယ်။ ဒီ ကျစွာချောင် အလယ်လောက်က တောင်ကလေးကိုမှီပြီး ဆောက်ထားတဲ့ ရိုးရိုး ကောင်းကောင်း ခန်းမကလေးမှာ ကျစွာ ဆရာတော်ဘုရားကြီးရဲ့ ဂုဏ်ကျေးဇူးများကို ဖော်ကျူးတဲ့ စာတန်းတွေကို လှိုက်လှိုက်လှဲလှဲ ဖတ်ကြတာ ဖြစ်ပါတယ်။ နေ့ဆွမ်းစားပြီး ၁၂ နာရီ အချိန်လောက်က အခမ်းအနားစတာ ညနေ ၄ နာရီကျော်မှဘဲ ပြီးဆုံးပါတယ်။ ရိုးရိုးကလေးနဲ့ အဓိပ္ပါယ်ရှိတဲ့ ဒီပွဲမှာ မန္တလေးက လာပြီး ဆွမ်းကပ်ကြသူ၊ သီလရှင်ပရိသတ် လူပရိသတ်များကို ဧည့်ခံသူများကလဲ မနဲဘူး။

အခု ကျွန်တော် အစီရင်ခံနေတဲ့ ကျစွာချောင် ဆရာတော်ဆိုတာက နိုင်ငံရေး လောကမှာရော၊ သာသနာရေး လောကမှာပါ 'ရွှေမျက်မှန် ဆရာတော် ဦးဝိဇယ'လို့ ကျော်ကြားခဲ့တဲ့ ဆရာတော်ဘုရားကြီး ဖြစ်ပါ

တယ်။ တချိန်က သတ္တ ဗျတ္တိနဲ့ သာသနာတော် အကျိုး၊ တိုင်းပြည် ကမျိုးသားများ အကျိုး စွန့်စွန့်စားစား ကြိုးပမ်းခဲ့တဲ့ အတွက် အထူး ကျော်ဇောခဲ့ပေမယ့် ရေးထားတဲ့ ထေရုပ္ပတ္တိကလဲမရှိ၊ ဆက်စပ် ဖော်ပြ သူများကလဲ အင်မတန် နဲတာကြောင့် အခုခေတ် ငယ်ရွယ်သူတွေ ထဲမှာ ရွှေမျက်မှန် ဆရာတော် ဦးဝိဇယ ကို ကြားဘူးသူ နဲနဲဘဲရှိပါလိမ့်မယ်။

ဒီလိုပါဘဲ ဆရာတော်ဦးဥတ္တမ၊ ဆရာတော် ဦးဝိစာရတို့လို နိုင်ငံ ရေးဘက်မှာ ထူးထူးချွန်ချွန် ဆောင်ရွက်ခဲ့တဲ့ ဆရာတော်ကြီးများ၊ လူ ပုဂ္ဂိုလ်များ အကြောင်းနဲ့ ထိုပုဂ္ဂိုလ်များ ကြိုးပမ်းလုပ်ဆောင်ခဲ့တာတွေ ကိုလဲ နောက်လူများက ကောင်းကောင်း မသိကြတော့ပါဘူး။ ပြန်ကြည့် လိုက်ယင် နယ်ချဲ့တိုင်းတပါး ဗြိတိသျှတို့က လက်နက်နဲ့ တိုက်ခိုက် သိမ်း ပိုက်ပြီး ကျွန်လုပ် လွမ်းမိုးနေတဲ့ ဘဝက ရုန်းထွက် နိုင်အောင် ပြည်သူ လူထုကို လှုံ့ဆော်စည်းရုံး ရှေ့ဆောင် လုပ်ရှားတယ်ဆိုတာ သူ့ခေတ်နဲ့ သူ့အခါ နဲနဲမှမလွယ်တဲ့ကိစ္စ ဖြစ်ပါတယ်။ ရဟန်းတော်များပါ ပါဝင် လာတာဟာလဲ အင်မတန် မနေသာလို့၊ သာသနာရေး အတွက်ပါ အများကြီး စိုးရိမ်ကြလို့ ဖြစ်ပါတယ်။

လောကုတ္တရာ စာပေကျမ်းဂန်တွေလဲ တတ်ကျွမ်း၊ လောကီပညာ ဗဟုသုတမှာလဲ နှံ့စပ်၊ ဝိနည်းတော်ကိုလဲ ရိုသေလေးစားတဲ့ ဆရာတော် သံဃာတော်တွေပါ ကြည့်မနေနိုင်ကြတော့ဘဲ ထောင်တန်း အကျခံကာ နိုင်ငံရေးထဲ ဘာ့ကြောင့် ပါလာရတယ်ဆိုတာကို ဗြိတိသျှတို့ရဲ့ ကျွန်ဘဝ က အခြေအနေများကို နောက်ခံထားပြီး တင်ပြထားတဲ့ ဒီစာအုပ်ပါ စာ တန်းများအရ သဘောပေါက်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။

စာတန်း တွေထဲမှာ ကျစ္စာဆရာတော်ကြီး ငယ်ရွယ်စဉ် အခါက အောက်ပြည် အောက်ရပ်မှာ စာပေ ပရိယတ် သင်ယူ ခဲ့ပုံတွေက အစ 'ဝိမလာသဘ်ာရ ကဝိဓဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု' စတဲ့ တံဆိပ်တွေ သီပေါဘုရင်က ဆက်ကပ်လှူခဲ့တဲ့ မောင်းထောင်ဆရာတော်ကြီးဦးဝိမလရဲ့ တပည့်ရင်း တပါးဖြစ်တဲ့ အကြောင်း၊ ဒီမောင်းထောင် ဆရာတော်ကြီး ဆိုတာ ရွှေကျင် ဆရာတော် ဘုရားကြီးများနဲ့ မဟာဝိသုဒ္ဓါရာမ ဆရာ တော် ဘုရားကြီး များက အားထားရတဲ့ ပုဂ္ဂိုလ် ဖြစ်တဲ့ အကြောင်း၊ ကျစ္စာဆရာတော် ရွှေမျက်မှန် ဦးဝိဇယဟာ မန်လည် ဆရာတော်ဘုရား

ကြီးလို့ဘဲ စာနဲ့မျက်စိ ဘယ်တော့မှ အပြတ်မခံတဲ့အပြင် ဇွဲလုံ့လ ရှိရာမှာလဲ တူတဲ့အကြောင်းတွေ အားတက်ဘွယ်အားကျဘွယ် ပါပါတယ်။

ဆရာတော်ကြီး အကြောင်း ဆိုရာမှာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၅၀-ကျော် ၆၀ တဝိုက်က တခြား ပုဂ္ဂိုလ်များ ဆောင်ရွက် လုပ်ကိုင်ပုံတွေ၊ ပြည်သူလူထု တရပ်လုံး တက်တက်ကြွကြွ ကိုယ်ပွဲဝင်ခဲ့ပုံတွေပါ တပါတည်း တွေ့နိုင်ပါတယ်။ နိုင်ငံခြားဖြစ် ပစ္စည်းများကို နိုင်ငံရေးအသိနဲ့ ပြန်လှန်တော်မူတဲ့ နေ့အထိ တသမတ်ထဲ ရှောင်ခဲ့ပြီး ဖျင်ကြမ်း သစ်ခေါက်ဆိုး သင်္ကန်းညိုကြီးသာ ဝတ်ရုံတော်မူသွားတဲ့ ကျစ္စာချောင် ဆရာတော်ကြီးဟာ ၁၂၈၂-ခုက ၁၃၀၃ခု-နှစ် အထိ အမျိုးဘာသာ သာသနာ ပညာ နိမ့်ကျနေမှု အရပ်ရပ်ကို မြှင့်တင်ပေးရေး ဆောင်ပုဒ်အတိုင်း လွတ်လပ်ရေး တိုက်ပွဲတွေမှာ တလျှောက်လုံး ရှေ့တန်းက ပါခဲ့ပါတယ်။ ဝှိုက် ကော်မတီသပိတ်၊ ဂေလမင်းသားသပိတ်၊ မလိုင်အခွန်မှု၊ မြစ်ငယ်အခွန်မှု၊ ဆရာတော် ဦးစန္ဒိမာ ဈာပနကိစ္စတွေမှာ မျက်မှန်အထူကြီး တပ်ထားရတဲ့ ရွှေမျက်မှန်ဆရာတော် ဦးဝိဇယဟာ ဗြိတိသျှ နယ်ချဲ့အစိုးရ-မျက်မုန်းကျိုးတာ အခံရဆုံးပုဂ္ဂိုလ်ပေါ့။

အဲဒီခေတ်က တရားစစ်ဆေးပုံ များဟာလဲ ဝတ္ထု ဇာတ်လမ်းလို ဖြစ်နေလို့ တမျိုးစိတ်ဝင်စားစရာ ကောင်းပါတယ်။

ကိုယ့်ဘာသာ တရားနဲ့ကိုယ် လွတ်လပ်စွာ ယုံကြည် ကိုးကွယ် ပိုင်ဆိုင်ခွင့်ရှိကြမယ် ဆိုတာကို သတ္တဝါတွေအားလုံးအပေါ် မေတ္တာ စေတနာ ထားတဲ့ ဗုဒ္ဓဘာသာ ရဟန်းတော် များက ကောင်းကောင်း သိရှိသဘောပေါက်ကြပါတယ်။ မြန်မာဘုရင်များ လက်ထက်ကလဲ လွတ်လပ်စွာ ယုံကြည် ကိုးကွယ်ခွင့် ပေးခဲ့ပါတယ်။ ဒါပေမယ့် နယ်ချဲ့သမားများက သူတို့ရဲ့ ကိုးကွယ် ယုံကြည်မှုကို ရှေ့ကသွားစေပြီး နယ်ချဲ့ အလံက နောက်က လိုက်စေခဲ့တယ်။ ဒီလုပ်ရပ်ကို ငြင်းရှောင်လို့ မရပါဘူး။ ဗမာပြည်မှာသာ မဟုတ်ဖူး။ ကမ္ဘာ့ အရပ်ရပ်မှာ ဒီလိုဘဲ လုပ်ခဲ့ကြတာဘဲ။ ဘာသာရေး ကိုးကွယ်ယုံကြည်မှုကို သွေးခွဲရာမှာလဲသူတို့အသုံးပြုကြတယ်။ ယဉ်ကျေးမှုကို ထိုးဖောက် အမြစ်တွယ်စေတာလဲ သူတို့ရဲ့ အထက်မြက်ဆုံး ရေရှည် ထိမှန်နေစေတဲ့ လက်နက်ပဲ။ နိုင်ငံရေးနိုးကြားလာတဲ့ ပညာတတ်

လူငယ်များနဲ့ ရဟန်းတော်များက နယ်ချဲ့သမားရဲ့ ဒီခြေလှမ်းများနဲ့ ဒီလုပ်ရပ် တွေကို လက်ဆုပ် လက်ကိုင် တွေ့ရှိရတော့ ‘အမျိုး ဘာသာ၊ သာသနာ၊ ပညာ’ဆိုတဲ့ အလံကိုလွှင့်ထူပြီး ပြည်သူလူထုကို စည်းရုံးတိုက်ပွဲဝင်တာဘဲ။ နယ်ချဲ့ သမားများကလဲ နည်းမျိုးစုံနဲ့ ဖိနှိပ်တယ်၊ ပစ်သတ်တယ်၊ ထောင်ချတယ်။ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်တဲ့ ပြည်သူများကလဲ အလံအလဲ မခံဘူး။ တိုက်ပွဲ အင်အား ကျမသွားစေဘူး။ သေရသူ ကျိုးကန်း ဒဏ်ရာရသူတွေလဲ မရေတွက်နိုင်သလောက် များပါတယ်။ ဒီ တိုက်ပွဲတွေနဲ့ တဆက်ထဲဘဲ ဆရာစံ ဦးစီးတဲ့တောင်သူလယ်သမားတွေက လက်နက်ကိုင် တော်လှန်ခဲ့တယ်။ ဒီနောက် ရဲဘော်သုံးကျိပ်နဲ့ ပြည်သူလူထုက နယ်ချဲ့ဖြူတိသျှတို့ကိုတိုက်တယ်။ ဒီနောက် ဖက်ဆစ်များကို တော်လှန် တိုက်ထုတ်ကြတယ်။ ဒီဖြစ်ရပ်တိုက်ပွဲတွေဟာ တဆက်ထဲပါ။ နောက်ဆုံးတိုက်ပွဲဟာ ရှေ့ဆုံးတိုက်ပွဲ များကြောင့်ဖြစ်လာနိုင်တာ၊ အားကောင်းနိုင်တာပါ။ ဒါ့ကြောင့် လွတ်လပ်ရေး ဆုံးရှုံးရပြီးတဲ့နောက် လွတ်လပ်ရေး ပြန်ရအောင် နည်းအမျိုးမျိုးနဲ့အနစ်နာခံကာ တိုက်ပွဲ ဝင်ခဲ့ကြသူတွေအားလုံးရဲ့ ကျေးဇူးကို နောက်လူတွေက မမေ့သင့်ကြပါဘူး။သမိုင်းဖြစ်ရပ်များဟာ မီးရှူးနဲ့ တူပါတယ်။ သမိုင်းကိုမလေ့လာ မဆင်ခြင်ဘဲ ရှေ့ကို ချီတက်ယင် မှောင်ထဲမှာလမ်းသွားတာနဲ့ တူနေပါလိမ့်မယ်။

ကျစ္စာချောင်ဆရာတော်ဘုရားကြီး ရွှေမျက်မှန်ဆရာတော် ဦးဝိဇယရဲ့ ဂုဏ်ကျေးဇူးများကိုရည်မှန်းပြီး ကျစ္စာချောင်မှာ စာတန်းများ ဖတ်ကြတော့ ၁၉၆၁-ခု၊ မေလတုန်းက အိန္ဒိယနိုင်ငံ စာဆိုပညာရှိ အကျော်ရာဘင်ဒြာနသ်တဂိုး ရာပြည့်အထိမ်းအမှတ်အဖြစ် အပတ်စဉ်ထုတ် အိန္ဒိယ ရုပ်စုံဂျာနယ် (Illustrated weekly of India) က အထူးထုတ် စာစောင်ထုတ်တာကို သတိရမိတယ်။ အဲဒီစာစောင်မှာပါတဲ့ ဆောင်းပါးတွေဟာ အတ္ထုပ္ပတ္တိတွေမဟုတ်ဖူး။ ဒါပေမယ့် အဲဒီပုဂ္ဂိုလ်တွေက သူတို့သိထား မှတ်ထားတာတွေကို သူတို့ဟန်နဲ့သူတို့ ရွေးချယ်ထားတဲ့ တဂိုးရဲ့ တစေ့တစောင်း ပန်းချီ ကားချပ်များလို့တော့ ဆိုနိုင်ပါတယ်။ သူတို့ ဆောင်းပါးတွေကို စုပေါင်းလိုက်ယင် စာရေးဆရာ၊ ကဗျာဆရာ၊ ပန်းချီဆရာ၊ အတွေးအခေါ်ပညာရှင်ကြီး တဂိုးရဲ့ အယူအဆတွေ၊ လုပ်ဆောင်ချက်တွေ တော်တော်များများပေါ်ပါတယ်။

ရစ်ချာ့ဒ်ချာ့ချ် ဆိုသူက 'ရာဘင်ဒြာနသ်တဂိုး- ကမ္ဘာ့ပြည်သူများနှင့် ဆိုင်တဲ့ လူသား'ဆိုတဲ့ ခေါင်းစဉ်နဲ့ ရေးတယ်။ ဖိရက်ဂေါ်ရပ်ဇူရ်ဆိုသူက 'ကဗျာဆရာရဲ့ လုပ်ဆောင်ချက်'၊ ရင်မ်ဒါရီဆင်နာဒင်ကာ ဆိုသူက 'ဟင်ဒီ'၊ ဂန်ဂါဒါဂတ်ဂင်းလ် ဆိုသူက 'မာရာသီ'၊ ရေယာပရိုလုဆပ်ဘာရာအိုက 'တီလူဂူ'၊ ဘာလ်ဝပ်ဂါဂီက 'ပန်ဂျာဘီ'၊ ဒေါက်တာမေယာဒါ မင်စင်နာက 'အိုရီယာ'၊ တင်မ်ဘာရူဂါက 'အာသံဘာသာ' ဆိုတဲ့ ဆောင်းပါးတွေ ရေးကြတယ်။ ၁၉၁၃-ခု၊ နိုဘယ်လ်ဆု ရပြီးတဲ့နောက် အိန္ဒိယ တိုင်းရင်းသား စာပေတွေမှာ တဂိုးရဲ့စာပေ သြဇာကြီးလာပုံတွေ ဘာသာစာပေမျိုးစုံကို တဂိုးစိတ်ဝင်စားပုံ၊ လေးစားပုံတွေက စပြီး အင်မတန်စုံပါတယ်။ ဒီအကြောင်းတွေနဲ့ ဆက်စပ်ပြီး သက္ကဋ၊ ဟင်ဒီ၊ ဘင်္ဂလီ၊ နာဂရီ၊ အင်္ဂလိပ်၊ မြန်မာ၊ ပါဠိစာပေများကို လေ့လာတတ်ကျွမ်း စိတ်ဝင်စားတဲ့ ကျစွာဆရာတော် ဘုရားကြီးကို သတိ မရဘဲ မနေနိုင်ပါ။ လုံ့လ ဝိရိယနဲ့ ဇွဲမှာ ရှာမှရှားတဲ့ ဆရာတော်ကြီး တပါး ဖြစ်တဲ့အတွက် စာပေရေးရာမှာ ကျယ်ကျယ်ပြန့်ပြန့် လုပ်နိုင်ဘို့ အခြေအနေပေးခဲ့ယင် ကျစွာဆရာတော်ကြီးဟာ စာပေဘက်မှာ ထိပ်တန်းက ကျော်ကြားမယ့် ဆရာတော်ကြီးတပါး ဖြစ်နိုင်ပါတယ်။

ပန်ဂျာဘီ ဘာသာ စာပေအကြောင်း ရေးသူ ဘာလ်ဝပ် ဂါဂီက လာဟိုးမှာ စန်တီနီကေတန် ကျောင်းရုံပွဲအတွက် ၁၉၃၆ - ခုနှစ်က ပွဲလာကတုန်းက သူ တဂိုးနဲ့ တွေ့ရပုံကို ဒီလိုရေးပါတယ်။ သူက ကဗျာဆရာကလေးပါ။ တဂိုးက-

"ဒီလို ကဗျာဆရာ လူငယ် တယောက်နဲ့ တွေ့တာ ဝမ်းသာ ပါတယ်။ မင်း ဘယ်ဘာသာစကားနဲ့ ကဗျာတွေရေးသလဲ"

"အင်္ဂလိပ်စာနဲ့ပါ"

"ဘာ ?"

"အင်္ဂလိပ်ဘာသာနဲ့ပါ"

"ကဗျာတွေကို"

"ဟုတ်ပါတယ်ခင်ဗျာ"

"မင်း မိခင်စကားက ဘာစကားလဲ"

"အူရဒူ... ....ဟင်ဒီ"

"မင်း အမေက ဘာစကား ပြောသလဲ"

"ပန်ဂျာဘီပါ"

"ဘာသာစကားကို မင်း မတတ်သေးယင် မင်း အမေဆီပြန်သွား။ သူ့ဆီကသင်၊ ကဗျာဆရာတယောက် ဖြစ်ချင်ယင် ကဗျာကိုလဲ အဲဒီစကားနဲ့ ရေး" လို့ ပြောလိုက်ကြောင်း ဖော်ပြ ပါရှိ ပါတယ်။ ရွှေမျက်မှန် ဆရာတော် ဦးဝိဇယအစရှိတဲ့ ဆရာတော်ကြီးများရဲ့ အမျိုးဘာသာ၊ သာသနာ၊ ပညာ ဆောင်ပုဒ်ထဲက အမြင့်မျိုးအတိုင်းလို့ ဆိုရမှာပေါ့။

ကျစွာဆရာတော် ရွှေမျက်မှန် ဦးဝိဇယ ဆရာတော်ကြီးကို ၁၀-ကြိမ်မြောက် ပူဇော် ကန်တော့ပွဲမှာ ဆရာတော် ၆ ပါးနဲ့ လူထုဒေါ်အမာ တို့က စာတန်းများ အချိန်ယူ ကြိုးစား ပြင်ဆင်ပြီး ဖတ်ကြားကြတာဟာ ကန်တော့ ပူဇော် ချီးကျူး ထိုက်သူကို ဂုဏ်ပြုတာ ဖြစ်တဲ့ အပြင် သမိုင်း အထောက်အထား မြောက်မြားစွာကို ဖော်ထုတ် ပေးလိုက်တာ ဖြစ်လို့ တန်ဘိုး ရှိလှပါတယ်။ သမိုင်းသိယင် အလင်းရောင်ရှိလို့ ရှေ့ကိုလှမ်းမြင် နိုင်ပါမယ်။

"သာသနဿ စ လောကဿ
ဝုဍ္ဎိ ဘဝတု သဗ္ဗဒါ"

သာသနဿ စ - ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ် ကြီး၏ ၎င်း၊ လောကဿ စ-တိုင်းသူ ပြည်သား လူအများ၏၎င်း၊ ဝုဍ္ဎိ-ကြီးပွား တိုး တက်ခြင်းသည်၊ သဗ္ဗဒါ-အခါခပ်သိမ်း၊ ဘဝတု-ဖြစ်ပါစေ သတည်း။



လူထုဦးလှ




ကျစွာဆရာတော် အရှင်လက္ခဏ
စာတန်းဖတ် ပူဇော်ပွဲ ကျင်းပရခြင်းအကြောင်း
တင်ပြ လျှောက်ထားစဉ်

## ကျွတ်ခွာ ဆရာတော်ဘုရားကြီး (ရွှေမျက်မှန် ဦးဝိဇယ) ၏

## ဂုဏ်ကျေးဇူးတော် စာတန်းဖတ်ပူဇော်ပွဲ ကျင်းပရခြင်း

## ၏

## အကြောင်းပြန်ဒါန်း

ကနေ့ ၁၃၃၇-ခု၊ ပြာသို လပြည့်နေ့ဟာ ကျေးဇူးရှင် ကျွတ်ခွာ ဆရာတော် ဘုရားရဲ့ ဂုဏ်ကျေးဇူးတော်ပူဇော်ပွဲ ၁၀-ကြိမ် မြောက်တဲ့နေ့ ဖြစ်ပါတယ်။ ဆရာတော် ဘုရားကြီးဟာ ၁၃၂၈-ခု၊ ပြာသို လပြည့်နေ့မှာ ဘဝနတ်နန်း စံမြန်းတော်မူခဲ့တာ ဖြစ်လို့ နှစ်ကာလအားဖြင့် ဆိုယင် ၉-နှစ်ပြည့်မြောက်ပြီ ဖြစ်ပါတယ်။

ဒီပူဇော်ပွဲသို့ ကိုယ်တော်တိုင် ကြွရောက် ချီးမြှောက်တော် မူကြတဲ့ ဆရာတော် ဘုရားကြီးများနဲ့ သံဃာတော် အရှင်မြတ်တို့အားရင်း၊ ပူဇော်ပွဲသို့ လာရောက် ကြည်ညို ပူဇော်ကြတဲ့ ဒကာ ဒကာမ များနဲ့ သီလရှင် ဆရာကြီး ဆရာလေး တို့အားရင်း ၁၀-ကြိမ်မြောက် ပူဇော်ပွဲမှာ အထူးအားဖြင့် စာတန်းဖတ် ပူဇော်ပွဲ ကြီးပါ ထည့်သွင်း ကျင်းပ ရခြင်း အကြောင်းကို အနည်းငယ်မျှ လျှောက်ထား တင်ပြပါမယ်ဘုရား။

ဒီ စာတန်းဖတ် ပူဇော်ပွဲ ကျင်းပရခြင်းရဲ့ အဓိက ရည်ရွယ်ချက်ကတော့ ကျွတ်ခွာ ဆရာတော်ဘုရားကြီးရဲ့ ပရိယတ် စာပေ ကျမ်းဂန်အရာမှာ ပြောင်ပြောင် မြောက်မြောက် တတ်ကျွမ်းတော် မူတဲ့ 'ပရိယတ္တိ ဝိသာရဒ' ဂုဏ်၊ အမျိုးဘာသာ သာသနာတော်အတွက် သက်စွန့်ကြိုးပမ်း ထမ်းရွက်ကာ စောင့်ရှောက်တော် မူနိုင်စွမ်း ရှိတဲ့ 'ဝံသာနုရက္ခ-ဝံသ

ပါလက’ စတဲ့ ဂုဏ်ကျေးဇူးတော်တွေကို ရဟန်းရှင်လူ ပြည်သူအများ ပူဇော်နိုင်ရအောင် ဖော်ကြူးတဲ့ အနေနဲ့ ဒီ ၁၀-ကြိမ်မြောက် ပူဇော်ပွဲမှာ စာတန်းဖတ် ပူဇော်ပွဲပါ ထည့်သွင်း ကျင်းပရခြင်း ဖြစ်ပါတယ်။

ကျေးဇူးရှင်ဆရာတော်ဘုရားကြီးရဲ့ ဂုဏ်ကျေးဇူးတော်အကျဉ်းချုပ်ကို တင်ပြရမယ်ဆိုယင် ဆရာတော်ကြီးဟာ ငယ်စဉ် သာမဏေဘဝကစပြီး ရဟန်း၁၂-ပါရတဲ့အထိ ကျမ်းဂန်တတ် အကျင့်သိက္ခာကောင်း ဆရာတော်ကြီးများထံ ဆည်းကပ်ပြီး ဆရာနည်းကျကျ ကျမ်းဂန်များ သင်ယူရခြင်း၊ ရဟန်းကျင့်ဝတ်နဲ့အညီ နေနည်း ထိုင်နည်း ကျင့်ကြံ ကြိုးကုတ်အားထုတ်နည်းတို့ကို နိသျည်းယူခဲ့ရခြင်းတို့ကြောင့် သီလ သမာဓိ ပညာဂုဏ်တွေနဲ့ တန်ဆာဆင်ထားတဲ့ ဆရာတော်ကြီးတပါး ဖြစ်ပါတယ်။

ဆရာတော်ဘုရားကြီး ရဟန်း ၁၂-ဝါ ရပြီးတဲ့ဒီဘက်မှာ ဆရာတော် ဦးဥတ္တမကြီးတို့ နိုင်ငံရေးစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ် နှိုးဆွပေးတဲ့အချိန်၊ နယ်ချဲ့ဗြိတိသျှအစိုးရတို့ရဲ့ လက်အောက်မှာ နိုင်ငံတော်ကျွန်သဘောက်အဖြစ်နဲ့ လူမှုရေး၊ ပညာရေး၊ စီးပွားရေး၊ ဘာသာသာသနာရေးတို့ပါ အဖိနှိပ်ခံနေရတဲ့အချိန်ဖြစ်လို့ မိမိသင်ယူကျင့်ကြံဆဲဖြစ်တဲ့ ပရိယတ် ပဋိပတ်လုပ်ငန်းတို့ကို ခေတ္တရပ်နားပြီး နိုင်ငံတော် ကျွန်သဘောက်ဘဝမှ လွတ်မြောက်ပြီး အမျိုးဘာသာ သာသနာအတွက် လွတ်လပ်ရေး ဗိမာန်တော်ကြီး တည်ဆောက်တဲ့နေရာမှာ လွတ်လပ်ရေး ဗိသုကာအဖြစ် တတပ်တအား ပါဝင်ကာ နိုင်ငံတော်အကျိုး၊ အမျိုးဘာသာ သာသနာတော်အကျိုးကို ကိုယ်ကျိုးမငဲ့ဘဲ စွမ်းစွမ်းတမန် ဆောင်ရွက်တော်မူခဲ့ပါတယ်။

အဲဒီလို နိုင်ငံရေးဆောင်ရွက်တော်မူတဲ့အခါမှာ နိုင်ငံတော်တဝှန်းလုံးက ဆရာတော်ကြီးအား ‘ရွှေမျက်မှန်ဦးဝိဇယ’ ဆိုတဲ့အမည်ကို ကင်ပွန်းတပ်ပြီး ဂုဏ်တင်ပူဇော်ခဲ့ကြပါတယ်။

“အောင်ဆန်းနှင်းဆုတ် - အင်္ဂလိပ်ပြုတ်” ဆိုတဲ့ ဆရာတော်ကြီး ကိုယ်တိုင် မှတ်တမ်းတင်ထားတဲ့ ဆောင်ပုဒ်အရ ၁၃၀၃-ခုနှစ် ဗိုလ်ချုပ်

အောင်ဆန်းတို့ နယ်ချဲ့တော်လှန်ရေးကြီးစတဲ့ အချိန်ကစပြီး စစ်ကိုင်းတောင်ရိုးသို့ခိုဝင်ကာ ရဟန်းတရားများအားထုတ်ယင်း စစ်ကိုင်းတောင်ရဲ့ သာသနာရေးကိစ္စများကိုလဲ တဖက်တလမ်းက (ပြန်လွန်တော်မူသည်အထိ) နှစ်ပေါင်း ၃၀ ကျော် ရှက်ဆောင်တော်မူခဲ့ပါတယ်။ အဲဒီအချိန်မှာ ကျစွာချောင်ကြီးကို အလှူခံရလို့ ကျစွာဆရာတော်လို့ အမည်တွင်ခဲ့ပါတယ်။

ဒီလို ဆရာတော်ဘုရားကြီးရဲ့ ဂုဏ်ကျေးဇူးတော်တွေကို တိတိကျကျ ပေါ်ပေါ်လွင်လွင်နဲ့ စုံစုံလင်လင် ကြည်ညိုနိုင်အောင် အောက်မှာဖော်ပြပါအတိုင်း ဘာသာရပ် ၆ရပ် ခွဲခြားသတ်မှတ်ကာ စာတန်း ၆စောင်ပြုဘို့ စီစဉ်ခဲ့ပါတယ်။

အဲဒီစာတန်းတွေကတော့ ...

၁။ ကျစွာဆရာတော်ဘုရားကြီး၏ ပရိယတ္တိ ဝိသာရဒဂုဏ်ဆိုတဲ့ စာတန်း

၂။ ဆရာတော်(ရွှေမျက်မှန်)ဦးဝိဇယ၏ အင်္ဂလိပ်အစိုးရ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးဘာသာ သာသနာလုပ်ရပ်များဆိုတဲ့ စာတန်း

၃။ ရွှေမျက်မှန် ဦးဝိဇယ၏ နယ်ချဲ့ဆန့်ကျင်ရေး လုပ်ရပ်နှင့် ဝံသာနုရက္ခိတတရားများဆိုတဲ့ စာတန်း

၄။ စာနယ်ဇင်းကပြောသော ရွှေမျက်မှန် ဆရာတော် ဦးဝိဇယ စာတန်း

၅။ ကျစွာဆရာတော်ဘုရားကြီးနှင့် စစ်ကိုင်းတောင် သာသနာရေးကိစ္စများဆိုတဲ့ စာဘန်း

၆။ ကျစွာမဟာထေရဂုဏာကထာ အဖြာဖြာဆိုတဲ့ စာတန်းများ ဖြစ်ပါတယ်။

ဒီစာတန်း ၆စောင်ပြုစုဘို့ ဘာသာရပ်အလိုက် တိတိကျကျ ဖော်ကြူးရေးသားနိုင်မယ့် စာတန်းရှင်များ ရွေးချယ်တဲ့အခါမှာ စာတန်း

ခေါင်းစဉ်ပါ အကြောင်းအရာများကို ကိုယ်တိုင်ကိုယ်ကျ သိရှိတွေ့မြင်ကြတဲ့ ဆရာတော်ကြီးနှင့် ရင်းနှီးတဲ့ ပုဂ္ဂိုလ်များဖြစ်မှသာ ပြည့်စုံမှာဖြစ်လို့....

၁။ မန္တလေးမြို့၊ နယူးစီဗီလိုင်း ဝိဇ္ဇာတာရုံကျောင်းတိုက် နာယကချုပ် ဝိဇ္ဇာတာရုံဆရာတော်၊

၂။ မန္တလေးမြို့၊ ဘီ ဘီ အို အေ (မိဘမဲ့)ကျောင်းနာယကချုပ်ဆရာတော်၊

၃။ စစ်ကိုင်းတောင်ရိုး အနုရုဒ္ဓါချောင် ဆရာတော် (ရွှေကိုင်းသား) ဦးသောဘိတ၊

၄။ စစ်ကိုင်းတောင်ရိုး မဟာဝိဇ္ဇောဒယချောင် ဆရာတော် ဦးပညာနန္ဒာဘိဝံသ၊

၅။ မန္တလေးမြို့ စိန်ပန်းရပ် အဘယာရာမရွှေဂူတိုက် ဒုတိယနာယကဆရာတော် အရှင်သီလာနန္ဒာဘိဝံသတို့ထံ ချဉ်းကပ်ပြီး စာတန်းများ ပြုစုချီးမြှင့်ပေးတော်မူရန် လျှောက်ထားရပါတယ်။

အဲဒီစာတန်းရှင် ဆရာတော်များထဲမှာ ၁ နံပါတ် စာတန်းရှင်ဖြစ်တဲ့ ဆရာတော် ဦးသီလာနန္ဒာဘိဝံသအသျှင်မြတ်ဟာ စစ်ကိုင်းတောင်ရိုး မဟာဝိဇ္ဇောဒယချောင်မှာ သီတင်းသုံးတော်မူစဉ်က ကျစ္စာဆရာတော်ဘုရားကြီးထံမှ သက္ကဋ၊ ဟိန္ဒီ၊ ဘင်္ဂလီဘာသာရပ်များနှင့် ပိဋကတ်ကျမ်းဂန်အရပ်ရပ်တို့မှ အသိခက်သော အချက်အလက်တို့ကို လေ့လာဆည်းပူးမေးမြန်းယင်း ကျစ္စာဆရာတော်ဘုရားကြီးရဲ့ ဘဝဖြစ်တော်စဉ်များကို တစေ့တစောင်းမှ မေးမြန်းစုဆောင်း ထားခဲ့ပါတယ်။

အဲဒါကြောင့်လဲ 'ကျစ္စာဆရာတော်ဘုရားကြီး၏ ပရိယတ္တိဝိသာရဒဂုဏ်' (ပရိယတ်စာပေအရာမှာ ရဲရင့်လိမ္မာတော်မူတဲ့ဂုဏ်)ဆိုတဲ့ စာတန်းကို ဖော်ကြူးပြုစုတဲ့နေရာမှာ ပြည့်စုံတိကျမှန်ကန်၍ လေးလေးနက်နက်ရှိတာကို ကြားနာ ကြည်ညိုကြရလိမ့်မယ် ဖြစ်ပါတယ်။

သက်တော် ၇၀ ကျော်ပြီဖြစ်တဲ့ ဘိဘိအိုအေ(မိဘမဲ့)ဆရာတော်ကြီးဟာလဲ ကျစွာဆရာတော်ကြီး နိုင်ငံရေးရှက်ဆောင်စဉ်က အတူတကွ လက်တွဲပြီး ဆောင်ရွက်တော်မူခဲ့လို့ ဆောင်ရွက်တဲ့ ကိစ္စအဝဝတို့ကို သေချာဂန သိရှိတော်မူတဲ့အတိုင်း ကိုယ်တော်တိုင် စာတန်းပြုစုပြီး စာတန်းဖတ်ပူဇော်ပွဲသို့ ကိုယ်တော်တိုင် ကြွရောက် ချီးမြှောက်တော်မူတာကို ကြည်ညိုကြရမယ်ဖြစ်ပါတယ်။

အမှတ် ၃ စာတန်းရှင် ဆရာတော် ဦးပညာနန္ဒာဘိဝံသ အရှင်မြတ်ကတော့ ဆရာတော်ကြီး ပြန်လွန်တော်မမူမီ ၂ နှစ်ခန့်က ကျစွာ ဆရာတော် ဘုရားကြီးထံလာပြီး ဆရာတော်ကြီး နိုင်ငံတော်နှင့် သာသနာတော် အကျိုးဆောင်ရွက်ခဲ့ပုံ၊ နိုင်ငံအနှံ့အပြားလှည့်လည်ကာ အမျိုးသားရေး စိတ်ဓာတ် ဝံသာနုစိတ်ဓာတ်၊ ဘာသာသာသနာရေး စိတ်ဓာတ်များ နိုးကြားတက်ကြွလာအောင် လှုံ့ဆော်ပေးခဲ့ပုံ အချက်အလက်တို့ကို မေးမြန်းလျှောက်ထားကာ မှတ်တန်းတင်ခဲ့ဘဲ့အတွက် ဒီ'ရွှေမျက်မှန် ဦးဝိဇယ နယ်ချဲ့ဆန့်ကျင်ရေးလုပ်ရပ်နှင့် ဝံသာနုရက္ခိတ တရားများ' ဆိုတဲ့စာတန်းကို ပိုင်နိုင်တိကျစွာ တင်ပြပူဇော်ထားတာကိုလဲ ကြည်ညိုရပါလိမ့်မယ်။

ကျစွာဆရာတော်ဘုရားကြီးဟာ နယ်ချဲ့တော်လှန်ရေး စစ်အတွင်းမှာ စစ်ကိုင်းတောင်ရိုးသို့ ကြွရောက် ခိုဝင်နေစဉ် ပဋ္ဌာန်းမြားစေတီ ပြုပြင်စောင့်ရှောက်ရေး သံဃာ့အဖွဲ့ကြီးကို ဦးစီးတည်ထောင်ကာ စစ်ကိုင်းတောင် သာသနာရေးကိစ္စရပ်တို့ကို ဆရာတော် ( ရွှေကိုင်းသား ) ဦးသောဘိတအရှင်မြတ် တို့နှင့် အတူရှက်ဆောင်တော်မူတဲ့အခါ ဆရာတော်ကြီးရဲ့ သာသနာရေးကိစ္စဆောင်ရွက်ချက်တို့ကို (ရွှေကိုင်းသား) ဆရာတော်က မှတ်တန်းတင်ထားခဲ့ပါတယ်။

အဲဒီ စစ်ကိုင်းတောင် သာသနာရေးကိစ္စ ဆောင်ရွက်ချက်တို့ကို 'ကျစွာဆရာတော်ဘုရားကြီးနှင့် သာသနာရေးကိစ္စ' ဆိုတဲ့ စာတန်းမှာ စစ်ကိုင်းတောင်ရိုး ပဋ္ဌာန်းမြားစေတီ ပြုပြင်စောင့်ရှောက်ရေး သံဃာ့အဖွဲ့ကြီးကိုယ်စား (ရွှေကိုင်းသား) ဦးသောဘိတအရှင်မြတ်က ကိုယ်တိုင်ဖတ်ကြား ပူဇော်မယ်ဖြစ်ပါတယ်။

ကျစ္စာသရာတော်ကြီး ရဟန်းငယ်ဘ၀က မနုဖြူ၊ ညောင်တုံး၊ စစ်ကိုင်းတောင်တို့မှာ ပရိယတ်စာပေတို့ကိုသင်ယူနေစဉ်က ရင်းခြာသော ဆရာတပည့်အဖြစ် အတူနေထိုင် သီတင်းသုံးတော်မူခဲ့တဲ့ မန္တလေး ဝိဇိတာရုံဆရာတော်ဘုရားကလဲ ကျစ္စာဆရာတော်ကြီးငယ်စဉ်က စာပေ ကျမ်းဂန်များ သင်ယူခဲ့ပုံ၊ ပရိယတ် ပဋိပတ်အရာမှာ ကျွမ်းကျင် လိမ်မာ တော်မူခဲ့ပုံစတဲ့ ကြည်ညိုဘွယ်အချက်အလက်တွေကို မှတ်တန်းတင်ထား တော်မူဘဲ့အတိုင်း ၁၀ကြိမ်တိုင်တိုင် ကျင်းပခဲ့တဲ့ ပူဇော်ပွဲမှာ နှစ်စဉ် မိန့်ကြားတော်မူဘဲ့ ဂုဏကထာ( ဂုဏ်ကျေးဇူးတော် )များကို အသံသွင်း ကြိုးခွေနဲ့ ဖမ်းယူ စုဆောင်းခဲ့ပါတယ်။

အဲဒီ ဂုဏ်တော်အချက်လက်တွေကို အသံသွင်းကြိုးခွေမှ တဆင့် ကူးယူရေးသားပြီး 'ကျစ္စာ မဟာထေရဂုဏကထာအဖြာဖြာ'ဆိုတဲ့ စာ တန်းအမည်နဲ့ ဝိဇိတာရုံတိုက်အုပ် ဆရာတော်ဦးဝိစာရိန္ဒအရှင်မြတ်က ဖတ် ကြား ပူဇော်ပါမယ်။

အထက်ကဖော်ပြပါ စာတန်းတွေကို ပြုစုတင်ပြရုံနဲ့ ဆရာတော် ကြီးရဲ့ကြည်ညိုဘွယ် ဂုဏ်ကျေးဇူးတော်တွေ၊ အမျိုးဘာသာ သာသနာ ရေးကိစ္စများ ဆောင်ရွက်ပုံတွေဟာ ပြည့်စုံပြီလို့ ဆိုနိုင်သော်လဲ ခိုင်ခိုင် လုံလုံ သရုပ်သကောင် ဖော်ဆောင်နိုင်ဘို့ လိုပါလိမ့်အုံးမယ်။

ကျစ္စာဆရာတော်ကြီးတို့ နိုင်ငံရေးဆောင်ရွက်တော်မူချိန်က တိုး တက်နေတဲ့အချိန်ဖြစ်လို့ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများ ထုတ်ဝေ နေပြီ ဖြစ်ပါတယ်။ နိုင်ငံရေးရာ ကမ္ဘာ့ရေးရာကိစ္စရပ်တို့ကိုလဲ စာနယ် ဇင်းမှတဆင့် တင်ပြနေတဲ့အချိန်ဖြစ်ပါတယ်။

ဆရာတော်ကြီးဟာ သူ့ခေတ်နဲ့သူ့အခါ နိုင်ငံရေးဆောင်ရွက် စဉ်က ရွတ်ရွတ်ချွန်ချွန် စွမ်းစွမ်းတမန် ဆောင်ရွက်တော်မူခဲ့တာ ဖြစ် တော့ ဆရာတော်ကြီးရဲ့ အမျိုးဘာသာ သာသနာရေးကိစ္စများ ဆောင် ရွက်ပုံ အချက်အလက်တို့ကို စာနယ်ဇင်းများမှာ အကျယ်တဝင့် တင်ပြ ကြမှာဖြစ်ပါတယ်။

ဒီစာနယ်ဇင်းပါ အချက်အလက်တွေကို ခယေစေ့တွင်းကျနိုက်နိုက် ချွတ်ချွတ်တင်ပြနိုင်မယ့် စာတန်းရှင်ကို ရွေးချယ်ဘို့လိုလာပါတယ်။ ဒီလို ရွေးချယ်တဲ့အခါမှာ ပုဂ္ဂိုလ်တဦးရဲ့အတ္ထုပ္ပတ္တိ ကိစ္စတရပ်ရဲ့အကြောင်း

အရာတွေကို တိကျပြတ်သား၍ ခိုင်ခိုင်လုံလုံ စိတ်ရှည်လက်ရှည်ရှာဖွေ စူးစမ်းနိုင်စွမ်းရှိတဲ့ နိုင်ငံကျော် ပုံပြင်ဆရာကြီး လူထုဦးလှနဲ့ နိုင်ငံကျော် စာရေးဆရာမကြီး လူထုဒေါ်အမာတို့ကိုတွေ့ရလို့ သူတို့ဆီသွားပြီး 'စာနယ်ဇင်းကပြောသော ရွှေမျက်မှန် ဦးဝိဇယ' ဆိုတဲ့ စာတန်းကိုပြုစုပေးဘို့ မေတ္တာရပ်ခံခဲ့ပါတယ်။

လူထု ဦးလှနဲ့ ဒေါ်အမာတို့ ဆိုတာလဲ ကျစွာ ဆရာတော်ကြီးအား ကြည်ညိုရင်းစွဲရှိကြလို့ ယခုလိုမေတ္တာရပ်ခံတဲ့အခါမှာ ဝမ်းမြောက်ဝမ်းသာလက်ခံပြီး စိတ်ရှည်လက်ရှည် နှိုက်နှိုက်ချွတ်ချွတ် ရှာဖွေစုဆောင်းကာ ပြည့်ပြည့်စုံစုံ ပြုစုထားတဲ့စာတန်းကို စာရေးဆရာမကြီး ဒေါ်အမာကိုယ်တိုင် အခမ်းအနားမှာ လာရောက်ဖတ်ကြား ပူဇော်တာကို တွေ့မြင်ကြရမယ်ဖြစ်ပါတယ်။

ယခုလို ဆရာတော်ဘုရားကြီးဂုဏ်ကျေးဇူးတော်တို့ကို ကိုယ်တော်တိုင် သိရှိတော်မူကြတဲ့အတိုင်း စိတ်အားထက်သန်စွာ စာတန်းများပြုစု၍ ကိုယ်တော်တိုင် ကြွရောက် ချီးမြှောက်တော်မူကြတဲ့ ဆရာတော်ဘုရားများနဲ့တကွ လူထု ဦးလှ ဒေါ်အမာ တို့အားဝမ်းမြောက်ဝမ်းသာ ကျေးဇူးတင် ဂုဏ်ပြုပါကြောင်း ဤအခမ်းအနားမှ မှတ်တမ်းတင်ပါတယ်။

ဒီစာတန်းတွေကို စုပေါင်းပြီး စာအုပ်အဖြစ် ရိုက်နှိပ်ကာ တိုင်းပြည်သို့တင်ပြနိုင်လို့ ရဟန်းရှင်လူ ပြည်သူအများ သိရှိခွင့် ရကြမယ်ဆိုယင် ကျေးဇူးရှင် ကျစွာဆရာတော်ဘုရားကြီးရဲ့ ပရိယတ္တိဝိသာရဒဂုဏ်၊ မျိုးချစ်စိတ်ထက်သန်တော်မူပုံ၊ မြန်မာ့လက်မှုအနုပညာနှင့် စာပေတို့အပေါ် တန်ဘိုးထားကာ ချစ်မြတ်နိုးပုံစတဲ့ ဝံသာနုရက္ခိတစိတ်ဓာတ်ပြင်းပြတော်မူခြင်းဆိုတဲ့ ကြည်ညိုဘွယ်ဂုဏ်ထူးတွေကို ပူဇော်ကြရမယ်ဖြစ်ပါတယ်။

ဒါ့အပြင် မြန်မာနိုင်ငံဟာ နယ်ချဲ့ဗြိတိသျှအင်္ဂလိပ်တို့လက်အောက်မှာ ကိုလိုနီနိုင်ငံအဖြစ်နဲ့ ကျွန်သဘောက်ဘဝကျရောက်နေချိန်မှာ နိုင်ငံတော်ရဲ့လူမျိုးရေး၊ စီးပွားရေး၊ ပညာရေး၊ ဘာသာရေးများ ဘယ်လောက် အဖိနှိပ်ခံခဲ့ရတယ်၊ ဗြိတိသျှကိုလိုနီကျွန်သဘောက်ဘဝမှ ဘယ်

လို ရုန်းကန်ထွက်ကြရတယ်၊ ဒီလို ရုန်းကန်ထွက်ကြရတဲ့ တိုက်ပွဲတွေမှာ သာသနာ့ဝန်ထမ်း ရဟန်းတော်များပင် မနေသာဘဲ 'ကိုယ်ရေးကြို့က သက်လုံကောင်းစေ' ဆိုတဲ့အတိုင်း မိမိတို့ အားထုတ်နေဆဲပရိယတ် ပဋိပတ် အလုပ်တွေကို ခေတ္တစွန့်ခွာပြီး ဘယ်လိုပါဝင် ဆင်နွှဲတော်မူခဲ့ကြရတယ်၊ ဒီသာသနာ့ဝန်ထမ်း ရဟန်းတော်တွေထဲမှာလဲ ကျစွာ ဆရာတော်ဘုရားကြီးတို့မှာ (ရွှေမျက်မှန်ဦးဝိဇယဘဝနဲ့) ဘယ်လောက် အနစ်နာခံ အပင်ပန်းခံပြီး အခက်အခဲများစွာတို့ကို ကျော်လွှားကာ နိုင်ငံတော်အတွက် သက်စွန့်ကြိုးပမ်း ဘယ်လိုဆောင်ရွက်တော် မူခဲ့ရတယ်ဆိုတဲ့ အချက်အလက်တွေကို မျက်ဝါးထင်ထင် ဖတ်ရှုသိမြင်ကြရမယ်ဖြစ်ပါတယ်။

အခုလို ဖတ်ရှုသိမြင်ကြရခြင်းဖြင့် နိုင်ငံတော်ရဲ့ လွတ်လပ်ရေးကို တန်ဘိုးထားချင်စိတ်၊ အမျိုးဘာသာသာသနာကို ချစ်မြတ်နိုးစိတ်များ ထက်သန်လာပြီး လွတ်လပ်ရေးကို ကာကွယ်ထိန်းသိမ်းမှုများ၊ အမျိုးဘာသာ သာသနာရေး စည်ပင်ပြန့်ပွား ထွန်းကားအောင် ဆောင်ရွက်မှုများ တိုးတက်လာမယ်ဖြစ်ကြောင်း ယုံကြည်ရင်းစွဲရှိတဲ့အတိုင်း ကျစွာ ဆရာတော်ကြီးရဲ့ ၁၀ကြိမ်မြောက် ဂုဏ်ကျေးဇူးတော်ပူဇော်ပွဲမှာ အထူးအစီအစဉ်အဖြစ် စာတန်းဖတ် ပူဇော်ပွဲပါ ထည့်သွင်းကျင်းပရခြင်း ဖြစ်ကြောင်း တင်ပြယင်း နိဂုံးချုပ်ပါတယ်ဘုရား။

**အရှင် လက္ခဏ**

(ဓမ္မာစရိယ ပါဠိပါရဂူ)
ကျစွာချောင်၊ စစ်ကိုင်းတောင်ရိုး



ပတ္တမြားစေတီ ( စစ်ကိုင်းတောင်ရိုး )



ပတ္တမြားစေတီ စည်းဝေးပွဲ၌ ကျစ္စာဆရာတော်ကြီး မိန့်ခွန်းပြောနေစဉ် အနီး၌ ထိုင်နေသူမှာ ဆရာတော် ဦးအာလောက (ဝံသာနု) ဖြစ်သည်။



သက်တော် (၈၀) ပြန့်လွန်တော်မူမယ့်နှစ်က
ကျစွာဆရာတော်ဘုရားကြီး ရွှေမျက်မှန် ဦးဝိဇယ

မြန်မာနိုင်ငံ...နိုင်ငံရ

ညီညွတ်ရေး...ချုပ်ကြီး။

United General ... Associations.

စာတိုက်

OFFICE

KOONJAN QR.
MANDALAY

ပွဲစားတန်း
မန္တလေးမြို့

Letter No. ၄၆၂—

နေ့စွဲ ၁၃၀၁ - တန်ဆောင်မုန်းလပြည့်ကျော် - ၂

မြန်မာပြည်အစိုးရ
အတွင်းဝန်...
ဝန်ကြီးချုပ်ကြီးထံသို့

ဝန်ကြီးချုပ်မင်းကြီး...

...

ဦးဝိ... (...)
ညီညွတ်ရေး...
...
မန္တလေး

သက်တော် ၈၀၊ သိက္ခာတော် ၆၀ ရှိ၊ စစ်ကိုင်းတောင်ရိုး

ကျွဲဖွားချောင်

ဆရာတော် (ရွှေမျက်မှန်) ဦးဝိဇယ ၏

# မဟာထေရုပ္ပတ္တိ အကျဉ်း

စစ်ကိုင်းတောင် ရတနာမာရ်အောင် အရှင်ဗြဟ္မဝံသ

ဖတ်ကြားပူဇော်ပါသည်

၁၅၀၇၇



ရဟန္တာမာရ်အောင် အရှင်ဗြဟ္မစံသ
'ကျစ္စာမဟာထေရုပ္ပတ္တိ အကျဉ်းချုပ်'စာတန်း
ဖတ်ကြားနေစဉ်

## သက်တော် ၇၀၊ ဝါတော် ၆၀ ရှိ စစ်ကိုင်းတောင် ကျစွာချောင်

## ဆရာမဟာ(ရွှေမျက်မှန်)ဦးဝိဇယ၏

# မဟာထေရုပ္ပတ္တိအကျဉ်း

### ဘွားမြင်ရာ ဇာတိဌာန

အထက်ပါ ရွှေမျက်မှန် ဆရာတော် ဦးဝိဇယကိုယ်တော်ကြီးသည် ၁၂၅၀ ပြည့်နှစ်တွင် မြောင်းမြခရိုင်၊ အိမ်မဲမြို့အပိုင် သီးကွင်းရွာကြီး သိမ်ဒါယကာ ခမည်းတော်ကြီး ဦးရွှေဖူး၊ မယ်တော် ဒေါ်အေးမြတို့မှ ဘွားမြင်သည်။

### စ၍ပညာသင်ကြားခြင်း

ငယ်စဉ်အခါ ရွှေကျောင်းဆရာတော် ဦးဇယန္တထံတွင် စတင်၍ ပညာသင်ကြားသည်။

### သာသနာ့ဘောင်သို့ဝင်ခြင်း

၁၀ နှစ်သားအရွယ်တွင် သုံးဆယ် မောင်းထောင်တိုက် ဦးအာဒိစ္စ ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ သာမဏေအဖြစ်သို့ရောက်သည်။

## ရဟန်းအဖြစ်သို့ရောက်ခြင်း

၁၂၆၉ ခုနှစ် နယုန်လဆန်း ၁၀ ရက်တွင် သုံးဆယ်မြို့ မောင်းထောင်တိုက် 'ဝိမလာလင်္ကာရ ကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု' ဘွဲ့တံဆိပ်တော်ရ မောင်းထောင်ဆရာတော်ကိုဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ရောက်သည်။

## အထက်တန်းပညာများ ဆက်လက်သင်ကြားခြင်း

၎င်းနောက် ရဟန်းအဖြစ်နှင့် သီးကွင်း ဓမ္မိကာရာမတိုက်၊ သုံးဆယ်မြို့ မောင်းထောင်တိုက်၊ ပုသိမ်မြို့မောင်းထောင်တိုက်၊ ညောင်တုန်းမြို့ ရွှေဟင်္သာတိုက်၊ ဓနုဖြူမြို့ မဟာဂန္ဓာရုံတိုက်၊ စစ်ကိုင်းတောင်ရိုး အတိသုဒ္ဓါရုံချောင်၊ ၎င်းဗောဓိချောင်၊ မန္တလေးမြို့ မိုးထားတိုက်၊ ဘုရားကြီးတိုက်စသည်တို့၌ ပရိယတ္တိသာသနာတော်ဝယ် ထင်ရှားကျော်ကြားသော ဆရာတော်ကြီးတို့ထံတွင် ပညာအရပ်ရပ်ကို သင်ကြားခဲ့သည်။

## ဗြိတိသျှလက်အောက်မှ လွတ်မြောက်ရန် ကိုယ်ကျိုးစွန့်ကာ နိုင်ငံရေးဆောင်ရွက်တော်မူခြင်း

ရဟန်း ၁၂ ဝါမှစ၍ နိုင်ငံရေးကိုရွတ်ရွတ်ချွန်ချွန် ရွက်ဆောင်ခဲ့သည့် ဆရာတော်သည် သံဃသာမဂ္ဂီအဖွဲ့ချုပ်ကြီး၏ အတွင်းရေးမှူးချုပ် ( ရုံးအုပ်ကြီး ) အဖြစ်ဖြင့်၎င်း၊ ငါးပွင့်ဆိုင်အဖွဲ့ကြီး၏ ဩဝါဒါစရိယ ဆရာတော်အဖြစ်ဖြင့်၎င်း နှစ်ပေါင်းများစွာ ဆောင်ရွက်တော်မူသည်။

## အထိန်းသိမ်းခံရခြင်း

ဝံသာနုစိတ်ဓာတ်ဖြင့် နိုင်ငံရေးကို ရွတ်ရွတ်ချွန်ချွန် ဆောင်ရွက်တော်မူချက်ကြောင့် ၁၂ဂဂ ခုနှစ်တွင် ၄လအချုပ်ခံခဲ့ရသည်။ ၁၂ဂ၉ ခုနှစ် ပဌမ ဝါဆိုလပြည့်မှစတင်၍ ထောင်ကျခဲ့သည်။ ထောင်တွင်း၌ ၃ ဝါ သုံးနှစ်လုံးလုံးကြာခဲ့သည်။ ၁၃ဝ၃ တွင် တတိယအကြိမ်မြောက် ထိန်းသိမ်းခံခဲ့ရပြန်ရာ ၄ လ ကြာခဲ့ပြန်လေသည်။

## စစ်ကိုင်းတောင်၌ ချဉ်းကပ်ကာ သီတင်းသုံးတော်မူခြင်း

ဒုတိယ ကမ္ဘာ စစ်ကြီးအတွင်းတွင် စစ်ကိုင်းတောင်ရိုး မဗွိက ချောင်၌ ခေတ္တ သီတင်းသုံးပြီးနောက် အောက်မင်းဘူးချောင်သို့ ပြောင်း ရွှေ့ကာ သီတင်းသုံးပြန်သည်။ ထို့နောက်မှ ဒါယကာမကြီး ဒေါ်မြမေ၏ ပင့်လျှောက်ချက်အရ ပြန့်ကြီးချောင်တွင် သီတင်းသုံးတော်မူသည်။

စစ်ကြီးပြီးပြီးနောက် ၁၃၀၂ ခု၊ တပို့တွဲလတွင် ယခု သီတင်း သုံးတော်မူရာဖြစ်သည့် ကျစ္စာချောင်သို့ ပြောင်းရွှေ့ သီတင်းသုံးတော်မူ သည်။

## ဝံသာနုစိတ်ဓာတ်ဖြင့် ပြည်တွင်းဖြစ်ကိုသာ အသုံးပြုလေ့ရှိခြင်း

ဆရာတော်သည် မျိုးချစ်စိတ်ဓာတ် ပြင်းပြတော် မူလှသဖြင့် ဗြိတိသျှတို့လက်အောက်မှ လွတ်မြောက်ရေးကိုကြိုးပမ်းမှုတို့၌ သော့ချက် ဌာနတို့တွင် ပိုင်နိုင်စွာ ဆောင်ရွက်ခဲ့သည်။ မိမိကိုယ်ကျိုးကို လုံးဝမငဲ့ ကွက်ဘဲ နိုင်ငံအကျိုးသာသနာအကျိုးတို့ကို ဆောင်ရွက်ခဲ့သည်။

နိုင်ငံရေးကိုစ၍ ဆောင်ရွက်ခဲ့သည့် ရဟန်း ၁၂ဝ မှစ၍ ပြန်လွန် တော်မူသည်အထိ မြန်မာဖြစ်လက်ငင်ချည် (ဖျင်)သင်္ကန်းကိုသာ ဝတ်ရုံ တော်မူသွားသည်။

## ဗဟုသုတပြည့်ဝခြင်း

တဖက်က နိုင်ငံရေးကိုဆောင်ရွက်တော်မူနေသော်လည်း အခြား တဖက်မှ ပရိယတ္တိလုပ်ငန်းကိုလည်း မျက်ခြေမပြတ်ခဲ့ပေ။ အနယ်နယ် အမြို့မြို့ရှိ ဆရာ့ဆရာများထံတွင် ပညာလေ့လာ ဆည်းပူးတော်မူခဲ့ရာ ပိဋကတ်ကျမ်းစာတို့ကိုင်း၊ သက္ကဋ၊ ဘင်္ဂလီ၊ နာဂရီ၊ ဟိန္ဒီ၊ အင်္ဂလိပ်စသော ဘာသာတို့ကိုင်း ကျွမ်းကျင် တတ်မြောက်တော်မူခဲ့လေသည်။

လောကဆိုင်ရာ၌ရင်း၊ သာသနာဆိုင်ရာ၌ရင်း ဗဟုသုတကြွယ်ဝ တော်မူလှသဖြင့် ဗဟုသုတဆည်းပူးသူတို့သည် ဆရာတော်တို့ထံသို့ ရောက် လျှင် ယူ၍မကုန်နိုင်လောက်သော ဗဟုသုတတို့ကို အားပါးတရ ရရှိသွား ကြသည်။

## ဘဝနတ်ထံပြန်လွန်တော်မူခြင်း

ထိုကဲ့သို့ ပညာဗဟုသုတကုံလုံကြွယ်ဝသော ရွှေမျက်မှန် ဦးဝိဇယ ဟုထင်ရှား ကျော်ကြားတော်မူသည့် သက်တော် ၇၀၊ ဝါတော် ၆၀ ရှိ ကျေးဇူးရှင် ကျစွာဆရာတော် ဘုရားကြီးသည် ၁၃၂၉ ခုနှစ် ပြာသို လပြည့်နေ့ (၁၄-၁-၆၈) ၁ နာရီအချိန်တွင် မန္တလေးမြို့ ပြည်သူ့ဆေး ရုံကြီး၌ ဘဝနတ်ထံပြန်လွန်တော်မူခဲ့ရာ သာသနာတော်တွင် အစားထိုး၍ မရနိုင်လောက်အောင် ဆုံးရှုံးမှုကြီးတရပ်ဖြစ်သဖြင့် ကြားသူအပေါင်းမှာ ဝမ်းနည်းကြေကွဲ၍မဆုံး ဖြစ်ရလေသည်။

ကျဋ္ဌာဆရာတော် ဘုရားကြီး ၏

# ပရိယတ္တိ ဝိသာရဒဂုဏ်

မန္တလေးမြို့၊ စိန်ပန်းရပ်၊ အဘယာရာမရွှေဂူတိုက်

**အရှင် သီလာနန္ဒာဘိဝံသ**

ရေးသားဖတ်ကြား ပူဇော်သည်။

၁၃၃၈-ခု၊ ပြာသိုလပြည့်နေ့

( ၁၉၇၇-ခု၊ ဇန္နဝါရီလ ၃ -ရက်နေ့ )




အဘယာရာမ ဆရာတော် အရှင်သီလာနန္ဒာဘိဝံသက
လက်ရှိ ကျွစ္စာဆရာတော် ဦးလက္ခဏသို့ စာတန်းပေးအပ်စဉ်

# ပဉ္စမပိုင်း

## ကျစွာဆရာတော်နှင့်စာရေးသူ

၁၃၀၈ ခုနှစ်က မဟာဝိဇ္ဇောဒယချောင် ကထိန်ခင်းသို့ ပင့်ဖိတ်ထားသဖြင့် ကျစွာဆရာတော်ဘုရားသည် မဟာဝိဇ္ဇောဒယ ချောင်သို့ ကြွလာပါသည်။ မဟာဝိဇ္ဇောဒယဆရာတော် ကထိန် အနုမောဒနာ တရား ချီးမြှင့်၍ ရေစက်ချပြီးနောက် ကထိန်သင်္ကန်းပေး ကံဆောင်ရန် ဓမ္မပါမောက္ခချောင်သိမ်ပေါ်သို့ ဆရာတော်များ ကြွကြ ပါသည်။ ထိုစဉ်က ဓမ္မပါမောက္ခ ချောင်သိမ်သည် သိမ်တိုက်အဟောင်း ဖြစ်ပါသည်။ စာရေးသူလည်း ထိုအခါကကိုရင်ကြီးအဖြစ်ဖြင့် ရှိပါသေးသည်။ ကိုရင်ကြီး ဖြစ်သောမိမိလည်း ဆရာတော်များနှင့်အတူ သိမ်ပေါ်သို့ လိုက်သွား ခဲ့ပါသည်။ မဟာဝိဇ္ဇောဒယ ဆရာတော်က ကမ္မဝါယူခဲ့ရန် အမိန့်ရှိထား၍ ရိုးရာအချပ် ကမ္မဝါလည်း အလွယ်တကူ မရှိသဖြင့် ကမ္မဝါစာပါသော ပရိဝါသမာနတ္တာဒိဝိနိစ္ဆယ ကျမ်းကို ယူသွားခဲ့ပါသည်။ သိမ်ပေါ်ရောက်၍ မဟာဝိဇ္ဇောဒယ ဆရာတော်ကကမ္မဝါ တောင်းသောအခါ စာရေးသူက ကမ္မဝါပါသည့် စာချက်နှာကိုဖွင့်၍ ဆရာတော်အား စာအုပ်ကိုကပ်လိုက်ပါသည်။ စာရေးသူ စာအုပ်ဖွင့်၍ ကမ္မဝါကပ်ပုံကို ကျစွာဆရာတော်သည် သေချာစွာ စိုက်ကြည့်ပြီးနောက် "အံမယ် မင်းက ကိုရင်ရှိသေးတယ်၊ ကမ္မဝါတွေ ဘာတွေများရှာတတ်လို့ပါလား" ဟု အံ့ဩချီးမွမ်းစကား မိန့်ကြားတော်မူပါသည်။ စာရေးသူလည်း ပုထုဇဉ် သဘာဝ အတိုင်း ကိုယ့်ကို ချီးမွမ်းသဖြင့် သဘောကျပြီး ဆရာတော်ကြီးကို ခင်မင်ကြည်ညို သွားခဲ့ပါသည်။

စာရေးသူသည် ကျစွာဆရာတော်ကြီးကို ထိုအကြိမ် တွေ့ခြင်းသည် ပဌမအကြိမ် တွေ့ရခြင်းကား မဟုတ်ပါ။ ဆရာတော်ကြီးသည် စစ်ကြီးပြီးပြီး နောက် ကျစွာချောင်နှင့် ကပ်လျက်ရှိသော ပြန့်ကြီးချောင်၌ ချောင်ဆရာကြီး ဒေါ်မြမေ၏ ဆွမ်းဝတ်ပြုစုခြင်းကို ခံယူလျက် သီတင်းသုံးနေခဲ့ပါသည်။ ဒေါ်မြမေသည် သဒ္ဓါတရား ကောင်းသော ဒါယိကာမကြီးဖြစ်သဖြင့် ဆွမ်းခံကိုယ်တော် အများပင် ဒါယိကာမကြီးထံသို့ ဆွမ်းခံရောက်ကြသည်ဖြစ်ရာ စာရေးသူလည်း ထိုကိုယ်တော်များတွင် အပါအဝင် ဖြစ်ခဲ့ပါသည်။ ထိုသို့ ဆွမ်းခံ ရောက်စဉ်ကပင် ရွှေမျက်မှန် ဦးဝိဇယကိုယ်တော်ကြီးအဖြစ်ဖြင့် ဆရာတော်ကြီးကိုတွေ့မြင်ဘူးပြီးဖြစ်ပါသည်။ ဆရာတော်ကြီးကလည်း မဟာဝိဇ္ဇောဒယချောင်မှ ကိုရင်အနေဖြင့် စာရေးသူကို သိမြင်ဘူးပြီးပင်ဖြစ်ပါသည်။ ထိုသို့ တွေ့မြင်ဘူးခဲ့ရာမှ ကမ္မဝါရှာ၍ ကပ်သည်ကို တွေ့ရသောအခါ တော်တဲ့ကိုရင်ပဲဟု ယူဆ၍ အသိအမှတ်ပြုလိုက်ခြင်း ဖြစ်ဟန်တူပါသည်။

ထိုဖြစ်ရပ်၏နောက်ပိုင်းတွင်မူ စာရေးသူသည် ကျစွာဆရာတော်ကြီးထံသို့ မကြာမကြာဆိုသလို ရောက်ရှိခဲ့ပါသည်။ စာရေးသူ မန္တလေးဘုရားကြီးတိုက်၌ နေသောအခါမှာလည်း ဆရာတော်ကြီးသည် ဘုရားကြီးတိုက်က မင်းမာဆရာတော်နှင့် ရင်းနှီးသဖြင့် မကြာ မကြာပင် ရောက်ရှိလာတတ်ပါသည်။ ထိုအခါ၌လည်း ဆရာတော်ကို ဝတ်ပြုယင်း ဆရာတော်၏ မိန့်ကြားချက်တို့ကို နာကြားခဲ့ရပါသည်။ ထိုမှ နောက်၌လည်း ဆရာတော်ကြီးဘဝနတ်ထံ ပြန်လွန်တော်မူသည်အထိ ရင်းရင်းနှီးနှီး ဆည်းကပ်ခွင့်ရ၍ ဆရာတော်ကြီး၏ လောကီလောကုတ္တရာဆိုင်ရာ မိန့်ကြားချက်တို့ကို မငြီးနိုင်အောင် နာကြားခဲ့ရပါသည်။

## အစွဲပျောက်ခဲ့ပုံ

ဆရာတော် ဘုရားကြီးကို ဆည်းကပ်မိ၍ အတော်အတန်ကြာလျှင်ပင် စာရေးသူ၌ရှိခဲ့သော အစွဲတခု အလိုလို ပြယ်သွားခဲ့ပါသည်။ ဒုတိယ ကမ္ဘာစစ်ကြီးမဖြစ်မီ ကုလားဗမာ အဓိကရုဏ်း ဖြစ်ပြီးစအချိန်သည် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံရေး အထူးနိုးကြားလာသောအချိန်ဖြစ်ပါသည်။ ယိုအချိန်တွင် သာသနာ့ဝန်ထမ်း ရဟန်းတော် အများပင်

ကျောင်းတွင်းမှာကုပ်၍ စာပေပရိယတ်ကို အားမထုတ်နိုင်တော့ပဲ ကွင်းဆင်းစည်းရုံးသည့်အနေဖြင့် ရပ်ကွက်များသို့ အသီးအသီး ကြွရောက်ကြကာ တိုင်းသူပြည်သားများ နိုင်ငံရေးနိုးကြားမှုအတွက် ဆောင်ရွက်ကြပါသည်။ ထိုအခါ စာရေးသူတို့ နေထိုင်ရာ ရပ်ကွက်သို့လည်း ရဟန်းတော်များကြွရောက်လာ၍ နိုင်ငံရေး တရားဟောခြင်း၊ နိုင်ငံရေးအသင်းအဖွဲ့များ ဖွဲ့စေခြင်းတို့ကို ဆောင်ရွက် ကြပါသည်။ စာရေးသူတို့ရပ်ကွက်သည် နိုင်ငံရေးနိုးကြားမှု နည်းသော ရပ်ကွက်ဟု ဆိုရပါမည်။ ရဟန်းတော်များက တရားဟောပြီး၍ အသင်းဖွဲ့ရန် တိုက်တွန်းသော အခါ အမျိုးသားများဘက်မှ မလှုပ်ကြပါ။ အမျိုးသမီးများ ဘက်ကမူ စာရေးသူ၏ အဒေါ်က ခေါင်းဆောင်လုပ်၍ အမျိုးသမီးအဖွဲ့ကို ဖွဲ့ပါသည်။ စည်းရုံးရေး ကိုယ်တော်များလည်း အားမလို အားမရဖြင့်ပင် ပြန်သွားကြပါသည်။ ထိုပုဂ္ဂိုလ်များ ပြန်သွားပြီးနောက်တွင် အရပ်ထဲ၌ အပြစ်တင် ဝေဘန်သံများကို ကြားရပါသည်။ ဘုန်းကြီးဆိုသည်မှာ ဘုရားသားတော်ဖြစ်၍ ပရိယတ် ပဋိပတ်ကိုသာ အားထုတ်၍ နေသင့်သည်၊ ရှုပ်ထွေးပွေလီလှသော နိုင်ငံရေးကို မလုပ်သင့်၊ ဆရာတော်ကြီးများ အမျှူးရှိသည့် များစွာသော ရဟန်းတော်တို့သည် ပရိယတ် ပဋိပတ်ကိုပင် အားထုတ်၍ နေကြသည်၊ ယခုနိုင်ငံရေးလုပ်သော ဘုန်းကြီးများသည် စာပေမသင်ချင်၍ ထွက်လုပ်သော ကိုယ်တော်များဖြစ်ဟန် ရှိသည် စသည်ဖြင့် အနည်းနည်း ဝေဘန်ကြသည်။ ထိုဝေဘန်သံများကို နားမဆံ့အောင် ကြားရသော စာရေးသူသည်လည်း ထိုဝေဘန်သူများနည်းတူပင် နိုင်ငံရေးလုပ်သော ဘုန်းကြီးများအပေါ် အပြစ်မြင်၍ နိုင်ငံရေး ဘုန်းကြီးဆိုလျှင် အထင်သေးသောအစွဲ စွဲခဲ့ပါသည်။ စာမတတ်ပေမတတ် မိမိအလုပ်ကို မလုပ်လိုသောဘုန်းကြီးများသာနိုင်ငံရေး လုပ်ကြသည်ဟုလည်း မှတ်ယူခဲ့မိပါသည်။ ထိုအစွဲသည် ကျစွာဆရာတော်ဘုရားကြီးကို ရင်းရင်းနှီးနှီး ဆည်းကပ်ခွင့် ရပြီးနောက် တဖြေးဖြေးပျောက်ခဲ့ပါသည်။

ကျစွာဆရာတော် ဘုရားကြီးသည် ကျမ်းဂန် ဗဟုသုတရော အထွေထွေ ဗဟုသုတပါ အလွန်ကြွယ်ဝသော ဆရာတော်ကြီးဖြစ်ပါသည်။ ဆရာတော်ကြီး အမိန့်ရှိသည်ကို နားထောင်ရသည်မှာ ငြီးငွေ့

သည်ဟုမရှိပဲ ကြားပြီးယင်း ကြားချင်ယင်း၊ မှတ်ပြီးယင်း မှတ်ချင်ယင်းသာ ဖြစ်ရပါသည်။ ဤသို့ ဆရာတော်ကြီးအထံမှ ကြားနာခွင့်ရခဲ့သဖြင့်ပင် ဆရာတော်ကြီးသည် ပရိယတ်စာပေ၌ ကျွမ်းကျင်တော်မူ၍ ဗဟုသုတ ကြွယ်ဝကြောင်း ကိုယ်တွေ့သိခဲ့ရပါသည်။ ဆရာတော်ကြီး နိုင်ငံရေးလုပ်ခဲ့သည်မှာ စာပေမသင်လို၍ မဟုတ်ပဲ အမျိုးဘာသာ သာသနာကို တကယ်ချစ်မြတ်နိုးသောစိတ်ဖြင့်သာ ဖြစ်ကြောင်း သဘောပေါက်ခဲ့ပါသည်။ အမှန်အားဖြင့်ကား ဆရာတော်ကြီးသည် အဆင့်အတန်း ပြည့်မျှမကအောင် စာပေပရိယတ်ကို ဆရာအမျိုးမျိုးထံမှ နည်းခံယူပြီးမှသာ နိုင်ငံရေးနယ်ထဲသို့ ခြေစုံပစ်၍ ဝင်တော်မူခဲ့သော ဆရာတော်ဖြစ်ပါသည်။ ဆရာတော်သည် စာတတ်ပုဂ္ဂိုလ်ဖြစ်ရုံမျှမက ဝိနည်းသိက္ခာပုဒ်ကိုလည်း နိုင်ငံရေး လုပ်စဉ်မှာပင် လေးစားခဲ့သော ဆရာတော် ဖြစ်သည်ဟုလည်း သိရပါသည်။ ဤဆရာတော်ကို တွေ့ရသဖြင့်ပင် နိုင်ငံရေးလုပ်သော ဘုန်းကြီးများတွင် ပရိယတ်ကျွမ်းကျင်၍ ဝိနည်းလည်း လေးစားသောဆရာတော်များ ရှိပါသေးတကားဟူသော အသိပေါ်ပေါက် ခဲ့ရပါသည်။

## ဆရာတော်ပရိယတ်သင်ယူခဲ့ပုံ

ဤနေရာ၌ ဆရာတော်သည် ပရိယတ်၌ ကျွမ်းကျင်အောင် မည်သည့်ဆရာတော်များထံမှာ သင်ကြားအားထုတ်ခဲ့သည်ကို သိရန် လိုအပ်ပါသည်။ သို့ဖြစ်၍ ဆရာတော် ပရိယတ်အားထုတ်ခဲ့ပုံကို ဆရာတော်ထံမှ သိရှိထားသည့်အတိုင်း တင်ပြပါဦးမည်။

ဆရာတော်သည် မြန်မာပြည် အောက်ပိုင်း မြောင်းမြခရိုင် အိမ်မဲမြို့အပိုင် သီးကွင်းရွာတွင် ခမည်းတော် သိမ်ဒါယကာကြီး ဦးရွှေဖူး၊ မယ်တော် ဒေါ်အေးမြတို့မှ မြန်မာသက္ကရာဇ် ၁၂၅၀ ပြည့်နှစ် ဒုတိယဝါဆိုလဆုတ် ၃ ရက်၊ ဗုဒ္ဓဟူးနေ့ နံနက် ၁၀ နာရီအချိန်၌ ဖွားမြင်ခဲ့သောသားရတနာ ဖြစ်ပါသည်။ မွေးဖွားသည့်အချိန်ကို ဆရာတော်က ထွန်ဖြုတ်ချိန်ဟု အမိန့်ရှိပါသည်။ ပြီးမှ အခုခေတ်နာရီဖြင့် ၁၀ နာရီလောက် ဖြစ်ကြောင်း မိန့်ခဲ့ပါသည်။ ဆရာတော့်မိဘများတွင် ဆရာတော်ထက်အကြီး မယ်ငိုခေါ် သမီး မိန်းမတယောက် ရှိခဲ့၍ ဆရာ

တော့် နောက်တွင်မူ မယ်မှန်၊ မယ်ရန်၊ မယ်သန်နှင့် ဦးသာခဟု လေးယောက် ထွန်းကားခဲ့ပါသည်။ ဆရာတော့်အတ္တုပ္ပတ် အကျဉ်းကို မိန့်ကြားရန် လျှောက်ထားခဲ့စဉ်က ဆရာတော်၏ ငယ်မည်ကို လျှောက်ထားလိုသော်လည်းမဝံ့သဖြင့်မလျှောက်ထားခဲ့ပါ။သို့သော် ဆရာတော်သည် စာရေးသူ၏ဆန္ဒကို သိတော်မူသည့်အလား "ငါ့ညီ နာမယ်က ဦးသာခတဲ့ကွ၊ ငါ့နာမယ်ကတော့ ငါ့ညီ နာမယ်နဲ့ကာရန်တူ ဦးသာရတဲ့ကွ"ဟု မိန့်တော်မူပါသည်။

ဆရာတော်၏ အမျိုးအနွယ်ကို အနည်းငယ် ဖော်ပြပါမည်။ ဆရာတော်၏ ခမည်းတော်သည် ပုဂံ ညောင်ဦးနွယ်ဖြစ်၍ မယ်တော်သည်ကား အောက်သူဖြစ်ပါသည်။မယ်တော်၏အဖေသည် အမရပူရမြို့တော်၌ တံခါးစောင့်အဖြစ်ဖြင့် အမှုတော်ထမ်းရွက်ယင်း အပျိုတော်တယောက်နှင့်ရည်ငံပြီး ထိုအပျိုတော်နှင့်အတူ အောက်ပြည်သို့ ထွက်ပြေးခဲ့ပါသည်။ အောက်ပြည်ရောက်ပြီး မကြာမီ ထိုအပျိုတော်သည် ငှက်သင့်၍ ပျက်စီးခဲ့ပါသည်။ ထို့နောက် ဆရာတော့်အဖွားနှင့် အကြောင်းပါခဲ့ပါသည်။ ဆရာတော့် ခမည်းတော်ဘက်ကမူကား ဘုန်းကြီးနွယ်ဖြစ်ကြောင်း၊ မြစ်ကျင်းတိုက် ဆရာတော် ဦးပိုသည်ဆရာတော့် အဖိုးတော်သူဖြစ်ကြောင်း ဆရာတော် အမိန့်ရှိခဲ့ဘူးပါသည်။

ဆရာတော့်အလောင်းအလျာ သူငယ်ကို ၇နှစ်သား အရွယ်တွင် မိဘများကကျောင်းသို့ပို့ခဲ့၍ ၁၀နှစ်သားအရွယ်တွင် သာသနာ့ဘောင်သို့ သွတ်သွင်းခဲ့ပါသည်။ ဆရာတော်၏ ငယ်ဆရာကား ရွှေကျောင်းဆရာတော် ဥုးဇယန္တဖြစ်ပါသည်။ သို့သော် ရှင်ပြုချိန်တွင် ဥုးဇယန္တ မရှိတော့သည့်အတွက် မောင်းထောင်တိုက်ရှိ ဥုးအာဒိစ္စ ဆရာတော်ကို ဥပဇ္ဈာယ်ပြုခဲ့ရပါသည်။ အသက် ၁၀နှစ်မှ ၁၄ နှစ်အထိ ရှင်လိုင်ပြန်၍ ကျောင်းသားဝတ်ဖြင့်နေခဲ့ပါသည်။ အသက် ၁၄ နှစ်၌ တဖန် သင်္ကန်း ပြန်ဆီးခဲ့ပါသည်။ထိုစဉ်တွင် ဆရာတော်သည် မြန်မာစာ၊ အင်္ဂလိပ်စာနှင့် ဂဏန်း(နောကေနော)တို့ကို သင်ယူခဲ့ပါသည်။

၁၆ နှစ်သားအရွယ်တွင် သုံးဆယ်မြို့ မောင်းထောင် ဆရာတော် အထံသို့ ရောက်ခဲ့ပါသည်။ ၁၂၆၇ ခုနှစ်တွင် မောင်းထောင် ဆရာတော်

သည် ပုသိမ်မြို့၊ မောင်းထောင်တိုက်သို့ ရွှေ့ပြောင်း သီတင်းသုံးတော်မူရာ ဆရာတော်အလောင်းအလျာကိုရင်လည်း လိုက်ပါရပါသည်။ ၁၂၆၉ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၀ရက်နေ့တွင် သုံးဆယ်မြို့၊ မောင်းထောင်တိုက်တွင် မောင်းထောင်ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့ပါသည်။ ဆရာတော်သည် မိမိ၏ ရဟန်းခံရက်ချုပ်ကို အောက်ပါအတိုင်း လင်္ကာစီထားခဲ့ပါသည်။

ခြောက်ဆယ့်ကိုးပ၊ နှောင်းကူးလ၊ ဆန်းထဆယ်ရက်မှာ။
ငါးဖဝါးတဖိ၊ စက်နာရီနှစ်၊ ရဟန်းဖြစ်၊ မှတ်လစ်နေ့သောကြာ။

## ဆရာများ

ဆရာတော်၏ ဥပဇ္ဈာယ်ဖြစ်တော်မူသော မောင်းထောင် ဆရာတော်ကား သာမညဆရာတော်မဟုတ်ပါ။ သာသနာပိုင်ဆရာတော် ဦးဥေယျနှင့် ရွှေကျင်ဆရာတော်ဘုရားကြီးတို့၏ တပည့်ဖြစ်ပြီး သီပေါမင်းလက်ထက် သက်တော် ၄၀မှာပင် 'ဝိမလာလင်္ကာရ ကဝိဓဇမဟာဓမ္မရာဇာဓိ ရာဇဂုရု' ဘွဲ့တံဆိပ်တော်ကို အလှူခံတော်မူခဲ့ရသော ဆရာတော်ဖြစ်ပါသည်။ အသိများသောအချက်နှင့်စပ်၍ ပြောရလျှင်ကား မောင်းထောင် သုတ်နက်ဟုကျော်ကြားသော သဒ္ဒါရှစ်စောင် သုတ်နက်ကို ပြုပြင်ရေးသားတော်မူခဲ့သော ဆရာတော်ဖြစ်ပါသည်။ ထိုသုတ်နက်ကို ပဌမရေးသားသော ဆရာတော်မှာ ရန်ကုန်မြို့ ကျောင်းတော်ရာ ရွှေကျင်တိုက် ကံ့ကော်ကျောင်း ဘုန်းတော်ကြီး ဘဒ္ဒန္တဇောတိကမထေရ် ဖြစ်ပါသည်။ ထိုမထေရ်၏ တောင်းပန်ချက်အရ မောင်းထောင်ဆရာတော်က ယောဂ ဝိဘာဂ စ ပိ ဝါ အန္တသဒ္ဒါ စသော သုတ်စွန်းတို့ပါ ခဲရာ ခဲဆစ် သဒ္ဒဝိနိစ္ဆယများကို အာစရိယဝါဒနှင့်တကွ သဒ္ဒနီတိစသောကျမ်းကို မှီငြမ်းနိဿယပြု၍ ပြယုဂ်ဥဒါဟရဏ် ဝါဒထူးများနှင့်တကွ စုံလင်စွာ ဖြည့်စွက် ရေးသားတော်မူခဲ့သည်ဟု ယင်းကျမ်းနိဒါန်းအရ သိရှိရပါသည်။

ထိုဆရာတော် ရာဇဂုရုတံဆိပ်ရခဲ့ပုံကို ကျစွာဆရာတော်ကြီးအမိန့်ရှိခဲ့ဘူးသည့်အတိုင်း တင်ပြပါဦးမည်။ မြန်မာဘုရင်လက်ထက်က စာချ

အဖြစ်ဖြင့် ဖြစ်စေ၊ ရာဇဂုရုအဖြစ်ဖြင့် ဖြစ်စေ ကိုးကွယ်ထိုက်သောပုဂ္ဂိုလ်များကို ပိဋကတ်ဝန်က လိုက်လံစုံစမ်းမေးမြန်းရပါသည်။ ထိုသို့ မေးမြန်း စုံစမ်း၍ သင့်တော်သည်ဟု ယူဆလျှင် ပိဋကတ်ဝန်က ဘုရင့်ထံသံတော်ဦးတင်၍ ဘုရင်က ထိုက်သလို ကိုးကွယ်လေ့ရှိပါသည်။ ထိုအစဉ်အလာအရ တနေ့သောအခါ၌ ပိဋကတ်ဝန်သည် မောင်းထောင် ဆရာတော်ထံသို့ ရောက်လာ၍ တထာဂတပုဒ်သည် မည်သည့် သမာသ်ဖြစ်သနည်းဟု လျှောက်ထားပါသည်။ မောင်းထောင်ဆရာတော်က မဆိုင်းမတွပင် တပ္ပုရိသ်သမာသ်ဖြစ်ကြောင်း ဖြေပါသည်။ ထိုအခါ ပိဋကတ်ဝန်က ဥပသဂ္ဂနိပါတပုဗ္ဗကော အဆိုရှိတယ်မဟုတ်လားဟု အပြစ်တင်လိုသည့်ဟန်ဖြင့် မေးပါသည်။ ဤသို့မေးခြင်းကား မောင်းထောင်ဆရာတော်သည် ရမ်းမှန်း၍ဖြေခြင်းလော၊ အကယ်သိ၍ ဖြေခြင်းလောဟူသည်ကို ကွဲကွဲပြားပြားသိရန်ဖြစ်ပါသည်။ ထိုအခါ မောင်းထောင်ဆရာတော်က တထာနိပါတ် ရှေးရှိသော်လည်း သူ့အနက် မပြဋ္ဌာန်းသည့်အတွက် အဗျယီဘောသမာသ်မဖြစ်နိုင်ကြောင်း ပြန်လည်ဖြေဆိုပါသည်။ ပိဋကတ်ဝန်ကဆက်၍ တပ္ပုရိသ်ဖြစ်လျှင် ဘာတပ္ပုရိသ်လဲဟု လျှောက်ပြန်ရာ ဆရာတော်က တထာနောင် ဝိဘတ်ခုနစ်သွယ်ကြေနိုင်သော်လည်း "တထာတေန အာကာရေန လလလကွယ့်"ဟု ဖွင့်နိုင်ပုံကိုထောက်၍ တတိယာတပ္ပုရိသ်ဖြစ်သင့်ကြောင်း ဖြေတော်မူသည်။ ဤပုဒ်တပုဒ်ကိုသာ မေးမြန်းပြီးနောက် ပိဋကတ်ဝန်သည် ပြန်သွားခဲ့ပါသည်။ ထို့နောင် ထိုနှစ်ရာဇဂုရုစာရင်းထွက်သောအခါ မိမိအမည်ပါလာသည်ကို မောင်းထောင်ဆရာတော်တွေ့ရပါသည်။ ဤအကြောင်းကို မောင်းထောင်ဆရာတော်ကိုယ်တိုင်က တပည့်များအားပြောကြားခဲ့၍ "ငါတို့တော့ တထာဂတတပုဒ်ထဲနဲ့ ရာဇဂုရုဖြစ်ခဲ့တာပဲ"ဟုပင် မိန့်မြွက်တော်မူလေ့ ရှိသည်ဟု သိရှိရပါသည်။

၁၂၆၀ ပြည့်နှစ်တွင် မောင်းထောင် ဆရာတော်သည် သီဟိုဠ်ကျွန်းသို့စွယ်တော်ဖူးရန် ကြွတော်မူပါသည်။ ရန်ကုန်မြို့၌ ဝဇီရာရာမဆရာတော် ဘုရားကြီးနှင့် ဆုံမိ၍ ထိုဆရာတော်ကြီးနှင့်အတူ သင်္ဘောတစီးတည်းဖြင့်ပင် ကြွတော်မူပါသည်။ ဝဇီရာရာမဆရာတော်ဘုရားကြီးနှင့်အတူ အခြား ဆရာတော်ကြီးများလည်းပါပါသည်။ ထိုစဉ်ကမောင်း

ထောင် ဆရာတော်သည် သက်တော် ၅၄ နှစ်မျှသာ ရှိပါသေးသည်။ သဘော်ထွက်၍ နှစ်ရက် သုံးရက် ရှိသောအခါ ဝဇီရာရာမိကဆရာတော်ကြီးက ဆရာတော်အားလုံးကို စည်းဝေးစေ၍ သိဟိုဠ်ကျွန်းသို့ စွယ်တော်ဖူးမျှော်ခွင့်ရရန် ခွင့်တောင်းသောအခါ မြန်မာလိုပြော၍ရမည် မဟုတ်၊ ပါဠိလိုပြောမှသာ ဖြစ်လိမ့်မည်။ ထို့ကြောင့် စွယ်တော်ထိန်း သိဟိုဠ်ဆရာတော်များကို ဆက်ကပ်ရန် သန္ဒေသကထာတစောင် ရေးဘို့ လိုသည်။ထိုစာကိုပါဠိဘာသာဖြင့် ရေးရမည်ဖြစ်သည်။ထိုသန္ဒေသကထာကို ယခုသဘော်ပေါ်မှာပင် အပြီးရေးရလိမ့်မည်။ ထိုသန္ဒေသကထာ ရေးရန် မည်သူတာဝန် ယူမည်နည်းဟု မေးတော်မူသည်။ မည်သည့်ဆရာတော်ကမျှမလှုပ်သောအခါ ဝဇီရာ ရာမိကဆရာတော်က မောင်းထောင်ဆရာတော်အား တာဝန်ပေးတော်မူသည်။ မောင်းထောင်ဆရာတော်လည်း ပေးအပ်သည့်တာဝန်ကို ကြေပွန်စွာ ထမ်းဆောင်ကာ 'ဒါဌာ ဓာတုဒဿနာဘိယာစနသန္ဒေသကထာ'ကို သဘော်ပေါ်မှာပင် အပြီး ရေး၍ ဆက်ကပ်ခဲ့ပါသည်။ သဘော်ပေါ်မှာဖြစ်၍ မိမိအစွမ်းကိုချည်း အားကိုး၍ရေးရပါသည်။ပါဠိပုဒ်တခု ရှာလို၍ဖြစ်စေ၊ ပုဒ်တခု၏ လိင်ကို မသိ၍ဖြစ်စေ ကြည့်ရှုစရာ စာအုပ်မရှိ။ သို့သော်လည်း မောင်းထောင် ဆရာတော်သည် အခြားစာတတ်ဆရာတော်များ ပြင်စရာမတွေ့ရလောက်အောင် ပါဠိဘာသာဖြင့် သန္ဒေသကထာကို ရေးစွမ်းနိုင်ခဲ့ပါသည်။ ထိုစာ ရေးပြီးနောက်တွင်ကား နကိုက မောင်းထောင်ဆရာတော်ကို အထင် မကြီးခဲ့သော ဆရာတော်ကြီးတို့သည် မောင်းထောင်ဆရာတော်ကလေး၊ မောင်းထောင်ဆရာတော်ကလေးဟု ခေါ်ကာ ဆရာတော်ကို ဂရုစိုက် လာကြသည်ဟုသိရပါသည်။ ဤသို့လျှင် မောင်းထောင်ဆရာတော်သည် စာတတ်ရုံမျှမက ပါဠိဘာသာအရေးအသားပါ နိုင်နင်းသောဆရာတော် တပါးဖြစ်တော်မူပါသည်။ ဤသို့သော ဆရာကောင်း ဆရာမြတ်အထံ၌ ကျစွာဆရာတော်သည် သုတ်နက်နှင့် ကစ္စာယနသာရကျမ်းတို့ကို သင်ယူ တော်မူခဲ့ပါသည်။ ကျစွာဆရာတော် ရဟန်းတဝါရပြီးနောက် မောင်း ထောင်ဆရာတော် ပြန်လွန်တော်မူခဲ့ရာ ဒုတိယ မောင်းထောင်ဆရာတော် ဦးသုဝဏ္ဏအထံ၌ ဆက်လက်၍ စာပေကျွန်းဂန်တို့ကို သင်ယူခဲ့ပါသည်။ ထို့နောက် ဆရာတော်သည် အရှင်သိရိကုမာရဆရာတော်ထံတွင် စာပေ ကျမ်းဂန်တို့ကို ဆက်လက်သင်ယူပြန်ပါသည်။ အရှင်သိရိကုမာရ ဆရာ

တော်ကား ပိဋကတ်ကျမ်းစာကိုဖြစ်စေ၊ သက္ကဋကျမ်းတို့ဖြစ်စေ၊ သက္ကဋဘာသာရေးဗေဒင်ကျမ်းတို့ဖြစ်စေ တဖက်ကမ်းခတ် တတ်မြောက် ကျွမ်းကျင်တော်မူသော ဆရာတော်ဖြစ်ပါသည်။ ဆန်းကျမ်းအရာ၌ နိုင်နင်းတော်မူလှသဖြင့်လည်း ဝုတ္တောဒယဆန်းကျမ်း၏ နိဿယသစ်ကို ပြုစုခဲ့ပါသည်။ ဂါထာစီကုံးရာ၌လည်း ဆန်းကြယ်စွာစီကုံးတတ်သော ဆရာတော် ဖြစ်ပါသည်။ ဆရာတော်၏လက်ရာအစအနကို ဒဘာယာရာမဆရာတော်၏ အဘိဓာန်နိဿယသစ် ချီးကျူးစာ၌ တွေ့နိုင်ပါသည်။ ဤဆရာတော် ရေးသားခဲ့သော ကစ္စာယနသာရဋီကာသစ်နိဿယ ရေးခြင်းနှင့် ပတ်သက်သည့် ဂါထာနှစ်ပုဒ်ကို ဒုတိယပိုင်း၌ ဖော်ပြပါမည်။ ကျွစ္စာဆရာတော်သည် သီရိကုမာရဆရာတော်အထံ၌ ဆန်းကျမ်း၊ နေတ္တိအဋ္ဌကထာကျမ်းတို့ကိုဖြစ်စေ၊ မုဒ္ဓဗောဓသက္ကဋသဒ္ဒါကျမ်းနှင့် အမရကောသ သက္ကဋအဘိဓာန် ကျမ်းတို့ကိုဖြစ်စေ သင်ယူခဲ့ပါသည်။ ထိုတွင် မုဒ္ဓဗောဓကျမ်းကို နာမ်ပိုင်းကုန်သည်အထိ သင်ယူခဲ့၍ အမရကောသကျမ်းကို ဝဂ်နှစ်ဝဂ်ခန့် သင်ယူခဲ့ပါသည်။

ယင်းနောက် ဆရာတော်သည် ညောင်တုံးမြို့၊ ရွှေဟင်္သာတောရတိုက်သို့ ရွှေ့ပြောင်းသီတင်းသုံး၍ ထိုတိုက်စံကျောင်းဆရာတော်၊ ပုဗ္ဗာရုံဆရာတော်၊ ဗိုလ်ကျောင်းဆရာတော်တို့ထံ၌ ပရိယတ်စာပေများ သင်ယူခဲ့ပြန်ပါသည်။စံကျောင်းဆရာတော်အထံတွင် မည်သည့်စာများ သင်ယူခဲ့သည်ကို မသိရသော်လည်း စံကျောင်းဆရာတော်သည် အလင်္ကာနိုင်သော ဆရာတော်ဖြစ်သဖြင့် သုဗောဓာလင်္ကာရကျမ်းကိုကား သင်ယူခဲ့မည်ဟု ခန့်မှန်းနိုင်ပါသည်။ ဆရာတော်သည် မန္တလေးမြို့ မဟာဂန္ဓာရုံတိုက် ဆရာတော် ဦးအာစာရအထံတော်၌လည်း ပရိယတ်ကျမ်းဂန်များကို သင်ယူခဲ့ပါသည်။ ထိုအရှင်အာစာရကား သက်တော်ရှည် စံကင်းဆရာတော်ဘုရားကြီး၏ ငယ်သူငယ်ချင်း ကန်ကြီးကုန်းသား ဖြစ်ပါသည်။

၁၂၇၈ ခုနှစ်တွင် ဆရာတော်သည် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရား၏ ဈာပနသို့ လာယင်း အထက် မြန်မာနိုင်ငံသို့ စာသင်တက်ခဲ့ပါသည်။ ရှေးဦးစွာဆရာတော်သည် မဟာဂန္ဓာရုံ ဆရာတော် အထံသို့ရောက်၍ ကမ္မဋ္ဌာန်းအားထုတ်ခဲ့ပါသည်။ ထို့နောင် ထိုဆရာ

တော်ကြီးကပို့သဖြင့် ရက္ခမူချောင် အတိသုဒ္ဓါရုံဆရာတော်ထံသို့ ရောက်ခဲ့ပါသည်။ အတိသုဒ္ဓါရုံဆရာတော်ကြီးအထံတွင် ကျန်နေသော မုဒ္ဓဗောဓ သဒ္ဒါကိုကုန်သည်အထိသင်ယူ၍ ဝိနည်းအဋ္ဌကထာများကိုလည်း သင်ယူခဲ့ပါသည်။အတိသုဒ္ဓါရုံဆရာတော်ဘုရားကြီးသည် သဒ္ဒါနှင့်ဝိနည်း၌နာမည်ကျော်ဖြစ်ပါသည်။ ထို့ကြောင့် ကျစွာဆရာတော်သည် အတိသုဒ္ဓါရုံဆရာတော်ကြီးအထံ၌ ဝိနည်းအဋ္ဌကထာများကို သင်ယူခဲ့ခြင်းဖြစ်ဟန်တူပါသည်။ ထိုစဉ်အခါက ထရံကာ ဆရာကြီး ဦးအုန်းသည်လည်း ဗောဓိချောင်၌ စာပေပို့ချနေခြင်းဖြစ်ပါသည်။ ထို့ကြောင့် ကျစွာဆရာတော်သည် ရက္ခမူချောင်မှ အောက်ဇေတဝန်ချောင်သို့ ပြောင်းရွှေ့ပြီး ယင်းဆရာကြီးအထံတွင် သမ္မောဟဝိနောဒနီ အဋ္ဌကထာနှင့် မူလဋီကာကိုရင်း၊ ကင်္ခါဝိတရဏီအဋ္ဌကထာကိုရင်း၊ ညဝါကိုရင်း လေ့လာခဲ့ပါသည်။

ထို့နောက် ဆရာတော်သည် မန္တလေးဘက်သို့ပြောင်း၍ တောင်ပြင်ထီးလင်းတိုက်၊ ကုသိနာရုံတိုက်တို့၌ သီတင်းသုံးခဲ့ပြီး နောက်ဆုံးတွင် မိုးထားတိုက်သို့ရောက်ရှိတော်မူသည်။ထိုအချိန်ကား မန္တလေးတောင်ပြင်၊ အနောက်ပြင်တို့၌ နာမည်ကျော် စာချဆရာတော်ကြီးများ အင်တိုက်အားတိုက် စာပေပို့ချနေချိန်ဖြစ်ပါသည်။ စာလိုက် သံဃာများလည်း အလွန်ပေါများသော အချိန်ဖြစ်၍ မန္တလေးမြို့၌ ပရိယတ္တိ သာသနာ လွန်စွာ ထွန်းကားချိန်ဟုလည်း ဆိုရမည်ဖြစ်ပါသည်။ ဆရာတော်သည် မိုးထားတိုက်၌နေလျက် ဘုရားကြီးတိုက် တိုက်အုပ်ဆရာတော် ဦးအာစာရ၊ ဆရာတော် ဦးပုခန်း၊ ဆရာတော် ဦးဇာဂရကြီး၊ ဆရာတော် ဦးဝိုင်း၊ ဆရာတော် ဦးငြိမ်း၊ ဆရာတော် ဦးသာသနတို့အထံတွင် စာလိုက်ခဲ့၍ မူလဋီကာနာမည်ကျော်သော ညောင်ကန်တိုက်ဆရာတော် ဦးဇလ္လ၊ ရွှေရေးဆောင်နိယံဖြင့် နာမည်ကြီးလှသော ရွှေရေးဆောင်ဆရာတော် ဦးကြည်၊ သက္ကဋကျမ်းဂန်အရာ၌ ကျော်ကြားသော မိုးထားတိုက် တိုက်အုပ်ဆရာတော် ဦးပညိန္ဒိယတို့အထံတွင်လည်း ပရိယတ်စာပေနှင့် သက္ကဋကျမ်းစာများကို လေ့လာခဲ့ပါသည်။ ထိုစဉ်က အနောက်ပြင်၌လည်း နာမည်ကျော်ဖြစ်သော ခင်မကန်တိုက် မန်ကျည်းပင်ကျောင်း ဆရာတော် ဦးသီလာစာရ၊ သူဌေးဆရာတော် ဦးရေဝတ၊ ခေမာသိဝံ ဆရာတော်တို့အထံသို့လည်း အခါအားလျော်စွာ သွားရောက်၍ စာနာခဲ့ပါသည်။

ဆရာတော်သည် မိုးထားတိုက်သို့ရောက်၍ မကြာမီမှာပင် အရှေ့ပေါက်တောင်ဘက် ပိဋကတ်တိုက်ကျောင်း၌ ကျောင်းထိုင်အဖြစ်သို့ ရောက်ခဲ့ပါသည်။ ဆရာတော်သည် ဆရာတော်ဦးပညိန္ဒြိယနှင့် အလွန်ရင်းနှီး၍ ယင်းဆရာတော့်ထံမှ ပါဠိစာပေ၊ သက္ကဋစာပေဆိုင်ရာ ဗဟုသုတတို့ကို များစွာရခဲ့ပါသည်။ ထိုဆရာတော့်အထံတွင် ဒဏ္ဍီခေါ် သက္ကဋအလင်္ကာကျမ်းကိုရင်း၊ ဆန္ဒောမဉ္ဇရီခေါ် သက္ကဋဆန်းကျမ်းကိုရင်း၊ ဝိဒဂ္ဂမုခမဏ္ဍနကျမ်းကိုရင်း သင်ယူခဲ့၍ မာဓဝနိဒါန်း ဆေးကျမ်း၏ အဖွင့်ဖြစ်သော မဓုကောသဋီကာကိုလည်း ကျနစွာ သင်ယူခဲ့ရပါသည်။ ယင်းဋီကာသည် ဖွင့်ပုံကောင်း၍ ခက်လည်းခက်သောကြောင့် ယင်းကျမ်းကို နှစ်နှစ်တိုင်သင်ယူခဲ့ရကြောင်း ဆရာတော် အမိန့်ရှိခဲ့ပါသည်။ မိုးထားတိုက်၌ သီတင်းသုံးနေစဉ်မှာပင် ဆရာတော်သည် ပါဠိသက္ကဋဘာသာတို့အပြင် ဟိန္ဒီဘာသာ၊ ဗင်္ဂါလီဘာသာနှင့် အင်္ဂလိပ်ဘာသာတို့ကိုလည်း လေ့လာသင်ကြားခဲ့ပါသည်။ အင်္ဂလိပ်စာကို စီ၊ပီ၊ဦးခင်မောင်အထံ၌လည်း သင်ယူခဲ့ပါသည်။ နောင်တွင် ဆရာတော်သည် နိုင်ငံရေးသို့ဝင်၍ အစိုးရဆန့်ကျင်ရေးများကို ဟောပြောသဖြင့် ဗြိတိသျှအစိုးရတို့ကဖမ်း၍ ထောင်ဒဏ်အပြစ်ပေးသည်ကို သုံးကြိမ်တိုင်တိုင်ခံခဲ့ရပါသည်။ ထိုသို့ ထောင်ကျ၌နေရစဉ်အတွင်း ဣန္ဒိယအမျိုးသားနိုင်ငံရေး အကျဉ်းသမားများနှင့် တွေ့ဆုံမိတ်ဆွေဖြစ်လျက် ထိုသူတို့ထံမှ ဟိန္ဒီဘာသာ၊ ဗင်္ဂါလီဘာသာ၊ အင်္ဂလိပ်ဘာသာတို့ကို တိုးတက်သင်ကြားခွင့် ရခဲ့ပြန်ပါသည်။

ယခု တင်ပြပြီးသည်တို့ကား ကျစွာဆရာတော်၏ ပရိယတ်ဆိုင်ရာ၌ လေ့လာကြိုးပမ်းခဲ့ပုံဖြစ်ပါသည်။ ဆရာတော်သည် ၁၂၆၉ ခုနှစ်၌ ရဟန်းဖြစ်၍ ၁၂၈၂ ခုနှစ်တွင်နိုင်ငံရေးသို့ဝင်ခဲ့သည်ဟု သိရပါသည်။ ထို့ကြောင့် နိုင်ငံရေးသို့ ဝင်ချိန်တွင် ရဟန်းဝါ ၁၂ ဝါရနေပြီဖြစ်ပါသည်။ အသက် ၁၄ နှစ်မှစ၍အမြဲတန်း သင်္ကန်းဆီးခဲ့သဖြင့် ကိုရင်ဝါလည်း ၆ ဝါ ရခဲ့မည်ဖြစ်ပါသည်။ ထို့ကြောင့် ကျစွာဆရာတော်၏ ပရိယတ်အားထုတ်ချိန်သည် ၁၈ နှစ်မျှရှိသည်ကို တွေ့ရပါသည်။ ဆရာတော်သည် ပင်ကိုဉာဏ်လည်းရှိသည်၊ ထက်မြက်သော ဉာဏ်လည်းရှိသည်၊ အမှတ်အသားလည်းကောင်းသည်၊ စေ့လည်းစေ့စပ်သည်။ စာပေသင်

ယူခဲ့သောဆရာများမှာလည်း အကျော်အမော် ဆရာတော်ချည်း ဖြစ်ခဲ့ပါသည်။ စာပေ သင်ယူသော နှစ်အပိုင်းအခြားမှာလည်း ၁၈ နှစ်မျှဖြစ်၍ တာရှည်လှသည်။ ဤအကြောင်းများကို ထောက်ချင့်လျှင်ပင် ဆရာတော်သည် ပရိယတ်နှင့် သက္ကဋစသော ဘာသန္တရတို့၌ ကျွမ်းကျင်နိုင်နင်းတော်မူမည်ကို သိနိုင်ပါတော့သည်။ အမှန်အားဖြင့် ပြောရလျှင် ဤမျှ ဆရာသမားထုထယ်၊ ပညာသင်နှစ် ထုထယ်ကောင်းသော ဆရာတော်မျိုးကို နိုင်ငံရေးမလုပ်သော ဆရာတော်များအတွင်းမှာပင် ရှားဖွေတွေ့ရှိနိုင်လှယ်ကူမည်မဟုတ်ပါ။ဆရာတော်သည် ဤမျှအထိပရိယတ်ဘက်ကျွမ်းကျင်အောင် အားထုတ်၍ စာတတ်ပုဂ္ဂိုလ်ဖြစ်ပြီးမှသာ မိမိ၏မျိုးချစ်စိတ်၊ သာသနာချစ်စိတ်တို့၏ တိုက်တွန်းချက်ဖြင့် နိုင်ငံရေးနယ်ထဲသို့ ဝင်ခဲ့ခြင်းဖြစ်ပါသည်။ သို့ဖြစ်၍ နိုင်ငံရေးဘုန်းကြီးဆိုပြီး စာပေဘက်အကျော်ဘက် နှမ်ဖက်စလုံးမှာပင် ဆရာတော်ကို အထင်သေးက မှားမည်ကေန်ဖြစ်ပါသည်။

---

## ဒုတိယပိုင်း

ပဌမပိုင်း၌ ပြခဲ့ပြီးသည့်အတိုင်း ဤစာရေးသူသည် ကျစ္စာဆရာတော်ကြီးကိုရင်းရင်းနှီးနှီး ဆည်းကပ်ခွင့်ရခဲ့သူ ဖြစ်ပါသည်။ ဆရာတော်ကြီးထံ ရောက်သည့်အခါတိုင်း ဆရာတော်ကြီးသည် စာရေးသူအား စာပေဆိုင်ရာ ဗဟုသုတများကို မိန့်ကြားလေ့ရှိပါသည်။ ဆရာတော်ဘုရားကြီးသည် ဗဟုသုတဘဏ္ဍာတိုက်ကြီး ဖြစ်သည် ·အားလျော်စွာ ဆရာတော်ထံမှ ဗဟုသုတတို့ကား ယူ၍ မကုန်နိုင်အောင် များလှပါသည်။ စာရေးသူ မဟာဝိဇ္ဇောဒယချောင်၌ နေစဉ်က နံနက်ပိုင်းအဖူးအမျှော်ရောက်လျှင် နေ့ဆွမ်းစားချိန် ကျောင်းက ကိုရင်က ဆွမ်းစားလိုက်ပင့်မှပင်ပြန်ရတတ်ပြီး ညနေပိုင်း၌လည်းမိုးချုပ်၍ အကြိုလာမှပင်ပြန်ရသည်ကများပါသည်။ ဆရာတော်ကြီးမိန့်ကြားသည်ကို နာခံမှတ်သားခဲ့ရသဖြင့် စာရေးသူအဖို့ ကျေးဇူးများလှပါပေသည်။ဆရာတော်ကြီး၏မိန့်ကြားချက်တို့ကို မှတ်သားထားသဖြင့် မိမိတဦးတည်း အတွက်သာမက သာသနာတော်အတွက်ပါ ကျေးဇူးများခဲ့သော အချက်တို့လည်း ရှိခဲ့ပါ

သည်။ ဤအပိုင်း၌ ဆရာတော်မိန့်ကြားခဲ့သည့် စာပေဆိုင်ရာ အချက်အလက်တို့ကို မှတ်မိသမျှတင်ပြပါအံ့။

ကျစ္စာဆရာတော်ဘုရားကြီးသည် စာတတ်ရုံသာမဟုတ်။ စာပေကျမ်းဂန်ဆိုင်ရာ ဗဟုသုတလည်း လွန်စွာကြွယ်ဝသော ဆရာတော် ဖြစ်ပါသည်။မည်သည့်ကျမ်း မည်သည့်နေရာသည် ခက်ခဲသောနေရာဖြစ်သည်၊ မည်သည့်နေရာကား မည်သည့်ကျမ်းကို အမှီပြု၍ ရေးသားထားသော နေရာဖြစ်သည် စသောအချက်အလက်များမှစ၍ မည်သည့်ကျမ်းဂန် မည်သည့်နေရာ၌ကား မှားယွင်းလျက်ရှိသည်စသည်တို့မှာ စာပေလိုက်စားသူတို့အဖို့ အဖိုးတန်လှသော မှတ်သားချက်များဖြစ်ပါသည်။ ထိုမှတ်သားချက်များကို အမှီပြု၍ပင် နောင်းလူတို့သည် တဆင့်တက်ကြံဆပြီး ကျမ်းဂန်၏ သဘောမှန်ကို သိမြင်ဖော်ထုတ်နိုင်ကြပါသည်။ ထိုကဲ့သို့သော အချက်အလက်များသည် ကျစ္စာဆရာတော်ကြီးသန္တာန်၌ အများအပြား ရှိခဲ့ပါသည်။

## ဘေဒစိန္တာကျမ်းလာ ၀ါကျစိတ်ငါးပါး

ဘေဒစိန္တာကျမ်း၌ ၀ါကျစိတ်ငါးပါးပြဆိုထားချက်သည် လွဲမှားနေသည်၊ သက္ကဋကျမ်းရင်းများနှင့်လည်းမကိုက်ညီ၊ သန္ဒိတိသုတ္တမာလာ နောက်ပိုင်းပြဆိုထားချက်သာ ကျမ်းရင်းများနှင့် ကိုက်ညီ၍ မှန်ကန်သည်ဟု မိုးထားဆရာတော် ဦးပညိန္ဒြိယ အမိန့်ရှိသည်ကို မှတ်သားရဘူးကြောင်း ကျစ္စာဆရာတော် မိန့်ခဲ့ဘူးပါသည်။ ၀ါကျစိတ်ငါးပါးသည် သက္ကဋနျာယကျမ်းတို့ လာရင်းဖြစ်ပါသည်။ အဋ္ဌကထာဋီကာတို့၌လည်း သက်ဆိုင်ရာ နေရာ တို့ဝယ် ထိုအစိတ်တို့မှ အချို့ကို ထည့်သွင်း ဖွင့်ပြကြပါသည်။ ထို့ကြောင့် ၀ါကျစိတ် ငါးပါးအကြောင်းကို အမှန်အကန် အတိုင်း သိရှိမထားပါလျှင် ဆိုင်ရာအဋ္ဌကထာဋီကာတို့၌ ပြည့်ပြည့်ဝဝ အဓိပ္ပါယ်ကို နားလည်မည်မဟုတ်ပါ။ ထို့ကြောင့် ဆရာတော်ကြီးက မိမိမှတ်သားမိသည့်အတိုင်း အရေးကြီးသည့် စာပေအချက် တခုအနေဖြင့် စာရေးသူအား မိန့်ကြားခဲ့ခြင်းဖြစ်ပါသည်။ ဆရာတော်ဘုရားကြီး အမိန့်ရှိစဉ်ကမူ မိန့်ကြားသည့်အတိုင်း မှတ်သားခဲ့ရုံသာဖြစ်ပါသည်။ နောင်သက္ကဋကျမ်းရင်းတို့နှင့် တိုက်ဆိုင်လေ့လာသောအခါ ဆရာတော် မိန့်

သကဲ့သို့ပင် ဘေဒစိန္တာ၌ ပြထားသော ဝါကျစိတ် ငါးပါးမှာ အစဉ်ချတ်နေသည်ကိုရင်း၊ ထုတ်ပြသောပုံစံ မှားယွင်းနေသည်ကိုရင်း မျက်ဝါးထင်ထင်တွေ့ရှိရသည့်အပြင် ထိုငါးပါးသည် ပဋ္ဌာ ဟေတု ဥဒါဟရဏ ဥပနယ နိဂမန ဟု ဤအစဉ်အတိုင်းရှိမှသာ ယုတ္တိဗေဒပညာအရ ခိုင်မာသောဝါကျဖြစ်၍ အစဉ်ကိုချတ်စေလျှင်နိဂ္ဂဟဌာန၂၂ပါးတွင်အပ္ပကာလဟူသော အပြစ်သင့်သည်ကိုပါ တွေ့ရှိရပါသည်။ ဤသို့အမှန်ကို သိရှိခွင့်ရခြင်းမှာ ဆရာတော်ဘုရားကြီး အစပေါ်ပေးသောကြောင့်သာ ဖြစ်ရာ ဆရာတော်ကြီး၏ ဝါကျစိတ်ဆိုင်ရာ မိန့်ဆိုချက်သည် ဤစာရေးသူအဖို့ ကျေးဇူးများလှပါတော့သည်။ ဤသို့ အမှန်အကန်အတိုင်း သိရသော ဝါကျစိတ်ငါးပါး အဓိပ္ပာယ်ကို စာရေးသူသည်တပည့်များမှတဆင့် ဖြန့်ဖြူးလျက်ရှိရာ ဆရာတော်ဘုရားကြီး၏ မိန့်မြွက်ချက်သည် ပရိယတ္တိသာသနာတော်အားလည်း ကျေးဇူး များလှပါတော့သည်။

## တန္တယုတ္တိများ

ဤဝါကျစိတ် ငါးပါးအကြောင်း နည်းတူပင် သဒ္ဒနီတိ နောက်ပိုင်း၌ပါသော တန္တယုတ္တိ ၃၂ပါး အကြောင်းကိုလည်း ဆရာတော့်ထံမှ မှတ်သားခဲ့ရပါသည်။ ထို ၃၂ပါးကို သဒ္ဒနီတိဆရာတော်သည် သက္ကဋဘာသာရေး စရကဆေးကျမ်း၊ သုဿုတဆေးကျမ်းတို့မှယူ၍ ရေးသားထားသည်ဟု ဆရာတော် ဦးပညိန္ဒိယမိန့်ခဲ့ကြောင်း ဆရာတော်အမိန့်ရှိဘူးပါသည်။ ဆရာတော်အမိန့်ရှိသော ထိုကျမ်းတို့၌ ရှာကြည့်ရာ စရကဆေးကျမ်း (သိဒ္ဓိဋ္ဌာန၊ ၁၂-အဇ္ဈာယ)၌ သရုပ်မျှသာတွေ့ရ၍ သုဿုတဆေးကျမ်း(ဥတ္တရတန္တ၊ ၆၅-အဇ္ဈာယ)၌ကား သရုပ်နှင့်တကွ အကျယ်ကိုတွေ့ရပါသည်။ ဝါစပ္ပတိ(ဝါစသ္ပတျ) အဘိဓာန်ကြီး၌လည်း သုဿုတ၌လာသည့်အတိုင်း ပြထားသည်ကိုတွေ့ရပါသည်။ မြန်မာနိုင်ငံ၌ ဇာနက္ကပုဏ္ဏားဟုအသိများသော စာဏကျပဏ္ဍိတ်ကြီးပြုစုခဲ့သော အတ္ထသတ္ထခေါ် ရာဇနီတိကျမ်း ( ၁၅-အဓိကရဏ၊ ၁၈၀-ပကရဏ )၌လည်း တွေ့ရပါသည်။ထိုကျမ်း၌ တန္တယုတ္တိ ၃၂ ပါးပင်ပြသော်လည်းအစဉ်၌ရင်း၊ အချို့ဖွင့်ပုံ၌ရင်း သုဿုတနှင့်အနည်းငယ် မတူသည်ကိုတွေ့ရပါသည်။သဒ္ဒနီတိ၌ ပြထားသော စကားတို့သည် သုဿုတလာ စကားတို့နှင့် များစွာတူညီသည်ကို တွေ့ရပါသည်။ ထို့ကြောင့် သဒ္ဒနီတိဆရာတော်သည် သုဿုတ

ဆေးကျမ်းမှယူ၍ ထိုတန္တယုတ္တိ ၃၂ ပါးကိုပြခဲ့ခြင်း ဖြစ်ရပါသည်။ ထိုကဲ့သို့ ကျမ်းရင်းကိုတွေ့၍ ကျမ်းရင်းနှင့်တိုက်ဆိုင်ကြည့်ရှုရသဖြင့် သဒ္ဒနီတိ၌ ပျက်စီးနေသော ပါဌ်များကိုပင် ပြင်နိုင်သည့်အခြေသို့ ရောက်ခဲ့ရပါသည်ပြင် သဒ္ဒနီတိ၌ သင်္ချာနှင့်သင်္ချေယျ မကိုက်ဖြစ်နေသည်ကိုပင် ညှိနိုင်ခဲ့ပါသည်။ထို ၃၂ပါးတို့တွင် နောက်ဆုံးဖြစ်သောယုတ္တိကိုပြရာနှင့် ရှေးမူသဒ္ဒနီတိတို့၌ ဥပါနိယံ ဟုရှိခဲ့ကြပါသည်။ ဆရာတော် မိန့်ကြားချက်ကို လိုက်နာ၍ ကျမ်းရင်းတို့နှင့် တိုက်ဆိုင်ကြည့်ရှုရသဖြင့် ဤစာရေးသူကြိုးကြားပါဝင် ပြင်ဆင်ခဲ့သော ကမ္ဘာအေးရိုက် သဒ္ဒနီတိသုတ္တမာလာ (နှာ·၄၁၅၊၄၁၈·တို့) ၌ကား ဥပါနိယံ ဟူသော ပါဌ်ပျက်၏နေရာတွင် ဥဟကြိယံ ဟုပါဌ်မှန်အတိုင်း ပြင်ဆင်နိုင်ခဲ့ပါသည်။ ဆရာတော်ဘုရားကြီး၏ ကျေးဇူးကြောင့် နှစ်ပေါင်းများစွာ ပါဌ်မှားဖြစ်ခဲ့ရသော ပါဌ်တခု ပါဌ်မှန်အဖြစ်သို့ရောက်ခဲ့ရခြင်းဖြစ်ပါသည်။(ထင်ရှားသောပြင်ချက်ကိုသာ ထုတ်ပြပါသည်။ အမှန်အားဖြင့် ယင်းစကားရပ်၌ အခြားပြင်ချက်နှိုင်းညှိချက်တို့ကိုလည်း ထည့်သွင်း နိုင်ခဲ့ပါသည်။)

## အဘိဓာန်ဋီကာပြင်ချက်

၁၃၂၆ ခုနှစ်တွင် ကမ္ဘာအေး ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်၌ အဘိဓာန်ဋီကာကိုရိုက်နှိပ်ရန် ကြိုးပမ်းမှုအစပြုခါနီးတွင် စာရေးသူသည် ဆရာတော်အား ထိုအကြောင်းကို လျှောက်ထားခဲ့ပါသည်။ ထိုအခါ ဆရာတော်က မိုးထားဆရာတော် ဦးပညိန္ဒြိယ ပြင်ဆင်ထားချက်တို့ကို ကူးယူပြင်ဆင်ထားသော မိမိ(ဆရာတော်)ပိုင်စာအုပ် မန္တလေး မိုးထားတိုက်၌ရှိကြောင်း မိန့်ပါသည်။ ဆရာတော်သည် အလွန် သတိရှိတော်မူပါသည်။ အဘိဓာန်ဋီကာ ရိုက်တော့မည်ဟု လျှောက်လိုက်လျှင်ပင် နှစ်ပေါင်းများစွာ ပစ်ထားခဲ့သောစာအုပ်ကို သတိရတော်မူပါသည်။ ထိုစာအုပ်ကို ဆရာတော်သည် စာရေးသူအား ကြည့်ရှုဘို့ပေးရန် ကြိုးစားခဲ့ပါသည်။ သို့သော် စာအုပ်ထိန်းထားသော ဘုန်းကြီးပေါ့လျော့မှုကြောင့် အချိန်မီကြည့်ရှုခွင့်မရခဲ့ပါ။ ကမ္ဘာအေးမှုရိုက်ပြီး နောက်မှသာ ကြည့်ခဲ့ရပါသည်။ ကမ္ဘာအေးမူ ရိုက်နှိပ်စဉ်က သက္ကဋကျမ်းများနှင့်ညှိနှိုင်း ပြင်ဆင်မှုကိုစာရေးသူက တာဝန်ယူခဲ့ရပါသည်။ ဆရာတော် ဦးပညိန္ဒြိယ၏ ပြင်ချက်များပါသော စာအုပ်ရပြီးနောက် ရိုက်ပြီးစာအုပ်နှင့် တိုက်ဆိုင်

ကြည့်ရှုရာ အနည်းငယ်သော နေရာများမှလွဲလျှင် မိမိ၏ပြင်ချက်များသည် ဆရာတော် ဦးပညိန္ဒိယ၏ပြင်ချက်များနှင့် တူညီနေသည်ကို ဝမ်းမြောက်ဖွယ်ရာတွေ့ရှိရပါသည်။ သို့သော် သဂ္ဂါကဏ္ဍအဖွင့် ဗြဟ္မာ၏တနေ့တာ သက်တန်းကိုပြရာ တနေရာ (နှာ-ဒ၈)၌ကား မှားနေသည်ကိုသိလျက်နှင့် မပြင်နိုင်ခဲ့ပါ။ ထိုနေရာကို ဆရာတော်ဦးပညိန္ဒိယ၏ ပြင်ချက်နှင့် တိုက်ဆိုင်ကြည့်ရှုသောအခါ ထိုဆရာတော်၏ ပြင်ချက်ကို ချီးကျူးမိသည်နှင့် အမျှ မိမိ၏ဉာဏ်တိမ်ပုံကို အပြစ်တင်မိပါတော့သည်။ ထိုနေရာ၌ သင်္ချာ အမှန်မှာ ယုဂ်ပေါင်း ၃၉၇၆ ဖြစ်ပါသည်၊ သို့သော် ပါဌ်ရှိနေသည်မှာ "စတုမ်ဝီသတိယုဂသဟဿံ"ဟု ဖြစ်ပါသည်။ ထိုသင်္ချာကို ဂဏန်းတနည်း ဖြင့်ယူလျှင် ယုဂ်ပေါင်း ၉၆၀၀ ဖြစ်ပါသည်။ ဤသို့ဖြစ်နေသဖြင့် သင်္ချာ အမှန်ကို အောက်ခြေ၌ "ဆသတ္တတျာဓိကနဝတိံသယုဂသတံ"ဟု ပြခဲ့ပါ သည်။ ထိုသို့ပြခြင်းကား သင်္ချာအမှန်ကို ပြခြင်းသာဖြစ်၍ ပါဌ်မှန်ကား မဖြစ်နိုင်ပါ။ ရှိရင်းပါဌ်နှင့် အလှမ်းကွာလွန်းသောကြောင့် ဖြစ်ပါသည်။ ၃၉၇၆ သည် ၄၀၀၀မှ ၂၄ခုလျော့သည်ကို စာပြင်စဉ်က မစဉ်းစား ခဲ့မိပါ။ "စတုဝီသတိ ဥနယုဂသဟဿစတုက္ကံ" ဟူသော ဆရာတော် ဦးပညိန္ဒိယ၏ပြင်ချက်ကိုတွေ့မှပင် ထိုအကြောင်းကို သဘောပေါက်ပါ တော့သည်။ သို့သော် ထိုပြင်ချက်သည် ကမ္ဘာအေးမှု၌ မပါနိုင်ခဲ့သဖြင့် များစွာ ဝမ်းနည်းဖွယ်ဖြစ်ရပါသည်။ ကျစွာဆရာတော်ဘုရားက ကြောင့်ကြစိုက်ပါလျက် စာအုပ်ထိန်းဘုန်းကြီး၏ ပေါ့လျော့မှုကြောင့် မှန်ကန်သောပြင်ချက်တခုမှ ဆုံးရှုံးခဲ့ရပါသည်။

## သရဘညဝတ်များ

တနေ့တွင် သရဘညဝတ်များအကြောင်း ဆရာတော်နှင့် စကားစပ်မိပါသည်။ သရဘညဝတ်များကား တရားဟောရာ၌ အသုံးပြုသော အသံနေအသံထား ဖြစ်ပါသည်။ စူဠဝါ၊ခုဒ္ဒကဝတ္ထုက္ခန္ဓကအဖွင့် အဋ္ဌကထာ (နှာ ၄၆)၌သရဘညဝတ် ၃၂ ပါးရှိကြောင်း မိန့်ဆိုခဲ့ပါသည်။ ထို ၃၂ပါးတွင် အဋ္ဌကထာ၌ တရင်္ဂဝတ်၊ မောတကဝတ်၊ ဂလိကဝတ်ဟု ၃ခုကိုသာ သရုပ်ထုတ်ပြ၍ ကြွင်းတို့ကို အာဒိသဒ္ဒါဖြင့်ပြခဲ့ပါသည်။သရုပ်ထုတ်ပြသောဝတ် ၃ခုကိုလည်း အမည်မျှသာပြသွား၍ မည်သို့သော ရွတ်နည်းများဖြစ်ကြောင်း မပြခဲ့ပါ။ ဝဇီရဗုဒ္ဓိဋီကာ၊ သာရတ္ထဒီပနီဋီကာ

ဟူသော ဝိနည်းဋီကာကြီး ၂ စောင်၌လည်း ထိုရွှတ်ဆိုနည်းတို့ အသုံး ပျောက်နေပြီ ဖြစ်ကြောင်းသာ ဖွင့်ပြခဲ့ပါသည်။ ဝိမတိဝိနောဒနီဋီကာ၌ အသုံးပျောက်နေကြောင်း မဆိုသော်လည်း ထိုဝတ်တို့ကို ဖွင့်မပြခဲ့သဖြင့် ထိုကျမ်းဆရာလည်း မထုတ်ဖော်နိုင်ဟုပင် မှတ်ရပါသည်။ ထိုသို့ဋီကာ တို့လက်ထက်မှာပင် ပျောက်နေပြီဟုဆိုသော ယင်း သရဘညဝတ် ၃၂ ပါးကို သရုပ်ထုတ်ပြ၍ တခုစီ၏အသံထားပုံတို့ကိုပါ အုတ်ဖိုရ်ဆရာတော် ဘုရားကြီး၏ 'ဂီတသရူပတ္ထစာတန်း' ခေါ်ကျမ်း၌ တွေ့ရပါသည်။ ထို အကြောင်းကို ကျစ္စာဆရာတော်ဘုရားကြီးအား လျှောက်ထားသော အခါ ဆရာတော်ကြီးက မိမိလည်းတွေ့ဘူးပြီဖြစ်ကြောင်း၊ သို့သော် ဆန်း နိဿယသစ် ကျမ်းပြုကျစ္စာဆရာတော်၏ ဆရာတော်တပါး ဖြစ်တော်မူ သော အရှင်သိရီကုမာရ ဆရာတော်ကလည်း ထိုသရဘညဝတ် ၃၂ ပါး သရုပ်ကိုမိမိအား ရေးပေးခဲ့ဘူးကြောင်း၊ ယင်းစာရင်းသည် ဂီတသရူပတ္ထ စာတန်းလာ စာရင်းနှင့်မတူကြောင်းအမိန့်ရှိပါသည်။ ထိုစာရင်းကိုကြည့် လိုပါကြောင်း စာရေးသူက လျှောက်ထားသောအခါ "ဆေးလိပ်ခုံ ရောက်ကုန်ခဲ့ပြီ၊ လွယ်အိတ်လွယ်ခဲ့တဲ့ အကျိုးတွေပေါ့"ဟု မိန့်တော်မူပါ သည်။ ဆရာတော်ကြီးသည် မိမိနိုင်ငံရေးလုပ်ခဲ့သည်ကို လွယ်အိတ်လွယ်ခဲ့ သည်ဟု သုံးနှုန်းပြောဆိုလေ့ရှိပါသည်။ ထိုသို့ လွယ်အိတ်လွယ်၍ နိုင်ငံ ရေးကို အင်တိုက်အားတိုက် ဆောင်ရွက်နေစဉ် မိမိ၏စာအုပ်များနှင့် မှတ်စုမှတ်တန်းများကို ထန်းခေါက်ဖာ၌ထည့်၍ နေရင်းကျောင်းမှာပင် ထားပစ်ခဲ့သည်။ နောင်တွင်တိုင်းပြည်ပျက်၍ ထိုစာအုပ်စာတန်းများကို နားမလည်သူတို့က ဆေးလိပ်ခုံတို့သို့သွား၍ရောင်းစားပစ်ကြသည်။ ဆေး လိပ်ခုံတို့က ထိုစာအုပ် စာတန်းများကို အစီခံပတ်စသည် လုပ်ပစ်ကြသည် ဟု ဆိုပါသည်။ မိမိသိမ်းဆည်းထားသော သရဘညဝတ် ၃၂ပါးသရုပ် သည် ထိုပျောက်ဆုံးသောစာရွက်စာတန်းများတွင်ပါဝင်သွားခဲ့ကြောင်း ဝမ်းနည်းစွာဖြင့် အမိန့်ရှိပါသည်။

ဤကိစ္စ၌ ဆရာတော်ကြီးထံမှ သရဘညဝတ်သရုပ်ကို မရလိုက် သော်လည်း အရှင် သိရီကုမာရဆရာတော် ထုတ်ဖော်သွားသော စာရင်း သည် ဂီတသရူပတ္ထကျမ်းလာ စာရင်းနှင့်မတူဟူသည်ကို သိရခြင်းသည်ပင် အမြတ်ဖြစ်ပါတော့သည်။ နောင်တွင်ထိုကျမ်း၌ ညွှန်းထားသော 'သံဂီတ

ဒါမောဒရကျမ်း'ကို ရှာဖွေ၍လေ့လာ ကြည့်သောအခါ ဂီတသရုပတ္တ ကျမ်းလာစာရင်းသည် အဋ္ဌကထာဆရာ ရည်ညွှန်းခဲ့ရင်း သရဘာညဝတ်များ ဟုတ်မှ ဟုတ်ပါမည်လားဟု သံသယ ဖြစ်ခဲ့ရပါသည်။ အဘယ့်ကြောင့်ဆိုသော် သံဂီတဒါမောဒရကျမ်း၌ ယင်းတို့ကို သရဘာညအမည်၊ သို့မဟုတ် ဝတ္တ ဟူသောအမည်ဖြင့် ပြမထားပဲ တာလဟူသောအမည်ဖြင့် ကြားသည်ကို တွေ့ရသောကြောင့်၎င်း၊ ထိုတာလတို့၏သရုပ်ကိုလည်း ၃၂ ပါး မဟုတ်ပဲ ၆၀ အထိ ပြထားသောကြောင့်၎င်း၊ ထိုတာလများပါရာကျမ်းရင်းဖြစ်သည့် နာဋျသတ္တကျမ်း၌ တာလများကို ၁၀၁အထိပြထားသည်ဟုသိရသောကြောင့်၎င်း၊ သံဂီတဒါမောဒရလာ စာရင်းတွင် တရက်မောတက ဂလိတတို့ကို မတွေ့ရသောကြောင့်၎င်း ဖြစ်ပါသည်။

## ကစ္စာယနသာရဋီကာသစ်နိဿယ

သဒ္ဒါငယ်ဋီကာတို့တွင် ကစ္စာယနသာရ ဋီကာသစ်သည် အလွန်ခက်ခဲသောကျမ်းဖြစ်ပါသည်။ခက်ခဲရသည့်အကြောင်း မှာကား ယခုအခါပျောက်ကွယ်နေပြီဖြစ်သော ဇဿဒါသကျမ်းစာကိုယ် ဋီကာနှင့် ၎န်းကျမ်းကိုအမှီပြု၍ ရေးထား သောကြောင့်ဖြစ်ပါသည်။ ထိုကစ္စာယနသာရ ဋီကာသစ်၌ အဆင့်ဆင့်ရေးကူးသူတို့၏ မှားယွင်းချက်ပေါင်းများစွာရှိရာ ထိုမှားယွင်းချက်တို့တွင် အတော်များများကို နောက် ပုဂ္ဂိုလ်များ မပြင်နိုင်ကြပါ။ ဆိုခဲ့ပြီးကျမ်းများကိုကြည့်ရှုရမှသာ ကစ္စာယနသာရဋီကာသစ်ပါဌ်ကိုလည်း အမှန်ပြင်နိုင်၍ အနက်လည်း ထင်နိုင်မည် ဖြစ်ပါသည်။ သို့ဖြစ်၍ မိုးထားတိုက် ဆရာတော် ဦးပညိန္ဒြိယက ကစ္စာယနသာရဋီကာသစ်ကို အနက်ဖြစ်အောင်ရေးရလျှင် မီးသွေးဖြင့် ဆွဲခြစ်မှပင် အနက်ဖြစ်တော့မည်ဟု အမိန့်ရှိခဲ့သည်ဟု ဆိုပါသည်။

ကျစ္စာဆရာတော်သည် ထိုစကားကိုကြားရပြီးနောက် မိမိ၏ဆရာအရှင် သိရိကုမာရအထံသို့ ကစ္စာယနသာရဋီကာသစ်၏ နိဿယကျမ်းကို ရေးသားပြုစုရန် လျှောက်ထား တောင်းပန်စာတခုကို ရေးသားပေးပို့ခဲ့ပါသည်။ သက္ကဋသဒ္ဒါကျမ်း တည်းဟူသော သမုဒ္ဒရာ၏ တဖက်ကမ်းသို့ရောက်အောင် တတ်မြောက်ပြီးဖြစ်သော ဆရာတော်အဖို့ မြောင်းကလေး မျှလောက်သာရှိသည့် ကစ္စာယနသာရဋီကာသစ်၏ နိဿယကို ရေးရန်

တာဝန်လေးမည် မထင်ပါကြောင်း။မန္တလေးဦးပညိန္ဒိယကမူ မီးသွေးဖြင့် ဆွဲခြစ်မှု အနက်ဖြစ်မည်ဟု ဆိုနေကြောင်းတို့ကိုလည်း ထိုစာတွင်ထည့်၍ ရေးလိုက်သည်ဟုဆိုပါသည်။ သိရိကုမာရ ဆရာတော်ကဂါထာ ၂ပုဒ်ဖြင့် ကျစ္စာဆရာတော်ထံ စာပြန်ခဲ့ပါသည်။ ကျစ္စာ ဆရာတော်သည် ဤအကြောင်းကို အမိန့်ရှိလျှင် ထိုဂါထာ ၂ပုဒ်ကို ရွတ်ပြလေ့ရှိပါသည်။ ဤအကြောင်းကို စာရေးသူသည် ဆရာတော့်ထံမှ တကြိမ်မက ကြားနာခဲ့ရသဖြင့် ထိုဂါထာ ၂ပုဒ်ကို ရ၍ပင် နေပါသည်။ထိုဂါထာ ၂ပုဒ်ကို ဆရာတော်သည် တရိုတသေ သိမ်းဆည်းထားရာ ဆေးလိပ်ခုံသို့ ရောက်သွားသော စာရွက်များတွင် ပါမသွား၍ ယနေ့တိုင် ကျစ္စာချောင်မှာရှိပါသည်။ ထိုဂါထာ ၂ပုဒ်သည် သိရိကုမာရ ဆရာတော်နှင့် ပတ်သက်၍ ဖြစ်စေ၊ ကျစ္စာဆရာတော်နှင့် ပတ်သက်၍ဖြစ်စေ၊ ကစ္စာယနသာရဋီကာသစ်ရေးသားမှုနှင့် ပတ်သက်၍ဖြစ်စေ ရေးသားရာတွင် ကောန်ထည့်သွင်းထိုက်သော မပျောက်ပျက်စကောင်းသောမှတ်တမ်းဖြစ်ပါ၍ ထို ၂ဂါထာနှင့်အဖွင့်ပါဌ်ကို မူရင်းအတိုင်းအောက်တွင်ဖော်ပြလိုက်ပါသည်။

စက္ခု နေက္ခတ္တိ နက္ခတ္တံ၊ တရန္တံ တု တရန္တိယာ။
မိယာ မိရာဝ ဇာနန္တိ၊ အဏုံပါဂါခါမာသယံ။ ၁။

သစေ စန္ဒံ သမေက္ခိသံ၊ ဇဂဒိသံ သဝဏ္ဏနံ။
ကစ္စာနသာရဋီကောပ၊ သိန္ဓုံ တာရေတုမုသယော။ ၂။

ဣဓ စက္ခုမန္တော မနုဿာ စက္ခုနာ အာကာသင္ဂံ အဏုံပိ အတိသုခုမံပိ နက္ခတ္တံ ဣက္ခန္တိ သမနုပဿန္တိ။ နာဝိကာ တု အဂါမံပိ အတိဂမ္ဘီရံပိ တရန္တံ သမုဒ္ဒံ တရန္တိယာ နာဝါယ တရန္တိ။ ဓီရာ ပဏ္ဍိတာ အဏုံ ပရမာဏု ဝိယ အတိသုခုမံ အဂါမံ မဟာသမုဒ္ဒမိဝ အစ္စန္တဂမ္ဘီရံ အာသယံ ဂန္ထကာရာနံ အမိပ္ပါယံ မိယာဝ အတ္တနော ပညာယ ဧဝ ဇာနန္တိတိ သရလတ္ထော။

သစေ စန္ဒံ စန္ဒပဇ္ဇောကရဏာဓု သဝဏ္ဏနံ သဒ္ဒိကံ ဇဂဒိသာ စရိယေန ဝိရစိတံ မူလာန္ထဋ္ဌ သမေက္ခိသံ ကစ္စာနသာရဋီကောပ

သိန္ဓုံ သမ္မောဟ နာသာနိနာမိကံ ကစ္စာယနသာရဝဏ္ဏနာသင်္ဂါတံ ဥပသိန္ဓုံ ပင်လယ်အော်တာရေတုံ ဥဿဟေ ဥဿဟာမိ၊ ယထာဘူတံ အဝိရုမံ ကတွာ ဩလောကေတုံစေဝ ဝါစေတုံ စ နိဿယာဒိနံ ဝါ ရစိတုံ သက္ကောမိတိ ဝုတ္တံ ဟောတိ။

ထိုဂါထာတို့၏ အဓိပ္ပါယ်ကား ဤသို့ဖြစ်ပါသည်။ ဤလောက၌ မျက်စိအမြင်ရှိသူတို့သည် ကောင်းကင်၌ တည်သော အလွန်သေးငယ်သည်လည်း ဖြစ်သော နက္ခတ်ကို ရှုကြည့် နိုင်ကုန်၏။ လှေသဘော်သမားတို့သည်ကား အလွန်နက်ဝှမ်းသော သမုဒ္ဒရာကို လှေသဘော်ဖြင့် ကူးနိုင်ကြကုန်၏။ ပညာရှိတို့သည် ပရမာဏုမြူကဲ့သို့ အလွန်သိမ်မွေ့၍ မဟာသမုဒ္ဒရာကဲ့သို့ အလွန်နက်နဲသော ကျမ်းပြုဆရာတို့၏ အလိုအာဘော်ကို မိမိတို့၏ပညာဖြင့်သာ သိနိုင်ကြကုန်သည်။ ငါသည်အကယ်၍ စန်းကျမ်းကိုရင်း၊ ဋီကာနှင့်တကွသော ဇဂဒိသဆရာပြုအပ်သော မူလကျမ်းကိုရင်း ကြည့်ရှုရပါလျှင် ကစ္စာယနသာရကျမ်း တည်းဟူသော ပင်လယ်အော်ကို ကူးနိုင်ရာပါသည်။

ထို ၂ ဂါထာဖြင့် သိရီကုမာရဆရာတော်က ကစ္စာယနသာရ ဋီကာသစ်သည် သင်တို့ထင်သလို မြောင်းငယ်မျှကားမဟုတ်၊ သမုဒ္ဒရာအသေးစား ပင်လယ်အော်လောက်တော့ ရှိသည်ဟုလည်း သိစေကြောင်း ဆရာတော်က အာဘော် ဖော်ပါသည်။ ကစ္စာယနသာရစာကိုယ်သည် ဇဃဒ္ဒါသ (ဇဂဒိသ) ကျမ်းကို အမှီပြုသောကျမ်းဖြစ်၏။ ယင်းဇဃဒ္ဒါသကျမ်းကား စန်းကျမ်း အသုံးအစွဲအားဖြင့် ရေးသားအပ်သောကျမ်းဖြစ်၏။ ကစ္စာယနသာရဋီကာသစ်ဆရာသည် ဇဃဒ္ဒါသစာကိုယ်ဋီကာနှင့် စန်းကျမ်းတို့ကို ကြည့်ရှုမှီငြမ်းပြု၍ အချို့နေရာတို့၌ ထိုကျမ်းတို့မှ စကားတို့ကို ထုတ်နုတ် ကိုးကား၍ ရေးသားခဲ့သည်။ ထို့ကြောင့် ကစ္စာယနသာရဋီကာသစ်ကို ရေးလိုပါလျှင် ထိုကျမ်းများကို ကြည့်ရမှ ဖြစ်နိုင်မည် ဖြစ်ကြောင်း အရှင်သိရီကုမာရ ဆရာတော် သိစေလိုရင်း ဖြစ်ပါသည်။ အရှင်သိရီကုမာရဆရာတော်က ဇဃဒ္ဒါသ၏အမည်မှန်သည် ဇဂဒိသဖြစ်သည်ဟုယူပါသည်။ ထို့ကြောင့် ဂါထာ၌ ဇဂဒိသံဟုသုံးနှုန်းခဲ့ခြင်းဖြစ်

ပါသည်။* ဤသို့ ကျစ္စာဆရာတော်ဘုရားကြီးသည် မိမိဆရာနှစ်ပါး၏ မိန့်ဆိုချက်တို့ကို ထုတ်ဖော်က ကစ္စာယနသာရဋီကာသစ်ကျမ်း၏ ခက်ခဲပုံကို အမိန့်ရှိခဲ့ပါသည်။

## စန်းကျမ်းရှာပုံတော်

ကစ္စာယနသာရဋီကာသစ် နိဿယအကြောင်းနှင့်စပ်၍ပင် အဘယာရာမ ဆရာတော်ဘုရား၏ စန်းကျမ်းရှာပုံတော်ကို ကျစ္စာဆရာတော်ကြီးထံမှပင် ကြားနာမှတ်သားခဲ့ရပါသည်။စန်းကျမ်းသည် နာမည်ကျော် ပါဏိနိသက္ကဋသဒ္ဒါကျမ်းကိုအမှီပြု၍ ရေးထားသော သက္ကဋသဒ္ဒါကျမ်း ဖြစ်ပါသည်။ ကျမ်းပြုပုဂ္ဂိုလ်မှာ မြောက်ပိုင်းဗုဒ္ဓဘာသာဝင် စန္ဒေ ၊ မိန် ဆိုသောပုဂ္ဂိုလ်ဖြစ်ပါသည်။ ထိုကျမ်း၌ သဒ္ဒါဆိုင်ရာအချက်အလက်တို့ကို ပြရာတွင် ကျမ်းဆရာသည် ပါဏိနိမှအဆိုများစွာတို့ကို ပယ်ချခဲ့ပါသည်။ ဤအကြောင်းကြောင့်လော မပြောတတ်၊ ဤကျမ်းသည် ဖြစ်ပေါ်ရင်း ဣန္ဒိယနိုင်ငံ၌ ပျောက်ကွယ်ခဲ့ပါသည်။ ဤကျမ်းသည် သီဟိုဠ်ကျွန်း၌ထင်ရှားခဲ့သောကျမ်းဖြစ်ပါသည်။ ရဟုလ မတိ မည်သော ဆရာက ထိုကျမ်း၏ ပဥ္စိကာကိုရေးခဲ့၍ ( မောဂ္ဂလ္လာနပဥ္စိကာပဒီပ၊ သီဟိုဠ်ဘာသာရေးကျမ်း၊ နှာ-၉ ) သာရတ္ထဒီပနီစသောကျမ်းတို့ကို ပြုစုခဲ့သော အရှင်သာရိပုတြာက ထိုပဥ္စိကာ၏အဖွင့် ပဥ္စိကာလင်္ကာရကို ရေးခဲ့ပါသည်။ ကဿပမည်သော မထေရ်ကမူ ထိုကျမ်း၏အကျဉ်း ဗာလာဝဗောဓနေ မည်သောကျမ်းကိုပြုစုခဲ့ပါသည်။ သို့သော် သီဟိုဠ်ကျွန်း၌လည်း ဗာလာဝဗောဓနမှလွဲ၍ စာန္ဒြပဥ္စိကာ ပဥ္စိကာလင်္ကာရတို့နှင့်တကွ စန်းကျမ်းသည် ကွယ်ပျောက်နေခဲ့ ပြန်ပါသည်။ မြန်မာပြည်၌လည်း စန်းကျမ်းသည် ပုဂံခေတ်မှအစပြု၍ပင် ကျော်ကြားခဲ့ကြောင်း ဘေဒစိန္တာကျမ်း (၅၀၊ ၂၇၂-ဂါထာတို့) အရ သိရှိရပါသည်။ ထိုကျမ်းသည် ကစ္စာယနသာရဋီကာသစ် ဆရာတို့လက်ထက်တိုင်အောင်ရှိခဲ့သော်လည်း နောက်ပိုင်းတွင် ပျောက်ကွယ်ခဲ့ပါသည်။

---

* K.V. Abhyankar ပြုစုသည့် A Dictionary Of Sanskrit Grammar ကျမ်း V. Abby ဟုတွေ့ရ၍ ထိုဆရာသည် သနာဒိဓာတု ဟူသော ဝုတ္တိငါးမျိုးအကြောင်း စင်္ဂဝုတ္တိမည်သော ကျမ်းငယ်၌ရေးခဲ့သည်ဟု တွေ့ရပါသည်။

ရတနာပုံခေတ်၌ သစ်ဆိမ့် ဆရာတော်ပြုစုသော ကင်္ခါဝိတရဏီ မဟာဋီကာ၌ စန်းကျမ်းသုတ်များဖြင့် အချို့ပုဒ်များ၏ရုပ်ပြီးပုံကိုပြခဲ့ပါသည်။ သို့သော် ထိုသုတ်များမှာ စန်းကျမ်းဥဏာဒိပိုင်းမှ သုတ်များဖြစ်သည်ကို တွေ့ရပါသည်။ ထို့ပြင် ယင်းမဟာဋီကာကျမ်းကြီးသည် မြန်မာဘာသာဖြင့် ရေးကရှိသော ဂဏ္ဌိကျမ်းကို ပါဠိပြန်ထားသော ကျမ်းဖြစ်သည်ဟု ကြားဘူးကြောင်း ကျစ္စာဆရာတော်မိန့်သည်ကို မှတ်သားရဘူးပါသည်။ ထို့ကြောင့် ထိုမဟာဋီကာ လက်ထက်၌လည်း အနည်းဆုံးအားဖြင့် ရှေ့ ၆ ပိုင်းကား ပျောက်လျက်ရှိသည်ဟုပင် ဆိုရပါမည်။

ပါဠိသဒ္ဒါကျမ်းတခုဖြစ်သည့် မောဂ္ဂလ္လာန်သဒ္ဒါကျမ်းသည် စန်းကျမ်းကိုများစွာအမှီပြု၍ ရေးသားအပ်သော ကျမ်းဖြစ်ပါသည်။ ထို့ကြောင့် မောဂ္ဂလ္လာန်နိဿယကို ရေးသားမည် ရှိသောအခါ အဘယာရာမဆရာတော်ဘုရားသည် စန်းကျမ်းကို အပူတပြင်း ရှာဖွေခဲ့ပါသည်။ အနည်းနည်း အဖုံဖုံရှာဖွေခဲ့သော်လည်း မတွေ့ခဲ့ဟုဆိုပါသည်။ တခုသောနေ့တွင် မိတ်ဆွေတဦးနှင့် စန်းကျမ်းအကြောင်းစပ်မိ၍ ထိုကျမ်းကို ရှာဖွေနေကြောင်း ပြောပြသောအခါ ထိုမိတ်ဆွေကပြုံး၍ သူ့စာအုပ်စင်တနေရာသို့လက်ညှိုးညွှန်၍ ပြလေသည်။ အဘယာရာမ ဆရာတော်သည် သူညွှန်ရာစာအုပ်ကို ကြည့်သောအခါ စန်းကျမ်း ဖြစ်နေသည်ကို အံ့သြဝမ်းမြောက်စွာ တွေ့ရသည်ဟုဆိုပါသည်။ စာအုပ်ကိုဖွင့်ကြည့်သောအခါ ထိုစာအုပ်ကို ရောမအက္ခရာခေါ် အင်္ဂလိပ်အက္ခရာများဖြင့် ဂျာမနီပြည် လိုက်ပဇစ်မြို့၌ ၁၉၀၅ ခု၊ ၁၉၁၀ ခုနှစ်တို့၌ ရိုက်နှိပ်ကြောင်း သိရလေသည်။ ထိုအခါကျမှပင် အဘယာရာမ ဆရာတော်အဖို့ နှစ်ပေါင်းများစွာကြိုးပမ်းခဲ့ရသော စန်းကျမ်း ရှာပုံတော်သည် အောင်မြင်မှုဖြင့် အဆုံးသတ်ခဲ့သည်ဟု သိရပါသည်။ အဘယာရာမ ဆရာတော်သည် ထိုမိတ်ဆွေကို ဣန္ဒိယ၊သီဟိုဠ်တို့တွင် မည်သည့်နိုင်ငံ၌တွေ့ကြောင်း မသိလိုက်ရပါ။

စာပေအရာ၌ ဤကဲ့သို့သော အကြောင်းအရာများသည် စိတ်ဝင်စားစရာလည်းကောင်း၊ မှတ်သားဖွယ်လည်း ကောင်းလှပါသည်။ ဤသို့သောအကြောင်းတို့ကို ကျစ္စာဆရာတော်ဘုရားကြီးသည် လျှောက်ထား

မေးမြန်း၍ မှတ်သားထားတော်မူခဲ့ပါသည်။ ဆိုင်ရာစာပေသမိုင်းကို ပြုစုရာတွင် ဤကဲ့သို့သော အကြောင်းအရာများသည် အဖိုးတန်များဖြစ်လေရာ ကျစွာဆရာတော်၏ ဗဟုသုတဘဏ္ဍာတိုက်ကြီးမှ ဤအကြောင်းအရာကိုရရှိကြောင်း ဤစာတန်း၌ မှတ်တမ်းတင်ရပါသည်။

## မဟာဘာသကျမ်းကြီး

ကျစွာဆရာတော်ကြီးသည် သက္ကဋဘာသာ၌ ကျွမ်းကျင်တော်မူသောကြောင့် သက္ကဋစာပေ ကျမ်းဂန်တို့၌လည်း စိတ်ဝင်စားတော်မူခဲ့ပါသည်။ ပါဠိဘာသာကို လေ့လာရာတွင် သက္ကဋ ဘာသာကိုပါ တွဲဖက်လေ့လာမှ အချို့အရာတို့၌ အမှန်အကန်သိမြင်နိုင်မည် ဆိုသည်ကိုလည်း ခံယူထားပါသည်။ ထို့ကြောင့် ဆရာတော်သည် လက်လှမ်းမီသမျှသက္ကဋကျမ်းတို့ကို လေ့လာသုံးသပ်တော် မူခဲ့ဟန် ရှိပါသည်။

တခါက ဆရာတော်သည် ရန်ကုန်မြို့ရှိ နာမည်ကျော်ဆရာတော်ကြီးတပါးနှင့် သက္ကဋ ကျမ်းဂန်များအကြောင်း စကားစပ်မိရာ ထိုဆရာတော်ကြီးက "ကိုဝိဇယရေ....ကျုပ်တော့ မဟာဘာသကျမ်းကြီးကို ပါဠိပြန်နေတယ်"ဟု အမိန့်ရှိတော်မူသည်။ ထိုအခါ ဆရာတော်က "ဆရာတော်ဘုရား၊ မဟာဘာသကျမ်းကို တပည့်တော်လဲ ကြည့်ရှု သုံးသပ်ဖူးပါတယ်။ တော်တော်ခက်တဲ့ကျမ်းဘုရာ့၊ အနက်ထင်ဘို့ရော အဓိပ္ပါယ်သိဘို့ပါခက်တဲ့ကျမ်းဖြစ်ပါတယ်။ နို့ ဆရာတော်ပြန်ထားတဲ့ ပါဠိတွေကိုရော ဆရာတော် အကုန်အနက်ထင်ရဲ့လားဘုရား"ဟု လျှောက်ရာရိုးသားလှသော ထိုဆရာတော်ကြီးက "ကိုဝိဇယပြောတာ ဟုတ်ပေတယ်၊ တချို့ဟာတွေတော့ ကျုပ်လဲ အနက်ထင်တယ်မဟုတ်ဖူး၊ ပါဠိဖြစ်အောင်သာ ပြန်လိုက်ရတာပဲ"ဟု အမိန့်ရှိသည်ဟု ဆိုပါသည်။ ထိုဆရာတော်ကြီး ယခုမရှိတော့ပါ။ ထိုဆရာတော်ကြီး၏ ကျောင်းလည်း စစ်ကြီးအတွင်းက ဗုံးကျ၍ မီးလောင်ပျက်စီးသွားခဲ့ပြီဟု သိရပါသည်။

ထိုဆရာတော်ကြီး ပါဠိပြန်နေခဲ့သည်ဆိုသော မဟာဘာသကျမ်းကား နာမည်ကျော် ပါဏိနိသဒ္ဒါကျမ်း၏ အဖွင့်ဖြစ်ပါသည်။ သက္ကဋသဒ္ဒါအရာတွင် နံပါတ်တစ်ထားရသည့် ပတဉ္စလီမည်သော ရသေ့ပြုစုခဲ့သောကျမ်းဖြစ်ပါသည်။ ထိုကျမ်းပေါ်ခဲ့သည်မှာ အနှစ် ၂၀၀၀ကျော်

ပြီဟု ဆိုပါသည်။ ထိုကျမ်း၌ ရေးသားပုံမှာ များသောအားဖြင့် စောဒက ဆရာနှင့် ပရိဟာရဆရာတို့ အပြန်အလှန် ပြောနေပုံမျိုးဖြစ်၍ များစွာ သောနေရာတို့၌ စောဒကစကားလား၊ ပရိဟာရစကားလား ဆိုသည်ကို ခွဲခြားသိရန်ပင် ခက်ခဲလှသည်ကိုတွေ့ရပါသည်။ ကျေးဇူးဆရာတော်ကြီး သည် ဤကျမ်းကို လေ့လာသုံးသပ်ဖူးသဖြင့် ခက်ခဲပုံကို သိထားသော ကြောင့်သာ ထိုပါဠိပြန်နေသော ဆရာတော်ကြီးအား အချက်ကျကျ လျှောက်ထားနိုင်ခြင်းဖြစ်ပါသည်။

## ဆေးကျမ်း၌ ကျွမ်းကျင်ခြင်း

ဆရာတော်သည် သက္ကဋကျမ်းတို့ကို လေ့လာသောအခါ ဆေး ကျမ်းတို့ကိုလည်း အလွတ်မပေးခဲ့ပါ။ မိုးထားဆရာတော် ဦးပညိန္ဒယသည် သက္ကဋဆေးကျမ်းတို့၌ အလွန်ကျွမ်းကျင်ကြေပွန်တော်မူပါသည်။ တခါက ဆရာတော် ဦးပညိန္ဒယသည် တပည့်ကပ္ပိယတယောက်အား ဆေးမယ် များရေးပေး၍ မြို့တွင်းရှိ ကုလားဆေးဆိုင်တဆိုင်သို့ ဆေးအဖော်လွှတ် လိုက်သည်ဟုဆိုပါသည်။ ဆေးဆိုင်သို့ရောက်၍ ဆေးစာကိုပြသောအခါ ဆရာဝန်လည်းဖြစ်သော ဆေးဆိုင်ရှင်က "ဒီဆေးစာကို ဘယ်သူရေး သလဲ၊ ဆေးလက်မှတ်မရှိပဲ ဒီဆေးမျိုးဖော်ယင် ဖမ်းနိုင်တယ်"ဟု ဆိုလေ သည်။ ကပ္ပိယလည်း ဘုန်းကြီးက ဖော်ခိုင်းကြောင်းပြောရာ ထိုဆေး ဆိုင်ရှင် ဆရာဝန်သည် ဆရာတော့ထံလိုက်လာ၍ ဤဆေးမျိုး လက်မှတ် မရှိပဲဖော်လျှင် ဖမ်းနိုင်ကြောင်း လျှောက်ပြန်သည်။ ထိုအခါ ဆရာတော် က အနီးရှိ သက္ကဋဆေးကျမ်းကြီးကို သူ့ဘက်သို့တွန်းပေးလိုက်၍ "ဒီစာ အုပ်ထဲက မင်းပေးချင်တာမေး"ဟု မိန့်လိုက်ပါသည်။ ထိုဆရာဝန်လည်း စာအုပ်ကြီးကို ဟိုနေရာသည်နေရာလှန်၍ မေးလေသည်။ မေးတိုင်းပင် ဆရာတော်ကလည်း မဆိုင်းမတွ ဖြေတော်မူသည်။ ထိုသို့မေးပြီး သည်၏ အဆုံး၌ကား ထိုဆရာဝန်သည် ဆရာတော် ဦးပညိန္ဒယကို "ခင်ဗျား ဒီလောက်ပညာတတ်နေပြီး ဘာပြုလို့ ဘုန်းကြီးလုပ်နေသလဲ၊ လူထွက်ပြီး ကျွန်တော့်ဆေးဆိုင်မှာ လာအလုပ်လုပ်ပါ၊ တလ ၃၀၀ ပေးပါမယ်"ဟု ပြောသည် ဆိုပါသည်။ ဆရာတော်ကလည်း မလုပ်လိုကြောင်း ပြန်ပြော လိုက်ပါသည်။ ( နောင်တွင် ဆရာတော် ဦးပညိန္ဒယသည် လူဝတ်လဲ၍

မြန်မာသမားတော်ကြီး ဦးစံတင့်အဖြစ်ဖြင့် ထင်ပေါ် ကျော်ကြားခဲ့ပါသည်။) ကျစ္စာဆရာတော်သည် ဤကဲ့သို့ ရဲရဲဘောက်ဆရာတော်အထံမှ သက္ကဋ္ဌဆေးကျမ်းများကို သင်ယူခဲ့ပါသည်။ သို့ဖြစ်၍ ဆရာတော်သည် ဆေးအကြောင်းကို ကောင်းကောင်း နားလည် တတ်ကျွမ်းပါသည်။ ပကျုန်းမမာဖြစ်၍ ဆရာများ၏ဆေးကို စားရသောအခါမှာပင် မိမိအသိဖြင့် ချင့်ချိန်၍ စားသင့်မှသာစားပါသည်။ ဆရာတော့်အထံတွင် ပတျာပတျခေါ် ဗင်္ဂါလီအက္ခရာရေး သက္ကဋ္ဌ ဆေးကျမ်းကလေး တစောင်ရှိပါသည်။ ရောဂါအမျိုးမျိုးအလိုက် သင့်မြတ်သည် မသင့်မြတ်သည်တို့ကို ပြသော ကျမ်းကလေးဖြစ်ပါသည်။ ယိုကျမ်းကလေး သား ဆရာတော်၏ လက်စွဲ ကျမ်းကလေးပင်ဖြစ်ပါသည်။ နေမကောင်း ထိုင်မသာရှိသည့် အခါတိုင်း ဆရာတော်သည် ထိုကျမ်းကလေးကိုထုတ်ကြည့်လေ့ရှိပါသည်။ ပြန်လွန်တော်မမူပံ တနှစ်ခန့်က ဆရာတော်သည် နေမကောင်း ဖြစ်သော အခါ အမေးရောက်လာသော စာရေးသူကို ထိုပတျာပတျကျမ်းကလေးကိုပင် အဖတ်ခိုင်း၍ အဓိပ္ပာယ် ပြောပြခဲ့ပါသေးသည်။

မိမိကိုယ်တိုင် ဆေးကျမ်းများကို တတ်မြောက် သောကြောင့်ပင် ဆရာတော်သည် တပည့်များကိုလည်း တတ်စေလိုသောဆန္ဒရှိတော်မူပါသည်။ ယခုလက်ရှိ ဘုန်းတော်ကြီး ဦးလက္ခဏနှင့် ရဘနာမာရ်အောင် ဘုန်းတော်ကြီး ဦးပြဿဝံသတို့အား သက္ကဋ္ဌဆေးကျမ်းချုပ်ပေးရန် ရှေ့ပြေးအနေဖြင့် ဆေးကျမ်းသုံး သက္ကဋ္ဌ ဝေါဟာရတို့ကို သင်ပေးခဲ့ဘူးပါသည်။ တပည့်တို့အား သင်ပေးလိုရုံသာမဟုတ်၊ ဆရာတော်သည် မိမိ၏ ဆေးပညာ ဗဟုသုတကို အများအကျိုးအတွက် ဖြန့်ဖြူးရန်ရည်ရွယ်ချက်ဖြင့် သက္ကဋ္ဌသွေးစမ်းကျမ်းကို အမှီပြု၍ သွေးစမ်းကျမ်းတခုကိုပင် ရေးသားခဲ့ပါသည်။ သို့သော်အပြီးသို့မရောက်ခဲ့ပါ။ ထိုသွေးစမ်းကျမ်းတခုံး တစသည်လည်း သရဘည ဝတ်မှတ်စုနည်းတူ ဆေးသိပ်ခုံသို့ရောက်သွားခဲ့သည်ဟုလည်း ဆရာတော် အမိန့်ရှိ၍သိရပါသည်။

ဆရာတော်သည် ဆေးကျမ်းတတ်ကျွမ်းသော်သည်း ဆေးကုခြင်း အမှုကိုကား မည်သည့်အခါမျှ မပြုခဲ့ပါ။ မိမိနှင့် မိမိအနီးနေတပည့်တို့အား စောင့်ရှောက်နိုင်ရန်သာ ဆေးပညာကို လေ့လာခဲ့ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ဆရာတော် ဆေးပညာတတ်ကြောင်း သိသူပင်ရှားပါသည်။

## မူလ ဝိဘုဇ္ဇာဒီ ဂိုဏ်းအကြောင်း

ဤမူလ ဝိဘုဇ္ဇာဒီဂိုဏ်းအကြောင်းကား ကျေးဇူး ဆရာတော်ဘုရားကြီး၏ ပရိယတ္တိဝိသာရဒဂိုဏ်ကို ဖော်ထုတ်ရာတွင် စာရေးသူ အနေဖြင့် မဖော်ပြပဲ မနေနိုင်သော အချက်တခုဖြစ်ပါသည်။

စာရေးသူ စာသင်သားဘဝဖြင့် မန္တလေးဘုရားကြီး တိုက်မှာ နေစဉ်ကဖြစ်ပါသည်။ စာရေးသူသည် ထိုစဉ်က စာဝါအားသောဥပုသ်နေ့များ၌ဘုရားကြီး အရှေ့မုခ်ရှိ ကိုမြို့၏စာအုပ်ဆိုင်သို့ ရောက်သွားလေ့ရှိပါသည်။ ကိုမြို့၏ဆိုင်၌ သက္ကဋစာအုပ် အဟောင်း အမြင်းကလေးများ ရတတ်သောကြောင့် ဖြစ်ပါသည်။ တခုသောဥပုသ်နေ့၌ ကိုမြို့ဆိုင်မှာ ထိုင်နေစဉ် ဆရာတော်ကြီးသည် ကျောင်းသားကလေး တယောက်နှင့်အတူ ထိုဆိုင်နားသို့ရောက်လာပြီး စာရေးသူကိုမြင်သောအခါ ဝင်ထိုင်ပါသည်။ ထိုင်ပြီးနောက် စကားစမြည်ပြောယင်း စာအကြောင်းရောက်သွား၍ သဒ္ဒါအရာ၌ ပိသောဒရာဒိဂိုဏ်းအကြောင်း၊ မူလဝိဘုဇ္ဇာဒီဂိုဏ်းအကြောင်းတို့သို့ ရောက်သွားပါသည်။ ဆရာတော်ကြီးက "မူလဝိဘုဇ္ဇာဒီဂိုဏ်းဆိုတာ ဘယ်ဂိုဏ်းလဲ သိရဲ့လား" ဟု မေးပါသည်။ စာရေးသူသည် မူလ ဝိဘုဇ္ဇာဒီဂိုဏ်းအကြောင်းကို မောဂ္ဂလ္လာန်နိဿယ၌ ဖတ်ဖူးထားပါသည်။ ထို့ကြောင့် ဆရာတော်ဘုရားကြီးက မေးသောအခါ "မူလဝိဘုဇ္ဇာဒီဂိုဏ်းဆိုတာ ဓာတ်နောင်က ပစ္စည်းသက်ပြီး ဝုဒ္ဓိမပြုရတဲ့ဂိုဏ်းပါဘုရား" ဟု လျှောက်ထားလိုက်ပါသည်။ ထိုအခါ ဆရာတော်က "အေးမင်းပြောတာလဲ ဟုတ်ပါတယ်၊ ဒါပေမယ့် ပြည့်စုံအောင် ဒီလိုမှတ်၊ ဥပပဒ(ရှေးပုဒ်) လဲရှိက ပစ္စည်းသက်ပြီး ဓာတ်ကိုလဲ ဝုဒ္ဓိမပြုရတဲ့ ကိုသန္တသမာသ်ပုဒ်တွေကို ခေါ်တာလို့။ ဂိုဏ်းဦးစီးပုဒ်နဲ့ ဂိုဏ်းဝင်ပုဒ်တွေမှာ အလားတူမှုရှိရတယ်။ မူလဝိဘုဇပုဒ်ကိုကြည့်။ မူလသဒ္ဒါပပဒဝိရှေးရှိတဲ့ ဘုဇဓာတ် တပစ္စည်း မဟုတ်လား" ဟု မိန့်တော်မူပါသည်။ ဆရာတော်ကြီးအထံမှ ကြားနာ ရပြီးနောက် ကျောင်းပြန် ရောက်၍ မောဂ္ဂလ္လာန်နိဿယကို ပြန်ကြည့်သော အခါ ဆရာတော်ကြီး အမိန့်ရှိသလို ဥပပဒ(ကိဘန္တ) သမာသ်ပုဒ်များကို ဂိုဏ်းဝင်ပုဒ်များအဖြစ် ထုတ်ပြထားသည်ကိုတွေ့ရ၍ သီလက္ခန်ပါဠိတော်စသည်၌ လာသော ဥက္ကဋ္ဌာပုဒ်ကိုလည်း ယင်းဂိုဏ်း၌ သွင်း၍ ရုပ်ပြီးစေရမည်ဟု သီလက္ခန်ဋီကာ၊

ပဏ္ဏာသဋီကာ၊ အင်္ဂုတ္တရဋီကာတို့၌ ဆိုကြောင်း ပြထားသည်ကို တွေ့ရပါသည်။ ထို့နောင် အခြား အကြောင်းအရာတို့ကို ကြည့်ရှုယင်း နေတ္တိဋီကာ၌ ဥဏ္ဏာဒိတည်းပုဒ်ကို မူလဝိဘုဇာဒိဂိုဏ်းသို့ သွင်းရမည်ဖြစ်ကြောင်း ဖွင့်ဆိုထားသည်ကို တွေ့ရပါသည်။ (ဒီ၊ ဋီ၊ ၁။ ၂၀၉။ ပါ၊ ဋီ။ ၁။ ၄၃။ အံ၊ ဋီ၊ ၂။ ၂၆၂-သို့ကြည့်ပါ။) ဆရာတော်ကြီး အမိန့်ရှိသောအဓိပ္ပါယ်မှာ ဋီကာဆရာကြီးများအဆိုနှင့် ကိုက်ညီလျက်ရှိသည်ကို တွေ့ရပါသည်။ ထိုသို့တွေ့ရသဖြင့် ဆရာတော်ကြီး၏ ဉာဏ်ကိုချီးကျူးပဲ မနေနိုင်အောင် ဖြစ်ရပါသည်၊ ။

## ဝိနည်း ကျွမ်းကျင် ရှိသေပုံ

တင်ပြခဲ့ပြီး အချက်အလက် များကို ရှုဆင်ခြင်လျှင် ဆရာတော်ကြီးသည် သဒ္ဒါဆိုင်ရာနှင့် သက္ကဋကျမ်း တို့မှာသာ ကျွမ်းကျင်တော်မူသည် ဟု ထင်စရာ ရှိပါသည်။ သို့သော် ဆရာတော်ကြီးသည် ဝိနည်း ၌လည်း ကျွမ်းကျင်ကြောင်း သိရှိရပါသည်။ စစ်ကိုင်းတောင် အတိသုဒ္ဓါရုံ ဆရာတော်ကြီးသည် ဝိနည်းအရာတွင် ကျွမ်းကျင် နိုင်နင်းလှ၍ နိုင်နင်းသည့် အတိုင်းလည်း လက်တွေ့ ကျင့်သုံးသော ဆရာတော် ဘုရားကြီး ဖြစ်ပါသည်။ စစ်ကိုင်းတောင်ရှိ ရွှေကျင်ဂိုဏ်းဝင်များ အနေဖြင့် ဝိနည်းအရာ၌ အခက်အခဲ တွေ့ပြီဆိုလျှင် အတိသုဒ္ဓါရုံ ဆရာတော်ကြီး အထံသို့ပင် သွားရောက် လျှောက်ထား အဆုံးအဖြတ်ခံယူကြရပါသည်။ ကျစ္စာဆရာတော်ကြီးသည် ငယ်စဉ်က အတိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီး အထံ၌ ဝိနည်း အဋ္ဌကထာများကို သင်ယူခဲ့ကြောင်း ပဋ္ဌမပိုင်း၌ ပြခဲ့ပြီးပါပြီ။ ဤသို့ စာတွေ့ရော လက်တွေ့ပါ ကျွမ်းကျင်နိုင်နင်းသော ဆရာတော်ကြီး အထံ၌

---

* ပါဏိနိယဂဏပါဌ၌ ဂိုဏ်းဝင်ပုဒ်တို့ကို မူလဝိဘုဇ နခမုခ ကာကဂုဟ ကုမုဒ မတိမြ ကုမြ ဂိရိမြ ဟုပြ၍ ဤဂိုဏ်းသည် အာကတိဂိုဏ်း ဖြစ်ကြောင်း ဆိုပါသည်။ အာကတိဂိုဏ်းဆိုလျှင် တိုက်ရိုက် ပြမထားသော အခြားအလားအလာတူ ပုဒ်များကိုလည်း သွင်းယူရပါသည်။ ထို့ကြောင့် သိဒ္ဓန္တကောမုဒီကျမ်း၌ ဂိလတိတိ ဂိလောဟုလည်း ပြထားပါသည်။ ယင်းသည် ဥပပဒမရှိသော ပုဒ် မဟုတ်ပါ။ သို့သော်ပြခဲ့ပြီး သုတ်ဋီကာတို့ ဆိုပုံကိုထောက်လျှင် ဥပပဒရှိသောပုဒ်တို့ကိုသာ ဆိုလိုဟန်တူသည်ဟု မှတ်ယူရန်ပင် ရှိပါသည်။

ဝိနည်း အဋ္ဌကထာ တို့ကို သင်ယူခဲ့သော ကျစွာ ဆရာတော်ကြီးလည်း ဝိနည်းအရာ၌ ကျွမ်းကျင်တော်မူမည်မှာ သေချာလှပါသည်။

စာရေးသူ၏ ကိုယ်တွေ့ တင်ပြရလျှင်ကား ဆရာတော်ကြီးသည် သိမ်အရာ၌ အထူး ကျွမ်းကျင်သည်ကို တွေ့ခဲ့ရပါသည်၊ ဆရာတော်သည် ၁၃၁၂-ခုနှစ်၌ ယခု ကျစွာချောင်ကို အလှူခံတော်မူရပြီး ၁၃၁၉-ခုနှစ်တွင် ဤချောင်၌ သိမ်တလုံး သမုတ်ခဲ့ပါသည်။ မိမိတို့ကျောင်း၌ သိမ်သမုတ်သောအခါ များသောအားဖြင့် ကျောင်းပိုင် ဘုန်းကြီးတို့သည် သိမ်သမုတ်ခြင်း ကိစ္စနှင့်ပတ်သက်၍ မိမိဘိုးကြောင့်ကြမစိုက်ပဲ အခြားနားလည်သော ဆရာတော်တပါးပါးကိုသာ ယုံကြည်စိတ်ချစွာ လွှဲအပ်လေ့ရှိကြပါသည်။ ကျစွာဆရာတော်ဘုရားကြီးကား ဤကဲ့သို့မဟုတ်ပါ။ သိမ်မသမုတ်မီမှာပင် သိမ်အကြောင်းကို ထပ်မံပိုင်နိုင်အောင် လေ့လာတော်မူသည်။ ထိုသို့ပိုင်နိုင်အောင် လေ့လာပြီးမှ အတိသုဒ္ဓါရုံဆရာတော်ဘုရားကြီး၊ ဓမ္မိကချောင် ဆရာတော်ဘုရားကြီးစသော ဝိနည်းအရာ သိက္ခာကာမအရာ၌ အကျော်အမော်ဖြစ်သော ဆရာတော်ဘုရားကြီးတို့ကို ပင့်ဆောင်ဦးစီး၍ သမုတ်တော် မူခဲ့ပါသည်။ သိမ်နုတ်ရန်တာဝန်ကိုလည်း ကိုယ်တိုင်ယူ၍ မိမိသဘောကျဖြစ်အောင် အခြားပုဂ္ဂိုလ်များ တပည့်များနှင့်အတူ နုတ်တော်မူပါသည်။ သိမ်သမုတ်ပြီး နောက်လည်း နောင်းလူများ အတိအကျသိရှိနိုင်ရန် သိမ်အပိုင်းအခြား ဝိသုံဂါမအပိုင်းအခြားတို့ကို သေချာစွာပြထားတော်မူပါသည်။ ယခုသိမ်ပတ်ပတ်လည်၌ မြောင်းရှိရာ ထိုမြောင်းသည် ရေစီးရန်သာမဟုတ်၊ သိမ်အပိုင်းအခြား နယ်နိမိတ်လည်းဖြစ်ပါသည်။ သိမ်တောင်ဘက် ကမ်းပါးရံကိုအင်္ဂတေကိုင်သောအခါ အောက်ခြေ၌ အနည်းငယ်ချန်ထားပါသည်။ ထိုသို့ချန်ခြင်းကား သံသယများသော ပုဂ္ဂိုလ်များ သံသယကင်းစေရန် ဖြစ်ကြောင်း ယခု ဘုန်းတော်ကြီး ဦးလက္ခဏအား ဆရာတော်က မိန့်ကြားခဲ့သည်ဟု သိရှိရပါသည်။နောင်လူများ ဇဝေဇဝါမဖြစ်စေရန် သတိရှိရှိဖြင့်ဆောင်ရွက်တော်မူခဲ့ပုံဖြစ်ပါသည်။

ဆရာတော်ပြန်လွန်တော်မူမည့် ၁၃၂၉ ခုနှစ်တွင် ပြန့်ကြီးချောင်ဘုန်းကြီးက ထိုချောင်၌ သိမ်တလုံးသမုတ်ပေးပါရန် ဆရာတော်အား

လျှောက်ထားအပ်နှင်းပါသည်၊ ထိုသိမ်ကိုလည်း ဆရာတော်သည် စိတ်ကိုင်းကျဖြစ်အောင် စီမံတော်မူပါသည်။ ထိုသိမ်သမုတ်ကိစ္စ ဆောင်ရွက်ရာတွင် ဆရာတော်ကြီး၏အမိန့်ဖြင့် စာရေးသူလည်း အစမှအဆုံးတိုင်ပါခဲ့ရသဖြင့် ဆရာတော်ကြီး၏ သိမ်အရာ၌ ကျွမ်းကျင်ပုံကို ကိုယ်တွေ့ကြုံခဲ့ရပါသည်။ ထိုသိမ်သမုတ်ပွဲကား သိမ်သမုတ်ပွဲရိုးရိုးမဟုတ်ပဲ သိမ်နုတ်နည်း သမုတ်နည်းတို့ကို လက်တွေ့သင်တန်းပေးသော သိမ်သမုတ်သင်တန်း တခုဟုပင်ဆိုရမည်ဖြစ်ပါသည်။ ဆရာတော်ကြီးသည် ဤသိမ်သမုတ်သင်တန်းဖြင့် စာရေးသူနှင့် ဦးလက္ခဏ၊ ဦးဗြဟ္မသာဝံသ စသော တပည့်များကို နည်းရအောင် ပြတော်မူပါသည်။ သိမ်နုတ်ကိစ္စ ဆောင်ရွက်ရသည်မှာ သက်သာလှသော အလုပ်မဟုတ်ပါ။ ငယ်ရွယ်သူများပင် ညည်းညူကြရသောအလုပ်ဖြစ်ပါသည်။ သို့သော်ဆရာတော်ကြီးသည် တပည့်များအား နည်းရစေလိုသော စေတနာကြောင့် ကိုယ်တိုင်ကိုယ်ကျ နေ့တိုင်းပါဝင်၍ သိမ်နုတ်တော်မူပါသည်။ ထိုရက်များအတွင်း ဆရာတော်သည် နေမကောင်းဖြစ်ခဲ့ပါသည်၊ သို့သော် သိမ်နုတ်သိမ်သင်တန်း ပေးမှုကိုကား မပျက်စေခဲ့ပါ။ သိမ်နုတ်ရာ၌ နေနည်း စိတ်ထားနည်းစသည့် သိသင့်သိထိုက်သော အချက်အလက်တို့ကို သဘောပေါက်အောင် ရှင်းလင်းပြောပြပြီးမှ နုတ်စေတော်မူပါသည်။ သိမ်ဆိုသည်မှာ သာသနာတော်၏ အခြေခံအုတ်မြစ်ဖြစ်၍ အထူးဂရုစိုက်ပြီး ဆောင်ရွက်သင့်ကြောင်း၊ မိမိတဦးတည်း သဘောကျရုံ သံသယကင်းရုံမျှဖြင့် မကျေနပ်ရ၊ အများသံသယကင်းလောက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နောင်တွင် မည်သူဦးစီး၍ သမုတ်သွားသောသိမ်၌ မည်သို့ သံသယဖြစ်ဖွယ်များရှိသည်ဟု အပြောမခံရအောင် စေ့စေ့စပ်စပ် ဆောင်ရွက်ဖို့လိုကြောင်းများကိုလည်း ဩဝါဒပေးတော်မူပါသည်။ ထိုသို့အများသဘောကျဖြစ်အောင် ဆောင်ရွက်ရမည်ဖြစ်သဖြင့် ကမ္မဝါဖတ်ရာ၌လည်း နည်းအမျိုးမျိုးဖြင့် မိမိတို့အကြိုက် ဖတ်စေသင့်ကြောင်းကိုလည်း နည်းပေးတော်မူပါသည်။

ကမ္မဝါဖတ်ရာတွင် အသက်သိက္ခာကြီးမှုထက် ပီပီသသဖတ်နိုင်မှုက ပို၍အရေးကြီးသည်ဟု ဆရာတော်က ခံယူထားပါသည်။ ထို့ကြောင့် ဆရာတော်သည် အသက်မကြီးသေး၍ သွားမကျိုးသေးသောပုဂ္ဂိုလ်များ

ကမ္မဝါဖတ်သည်ကို ပို၍လိုလားတော်မူပါသည်။ ထို့ကြောင့်ပင် ဆရာတော်သည် သိမ်မနုတ်မီကပင် ငယ်ရွယ်သောတပည့်များကို ဌာန်ကရိုဏ်းပီသအောင် ကမ္မဝါရွတ်ဖတ်နည်းကို သင်ပေးတော်မူခဲ့ပါသည်။ သိမ်သမုတ်သည့်နေ့တွင် သိမ်သမုတ် ကမ္မဝါနှစ်မျိုးလုံးကို ဖတ်ပြီးနောက် ဝိနယာလင်္ကာရ၌ ဆရာတမျိုးနည်းတမျိုးဖြင့် ဖတ်စေရမည်ဟု ညွှန်ကြားချက်ရှိကြောင်းမိန့်၍ စာရေးသူကို တဦးတည်း သီဟိုဠ်သံဖြင့် ကမ္မဝါနှစ်ခုလုံးကို ဖတ်စေတော်မူပါသည်။

ထိုသိမ်သမုတ်စဉ်က အခြားပုဂ္ဂိုလ်များပါကျေနပ်၍ မိမိဆောင်ရွက်ချက် စင်းလုံးချောဖြစ်စေရန် ကျင့်သုံးခဲ့ပုံကိုလည်းတင်ပြလိုပါသည်။ ဆရာတော်သည် ကျောက်နိမိတ်အရာ၌ မိုင်းခိုင်း ဆရာတော်ဘုရားကြီး၊ မဟာပိဿဒ္ဓါရုံ ဆရာတော်ဘုရားကြီးတို့ အယူအဆအတိုင်း တပိုလ်လျှင် လေးကျပ်သားခန့်ရှိသည်ဆိုသော ဝါဒကို ကြိုက်နှစ်သက်တော်မူပါသည်။ ထို့ကြောင့် ထိုသိမ်ကို မန္တလေးကျောက်ဆစ်တန်းမှရောင်းသည့် သိမ်တိုင်များကိုပင် နိမိတ်လုပ်၍သမုတ်ရန် ရည်ရွယ်ထားခဲ့ပါသည်။ သို့သော် သိမ်သမုတ်ရန် ၂ရက်ခန့်အလိုလောက်တွင် ဘုန်းကြီးတပါးက ထိုကျောက်တိုင်များ နိမိတ်လောက်ပါမည်လားဟု သံသယရှိသည့်အနေဖြင့် မေးမြန်းလျှောက်ထားသဖြင့် ဆရာတော်သည် မိမိအကြိုက်ကိုမလုပ်ပဲ မည်သည့်ပုဂ္ဂိုလ်မျှ အပြစ်မတင်နိုင်အောင် လူတဖက်မက ကြီးမားသည့် ကျောက်တုံးကြီးလေးတုံးကို နိမိတ်လုပ်၍ သမုတ်တော်မူခဲ့ပါသည်။

ဤသိမ်သမုတ်နည်းသင်တန်းကား ဆရာတော်ဘုရားကြီး နောက်ဆုံးပေးခဲ့သော သင်တန်းဖြစ်ပါသည်။ ဤသိမ်သမုတ်ပြီး ၂လခန့်အကြာမှာပင် ဆရာတော် ဘဝနတ်ထံပြန်လွန်တော်မူခဲ့ပါသည်။

## သံသယရှိပုဂ္ဂိုလ်ကို ချန်ထားခဲ့ပုံ

ထိုသိမ်သမုတ်ကိစ္စနှင့် ပတ်သက်၍ပင် ဆရာတော်ဘုရားကြီး၏ ပိနည်းအရာ၌သတိရှိပုံနှင့် မိမိလုပ်သောအလုပ်၌ အခြားသူများအပြစ်တင်စရာမရှိအောင် ဆောင်ရွက်ခဲ့ပုံကိုလည်း ကြုံခဲ့ရပါသည်။

သိမ်သမုတ်ပင့်ရန် သံဃာများကိုရာထားစဉ်က ဆရာတော်ကြီးမိန့်သော ပင့်သံဃာစာရင်းတွင် ဆရာတော်တပါးကျန်နေသဖြင့် ထိုဆရာ

တော်ကျန်နေကြောင်း လျှောက်ထားခဲ့ပါသည်။ ထိုသို့ လျှောက်ထားခြင်းမှာ ဆရာတော်သတိမေ့၍ ကျန်နေသည်ထင်သဖြင့် လျှောက်ထားမိခြင်းဖြစ်ပါသည်။ ထိုအခါ ဆရာတော်က ပြုံး၍ "မောင်သိလာနန္ဒ၊ အဲဒီဆရာတော်ဟာ ငယ်ငယ်တုန်းက အန္တိမသို့ရောက်လောက်တဲ့ အပြစ်တခုနဲ့ အဖမ်းခံရပြီး အပြစ်ပေးတောင် ခံခဲ့ရတယ်၊ သူဟာကယ် အန္တိမရောက်မရောက်တော့ ငါလဲမသိဘူး၊ ဒါပေမယ့် သိမ်သမုတ်လိုက်စဉ်များကျတော့ ဒီလိုပုဂ္ဂိုလ်တွေကိုရှောင်ရတယ်၊ မိတ်သွေ့ပဲယုံပြီး အားနာနေလို့မဖြစ်ဖူး" ဟု မိန့်တော်မူပင် တမင်သက်သက် ချန်ထားကြောင်းသိရပါသည်။ ဆရာတော်၏ကျင့်တုံးသည် ကလျာဏီသိမ်သမုတ်စဉ်က မဟာစေတီမင်းကြီး၏ ကျင့်ထုံးမျိုးပင် ဖြစ်ပါသည်။

မဟာစေတီမင်းကြီးသည် အလွန်စင်ကြယ်သော ပုဂ္ဂိုလ်များကိုသာ ကလျာဏီသိမ်သမုတ် ကံကို ဆောင်စေလိုသောကြောင့် ရဟန်းတော်များကို သီဟိုဠ်ကျွန်းသို့လွှတ်၍ ကလျာဏီမြစ်ရေသိမ်၌ မဟာဝိဟာရ အဆက်အနွယ်ရဟန်းတို့ထံမှ သိက္ခာအသစ် ယူစေခဲ့ပါသည်။ သီဟိုဠ်မှ သိက္ခာအသစ်ယူလာသော ဆရာ ၁၁ ပါး တပည့် ၁၁ ပါးအားဖြင့် ၂၂ ပါးရှိရာတွင်လည်း ဆရာ ၁ ပါးနှင့် တပည့် ၅ ပါးသည် အကဲ့ရဲ့ခံရဘူးရုံမျှ အပြစ်ရှိ၍ ထို ၆ ပါးကို ပယ်ခဲ့ပါသည်။ သိမ်နုတ်ခါနီးမှဆရာ ၁ ပါး နေမကောင်းဖြစ်ပြန်၍ သူ့တပည့်နှင့်အတူ သူတို့နေထိုင်ရာ ကျောင်းသို့ ပြန်သွားခဲ့ပါသည်။ ထို့ကြောင့် သိမ်နုတ် သိမ်သမုတ်ကံကို ကျန်သော လက်ရွေးစင် ၁၄ ပါးကိုသာ ဆောင်ရွက်စေခဲ့ပါသည်။ ကျစွာဆရာတော်ကြီးသည် ထိုကျင့်ထုံးသို့လိုက်၍ ထိုဆရာတော်ကို ချန်ထားခဲ့ဟန် ရှိပါသည်။ ဝိနည်းအရာ၌ ကျစွာဆရာတော်ဘုရားသည် ဤမျှ တင်းတင်းရင်းရင်းကျင့်သုံး ဆောင်ရွက်တော်မူပါသည်။

ဆရာတော်ကြီးသည် နိုင်ငံရေးလုပ်၍ ထောင်ကျခဲ့စဉ်ကလည်း ထောင်တွင်း၌ လပြည့်လကွယ်နေ့များတွင် ဥပုသ်ပြုခွင့်ရရန် မဖြစ်မနေ ကြိုးစားခဲ့ပါသည်။ ဥပုသ်ပြုခွင့်ရ၍ပြုရသောအခါ အခြားအမှုဖြင့်ထောင်ကျနေသော ဘုန်းကြီးတပါးနှင့် ဥပုသ်ပြုရန် ထောင်အာဏာပိုင်တို့က စီစဉ်ပေးခဲ့ပါသည်။ သို့သော် ယင်းဘုန်းကြီးသည် ဒုတိယသိက္ခာပုဒ်ဖြင့်

ညီညွတ်စွန်းနိုင်သောပြစ်မှုကြောင့် ထောင်ကျနေသူဖြစ်၍ ထိုပုဂ္ဂိုလ်အပေါ် သံသယရှိသဖြင့် ထိုပုဂ္ဂိုလ်နှင့်ဥပုသ်မပြုပဲ လပြည့်လကွယ်တို့၌ ထောင်တွင်းသို့တရားဟောကြွလာသော သံဃာကင်းသည့် ဆရာတော်တပါးနှင့်သာ ဥပုသ်ပြုတော်မူခဲ့ပါသည်။ ကျစ္စာဆရာတော်ဘုရားကြီးသည် ဤမျှအထိ ဝိနည်းကိုလေးစားတော်မူခဲ့ပါသည်။ နိုင်ငံရေး လုပ်ခဲ့စဉ်ကလည်း ဆရာတော်သည် ဝိနည်းနှင့်ညီစွန်းမည့် အကြမ်းဖက်မှုစသော အလုပ်မျိုးအပြောမျိုးတို့ကိုအထူးသတိထား၍ ရှောင်ခဲ့သည်ဟုလည်း သိရပါသည်။ လို့ကြောင့်ပင် ဤစာတန်း ပဋ္ဌမပိုင်း၌ ဤဆရာတော်ကို တွေ့ရသဖြင့်ပင် နိုင်ငံရေးလုပ်သောဘုန်းကြီးများတွင် ပရိယတ်ကျွမ်းကျင်၍ ဝိနည်းလေးစားသော ဆရာတော်များလည်း ရှိပါသေးတကားဟူသော အသိပေါ်ပေါက်ခဲ့ရပါသည်ဟု ဆိုခဲ့ခြင်းဖြစ်ပါသည်။

## ကျမ်းဂန် ပြုစု ရေးသားခြင်း

ကျစ္စာဆရာတော်ဘုရားသည် ပရိယတ်၌ ကျွမ်းကျင်သည်အားလျော်စွာ ကျမ်းဂန်များ ပြုစုရန်လည်း ရည်ရွယ်ခဲ့ပါသည်။ သို့သော် နိုင်ငံရေးသို့ဝင်ခဲ့သဖြင့် ကျမ်းဂန်အများအစား မရေးဖြစ်ခဲ့ပါ။ နိုင်ငံရေး မလုပ်မီကမူ ဆရာတော်သည် ပဋ္ဌာရာဒိရတနာကရ ဆန်းကျမ်းဘာသာပြန် တစောင်ကိုပြုစုခဲ့ပါသည်။ ထိုကျမ်း၌ ဆန်းကျမ်းများလာ ပဋ္ဌာရာပုံစံတို့ကို အပြည့်အစုံဖော်ပြ၍ ရေးသားပြုစုထားသည်ကို တွေ့ရပါသည်။

စစ်ကြီး ပြီးပြီးနောက် ဆရာတော်သည် ကျောင်းသားကလေးများအတွက် သင်ပုဏ်းကြီးသစ်တစောင်ကို ပြုစုခဲ့ပါသည်။ ဆရာတော်သည် မိမိအထံ၌နေသော ကျောင်းသားကလေးများကို မြန်မာစာအမြန်ဆုံးဖတ်နိုင်ရန် နည်းသစ်ထွင်၍ သင်ပုဏ်းကြီးကို သင်ပေးခဲ့ပါသည်။ ဆရာတော့်နည်းကား ရက်အနည်းငယ်မျှအတွင်းမှာပင် သင်ပုဏ်းကြီးကို မပင်မပန်း တတ်မြောက်နိုင်သောနည်း ဖြစ်ပါသည်။ ထိုကျမ်း၌ သင်ပုဏ်းကြီးအပြင် သူငယ်တို့နှင့် သင့်တော်သောဝါကျ ၁၀၀ ခုကိုလည်း သူငယ်ဆောင် ဝါကျအမည်ဖြင့် ဖော်ပြထားပါသည်။ သင်ပုဏ်းကြီးဖြတ်လမ်းဖြစ်သော ထိုကျမ်းကို ဆရာတော်က လေယာဉ်ပျံသင်ပုဏ်းကြီးဟု အမည်ပေးခဲ့ပါသည်။

ဆရာတော်သည် ဓာတ်ဆိုင်ရာ ကျမ်းတကျမ်းကို ဓာတုတ္ထဘေဒနီ ဟူသော အမည်ဖြင့်ပြုစုရန် အကြံအစည် ရှိခဲ့ကြောင်း အမိန့်ရှိဘူးပါသည်။ ဒွေဘော်အရာနှင့်စပ်လာလျှင် သက္ကဋမတတ်သူများသည် ရူပသိဒ္ဓိ အဖိုကိုသာ အမှီပြုကြရသည်။ သို့သော် ထိုကျမ်း၌ ဒွေဘော်အရာဝယ် အလွန်များသော ဓာတ်အနည်းငယ်ကိုသာထုတ်ပြခဲ့ပါသည်။ ထို့ကြောင့် ကျဖွာဆရာတော် ဘုရားသည် သက္ကဋမတတ်သူများအတွက် အာဒိဒွေဘာဝဓာတ်၊ အန္တဒွေဘာဝဓာတ်တို့ကိုပါ ခွဲခြားပြဆို၍ ဓာတုတ္ထဘေဒနီကို ရေးသားရန် ရည်ရွယ်ထားခဲ့ပါသည်။ သို့သော် ထိုရည်ရွယ်ချက်သည် အကောင်အထည် မပေါ်ခဲ့ပါ။ အကယ်၍သာ ဓာတုတ္ထဘေဒနီကျမ်းကို ရည်ရွယ်ထားသည့်အတိုင်း ရေးဖြစ်ခဲ့လျှင် ဓာတ်နှင့် ဓာတ်ဒွေဘော်ဆိုင်ရာ၌ အားကိုးလောက်သော ကျမ်းတကျမ်းဖြစ်မည်မှာ မလွဲပါ။ ဆရာတော်သည် ဓာတုတ္ထဘေဒနီ ရေးရန်ဆန္ဒကို ပြန်လွန်တော် မူသည်အထိ မလျှော့ခဲ့ဟု ယူဆရပါသည်။ ဆရာတော်ပြန်တော်မမူမီ တနှစ်လောက်က စာအုပ်ကြော်ငြာတခု၌ သက္ကဋဓာတုပါဌတို့မှ ဓာတ်များကို အက္ခရာဝလိ စီစဉ်၍ပြဆိုထားသော ကျမ်းတကျမ်း အမည်ကိုတွေ့ရ၍ ဆရာတော်အား လျှောက်ထားရာ ဆရာတော်က ထိုစာအုပ်ကို နိုင်ငံခြားသို့ အမှာခိုင်းခဲ့ပါသည်။ စာရေးသူလည်း ထိုစာအုပ်ကို ရန်ကုန်အင်းဝတိုက်မှ တဆင့်မှာခဲ့ပါသည်။ သို့သော်ထိုစာအုပ်သည် ဆရာတော်ပြန်လွန်တော်မူပြီးနောက်မှ ရောက်လာခဲ့ပါသည်။ ဆရာတော်သာ ထိုစာအုပ်ကို ကြည့်ရှုတော်မူရလျှင် အလွန် နှစ်သက် ဝမ်းမြောက်တော်မူမည်ဖြစ်ပါသည်။

ဆရာတော်သည် ကျမ်းဂန်အချို့ကို ပြုစုခဲ့ရုံမျှမက ကျမ်းသုံး ကျမ်းကိုလည်းရေးသားတော်မူခဲ့ပါသည်။ ထိုကျမ်းတို့ကား မာဓဝနိဒါန်း မဓုကောသဋီကာ နိဿယ ဒဗျိုခေါ် သက္ကဋအလင်္ကာနိဿယ နှင့် ဝိဒဂ် နိဿယတို့ဖြစ်ပါသည်။ အားလုံး သက္ကဋကျမ်းနိဿယတို့ ဖြစ်ပါသည်။ ထိုကျမ်းတို့ကို ဆရာတော်သည် ဆရာတော် ဦးပညိန္ဒယ အထံ၌တက်ယင်း ထိုဆရာတော်ပို့ချသော အနက်များ မပျောက်မပျက် အရှည်တည်စေရန် ရည်သန်၍ ထိုဆရာတော်၏ ချနက်များကို မှတ်တင်ခဲ့ခြင်း ဖြစ်ဟန်တူပါသည်။ အလင်္ကာဘာသာဋီကာ နိဒါန်း၌ပြထားသော ကာဗျာဒါသနိဿယ ကား ဆရာတော်ရေးသားမှတင်ခဲ့သော ထိုနိဿယပင်ဖြစ်ပါသည်။

ဆရာတော်သည် မိမိကိုယ်တိုင် ကျမ်းပြုစုရန် ရည်ရွယ်တော်မူရုံမျှမက အခြားဆရာတော်များကိုလည်း ကျမ်းဂန်ရေးသားပြုစုရန် တိုက်တွန်း တောင်းပန်လေ့ ရှိပါသည်။ အဘိဓာန်နိဿယသစ်ကို ရေးသားပြုစုတော်မူခဲ့သော အဘယာရာမ ဆရာတော်ကို အဘိဓာန်ဋီကာသစ်တစောင်ပြုစုရန် ဆရာတော်သည် လျှောက်ထားခဲ့ဘူးပါသည်။ လက်ရှိအဘိဓာန်ဋီကာသည် သက္ကဋကို မှီလွန်းခြင်း၊ အချို့အရာတို့၌ ချွတ်ချော်ချက်များရှိခြင်းတို့ကြောင့် ဋီကာသစ်ပြုစုရန်တောင်းပန်ခြင်းဖြစ်ပါသည်။ ထိုသို့ လျှောက်သောအခါ အဘယာရာမဆရာတော်ဘုရားက အတန်ငယ်စဉ်းစားပြီး "အင်း နှစ်နှစ်လောက်ရေးရလိမ့်မယ်" ဟု မိန့်သည် ဆိုပါသည်။ ထိုအခါ ဆရာတော်က "ဘယ်နှစ်နှစ်ကြာကြာပေါ့ဘုရား" ဟု ပြန်လည် လျှောက်ထားခဲ့ပါသည်။သို့သော် ထိုသို့ဝန်ခံပြီး မျှားမကြာမီမှာပင် အဘယာရာမဆရာတော် ပြန်လွန်တော်မူခဲ့သဖြင့် ထို ဋီကာသစ်လည်း အကောင်အထည် မပေါ်ခဲ့တော့ပါ။

## တိုက်တာ ကြီးပွားခြင်း၏ အကြောင်းမှန်

ကျွတ္တ ဆရာတော် ဘုရားသည် ကျောင်းတိုက်များ ကြီးပွားခြင်း အရှည် တည်တံ့ခြင်း၏ အကြောင်းမှန်ကို တခါက ဖော်ထုတ်ခဲ့ ပါသည်။ မန္တလေးမြို့ ဒက္ခိဏာရာမ ဘုရားကြီးတိုက် နှစ်တရာပြည့် အထိမ်းအမှတ်ပွဲနေ့က ဖြစ်ပါသည်။ ထိုနေ့ကမျာ းပြားလှသော ရဟန်းပရိသတ်လူပရိသတ်ရှေ့တွင် ဆရာတော်က စာချဘုန်းကြီးများ အဆက်မပြတ် ပေါ်ထွက်နေခြင်းသည်သာ ကျောင်းတိုက် တည်တံ့ကြီးပွားခြင်း၏ အကြောင်းမှန်ဖြစ်ကြောင်းကို ပြတ်ပြတ်သားသား မိန့်ကြားတော်မူခဲ့ပါသည်။ ကျောင်းတိုက်၌ ရဟန်းသာမဏေများ ပေါများနေခြင်းကို ကျောင်းတိုက် တည်တံ့ခြင်း၏အကြောင်းရင်းဟု ဆရာတော်ကမမြင်ပါ။ ကျောင်းကန်အဆောက်အဦတွေ များပြား တိုးပွားနေခြင်းကိုလည်း ကျောင်းတိုက် တည်တံ့ကြောင်းအစစ်ဟု ယူဆတော်မမူပါ။ ရဟန်း သာမဏေတွေ၊ ကျောင်းကန်အဆောက်အဦတွေ မည်မျှပင် ပေါများ နေသော်လည်း ပရိယတ်ကို အားထုတ်သူမရှိလျှင် သာသနာတော်သည် မကြာမီမှာပင် ကွယ်ပသွားမည်ဖြစ်ပါသည်။ ပရိယတ်အား ထုတ်သူရှိရန်မှာလည်း ပရိယတ်ကို

သင်ကြားပို့ချပေးမည့် စာချဆရာများရှိမှသာဖြစ်နိုင်မည်။ စာချပေးမည့် စာချဘုန်းကြီးများမရှိသည့်ကျောင်းတိုက်များကိုမည်မျှပင် သံဃာများ၏ အဆောက်အဦတွေ တိုးတက်နေစေကာ ကျောင်းတိုက် ပျက်များဟုသာ ဆရာတော်က သုံးသပ်ရှုမြင်ပါသည်။ ဘုရားကြီးတိုက်သည် အနှစ်တရာ ရှိသည့်တိုင် စည်ကား သိုက်မြိုက်သောတိုက်ကြီးဖြစ်နေခြင်းမှာ ထိုတိုက်၌ စာချ ဆရာတော်များ အဆက်မပြတ်ထွက်ပေါ် နေသောကြောင့်သာ ဖြစ်ကြောင်းထုတ်ဖော်ခဲ့ပါသည်။ ဆရာတော်၏သုံးသပ်ချက်မှာ သဘာဝ ကျလှသဖြင့် နာကြားကြရသော ရဟန်းရှင်လူ အားလုံးကပင် ကြိုက်နှစ် သက်ကြပါသည်။ ကျောင်းတိုက်၌ သံဃာများလျှင် အဆောက်အဦတွေ တိုးပွားနေလျှင် ကျောင်းတိုက်ကြီးပွားနေသည်ဟု ယေဘုယျ မှတ်ထင် လေ့ရှိကြသည်ဖြစ်ရာ ဆရာတော်၏ မိန့်ကြားချက်မှာ ဆရာတော် အမြင် သန့်ကြောင်းကို ထင်ရှား ဖော်ပြလိုက်သော မိန့်ကြားချက် ဖြစ်ပါတော့ သည်။

## စာပေပို့ချခြင်း

ဆရာတော်တို့ နိုင်ငံရေးဆောင်ရွက်နေစဉ်မှာပင် ဒုတိယကမ္ဘာ စစ်ကြီးဖြစ်လာသဖြင့် ဆရာတော်သည် နိုင်ငံရေးအလုပ်မှ အနားယူရ ပါသည်။ စစ်ဘေးမှတိမ်းရှောင်ရန် ဆရာတော်သည် စစ်ကိုင်းတောင်ရိုး ဘက်သို့ ကြွလာခဲ့ပါသည်။ ပဌမတွင် မော်ကချောင်ကြီးဘက်သို့ ကြွ၍ ထိုမှတဖန် အောက်မင်းဘူးချောင်သို့ ရွှေ့ပြောင်း သီတင်းသုံးခဲ့ပါသည်။ စစ်ကြီးပြီးပြီးနောက်တွင်ကားပြန့်ကြီးချောင် ဒါယိကာမကြီး ဒေါ်မြမေ ၏ ပင့်လျှောက်ချက်အရ ပြန့်ကြီးချောင်၌ သီတင်းသုံးတော်မူခဲ့ပါသည်။ ထိုချောင်၌ သီတင်းသုံးနေစဉ်မှာပင် ဆရာတော်သည် စာသင်သား ရဟန်း၊ သီလရှင်တို့အား စာပေပို့ချပေးခဲ့ပါသည်။ ၁၃၁၂-ခုနှစ်တွင် ဆရာတော်သည် ကျစ္စာချောင်ကိုအလှူခံရ၍ ကျစ္စာချောင်သို့ရွှေ့ပြောင်း ပြီး သီတင်းသုံးတော်မူခဲ့သည်မှာ ပြန်လွန်တော်မူသည့် ၁၃၂၉ ခုနှစ် အထိဖြစ်ပါသည်။ ကျစ္စာချောင်၌ သီတင်းသုံးနေစဉ်မှာလည်း ဆရာ တော်သည် ပရိယတ်ကျမ်းဂန်များကို အဆက်မပြတ် ပို့ချတော်မူခဲ့ပါ သည်။

ကျစွာဆရာတော်ဘုရားကြီးသည် ပရိယတ်အရာ၌ စွယ်စုံတော်သော ဆရာတော်ဖြစ်ပါသည်။ ထိုသို့ စွယ်စုံတော်ဖြစ်ကြောင်းကို ဆရာတော်ပို့ချခဲ့သော ကျမ်းဂန်များကို ထောက်ရှုသဖြင့် သိနိုင်ပါသည်။

သဒ္ဒါဘက်ဆိုင်ရာ၌ ဆရာတော်သည် သဒ္ဒါကြီး၊ ရူပသိဒ္ဓိကျမ်းတို့ကို၎င်း၊ သဒ္ဒါငယ်များ ဖြစ်ကြသည့် ဝါစ္စဝါစက၊ ဝိဘတျတ္ထ၊ ကေက္ခရ ကောသတို့ကို၎င်း၊ ဏွာဒိမောဂ္ဂလ္လာန်ကို၎င်း ချပို့တော်မူခဲ့ပါသည်။ သဒ္ဒါကျမ်းများကို ချပို့သောအခါ ဆရာတော်သည် သက်ဆိုင်ရာ နေရာတို့၌ မူရင်းဖြစ်သော သက္ကဋသဒ္ဒါကျမ်း၊ အဘိဓာန်ကျမ်းတို့နှင့် ညှိနှိုင်းတိုက်ဆိုင်၍ အဆင့်အတန်းမြင့်မြင့် ပို့ချတော်မူပါသည်။

ဆရာတော်သည် ဆန်းပါရဂူဖြစ်တော်မူသော သိရိကုမာရ ဆရာတော်၏တပည့်ဖြစ်သည်အားလျော်စွာ ဆန်းကိုလည်း နိုင်နင်းတော်မူပါသည်။ ကျမ်းပြုခန်း၌ပြခဲ့သော ပတ္ထာရာဒိရတနာကရ ဆန်းကျမ်းဘာသာပြန်ကို ပြုစုတော်မူခြင်းကြောင့်ပင် ထိုအဖြစ်ထင်ရှားပါသည်။ ထိုသို့ ဆန်းကျမ်း၌ နိုင်တော်မူသဖြင့်လည်း ဝုတ္တောဒယဆန်းကျမ်းကို ချပို့သောအခါ ဝုတ္တရတနာကရစသော ဆန်းကျမ်းများနှင့် အသေးစိတ်နှိုးနှော တိုက်ဆိုင်၍ သိုက်သိုက်မြိုက်မြိုက် စိတ်ရှည်လက်ရှည် ချပို့တော်မူပါသည်။

အဘိဓမ္မာကျမ်းများ အနေဖြင့်ကား သင်္ဂြိုဟ်နှင့် ဋီကာကျော်ကျမ်းတို့ကို ပို့ချပေးခဲ့ဘူးပါသည်။ ညဝါကျမ်းများတွင်ကား မာတိကာ၊ ဓာတုကထာနှင့် ယမိုက်တို့ကို ချပို့ပေးခဲ့ဘူးပါသည်။ ပဋ္ဌာန်းကိုကား လျှောက်ထားသူမရှိ၍သာ မချပို့ဖြစ်ခဲ့ခြင်းဖြစ်ပါသည်။ မန္တလေးမြို့ ဘုရားကြီးတိုက် ဆရာတော် ဦးပုခန်းသည် အဘိဓမ္မာဆိုင်ရာ ညဝါများကို ပို့ချသောအခါ လက်ရှိပုံနှိပ်ပြီး ထန်းတပင် အကောက်အပြင် ပေမူဖြင့်ရှိသော အခြားအကောက်များကိုပါရနိုင်သမျှ ရှာဖွေ၍ တပည့်များကို လေ့လာစေသည်။ လက်ရှိအကောက် လိုအပ်ချက် စသည်တို့ကို၎င်း၊ အခြားအကောက်များနှင့်ကွဲလွဲသည့် နေရာများကို၎င်း တွေ့လျှင် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ၊ အနုဋီကာ အထောက်အထားအကိုးများဖြင့် ဖြည့်စွက်ညှိနှိုင်း၍ ပို့ချတော်မူလေ့ရှိသည်ဟု ကျစွာဆရာတော် မိန့်ခဲ့

ဘူးပါသည်။ ဆရာတော်သည် ထိုဆရာတော်ဦးပုညႇ်းအထံ၌ ထိုနည်းဖြင့် ညဝါတို့ကို လေ့လာခဲ့ဘူးပါသည်။ ထို့ကြောင့် စာပြန်ပွဲဝင် စာသင်သားများအတွက် လက်ရှိအကောက်ပါသမျှကိုသာ ချပို့ခဲ့ရသော ကျစွာဆရာတော်ဘုရားအဖို့ စိတ်ရှိတိုင်း ဉာဏ်မလွန့်သာခဲ့ဟုပင်ဆိုရမည်ဖြစ်ပါသည်။ ဆရာတော်လေ့လာခဲ့သောနည်းမျိုးဖြင့် ညဝါလေ့လာနည်းမျိုးယခုအခါ မရှိတော့ဟုပင် ဆိုချင်ပါသည်။ သို့ဖြစ်၍ ကျစ္စာဆရာတော်ဘုရား၏ညဝါဉာဏ်ကား အလွန်အဆင့်အတန်း မြင့်လှပါသည်။

သက္ကဋဘာသာကား ဆရာတော် နှစ်သက်လှသော ဘာသန္တရတခုဖြစ်ခဲ့ပါသည်။ မိမိတတ်သလို တပည့်များကိုလည်း တတ်စေလိုသဖြင့် ဦးလက္ခဏာ၊ ဦးဗြဟ္မဝံသ၊ ဦးသာမိနစသော တပည့်တို့အား မုဒ္ဓဗောဓသဒ္ဒါကျမ်းကို အစမှအဆုံးတိုင် ပို့ချပေးတော်မူခဲ့ပါသည်။ မုဂ္ဓဗောဓကျမ်းသည် ကာတန္တကျမ်းနှင့်စာလျှင် ခက်ခဲသောကျမ်း ဖြစ်ပါသည်။ ပါဏိနိသဒ္ဒါကျမ်းကြီးလာ လောကီက သက္ကဋဆိုင်ရာအချက်တို့ကို ခြုံငုံမိအောင်အကျဉ်းချုံး စီစဉ်ထားသော ကျမ်းဖြစ်သောကြောင့် အတိုသုံးသင်္ကေတများလည်း ထိုကျမ်း၌ပေါများလှပါသည်။ ဝုတ္တိကိုကြည့်ရုံဖြင့် သုတ်နက်ထင်ရန် မလွယ်လှသော ကျမ်းဖြစ်ပါသည်။ ထိုကျမ်းကိုပို့ချသောအခါ ဆရာတော်သည် မြန်မာနိဿယအပြင် သက္ကဋဋီကာများနှင့် ဗင်္ဂါလီနိဿယများကိုပါကြည့်ရှု၍ ပို့ချတော် မူပါသည်။ ပါဏိနိသဒ္ဒါကျမ်းကြီးကိုလည်း ဆရာတော်သည် ပို့ချရန် ရည်ရွယ်ခဲ့ပါသည်။ ထိုသို့ရည်ရွယ်တော်မူသဖြင့် မြန်မာနိဿယမရှိသော ထိုကျမ်းဝုတ္တိ၏ ဂန္ထာရမ္ဘဂါထာများကိုပင် တပည့်များအား အနက်ချပေးခဲ့ပြီး ဖြစ်ပါသည်။ ဆရာတော်သည် ဓာတ်ကျမ်း၌ ဝါသနာထုံတော်မူပါသည်။ ထို့ကြောင့် တပည့်တို့အား မုဒ္ဓဗောဓဆရာပင်ပြုစုခဲ့ရသော (ပါဠိဓာတ်ကျမ်းအရာတွင် နာမည်ကျော်လှသော ဓာတွတ္ထသင်္ဂြိုဟ်ကျမ်း၏ မှီရာဖြစ်သော) ကဝိကပ္ပဒ္ဒုမဓာတ်ကျမ်းကို ချပို့ပေးခဲ့ပါသည်၊ ထိုဓာတ်ကျမ်း၌လည်း မြန်မာနိဿယဟူ၍မရှိပါ။ ထိုသို့ နိဿယမရှိသော သက္ကဋကျမ်းများကိုပင် ပေါက်ပေါက်ရောက်ရောက် ပို့ချနိုင်သည်ကိုထောက်၍ ဆရာတော်သက္ကဋနိုင်ပုံသည် သာမန်မျှမဟုတ်ကြောင်း ထင်ရှားလှပါသည်။

ဆရာတော်သည် စာချသောအခါ တပည့်များအပေါ် လွန်စွာ စေတနာ ထားတော်မူပါသည်။ တခေါက်တည်းဖြင့် သိစရာရှိသည်တို့ကို ပြည့်ပြည့်စုံစုံ သိသွားစေလိုသော ဆန္ဒရှိတော်မူပါသည်။ ထို့ကြောင့် မည်သည့်ကျမ်းစာကိုပင်'ချပို့သည်ဖြစ်စေ တော်စွာ လျော်စွာ မချပို့ပဲ ကျမ်းစုံအောင်ကြည့်ရှု၍ လေးလေးစားစား ပို့ချလေ့ရှိပါသည်။ ချပို့နေသော ကျမ်းနှင့်သက်ဆိုင်သည့် ကျမ်းများကို အနီး၌ဖြန့်ချထားပြီး ထိုကျမ်းတို့မှ မှတ်သားဖွယ် အဓိပ္ပာယ်တို့ကို အေးအေးဆေးဆေး ပြောပြလေ့ရှိပါသည်။ စာတဝါတည်းဖြင့်ပင် ထိုကျမ်းဆိုင်ရာ ဗဟုသုတတို့ကို တပည့်တို့သည် တဝကြီး လေ့လာ မှတ်သားခွင့် ရကြပါသည်။

ဆရာတော်သည် အများ အနားယူရာဖြစ်သည့် ဥပုသ်နေ့များ၌ လည်း စာချလေ့ရှိပါသည်။ ဥပုသ်နေ့၌ စာတက်သူများအဖို့ အခြား ပို့ချစရာလိုက်စရာ စာဝါများမရှိသဖြင့် ဆရာတော်၏ဥပုသ်နေ့စာဝါကား တနေကုန်စာဝါအဖြစ်သို့သာ အများအားဖြင့် ရောက်ခဲ့ပါသည်။ ဆရာတော်၏ ဥပုသ်နေ့စာဝါများကို လိုက်ခဲ့ကြရသော တပည့်များအနေဖြင့် ဥပုသ်နေ့ရောက်မည်ကိုပင် ကြောက်နေကြရသည့် အဖြစ်မျိုးသို့ ရောက်ခဲ့ရပါသည်။ ဤမျှအထိ ဆရာတော်သည် စာချရာ၌ စေတနာကြီးမားတော်မူပါသည်။

## စာချစဉ် မိန့်ခဲ့သောမှတ်သားဖွယ်များ

ဆရာတော်သည် သက္ကဋတတ်မှသာ မာဂဓဩနှစ်ဖက်မြင် ဖြစ်နိုင်မည်ဖြစ်ကြောင်းကို စာချရာဝယ် မကြာမကြာအမိန့်ရှိခဲ့ပါသည်။ သက္ကဋကျမ်းဂန်များ၌ မန္တ့စပ်ပါလျှင် ကထာဝတ္ထုအနုဋီကာ၌ များစွာအခက်အခဲတွေ့မည် ဖြစ်ကြောင်းကိုလည်း "ဓာတုကထာ၊ ခက်ဋီကာ၊ ကထာဝတ္ထု၊ အနက်ခု၊ အနုခက်" ဟူသော လင်္ကာလေးကိုရွတ်ကာ ပြောပြလေ့ရှိပါသည်။ ဓာတုကထာ၌ မူလဋီကာခက်၍ ကထာဝတ္ထု၌အနုဋီကာ ခက်လှသည်ဟု ဆိုလိုရင်းဖြစ်ပါသည်။ သို့သော် ဆရာတော်က အနက်ခုကို နှစ်မျိုး အဓိပ္ပာယ် ဖော်နိုင်ကြောင်းမိန့်ပါသည်။ အနက်ခုကို အဖြောင့်အတိုင်းယူလျှင် အနက်ခက်သည်ဟု အဓိပ္ပာယ်ရှိ၍ ကထာဝတ္ထုပါဠိတော်ကို အနက်ထင်ရန်ပင် ခက်လှသည်။ ယင်းပါဠိတော်၌ သကဝါဒီစကား၊

ပရဝါဒီစကားတို့ကို အပြန်အလှန်ပြောသည့်အနေဖြင့် ပြထားသည်ဖြစ်ရာ များစွာသောနေရာတို့၌ သကဝါဒီစကားလိုလို၊ ပရဝါဒီစကား လိုလိုဖြစ်ကြရသဖြင့် ထိုပါဠိတော်ကို အနက်ထင်ရန်ပင် မလွယ်ဟုဆိုလိုသည်။ အနက်ခု-အနုခက်ဟု ယူလျှင်ကား အနက်ခုသည် အနုခက်၏ပြောင်းပြန်စကားဖြစ်သည်ဟု မိန့်ပါသည်။ ကထာဝတ္ထု အနုဋီကာခက်ရခြင်းမှာ ထိုကျမ်း၌ ချာယဒဿန၊ ဝိသေသိကဒဿန၊ သာခ်ျဒဿနစသော ဟိန္ဒူဒဿနကျမ်းလာ အဆိုများနှင့် နှိုင်းရှည့်ရေးသား ထားသောကြောင့်ဖြစ်လေရာ ထိုဒဿနကျမ်းများကို လေ့လာပြီးပါလျှင် ကထာဝတ္ထုအနုဋီကာမှာ အလွန်ခက်လှတော့မည် မဟုတ်ကြောင်းလည်း မိန့်တော်မူပါသည်။

နယ်ဏကြီးပြန် ဥပဒေ၌လည်း သက္ကဋကိုတတ်မှ ပိုင်နိုင်မည်ဖြစ်ကြောင်း မိန့်တော်မူပါသည်။ ဆရာတော် စာသင်သားဘဝက စာချဆရာတော်ကြီးတပါး ပုဒ်တခု၌ နယ် ဏကြီးအဆုံးအဖြတ်ကို ၆ ရက်လောက်ကြာအောင် ပြော၍ဆုံးဖြတ်ကြောင်း၊ ထိုအဆုံးအဖြတ်ကို ဆရာတော်က မိုးထား ဦးပညိန္ဒြယအား လျှောက်ထားသောအခါ "၆ ရက်လောက်ကြာအောင် အပင်ပန်းခံ ပြောပြီးမှ မှားတာကတော့ အနာဆုံးပဲဗျာ"ဟု မိန့်တော်မူကြောင်းကို ထိုစာချ ဆရာတော်ကြီးသည် သက္ကဋမတတ်၍ အမှားဆုံးဖြတ်မိကြောင်း ကျစွာဆရာတော် အမိန့်ရှိပါသည်။

ဤနယ်ဏကြီး ပြဿနာနှင့်စပ်၍ပင် ရှေးက ဆရာတော်ကြီးနှစ်ပါး၏ခန္ဓာကိုယ်အနေအထားကို သိခွင့်ရဘူးကြောင်းလည်း ဆရာတော်မိန့်ပါသည်။ မင်းတုန်းမင်းကြီးလက်ထက် ရှေးအခေါ် ဂူကြီးတိုက် ယခုအခေါ် ပေါင်းလည်းတိုက် ဆရာတော် ဦးရွှေပုံက ပုဗ္ဗဏှာဟု ဏကြီးဖြင့်သာ မှန်ကန်ကြောင်း ဆုံးဖြတ်သည်ကို ဘုရားကြီးဆရာတော်ကြားတော်မူသောအခါ "အောင်မယ် ရွှေပုံခေါင်းကြီးက သည်လို ပြောသလားဟဲ့" ဟု မိန့်တော်မူ၍ ဘုရားကြီးဆရာတော်က ပုဗ္ဗနှဟု နယ်ဖြင့်မှန်ကြောင်း မိန့်သည်ဆိုပါသည်။ ထိုအကြောင်းကို ဂူကြီးဆရာတော် ကြားသောအခါ "အောင်မယ် ဇာဂရပိန်တာက သည်လို ပြောသလား"ဟု ပြန်လည်မိန့်ကြားတော်မူကြောင်း။ ဤဆရာတော်ဘုရားကြီး နှစ်ပါး၏ အပြန်အလှန်

မိန့်ကြားသော စကားကိုကြားသိရသဖြင့် ဂူကြီးတိုက်ဆရာတော် ဦးသာပုံသည် မဏိ(ဥုးခေါင်း)တော်ကြီး၍ ဘုရားကြီးဆရာတော်ကား ခပ်ပိန်ပိန်ဖြစ်သည်ကို သိရကြောင်း မိန့်တော်မူပါသည်။

ကျစ္စာဆရာတော်သည် နငယ်ဏကြီးပြန် ဥပဒေအရာတွင် သက္ကဋသာ မူရင်းဖြစ်သည်ဟု ခံယူထားသော်လည်း အရာရာ၌ သက္ကဋသို့လိုက်သည်ကိုကား နှစ်သက်တော်မမူပါ။ သက္ကဋ၌ တမာပင်ဟော ပိစုမန္ဒဟုရှိသည်။ သို့သော် ထိုကိုထောက်၍ "နင္ဌေရုပုစိမန္ဒမူလေဟော ပါဠိတော်ကိုနင္ဌေရုပိစုမန္ဒမူလေ"ဟု မပြင်ရ၊ သက္ကဋ၌ ဝိဇေမေဏ ပုရုမေဏဟု ဏကြီးနှင့်ရှိသောကြောင့် ပါဠိ၌လည်း ဝိသေသေဏ ပုရိသေဏရှိရမည်ဟုမဆိုရ" ဟု မိန့်တော်မူပါသည်။ ထို့ပြင် ဥဘဏ ဟူသောပုဒ်၌လည်း သက္ကဋအလိုနငယ်ဖြင့်ဖြစ်သင့်သော်လည်း သက္ကဋဝိဇ္ဇာဟုဆိုထိုက်သော န္ယာသဆရာကြီး ရူပသိဒ္ဓိဆရာကြီးတို့ပင် ဏကြီးဖြင့် လက်ခံအတည်ပြုထားခဲ့ပြီးဖြစ်သဖြင့် ထိုဆရာကြီး ထိုအဆိုအတိုင်း ဏကြီးနှင့်ရှိသည်ကိုပင် ဆရာတော်နှစ်သက်တော်မူပါသည်။

ဂရုမှန်သည် ဂုရုမှန်သည်ဟု အငြင်းပွားရာ၌လည်း သဒ္ဒနီတိဆရာတော်က ဂါရဝဟူသော အ-ကိုအာဝုဒ္ဓိပြုထားသော တဒ္ဓိတ်ပုဒ်ကိုထောက်၍ ဂရုသာမှန်ကြောင်း ဆုံးဖြတ်ခဲ့ပါသည်။ ကျစ္စာဆရာတော်ကမူ အာစွဂေါရဝေဟူသောသုတ်ဖြင့် ဂေါရဝ ဟူသောပုဒ်ပြီး၌ ဩကို-အာပြု၍ ဂါရဝပြီးသည်ဟု ဆိုထားသော ပြာကရိတ်သဒ္ဒါကျမ်း အဆိုကို (ပါကတပ္ပကာသ၊ ၁၊ ၄၃-သုတ်)ထောက်၍ ပါဠိ၌လည်း ဂုရုသာအမှန်ဟု ဆုံးဖြတ်တော်မူပါသည်။

မတြာနှင့်စပ်၍ အဓိပ္ပာယ်ပြောရာတွင်လည်း ဆရာတော်က တစ်မတြာကာလကို အများပြောဆို သုံးစွဲကြသလို မျက်စိတမှိတ်ဟု မသုံးရ၊ မျက်တောင် တခတ်ဟုသာသုံးရမည်။ မျက်စိတမှိတ်ဆိုလျှင် မျက်စိကိုအကြာကြီးမှိတ်ထားက မခက်ပါလားဟု မိန့်ပါသည်။ မျက်စိတမှိတ်ကိုမျက်တောင်တခတ် အဓိပ္ပာယ်ဖြင့် သုံးခြင်းဖြစ်ပါသည်ဟု ဆိုနိုင်သော်လည်း ဆရာတော်၏ မျက်တောင်တခတ်က ပို၍တိကျ ရှင်းလင်းသည်ကိုမူဝန်ခံရမည်သာဖြစ်ပါသည်။

## ပုရပိုက်များ စုဆောင်းခဲ့ပုံ

ဆရာတော်သည် စာတတ် ဆရာတော်တပါး ဖြစ်သည်အားလျော်စွာ စာပေဗဟုသုတ စုဆောင်းရေး ကိုလည်း စိတ်ဝင်စားခဲ့ပါသည်။ ကျမ်းဂန်ဆိုင်ရာ မှတ်စုမှတ်ရာများကို မှတ်သား စုဆောင်းခြင်း ဖြင့်သာ တင်းတိမ်တော်မမူပဲ မှတ်တမ်းပုရပိုက်ဟောင်း များကိုလည်း စုဆောင်းခဲ့ပါသည်။

တခါက ဆရာတော်သည် မန္တလေး အနောက်ပြင် ရှေ့ဟောင်းတိုက်ကြီးတတိုက်၌ တောထွက်ကိုယ်တော်ကြီးတပါး ပုရပိုက်ပုံကြီးအနီး၌ ထိုင်လျက် ပုရပိုက်များကို မီးရှို့ကာရှို့ကာဖြင့် မီးလှုံနေသည်ကို ရင်နင့်ဖွယ်ရာ တွေ့ရသည် ဆိုပါသည်။ ဆရာတော်သည် ထိုပုရပိုက်များ၌ အဖိုးတန် မှတ်စုမှတ်ရာများ ပါမည်ကို သိရှိတော်မူသဖြင့် ယိုကိုယ်တော်ကြီးအား ကျေနပ်လောက်အောင် အာမိသချီးမြှင့်၍ ထိုပုရပိုက်တို့ကို သိမ်းဆည်းခဲ့ပါသည်။

ထိုပုရပိုက်များမှ ဆရာတော်သည် အဖိုးတန် မှတ်တမ်း ၄ ခုကိုရရှိခဲ့ပါသည်။ ထိုမှတ်တမ်းတို့ကား သားတော် သီပေါမင်းသား ပဌမပြန် ဆိုသည့်နေ့စဉ် မှတ်တမ်း ၃ စောင်နှင့် သီပေါမင်းလက်ထက် ရွှေကျင် ဆရာတော်နှင့် တောင်တော်ဆရာတော်တို့ကို သာသနာပြုအပ်သောအမိန့်တော်တို့ဖြစ်ပါသည်။ သီပေါမင်းသားသည် ၁၂၃၇၊ ၃၀၊ ၃၉ ခုနှစ်တို့၌ ပဌမ ပြန်ဆိုခဲ့ရာ ထိုသို့မပြန်ဆိုမီ အစမ်းပြန်ဆိုခဲ့ရပုံတို့မှစ၍ စာပြန်ရာနေ့တို့၌ စာပြန်ထွက်သည့်အစီအစဉ် အခင်းအကျင်းများနှင့်တကွ မည်သည့်နေ့၌ မည်လည့်စာများကို ပြန်ဆိုရသည်စသည့် အသေးစိတ်များကို ထိုမှတ်တမ်း၌ တွေ့ရပါသည်။ သီပေါမင်းသား ပဌမပြန်ဝင်နွှဲခဲ့သည်ကို လေ့လာရာ၌ ထိုမှတ်တမ်းများသည် မရှိသျှင်မဖြစ်သော တန်ဖိုးကြတ်မရသည့်မှတ်တမ်းများဖြစ်ပါသည်။ သာသနာပြုအပ်သည် ဆိုသည်မှာလည်း သာသနာပိုင်ခန့်အပ်ခြင်းပင်ဖြစ်ပါသည်။ သီပေါမင်းလက်ထက် ရွှေကျင် ဆရာတော်နှင့် တောင်တော် ဆရာတော်ကို သာသနာပြုအပ် သည့် အကြောင်း အသိများသော်လည်း သာသနာပြုအပ်သည့် အမိန့်ကို တွေ့

ဘူးသူကား အလွန်ရှားပါလိမ့်မည်။ ထို့ကြောင့်ထိုအမိန့်တော်သည်လည်း ရွှေကျင် ဆရာတော်ဘုရားကြီး၏ ဘဝဖြစ်စဉ်၌ တိမ်မြုပ်နေခဲ့သော မှတ်တမ်းတခုပင် ဖြစ်ပါသည်။ ထိုအမိန့်တော်ကို ဆရာတော်သည် ရွှေကျင် နိကာယ သာသနာဝင်ကျမ်းပြု အဂ္ဂမဟာပဏ္ဍိတ ရွှေဟင်္သာ ဆရာတော် ဘုရားအား ပြတော်မူ၍ ထိုကျမ်းကို ဒုတိယအကြိမ် ပြင်ဆင်ရိုက်နှိပ်ရာတွင် ထည့်သွင်းစေတော်မူခဲ့ပါသည်။ မိမိထံမှရသည်ကို မထုတ်ဖော်ရဟု ဆရာတော်က အမိန့်ရှိသဖြင့် ထိုအမိန့်ကိုဆရာတော်ထံမှရကြောင်း ထိုကျမ်း၌ မထုတ်ဖော်ခဲ့ခြင်း ဖြစ်ပါသည်။ ဤသို့လျှင် သမိုင်း ဖြည့်ကွက် ၂ ခုကို ပေးစွမ်းနိုင် သော အဖိုးတန်မှတ်တမ်း ၄ ခု ယနေ့တိုင် မပျောက်မကွယ်ပဲ ရှိနေခြင်းမှာ ကျစ္စာဆရာတော်ဘုရားကြီး အသိရှိရှိဖြင့် ထိန်းသိမ်း စောင့်ရှောက်ခဲ့သောကြောင့်သာဖြစ်လေရာ ကျစ္စာဆရာတော်၏ ကျေးဇူးကား ကြီးမား လှပါပေတော့သည်။

## နိဂုံး

ဤမျှဖြင့် ကျစ္စာဆရာတော်ဘုရားကြီး၏ ပရိယတ္တိဝိသာရဒဂုဏ် ဆိုင်ရာအချက်အလက်တို့ကို မှတ်မိသမျှတင်ပြပြီးပါပြီ။ ကျစ္စာဆရာတော် ဘုရားကြီး၏ ပရိယတ္တိဝိသာရဒဂုဏ်တော်တို့မှာ ဖော်ပြ၍ဝန်းပြောပြောလို့ ပါသည်။ အမှန်အားဖြင့်ဆိုရလျှင် ဆရာတော်လို ပရိယတ်၌ ကျွမ်းကျင် သောပုဂ္ဂိုလ်သည်သာ ဆရာတော်၏ပရိယတ္တိ ဝိသာရဒဂုဏ်ကို အကုန် အစင်ဖော်ထုတ် နိုင်မည်ဖြစ်ပါသည်။ ဤစာရေးသူတို့ အနေဖြင့်ကား သဒ္ဒနီတိတဒ္ဓိတ်သုတ္တမာလာအဆုံး၌ အရှင်အဂ္ဂဝံသထေရ် မိန့်မြွက်ခဲ့သည် ကို နည်းယူ၍ဆိုရလျှင်........

မာဒိသာနံ အဝိသယော၊ ဂမ္ဘီရော ဝိပုလော မဟာ။
ကျစ္စာထေရဿ ပယျတ္တိ၊ ဆေကတာဂုဏသဥ္စယော။

ကျစ္စာ ဆရာတော်ဘုရား၏ နက်နဲ များပြား ကြီးမားလှသော ပရိယတ္တိဝိသာရဒ ဂုဏ်တော် အပေါင်းသည် ဉာဏ်အား သေးလှသော စာရေးသူလို ပုဂ္ဂိုလ်တို့၏ အရာပင်မဟုတ်ပါ။ သို့သော် ၁၀ ကြိမ် မြောက် ဆရာတော်ဘုရားကြီး၏ ဂုဏ်ကျေးဇူးပူဇော်ပွဲ၌ မိမိတတ်စွမ်း သမျှပူဇော်လိုသဖြင့်သာ သမုဒ္ဒရာရေတပေါက်ကရသည့် ဉာဏ်မီသမျှကို တင်ပြရခြင်းဖြစ်ပါသည်။

သာသနာတော်ဝယ် ပရိယတ် ကျွမ်းကျင်သည်ဟု ကျော်ကြား သောဆရာတော်များသည် ပရိယတ်ကို ကိုယ်တိုင် တတ်ကျွမ်းအောင် အားထုတ်၍ စာပေပို့ချခြင်း၊ ကျမ်းစာရေးသားခြင်း လုပ်ငန်းတို့ဖြင့် သာသနာ့တော်အကျိုးကို သည်ပိုးကြသော ဆရာတော်များဖြစ်ပါသည်။

ကျစွာဆရာတော်သည်လည်း ဆရာသမား ကောင်းများထံ ကျမ်းဂန်တို့ကိုသင်အံလေ့ကျက်ပြီး နှစ်ရှည်လများ စာပေပို့ချခြင်း၊ ကျမ်းစာရေးသားခြင်းတို့ဖြင့် ထိုဆရာတော်များနည်းတူ သာသနာတော်အကျိုးကို ဆောင်ရွက် ခဲ့ပါသည်။ ထိုဆရာတော်တို့တွင် သက္ကဋ စသော ဘာသန္တရတို့၌ ကျွမ်းကျင်သော ဆရာတော်များကား နည်းလှပါသည်။ ကျစွာဆရာတော်သည်ကား သက္ကဋ၊ ဟိန္ဒီ၊ ဗင်္ဂါလီ၊ အင်္ဂလိပ်စသော ဘာသန္တရတို့၌ပါ ကျွမ်းကျင်တော်မူသော ဆရာတော်ဖြစ်ပါသည်။ ထို့ပြင် ထိုဆရာတော်တို့တွင် တိုင်းပြည်နှင့် အမျိုးအတွက် ဆောင်ရွက်ခဲ့သောဆရာတော်ကား ရှားလှပါသည်။ ကျစွာဆရာတော် သည်ကား နှစ်ပေါင်းများစွာတိုင်းပြည်နှင့် အမျိုးအတွက် ကိုယ်ကျိုးစွန့်၍ ဆောင်ရွက်တော် မူခဲ့ပါသည်။ ဤအချက် ဒါလက်တို့ကို ထောက်ရှုသဖြင့် ကျစွာဆရာတော်ဘုရားသည် သာမန် ပရိယတ္တိဝိသာရဒပုဂ္ဂိုလ်မျှ မဟုတ်မူ၍ ဘာသန္တရဆောကဂုဏ်ထူး၊ ရဋ္ဌောပကာရ ဂုဏ်ထူးတို့ဖြင့် အထူးပြုအပ်သော **ဝိသိဋ္ဌပရိယတ္တိဝိသာရဒ** ဆရာတော်တဆူ ဖြစ်တော်မူပါကြောင်း ဖော်ကြူးယင်း ကျစွာဆရာတော်ဘုရားကြီး၏ ပရိယတ္တိဝိသာရဒဂုဏ် ဟူသော ဤစာတန်းကို နိဂုံးချုပ် လိုက်ရပါသည်။

# စစ်ကိုင်းတောင်ရိုး ကျစ္စာချောင်
# ဆရာတော် (ရွှေမျက်မှန်) ဦးဝိဇယ ၏
# အင်္ဂလိပ်အစိုးရ နယ်ချဲ့ဆန့်ကျင်ရေး
# အမျိုး ဘာသာ သာသနာ လှုပ်ရပ်များစာတမ်း
# အကျဉ်းချုပ်


ရေးသားပူဇော်သူ

ဆရာတော် ဦးပဝရ၊ ဦးစီးတာဝန်ခံချုပ်
အမှတ် (၅) အ·ထ·က၊ ဘီ·ဘီ·အို·အေ (မိဘမဲ့)
မန္တလေးမြို့

ဖတ်ကြားပူဇော်သူ

အရှင်ဝိမလ
ဘီ·ဘီ အို·အေ (မိဘမဲ့)၊ မန္တလေးမြို့




ဆရာတော် ဦးပဝရ (ဘီဘီအိုအေ) ရေးသား ပူဇော်သော
'နယ်ချဲ့အင်္ဂလိပ်အစိုးရ ဆန့်ကျင်ရေး၊ အမျိုးဘာသာ သာသနာ လုပ်ရပ်များ'
စာတန်းကို အရှင်ဝိမလက ဖတ်ကြားပူဇော်စဉ်

## စစ်ကိုင်းတောင် (ရွှေမျက်မှန်)ကျစွာဆရာတော်ဘုရား၏
## အင်္ဂလိပ်အစိုးရ နယ်ချဲ့ဆန့်ကျင်ရေး
## အမျိုးဘာသာ သာသနာလုပ်ရပ်များစာတန်း
## အကျဉ်းချုပ်
## (၂ အချီး နိဒါန်း)

ဗုဒ္ဓသာသနာ ၂၅၀၀ ခန့်ပြည့်ခါ ယူးထူးကဲကဲပေါ်ထွန်းလာသော ကျစွာချောင်ဆရာတော်ကြီး (ရွှေမျက်မှန်) ဦးဝိဇယ၏ လုပ်ရပ်များကို ဂုဏ်ပြုပူဇော် ချီးကြူးပါက ကုန်နိုင်ဘွယ်ရာမရှိပါ။ ဟိုတိုတုတ်ဟုတ် လိုရင်းအချက်များကိုသာ မိမိကိုယ်တွေ့ အဟုတ်လုပ်ခဲ့သမျှကို ကောက်ချက် သဘော နောင်လာနောက်သားများ သမိုင်းကြောင်းသဘွယ် မှတ်သားကြရန် တင်ပြပါကြောင်း။

### မဟာသံဃာ့သာမဂ္ဂီ

(၁) မြန်မာ့အသင်းချုပ်ကြီးနှင့် အင်္ဂလိပ်အစိုးရတို့ တဆင့်ပြီး တဆင့် တိုက်ပွဲစခဲ့ကြရာ ပြည်မြို့ ရှစ်ကြိမ်မြောက် အစည်းအဝေးပြီး ကြသောအခါ အာဏာဖီဆန်လိုသော စိတ်ဓာတ်၊ ထောင်ကျခံလိုသော စိတ်ဓာတ်ထိ ရင့်ကျက်လာကြသည်။ ထိုအစည်းအဝေးကြီးသို့ မန္တလေးမှ (ရွှေမျက်မှန်) ဆရာတော် ဦးဝိဇယ၊ (မိုးဒါး) ဆရာတော် ဦးဇာဂရ၊ (စိန်ပန်း မန္တလေး)ဦးသုမင်္ဂလ၊ ဦးပဝရတို့ ပခုက္ကူမှ ဦးစီးတက်ကြသည်။ တပြည်လုံး (မဟာသံဃ သာမဂ္ဂီအဖွဲ့များ) တောရောမြို့ပါဖွဲ့ရန် ဆုံးဖြတ်ချက်အရ ပြည်မြို့ ပွင့်လှသိမ်ကုန်းမှ ယာယီစခဲ့ကြသည်။

(၂) ဆရာတော်ဦးဝိဇယ မိုးဒါးတိုက်မှဦးစီး၍ လေးပြင်လေးရပ် မန္တလေး ရန်ကုန်မှစ၍ တပြည်လုံး မဟာသံဃာ့သာမဂ္ဂီအဖွဲ့ချုပ် ဖွဲ့၍ ဝံသာနုအသင်းများ မြို့တိုင်း ရွာတိုင်း တပြည်လုံး အဖွဲ့ချုပ်ကြီးဖွဲ့ပြီး အင်္ဂလိပ်အစိုးရကို အရေးဆိုကြသည်။ ထိုအချိန် ဖေ-ပု-ရှိန် အင်္ဂလန် သွား၍ အရေးဆိုကြသည်။

## အင်္ဂလိပ်ကို အာဏာဖီဆန်ခြင်း

(၃) ဝံသာနုမျိုးချစ်စိတ်များ တက်ကြွနေသောအချိန်၌ "ဘုရင်ခံ ကရက်ဒေါက် ထွက်သွား" ဟု အမိန့်ထုတ်ပြီး အင်္ဂလိပ်အသား စားလို ကြောင်းဟော၍ ဆရာတော် ဦးဥတ္တမက ထောင်ကျပြခဲ့သည်။ ရွှေ မျက်မှန်ဆရာတော်အမှူးပြုသော သံဃာ့အဖွဲ့ ဝံသာနုအဖွဲ့များ၏ အတွင်း ရေးစီမံကိန်းအရ ဦးသုမင်္ဂလ၊ ဦးဇာဂရ၊ ဦးပဝရ၊ ဒေါ်မှုံအမှူးပြု သောပုဂ္ဂိုလ်များက မန္တလေးအရေးပိုင် မစ္စတာဂရန့် အမိန့်အာဏာ ဖီဆန်ပြကြခြင်း၊ ရန်ကုန်တက္ကသိုလ် ကျောင်းသားသပိတ်များက ထပ် လောင်းပေါ်ထွက်လာ၍ အင်္ဂလိပ်အစိုးရမှာ တောင်မင်းကိုမျှောက်မင်း မကယ်နိုင်ဖြစ်လာသည်။

(၄) မန္တလေး၊ နဝမကွန်ဖရင့် ကျင်းပသောအခါ "ဟုမ်းရူး လွတ်လပ်ရေး၊ ကိုယ်ပိုင်အုပ်ချုပ်ရေး ရမှယူမည်" ဟု အင်္ဂလိပ်အစိုးရကို ရာဇသံဆုံးဖြတ်ပို့ကြသည်။ ရွှေတိဂုံအနောက်ဖက် အင်္ဂလိပ်စစ်သချိုင်း များ အမြန်ရွှေ့ပေးရန် ရာဇသံ ဘိလပ်အထိပို့၍ ရွှေ့ပေးရသည်။ မန္တလေးအိမ်တော်ရာဘုရား ဘိနပ်စီးသော အင်္ဂလိပ်ကိုဓားနှင့်ခုတ်ပြလိုက် ၍ တပြည်လုံးဘိနပ်မစီးကြရ။ ဓားနှင့်သာသနာပြုသောပုဂ္ဂိုလ်ကို ဆရာ တော် ဦးဝိဇယ ကြီးမှူးသောအဖွဲ့က ကျွေးမွေးထားသည်။ ဦးဝိစာရ ထောင်တွင်း အစာတော်ခံ၍ သေပြခြင်း၊ ဦးနာဂိန္ဒ၊ ဦးဓမ္မဓရ၊ ဦးပဝရ တို့ အာဏာဖီဆန်ပြခြင်း၊ ဟသံ်ာတမှ (ဘူးသင်း)များထောင်တွင်း လူ မဆန့်က မန်းထောင်သည် ကျောင်းသင်္ဘာယ်အိမ်သင်္ဘာယ် ဖြစ်လာတော့ သည်။ နိုင်ငံရေးလုပ်ဆောင်ရာမှာ အလွန်အမင်း ပင်ပန်း၍ အေးအေး ချမ်းချမ်းနေလိုသောအခါ ရွှေမျက်မှန်ဆရာတော် ဦးဝိဇယသည် ထောင် ကို ကျောင်းသင်္ဘာယ် ထောင်ကျောင်းစံဆရာတော်ဟု စံပြ သီတင်းသုံး

တော်မူခဲ့၏။ ရွှေမျက်မှန်ဆရာတော်ထံ ထောင်တွင်းသို့ ဦးဘဖေ၊ ဦးဘစိ၊ ဦးလှဘနှင့် ဘုန်းကြီးပို့ ပင်ရောက်ကန်တော့ကြသောအခါ "ပုဂ္ဂံဘုရားရှင်၏ သားကောင်းများဖြစ်၍ မဟတ္တမဂန္ဒီကြီး၏ ကွန်ဂရက်စံချိန် မပိုတောင် အမှီလိုက်ပြုကြရမည်" ဟု မိန့်မှာန်းအကျယ်ဟောကြားပြီး ဩဝါဒပေးတော်မူလိုက်သည်။ ထိုအချိန်သည် အိန္ဒိယကွန်ဂရက်က ကြီးမှူး၍ ဂန္ဒီမှေးဖွားသော ဂုဂျရပ်နယ်က အာဏာဖီဆန်၍ ဆားချက်ပြုသော အချိန်ဖြစ်ပါသည်။

## ဒိုင်အာခီအုပ်ချုပ်ရေး

(၅) အင်္ဂလိပ်အစိုးရသည် မြန်မာပြည်ကို ဒိုင်အာခီ (နှစ်ဦးအုပ်ချုပ်ရေး) အိန္ဒိယအရင်ပေးရတော့၏။ လိုင် ပု ကျော်က သပိတ်မှောက် ၂၁ ဦးက လွှတ်တော်ဝင်ရောက်ကြပါသည်။ အင်္ဂလိပ်အစိုးရမှာ အဘွင်းရော အပြင်ပါ နှစ်ဖက်ပြင်းပြင်းထန်ထန် ဆူကြသဖြင့် အုပ်ချုပ်ရေး ပိုခက်လာသည်။ လွှတ်တော်တပတ်၊ နှစ်ပတ်ကြာလာသောအခါ အတွင်းဆူ အပြင်ဆူကို ပိုပြင်းထန်စွာဆူပူပြုကြပါသည်။ ဂငျုန်ဆရာစံကာလည်း လက်နက်ကိုင် တိုက်ပြသောအချိန် ဖြစ်ပါသည်။ သခင်အမတ်များကမကျန် ဝံသာနုအားလုံးသောအမတ်များ ပူးပေါင်းပြီး အင်္ဂလိပ်အစိုးရများကို အပြုတ်တိုက်ပြကြ၍ အင်္ဂလိပ်အစိုးရမှာ ၉၁ ဌာနအုပ်ချုပ်ရေးကို မပေးမဖြစ်၍ ပေးလာကြရပါသည်။

## ရွှေမျက်မှန်ဦးဝိဇယနှင့် ဓမ္မာစရိယစာမေးပွဲ

(၆) ရွှေမျက်မှန်ဆရာတော် ဦးဝိဇယအရှင်မြတ်သည် ပါတီအဖွဲ့အားလုံးပေါင်းပြီး လွှတ်တော်ဝင်ကာ အင်္ဂလိပ်ကို ဦးတည်တိုက်ဖျက်ရန် စီအာဒတ်မိုတီလာ နေရှုးကြီးမှူးသော သရာဇပါတီကဲ့သို့ ပြင်းပြင်းထန်ထန် ပြောင်မြှိုမှ ပြည်လုံးကျွတ်အစည်းအဝေးခေါ်ပြီး ကြိုးစား၏။ ယိုအချိန် ဦးဝိဇယ က အိန္ဒိယကွန်ဂရက် သရာဇဆွာရစ်ပါတီ လုပ်ထုံးများလေ့လာရန် ဦးဥတ္တမ ဦးစီး၍ ဦးဝေပုလ္လ၊ ဦးပဝရ စသည်တို့ကို ၃၇ ကြိမ်မြောက် ကွန်ဂရက်ကြွရန်တိုက်တွန်း၍ ကြွရောက်ကြသည်။ သက်ပန်း၊

မိုးဒါးနှင့်ရေဦး ၂၁ ဦးစသော အဖွဲ့များပေါင်း၍ ငါးပွင့်ဆိုင်အမည်ဖြင့် လွှတ်တော်ဝင်ရန် ပြင်းပြင်းထန်ထန် ကြိုးစားကြရာ အမတ် ၄၅ဦးရ၍ ဦးဘဖေ၊ ၀တ်လုံ ဦးသိန်းမောင်၊ သစ်တောရေးနှင့် ပညာရေး၀န်ကြီး လက်ခံရန် ဩ၀ါဒါစရိယအဖွဲ့က ပါလီမန်အဖွဲ့ကို အမိန့်ပေးသောအခါ "ပဋ္ဌာန်ကြီးအထက် ဓမ္မာစရိယတန်း ပိဋကနိကာယ် ငါးကျမ်းပါသောစာ မေးပွဲထည့်သွင်းပေးရန် ကြိုးစား၍မရက ၀န်ကြီးနှစ်ဦးစလုံး ထွက်ခဲ့ရ မည်"ဟု ဆရာတော် ဦး၀ိဇယအမိန့်ပေးချက်အရ ဓမ္မာစရိယတန်းပါလာ ခြင်းဖြစ်၏။ ပုဂံသည်ဘက် မြန်မာပြည် ဗုဒ္ဓသာသနာတော် ရောက်သည် ကစ၍ ပိဋကနိကာယ် ယခုသင်ကြား ဆုံးဖြစ်လာရခြင်းသည် ဆွေမျက်မှန် (ကျစွာ)ဆရာတော်၏ လုံ့လ ၀ိရိယ အများ ဆုံး ဆိုက မလွဲပါ။

## ရဲရဲတောက်မိန့်ခွန်း

(၇) ဆရာတော်ကြီး၏ ကြည်သို မဆုံးသော လုပ်ရပ်များမှာ ငါးပွင့်ဆိုင်အဖွဲ့ကြီးဖွဲ့ပြီး ရခါ ညလုံးပေါက်ဆိုသလို စည်းဝေးကြ၏။ အဖွဲ့ဝင်တဦးနှင့်တဦး တိုက်ပွဲကြီးများမှာ ပြင်းထန်လှ၏။ ဦးဘဖေနှင့် ဦးစောတို့သည် ဆရာတော် ဦး၀ိဇယကို ဘုရားတဆူဂူတလုံးကဲ့သို့ ဘာမဆို အလိုရှိပါက ထောင်သောင်းမက လှူနိုင် ကြသော်လည်း အမ်၊ အေ ဦးမောင်ကြီးက "ဘဖေ မဲပေးမလား၊ အဆိပ်သောက်မလား၊ တခုခု ရွေးရမည်ဆိုက အဆိပ်သောက်မည်"ဟု ပြတ်သားရဲရင့်စွာ ပြောတော့၏။ အဖွဲ့က ဦးဘဖေ မဲမပေးက ထုတ်ပစ်ဖို့ ဆုံးဖြတ်ရန်သာ ရှိတော့သည်။ အာဏာပိုင်ဩ၀ါဒအဖွဲ့က ဆရာတော်များကလည်း ထုတ်ပစ်ရန်မှတပါး အခြားနည်းမရှိ၊ ည ၇ နာရီမှစ၍ တဖက်နှင့်တဖက် ပြင်းပြင်းထန်ထန် စကားစစ်ထိုးကြရာ သန်ကောင်ကျော် ၂ နာရီခန့်ရောက်လာသောအခါ "နံနက် ၈ နာရီ ဦးအေးမောင်အိမ် လဘက်ရည်ပွဲသို့ ရောက်အောင်ရွှေ့ ထားဖို့ လွှတ်တော်အစည်းအဝေးက ၁၂ နာရီမှစသည်။ ယခုည ငါးပွင့် ဆိုင်မသာချပွဲမဖြစ်ပါစေနှင့်။ ဤအတွင်း ငါးပွင့်ဆိုင် အသက်ရှင်လိုရှင် ဌား ဆေးနည်းရှာကြရန်" ဦး၀ိဇယ၏အမိန့်အရ ရွှေ့လိုက်ကြသည်။ ဦးအေးမောင်အိမ် အစည်းအဝေး ရောက်ကြသောအခါ ဦး၀ိဇယဆရာ တော်က နိုင်ငံရေးအာဏာ သူရ ကိုယ်ရ အဖွဲ့အသီးသီးနှင့် ယှဉ်ပြိုင်တိုက်

ပွဲဝင်နေချိန် နိုင်ငံ၏အကျိုး တကုတည်းသာ အသက်ပေး ဆောင်ရွက်သင့်
ကြောင်း နက်နက်နဲနဲကြောင်းကျိုးညွှန်ပြပြီး အမြင့်မြတ်ဆုံးသာသောတရား
ရှင်ပါးပွင့်သိုင်နှင့်နိုင်ငံတော်ကို ငဲ့သင့်ကြောင်း ရဲရဲတောက် မိန့်ကြားမှုရာ
အမ်ပေအ ဦးပေါင်ကြီးတို့ မဲပေးကြရကော့၏။ တကယ့်ယုံးမြဲသော
အာဇာနည် ကိုယ်ကျိုးမဘက် သူတော်ကောင်းကြီး သက်သက်ဖြစ်
ကြောင်း မေ့မရအောင် အားလုံးက သိသဲ့ကြောက်ကိုကြပါသည်။

## ပါရမီရှင်ဆရာတော်ကြီး

(ဂ) ဦးဘဖေသည် အပေါ် ၄၅ ယောက်ရှင် ဘုရင်ခံ၏အစိုးရဖွဲ့
ရန်အပ်နှင်းသော်သည်း ဦးဘဖေ၏ အကြောင်း အကျိုးမျိုးကြောင့်
အစိုးရမဖွဲ့နိုင်၊ ဦးဘမော်၊ ဦးပု၊ ဦးစော၊ ဆာပေါ်ထွန်းကို သုတမျိုး
ငါတဖုံ အစိုးရဖွဲ့ကြရာ၌ ဦးစောအစိုးရအဖွဲ့သည် ဿမင်သင်မများနှင့်
တွေ့လေရာ ဝါရင်းတုတ်တပ်ခင်းရုံမက ဦးဘဖေစသော ဖခင်လိုပုဂ္ဂိုလ်
ကြီးများ၊ ရွှေမန်းဆရာတော်စသော ငယ်ဆရာများ၊ ဦးဘဦးစသော
ငယ်ပေါင်းများ ထောင်သွင်းအကျဉ်းချ ဟစ်တလာကက်ပင် ကဲတော့
မလိုလိုဖြစ်လာ၍ ဆရာတော် ဦးဝိဇယသည် မောင်စော၏ ဖြစ်ရပ်များကို
ရဲရဲတောက်ဟော၍ ထောင်နန်း စံတော်မူခဲ့သည်။ ဘမော်နှင့် တွဲ၍
'မော်-မြင့်-ဖြူ' အဖွဲ့ထောင်ခဲ့သော တရား နံကြီးချုပ်ပေါင်း ဝတ်လို
ဦးကျော်မြင့်သည် ဆရာတော် ဦးဝိဇယနှင့် ဘုန်းကြီးပူ ဂျိန်းစက်
နေချိန် ညဥ့်သန်ကောင်ကျော် တံခါးလာပုတ်နိုးပြီး (အဇာတသတ်)
ငစော ဖခင် ဦးဘဖေ ထောင်သွင်း၍ ခံမရပ် နိုင်အောင် ဖြစ်ပြီး
မြို့လုံးကျွတ် ငစောရှု့ချပွဲခေါ် ရှု့ချကြရန် စိုင်းပြင်း နေကြောင်း
လျှောက်၏။ ဦးစောကြိုးပေးသောအခါ ဦးကျော်မြင့်သည် ဦးစောအမှု
စီရင်ရသော တရားဝန်ကြီးချုပ်ဖြစ်လာသောအခါ ဆရာတော် ဦးဝိဇယ
သည် ဦးကျော်မြင့်ထံကြွ၍ မောင်စောအသက် အလှူခံလို့ ဖြစ်ကလူရန်
မိန့်ကြားပုံထောက်လျှင် ဒေဝဒတ်နှင့် ဘဝဆက်တိုင်းလို ရင်ဆိုင်ရသော
အလောင်းအလျာကြီးကဲ့သို့ ပါရမီရှင်ဆရာတော်ကြီးဖြစ်၍ အံ့မခန်းဖြစ်
ကြရ၏။

## ပဲ့ကျိုးက လှေမှောက်တတ်သည်

(၉) ဆရာတော် ဦး၀ိဇယ အရှင်မြတ်သည် စစ်အတွင်းမှစ၍ စစ်ကိုင်းတောင်ပြန်ပြီး (ကျစွာ)ချောင်၌သီတင်းသုံး၍ သက္ကဋ္ဌနှင့်ပိဋကတ် စာများကိုပို့ချ၍ တရားလည်း အခွင့် အခါသင့်တိုင်း ပိဋကတ်စာပေ များကို မူထားပြီး အထူးအားထုတ်တော်မူ၏။

(၁၀) စစ်ပြီးသောအခါ ဦးဘဖေ၊ ဟသ်ာတ ဦးမြ၊ သခင်သန်း ထွန်း၊ ဦးအောင်ဆန်းတို့ မန္တလေးလာကြ၍ စကုတိုက် မြသိန်းတန် ဆရာ တော်ထံ ညစာထမင်းစားယင်း အတူးပင့်၍ ရွှေမန်းဆရာတော်၊ ကျစွာ ရွှေမျက်မှန် ဆရာတော် ဘုန်းကြီးတို့ပါ နိုင်ငံ၏အနာဂတ် ရေး့လုပ်ငန်း ရပ်များကို ဆွေးနွေးကြသောအခါ "ဘာသာရေးကတော့ ငါတို့ မပိုင် ထားပါ၊ နိုင်ငံရေးလုပ်ငန်းရပ်များကိုမောင်အောင်ဆန်းတို့ကိုလွှဲလိုက်ပြီ။ မင်းတို့သဘောအတိုင်း လုပ်ကြပေတော့။ လိုယင်တော့ကူညီပါမည်" ဟု မိန့်တော်မူ၏။ "ကိုယ်ပိုင် လွတ်လပ်ရေးကတော့ မုချရတော့မည်။ ဒို့ အချင်းချင်းညီညွတ်ဖို့ကလည်း တိုင်းပြည်က မောင်အောင်ဆန်း ပေါ်ပုံ အပ်ထားသည်။ အရာရာ မောင်အောင်ဆန်း ပြည့်၀စွာ သဘောထား ကြီးဘို့ သတိ အမြဲထားဘို့ ရာထူးဝေရာ၌အခက်ဆုံး၊ နိုင်ငံရေးကတော့ ကမ္ဘာနှင့်စပ်နေ၍ ရိုးရိုးသားသား ငါတို့ခုအုပ်ချုပ်ယင်း လုပ်ပြသွားက လုပ်ယင်း နားလည်သွားရမည်"စသည်ဖြင့် မိန့်ခွန်းပေးသွားတော်မူ၏။

(၁၁) နောက်များမကြာမီ ဦးဘဖေကို ၀န်ကြီးအဖွဲ့ကထုတ်ပစ် လိုက်သောအခါ ရှေ့မှီနောက်မှီ အဓိပတိပုဂ္ဂိုလ်ကြီးမပါတော့၍ အစိုးရ အဖွဲ့) နိုင်ငံရေး ထိန်းပေးမည့်လူစား ရရန်မလွယ်၊ ဦးအောင်ဆန်း၏ အစိုးရအဖွဲ့ ရှေ့လုပ်ငန်း ပဲ့ထိန်းလိုလာတော့မည်၊ ပဲ့ကျိုးကလှေမှောက် တတ်ကြောင်း အကျယ်မိန့်ပါသည်။

## ဗိုလ်ချုပ် အောင်ဆန်းနှင့် ကျစွာဆရာတော်ကြီး

(၁၂)ဦးအောင်ဆန်း အစိုးရအဖွဲ့တွင် ၀န်ကြီးအဖြစ်ပါ၀င်သော ဆရာရာဇတ်၊ ဒီးဒုတ်ဦးဘချိုတို့က ကြေးနန်းနှင့်ပင့်၍ ဦး၀ိဇယပါဘုန်းကြီး

တို့ကြွကြပါသည်၊ ဦးဘဖေ၊ ဦးဘမော်၊ ဆာပေါ်ထွန်း၊ ဦးစောတို့ ဘာလုပ်နေသည်ကို သိမှုဖြစ်ပါမည်။ အရှင်ဘုရားတို့ထက် ပိုကောင်းမြယ်သူ မမြင်ပါ၍ အမြန် ကြွေးနန်းနှင့် ပင့်ရကြောင်း လျှောက်ကြပါသည်။ ထိုအချိန်သည် အင်္ဂလိပ်စစ်ဘပ်လက်နက်များ ပျောက်ချိန်ဖြစ်၏။ ဆတ်ကယ်ဘိနက်က ဆုံးဖြတ်ချက်အရ ကြွမှုသင့်မည်ဖြစ်ကြောင်း ငါ့နေခိုက် ဘုန်းကြီးတို့ထံ ဆရာ ရာဇတ်အခန်း ဦးအောင်ဆန်း၊ သခင်မြတို့ရောက်လာကြပါသည်။ အရေးကြီးသော အချက်များဆွေးနွေးပြီး ထိုနေ့မှာပင် ဦးဘဖေထံကြွ၍ ဟုတ်မှန်သောအတိုင်း အကျယ်ပြောပြရာ ...:....

"ဘာတခုမျှမသိရသော်လည်း ပြီးသောညက ဆာပေါ်ထွန်းအိမ်မှာ ညလုံးပေါက် အစည်းအဝေးပွဲတွင် ဘမော်၊ မောင်စော၊ ဘစိန်၊ ထွန်းအုပ်တို့ပါကြောင်း ကြားသိရပုံ လျှောက်ပါသည်။ ဘပေါ်ကံဆက်ကြွရာ မရှိခိုက်ဖြစ်နေ၍ ဆာပေါ်ထွန်းအိမ်ကြွ၊ ဆွမ်းကပ် ၂ နာရီမျှ စကားပြော၊ ညလုံးပေါက် အစည်းအဝေးဆိုသည်မှာ ဘမော်၊ မောင်စော ဘစိန်၊ ထွန်းအုပ်သူတို့သဘောနှင့် လာကြယင်း၊ တွေ့ဆုံကြယင်းဖြစ်ပါသည်။ "အစိုးရကောင်းလျှင် တောက်ခံဘို့၊ မသင့်လျှင်ဝေဘန်ဘို့၊ အကူ တောင်းပါက ကုသိုလ် ဖြစ်ပါ၁င်ကူညီဘို့၊ ဤအချိန်မျိုးမှာ ဦးဘဖေ ခေါင်းဆောင် တင်ထားဘို့" ပြောရာ မောင်စောက အကျိုးနှင့်တိုက်၍ မဖြစ်ကြောင်းပြော၍ တပည့်တော် အိပ်ခန်း ဝင်ပါတော့သည်၊ သူတို့ ဘာပြောသည်ကို မသိတော့ပါဟု လျှောက်ပါသည်။ နောက်နေ့ နံနက် ဦးစောအိမ် ခြောက်နာရီခွဲ အရောက်ကြွပြန်ရာ ဦးစော ခြောက်နာရီခွဲမှ နေ့ ၁၂ နာရီခွဲထိ တဆက်တည်း ခြားဝင်မရအောင် အားပါးလျှောက်ထားပြီး ဘုန်းကြီးတို့က (အလောင်းဘုရား၊ ဘုရားဆောင်အကြွတွင်၊ ဘုန်းကြီးတို့ဘာ ပြောခွင့်ပေးပါ၊ယခုအချိန်မည်သူဘာဘာလုပ်လုပ် ဦးစော အလုပ်ဘဲဖြစ်ရမည်၊ ဦးအောင်ဆန်းမှာလည်း သန်းထွန်းနှင့် ငြိုးတို့က လည်း ကမ္ဘာသိ၊ နိုင်ငံသိ ခြေတမျိုးလုမ်းနေပြီ၊ ယခုအချိန်မျိုးမှာ အရှေ့မျှော်တွေးပြီး ဥရောပ၊ အမေရိကစသည်သွားနေဘို့ကောင်းသည်။ အစစ ဘုန်းကြီးတို့က ဖြစ်အောင်ကူညီမည်) ပြောပြီး ဦးအောင်ဆန်းတို့ထံပြန်ကြွခဲ့ပါသည်။ ထိုနေ့သည်ကား ဆွမ်းလုံး၁ မစားကြရသော နေ့ထူးဖြစ်၍ မေ့မရသောနေ့ဖြစ်ပါသည်။ ဝန်ကြီး ဦးအောင်ဆန်း၊ ဦးဘချို၊ ဆရာ

ရာဇတ်၊ သခင်မြ၊ ဦးဘဂျမ်း၊ ပျော်ဘွယ် ဦးမြတို့နှင့် ဆွေးနွေးကြပါသည်။ ဦးဘဖေ၊ ဦးပေါ်ထွန်း၊ ဦးစောနှင့်တွေ့ရှိသမျှ ပြောပြပြီး ဦးစော၏ဖြစ်အင်ကို အကဲခတ်ရသည်မှာ လက်ပိုက်ကြည့်နေမည် မဟုတ်ကြောင်း၊ သူ့ကိုယ်သူထိန်းနိုင်မည့်သူ အသိဉာဏ် အားကင်းနေပုံရကြောင်း၊ ထိန်းပေးနိုင်သော ဆရာမိတ်ဆွေကောင်းလည်း မရှိဖြစ်နေသည်၊ ငါတို့ကိုလည်း သူထောင်ချထားဘူး၍ မယုံနိုင်၊ ဦးအောင်ဆန်း အစိုးရအဖွဲ့က လုံခြုံဘို့ အမြန်ဆုံးစီစဉ်ပါ၊ ဦးစောကိုလည်း စိတ်ချရအောင် ထားမှဖြစ်မည်" ဤသို့အကျယ်ပြောပြီး ဝါဆိုလဆန်း ၁၃ ရက်၊ မန္တလေး၊ စစ်ကိုင်းတောင် ဝါကပ်မှီ ပြန်ကြွခဲ့ကြသည်။ ဝါခေါင်လဆန်း ၁ ရက် ကျသောအခါ ဦးအောင်ဆန်းတို့သေဆုံးကြပုံ ရေဒီယိုကသတင်းကြားရတော့၏။ လုံခြုံရေး မြန်မြန်လုပ်ရမည်၊ အလုပ်မလုပ်ခြင်းသည် ရေတွက်မရသော ဆုံးရှုံးခြင်းကြီးဖြစ်ပုံ ဦးဝိဇယက အကျယ်တဝင့် ရာဇဝင် ဇာတ်နိပါတ်များ ညွှန်ပြ၍ မိန့်ဟတော်မူပါသည်။

## သာသနာရေးကိစ္စများ ဆောင်ရွက်ခြင်း

(၁၃) ရွှေမျက်မှန်ဆရာတော် ဦးဝိဇယ အရှင်မြတ်သည် သာသနာရေးသက်သက် ဦးတည် ဆောင်ရွက်ကြရမည့် အဖွဲ့ချုပ်ကြီးတခု ရှိဘို့ ကျောင်းထိုင်အဖွဲ့ကြီးကို မန္တလေးတောင်ပြင်မှစပြီး မင်းမာဆရာတော်နှင့် ဘုန်းကြီးတို့အပါခေါ်ပြီး ဖွဲ့ခဲ့ကြပါသည်။ လေးပြင်လေးရပ်ကျောင်းထိုင် အဖွဲ့ချုပ်ဖွဲ့ပြီး တပြည်လုံး ရန်ကုန် မန္တလေးမြို့တိုင်း ရွာတိုင်းဖွဲ့ပြီးပြည်လုံးကျွတ် အစည်းအဝေးကြီး မန္တလေး မဟာနန္ဒိသေနကျောင်းမှာ နှစ်စဉ်ကျင်းပခဲ့ကြပါသည်။ တိုင်းပြည်၏ အားအကိုးရဆုံးသော အဖွဲ့ကြီးဖြစ်ပါသည်။

(၁၄) ရွှေမျက်မှန် ကျစွာဆရာတော်သည် ပရဟိတကယ်တင်ရေးအဖွဲ့ ကျောင်းပေါင်း ၁၀၁ ကျောင်းကို ရန်ကုန်သင်တန်းပေးသောအခါ တလကျော်မျှဦးစီး၍ ပြည်နယ်ပြည်မ ရှမ်း၊ ကယား၊ ချင်း ကချင်၊ မြန်မာရဟန်းတော်များ စိတ်ပါအောင်၊ ကိုယ်ကျိုးမငဲ့ စွန့်စားအောင် သင်တန်း ပေးခဲ့ပါသည်။ ဦးနုအစိုးရက နိုင်ငံတော်ဘာသာ စုံစမ်းရေး

အဖွဲ့ မြစ်ကြီးနားရောက်သောအခါ ကချင်ခရာဇ်ယန်နှင့် ကြီးပွားစွာအဓိ ကရုဏ်းဖြစ်သောအခါ ဦးဝိဇယဘုန်းကြီးထံ ကြွလာပြီး "ဟဲ့ရှော့" ခရာဇ်ယန်ဘုန်းကြီးများနှင့်တွေ့ပြီး ယခုလို အခါမျိုးမှာ အဂတိကရုဏ်း မဖြစ်ဘို့အကျယ်ပြောပြီး မြစ်ကြီးနားမှာ ပရဟိတအဖွဲ့ချုပ်က နစ်ပါတ် လည်း ညီလာခံခေါ်ရာ မြစ်ကြီးနားအစိုးရနှင့် သာသနာရေးနှင့် လူမှုဝန် ထမ်းဝန်ကြီး ဦးဘစော၊ ခရာဇ်ယန် ဦးစီးများ၏လုံခြုံရေး တာဝန်ယူချက် အရလူပေါင်း ၁၀၀၀၀ ကျော်တက်ရောက် အားပေးကြပါသည်။

(၁၅) ရွှေကျင်ဂိုဏ်း နိုင်ငံလုံးဆိုင်ရာ အစည်းအဝေးကြီးများ မှာလည်း ဆရာတော် ဦးဝိဇယကိုစံကင်းဆရာတော်၊ မြောင်းမြဆရာတော် တို့ကမကျန် အစစအားကိုးယုံကြည်ကြပါသည်။

(၁၆) ဆရာတော် ဦးဝိဇယသည် ပညာရေးမှာလည်း သုံးဆယ်၊ ပုသိမ်၊ မောင်းထောင်၊ ရွှေဟသာတောရ၊ ညောင်တုံး၊ မိုးဒါးကိုက် တို့မှနေ၍ ဘုရားကြီးတိုက်၊ ရွှေရေးဆောင်တိုက်၊ စစ်ကိုင်းတောင်၊ အတိ သုဒ္ဓါရုံ၊ ရက္ခမူချောင်မှစ၍ထိပ်တန်းမှ ပညာပြောင်မြောက်သော မ, တ ထောင် တကောင်ဖွား ဆရာတော်ကြီး ဖြစ်ပါသည်။ အဋ္ဌကထာ၊ ပါဠိ တော်ကြီးများကို နိဿယလွတ် မွေနှောက်နိုင်သော ဆရာတော်ကြီးဖြစ် ပါသည်။ ဝိနည်းမှာလည်း ဒုက္ကဋ်၊ ဒုဗ္ဘာသိကမကျန် လေးစားသော ဝိနယဂရု ပုဂ္ဂိုလ်ထူးကြီးဖြစ်၍ အဖွဲ့တိုင်း၊ ဂိုဏ်းတိုင်း၊ လူတိုင်းက လေး စားကြရပါသည်။ ရွှေမျက်မှန်ဆရာတော်၏ အမြဲတမ်း ဟောပြောနေ ကျ ဩဝါဒမှာ "ဘာဘဲလုပ်လုပ် မိမိ၏ ဝေစုမပါမှ မှန်ကန်ရေးရနိုင် ပါသည်။ ကိုယ့်ကျိုးဝေစုမပါရေးကို အစဉ်သတိပြုပါလေ" ဤကဲ့သို့ ဟောကြားလေ့ရှိပါသည်။

## ရွှေမျက်မှန် ဦးဝိဇယ၏ နောက်ဆုံးနေ့များ

(၁၇) ဆရာတော် ဦးဝိဇယသည် ဝိရိယအလွန်ကဲခြင်း၊ ဟော ပြောရာ၌ ကျန်းမာရေးကို ဂရုမပြုဘဲ နေ့ညမစဲ ညလုံးပေါက် မနေ မနား ဟောပြောခြင်းကြောင့် ကျန်းမာရေး အထူးထိခိုက်လျက်နေသော်

လည်း မမာမပြု၊ သက်ရွယ်ကလည်း ဇရာထောင်းလာ၍ နောက်ဆုံး ဆေးရုံ တက်ရတော့၏၊ မိမိဘဝ နောက်ဆုံး ဇာတ်သိမ်းခန်းရောက်လာသောအခါ ရဟန္တာဖြစ်သော ပုဂ္ဂိုလ်များ၏ လုပ်ထုံး လုပ်နည်းများကို နေ့စဉ် အချိန်ရတိုင်း အထူးပွားများဘို့ဆွေးနွေးကြရာ။

(က) စာတဂါထာ သုံးလကျက်၍ မရသော အရှင်စူဠပန္ထာ ဘုရားနှင့်တွေ့၍ တဏှာချုပ်ရာ နိဗ္ဗာန်၊ တဏှာ အာရုံငါးပါးမှ ယူလာပုံ (ရဇောဟရဏံ) ပုဝါပြ၍ ဖွတ်လျှော်ကဖြူလာပုံ၊ အာရုံ ငါးပါးကို တဏှာမပါအောင် အာရုံပြု၍ ရုပ်တထောင် ဖန်ဆင်းနိုင်သော ရဟန္တာ ဖြစ်လာပုံ။

(ခ) ဇင်္ဂိလသေဒ္ဒေး သေခါနီးဘာဘာဝမှမစော၍ ဘဝချုပ်ရာ ခန္ဓာချုပ်ရာနိဗ္ဗာန်ဝင်စံပုံ။

(ဂ) လောကတိဿ ရှင်သာရိပုတ္တရာနှင့် တွေ့၍ ခန္ဓာရှိ၍သာ အငတ်ပြဿနာပေါ်ပုံ၊ ဒုက္ခအမျိုးမျိုး တွေ့ရပုံ၊ ခန္ဓာချုပ်ရာ နိဗ္ဗာန်အာရုံ ပြု၍ လောကတိဿရဟန္တာဖြစ်သွားပုံ။

(ဃ) ဒုဋ္ဌဂါမဏိ သေခါနီး နတ်ပြဟ္မာများက ဥပါဒါနပစ္စယာ ဘဝေါ။ နောက်ဆုံး ဇောဘဝဖြစ်ပုံ သဘောကျ၍ ဒုဋ္ဌဂါမဏိမင်းကြီးက နတ်ပြည် ၆ ထပ်တွင် တုသိတာနတ်ပြည်သည် အသာယာဆုံး ဘုရား မှန်သမျှ တုသိတာထွက်ချည်း ဖြစ်ပုံ၊ တုသိတာ နတ်ရထား တက်မည်၊ အရိမေတ္တေယျ ဘုရားလောင်းထံမှ ကမ္မာတသောင်းသာသနာပြုပုံ။

(င၊ အနာထပိဏ်သေဒ္ဒေး သေခါနီး ရှင်သာရိပုတ္တရာနှင့်တွေ့၍ ခေါင်းကိုက်ရောဂါ ပြင်းစွာဖြစ်၍ ခံစားနေရပုံလျှောက်ရာ ရှင်သာရိပုတ္တရာက ရုပ်စွဲသလား၊ နာမ်စွဲသလား၊ ရုပ်စွဲက ရုပ်ကသိကောင်းသလား၊ ( နာမ်မှန်းသိစေတတ်တာကနာမ် ) တဏှာ မာန ဒိဋ္ဌိ ခွါကြည့်ရန်မိန့်၍ ရောဂါပျောက်သွားပုံ၊ ဤတရားခန်းရောက်သောအခါ တရားပွားရန် ရပ်ထားကြပါသည်။

(စ) မျက်စိသည် ရုပ်နှင့်တွေ့၍ တဏှာဖြစ်ပုံ၊ တဏှာမပါအောင် ကြည့်တတ်သော ရဟန္တာတို့၏မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ အာရုံ

ငါးပါးနှင့်ထိတိုင်း ရဟန္တာများ တကျော်မပါပုံ၊ အသေးစိတ်ရှုရန်၊ ပွားရန်၊ တကျော်ချုပ်ရာ နိဗ္ဗာန်ပြတ်သားစွာ ကြည့်တတ်၊ ရှုတတ်၊ ပွားများတတ် နိဗ္ဗာန်အမြင်မှန်သမ္မာဒိဋ္ဌိဖြစ်ပုံ၊ နိဗ္ဗာန်အမြင်မှန် သမ္မာဒိဋ္ဌိဖြစ်က ကိလေသာ ဝိဝိကိစ္ဆာ နိဗ္ဗာန်ပေါ် ဝိစိကိစ္ဆာကွာပုံ၊ ကူးမြောက်ပုံ (သီလဗ္ဗတပရာ-မာသ)သည် ဤနေရာ၌ သီလကမဂ်သီလ၊ ဖိုလ်သီလဖြစ်ပုံ၊ ဝတကားကျင့်၊ မဂ်သီလ ဖိုလ်သီလကျင့်ပြီးသားဖြစ်လာပုံ၊ဤနေရာကျတော့ ပရာမာသက အမှားဟူသမျှ မလုပ်တော့ဘူး။ ဤနေရာကျတော့ မောင်လက္ခဏာ အနား လာ၊ အထူးစိတ်ဝင်စားစွာမှတ်ထား၊ ငါ့အတွက်တော့ မပူရစ်ကြနှင့်၊ ဤတရား အထူးပွားများကြရန်မှာပြီး နောက်နေ့ ကြည်ကြည်လင်လင် ဘဝကို မရပ်သိမ်းမီ "ငါတော့ဓမ္မမိတ်ဆွေကောင်းကြီးနှင့် တွေ့ရ၍ ကျေးဇူးဆပ်မကုန်နိုင်ကြောင်း"မိန့်ကြားသွားပါသည်။

## အဋ္ဌမဗျာပန သာဓုကိုဋ္ဌနသဘင်

(၁၈) ရွှေမျက်မှန် ကျစွာဆရာတော် ပြန်လွန်တော်မူကြောင်း သတင်းကြားကြသောအခါ မန္တလေး(လေးပြင်လေးရပ်)ဘုန်းကြီး လော ကကြီးတခုလုံး တုန်လှုပ်သွားပါသည်။ ဆေးရုံမှ ဆင်ဖြူကန်သုသာန်သို့ ပို့ဆောင်သောအခါ ရွှေကျင်ဂိုဏ်း ဝန်ဆောင်ဆရာတော်များ ဦးစီး၍ ကားပေါင်းများစွာဖြင့် ရှေ့ဆုံးကားမှ ဆရာတော် ဦးဝိဇယ၏ ဂုဏ်တော် ကျေးဇူးတော်များ သိကုံးရေးသားထားသော ပါဠိဂါထာများ အသံ ချဲ့စက်ဖြင့် ရွတ်ဆိုလိုက်ပို့ကြပါသည်။

(၁၉) တောင်ပြင် ဘုရားကြီးတိုက်မှစ၍ ကျောင်းတိုက်ပေါင်း ၁၃ တိုက်မှလည်း ဟံသာဝတီဆရာတော်အုပ်စု၊ဆရာတော်ဦးနာရဒအုပ်စု စသည်ဖြင့် အုပ်ထိန်း၍ သူ့တိုက်နှင့်သူ ဆရာတော်ကြီးများကိုယ်တော်တိုင် ကြီးမှူးဦးစီး၍ ဝမ်းနည်းကြေကွဲသော ဆရာတော်ဦးဝိဇယ၏ ဂုဏ်တော် ကျေးဇူးတော်များ ရွတ်ဆိုလိုက်ပို့တော်မူကြပါသည်။

ကြည့်မဆုံးသော သံသာ့ပရိသတ်ကြီး ဆင်ဖြူကန်သုသာန် မြေ မျက်နှာတခုလုံး ပြည့်ကျပ်သွားပါသည်။ စစ်ကိုင်းတောင်မှ ရဟန်း သီလရှင် ပရိသတ်ကြီးသည်လည်း အလောင်းတော်ကြည်ညိုဖူးမြင်ကြရန်

နေရာမရအောင်ဖြစ်ကြပါသည်။ ရွှေကျင်ဂိုဏ်းသြဘာစာ၊ ယုတိမင်္ဂလာစာတန်း၊ အနီးစခန်းဆရာတော်က ဖတ်ကြားရေစက်သွန်းချ၊ ကျစွာဆရာတော်၏ ကိုယ်တိုင်တွေ့ရှိသော ဂုဏ်တော်များကို မိန့်ကြားပါသည်။ လေးပြင်လေးရပ်မှ သြဘာစာများ ဆိုင်ရာဆိုင်ရာအသီးသီး ဖတ်ကြားပြီး (မိဘမဲ့) ဆရာတော်ဦးပဝရက မြန်မာပြည်မန္တလေးသမိုင်းတလျှောက်လုံးတွင် ဤကဲ့သို့ဂိုဏ်းပေါင်းစုံ ရဟန်းရှင်လူ သီလရှင်များမှစ၍ စည်ကားသိုက်မြိုက်သော ဈာပနမျိုး မပေါ်ပေါက်သေးကြောင်း၊ ကမ္ဘာနှင့်မြန်မာ အစားထိုးမရသော ဆုံးရှုံးခြင်းကြီး ဖြစ်ရကြောင်း၊ ကမ္ဘာ လူသားများနှင့် ဗုဒ္ဓသာသနာတော်ကြီးကို လူနတ်ဗြဟ္မာ ရောက်ရာဘဝက စောင့်ရှောက်မည့် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီး ဖြစ်လာမည်ဖြစ်ကြောင်း အကျယ်တဝင့် အသံချဲ့စက်များတပ်ဆင်၍ မိန့်ခွန်းများပြောပြီး ကောင်းချီးသြဘာ အလောင်းတော်ကို အလေးပြုကြပါသည်။

ဖတ်ကြားပူဇော်သူ
အရှင်ဝိမလ

ရေးသားပူဇော်သူ
ဆရာတော် ဦးပဝရ
ဦးစီးတာဝန်ခံချုပ်၊အမှတ်(၅)အ-ထ-က
ဘီ-ဘီ-အို-အေ(မိဘမဲ့)၊မန္တလေးမြို့

ရွှေမျက်မှန် ဦးဝိဇယ ၏

နယ်ခွဲ ဆန့်ကျင်ရေး လုပ်ရပ် နှင့်

ဝံသာနုရက္ခိတ တရားများ စာတမ်း

ဆရာတော် အရှင်ပညာနန္ဒာဘိဝံသ

တင်ပြသည်။




ရွှေမျက်မှန်ဦးဝိဇယ၏ နယ်ချဲ့ဆန့်ကျင်ရေး လုပ်ငန်းနှင့်
ဝံသာနုရက္ခိတ တရားများစာတန်းကို
မဟာဝိဇ္ဇောဒယ ဆရာတော် အရှင်ပညာနန္ဒာဘိဝံသက
ဖတ်ကြားနေစဉ်

# နိဒါန်း

မြန်မာပြည်ကို အင်္ဂလိပ်မျက်နှာဖြူများ သိမ်းယူခံရပြီးနောက် မြန်မာပြည်ဘွား တိုင်းရင်းသားတို့သည် လွတ်လပ်ရေးကိုမရမနေကြိုးစား အားထုတ်ခဲ့လေရာ တဦးတည်းသဘောနှင့် အုပ်ချုပ်သောခေတ်မှ ဒိုင်အာကီခေတ်၊ ဒိုင်အာကီခေတ်မှ ၉၁ ဌာနခေတ်၊ ၉၁ ဌာနခေတ်မှ လွတ်လပ်ရေးခေတ်သို့ အဆင့်ဆင့်ပြောင်းလဲရောက်ရှိခဲ့လေသည်။

ဤသို့ လွတ်လပ်ရေးခရီးပြင်းတလျှောက်တွင် ရှေ့ပိုင်းဖြစ်သော ခေတ်ပြောင်းနှစ်ခေတ် လွတ်လပ်ရေးကြိုးပမ်းမှုနှစ်ဆင့်၌ ဤရွှေမျက်မှန် ဦးဝိဇယခေါ် ကျစွာဆရာတော်ကြီးများကြီးမှူးတော်မူသော သံဃာသာမဂ္ဂီအဖွဲ့အစည်းကြီးသည် သက်စွန့်ကြိုးပမ်း စွမ်းစွမ်းတမန် ပါဝင်ခဲ့ရလေသည်။

ဤသို့ လွတ်လပ်ရေးခရီးကြမ်း၌ ဘုန်းတော်ကြီးများလည်း တခဏ်းတကဏ္ဍပါဝင်ခဲ့ရသည့်အဖြစ်ကို နှောင်းလူတို့ မမေ့ရစ်ကြစေရန် ရည်သန်၍ 'သံဃာသာမဂ္ဂီသမိုင်း' ဟူသော စာစောင်ကိုရေးသားခဲ့ဘူး၏။ ထိုစာစောင်သည် အကြောင်းအမျိုးမျိုးကြောင့် စာအုပ်အဖြစ်သို့မရောက်ဘဲ စာအုပ်ဘီဒိုထဲ၌ပင်လျှင် လက်ရေးမူ အဖြစ်ဖြင့် နှစ်အတော်ကြာ ဝိညာဉ်ချုပ်သကဲ့သို့ မလှုပ်မရှားနေခဲ့ရ၏။

ယခု ၁၃၃၀ ခု ပြာသိုလပြည့်နေ့ ၁၀ ကြိမ်မြောက် ကျစွာဆရာတော်ကြီး၏ ဂုဏ်ကျေးဇူးတော်ကိုရည်မှန်း၍ စာတန်းဖတ်ပွဲကြီးနှင့် ကြုံရသဖြင့် ယင်းသံဃာသာမဂ္ဂီသမိုင်းစာစောင်သည် အသက်ဝိညာဉ် ပြန်လည်ဝင်ရောက်လာပြန်ခါ အတန်ငယ် လှုပ်ရှားနိုင်ခွင့်ရသဖြင့် ဝမ်းမြောက်ရပေတော့၏။

သို့သော် မိမိအနေနှင့် 'ရွှေမျက်မှန်ဦးဝိဇယ၏နယ်ချဲ့ဆန့်ကျင်ရေးလုပ်ငန်းများ' ဟူသော စာတန်းကဏ္ဍမှ ပါဝင်ရမည်ဖြစ်သဖြင့် ယင်းသံဃာသာမဂ္ဂီသမိုင်း စာစောင်မှ ရွှေမျက်မှန် ဦးဝိဇယ ခေါင်းဆောင်တိုက်ရိုက် ဇာတ်လိုက်အနေနှင့်ပါဝင်သော ကဏ္ဍများကိုသာထုတ်နုတ်၍ ဖော်ပြရမည် ဖြစ်ပေသတည်း။

## ဘုန်းတော်ကြီးများ နိုင်ငံရေးလုပ်ဆောင်ရခြင်း၏ အခြေခံ အကြောင်းရင်း

မြန်မာနိုင်ငံကို အင်္ဂလိပ်အစိုးရတို့ တိုက်ခိုက် သိမ်းယူပြီးနောက် မြန်မာပြည်ရှိ သာသနာရေးအခြေအနေမှာ သာသနာဝင်ဦးရေအားဖြင့် တနေ့တခြား ဆုတ်ယုတ်လာခဲ့၏။ မန္တလေးတမြို့တည်းမှာပင် မြန်မာဘုရင်များလက်ထက်က သံဃာတော်အရေအတွက် ခြောက်သောင်းရှိခဲ့၏၊ အင်္ဂလိပ်တို့လက်ထက်အခါ၌ကား တသောင်းခန့်သာရှိတော့၏။

ဆွမ်းရေးကွမ်းရေးမှာလည်း ကြပ်တည်း၍လာခဲ့၏။ မြန်မာဘုရင်တို့လက်ထက်၌ မုဆိုးမတဦးကပင်လျှင် သံဃာတော် ဆယ်ပါးခန့် ဆွမ်းဝတ်ပြုနိုင်၏။ အင်္ဂလိပ်တို့လက်ထက်၌ကား နှစ်ပါးသုံးပါးလောက်ကိုပင် အနိုင်နိုင်ကြိုးစားရ၏။

တန်ခိုးအာဏာမှာလည်း သိသိသာသာကြီး ယုတ်လျော့လာခဲ့၏။ အင်္ဂလိပ်တို့ခေတ်က မြန်မာဘုန်းတော်ကြီးများ၏ တန်ခိုးအာဏာသည် ခရာဇ်ယန်ဘုန်းကြီး တန်ခိုးအာဏာ၏ဆယ်စိတ်တစိတ်မျှပင်မရှိတော့ချေ။

ဤသို့လျှင် ဗုဒ္ဓသာသနာတော်ကြီး၏အရှိန်အဝါသည် အဖက်ဖက်မှကျဆင်းလာသဖြင့် 'တိုင်းပြည်ကြီးလွတ်လပ်ခါ ကိုယ့်မင်းကိုယ့်စိုးနှင့်နေရပါမူ ဤဗုဒ္ဓသာသနာတော်ကြီးသည် မြန်မာဘုရင်လက်ထက်တော်အခါက အခြေအနေအတိုင်း စိမ်းလန်းစိုပြေ စည်ပင်ပေရာ၏'ဟု နှလုံးပြုမိတော်မူကြသဖြင့် ဘုန်းတော်ကြီးများ နိုင်ငံရေး၊ နိုင်ငံလွတ်လပ်ရေးကို ဆောင်ရွက်တော်မူကြရခြင်း ဖြစ်လေသည်။

## သံဃာအဖွဲ့များ ပေါ်ပေါက်လာခြင်း

၁၂၆၈-ခု၊ ( ၁၉၀၆-ခု ) နှစ်တွင် ဗုဒ္ဓဘာသာကလျာဏယုဝ (ဝိုင်-အမ်-ဘီ-အေ)အသင်းကြီးကို စတင်တည်ထောင်သည်။ ၁၂၈၂-ခု (၁၉၂၀-ခု)နှစ်တွင် ဝိုင်-အမ်-ဘီ-အေ အသင်းကြီးမှ ဂျီ-စီ-ဘီ-အေ ခေါ် မြန်မာအသင်းချုပ်ကြီးအဖြစ်သို့ ပြောင်းလဲသည်။

ဤအတောအတွင်း နိုင်ငံရေးနှင့်ပတ်သက်သော သံဃာ့အဖွဲ့အသင်း ထင်ထင်ရှားရှားမပေါ်သေးဘဲ ဆရာတော် ဦးဥတ္တမတဦးတည်းသာလျှင်

ဝိုင်-အမ်-ဘီ-အေ အသင်းကြီးနှင့်ပူးတွဲလျက် နိုင်ငံရေးကို စတင်ဆောင်ရွက်၍ နေပေသေးသည်။

အနည်းငယ်ချဲ့ဦးအံ့။ ဆရာတော် ဦးဥတ္တမသည် ၁၂၇၀-ခု (၁၉၁၉-ခု)နှစ် ဂျပန်နိုင်ငံမှ ဒုတိယအခေါက်ပြန်လည်ရောက်ရှိလာပြီး သူရိယသတင်းစာတွင် 'ဝံသာနုရက္ခိတတရားများကို မြန်မာလူမျိုးများလိုက်နာကျင့်ကြံရန် နိုင်ငံခြားဖြစ် အဝတ်အထည်များကို တတ်နိုင်သမျှ ရှောင်ကြဉ်ပြီး မြန်မာပြည်ဖြစ် ပင်နီနှင့် ယောလုံချည် ယောထမိများဝတ်ဆင်ရန်' ဟူသော ဆောင်းပါးများကိုရေးသားခြင်း၊ အခွင့်သင့်ရာ အရပ်ဌာနတို့၌ နိုင်ငံရေးတရားများကို ဟောပြောခြင်းတို့ကို စတင်ပြုလုပ်လေသည်။

ဤသို့ ဆရာတော် ဦးဥတ္တမသည် နိုင်ငံရေးကို စတင်ဆောင်ရွက်စအခါတွင် စုံထောက်များက ဆရာတော် ဦးဥတ္တမနောက်သို့ တကောက်ကောက်လိုက်၍နေခြင်း၊ ဟောပုံပြောပုံမှာ အနည်းငယ် ကြမ်းတမ်း၍ အရဟတ္တဓဇဂုဏ်နှင့်မညီဟု ထင်မြင် ယူဆခြင်းတို့ကြောင့် နိုင်ငံရေးနှင့်စပ်သောသံဃာ့အသင်းအဖွဲ့ကို ဖွဲ့ဘို့ဝေးစွ၊ မည်သည့်သံဃာကမျှ ဆရာတော် ဦးဥတ္တမအား ဟက်ဟက်ပက်ပက် ပေါင်းသင်းဆက်ဆံခြင်းကိုပင် မပြုကြချေ။

ဤသို့ သံဃာတော်များ ကြောက်အားပိုပြီး အယူအဆသံမှုံ၍ နေသည်ကို သိရှိတော်မူသော ဆရာတော် ဦးဥတ္တမသည် "ဆာရယ်ဂျီနယ်ကရက်ဒေါက် သင်မြန်မာပြည်မှ ထွက်သွားလိုက်ပါ" ဟူသော စာကိုပုံနှိပ်ခါ တောရှေမြို့ပါမကျန် မြန်မာပြည်အနှံ့အပြား လိုက်လံဝေငှလေသည်။

ထိုစာတန်းကို ဖတ်ရှုရသောရဟန်းရှင်လူ တိုင်းသူပြည်သားအားလုံးမှာ 'ဘယ့်နှယ်လဲ ဆရာတော် ဦးဥတ္တမကတော့ ဘုရင်ခံကိုမောင်းထုတ်နေပြီ၊ ဘယ်လိုများ ဖြစ်ကြမလဲ' ဟူသော တွေးလုံး တောလုံးဖြင့် ရဲသွေး ရဲစိတ်ကလေးကြွကာ အတော်ကလေး လှုပ်လှုပ် ရှရှဖြစ်လာလေသည်။

ဤသို့သံဃာရေးလှုပ်ရှားလာသည်ကို သိရှိရသော ဆရာတော် ဦးဥတ္တမသည် "သံဃာတော်များ ကျိန်းစက်၍ မနေပါနှင့်၊ တိုင်းပြည် ကျွန်ဘဝသို့ ရောက်နေသောအခါ တိုင်းသူပြည်သားများ မှာလည်း ကျေးကျွန်များသာ ဖြစ်သည်။ ထိုတိုင်းသူပြည်သားများကိုး ကွယ်သော ဘာသာ သာသနာမှာလည်း ကျွန်ဘာသာ ကျွန်သာ သနာသာဖြစ်သည်။တိုင်းပြည်နှင့်လူမျိုးတို့ ကျွန်ဘဝမှလွတ်မြောက်မှသာ လျှင် သာသနာတော်ကြီး ကြီးပွားထွန်းကား လာနိုင်မည်။ သံဃာ့ သာမဂ္ဂီအသင်း အဖွဲ့များကို ဖွဲ့စည်းပြီးကာ လွတ်လပ်ရေးရဘို့အတွက် အပြင်းအထန် ကြိုးစားကြပါ"ဟု နေရာအနှံ့အပြား လိုက်လံ ဟော ပြောကာ သံဃသာမဂ္ဂီအသင်း ပေါ်ပေါက် လာရေးကိစ္စကို မနေမနား ကြိုးစားလေသည်။

ဤသို့ ကြိုးစားယင်း ၁၂၈၃ခု (၁၂၈၂ခု ပုံးတွဲ ကမ္ဘာကျော် ပုဂ္ဂိုလ်တရာ စာအုပ်) ဒေးဒရဲ ဆူးတလက်ရွာတွင် နိုင်ငံရေးတရားဟော ပြောရာ ပုဒ်မ ၁၂၄ (က)အရ အစိုးရကို အကြည်အညို ပျက်စေမှုနှင့် တရားစွဲခံရလေသည်။

ဤသို့ အမှုတန်းလန်းနှင့်ပင် နိုင်ငံရေးတရားများကို ဆက်လက် ဟောပြောနေခဲ့ရာ ပုသိမ်ခရိုင် ကျောင်းကုန်းမြို့၌ တရားဟောနေစဉ်ဖမ်း ဆီးခံရပြီး မအူပင်ရုံး၌ စစ်ဆေးကာ ထောင်ဒဏ်အပြစ် ပေးလေသည်။

ယင်းသို့ ဆရာတော် ဦးဥတ္တမထောင်ကျခံလိုက်သောအခါသံဃာ တော်များ အထူး နိုးကြားလာပြီး ရန်ကုန်မြို့ သရက်တောတိုက်နှင့်ဗဟန်း ကျောင်းတိုက်များတွင် သံဃာ့ သာမဂ္ဂီအဖွဲ့များကို တိုးချဲ့ဖွဲ့စည်းကြ လေသည်။

ထိုသံဃာ့သာမဂ္ဂီအသင်းများ ပေါ်စ ပဌမပိုင်း ခေတ်ဦးကာလ၌ ကြီးပွားသင့်သလောက် မကြီးပွားကြသေးဘဲ အလယ်တောရဆရာတော်၊ စလင်းဆရာတော်၊ ဝေဠုဝန်ဆရာတော် စသော ထေရ်ကြီး ဝါကြီးဆရာ တော်ကြီးများ ပါဝင်တော်မူလာသောအခါမှသာ တဟုန်ထိုး တိုးတက် ကြီးပွားလာလေသည်။

အောက်ပိုင်း မြန်မာပြည်တွင် မြန်မာပြည်လုံးဆိုင်ရာ သံဃာ့သာ မဂ္ဂအဖွဲ့ပေါင်း ၃၇ ဖွဲ့မျှ ဖွဲ့စည်းတည်ထောင် စည်းရုံးမိကြပြီး ထိုအဖွဲ့ချုပ် အစည်းအဝေးမှ

အလယ်တောရဆရာတော် ပဌမ ဥက္ကဋ္ဌ
ရန်ကုန်ဝေဠုဝန်ဆရာတော် ဒုတိယ ဥက္ကဋ္ဌ
ပြည်-ပွင့်လှသိမ်ကုန်းဆရာတော် ဒုတိယ ဥက္ကဋ္ဌ
ရန်ကုန်ကျောင်းတော်ရာရွှေကျင်တိုက်
နန္ဒဝံကျောင်း ဦးခေမ္မာဒယ အကျိုးဆောင်

အဖြစ်ဖြင့် တင်မြှောက်ကြပြီးလျှင် နိုင်ငံရေးကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ကြလေသည်။

ဤသို့ အောက်ပိုင်းမြန်မာပြည်တွင် သံဃာတော်များ စည်းလုံးညီညွတ်ကြသည်ကို အားကျအတုယူပြီးကာ အထက်ပိုင်း မြန်မာပြည်၌လည်း သံဃာ့အသင်းအပင်းများ ဖွဲ့စည်းတည်ထောင်လျက် ၁၂၀ ဉခု သီတင်းကျွတ်လ၌ အထက်ပိုင်း ဗုဒ္ဓသာသနာလုံးဆိုင်ရာ သံဃာ့သာမဂ္ဂီအဖွဲ့များ စုရုံးစည်းဝေးကြပြီးလျှင် ထိုအစည်းအဝေးမှ

ဘေးမဲ့ဆရာတော်ဘုရားကြီး ဥက္ကဋ္ဌ၊
အတိုင်ပင်ခံဆရာတော် ငါးကျိပ်ကျော်တို့ကို တင်မြှောက်ပြီးနောက် နိုင်ငံရေးကို ကျယ်ပြန့်စွာ ဆောင်ရွက်ကြလေသည်။

## သံဃာ့အဖွဲ့နှစ်ဖွဲ့ ပူးပေါင်းခြင်း

ဆိုအပ်ပြီးသည့်အတိုင်း အထက်ပိုင်းမြန်မာပြည်တွင် ဗုဒ္ဓသာသနာလုံးဆိုင်ရာ မဟာသံဃာ့သာမဂ္ဂီအဖွဲ့ချုပ်၊ အောက်ပိုင်းမြန်မာပြည်တွင် မြန်မာပြည်လုံးဆိုင်ရာ မဟာသံဃာ့သာမဂ္ဂီအဖွဲ့ချုပ်ဟု အဖွဲ့ချုပ်ကြီး နှစ်ခုကွဲပြားလျက်ရှိရာ အလုပ်တူသော်လည်း အမည်ကွဲပြားက စိတ်ဝမ်းကွဲဘွယ်ရာအကြောင်းရှိသည်၊ အဖွဲ့ချုပ်ကြီးနှစ်ခုကို တဖွဲ့တည်းပေါင်းနိုင်မှသာ ညီညွတ်ရေးအင်အား တောင့်တင်းပြီး လိုအပ်သည့်ခရီးသို့ ရောက်နိုင်မည်ဟု ဆရာတော် ဦးဥတ္တမက တိုက်တွန်းနှိုးဆော်သဖြင့်....

အောက်ပိုင်းသံဃာ့အဖွဲ့ချုပ်မှ

ရန်ကုန်မြို့ ဝေဠုဝန်ဆရာတော်
ရန်ကုန်မြို့ ဥယျာဉ်တိုက် လေသာဆရာတော်
ပြည်မြို့-ပွင့်လှသိမ်ကုန်း တိုက်အုပ်ဆရာတော်
ပုသိမ်-ဦးဝေပုလ္လ

အထက်ပိုင်း သံဃာ့အဖွဲ့ချုပ်မှ

ရွှေပြည်ဆရာတော်၊
စံကျောင်းဆရာတော်၊
မိုးထားတိုက် ဦးဝိဇယ (ရွှေမျက်မှန် ဦးဝိဇယ)၊
ဆင်တဲတိုက် ဦးအာလောက၊

ဤဆရာတော်များကို သံဃာအဖွဲ့ချုပ် ကိုယ်စားလှယ်အဖြစ် တင်မြှောက်ကြပြီးလျှင် ပျဉ်းမနားမြို့ ကန်ဦးတိုက်တွင် မျက်နှာစုံညီ စည်းဝေးကြပြီး တဖွဲ့တည်းပူးပေါင်း ဆောင်ရွက်ရေးမှုကို စီမံရေးဆွဲကြလေသည်။ ထိုဆရာတော်များ ရေးဆွဲသောပူးပေါင်းရေးမှုကို အောက်ပိုင်း သံဃာ့အဖွဲ့ချုပ်က ဟင်္သာတမြို့၌ရှင်း၊ အထက်ပိုင်း သံဃာ့အဖွဲ့ချုပ်က မုံရွာမြို့၌ရှင်း အထူးအစည်းအဝေးဖွင့်ကြပြီးလျှင် ညှိနှိုင်းဆွေးနွေးကြလေသည်။ယင်းသို့ ပူးပေါင်းရေးမှုကိုညှိနှိုင်းဆွေးနွေးကြပြီးနောက် ပူးပေါင်းရေး ကွန်ဖရင့်ကြီးကို ၁၂၇၅ ခု၊ ဒုတိယ ဝါဆိုလတွင် ပျဉ်းမနားမြို့ ကန်ဦးကျောင်းတိုက်မှာပင် ကျင်းပပြုလုပ်လေသည်။ ထိုကွန်ဖရင့်အစည်းအဝေးကြီးမှ

ဘေးမဲ့ဆရာတော် ဥက္ကဋ္ဌချုပ်၊
ကျေးသီးကုန်းဆရာတော်၊ သက်ပန်းဆရာတော်
( အထက်ပိုင်းအတွက် )၊

အလယ်တောရဆရာတော်၊ ဝေဠုဝန်ဆရာတော်
(အောက်ပိုင်းအတွက်) ဒုတိယဥက္ကဋ္ဌ၊
မန္တလေးမြို့၊ မိုးထားတိုက် ဦးပညာသာမိ အတွင်းရေးမှူးချုပ်

အဖြစ်ဖြင့် အများသဘောတူတင်ပြောက်လျက် 'မြန်မာပြည် သမ္မာသမ္ဗုဒ္ဓ သာသနာလုံးဆိုင်ရာ မဟာသံဃာ့ သာမဂ္ဂီအဖွဲ့ချုပ်ကြီး' ဟူသော အမည်ဖြင့် အထက်အောက် သံဃာ့သာမဂ္ဂီအဖွဲ့များ တပေါင်းတည်း ပေါင်းစည်း မိကြလေသည်။

**မှတ်ချက်။** ။သံဃာ့အဖွဲ့များ ပေါ်ပေါက်လာမှု၌ ထိကျသော မှတ်သားချက်ကား မြန်မာပြည် အောက်ပိုင်း၌ ၁၉၁၉ ခု (မြန်မာ သက္ကရာဇ် ၁၂၈၁ ခု) ဇန္နဝါရီလတွင် ရန်ကုန်မြို့ ရွှေတိဂုံ ကုန်းပေါ်၌ သံဃာ့သာမဂ္ဂီ အသင်းတခုကို အရှင်နာဂိန္ဒ ကိုယ်တော်က စတင်ဖွဲ့စည်း တည်ထောင်ခဲ့သည်။ ထိုမှတစတစ တိုးတက်လာရာ ဆရာတော် ဦးဥတ္တမ ထောင်ဒဏ်အပြစ်ခံရသည်နှင့် ကြုံသောအခါ ၁၂၈၃ ခု၊ နယုန်လပြည့်ကျော် ၁၂ရက်နေ့၌ အောက်မြန်မာပြည်တွင် ဖွဲ့စည်းမိသော အဖွဲ့ပေါင်း ၃၇ဖွဲ့ကို မြန်မာပြည်လုံးဆိုင်ရာ မဟာသံဃာ့သာမဂ္ဂီအဖွဲ့ချုပ်ကြီးဟူသော အမည်ဖြင့် စည်းလုံးနိုင်ခဲ့ကြလေသည်။

မြန်မာပြည် အထက်ပိုင်း၌ကား ၁၂၈၂ ခုနှစ်မှ တစတစဖွဲ့စည်း တည်ထောင်ခဲ့ပြီးလျှင် ၁၂၈၃ ခု၊ သီတင်းကျွတ် လပြည့်ကျော် ၄ ရက်နေ့၌ ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေနှင့်တကွ အစိတ်အစိတ် ဖွဲ့စည်းမိပြီးသော အဖွဲ့များကို ဗုဒ္ဓသာသနာလုံးဆိုင်ရာ မဟာသံဃာ့သာမဂ္ဂီ အဖွဲ့ချုပ်ကြီး ဟူသောအမည်ဖြင့် စည်းလုံး နိုင်ခဲ့ကြလေသည်။

ဤသို့ဖွဲ့စည်းအပ်ပြီးသော အထက်အောက် သံဃာ့အဖွဲ့ကြီး ၂ဖွဲ့ကို ၁၂၈၅ ခု၊ ဒုတိယဝါဆိုလ၌ ပျဉ်းမနားမြို့၌ မြန်မာပြည် သမ္မာသမ္ဗုဒ္ဓ သာသနာလုံးဆိုင်ရာ မဟာသံဃာ့သာမဂ္ဂီ အဖွဲ့ချုပ်ကြီးဟူသော အမည် ဖြင့် စည်းလုံးနိုင်ခဲ့ကြခြင်းဖြစ်သည်။

## ဘုန်းတော်ကြီးများနှင့် ဝံသာနုအသင်း

ဆိုအပ်ပြီးသည့်အတိုင်း သက္ကရာဇ် ၁၂၈၁ ခုနှစ်လောက်မှစ၍ သံဃာတော်များ နိုင်ငံရေးကိစ္စကို တစတစနှင့် ဆောင်ရွက်စပြုံး၍ ၁၂၈၃ ခုနှစ်တွင် စည်းမျဉ်းဥပဒေများ ရေးဆွဲကာ စံနစ်တကျ သံဃာ့ အဖွဲ့များဖွဲ့စည်းမိကြပြီး ၁၂၈၅ ခုနှစ်တွင်မူ အထက်ပိုင်း အောက်ပိုင်း သံဃာ့အဖွဲ့များ ပေါင်းစည်းမိ၍ ခိုင်ခံ့ကျယ်ပြန့်သော သံဃာ့သာမဂ္ဂီ အသင်းကြီးတည်ထောင်မိကြလေသည်။

ယင်းသို့ သံဃာ့သာမဂ္ဂီအသင်းသန္ဓေတည်၍ ဖွားမြင်လာရသည့် ခေတ်ကာလအတွင်း ၁၂၈၃ ခုနှစ်ဝယ် အသင်း၏ ဥပဒေပုဒ်မ ၂(ခ)တွင် "မြတ်စွာဘုရား သာသနာတော်ကြီးနှင့် ဘာသာပညာအမျိုး ကြီးပွား တိုးတက်ရေးကို ဆောင်ရွက်ရန်"ဟု ဆိုထားသည့်အတိုင်း ယင်းကိစ္စ များကိုဆောင်ရွက်နိုင်ရန် ညီညွတ်ရေးသည်အဓိကဖြစ်၏။ သို့ဖြစ်၍သံဃာ့ အဖွဲ့မှ ပေါ်ထွက်လာသော ဓမ္မဟိတများသည် ပဌမဦးစွာ ညီညွတ်စည်း လုံးရေးတွက် ဝိသာနုအဖွဲ့များကို အင်တိုက်အားတိုက် ဖွဲ့စည်းရလေသည်။

ယင်း ဝိသာနုအသင်းများတည်ထောင်ပုံကို အောက်ပါ မန္တလေး မြို့ တောင်ပြင်လုံးဆိုင်ရာ သံဃာ့အဖွဲ့၏ဆောင်ရွက်ချက်ဖြင့် သရုပ်ဆောင် ခါ ထင်ရှားပြပါအံ့။

မန္တလေးမြို့ တောင်ပြင်တွင် ရွာသစ်၊ ပုတီးတန်း၊ မျက်ပါးရပ်၊ ဟော်ကုန်း၊ မင်္ဂလာဈေး၊ အောင်တော်မူဟု ရပ်ကွက် အများအပြား ရှိလေသည်။ ထိုရပ်ကွက်တို့တွင် ရပ်ကွက်တခုတခု၌ သုံးည၌ သုံးည၌စီ တရားဟောရသည်။ တရားပွဲ အစီအစဉ်ကို မဆိုသေးမီ နေရာထိုင်ခင်း ခင်းကျင်းရပုံအခက်အခဲကို ဖော်ပြလိုပေသေးသည်။ "နိုင်ငံရေးတရားပွဲ" ဟူသောအသံကိုကြားလိုက်သည်နှင့်တပြိုင်နက် မျက်နှာဖြူအစိုးရ၏ လက် ပါးစေစုံထောက်နှင့် ပုလိပ်တို့က အလျှင်ရောက်နှင့်ပြီး ဖြစ်သည်။ ထို လက်ပါးစေများက လက်ချက်ဦးစွာ "ကုလားထိုင်မပေးရ၊ စာပွဲမပေးရ၊ ခရီးဦးမကြိုရ၊ ကွမ်းဆေး လဘက်မတည်ရ"ဟု တရားဟောမည့် ရပ်ကွက် တွင် တိုးတိုး အမိန့်ထုတ်နှင့်ပြီး ဖြစ်သည်။

ထိုခေတ်အခါက မန္တလေးမှာ ပုလိပ်ကိုပင် 'ပုလိပ်တော်မင်း'ဟု ခေါ်ရသည့်တိုင်အောင် ပြားပြားဝပ်မျှကြောက်ရွံ့၍ နေကြရသောအခါ ဖြစ်သည်။ သို့ဖြစ်၍တရားပွဲအတွက်ကုလားထိုင်၊ စာပွဲများကို ကိုယ်တိုင် ခင်းကျင်း ပေးလိုသော်လည်း မပေးရဲ၊ ကွမ်းဆေး လဘက်တည်လို သော်လည်း မတည်ရဲသည်က များကြသည်ဖြစ်ရာ သံဃာတော်များ ကိုယ်တိုင် အိမ်တွင်းသို့ဝင်လျက် သံဃာတော်များအတွက် ကုလားထိုင်၊ စာပွဲများကို သယ်ယူခင်းကျင်းပေးရခြင်း၊ ရပ်ကွက်တကွက်မှ ရပ်ကွက် တကွက်သို့ ကွပ်ပျစ်(ကုတင်)ကြီးများကို ထမ်း၍ရွှေ့ရခြင်း၊ တခါတရံ

သောက်ရေအိုးများကိုပင် ကိုယ်တိုင်ထမ်းပိုး သယ်ဆောင်ရသည့်အထိ အခက်အခဲနှင့်ကြုံရလေသည်။

ဤသို့ခင်းကျင်းပြီးနောက် ဟောပြောမှုမစမီ “ဥက္ကဋ္ဌ မည်သူ၊ အတွင်းရေးမှူး မည်ဝါ၊ အမှုဆောင်က မည်သည့်ပုဂ္ဂိုလ်များ”ဟု ဖတ်ကြား ကြေငြာပြီးလျှင် ‘ဗုဒ္ဓဘာသာကလျာဏ ယုဝယောက်ျားများ အသင်း’၊ ‘ဗုဒ္ဓကလျာဏယုဝတီ မိန်းမများအသင်း’ ဟုရင်ကျက်ကာတွင် အသင်း နှစ်သင်းကျစီ ဖွဲ့စည်းပေးရသည်။

ဤသို့ အသင်းဝင်စာရင်းဖတ်ရာ၌ တချို့က “သူ့နာမည်ကလေး ထည့်မဖတ်ပါနဲ့၊ စာရင်းမှာပါယင်ပြီးဒါပါ”တချို့ကတော့“သူ့နာမည် ကျတော့တိုးတိုးဖတ်ပါ၊ သိပ်မအော်လိုက်ပါနဲ့”လို့ မှာလိုက်ကြတာ ကိုရွှေပုလိပ် ကြောက်ရှာလွန်းလို့။

ဤကဲ့သို့ အမည်စာရင်း ဖတ်၍ အဖွဲ့များ ဖွဲ့စည်းပြီးနောက် ‘မကြောက်ရ’ ဒေသနာဖြင့်တရားပွဲကို စတင်ဖွင့်လှစ်ရသည်။ ပုလိပ်ဆိုတာ ရိုးရိုးလူဘဲ၊ ဘုန်းကြီးမဟုတ်ဖူး၊ ရှင်ဘုရင်မဟုတ်ဖူး၊ ဒါကြောင့်ပုလိပ်ကို ပုလိပ်လို့ဘဲခေါ်ရမယ်၊ တော်တွေမင်းတွေ ထည့်ပြီး ပုလိပ်တော်မင်းလို့ မခေါ်ရဘူး။ ကိုင်း နှုတ်ရဲအောင် လိုက်ဆိုကြစမ်း....

ဘုန်းကြီး ... ....... ........... ပုလိပ်။

လူထု .... .. ......... ............ ပုလိပ်။

ဘုန်းကြီး . ........... .........ဟဲ့ပုလိပ်။

လူထု ........... ............... ဟဲ့ပုလိပ်။

ဘုန်းကြီး........................ဟဲ့ ခွေးပုလိပ်။

လူထု ......... .. ......... .. .........ဝါးကနဲရယ်သံများ။

အဲ ပုလိပ်ဆိုတာ အခွန်ဘဏ္ဍာငွေထဲက အခကြေးငွေယူထားတဲ့ တိုင်းသူပြည်သားရဲ့ ကျေးကျွန်တွေဖြစ်တယ်၊ဒါကြောင့်ညည့ကျယင် ဥယောက်တတွဲ ဥယောက်တတွဲ ရပ်ကွက်ထဲလှဲ့လှဲ့ပြီး စောင့်ရှောက်နေ

ကြရတယ်မဟုတ်လား။ ဒါ့ကြောင့်သူတို့တွေကို တိုင်းပြည်ရဲ့အစေခံတွေလို့ မှတ်ရမယ်။ ဘာမှကြောက်လန့်နေစရာမလိုဘူး စသောအားဖြင့် မကြောက်ရ ဒေသနာများကို ဟောကြားပြီးနောက်....

နိုင်ငံခြားဖြစ် အဝတ်အထည်များကို ရှောင်နိုင်သမျှ ရှောင်ပြီး တိုင်းရင်းဖြစ်ပင်နီ ယောလုံချည်များကို ဝတ်ဆင်ရန် စသော ဝံသာနု တရားများ၊ မျက်နှာဖြူများသည် တမင်ရန်စပြီး မြန်မာပြည်ကို မတရား သိမ်းယူပုံ၊ နိုင်ငံခြားသားတွေခေါ်လာပြီး မြန်မာအမျိုးသမီးများနှင့် အိမ်ထောင်ရေး ဖန်တီးပေးကာ လူမျိုးကို တစတစမျိုစေပုံ၊ မြန်မာ၏ အစီးအပွားများကို အသားလိုက် အတစ်လိုက် ညှစ်ထုတ်ယူပုံ၊ နှုတ်ချိုသော်လည်း စိတ်ထားကောက်၍ အလွန်ကြောက်ဖွယ်ဖြစ်ပုံ စသော မျက်နှာဖြူ မုန်းတီးရေးတရားများ ဖွဲ့စည်းပြီးသော အသင်း အဖွဲ့များ ညီညီညွတ်ညွတ်ရှိကြဘို့ရန် အဓိကအရေးကြီးပုံ၊ စည်းလုံးညီညွတ်မှ လွတ်လပ်ရေးတည်းဟူသော လိုရာပန်းတိုင်ကို ရောက်နိုင်ပုံ၊ တနှစ်တနှစ်တွင် အသင်းဆက်ကြေး ၂ဝ ကို ဂျီ-စီ-ဘီ-အေ အသင်းချုပ်ကြီးသို့ မပျက်မကွက် ပေးရန်စသော ညီညွတ်ရေးတရားများကို အာဂဇွန်းရှိသလောက် ဟောကြားကြလေသည်။

ဤသို့ နိုင်ငံရေး တရားပွဲများကို ချလျက် အသင်း အပင်း တို့ကို အားကြိုးမာန်တက် တည်ထောင်ဖွဲ့စည်းခြင်းသည် ဂျီ-စီ-ဘီ-အေ နဝ မ ကွန်ဖရင့်၌ လူထုအင်အားပြလျက် "ဒိုင်အာခီအလိုမရှိ၊ ဟုမ္မရူးမှ လိုချင်သည်" ဟု ကြွေးကြော်တောင်းဆိုရန်ဖြစ်သည်။

ထိုအချိန်က နိုင်ငံရေးတရားဟောရာ၌ စိတ်ပါလက်ပါ ပါဝင်ဆောင်ရွက် ဟောပြောတော်မူသော ဘုန်းတော်ကြီးဓမ္မကထိကများမှာ ဦးဝိသုဒ္ဓ၊ ရွှေမျက်မှန် ဦးဝိဇယ၊ ဦးကုသလ၊ ဦးဝါယမိန္ဒ၊ ဦးပဏ္ဍိတ၊ ဦးသုဂန္ဓရ၊ ဦးတေဇဝန္တ၊ ဦးဝါသဝ၊ ဦးပညာဝံသ ဖြစ်၍ လူပုဂ္ဂိုလ်ဓမ္မကထိကများမှာ ဦးဘဦး၊ စီပီခင်မောင်၊ ဦးစိန်ဘ၊ ဦးသူတော်၊ ရွှေမန်းဦးလှ၊ ကျောင်းဆရာ ဦးဘတင်၊ ဝတ်လုံတော်ရ ဦးမြဦး စသည်တို့ ဖြစ်ကြလေသည်။

## အကျိုးအမြတ်

ဆိုအပ်ပြီးသည့်အတိုင်း ဘုန်းတော်ကြီးများ ပါဝင်လျက် ကိုယ်ဖိရင်ဖိဟောပြော စည်းရုံးခြင်းကိုပြုသဖြင့် ခေတ်ကြီးကို ကမ္ဘာ့နှက်တည်း ပြောင်း၍ပစ်လိုက်သလို ဝံသာနုစိတ်ဓာတ်များ အထွဋ်အထိပ်သို့ ရောက်အောင် တိုးတက်ရင့်သန်ကာ လူတိုင်းလူတိုင်းတွင် အကြောက်ပဲ့ စိတ်ဓာတ်များ အဆများစွာကြီးထွား၍ လာကြလေသည်။

ထိုခေတ်အခါက မြန်မာဖြစ် အဝတ်အထည်များဖြင့် မြန်မာအန် ဆန်ဝတ်ဆင်မှုဝါဒမှာ မြန်မာလူမျိုး အားလုံးကုန်လောက် အပေါ်တွင် လွှမ်းမိုးနိုင်ခဲ့၏။ အိမ်များ၌ ဝံသာနုဟူသော ကမ္ပည်း ဆိုင်းဘုတ်များကို ရေးသားထားကြ၏။ ခရီးသွားရာတို့၌ ဝံသာနုလက်မှတ် ပါသူများမှာ အထူးစန်းပွင့်ကြ၏။

"ဥပဒေစည်းကမ်း မကျလျှင်မခံဘူး"ဟူသော စကားကိုနိုင်ငံရေး တရားပွဲတိုင်းမှလိုလို ချပို့ပေးသဖြင့် လူတိုင်းလူတိုင်း နှုတ်တက်နေကြပြီ ဖြစ်ရကား အစိုးရအရာရှိများသည် ရှေးကကဲ့သို့ အာဏာကို ထင်တိုင်း မသုံးရဲဘဲ တစတစလျှော့၍လာကြရတော့၏။အစိုးရအရာရှိများလာလျှင် ရွာသူရွာသားများက အခမဲ့ အစေခံပေးရခြင်း၊ ပျော်တော်ဆက်ပေး ရခြင်း၊ ကြက်ဘဲဟင်းကောင်းများ ပေးရခြင်းစသောကိစ္စများမှာရပ်စဲ၍ သွားတော့၏။ အတင်းအကြပ်ရွာစည်းရိုး အကာခိုင်းခြင်း၊ ကင်းစောင့် ခိုင်းခြင်း၊ အပြစ်ရှိသည်ဆိုရသူကို ညှဉ်းဆဲနှိပ်စက်ဘို့ရန် ရွာသူကြီးအိမ်၌ ထိပ်တုံးများထားခြင်း ဤအလေ့အထများလည်း ပျောက်ကွယ်၍သွား တော့၏။

လူတယောက် မတရားအနှိပ်စက်ခံရလျှင် အသင်းရုံးပုံငွေနှင့်ခုခံ ပြောဆိုကြ၏။ ရပ်ကွက်မိတ်ဆွေသင်္ဂဟများကလည်း ရိုင်းပင်းယောက်ပံ့ ကြ၏။ အာဏာဖိဆန်မှု၊ အစိုးရကိုအကြည်ညိုပျက်အောင်လုပ်ဆောင်မှု၊ နိုင်ငံရေးကိစ္စကို ဆောင်ရွက်မှုတို့ကြောင့် ထောင်တန်း ကျသည်ဆိုလျှင် ၎င်းပုဂ္ဂိုလ်လုပ်ငန်းကို တသင်းလုံးကဝိုင်း၍ကူညီကြ၏။ ၎င်း၏လယ်ယာ များမှာ သူရင်းငှါးမထားဘဲ ဝံသာနုများက စိုက်ပျိုး လုပ်ကိုင်၍ပေး

ကြ၏။ သား မယားများမှစ၍ ဆွေမျိုးဉာတိမိခိုသူများရှိလျှင် ဝံသာနု များက ဝိုင်းဝန်း၍ ထမင်းကျွေးမွေးခြင်း၊ အဝတ်အထည် ထောက်ပံ့ ခြင်း၊ ကြေးငွေ ထောက်ပံ့ကူညီခြင်းများကို ပြုကြ၏။ လယ်ခွန် လူခွန် စသော အများနှင့်ဆိုင်သော ကြီးကျယ်သော အရေးကိစ္စများတွင် သံဃာ့သာမဂ္ဂီ ဘုန်းတော်ကြီးများက ပါဝင်ဦးဆောင်ကာ တောင်းဆို ပေးကြ၏။ ဤသို့ ဝံသာနု စိတ်ဓာတ်များ မကြောက်တရားများ ကြီး ထွား၍ လာကြလေသည်။

## ရွှေမျက်မှန် ဦးဝိဇယနှင့်မလှိုင်မှု

ဤမလှိုင်မှုဆိုသည်မှာ ၁၂၈၈-ခုနှစ် မြေသမာဓိကြေး တောင်း ဆိုသည့်ကိစ္စကိုအစွဲပြု၍ ပေါ်ပေါက်လာခဲ့သည်။ စံနစ်ဟောင်းအားဖြင့် သမာဓိကြေး (လယ်ခွန်ယာခွန်) ကိုတောင်းခံရာ၌ စိုက်ပျိုးအပ်သော စပါးကောင်းသည်မကောင်းသည်ကို မြေတိုင်းစာရေးများနှင့် လယ်ကွင်း သို့ဆင်း၍ကြည့်ရှုပြီးမှ စပါးကောင်းလျှင် ကောင်းသည့် အလျောက်၊ မကောင်းလျှင်လည်း မကောင်းသည့်အလျောက် သမာဓိကြေးကိုတောင်း ခံရလေသည်။ စံနစ်သစ်မှာမူဆိုခဲ့ပြီးအတိုင်း လယ်ကွင်းသို့ဆင်း၍မကြည့် ရှုတော့ဘဲ ဤရွာမှတထောင်၊ ဤရွာမှတသောင်းစသဖြင့် ကြေးဖြတ်ကာ တောင်းခံခြင်းဖြစ်လေသည်။

ယင်းစံနစ်သစ်ကို စမ်းသပ်သည့်အနေဖြင့် မလှိုင်မြို့နယ်မှ စတင် တောင်းခံလေရာ အခွန်ထမ်းရမည့်ပုဂ္ဂိုလ်များက စံနစ်ဟောင်းကို ကြိုက် နှစ်သက်သဖြင့် မပြေမလည်ဖြစ်ရလေသည်။ ထိုကိစ္စ ပြေလည်မှုရစေရန် သရက်မြို့မှ ဦးဝိမလဗုဒ္ဓိ၊ မလှိုင်မြို့ ဦးဒေဝိန္ဒဟူသော သံဃာ့သာမဂ္ဂီ ဘုန်း တော်ကြီးများက ဦးဆောင်ကြပြီး ဘဏ္ဍာရေးဝန်ကြီးရှိရာ မေမြို့သို့ တက်၍ အရေးဆိုကြလေသည်။ ဘဏ္ဍာရေးဝန်ကြီးက "အရေးပိုင်နှင့် ဝန်ထောက်တို့ကိုစုံစမ်းခိုင်းပြီး ပြေပြစ်အောင်စီစဉ်ပါမည်"ဟု ဝန်ခံလိုက် သော်လည်း တစုံတရာအရေးယူဆောင်ရွက်ချက်ကိုမတွေ့ရသဖြင့် သံဃာ တော်များနှင့် နယ်သူနယ်သား အားလုံးမျက်နှာစုံညီ အစည်းအဝေး တရပ်ကို ကျင်းပလေသည်။ ထိုအစည်းအဝေးမှ—

"နည်းဟောင်းစံနစ်ဟောင်းဖြင့် ကြေးခွဲလျှင် ငွေးလည်းပင်းကိုပင် စာဆွဲ၍ လှတ်ပါ၊ ပေးပါမည်၊ နည်းသစ်စံနစ်ဆိုလျှင် မပေးနိုင်၊ အကိုးရ သဘောအတိုင်း"ဟု ဆုံးဖြတ်ချက်ချကြပြီး မေမြို့သို့တယ်ခါ ဒုတိယ အကြိမ် ဘဏ္ဍာရေးဝန်ကြီးနှင့် အရေးဆိုပြန်လေသည်။

ဘဏ္ဍာရေးဝန်ကြီးက"နယ်သူနယ်သားများထံမှ စံနစ်သစ်အတိုင်း ပေးဆောင်ပါမည်ဟူသော ဝန်ခံချက်ရရှိခဲ့ကြောင်း မိမိခိုင်းလိုက်သော ပုဂ္ဂိုလ်များက ပြောပါသည်"ဟု အဖြေပေးလေသည်။စုံစမ်းရန်လာသော အရေးပိုင်နှင့် ဝန်ထောက်များမှာ ဘဏ္ဍာရေး ဝန်ကြီး၏ အလိုတော်ရိ များ ဖြစ်ကြသဖြင့် အမှန်အတိုင်း အစီရင်မခံဟု သိရ၏။

ဤကိစ္စအတွက် အတင်းအကြပ် အရေးဆိုရန် သံဃာ့ သာမဂ္ဂီ ဘုန်းတော်ကြီး ရွှေမျက်မှန် ဦးဝိဇယ နှင့် ဇီးကုန်းကျောင်း ဘုန်းကြီး ဦးကောသလ္လတို့သည် မလှိုင်မြို့နယ် သက္ကယ်ကျင်းရွာကျောင်းသို့ သွား ရောက်ပြီးလျှင် ရဲဆေးတင် တရားပွဲများကို ကျင်းပ ဟောပြော ရလေ သည်။

ဟောကြားပုံသရုပ်ကို အနည်းငယ် ထုတ်ဖော် လိုက်ပါ ဦးအံ့။ "စိုးပါနဲ့မေရယ်၊ မိုးကြယ်မို့လား၊ ဒီတောင်ကို မောင်ဖြိုပါ့မယ် မြင်းမိုရ်မို့လား"လို့ ဆိုရိုးစကားရှိတဲ့အတိုင်း ဒီကနေ့ ဖြိုရမှာကတော့ မြင်းမိုရ်မဟုတ်ဖူး၊ ကြက်ခြံဖြစ်တယ် ( ထောင်ကိုရည်ရွယ်သည် )၊ အခွန် မပေးဘဲနေယင် ထောင်ချချင် ချလိမ့်မယ်။ ဒို့လူတွေ ဒို့လူတွေ ထောင်ချ ခံနိုင်ကြပါ့မလား" "ခံမယ်၊ ခံမယ် (ပရိသတ်များ)"။

"ထောင်မချယင်လဲ ပစ္စည်းကိုသိမ်းယူပြီး လေလံပစ်လိမ့်မယ်၊ လေလံပစ်ဆိုဒါက ၅ဝိ တန်လောက်ကို ဈေးအဆမတန်ချပြီး ၁၀၊ ၁၅ နဲ့ ရောင်းဒါမျိုးဘဲ၊ ဒီလို လေလံပစ်တာကို ခံနိုင် ကြပါ့မလား" "ခံနိုင်ပါတယ်၊ ခံနိုင်ပါတယ် (ပရိသတ်များ)"။

"အဲဒီလို လေလံပစ်တဲ့နေရာမှာ ဒို့ပရိသတ်များက အနိုင်ရစရာ အကြောင်းတခုရှိတယ်၊ အဲဒီပရိသတ်ဆိုဒါက အခြားမဟုတ်ဖူး၊ လေလံ မဆွဲဘဲ တညီတညွတ်ထဲတောင့်ခံထားဘို့ဘဲ၊ ဘယ့်နှယ်လဲ ပရိသတ်များ ညီပါ့မလား" "ညီပါတယ်၊ ညီပါတယ်"။

ဤကဲ့သို့ ရဲဆေးတင်တရားပွဲ ကျင်းပနေစဉ် ပုလိပ်များရောက်ရှိလာပြီး "ရုံးတံဆိပ်ခေါင်းနှိပ်ပြီး စာများဖြင့် တာဝန်ဝတ္တရားအရ တရားပွဲကိုပိတ်ပင်တားမြစ်ရပါသည်"ဟုဆိုကာ စာရွက်တရွက်ကို တရားဟောနေသော ဘုန်းတော်ကြီး ရွှေမျက်မှန် ဦးဝိဇယအား ပေးအပ်လေသည်။ ယင်းစာ၌အင်္ဂလိပ်စာလုံးဖြင့် မြို့ပိုင်လက်မှတ် ရေးထိုးထား၏၊ ရုံးတံဆိပ်ကားမပါချေ၊ ဘုန်းတော်ကြီး ရွှေမျက်မှန် ဦးဝိဇယသည် ယင်းစာရွက်ကိုကြည့်ရှုပြီးနောက် "ဤစာရွက်မှာ ရုံးတံဆိပ်မပါ၊ ငါမသိ နားမလည်တဲ့စာလုံးနဲ့ လက်မှတ်ထိုးထားတဲ့ အလကားစာ၊ လူညာတွေပေးခဲ့တဲ့စာ၊ ငါမယူနိုင်ပါ" ဟု ကဗျာဆန်ဆန် ဆိုမြည်လိုက်ပြီးနောက် ပရိတ်သတ်ရှေ့တွင်လွှင့်ပစ်လိုက်ပြီး တရားကိုဆက်လက် ဟောလေသည်။

**မှတ်ချက်။** ။မြို့ပိုင်သည် နယ်လှည့်ယင်း မတ်တတ်တွေ့ဆုံ၍ ပေးရသောစာဖြစ်သဖြင့် ထိုစာ၌ ရုံးတံဆိပ်မပါသည်ကား အမှန်ဖြစ်လေသည်။ လက်မှတ်ထိုးထားသည့် စာလုံးများကို ဖတ်စွမ်းနိုင်သော်လည်း ပရိယာယ်လုပ်၍ "ငါနားမလည်"ဟု ဆိုလိုက်ခြင်းဖြစ်၏။ ထိုသို့စာရွက်ကို လွှင့်ပစ်လိုက်သောအခါ စာပို့လာသည့် ပုလိပ်များသည် စာရွက်ကို ကောက်ယူပြီးလျှင် တရားဟောပုဂ္ဂိုလ်ရှေ့နားရှိ တိုင်တတိုင်တွင်ကပ်ထားပြီး ပြန်သွားကြလေသည်။

ဤသို့ ရဲဆေးတင်တရားပွဲများကို မန္တလေးမှတလည့်၊ ရန်ကုန်မှတလှည့် သာမဏေသံဃာများ မလှိုင်မြို့နယ်သို့ သွားရောက်၍ ဟောပြောကြလေသည်။ ပဌမအသုတ် မန္တလေး ရွှေမျက်မှန် ဦးဝိဇယ ဦးစီးသည်။ ဒုတိယ အသုတ် ရန်ကုန် ဦးဝိစာရ ဦးစီးသည်။ တတိယအသုတ် မန္တလေး ဘုရားကြီးတိုက် အထွေထွေအကျိုးဆောင် ဦးပဏ္ဍိတ ဦးစီးသည်။စတုတ္ထ နောက်ဆုံးသုတ် ရန်ကုန်နေ သရက် ဦးဝိမလ၊ မလှိုင် ဦးဒေဝိန္ဒ၊ ကျဲခြိ ဆရာတော်၊ ကန်ကြီးကုန်း ဦးပုညနှင့် ဦးကဝိန္ဒတို့ကြွရောက် ဟောပြောကြလေသည်။ ဤနောက်ဆုံးသုတ်၌ မျက်နှာဖြူအစိုးရက တရားပွဲကို ပြင်းပြင်း ထန်ထန် အနှောင့်အယှက်ပေးသည်။ တရားနာပရိသတ်အား နင်းပစ်ဖို့ခွဲတော့မည့်ဟန် ခပ်လှမ်းလှမ်းမှ မြင်းတပ်စုတစုကို ပရိသတ်ရှိရာသို့ အတင်းစိုင်းနှင်၍လာသည်။ တရားဟောဘုန်းကြီး ဦးဝိမလက

"ပရိသတ်အားလုံး မျက်စိ မှိတ်ငုံ့နေ"ဟူသော အမိန့်အရ ပရိသတ်များ လိုက်နာ ကျင့်ကြံ ကြံ့ကြံ့ခံလိုက်သဖြင့် အနီးရောက်မှ ဇက်ကြိုးကိုဆွဲ လှည့်ကာ တပ်ခေါက်၍ ပြန်ကြလေသည်။

ထိုတရားပွဲ၏ပတ်ဝန်းကျင်၌ တောသူတောင်သားများ အလွန်ဆင်း ရဲနွမ်းပါးပါသည်။ ဈေးအခေါ်ခင်ရသည့် အကျိုးအမြတ်ကိုသာကြည့်ပြီး လေလံဆွဲကြမည်ဆိုလျှင် တောသူတောင်သားအပေါ် မထောက်ထားရာ ကျပါသည်။ "ဆင်းရဲနွမ်းပါးသည့် မိမိတို့အမျိုးသားများအပေါ်ကောက် ထားသောအားဖြင့် မလှိုင်လူထုက လေလံမဆွဲရန် မေတ္တာရပ်ခံပါ ကြောင်း" ဟူသော ချောမောတောင်းပန်သည့် ပိုစတာ စာတန်းများ၊ "လေလံဆွဲတဲ့အကောင် သတိထား၊ ဒို့တောလာရောက်လျှင် အသက် ပျောက်စေမည်" စသော ခြိမ်းခြောက်သည့် ပိုစတာစာတန်းများကို ဦးကဝိန္ဒ က တိတ်တဆိတ် စီမံရလေသည်။

၎င်းအရေးအခင်းတွင် အစိုးရက တောသူတောင်သားများထံမှ မောင်းဆုံများ၊ လှည်း နွား မြင်း ထွန် ထယ် စသော လယ်ယာသုံး ပစ္စည်းများကိုသိမ်းယူပြီး မလှိုင်မြို့သို့ သယ်ဆောင်ကာ လေလံပစ်လေ သည်။ လေလံဆွဲသောသူ တယောက်မျှမရှိသဖြင့် ပစ္စည်းများကို ပစ္စည်း ရှင်များလာရောက်ယူရန် ဆင့်ခေါ်ရပြီး လူထုအလိုကို လိုက်လျောကာ စံနစ်ဟောင်းအတိုင်း အခွန်တောင်းရလေသည်။

၎င်းပွဲအပြီးတွင် ဦးဝိမလ၊ ဦးဒေဝိန္ဒ၊ ကန်ကြီးကုန်းဘုန်းကြီး ဦးပညာ၊ ကျွဲခြံဆရာတော်၊ အကျိုးဆောင် မောင်ဘသောင်း နှင့် မိန်းမ ရှစ်ဦး အဖမ်းခံရသည်။ ဘုန်းကြီးလေးပါးနှင့် မောင်ဘသောင်းတို့ ထောင်ချခံ ရ၍ မိန်းမ ရှစ်ဦး(ကား)လွတ်မြောက်လေသည်။ မိန်းမ ရှစ်ဦးကို ရုံးအပေါ် ထပ်တွင် ချုပ်နှောင်ထားရာ "ချုပ်တည်းမရ၊ လွယ်မကားနိုင်သောကိစ္စ ဖြစ်သည်"ဟု ဆိုကာ အပေါ်များ စွန့်ချသဖြင့် အောက်ထပ်နေ စာရေး များ ရှုံ့ရှဲစိုလေသည်။

## ရွှေမျက်မှန် ဦးဝိဇယ နှင့် မြစ်ငယ်မှု

မလှိုင် အရေးအခင်းနှင့် မရှေးမနှောင်းပင် မြစ်ငယ်ရွာလည်း အခွန်မှုခင်းတရပ် ပေါ်လေသည်။ အစိုးရက ဘာသမေဓအခွန်ကို တခါ

တည်းနှင့် အပြေပေးဆပ်ရန် တောင်းဆိုသည်။ အခွန်ထမ်းများက ၂ ခါဆိုင်း၊ ၃ ခါဆိုင်းစံနစ်ဖြင့် တောင်းခံရန် အရေးဆိုလေသည်။

ဤကိစ္စ၌ သံဃာသာမဂ္ဂီသံဃာများ ဦးဆောင်ပါဝင်ကာ တခါ တည်းဖြင့် အပြေတောင်းလျှင် မပေးရန်၊ ဆင့်ခေါ်က ယောကျ်ားများ မသွားဘဲ မိန်းမများသာ သွားရောက်တွေ့ဆုံရန်၊ "နင်တို့ ယောကျ်ား တွေကော" ဟု မေးလျှင် "စားစရာမရှိ၍ တောသို့သွားရောက် ရှာဖွေနေ ရသည် အိမ်၌မနေနိုင်ပါ" ဟု ပြောကြရန် သင်ကြားထားလေသည်။

တနေ့တွင် နယ်ပိုင်ဝန်ထောက် မောင်ကျော်တို့လူစုက မြင်းစီး လျက် သေနတ်များကိုကိုင်ဆောင် ခြိမ်းခြောက်ကာ အခွန်တောင်းလေ သည်။ ဆင့်ဆို၍ ရောက်ရှိလာသော မိန်းမထဲတွင် အကြီးအကဲ မိန်းမ တဦးက မြင်းဦးစွန်းကိုဆွဲပြီး မြင်းပေါ်ကလူကို ဘိနပ်နှင့်ရိုက်မည်အပြု တွင် မြင်းကိုဒုန်းစိုင်း၍ ထွက်ပြေးကြလေသည်။

"ဥက္ကဋ္ဌ လုပ်သူအား ဖမ်းဆီးရန် မြို့အုပ်နှင့်ပုလိပ်များရောက်လာ ကြသည်" ဟု ကြားရသဖြင့် ဥက္ကဋ္ဌကြီးအား ရေကြည်ပေါက် ဝါဆို ကျောင်းဘုံပေါ်၌ ဝှက်၍ထားပြီး ထိုဝါဆိုကျောင်းနေ ဦးဝိဇယ ကိုယ် တော်ကလေးက "ဒို့ပိုင်နက်ထဲ မဝင်ခဲ့နှင့်၊ ဝင်လျှင်ချမည်" ဟု ဆိုကာ ဒါး ဒုတ် ပုလင်းတို့ကို ကိုင်ဆောင်ကာ ခုခံလေသည်။

ထိုအချိန်၌ မန္တလေးမြို့ မိုးထားတိုက်မှ ဘုန်းတော်ကြီး ဦးဝိဇယ (ရွှေမျက်မှန် ဦးဝိဇယ)သည် မီးရထားဖြင့် လိုက်ပါလာကာ တောင်မြို့၌ ဆင်းပြီး ဘုန်းအိုးရွာမှဖြတ်၍ မြစ်ငယ်ဝါဆိုကျောင်းသို့ ထိုအမှုကိစ္စစုံစမ်း ရန်ရောက်ရှိလာလေသည်။ ခုခံသော ဦးဝိဇယလေးနှင့် အာဂန္တု ဘုန်း တော်ကြီး ရွှေမျက်မှန် ဦးဝိဇယကိုပါဖမ်းဆီးပြီးလျှင် ဂတ်တဲ၌ချုပ်နှောင် ထားလေသည်။

ညဥ့်အခါ၌ တိုက်ပိုင်ကိုဘကြီးက ကော်ဇောခေါင်းအုံးဆေးလိပ် များကို တိတ်တဆိတ်ပို့သဖြင့် တမံသလင်းပေါ်၌မအိပ်ရဘဲ အအိပ်အနေ ချမ်းချမ်းသာသာရှိလေသည်။ ဂတ်မှထုတ်၍ မန္တလေးထောင်ကြီးချုပ်သို့ ပို့သောအခါ မြစ်ငယ်ဘူတာ၌ အရေးပိုင်နှင့် ရာဇဝတ် ဝန်ကြီးများ

ရောက်ရှိနေ၍ ၎င်းတို့ ရှေ့မှောက်ကို ဖြတ်သန်း သွားရမည်ဖြစ်ရာ၊ “လက်ထိပ်ခတ်မှ ဖြစ်မည်”ဟု ဆိုပြီးလျှင် သက်ဆိုင်ရာ အမှုထမ်းများက ဘုန်းကြီး နှစ်ပါးကိုလက်ထိပ်ခတ်လေသည်။ “ဘုန်းကြီးနှစ်ပါး လက်ထိပ်ခတ်ခံရသည်”ဟူသော ဤသတင်းသည် တမဟုတ်ချင်း ပျံ့နှံ့သွားလေရာ လူထုမြောက်မြားစွာ ဘူတာရုံသို့ စုရုံးရောက်ရှိလာကြလေသည်။

ဦးဝိဇယ ကိုယ်တော်ကလေးမှာ ခေါင်းငုံ့၍ တုန်လှုပ်ခြင်း ကင်း၍ ဖြစ်၍ နေသည်။ “ဒါဟာ ဂုဏ်ငယ်တဲ့ပုဒ်မ မဟုတ်ဖူး၊ အမျိုးသားရေး ဆောင်ရွက်ရတဲ့ ဂုဏ်ရှိတဲ့ ပုဒ်မဖြစ်တယ်၊ ရှက်ဖို့မလို၊ ကြောက်ဖို့မလို”ဟု အာဂန္တုဘုန်းကြီး ရွှေမျက်မှန် ဦးဝိဇယကအားပေးပြီး လူထုကြီး မြင်လောက်အောင် လက်ထိပ်ကိုပင် မြှောက်ကာ မြှောက်ကာ ခေါ်ဆောင်ရာသို့ လိုက်ပါခဲ့လေသည်။

ရာဇဝတ်ဝန်ကြီးက လက်ထိပ်ကိုအဖြုတ်ခိုင်းသည်(မပြေးမည့်သူ၊ အားမရှိသူ၊ မိန်းမများ လက်ထိပ်မခတ်ရ)။

မန္တလေးထောင်သို့ရောက်သောအခါ ဦးဥတ္တမကြိုဆိုပဲ အဓိကရုဏ်း နှင့်ပတ်သက်၍ ထောင်ကျနေကြသော စိပ်ခင်မောင်၊ အမတ် ဦးဘသိမ်၊ အိမ်တော်ရာဘုရား၌ အင်္ဂလိပ်ရာဇဝတ်ဝန်ကလေး၏ နှာခေါင်းကိုဓားနှင့်ခုတ်သော ဦးကေသရတို့နှင့် တွေ့ရသည်။

အချုပ်နှင့် လေးလနေရပြီး တရားစစ်သောနေ့၌ သက်သေများကို စစ်ဆေးပြီးသောအခါ ဝန်ထောက် မောင်ကျော်လေးက စွဲချက်တင်ရမည်ဟု ပြောလေသည်။ အာဂန္တုဘုန်းကြီး ရွှေမျက်မှန် ဦးဝိဇယက ယခုထွက်ဆိုသွားသော သက်သေများတွင် တဦးတယောက်ကမျှ “ဘုန်းကြီးသည် အစိုးရလက်နက်ကိုင်များနှင့် ရင်ဆိုင်သည်၊ လက်နက်ကိုင်၍ ခုခံသည်”ဟု မထွက်ဆိုကြပါ “ဖမ်းလျှင်လိုက်မည်”ဟု ပြောပြီးသားဖြစ်သည်။ သို့ဖြစ်၍ “ခုခံရေးပုဒ်မနှင့် ဘုန်းကြီးဘာမျှမဆိုင်”ဟု ချေပလေရာ ဤချေပချက်ဖြင့်ပင် အာဂန္တုဘုန်းကြီး ရွှေမျက်မှန် ဦးဝိဇယအား လွတ်စေဟု တရားသူကြီးက ဒီကရီချလေသည်။ ဤသို့ဖြင့် ရွှေမျက်မှန်ဘုန်းကြီး ဦးဝိဇယကို ထောင်ချလိုက်မည်ဟု ကြိုးစားထားသော အလိုတော်ရိတိုင်း ကြုံးဝါးချက်သည် ပျက်ပြယ်၍သွားတော့၏။

လှတ်သောနေ့၌ ဝန်ထောက်ရုံးခန်းထဲသို့ ခေါ်ပြီးလျှင် ပြည်ထဲရေးဝန်ကြီးထံမှပေးပို့လိုက်သော "ဝန်ထောက် ဦးကျော်သည် သေနတ်များနှင့်ခြိမ်းခြောက်ပြီး ကြမ်းတမ်းစွာ မိန်းမတွေကို အတင်းအကြပ် အခွန်တောင်းသည်" စသော သတင်းများကို မှင်နီ တားထားသည့် သတင်းစာ စာရွက်ကိုပြကာ "မိမိအား ကြည့်နိုင်သလောက် ကြည့်ရှု စောင့်ရှောက်ပါ"ဟု ဝန်ထောက် ဦးကျော်က တောင်းပန်လေသည်။ ဤသတင်းများကား ရတနာပုံ စက္ကရီတေရီ ဦးတင်က ပေးပို့သော သတင်းများဖြစ်သည်။ ဦးပဥ္စင်းငယ် ဦးဝိဇယမှာ ထောင်လေးလ ကျသည်။ အစိုးရက ၂ခါဆိုင်း၊ ၃ခါဆိုင်း အခွန်တောင်းစနစ်ကို လိုက်လျောရလေသည်။

## စဥ့်ကူးနယ်အခွန်မှု

ဆိုခဲ့ပြီး မြစ်ငယ်မှုနှင့်မရှေးမနှောင်းပင် စဥ့်ကူးနယ်၌ အစိုးရက "တကြိမ်တည်းနှင့် အပြီးတောင်းရမည်"ဟု အခွန်တောင်းမိန့် ချသည်။ လူထုက "နှစ်ရစ်ထား၍ တောင်းမှပေးနိုင်မည်"ဟု အရေးဆိုသည်။

လူထုက ဝံသာနုအစည်းအဝေးပွဲများပြုလုပ်ပြီးလျှင် ဒိမြို့အုပ်နှင့် ဒိသူကြီးအခွန်တောင်းက မပေးရန်ဟု အရွဲ့တိုက်၍ဆုံးဖြတ်ချက်ချသည်။ မန္တလေးအရေးပိုင်က အသင်းလူကြီးများနှင့် ဆွေးနွေးလို၍ မန္တလေးသို့ လာစေလိုကြောင်း အကြောင်းကြားသည်။

သာမဂ္ဂီဘုန်းတော်ကြီးများက ကြော့ကြော့မော့မော့ ဝတ်ဆင်၍ မသွားရန်၊ တောသားပုံကျကျ ဆင်းရဲသားပြိုပြိုဝတ်ဆင်သွားကြရန်နှင့် "ဒိမြို့အုပ် ဒိသူကြီးတောင်းလျှင်မပေးရန်ဟု မဆုံးဖြတ်ပါ"ဟု ဖြေဆိုရန် သင်ကြားပေးလိုက်သည်။

အရေးပိုင်ကား ဆက်ဆံရာ၌ လိမ္မာပါးနပ်သောပုဂ္ဂိုလ်ဖြစ်သည်။ အသင်းသားများ ရောက်ရှိလာလျှင် ကုလားထိုင်ပေါ်ထိုင်ကြရန် ညွှန်ကြားလေသည်။ တချို့က ဘုရားထူးမိသောအခါ "ခင်ဗျားက ဝံသာနု ထင်တယ်"ဟု ရယ်ဘွယ်ပြောသည်။ (ဟိုအခါတုန်းက ဝံသာနုများက "ဘုရားမထူးရ၊ လက်အုပ်မချီရ၊ ဒူးမတုပ်ရ"ဟု ပညတ်ထားလေသည်)။

ဤဆွေးနွေးပွဲမှ နှစ်ရစ်ကျနှင့် တောင်းခံရေးမှုကို အရေးပိုင်က သဘောတူလိုက်သည်။ မိမိသဘောတူချက်ကို အင်္ဂလိပ်လို ရေးသားပြီး အသင်းလူကြီးများကိုယ်တိုင် မြို့အုပ်ထံသို့ပို့စေရန်မှာကြား၍ စာအိတ်ကို မလုံ့တလုံပိတ်ခါ ပေးလိုက်သည်။ ထိုစာအိတ်ကို သာမဂ္ဂီဘုန်းကြီးများက ဖောက်၍ကြည့်သောအခါ "မလှိုင်နှင့်မြစ်ငယ်တွင် ဤကိစ္စနှင့်ပတ်သက်၍ ဆူပူ့က်နေပါသည်၊ ဘယ်နည်းနှင့်ရရ ရသည့်နည်းနှင့်သာ တောင်းခံပါ၊ ဆူပူ့က်မှုကိုမဖြစ်ပါစေနှင့်" ဟု ရေးသားထားသည်ကို တွေ့ရလေသည်။

## ဆရာတော် ဦးစန္ဒိမာ ပြန်လွှန်တော်မူရသော မန္တလေး အဓိကရုဏ်းမှု

သံဃာ့သာမဂ္ဂီ သမိုင်းတလျှောက်၌ဆိုခဲ့ပြီးသောအခွန်မှု မြောက်မြားစွာအပြင် ထိခိုက်ဒဏ်ရာရစေသော အဓိကရုဏ်းမှု၊ အာဏာဖီဆန်အတိုက်အခံပြုမှုများလည်း အမြောက်အမြား ပေါ်ပေါက် ခဲ့လေသည်။ ထိုအမှုများတွင် မန္တလေး အဓိကရုဏ်းမှုသည် ထင်ရှားသော အမှုတခု ဖြစ်လေသည်။

၁၂၈၆ ခု ဝါခေါင်လဆုတ် ၂ ရက်နေ့၌ စီပီ ဦးခင်မောင်၊ ဦးထွန်းအောင်ကျော်တို့ပူးပေါင်း၍ ဝံသာနုအချို့၏ ပင့်ဆောင်ချက်အရ ထောင်မှလွတ်ခါစဖြစ်သော ဆရာတော် ဦးဥတ္တမသည် မန္တလေး မြို့သို့ကြွလာလေသည်။ ဆရာတော် မန္တလေးသို့ရောက်သောအခါ ဘူတာကြီးသို့အရောက် လိုက်ပါမသွားဘဲ ရှမ်းစုဘူတာမှကြိုတင်ဆင်း၍ အလွန်ကြီးမားသော လူထုကြီးက ခေတ်ရထားလမ်းအတိုင်း ခြေလျင်လျှောက်လျက် စည်ကားသိုက်မြိုက်စွာ ပင့်ဆောင်လာကြလေသည်။

ထိုအချိန်တွင် ၂၁ ဦးနှင့် ဝံသာနုတို့ကွဲပြီးဖြစ်၍ ၂၁ ဦးတို့က "ဆရာတော် ဦးဥတ္တမကြွလာခြင်းသည် ၂၁ ဦးတို့မကောင်းကြောင်းကို မိန့်ခွန်းပြောဆိုရန် ဝံသာနုများက တမင်ပင့်ဆောင်ခြင်းကြောင့် ဖြစ်သည်" ဟု အထင်ရှိကြလေသည်။ ထို့ကြောင့် မိမိတို့နေသော ရပ်ကွက်အတွင်း ဆရာတော် ဦးဥတ္တမကို ဖြတ်သန်း ပင့်ဆောင် မသွားရလေအောင် တားမြစ်ပေးဘို့ရန် အစိုးရအား တိုင်ကြားလေသည်။

ကျောက်သွေးတန်း ဘဒွေး ပိုးထည်ဆိုင်နှင့် ရွှေမောင်းတိုက် ရှေ့သို့ ရောက်သောအခါ ရာဇဝတ်ဝန်နှင့် အရေးပိုင်တို့က ရှေ့သို့ ဆက်လက်မသွားရန် လူထုကြီးအား တားမြစ်လေသည်။ မောင်ဆောင် ဆိုသူ ပုဂ္ဂိုလ်တဦးက "ဤသို့ မတားမြစ်ရန်၊ ဤသို့ တားမြစ်ပါက အမှန်အဓိကရုဏ်းဖြစ်ပါလိမ့်မည်"ဟု ရဲတင်းစွာဝင်ရောက် ပြောဆိုသည်။

သို့သော် အရေးပိုင်နှင့် ရာဇဝတ်ဝန်တို့က "မတားဘဲမနေနိုင်၊ ဘုရင်ခံ၏အမိန့်ဖြစ်သည်"ဟု တင်းတင်းမာမာဆိုလေသည်။ ဤအချိန် တွင် "ဂွပ်" ဟူသောမြည်သံနှင့်အတူ ခဲတလုံးသည် ရာဇဝတ်ဝန်၏ ဦးခေါင်းသို့ထိမှန်လေရာ ရာဇဝတ်ဝန် မှောက်လျက်လဲကျသွားလေသည်။ ယင်းဖြစ်ရပ်ကို အကြောင်းပြု၍ အလွန် ဒေါသကြီးလာသော အရေး ပိုင် စတူးဝပ်က လူအုပ်ထဲသို့ သေနတ်နှင့်မွှေ၍ ပစ်လိုက်သဖြင့် အဓိ ကရုဏ်းမီးကြီးကား အကြီးအကျယ် တောက်လောင် ခဲ့ရတော့သည်။

ထိုအဓိကရုဏ်းတွင် ဆရာတော် ဦးစန္ဒိမာ ဆီးပုံး သေနတ်မှန်၍ ပြန့်လွန်တော်မူရသည်။ လူအမြောက်အမြားနှင့် ပုလိပ် အမှုထမ်းများ ဒဏ်ရာရကြလေသည်။ ဆရာတော် ဦးဥတ္တမနှင့် ဦးကေတုတို့အား ယင်း မှုခင်းဖြစ်ပွားသည့် နေရာမှာပင် ပုလိပ်များက ခေါ်ဆောင် သွားကာ ထိန်းသည်ဖွဲ့ရထားဖြင့် ရန်ကုန်မြို့သို့ပြန်ပို့လိုက်လေသည်။ ဤအဓိကရုဏ်း မှုနှင့်ပတ်သက်၍ ဦးတိုး၊ ဦးမြ၊ ဦးစံညွန့်၊ ဦးထွန်းအောင်ကျော်တို့ ထောင်ဒဏ် ၇နှစ်၊ စီပီ ခင်မောင် ၄ နှစ်၊ မြတောင်တိုက် ဦးဇာဂရ ၃ နှစ်၊ ဦးဝိစိတ္တ၊ဦးစောမောင်၊ ရှမ်းပွဲ ဦးမောင်ကြီး ၂ နှစ်စီအသီးသီး အပြစ်ပေးခံရသည်။ ဦးဆောင်တယောက်သာ လွတ်လေသည်။

## ရွှေမျက်မှန်ဦးဝိဇယနှင့် ဆရာတော်ဦးစန္ဒိမာ ဈာပန

ဆိုခဲ့ပြီးအတိုင်း ဆရာတော်ဦးစန္ဒိမာသည် ၁၂၈၆ခုနှစ် ဝါခေါင် လဆုတ် ၂ရက်နေ့၌ ပြန်လွန်တော်မူပြီး နောက် ၃နှစ်အကြာ ၁၂၈၉ခု တန်ခူးလသို့ရောက်မှ ဈာပနကို ကျင်းပရလေသည်။

ကျင်းပရာဌာနကား မန္တလေးမြို့ မဟာမြတ်မုနိဘုရားကြီးတောင် ဘက် စလေကျောင်းတိုက်ကြီးအတွင်း ဖြစ်သည်။ ဆင်ဖြူခံသချိုင်းတွင်

မြှုပ်နှံထားသော အလောင်းကို တူးဖော်ခွင့်မရသဖြင့် အလောင်းမပါဘဲ ခေါင်းသက်သက် အလောင်းတုဖြင့်သာ ကျင်းပရလေသည်။

၎င်းပွဲ ကျင်းပမည်ဟု ကြားကတည်းက အစိုးရပိုင်းမှ အထူးဂရုစိုက်၍ စုံထောက်လေသောကြောင့် ပွဲကျင်းပသောအခါ တရားဟောရဲသည့် ပုဂ္ဂိုလ်မရှိလောက်အောင်ပင် အတော်ကြီး အဆင်မပြေဖြစ်ရလေသည်။

သံဃာတော်ဘက်မှ မိုးထားတိုက်နေ သံဃာ့သာမဂ္ဂီဘုန်းတော်ကြီး ရွှေမျက်မှန် ဦးဝိဇယ ခေါင်းဆောင်၍ လူဘက်မှ အသင်းအကျိုးဆောင် မောင်ဆောင်က ဦးဆောင်ပြီး ကျင်းပလေသည်။ ပရိသတ်စည်ကားရေး အတွက် မောင်ဆောင်က အမိမြန်မာပြည် ရုပ်ကြီးစင်ဇာတ်ထုပ်ကို တည်ခင်းပြသရလေသည်။

ယင်းဇာတ်ထုပ်ကပြပုံကို သရုပ်ဖော်ရသော် မဏ္ဍပ်အလည်တွင် ကြီးကျယ်သော ဒေါင်းရုပ်ကုလားထိုင်ကြီးကို ပြင်ဆင်ပြီးလျှင် အလှဆုံးမိန်းကလေးတဦးအား မလ္လိကာ တန်ဆာကို ဆင်မြန်းစေလျက် ဣန္ဒြေရရထိုင်၍ နေစေ၏။ 'အမိမြန်မာပြည်' ဟူသော စာတန်းကိုလည်း ထိုမိန်းကလေး ဦးထိပ်ပေါ်၌ ချိတ်ဆွဲထား၏။ ၎င်းအမိမြန်မာပြည် နောက်တွင် 'မြန်မာမင်းလက်ထက်' ဟူသော စာတန်းဆိုင်းဘုတ်ကို ချိတ်ဆွဲထားပြီး ၎င်းဆိုင်းဘုတ် စာတန်းအောက်တွင် တဦးတယောက်တည်း စားနပ်ရိက္ခာ အရှာထွက်ရုံမျှဖြင့် တအိမ်သားလုံး စားသုံးဘို့ စရိတ် လောက်လောက် ငငရရှိပုံ၊ အိမ်ရှိကလေးများအားလုံး ပျော်ပျော်ရွှင်ရွှင် နေထိုင်ကြပုံ၊ ပိုးသင်ကန်းကိုဝတ်ရုံပြီး ပျော်ရွှင်သော မျက်နှာထားနှင့် ကိုယ်တော်တပါး ဆွမ်းခံကြွလာပုံ၊ ကြိုးကြီးချိတ် လုံချည်ကို ဝတ်ဆင် လျက် လှပစွာ ပြင်ဆင်ထားသော လုံမယ်တဦးက နေအိမ်မှထွက်၍ ဝက်သားတုံးကြီးကို လောင်းလှူပုံများကို ပကတိလူသားတို့ကို ဝတ်ဆင်စေလျက် သရုပ်ဖော်ထားလေသည်။

၎င်း အမိမြန်မာပြည်၏ ရှေ့ဘက်တွင် 'အင်္ဂလိပ်မင်းလက်ထက်' ဟူသော စာတန်းဆိုင်းဘုတ်ကို ချိတ်ဆွဲထားပြီး ၎င်းစာတန်းဆိုင်းဘုတ်

အောက်တွင် ကလေးလူကြီးမကျန် တအိမ်သားလုံးထွက်၍ စားနပ်ရိက္ခာ ရှာဖွေရပုံ၊ မြင်းလှည်း၊ လန်ချား၊ မော်တော်ကားများအကြား၌ပင် ကလေးများ ကစားကြလေ့ရှိ၍ သေဆုံးရပုံ၊ ဆန်အိုးတွင် ဆန်မရှိ၍ အိမ်ရှင်မက ဆံပင်ဖားလားချပြီး ထမင်းအိုးကြီးကိုင်ကာ မှိုင်၍နေပုံ၊ သက်နိုး ညစ်တီးညစ်နွမ်းနှင့် ဆွမ်းခံကြွလာသော ဘုန်းကြီးအား ဆံပင်စုတ်ဖွား အဝတ်အစား ညစ်နွမ်းလှသော လုံမငယ်က ဆီမပါသော ပဲပြုတ်ကိုသာ လောင်းလှူရပုံ၊ ဆီမပါသောပဲပြုတ်ကိုရသဖြင့် ဆွမ်းခံဘုန်းကြီးမှာ နှလုံးမသာ မျက်နှာမလှဖြစ်ပုံ၊ လူတယောက်အား လေးဘက်ထောက်ပြီး ရှုံ့မဲ့သောမျက်နှာဖြင့် ခါးညွတ်နေစေ၍ ကျောပေါ်၌ စက်ကူကပ်ထားသော အလွန်ကြီးမားသည့် ခြင်းကြားကြီးကိုတင်ပြီးလျှင် ယင်းအပေါ်၌ 'အလွန်ကြီးမားသော အခွန်ဝန်ထုပ်ကြီး' ဟု ရေးသားကာ မြန်မာလူမျိုးများကို မျက်နှာဖြူအစိုးရက အခွန်ကိစ္စဖြင့် အကြီး အကျယ် ညှဉ်းပန်းပုံ စသည်များကို သရုပ်ဖော်ပြ ထားလေသည်။

ဤသရုပ်ဖော်ထားသည့်ပုံများကို လက်ညှိုးညွှန်ပြလျက် အကျိုးတော်ဆောင် မောင်ဆောင်က မြန်မာမင်းလက်ထက်က တိုင်းသူပြည်သားများ ကိုယ်စိတ်နှစ်ဖြာ ချမ်းချမ်းသာသာရှိကြပုံ၊ စားရေးဝတ်ရေး နေထိုင်ရေးကိစ္စတို့၌ လောက်လောက်ငငပြည့်ပြည့်ဝဝရှိပုံ၊ သာသနာတော်ကြီး တိုးတက်ထွန်းကားပုံ၊ အင်္ဂလိပ်တို့လက်ထက်၌ အဖက်ဖက်မှကျဆင်းပုံ၊ အခွန်ထမ်းကိစ္စအတွက် အကြီးအကျယ် နှိပ်စက်ခံရပုံ စသည်များကို အကျယ်တဝင့် ဟောပြောလေသည်။ အပြောကောင်းသဖြင့် ပွဲကျလှပေ၏။

ဘုန်းတော်ကြီး ရွှေမျက်မှန် ဦးဝိဇယ မဏ္ဍပ်၌မူ အလောင်းမင်းတရားကြီးပုံ၊ ဗန္ဓုလစစ်သူကြီးကို အင်္ဂလိပ်စစ်ဗိုလ်ကြီးများက အရိုအသေပေးနေကြပုံ၊ မြင်ကွန်းမင်းသားကြီးပုံ စသည်တို့ကို ချိတ်ဆွဲထားပြီး လာလာသမျှပရိသတ်အား ဇာတိမာန်တက်ကြွစေသော တရားများကို ဟောကြားရလေသည်။

ဘုန်းတော်ကြီး ရွှေမျက်မှန် ဦးဝိဇယ ဟောကြားသော တရားတပုဒ်ကိုထုတ်နှုတ်ဖော်ပြပါဦးအံ့။ "ဆရာတော် ဦးစန္ဒိမာ ပျံလွန်တော်မူရသည့်ကိစ္စကို အရပ်သားမျက်စိ၊ နိုင်ငံရေးမျက်စိလို့ မျက်စိနှစ်မျိုးနဲ့ ရှုကြည့်သုံးသပ်ရမယ်၊ အရပ်သားမျက်စိနှင့်ကြည့်ရှုယင် သာသနာဝင် ရဟန်းတော်တပါး တိုင်းတပါးသားတို့ရဲ့လက်နက်နဲ့ ပျံလွန်တော်မူရလို့ ကြေကွဲဘွယ် ဝမ်းနည်းဘွယ်ဆိုတဲ့ အချက်ကို တွေ့မြင်ရပါလိမ့်မယ်။ နိုင်ငံရေးမျက်စိနဲ့ကြည့်ခဲ့ယင် အများကြီးအမြတ်ထွက်နေတာတွေ့ရမယ်။ ဆရာတော် ဦးစန္ဒိမာကို အင်္ဂလိပ်လူမျိုးအရေးပိုင်စကားဝပ်က သေနတ်နဲ့ တည့်တည့်ချိန်ပြီးပစ်လိုက်လို့ ဆီးဖုံးမှန်ပြီး သွေး ၁ တောင်သောက်ပန်း ထွက်ခါ သေလမ်းသို့ သွားခဲ့ရပါတယ်၊ ဒီသွေးတွေဟာ ဘယ်လိုသွေးတွေ ထင်သလဲ၊ အင်္ဂလိပ်လူယုတ်မာ အညစ်အကြေးတွေကို ဆေးကြောပြီး လွတ်လပ်ရေး အရယူမယ့်သွေးတွေဖြစ်တယ်။ သေရခြင်းဆိုတာ မထင်မရှား ခွေးသေ သေရခြင်း၊ ထင်ထင်ရှားရှားလူသေ သေရခြင်းလို့ သေရခြင်း နှစ်မျိုးရှိတယ်။တိုင်းပြည်အတွက် ဆောင်ရွက်မှုမပါဘဲ သာမန်သေရခြင်းမျိုးကတော့ မထင်မရှား သေရခြင်းမျိုးဖြစ်တယ်။ အဲဒီသေရခြင်းမျိုးကတော့ ဘာမျှဘန်ဘိုးမရှိဘူး၊ယခု ဆရာတော်ဦးစန္ဒိမာလို တိုင်းကျိုးပြည်ကျိုး အမျိုးသားအကျိုးကို ဆောင်ရွက်ယင်း နိုင်ငံခြားသား အင်္ဂလိပ်လူယုတ်မာတို့ရဲ့ လက်နက်နဲ့ သေရခြင်းမျိုးကတော့ ထင်ထင်ရှားရှား သေရခြင်း၊ လူသေ သေရခြင်းမျိုးဖြစ်တယ်။ ဒီလို သေရခြင်းမျိုးဟာ အဖိုးမဖြတ် အကျိုးအမြတ် များစွာ ထွက်တယ်။ ဒါကြောင့် ပရိသတ်တွေ တိုင်းကျိုးပြည်ကျိုး ဆောင်ရွက်ယင်း မြတ်သောသေခြင်း၊ ထင်ရှားသောသေခြင်းဖြင့် သေကြပါစို့၊ ကိုရွှေအင်္ဂလိပ်တို့က သူတို့လူတွေ သေတဲ့အခါ မမေ့ရလေအောင် သင်္ချိုင်းကုန်းမှာ အမှတ်တရ ကျောက်တိုင်များ စိုက်ထူထားကြတယ်၊ ဒို့ကလဲ သူတို့လက်နက်နဲ့ ရက်စက်စွာ အသတ်ခံရတဲ့ ဆရာတော်ဦးစန္ဒိမာကို မမေ့ကြရလေအောင် ကျောက်တိုင်ကျောက်ရုပ်စိုက်ထူကာ အမှတ်တရထားကြရမယ်"။ဤသို့ စသောအားဖြင့် ဇာတိသွေး ဇာတိမာန် တက်ကြွစေသည့် နိုင်ငံရေး တရားများကို ဟောကြား၍ ဈာပနပွဲ စည်ကားအောင် ဆောင်ရွက်ခဲ့လေသည်။

# ရွှေမျက်မှန် ဦးဝိဇယ ပါတော်မူခဏ်း

"အမိတ္တဟတ္ထတ္တဂတာ၊
တစသာရ သမပ္ပိတာ။
ပသန္န မုခဝဏ္ဏတ္ထ၊
ကသ္မာ တုမှေ န သောစထ" ဟူသော ဓမ္မအာသံ

တော်သည်ကား မန္တလေးမြို့ အိမ်းတော်ရာဘုရားပရဝုဏ်အတွင်းရှိ ၁၄ခန်း ဇရပ်ကြီး၏ စင်မြင့်ပေါ်မှ ဟိန်း၍ထွက်လာလေသည်။ အချိန်သည်ကား ၁၂၇၉ ခု၊ ဝါဆိုလပြည့်နေ့ဖြစ်၏။ နွေဥတု အဆုံးသတ်လျက် မိုးဥတုဘက်သို့ ကူးပြောင်းရတော့မည့် ဆဲဆဲဖြစ်သဖြင့် နေမင်း၏ အပူရှိန်ကို ဒုဒယ်ကြီးမားသော မိုးသားတိမ်တိုက်ထူကြီးက ဟန့်တား ဖုံးအုပ်၍ထားရကား နေကောင်းထိုင်သာ ဧမြေမြ ဥတုအရသာရှိလှသော အခါသမယပင်ဖြစ်ပေ၏။ ဤသို့မြေသာယာလှသော ဥတုရာသီအောက်၌ မြောက်မြားလှစွာသော လူထုပရိသတ်ကြီးသည် အလွန်စိတ်အား ထက်သန်သော အမူအရာဖြင့် အဆိုပါဟိန်းထွက်လာသော ဓမ္မအာသံတော်ဘက်သို့ မျက်နှာမူကာ မလှုပ်မရှား ထောင်နားနားလျက်ရှိတော့၏။

တရားပွဲကြီး၏နိဒါန်းကို ရှင်းတမ်းထုတ်ကြပါဦးစို့။ အထက်တွင် ဖော်ပြခဲ့ပြီးသည့်အတိုင်း ဆရာတော်ကြီး ဦးဇန္ဒိမာ၏ ဈာပနပွဲကြီးကို တည်ခင်းကျင်းပကြပြီး နောက် ဝါဆိုလသို့ရောက်၍ တနေ့သောအခါ "အစိုးရက ရွှေမျက်မှန်ဦးဝိဇယကိုယ်တော်ကို အလိုရှိ၍နေသည်၊ လိုက်လံရှာဖွေနေသည်မှာ ရက်အတော်ကြာမြင့်လေပြီ၊ ယခုတိုင် မတွေ့ရသေး" ဟူသော သတင်းသည် မြန်မာ့အလင်း သတင်းစာတွင် ပါရှိ၍လာလေသည်။

ယင်းသတင်းကို ဖတ်ကြား သိရှိရသော ရွှေမျက်မှန် ဦးဝိဇယက "ဘုန်းကြီး ဦးဝိဇယကို မန္တလေးမြို့ ကျောက်သွေးတန်း ရတနာပုံအသင်းချုပ်တွင် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း အချိန်မရွေးတွေ့နိုင်သည်" ဟု အခြားသတင်းစာတစောင်တွင် ပြန်လည် ကြေငြာလေသည်။ ယင်းသို့ သတင်းစာ၌ ကြေငြာရုံတွင်မက ရာဇဝတ်ဝန်, ထံသို့လည်း "အကယ်၍ မိမိကိုအလိုရှိပါလျှင် ဝါဆိုလပြည့်နေ့ ညနေပိုင်းတွင် ဆိုင်ရာ

ဂတ်သို့ အရောက် လာမည်ဖြစ်ကြောင်း၊ အလိုရှိသည်မဟုတ်ကစာပြန်ရန်၊ အလိုရှိသည်ဟုတ်ပါက စာမပြန်ဘဲနေရန်” ဟု ရေးသားပေးပို့လိုက်လေသည်။

ရာဇဝတ်ဝန်ထံမှ တစုံတရာပြန်စာမလာသဖြင့်ဝါဟိုလဂြည့်နေ့သို့ ရောက်သောအခါ အိမ်တော်ရာ ၁၄ ခန်း ဇရပ်ကြီးတွင် လူ့ဂုဏ်စွာ ဖိတ်ခေါ်၍ထားသော ပရိသတ်ကြီးအား နေ့ ၁၂ နာရီမှ စတင်၍ ပါတော်မူ နှုတ်ဆက်တရား ဟောပြောလေတော့သည်။

“အဲဒို့ဒီကနေ့ဟောရမယ့်တရားကတော့ မကြောက်တရားဘဲဖြစ်တယ်။ အဲဒီမကြောက်တရားဟာ တခြားကလာတဲ့ တရားမဟုတ်ဖူးကွယ့်၊ ဘုရားဟောဒေသနာ ဇာတ်တော်ထဲကလာတဲ့ တရားဘဲ၊ တချို့ တချို့ ကာလသားသမီးတွေက ဘုရားဟော တရားတော်တွေဟာ လောကမှထွက်မြောက်ကြောင်းသာဖြစ်တယ်၊ လောကအတွက် အသုံးချဘို့နည်းစံနစ်တွေ မပါပါဘူးလို့ ဒီလိုအထင်သေးနေကြတယ်၊ ဒါ့ကြောင့် လောကရေးရာ နိုင်ငံရေးရာအတွက် ဆောင်ရွက်ဘို့ရာ နည်းစံနစ် ပရိယာယ်တွေ ဗုဒ္ဓရဲ့ ဒေသနာတော်ထဲမှာ အမြောက်အမြားပါရှိနေတယ်ဆိုတာကိုလဲ လက်တွေ့ပြယင်း ဒို့လူတွေရဲ့နှလုံးထဲက ကြောက်ရွံ့တဲ့သဘောတရားတွေ ဖယ်ရှားပြီး မကြောက်မရွံ့ ရဲဝံ့တဲ့သဘောတရားတွေကို အစားပြုလဲလှယ်ပေးယင်းဒီမကြောက်တရားတော်ကြီးကို ဟောကြားရခြင်းဖြစ်ပါတယ်။

“အမိတ္တဟတ္ထတ္တဂတာ၊
တစသာရ သမပ္ပိတာ။
ပသန္န မုခဝဏ္ဏတ္ထ၊
ကသ္မာ ဟုမ္ဟေ န ဘာဝစထ”

ဒါရကာ- အသက်အရွယ် နုနယ်သေးငယ်ကလေးတို့၊ တုမှေ-သင်တို့သည်၊ အမိတ္တဟတ္ထတ္တဂတာ-ညှဉ်းပန်းနှိပ်စက် ရန်သူ့လက်သို့ မပျက်မသွေ ရောက်ရှိ နေကြပါပေကုန်လျက်၊ တစသာရသမပ္ပိတာ-ဝါးလုံးတို့ဖြင့်ညှပ်၍ ထိပ်တုံးခတ်ကာ နှောင်ဖွဲ့အပ်ပါကုန်လျက်၊ ပသန္နမုခဝဏ္ဏာ-မညှိုးမနွမ်း ရွှင်လန်းကြည်လင်သော မျက်နှာအဆင်း ရှိကုန်သည် အတ္ထ-ဖြစ်ကြပါပေကုန်၏၊ ကသ္မာ – အဘယ်မည်သော အဘယ်ကဲ့သို့သော

အကြောင်းတရားကြောင့်၊ တုမှေ့-သင်တို့သည်၊ န သောစထ-မညှိုးမနွမ်း မပင်ပန်း မစိုးရိမ်ကြပါကုန်သနည်း။

ဒီ မေးခွန်းက ဗာရာဏသီပြည့်ရှင် ဘုရင်ဗြဟ္မဒတ် မင်းကြီးက အကျဉ်းသား သူငယ်ကလေးတွေကို မေးလိုက်တဲ့ မေးခွန်းဖြစ်တယ်။ ဗာရာဏသီပြည်အနီး ရွာသိမ်ရွာငယ်ကလေးတခုရဲ့ပြင်ဘက် ညောင်ပင်ကြီးအောက်မှာ ၁၂နှစ် ၁၃နှစ်အရွယ် လူငယ်ကလေးတွေဟာ တပျော်တပါးကစားနေကြပါတယ်။ အဲဒီအနားကို ဆေးဆရာတယောက် ရောက်ရှိလာပြီးဟိုဟိုဒီဒီကြည့်လိုက်တော့ ပညောင်ပင်ကြီးရဲ့ခွကြားမှာဦးခေါင်းကိုထုတ်ကာ အိပ်နေတဲ့မြွေကို မြင်တာကိုး။ အဲဒီလိုမြွေကို မြင်ရတော့ ဆေးဆရာက အကြံဖြစ်သတဲ့။ 'ငါ့မှာ ဤတရွာလုံးလှည့်ပတ်ခဲ့သော်လဲ ဆေးဝါး ကုသမှုကိစ္စ မကြုံကြိုက်မတွေ့ခဲ့ရဘူး၊ ဒီသူငယ်ကလေးတွေကို မြွေကို ဆက်ရက်ငယ်၊ ငှက်ငယ်လို့လိမ်ပြောပြီး ဖမ်းခိုင်းမယ်၊ ဖမ်းတဲ့ ကလေး မြွေကိုက်တဲ့အခါ ဆေးဝါးကုသခွင့်ကြုံပြီး အဖိုးအခကြေးငွေ ရမယ်' လို့ အဲဒီလိုအကြံဖြစ်သတဲ့။

အဲဒီလိုအကြံဖြစ်သည့်အတိုင်း "မောင်တို့-မောင်တို့ ဟော ညောင်ပင်ကြီးပေါ်မော့ပြီး ကြည့်ကြစမ်း၊ ဟောဟိုခွကြားမှာ ဆက်ရက်ငယ်ကလေးမြင်ကြရဲ့လား" လို့ လှည့်စားပြောလိုက်ပါတယ်။ဒီတော့ ကလေးတွေက ကစားနေရာမှ ဗြုန်းကနဲ ထတဲ့ပြီး ဆေးဆရာ လက်ညှိုးညွှန်တဲ့ ညောင်ပင်ကြီးပေါ် မော့ကြည့်ကြတာပေါ့။ ညောင်ပင်ကြီး ခွကြားက မြွေကိုမော့ကြည့်ကြပါတယ်၊ ညောင်ပင်ကြီး ခွကြားကမြွေကိုမြင်တော့ ဆေးဆရာရဲ့ အဆိုစကားအတိုင်း ဆက်ရက်ငယ်ဘဲထင်ကြတာကိုး။ ဒါနဲ့ အဲဒီ ကလေးအုပ်ထဲက တော်တော်သတ္တိဗျတ္တိ အရည်အချင်းရှိတဲ့ ကလေး တယောက်က ညောင်ပင်ကြီးပေါ်အမြန်တက်ပြီး အဲဒီ ဆက်ရက်ငယ်ကို ဖမ်းပါရော။ ဒီလိုဖမ်းတော့ ဥာဏ်စွမ်းဥာဏ်စ ကံစမ်းကံစရှိတဲ့ ကလေး မို့ထင်ပါရဲ့၊ မြွေပါးစပ် ဟမရအောင် မြွေဦးခေါင်းတခုလုံး ဆုပ်ကိုင်မိ ရက်ချည်း မိဒါကိုး။

ဒီတော့ မြွေဟာသူငယ်ကိုမကိုက်နိုင်ဘဲ တွန့်လိပ် တွန့်လိပ်ဖြစ်အနေ သူငယ်ကမြွေခေါင်းကို ခိုင်ခိုင်ဆုပ်ကိုင်ပြီး အားကုန်လွှဲပစ်လိုက်တာ ဆေး

ဆရာလည်ဆစ်ပေါ်ကိုရစ်မိရက်သား ကျပါရောတဲ့။ အဲဒီတော့ ပြောက်ကြောက်အားလန့်အားနဲ့ ဆေးဆရာကို ခေါ်လိုက်တော့ ဆေးဆရာဟာ ပွဲချင်းပြီး အဲဒီနေရာမှာဘဲ သေရပါတယ်။

"ဘယ့်နှယ်လဲ ဒို့လူတွေ သူများ မကောင်းကြံတဲ့လူဟာ ဒီဆေးဆရာလို တနေ့သေခြင်းဆိုးနဲ့သေရမှာ အမှန်ဘဲ မဟုတ်လား" "ဟုတ်ပါ့ဘုရား၊ ဟုတ်ပါ့ဘုရား"။

အဲဒီလို ဆေးဆရာသေရတဲ့ ကိစ္စနဲ့ပတ်သက်ပြီး ရွာထဲကလူကြီးတွေရောက်လာတော့ ဒီဆရာသေရတာ ဒီကလေးတွေ သတ်လို့ဘဲလို့ အဓမ္မစွပ်စွဲကြသတဲ့။(ရွာသားကြီးတွေကလဲ ဒို့တိုင်းပြည်က အလိုတော်ရိတွေလိုဘဲ ဖိုးသူည လူအန္ဓကြီးတွေ ထင်ပါရဲ့နော်)။ ဒါနဲ့ ဒီကလေးတွေကို တုပ်နှောင်ပြီး ဗာရာဏသီ မင်းကြီးထံပို့ပါရော။ အဲဒီလိုပို့တဲ့ လမ်းခရီးကြားမှာ ခေါင်းဆောင်ဖြစ်တဲ့ ကလေးက သညာပေးသတဲ့။ "ကိုယ့်လူတို့ ဘုရင်မင်းမြတ်ရှေ့ကျယင် မကြောက်မရွံ့ ရဲဝံ့တဲ့အမူအရာ၊ ကြည်လင်ပြတ်သားတဲ့ မျက်နှာထားနဲ့ ခန့်ခန့်ညားညား ဣန္ဒြေရရနေကြရမယ်၊ ပြောစရာရှိဒါအားလုံး ငါကချည်း ပြောမယ်"လို့ အဲဒီလို သညာပေးသတဲ့။ ခေါင်းဆောင်ကလေးက တခြားသူ မဟုတ်ဖူးကွယ့်၊ ငါတို့ဂေါတမ မြတ်စွာဘုရားရဲ့ အလောင်းတော် ဖြစ်တယ်။ အဲဒီလို ကလေးအချုပ်သားတွေ ဘုရင့်ရှေ့မှောက် ရောက်တော့ လမ်းခရီးအကြားမှာ အလောင်းတော်ကလေးက ချမှတ်ထားတဲ့ စည်းမျဉ်းမူအတိုင်း မကြောက်မရွံ့ ရွှင်ပျကဲ့အမူအရာနဲ့ ခစားကြဒါကိုး။ အေး-အဲဒီလိုကလေးငယ်တွေရဲ့ အံ့သြဘွယ်အမူအရာကို မြင်တော်မူရလို့ ဘုရင်မင်းမြတ်က....

"အမိတ္တဟတ္ထတ္တဂတာ၊
တဏ္ဍသာရ သမပ္ပိတာ။
ပသန္န မုခဝဏ္ဏတ္ထ၊
ကသ္မာ တုမှေ န သောစထ"လို့

မေးခွန်းထုတ်တော်မူလိုက်ခြင်း ဖြစ်တယ်။

ဒီတော့ ဒို့အလောင်းတော်ဖြစ်တဲ့ ခေါင်းဆောင်ကလေးက....

"န သောစနာယ ပရိဒေဝနာယ၊
အတ္တောစ လဗ္ဘော အပိ အပ္ပကောပိ၊
သောစန္တမေနံ ဒုခိတံ ဝိဒိတွာ၊
ပစ္စတ္ထိကာ အတ္တမနာ ဘဝန္တိ"လို့

ဂါထာစကားဖြင့် ရဲတင်းစွာ ပြန်ကြားဖြေဆို လိုက်ပါတယ်။

မဟာရာဇ-မင်းကျင့်ဓမ္မ မြတ်ဆယ်စနှင့် ပြည့်ဝဆုံဆည်း အိုမင်းကြီး၊ သောစနာယစ-နှလုံးမငြိမ် စိုးရိမ်သဖြင့်ငှင်း၊ ပရိဒေဝနာယစ-လှိုက်လှဲဖိုယို ငိုမြည်တမ်းခြင်းဖြင့်ငှင်း၊ အပ္ပကောပိအတ္တော - အနည်းငယ်မျှ ခံစားရရိုး အကျိုးမျိုးကိုလည်း၊ အပိ-စင်စစ်၊ နလဗ္ဘော-မရအပ်၊ ဧနံ-ထိုသူကို၊ သောစန္တံ-နှလုံးမငြိမ် စိုးရိမ်သည်ကို၊ ဒုခိတံ-သောကဆင့်ကဲ ဆင်းရဲသည်ကို၊ ဝိဒိတွာ-အကယ်တိတိတွေ့မြင်သိ၍၊ ပစ္စတ္ထိကာ-ညှဉ်းပန်းမည့်လူ ရန်သူတို့သည်၊ အတ္တမနာ-စိတ်အားတက်ကြွ ဝမ်းမြောက်ကြကုန်သည်၊ ဘဝန္တိ-အကယ်စင်စစ် ဖြစ်ကြပါပေကုန်သတည်း။

အဲဒီဒေသနာမှာ အလောင်းတော် ကလေးက စိုးရိမ်သောကကြောက်စိတ်လန့်စိတ်တွေ ထကြွဖြစ်ပေါ်နေခြင်းဖြင့် တစုံတရာအကျိုးကို မရနိုင်ပါဘူး၊ စိုးရိမ်သောကဖြစ်နေပုံ ကြောက်နေပုံ ရှုံ့နေပုံတွေကိုမြင်သွားယင် ရန်သူတွေဟာ အားရဝမ်းသာ ဖြစ်တတ်ပါတယ်တဲ့။

ဒီတော့ ဒို့မြန်မာလူမျိုးတွေရဲ့ ရန်သူဟာ ဘယ်လူတဲ့လဲဟေ့ ဒို့ ပရိသတ်ကြီး၊ ကိုရွှေအင်္ဂလိပ်ဘဲ မဟုတ်လား၊ ကိုရွှေ အင်္ဂလိပ်တွေဟာ ပဌမအကြိမ် ရန်စပြီး ဒို့ပိုင်နက်ဖြစ်တဲ့ တနင်္သာရီနဲ့ ရခိုင်ကိုသိမ်းခဲ့တယ်။ နောက်ဒုတိယအကြိမ် ပုသိမ်၊ ဟံသာဝတီ၊ ပဲခူးနယ်တွေတိုက်ခိုက်သိမ်းယူခဲ့တယ်။ နောက်တတိယအကြိမ် ၁၂၄၇ ခုနှစ်ကျတော့ သီပေါမင်းကိုပါ ဖမ်းယူပြီး တပြည်လုံးအကြွင်းအကျန်မရှိ သိမ်းယူတယ်မဟုတ်လား။ ဒီလို သူများပစ္စည်း သူများပိုင်နက်တွေကို သိမ်းယူတဲ့လူကို ဘယ်နှယ်ခေါ်သလဲ ပရိသတ်ကြီး၊ အဒိန္နာဒါနလူလို့ ခေါ်တယ်မဟုတ်လား။ အဒိန္နာဒါနဆိုတာ မပေးဘဲနဲ့ ခိုးယူတဲ့လူ၊ ပိုင်ရှင်မကျေနပ်ဘဲနဲ့ ဓားမြတိုက်တဲ့ လူကိုခေါ်တာ မဟုတ်လား။ (ဟုတ်ပါတယ် - ဟုတ်ပါတယ်)။ အဲဒီလိုမတရားတိုက်ခိုက် သိမ်းယူပြီးတဲ့နောက် သူတို့က လေသံကောင်း

ဟစ်လိုက်သေးတယ် "မြန်မာပြည်ကို သိမ်းပိုက်ရတာက မြန်မာလူမျိုးတို့ ပညာအမြော်အမြင်ရှိအောင် သင်ကြားပြသပေးဘို့၊ မြန်မာတွေမှာက မြော်ကသေးတဲ့ လောကဓာတ်ပညာတွေကို ကျွမ်းကျင်လိမ္မာလာအောင် နည်းလမ်းတကျ ပြသပေးဘို့ပါတဲ့"။ ဟုတ်ရဲ့လား ပရိသတ်ကြီး၊ သူများ လက်ထဲကမုန့် အတင်းလုစားပြီး စားသူဝတို့ မဟုတ်ပါဘူး၊ မုန့်ပိုင်ရှင်တို့ ပါလို့ဆိုယင် ဒီစကား ဟုတ်နိုင်ပါမလား ပရိသတ်ကြီး (မဟုတ်နိုင်ပါ၊ မဟုတ်နိုင်ပါ)။ ဒီတော့ အင်္ဂလိပ်ဟာ ဒို့ရန်သူ၊ အင်္ဂလိပ်ဟာ ဒို့အပေါ် မှာ အလွန်ကောက်ကျစ်စဉ်းလဲတဲ့ ရန်သူအစစ်ဘဲလို့ မှတ်ယူရမယ်မဟုတ် လား (ဟုတ်ပါတယ်၊ ဟုတ်ပါတယ်)။ အဲဒီတော့ ရန်သူရှေ့မှာ ဘယ်လို မနေရဘူးတဲ့လဲ "သောစန္တမေနံ ဒုခိတံ ဝိဒိတွာ ပစ္စတ္ထိကာ အတ္တမနာ ဘဝန္တိ"တဲ့။ ရန်သူရှေ့မှောက် စိတ်သောကရောက်ပြီး ရှုံ့ကြောက်မနေ ရဘူးတဲ့။ ရှုံ့နေမယ်၊ ကြောက်နေမယ်ဆိုယင် ရန်သူက အားရဝမ်းသာ တတ်ပါတယ်လို့ ဆိုတယ် မဟုတ်ဖူးလား။

အဲပြီးတော့ အလောင်းတော်ကလေးယ် ကလေးက ဗာရာဏသီ မင်းကြီးရဲ့ မေးခွန်းကိုဆက်လက်ပြီး ...

"ယတော စ ခေါ ပဏ္ဍိတော အာပဒါသု၊
နဝေဓတိ အတ္ထဝိနိစ္ဆယညူ။
ပစ္စတ္ထိကာ တေ ဒုခိတာ ဘဝန္တိ၊
ဒိသွာ မုခံ အဝိကာရံ ပုရာဏံ"လို့ ဖြေကြားပါသေးတယ်။

ယတောစခေါ - မှတ်သားချက်မရ အကြင် အခါကာလ၌လည်း၊ အာပဒါသု-ဒုက္ခကို ဖန်မည့် ဘေးရန် အန္တရာယ်တို့သည်၊ ဥပ္ပန္နေသု-စင်စစ် မသုန် ဖြစ်ကုန်သည်ရှိသော်၊ အတ္ထဝိနိစ္ဆယညူ-အကျိုးတရား၏ အတွက် ဆုံးဖြတ်ချက်ကို သိသော၊ ပဏ္ဍိတော-ပညာရှိသည်၊ နဝေဓတိ-စိတ်ရော ကိုယ်ပါ နှစ်ဖြာမယုတ် မတုန်လှုပ်၊ အဝိကာရံ-မတည်ကြည်ဟန် ဖောက် ပြန်ခြင်းမရှိသော၊ ပုရာဏံ-အသွင်မပြောင်း ရှေးဟောင်း မူအတိုင်းဖြစ် သော၊ မုခံ-မျက်နှာကို၊ ဒိသွာ-တိုက်ရိုက်ထင်ထင် တွေ့မြင်ရ၍၊ တေပစ္စတ္ထိ ကာ-နှိပ်စက်မည့်လူ ထိုရန်သူတို့သည်၊ ဒုခိတာ ကိုယ်ရောစိတ်တုံ့ နှစ်ပုံ ကြေကွဲ ဆင်းရဲ ကြကုန်သည်၊ ဘဝန္တိ - စင်စစ်မသွေ ဖြစ်ကြပါပေကုန် သတည်း။

အဲ ဘေးရန်နဲ့ ကြုံလာတဲ့အခါ ပညာရှိမှန်လျှင်မတုန်လှုပ် ရဘူးတဲ့။ မဖောက်မပြန် အသွင်မပြောင်း ရှေးဟောင်းမူဟန်အတိုင်းသာ ဖြစ်စေရမတဲ့။ အဲဒီလိုဘေးနဲ့မကြုံရမီက အနေအထားအတိုင်း ရှင်နေတဲ့ အမူအရာ ပြုံးနေတဲ့မျက်နှာထားတွေကို မြင်ရပါမှ ရန်သူများဟာ စိတ်ဆင်းရဲခြင်း ကိုယ်ဆင်းရဲခြင်းဖြစ်ရတယ်လို့ အလောင်းတော်ကလေးက အဖြေပေးလိုက်တယ်မဟုတ်လား။

အဲဒါကြောင့် ဒို့လူတွေဟာ အင်္ဂလိပ်မျက်နှာဖြူတွေက ဖန်တီးနေတဲ့ အမျိုးနဲ့ ပတ်သက်တဲ့ဘေး၊ ဘာသာနဲ့ပတ်သက်တဲ့ဘေး၊ အစီးအပွားနဲ့ပတ်သက်တဲ့ဘေး၊ အခွန်မပေးနိုင်လို့ သေနတ်ချိန်ခံရတဲ့ဘေးလို့ အဲဒီလို အမျိုးမျိုးသောဘေးတွေနဲ့ ကြုံလာတဲ့အခါ ဘယ့်နှယ်နေရမယ်တဲ့လဲ၊ အပြုံးမပျက် အကြောက်မဖက်တဲ့အမူအရာနဲ့ နေရမယ်လို့ဆိုတယ်မဟုတ်လား။ အေး ဒို့က မကြောက်တဲ့ဟန်တွေကိုပြနိုင်မှ သူတို့က စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်မှာ။· ဒို့က ကြောက် ကြောက်ချည်းနေမယ်ဆိုယင် သူတို့က အမြဲဝမ်းသာအားရ ဖြစ်နေကြမှာ။ ဒါ့ကြောင့်—

"ဒို့ပိုင်နက်တွေကို အဓမ္မသိမ်းယူဒါ ဘယ်သူတွေလဲဟေ့"
"အင်္ဂလိပ်-အင်္ဂလိပ်"

"ဒို့တတွေကို ဒုက္ခပေးနေဒါ ဘယ်သူတွေလဲဟေ့"
"အင်္ဂလိပ်-အင်္ဂလိပ်"

"ဒို့လူမျိုးတွေကို နှိပ်စက်နေဒါ ဘယ်သူတွေလဲဟေ့"
"အင်္ဂလိပ်-အင်္ဂလိပ်"

"ဒို့ရန်သူအစစ်ဟာ ဘယ်သူတွေလဲဟေ့"
"အင်္ဂလိပ်-အင်္ဂလိပ်"

"ဒို့မကြောက်ရမှာက ဘယ်သူတွေလဲဟေ့"
"အင်္ဂလိပ်-အင်္ဂလိပ်"

"အင်္ဂလိပ်ကိုကြောက်သေးသလားပရိသတ်ကြီး" "မကြောက်ဖူး၊ မကြောက်ဖူး"။ အဲဒီလို အိမ်တော်ရာ ၁၄-ခန်းဇရပ် ပရိသတ်ထုကြီးအား

မကြောက်တရား ဟောကြားပြီးနောက် ညောင်ကန်တိုက် ဘုံပိုင်ကျောင်း ဦးဝိဇယက အသင့်စီမံထားတဲ့ ပန်းမော်တော်ကားကြီးနှင့် ငွေထီး ကနက္ကဒဏ်ထီးဖြူများကို ဆောင်းကာ ဘုရားကြီးရဲ့ဌာနသို့ ထွက်ခဲ့လေသည်။ တရားနာပရိသတ်ထုကြီးသည်လည်း မကြောက်တရားရကြပေလို့လားမသိ၊ တီးမှုတ်ကခုန်၍ လိုက်ပါလာကြသည်။ တီးမှုတ်ကခုန်ဆိုရာ၌ သန့်ရှင်းတည်ငြိမ်ခဲ့ချိန်ကကဲ့သို့ တကယ် အိုးစည်ဗုံမောင်းနှင့် တီးမှုတ် ကခုန်ခြင်းမျိုးမဟုတ်၊ ယောကျ်ားကြီးငယ်တို့က ပိုင်တူလက်ခုပ်တီး သီချင်းဆိုကြ၍ လည်ပင်း၌ စိပ်ပုတီး ဆွဲထားသည်။ ဆံပင်ဖြူအမယ်ကြီးအိုများက ပုဝါစ နှစ်ဖက်ချကာ ကခုန်လိုက်ပါလာကြခြင်းဖြစ်သည်။

တချို့တချို့ နောက်ပြောင်တတ်သူများက လမ်းနံဘေးရှိ အစားအသောက်ဆိုင်များမှ မုန့်ပဲ သွားရေစာများကို နှိုက်၍နှိုက်၍စားကြသည်။ ဆိုင်ရှင်များကလည်း သစ်ဆန်းသော မြင်ကွင်းအာရုံရဲ့ ညှို့ဓာတ်မိနေပေလို့လားမသိ၊ မယူပါနဲ့၊ မစားပါနဲ့လို့ မဆို၊ မတုန်မလှုပ် ကြက်သေကြည့်ကြည့်၍နေကြသည်။ တချို့တချို့ကတော့ ကခုန်လိုက်ပါလာတဲ့ပရိသတ်ကြီးရဲ့ ရွှင်ပျလှုပ်ပုံမြင်ရလို့ ပီတိသောမနဿတွေ ကူးစက်ကာ စားကြပါ သောက်ကြပါလို့ စေတနာသာ ဒါနပွဲခင်းသလို အတင်းလိုက်၍ ပေးကြကျွေးကြလေသည်။

ကားပေါ်မှ ရွှေမျက်မှန် ဦးဝိဇယကလဲ ကျယ်လောင်စွာ ဟစ်ဟစ်ပြီး မကြောက်တရား၊ မလန့်တရားများကို အင်္ဂလိပ်မှုန်းတီးရေးတရား၊ အလိုတော်ရိတို့ကိုရှုံ့ချသည့် တရားများကို ဟောကြားလိုက်ပါလာလေသည်။

ထူးထူးဆန်းဆန်း ကွံ့မခန်းဖြစ်နေသော အကြောင်းအချက်တခုကတော့ ရာဇဝတ်ဝန်၏ ကားကလေးသည် ရွှေမျက်မှန် ဦးဝိဇယ၏ ပန်းမော်တော်ကားကြီးအနီး ကခုန်လိုက်ပါလာသော ပရိသတ်ထုကြီး၏ အလယ်မှ တရွေ့ရွေ့ မောင်းနှင် လိုက်ပါလာခြင်းပင်ဖြစ်၏။ ဤသို့ တာဝန်ရှိသူတဦးက ဟန့်ခြင်းတားခြင်းကို တစုံတရာမပြု၊ ဖမ်းမှုဆီးမှုတို့ဖြင့်လည်း အနှောင့်အယှက်မပေးဘဲ ဆေးစွာလိုက်ပါ၍လာခြင်းသည် ပရိသတ်၏ ဝမ်းသာအားရ ရွှင်ပျလှသော အမူအရာကိုမြင်ရ၍ အမ်း

တမ်းတမ်းဖြစ်၍ နေခြင်းကြောင့်လော၊ သို့တည်းမဟုတ် မိမိကိုယ်တိုင်က ဤပြုမူချက်ကို နှစ်သက်ထောက်ခံ၍ပေလောဟု တွေးတော ဒွိဟ သံသယ ဖြစ်စရာပင်။

ဤသို့ ကျေးလက်တောရွာတို့၌ ရှင်လောင်းလှည့်သလို တရွေ့ရွေ့ တီးမှုတ် ကခုန်လာခဲ့ရာမှ ဘုရားကြီးဂတ်နှင့် မလှမ်းမကမ်း ရွှေတိုး တံတားတောင်ဘက်ကမ်းသို့ ရောက်သောအခါ ညနေ ၅ နာရီ ထိုးကာ နီးပြီဖြစ်သဖြင့် လူစုခွဲဘို့ရန် ဆုံးဖြတ်ချက်ချရတော့သည်။ လူစုခွဲ၍ ရာဇဝတ်ဝန်၏ကားပေါ်သို့ ပြောင်းလဲစီးပြီး ကားပေါ်မှ ပရိသတ်ဘက် သို့လှည့်ကာ ကျနစွာ ဣန္ဒြေရရ တင်ပလ္လင်ခွေ ဘုန်းကြီးထိုင်ထိုင်၍ ပရိသတ်ကြီးအား ငါးပါးသီလပေးသည်။ ပရိသတ်များကလဲ ဉပုသ်ဇရပ်၌ သီလယူဘိသကဲ့သို့ ပြားပြားဝပ်ရှိခိုး ဦးချကာ ငါးပါးသီလခံယူကြသည်။ သီလပေးပြီး တရားအနည်းငယ် ဆက်လက်ဟောပြီးနောက် ရာဇဝတ်ဝန် ကားဖြင့် ဘုရားကြီးဂတ်သို့ လိုက်ပါလာခဲ့တော့၏။

ရာဇဝတ်ဝန်ကလေးကား မြန်မာလူမျိုးဖြစ်သည်။ ကားအတူစီး လာယင်း "ဆရာတော်၏ လုပ်ဆောင်ချက်ကို တပည့်တော်အများကြီး ထောက်ခံသည်၊ တပည့်တော်လည်းသက်သာ တိုင်းသူပြည်သား များ လည်း သွေးကြွ၍ကျန်ရစ်ခဲ့ပါသည်"ဟု အနီးကပ်၍ တိုးတိုး လျှောက် ထားလေသည်။

ဘုရားကြီး ဂတ်သို့ရောက်သည့်အခါ ၅နာရီထိုး၍နေပြီ။ အင်္ဂလိပ် လူမျိုးများအတွက် သီးသန့်စီမံထားသော အချုပ်ခန်း၌ ထားသဖြင့် ချမ်းသာစွာ နေရလေသည်။

ဤအကြောင်းရပ်တို့ကို ထုတ်ဖော်ပြောပြ မိန့်ဟတော်မူပြီးသည့် အဆုံး၌ ရွှေမျက်မှန် ဆရာတော်ဘုရားကြီးက နိဂုံးချုပ်တော်မူသည်မှာ- "မောင်ပုညာနန္ဒရေ၊ ဒီ ဦးစန္ဒိမာစျာပနကိစ္စ မကြောက်ရေးဆန္ဒပြတဲ့ ကိစ္စတွေနဲ့ပတ်သက်ပြီး ငါ့ကို ထောင်ဒဏ် ၃ နှစ် အပြစ်ပေးခံရတယ် ကွယ့်၊ ဒါပေမယ့် နှဲကလေးမှဝမ်းမနည်းခဲ့ဘူးကွယ့်၊ ထောင်ကျရလေ ခြင်း လို့များ ပူပင်သောက စိတ်အကြောင့်အကြ မဖြစ်ခဲ့ဘူးကွယ့်၊

ဘာပြုလို့လဲဆိုတော့ ကာလသား ကာလသမီးတွေက တို့မြတ်စွာဘုရား ဒေသနာတော်ကို အထင်သေး အမြင်သေး ဖြစ်နေ ကြတာကွယ့်၊ ဘုရားဟော ဒေသနာတွေဟာ လောကမှ ထွက်မြောက်ကြောင်းသာ ဖြစ်တယ်၊ လောကတွင်းအတွက် ကျင့်ဘွယ် ကြံဘွယ် စနစ်ဇယားမရှိဘူးလို့၊ အဲဒီလိုမချေမငံ ပေါ့ပေါ့တန်တန် ထင်နေကြတာကွယ့်။ ဒါ့ကြောင့် ဒို့က မြတ်စွာဘုရား ဒေသနာတွေထဲမှာ လောကရေးအတွက် ကျင့်သုံးလိုက်နာဘွယ် စည်းမျဉ်းဥပဒေတွေ ဒီလို ရှိပေသေးတယ်လို့ လက်တွေ့ အောင်အောင်မြင်မြင် ကျင့်သုံးပြလိုက်ရတဲ့အတွက် ဝမ်းသာလိုက်တာလေ၊ ဒီအောင်မြင်ချက်ကိုပြန်ပြီး သတိရတိုင်း ရတိုင်း ပီတိဖြစ်လို့မဆုံးဘူးကွယ့်”ဟု နိဂုံးချုပ်တော် မူပါသည်။ ဤနိဂုံးစကားကို ကြားနာရသော မှတ်တန်း ရေးသားသူမိမိမှာ “ဤဆရာတော်ကြီးသည် ကားအင်္ဂလိပ်မျက်နှာဖြူအောက်မှ လွတ်မြောက်ကြရန်အတွက် ပြင်းပြင်းပြပြအားခဲနေကြရလို့ ပင်ပင်ပန်းပန်း နွမ်းနွမ်းနယ်နယ်ဖြစ်ပြီး နေရတဲ့ ကြားထဲမှာပင် ဒီလိုဒေသနာတော်၏သရုပ်ကို ပေါ်စေတော်မူလိုတဲ့ဆန္ဒကို ခေတ္တကလေးမျှ ချထားပြီး အနားမပေးနိုင်တဲ့ တကယ့် ပုဂ္ဂိုလ်ကြီးပေဘဲ”ဟု ဆရာတော်ကြီး၏ ကျယ်ပြန့်လှသော ဆန္ဒတော်ကြီးကိုအာရုံပြုကာ အကြိမ်ကြိမ်သော သက္ကစ္စဖြင့် ဂရုဂါရဝ ပြုခဲ့မိပါသည်။ ကြည်ညိုလေးစား နှလုံးသားဖြူဆွတ် အကြိမ်ကြိမ် ဦးညွှတ်ခဲ့မိ ပါသတည်း။

## ရွှေမျက်မှန် ဦးဝိဇယ နှင့် ဈာပနပြစ်မှုစစ်ခင်း

ဖော်ပြပြီးခဲ့သော ဦးစန္ဒိမာ ဈာပနမှုခင်းကို အောက်ရုံးတွင် ဒုတိယအရေးပိုင် ဦးဖိုးကူးက တရားသူကြီးပြုလုပ်၍ စစ်ဆေးလေသည်။ မောင်ဆောင်အတွက် ရှေ့နေ ကိုသာကျော်က ကုသိုလ်ဖြစ် လိုက်ပါ ဆောင်ရွက်သည်။ ဆရာတော်ကြီးအတွက်ကား ကိုယ်တော်တိုင် လျှောက်လဲသည်။ အစိုးရရှေ့နေကား စကားပြောအလွန်ကောင်းသော လူတယ်ဆိုသူ ဖြစ်လေသည်။

စုံထောက်ကတရားသူကြီး ရှေ့မှောက်တွင် မိမိရေးမှတ်ထားသော အကြောင်းအရာများကို ဖတ်ကြားပြပြီး ဤမှတ်တန်း မှန်ကန်ကြောင်းကို

အောက်ပါလူကြီးများက ဈာပနပွဲမဏ္ဍပ်ထဲမှာပင် လက်မှတ် ထိုးပါသည်ဟု အရပ်လူကြီး လေးငါးဦးနှာမည်ကို ဖတ်ပြလေသည်။

တရားလို၏သက်သေများကို ပဌမစစ်၍ သက်သေတယောက် စစ်ပြီးတိုင်း "ဘာပြောလိုသေးသလဲ"ဟု တရားခံများအား မေးလေသည်။ ပဌမသက်သေတယောက်နှစ်ယောက်လောက်တွင် ဘာမှ မပြောလို မမေးလိုကြောင်း ဖြေကြားပြီး "တရားပွဲကိုအစအဆုံးနာကြားပါသည်၊ အားလုံးမှတ်မိပါသည်၊ စုံထောက်ရေးမှတ်ထားသော စကားအားလုံးမှန်ပါသည်၊ ယင်း မှတ်တန်း မှန်ကန်ကြောင်းကို အသိအမှတ်ပြုသောအနေနှင့် မဏ္ဍပ်တွင်းမှာပင် လက်မှတ်ထိုးခဲ့ပါသည်"ဟု မျက်နှာလိုမျက်နှာရ ထွက်ဆိုသော သက်သေတယောက်၏အလှည့်သို့ရောက်သောအခါ ရွှေမျက်မှန်ဘုန်းတော်ကြီး ဦးဝိဇယ က "ဤသက်သေအား မေးခွန်းထုတ်ပါရစေ"ဟု ခွင့်တောင်းရာ ခွင့်ရသဖြင့် မေးခွန်းထုတ်လေသည်။

"ဈာပနပွဲသို့ရောက်ပါသလား"
"ရောက်ပါသည်"
"ဘယ်နေ့မှာတရားပွဲလုပ်သလဲ"
"မမှတ်မိပါ"
"ဘာပွဲလဲ"
"ဦးစန္ဒိမာ ဈာပနပွဲပါ"
"ဘာ့ကြောင့်ပြန်တော်မူသလဲ"
"သေနတ်မှန်လို့ပြန်တော်မူပါတယ်"
"ဘယ်နှစ်နှစ်လောက် ရှိပြီလဲ"
"မမှတ်မိပါ"
"မဏ္ဍပ်ဘယ်လောက်ကျယ်ပါသလဲ၊ တိုင်ဘယ်နှစ်လုံးလဲ"
"မသိပါ"

(ဤဘှင် တရားသူကြီးကမဆိုင်သော မေးခွန်းများကို မမေးရန် ကန့်ကွက်သည်)။

(ရွှေမျက်မှန် ဘုန်းကြီး ဦးဝိဇယက "ဆိုင်လာလိမ့်မည်၊ ရေးသာရေးပါ"ဟု ချေပသည်။)

"မကျွပ်ထဲ ဘာတွေဆွဲထားသလဲ"

"မသိပါ"

"ဘယ်ဘက် လှည့်ဟောသလဲ"

"တောင်ဘက် လှည့်ဟောပါတယ်"

"ဘယ်နှစ်နာရီကြာ ဟောသလဲ"

"မသိပါ"

"တရားပွဲကြွလာတဲ့ ကိုယ်တော်တွေကို ဘယ်သူက ဆွမ်းကျွေး သလဲ"

"မသိပါ"

(ဤတွင် တရားသူကြီးက မဆိုင်သည်ကိုမမေးရ၊ ကန့်ကွက်ပြန်သည်၊ ရွှေမျက်မှန်ဘုန်းကြီး ဦးဝိဇယက "ဆိုင်လာလိမ့်မည်၊ ရေးသာရေးပါ"ဟု ချေဆိုပြန်သည်။)

မှတ်ချက်။ ။ဤသို့ အပျံ့အနှံ့ မေးခွန်းထုတ်ခြင်းသည် သက်သေဖြစ်သူ မိမိထွက်ဆိုချက်များကို မေ့ပျောက် သွားအောင် လုပ်ဆောင်နေခြင်းဖြစ်သည်။

"တရားနာတဲ့အချိန်မှာ ဟိုဟိုဒီဒီ မကြည့်ဘူးလား"

"ကြည့်မိပါသည်"

"ဒီလို ကြည့်မိတဲ့အခါ ဘုန်းကြီးဟောတာတွေကို မှတ်မိသေးရဲ့လား"

"မမှတ်မိပါ"

"တရားသူကြီး ရေးပါ"ဟု ရွှေမျက်မှန်ဘုန်းကြီး ဦးဝိဇယက ကြားဖြတ်ပြောသည်။

မှတ်ချက်။ ။သက်သေသည် "အားလုံး မှတ်မိပါသည်"ဟု ထွက်ဆိုခဲ့သည်။ "ယနေ့နံနက် ၉ နာရီအချိန်မှာ အစိုးရရှေ့နေလူတယ်နဲ့ ဟိုဒေါင့်နားမှာ စကားပြော သေးတယ်မဟုတ်လား"

"ပြောပါတယ်"

(ဤမေးခွန်းကို ၃ ကြိမ်မေး၍ ၃ ခါဖြေသည်။)
"ဘုန်းကြီးတရားပွဲ ဘယ်အချိန်ပြီးသလဲ"
"မမှတ်မိပါ"
"ဘာ့ကြောင့် မမှတ်မိသလဲ"
"ကိစ္စရှိတာနဲ့ အိမ်ပြန်ခဲ့ရလို့ မမှတ်မိပါ"
"စုံထောက်နဲ့ ဘယ်လောက်ကြာမှ တွေ့သလဲ"
"၄ ရက်လောက်ကြာမှ တွေ့ပါတယ်"
"စုံထောက်ဆီကို သွားရသလား၊ သို့မဟုတ် စုံထောက်ကအိမ်ကို လာတာလား"
"စုံထောက်က အိမ်ကိုလာပါတယ်"
"ဘာကိစ္စ လာသလဲ"
"တရားဟောစာတန်းအတွက် လက်မှတ် ထိုးခိုင်းဘို့ရန် လာပါတယ်"

(ဤတွင် တရားသူကြီးကဝင်၍) "ဟောစာတန်း လက်မှတ်ထိုးပြီးမှ အိမ်ကိုပြန်တာ မဟုတ်လား"ဟု မေးခွန်းထုတ်လေသည်။

"ဘယ့်နှယ်မဆိုင်တဲ့စကားကိုပြောပါသလဲတရား သူကြီး၊ အခုလိုရေလာမြောင်းပေး စကားမျိုးကိုပြောတာ လမ်းမကျပါဘူး၊ နောင်ခင်ဗျားရုံးမှာ ကျုပ်ဘယ်တော့မှ အစစ်မခံတော့ဘူး" ဟု ရွှေမျက်မှန်ဘုန်းကြီး ဦးဝိဇယက ငေါက်ပြောပြောလေသည်။

ဤတွင် နားထောင်နေသော ပရိသတ်များမှာ ရုတ်ရုတ်သဲသဲဖြစ်ကာ ဘိနပ်နှင့်ပေါက်မည့်ဟန် ခဲနှင့်ထုတော့မည့်ဟန်ဖြင့် အတော်အခြေအနေ တင်းမာ ပြင်းထန်၍လာသဖြင့် စစ်ဆေးမှု ရုပ်သိမ်းလိုက်ရ လေသည်။

နောက်အကြိမ်များတွင် စက်ရှင်ရုံးသို့ ပြောင်း၍ စစ်ဆေးသည်။ ယင်းစက်ရှင်ရုံးတွင် စစ်ဆေးရာ၌လည်း တရားခံဘက်မှ သက်သေမပေးသဖြင့် ဆက်လက်စစ်ဆေးဘွယ်မရှိတော့ဘဲ အက်ဆက်ဆာလူကြီး ၄ ဦး၏ အကဲဖြတ်ချက်ကိုသာ နားထောင်ရလေသည်။

ထိုအက်ဆက်ဆာလူကြီးများ အကဲဖြတ်ချက်မပေးသေးမီ ရွှေမျက်မှန်ဘုန်းကြီး ဦးဝိဇယက မိမိသည် မြန်မာစစ်စစ်ဖြစ်ကြောင်း၊ မြန်မာစကားကို နိုဒါန်းနိဂုံးအအုပ်အသံ ကျနမှန်ကန်စွာ ပြောဆိုတတ်ကြောင်း၊ ပုဒ်မ ၁၂၄ (က)ကိုလည်း ချင်းချက်နှင့်တကွ ကျကျနန ဖတ်ရှုထားကြောင်း၊ ဥပဒေလွတ်အောင် အရှောင်အတိမ်းနှင့်သာ ဟောပြောကြောင်း၊ ဤနည်းစံနစ်ဖြင့် ဟောပြောခဲ့သည်မှာ နှစ်ပရိစ္ဆေဒ ကြာလုပြီဖြစ်ကြောင်း၊ မည်သည့်တရားပွဲတွင်မှ ဥပဒေစွန်းငြိသည်ကို ပြောဟောမိသဖြင့် အစစ်အဆေးမခံ ခဲ့ရဘူးကြောင်း၊ "အင်္ဂလိပ်ခွေး"ဟုဆိုလျှင် ဥပဒေမလွတ်ကြောင်း၊ "အင်္ဂလိပ်ခွေးများဟာ အစား ကောင်းကောင်း စားရလို့ အလွန်ဝသည်"ဟုဆိုလျှင် အပြစ် လွတ်ကြောင်း၊ ဤစုံထောက်တင်ပြသော စကားများမှာ မိမိဟောကြားချက်ကို အပြည့်အစုံမရေးသားဘဲ အပြစ်စွန်းငြိရလေအောင် စကား အပိုင်းအစများကိုသာ ထုတ်နှုတ်ဆက်စပ် ဖော်ပြထားကြောင်း စသောအားဖြင့် လျှောက်လဲလေသည်။

အက်ဆက်ဆာ လူကြီးများကလည်း ဤပုဂ္ဂိုလ်၏ တရားပွဲမြောက်မြားစွာကိုကြားနာဘူးကြောင်း၊ယခုနကလျှောက်လဲသည့်အတိုင်း ဥပဒေနှင့် မစွန်းငြိဘဲ ဥပဒေလွတ် အသုံးအနှုန်းများကိုသာ ကြားနာရဘူးကြောင်းစသည်ဖြင့် အကြောင်းပြပြီးလျှင် ဤပုဂ္ဂိုလ်အား အပြစ်မပေးထိုက်ကြောင်း အကဲဖြတ်ကြလေသည်။

ထို့နောက် ၃ရက်ခွါပြီးရုံးချိန်းသည်။ ရုံးချိန်းရက်သို့ရောက်သောအခါ တရားသူကြီးက ဤဆရာတော် ဟောပြောသော စကားများသည် အစိတ်အစိတ်အားဖြင့် ဥပဒေလွတ်သော်လည်း စကား အားလုံးပေါင်းလိုက်သော် ဥပဒေနှင့် စွန်းငြိနေသဖြင့် ထောင်ဒဏ် ၃နှစ် ခံစေဟုဒီရင်ချက်ချလေသည်။

မောင်ဘဆောင် ပြောသောစကားများ၌လည်း သူပုန်ထစေရန်လှုံ့ဆော်ချက်များ ပါရှိသည်ဟုဆိုကာ ထောင်ဒဏ် ၃နှစ်ပင် ဒီရင်ချက်ချလေသည်။

# တိမ်မြုပ်၍နေသော ရွှေမျက်မှန် ဦးဝိဇယအကြောင်း ဆောင်းပါးတပုဒ်

## ဂျီ-စီ-ဘီ-အေ ရုံးအုပ်ဆရာတော်ကြီး ၏ နောက်ဆုံးစကား

ဤဆရာတော်ကြီးသည် ဂျီ-စီ-ဘီ-အေ ရုံးအုပ် ရွှေမျက်မှန် ဦးဝိဇယဟူသောအမည်ဖြင့် ၂၀ နှစ်ခန့်ကာလတိုင်တိုင် ဝံသာနုခေတ် နိုင်ငံရေးလောကတွင် ပါဝင် အားသစ်တော်မူခဲ့ရသော နိုင်ငံရေး သက်တော်ရှင် ပုဂ္ဂိုလ်ကြီးတပါးဖြစ်သည်။ ဤဆောင်းပါးတွင် ပါသော နောက်ဆုံး အမေးစကားသည် ယခုခေတ် ကာလသားသမီး တို့၏ အယူအဆများနှင့် ကိုက်ညီကြမည်မဟုတ်သော်လည်း ထိုဆရာ တော်ကြီး၏ အမျိုးသားရေးအတွက် ဆောင်ရွက်တော်မူခဲ့ရသော ဝိရိယစွမ်းအားကို နောက်ဆုံးလေးစားဦးညွှတ်သောအားဖြင့် ပုဂ္ဂိုလ် အများပင် ဖတ်ကြားထိုက်သည်ဟုယူဆပါသောကြောင့် ဤဆောင်း ပါးဖြင့် ဖော်ထုတ် တင်ပြလိုက်ရပါသတည်း။

ပုည

ပြာသိုလဖြစ်သဖြင့် ဥတုနိယာမအရ အထွတ်အထိပ်သို့ကျရောက် အောင် ချမ်းလှသော အခါသမယပင်ဖြစ်သည်။ ယင်းသို့ဆောင်းဥတု ဖြစ်၍ ချမ်းလှသည့်အထဲ မဟာအကာလ မိုဃ်းကြီးက သူ၏ရာသက်ပန် မိတ်ဆွေ မဟာအကာလ လေကြီးနှင့် တွဲကာ အဇောတ်ပွဲကြီး ခင်း ကျင်းနေပြန်သဖြင့် လောကဓာတ်တခုလုံး ရေခဲတုံးကြီးများ ဖြစ်နေလေ ရော့သလားဟု ညည်းတွားရလောက်အောင် မဟာ့မဟာ အဓောတ် ကြီးကား မင်းမူလျက်ရှိတော့သည်။

ပြာသိုလဆုတ် ၁ ရက်နေ့ ည ၇ နာရီအချိန် အဓောတ်ကို ကြောက် လန့်၍လားမသိ၊ မှိတ်တုတ်မှိတ်တုတ်နှင့် ကြောက်ဆုတ်ဆုတ် တောက်ပ လျက်ရှိသော 'ဖယောင်းတိုင် မီးရောင်ကလေးအောက်၌ ပေါင်နှစ်လုံး အကြားသို့ ဦးခေါင်းရောက်၍သွားရလုမတတ် ကွေးလျက် အဓောတ်၏

ညှဉ်းဆဲခြင်းကို အလူးအလဲခံ၍နေရချိန်တွင် "ဘယ့်နှယ် ဒီစောက်ကြိုး ရှိသေး အိပ်ပလား" ဟု အလန့်တကြား နှုတ်ဆက်လိုက်သောအခါကြောင့် ဆတ်ခနဲ ခေါင်းကိုထောင်လိုက်မိသည်။

အသံရှင်သည် ကုတင်အနီး၌ မတ်တတ်ရပ်လျက် စာအိတ်ကြီး တအိတ်ကို လက်ကမ်းနေသဖြင့် လှမ်း၍ယူပြီးလျှင် စာအိတ်ပေါ်တွင် ပါသော ကမ္ပည်းစာကို ဖတ်၍ကြည့်လိုက်ရာ "ဘဝနတ်ထံ ပြန်လှန်တော် မူသော စစ်ကိုင်းတောင်ရိုး ကျစွာချောင်ဆရာတော်ကြီး၏ အန္တိမစျာပန ပင့်လျှောက်လွှာ" ဟု တွေ့ရှိရပါသည်။

ဤစာပိုဒ်မှ ပေါ်ထွက်၍လာသော အဆက်ဆက်သော အဓိပ္ပါယ်တို့သည်စာရေးသူ၏မျက်လုံးအစုံကို အဖန်ဖန်ဆိတ်ဆွဲ၍နေလေတော့ သဖြင့် ထိုနေ့ည၌တညဥ့်လုံးပင် အိပ်၍မရတော့ပါ။ နယ်တော်လသုတ် ၉ရက်နေ့က မိတ်ဆွေတဦးထံမှ ဆရာတော်ကြီး ရောဂါ ပြင်းထန်လာသ ဖြင့် ဆေးဝါးကုသရန် မန္တလေးသို့ရောက်ရှိနေကြောင်းကို ကြားသိရ ပြီးသည်ဖြစ်ပါလျက် သွားရောက်ဖူးတွေ့ခြင်းကို မပြုနိုင်လိုက်သည့်အတွက် အလွန် စိတ်လက်မကောင်းခြင်း ဖြစ်ရပါတော့သည်။

ဆရာတော်ကြီးသည် ပရိယတ္တိဝိသာရဒ၊ • ဘာသန္တရဆက၊ ဝိနိစ္ဆယကောသလ္လ စသော ဂုဏ်တို့နှင့် ပြည့်စုံတော်မူသဖြင့် ပရိယတ္တိကို သင်ယူသောတပည့်၊ ဘာသန္တရကို သင်ယူသောတပည့်၊ ဝိနိစ္ဆယကို နာခံ မှတ်သားသောတပည့် စသောအားဖြင့် တပည့်တပန်း အလွန်ပေါများ တော်မူပါသည်။

စာရေးသူသည် မူကား အထက်ဖော်ပြပါနည်းတို့ဖြင့် တော်စပ်ခဲ့ သော တပည့်တပန်း မဟုတ်ပါချေ။ အမှန်အတိုင်းဝန်ခံရသော် စာရေး သူသည် ဆရာတော်ကြီးနှင့် ခင်မင်ရင်းနှီးကာ ဆရာတော်ကြီး၏ တပည့် အဖြစ်သို့ ရောက်ရှိလာခြင်းမှာ နိုင်ငံရေးတရားကို ကြားနာရသည့်ကိစ္စမှ အဦးအစ နိဒါန ခံခဲ့ခြင်းဖြစ်ပါသည်။

ထို့ကြောင့် စာရေးသူကို မည်သည့်တပည့်နှင့်မျှမတူ တမူ ထူးဆန်း သည့် ဆရာတော်ကြီး၏ နိုင်ငံရေးတရားနာတပည့်ဘပန်းတယောက် ဖြစ် သည်ဟု ဆိုရပေမည်။

ဆရာတော်ကြီးနှင့် မတွေ့ကြုံရမီ ယခင်ယခင်အခါက စာရေးသူသည် နိုင်ငံရေး ဝါသနာမပါ၊ နိုင်ငံရေးအတ္ထုပ္ပတ်စကားများကို ကြားရ နာရကောင်းမှန်း မသိသည့်အပြင် နိုင်ငံရေး စကားပြောသူများကို ဒလကား အချိန်ဖြုန်းတီးနေသူတွေဟူ၍ပင် ပြစ်တင် ကဲ့ရဲ့မိခဲ့ပါသည်။

သို့သော် လွန်ခဲ့သော ဂနှစ်ခန့်လောက်က စစ်ကိုင်းတောင်ရိုးချောင်တချောင်အတွင်း အလှူပွဲတခု၌ ဆရာတော်ကြီးအား ပဌမဦးစွာ ဖူးတွေ့ခဲ့ရပါသည်။ အခြားအခြားသော ထေရ်ကြီးဝါကြီး ပုဂ္ဂိုလ်ကြီးများမှာ ဘန်ကောက်သင်္ကန်း၊ ပေါပလင်သင်္ကန်း၊ ပိတ်ချောသင်္ကန်းစသော ကောင်းမြတ်ချောမွေ့သော သင်္ကန်းများကို ဝတ်ရုံသပ္ပါယ်တော်မူကြသည်ဖြစ်ပါလျက် ဤဆရာတော်ကြီးသည် ကား မြန်မာဖြစ် ဖျင်ကြမ်းသစ်ခေါက်ဆိုး သင်္ကန်းညိုကြီးသာဝတ်ရုံသပ္ပါယ်တော်မူသည်ကို တွေ့ရသဖြင့် စာရေးသူ၏မျက်စိတွင် အံ့ဩမခန်း ဒင်မတန့် အဆန်းကြီး ဖြစ်၍နေပါသည်။

သို့နှင့် အနီးရှိမိတ်ဆွေတဦးအား "ချောမွေ့တဲ့အဝတ်ဒအထည်တွေ အလွန့်အလွန် ပေါများတဲ့ ဒီခေတ်ကြီးမှာ ဘာ့ကြောင့် ဒီဆရာတော်ကြီးက ဖျင်ကြမ်းသင်္ကန်းညိုကြီးကို ဝတ်ရပါသလဲ" ဟု မေးမြန်း၍ကြည့်မိပါသည်။

ထိုမိတ်ဆွေဖြစ်သူက "ဒီဆရာတော်ကြီးဟာသံဃာ့သာမဂ္ဂီသမိုင်းတရှောက်မှာ ဂျီ၊စီ၊ဘီ၊အေ ရုံးအုပ် ဘုန်းကြီး ရွှေမျက်မှန် ဦးဝိဇယ ဆိုတဲ့နာမည်နဲ့ အလွန်ထင်ရှားခဲ့တဲ့ ပုဂ္ဂိုလ်ကြီးဖြစ်တယ်။ ဝံသာနုစိတ်ဓာတ်ပြင်းထန်လှလို့ အသက်နှင့်ကိုယ်တည်ရှိသမျှ ကာလပတ်လုံး နိုင်ငံခြားဖြစ်ကိုမဝတ်၊ အမျိုးသားဖြစ် အဝတ်အထည်ကိုသာ ဝတ်မည် ဟု ချမှတ်ခဲ့ဘူးတဲ့ဆုံးဖြတ်ချက်ကြောင့် ယခုထက်တိုင် ဖျင်ကြမ်း ဝံသာနုသင်္ကန်းညိုကြီးကို ဝတ်ရုံနေခြင်း ဖြစ်တယ်၊ ဝံသာနုစကားလုံးဟာ မြန်မာပြည်မှ ပျောက်ကွယ်ခဲ့သည်မှာ နှစ်ပရိစ္ဆေဒ ကြာမြင့်ခဲ့ပြီ ဖြစ်ပေမယ့် ဒီဆရာတော်ကြီးရဲ့ ကိုယ်သန္တာန်တော်မှာတော့ ဝံသာနုအမူအရာတွေ မပျောက်ကွယ်သေးဘူး" ဟု ဖြေဆိုပါသည်။

မိတ်ဆွေဖြစ်သူ၏ ဤအဖြေစကားရပ်သည် စာရေးသူနှင့် ဆရာတော်ကြီး၏စပ်ကြားတွင် ပဌမဦး ချမှတ်လိုက်သော ဂဟေတပွင့်ဖြစ်ပါ

တော့သည်။ ဤစကားကို ကြားနာရပြီးနောက် တစတစ ဆရာတော်ကြီး၏အနားသို့ အသွား အရောက်များခဲ့ရာ နောက်ဆုံးတွင် နိုင်ငံရေးအတွေ့ပွတ်များကို ကြားနာရကောင်းမှန်းသိပြီး ဆရာတော်ကြီး၏နိုင်ငံရေး တရားနာတပည့်ကြီး ဖြစ်၍လာခဲ့ပါသည်။

ဆရာတော်ကြီးသည် ၁၂၈၂ခုနှစ်မှ ၁၃၀၃ခုနှစ်အထိ ၂၁နှစ်ခန့်မျှကာလတိုင်အောင် အမျိုး ဘာသာ သာသနာ ပညာ ကြီးပွားရေးဟူသောဆောင်ပုဒ်ဖြင့် အင်္ဂလိပ်မျက်နှာဖြူ တိုင်းတပါးသားတို့၏လက်အောက်မှတိုင်းပြည်ကြီး လွတ်မြောက်ရေးအတွက် နှလုံးရည်တော်လှန်ရေး မျက်နှာဖြူဆန့်ကျင်ရေးလုပ်ငန်းများကို မလျှော့တမ်း လုပ်ဆောင်တော်မူခဲ့လေသည်။

ယင်းသို့ နိုင်ငံရေးကို လုပ်ဆောင်ရာ၌ သာပန်နောက်လိုက်တဦးအနေနှင့်မဟုတ်ဘဲ အမှုဆောင်အဖွဲ့ဝင်၊ ဩဝါဒါစရိယ၊ ဂျီ၊စီ၊ဘီ၊အေ ရုံးအုပ်စသောရှေ့တန်းမျက်နှာမှပါဝင်ခဲ့ရသဖြင့် ဝံ့ဂ်ကော်မီတီသပိတ်၊ ဝေလာမင်းသားသပိတ်၊ မလိုင်အခွန်မှု၊ မြစ်ငယ်အခွန်မှု၊ ဆရာတော်ဦးစန္ဒိမာ ဈာပနမှုခင်းစသော နှလုံးရည်တိုက်ပွဲကြီးများတွင် ကိုယ်တိုင်ကိုယ်ကျ ဦးဆောင်ပုဂ္ဂိုလ် ဖြစ်ခဲ့ရလေသည်။

ယင်းသို့ အတိတ်နိုင်ငံရေး ဇာတ်လမ်း ကြီးများကို ကိုယ်တိုင်ဦးဆောင် ပါဝင်ခဲ့ရသည် ဖြစ်သဖြင့် ခယေစေ့တွင်းကျ ဂ န သေချာ မှတ်မိသားမိခဲ့သည်ဖြစ်ရာ တဆင့်ကြားနာရသော စာရေးသူအဖို့ ယခုပင်ဖြစ်ပျက်တွေ့မြင်နေရသကဲ့သို့ အလွန်ယင်ရှား နားအရသာ ရှိလှတော့သည်။

ဆရာတော်ကြီးသည် ကိစ္စတခုကို ဆောင်ရွက်ရာ၌ ပြီးလျှင်ပြီး တာဘဲ ဆိုသည့်သဘောမျိုးဖြင့် ပေါ့ပေါ့တန်တန် ပြန်လှန်ကျော်လွှား၍ ဆောင်ရွက်လေ့မရှိ။ ဆုံးဖြတ်ချက် ချထားသည့်အတိုင်း မဖြစ်မနေဇွဲနဘဲနှင့် ဆောင်ရွက်တော် မူလေ့ရှိသည်။

ကြားယောင်မိသေးသည်။ဆရာတော်ကြီးသည် အသက် ၃၃နှစ်ခန့်အရွယ် ငယ်စဉ်တုန်းအခါက ဂျီ စီ ဘီ အေ နဝမကွန်ဖရင့်မှ "ဝေလာမင်းသား ကြိုဆိုပွဲအခမ်းအနားကို သပိတ်မှောက်ရမည်"ဟု ဆုံးဖြတ်ချက်

ချမှတ်လိုက်သောအခါ ထိုကိစ္စသည်ပြောက် အောင်မြင်ရေးအတွက် သံဃာတော်ဘက်မှ ဆရာတော်ကြီးက ဦးဆောင်တပါးအနေဖြင့် ပါဝင်ခဲ့ရလေသည်။ "ဝေလာမင်းသားကို ပြန်ပေးဆွဲ၍ သီပေါမင်းနှင့်လဲလိမ့်မည်" ဟူသောသတင်းကြောင့် မျက်နှာဖြူအာဏာပိုင်များ ထိတ်ထိတ်ပျာပျာဖြစ်ကာ အထူးအလုပ်များ၍နေလေသည်။ နိုင်ငံရေး ခေါင်းဆောင်များကို ဟိုနယ်ဒီနယ်ပို့သည်။ စာပုံနှိပ်စက်မှန်သမျှ အားလုံး ချိပ်ပိတ်၍ထားသည်။သတင်းအစအနရှိခဲ့ဘူးသည့် ပုဂ္ဂိုလ်တို့၏နောက်သို့ စုံထောက်များတကောက်ကောက် လိုက်၍နေသည်။ ဆရာတော်ကြီး နေထိုင်သောကျောင်း၏ ထွက်ပေါက်ဦကား ပုလိပ်အစောင့်များပင် ချထားသဖြင့် အပြင်သို့ထွက်ခွင့်မရချေ။ဤမျှတင်းတင်းကြပ်ကြပ် ပိတ်ဆို့ထားသော်လဲ မိမိဆောင်ရွက်ရမည့် ဝတ္တရားကို မဖြစ်မနေအားထုတ် ဆောင်ရွက်တော်မူပုံကတော့--

ကိုယ်တော်အချို့က ကျောင်းဝင်ပေါက်တွင် စောင့်၍နေသောပုလိပ်သားနှင့် စကား ဖောင်လောက်အောင် ပြောဆို နေကြရသည်။ ကျောင်းအပေါ်ထပ်တွင် လျှို့ဝှက်စွာ ရှာဖွေစီမံ၍ထားသော ပစ္စည်းများဖြင့် ကျောက်ကျော တလင်ဗန်းရအောင် ဖော်စပ်ပြီးလျှင် သပိတ်မှောက်လှုံ့ဆော်ရေး စာများကို ကလောင်သွားတုံးတုံးဖြင့် စာရွက်တရွက်ပေါ်၌ ရေးသား၍ကျောက်ကျောပြားပေါ်အုပ်ပြီး ခွါလိုက်သောအခါ စာလုံးများထင်၍ ကျန်ရစ်သည်။ ယင်းကျန်ရစ်သော စာလုံးများကို အလွတ်စာရွက်ဖြူတခုဖြင့် နှိပ်ယူလိုက်သောအခါ ကူးပြီးသားစာရွက်တရွက် ရရှိလာလေသည်။ဤသို့လက်ဖြစ် ကျောက်ကျောပုံနှိပ်စက်ဖြင့် စာရွက် လေး ငါးဆယ်လောက် ရအောင် နှိပ်ယူပြီးသောအခါ ချက်ခြင်းခြောက်အောင် ပေယပ်ကြီးများဖြင့်ခတ်၍ လေခတ် ပေးရလေသည်။ အားလုံးကိစ္စပြီးစီး၍ ညဉ့်နာရီပြန် ၁ ချက်တီးလောက်သို့ ရောက်သောအခါ ကျောင်းအောက်မှ ပုလိပ်အစောင့် မသိရအောင် နောက်ဖက်လေသာတခါး ဒေါက်ဘောက်ချိတ်ကို ဧကသီသင်ကန်းအစွန်းနှင့် ခိုင်ခိုင်ချည်ပြီး ၎င်းသင်ကန်းကို ဘုံလုံခို၍ ကျောင်းအောက်သို့ အရောက်ဆင်းကြရသည်။ယင်းမှတဆင့် ကျောင်းတိုက်ပရဝုဏ် နံရံတံတိုင်းကြီး များကို ကျော်ဖြတ်၍ မြို့တွင်းသို့ အရောက်သွားကြပြီး ဘုတာရုံ၊ ဈေးဝ၊ ဘုရား

မုခ်ဦးစသော လူများများစုဝေးမည့်နေရာတို့၌ ၎င်းစာရွက်များကို ကြဲချကြလေသည်။ ဤနည်းဖြင့် မျက်နှာဖြူအစိုးရတို့၏ ကြော်ငြာမကမ်းမှုဟူသော အမိန့်ကို မဖြစ်မနေ ဖောက်ဖျက်ခဲ့လေသည်။ ဤပုံစံအတိုင်း ဆရာတော်ကြီးသည် ငယ်ရွယ်စဉ်အခါက မိမိ၌ ကျရောက်လာသော တာဝန်များကို အကျော်အလွှားမရှိ အတိအကျ မဖြစ်မနေ ဆောင်ရွက်တတ်သော သတ္တိရှိပေသည်။

စာရေးသူ နောက်ဆုံး ဖူးတွေ့လိုက်ရသောရက်ကား လွန်ခဲ့သော နတ်တော်လဆုတ် ၁ ရက်နေ့ (၁၃၂၉ ခု နတ်တော်လဆုတ် ၁ ရက်နေ့) ဖြစ်သည်။ ဆရာတော်ကြီး၏ နိုင်ငံရေးလုပ်ဆောင်ချက်များကို အယည်ကိုယ်သဘွယ်ပြု၍ ရေးသားအပ်သော သံဃာ့သာမဂ္ဂီ သမိုင်းစာမူသည် လွန်ခဲ့သော နတ်တော်လဆန်း ၁ ရက်နေ့ကမှ အပြီးသတ်ခဲ့ပါသည်။

၎င်း စာမူတခုကို ဆရာတော်ကြီးအား ဆက်ကပ်ရန် စစ်ကိုင်းတောင်ရိုး ကျစွာချောင်သို့ သွားရောက်ခြင်းဖြစ်ပါသည်။

ထိုသည့်ရက်ကပင်လျှင် ဆရာတော်ကြီး၏ရောဂါမှာ သက်သာတော်မမူလှချေ။ အညစ်အကြေးစွန့်ရေးကိစ္စတို့၌ ကိုယ်တော်တိုင်ထ၍ အားမထုတ်နိုင်တော့ဘဲ ဘေးလူ၏အကူအညီ အဆောင်အမှုက်ဖြင့်သာ ခက်ခက်ခဲခဲကိစ္စပြီးတော်မူရသည်ကို တွေ့ရှိခဲ့ရပါသည်။

သမိုင်းစာမူကို လက်ထဲသို့ထည့်လိုက်သောအခါ မျက်နှာတော်မှာ အတော်ကလေးကြည်လင်လာပြီး စာမူမျက်နှာဖုံးတွင်ပါသောစာလုံးကြီးများနှင့် သံဃသာမဂ္ဂီတံဆိပ်ပုံစံကို အဖန်ဖန်ရှုကြည့်တော်မူပြီး "ဒို့ နှစ်ပရိစ္ဆေဒများစွာ ကြိုးကြိုးပမ်းပမ်းဆောင်ရွက်ခဲ့ရတဲ့ကိစ္စအကြောင်းအရာတွေကို ယနေ့ခေတ် ကာလသားသမီးတွေက အရေးမထားကြဘူးကွယ့် မောင်ပုညာနန္ဒရဲ့။ ဒီလို မောင်တို့က စိတ်ပါလက်ပါရေးသားဖော်ထုတ်ဖော်ရတာကို အထူးဘဲ ကျေးဇူးတင်ပါတယ်ကွယ်" ဟု ပီတိဖုံးသော မျက်လုံးဖြင့် ပြုံးပြုံးကြီးကြည့်ကာ မိန့်ဟတော်မူပါသည်။

ထိုရက်မှ နောက် ၂၀ရက်တိတိ ဆရာတော်ကြီးသည် အသက်နှင့်ကိုယ်တည်မြဲ၍နေတော်မူသေးသော်လည်း ဤဆောင်းပါး၏ နိဒါန်းအစ

တွင်ဖော်ပြခဲ့သည့်အတိုင်း ဆရာတော်ကြီးနှင့်တပည့်ဖြစ်သူတို့ နောက်ထပ် တွေ့ဆုံနိုင်ခွင့်မရတော့ပါ။ ဈာပနအခမ်းအနားနေ့ကလည်း မိုးသံတွေ ရွာ၍ လေနာထနေပါသဖြင့် အလောင်းတော်ကိုမျှ သွားရောက်မဖူးမြော် လိုက်နိုင်ပါ။

ကျွန်ုပ်၏ အိပ်ရာနံဘေးရှိ ဈာပနပင့်လျှောက်လွှာကလေးကသာ ဆရာတော်ကြီး၏ကိုယ်စားသဘွယ် စာရေးသူကျွန်ုပ်အား နှုတ်ခွန်းအထပ် ထပ်ဆက်၍ နေလေယောင်တကား။ ။

ပုည

၁၃၂၉ခု ပြာသိုလဆုတ် ၆ ရက်
( ၂၀-၁-၆၈ )

## ဘုန်းတော်ကြီးများ နှင့် နိုင်ငံရေး

ရဟန်းတော်များ၌ ပါတိမောက္ခသံဝရသီလ၊ ဣန္ဒြိယသံဝရသီလ၊ အာဇီဝပါရိသုဒ္ဓိသီလ၊ ပစ္စယသန္နိဿိတသီလဟု သီလကြီး ၄ ပါးရှိ၏။ ယခု ကျွန်ုပ်ဖတ်ကြားခဲ့ရသော စာတန်းသည် 'ကျစ္စာဆရာတော်ဘုရား ကြီး၏ ဂုဏ်ကျေးဇူးတော်ကိုရည်မှန်း၍ ဖတ်ကြားအပ်သော စာတန်း'ဟု ပင်ဆိုရသော်လည်း အဆိုပါသီလကြီး လေးပါးတို့တွင် တပါးပါးရဲ့ အကြောင်းအရာမျှမပါဘဲ ဆရာတော်ကြီး၏ ဗြိတိသျှနယ်ချဲ့ဆန့်ကျင်ရေး ဆောင်ရွက်ချက် နိုင်ငံရေးလုပ်ငန်း အကြောင်းအရာသက်သက်မျှသာ ဖြစ်၍နေသဖြင့် သီလသံ၊ သမာဓိသံ ပါပါမှ ကြည်ညိုစိတ်ဝင်နိုင်မည့်သူ တော်စင်တို့အတွက် ဂုဏ်မဟုတ်သည်ကို ဂုဏ်လုပ်၍ဖွဲ့နွဲ့သည်ဟု ကဲ့ရဲ့ ဘွယ်ရာပင် ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။

ထို့ကြောင့် 'ဘုန်းတော်ကြီးများ နိုင်ငံရေးနှင့်ပတ်သက်ကောင်း မပတ်သက်ကောင်း'ဟူသောပြဿနာကို အနည်းငယ်စိစစ်၍ပြလိုပေသည်။

ဝိဋူဍဘမင်းသားသည် ပသေနဒီကောသလမင်းနှင့် သာကီဝင် မင်းတို့၏ကျွန်မ ဝါသဘခတ္တိယာတို့မှဖွားသော အမျိုးမသန့်သော မင်း သားဖြစ်သည်။ ထို့ကြောင့် ယင်းဝိဋူဍဘမင်းသားသည် သာကီဝင်

မင်းတို့၏ ကပိလနေပြည်တော်သို့ အလည်အပတ်သွားသောအခါ၊ သာကီဝင်မင်းတို့က အယ်လဲကြောက်ကျက် ဟက်ဟက်ပက်ပက် မဆက်ဆံကြသည့်ပြင် ဝိဋူဋဘမင်းသားပြန်သည့်အခါ ထိုင်၍သွားသောနေရာကိုပင် "ကျွန်မရဲ့သား ထိုင်သွားတဲ့နေရာ"ဟုဆိုကာ ဆိုမြည်ဆဲရေး၍ နို့ရေသောရေဖြင့်ဆေးကြောပစ်ကြလေသည်။ ဤအကြောင်းအရာကို ဝိဋူဋဘမင်းသားကြားသိရသောအခါ "ငါဘုရင်ဖြစ်မှ ဒင်းတို့ရဲ့ လည်ချောင်းသွေးနှင့် ငါထိုင်တဲ့နေရာ ဆေးကြောမည်"ဟု ကြီးစွာသောအာဃာတနှင့် သန္နိဋ္ဌာန်ချမှတ်ခဲ့လေသည်။

ဝိဋူဋဘမင်းသားသည် သာဝတ္ထိပြည့်ရှင် ဘုရင်အဖြစ်သို့ ရောက်သောအခါ ယင်းသို့ မဟာအာဃာတသန္နိဋ္ဌာန် ချမှတ်ခဲ့သည့်အတိုင်း သာကီဝင်မင်းမျိုးအားလုံး ပြုတ်ပြုတ်ပြုန်းသတ်ဖို့ရန် ကြီးစွာသော စစ်တပ်ကြီးဖြင့် သာကီဝင်မင်းတို့၏ဌာန ကပိလနေပြည်တော်သို့ ချီတက်၍ လာလေသည်။

မြတ်စွာဘုရားသည် ဤအကြောင်းအရာကို တွေးဆဆင်ခြင် သိမြင်တော်မူရ၍ ကောင်းကင်ခရီးဖြင့်ကြွကာ ကပိလဝတ်ပြည်၏နယ်ဆုံးအနီး နေပျောက်ထိုး၍နေသော သစ်ပင်ကြီးအောက်၌ အဖော်မပါ ကိုယ်တော်တပါးတည်း သီတင်းသုံးနေတော်မူလေသည်။

ဝိဋူဋဘမင်းရောက်လာ၍ မြတ်စွာဘုရားကို ဖူးတွေ့ရသောအခါ မိမိသာဝတ္ထိနေပြည်တော်၏ နယ်နိမိတ်အနီး အလွန်အရိပ်ကောင်းသော ပညောင်ပင်ကြီးကို ညွှန်ပြလျက် "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အဘယ်အကြောင်းကြောင့် ဤသို့ ပူပြင်းသောအခါရာသီဝယ် ဤမလုံမလဲ နေပျောက်ကြဲ၍နေသော သစ်ပင်အောက်၌ သီတင်းသုံးနေတော်မူပါသနည်း၊ အလွန်မြေ၍ အရိပ်အာဝါသနှင့်ပြည့်စုံသည့် ဟောဟို ပညောင်ပင်ကြီးအောက်သို့ရွှေ့ပြောင်း သီတင်းသုံးတော်မူပါဘုရား"ဟု လျှောက်ထားလေသည်။

မြတ်စွာဘုရားက "မြတ်သောမင်းကြီး၊ ရှိစေတော့၊ ဆွေတော်မျိုးတော်တို့၏ အရိပ်မည်သည် မြေပါ၏"ဟု မိန့်တော်မူလေသည်။ ဤ

ဖြစ်ရပ်ကို အများနားလည်လွယ်သော စကားလုံးနှင့် ပညတ်ပါလျှင် ''မြတ်စွာဘုရားသည် အမျိုးသားရေးအတွက် ဆန္ဒပြသည်'' ဟူ၍ပင် ဆိုရမည်မဟုတ်ပါလော။

ကပိလနှင့် ကောလိယမြို့ကို မှီတင်းနေထိုင်ကြသော တောင်သူလယ်သမားတို့သည် ထိုမြို့နှစ်မြို့ကြားရှိ ရောဟိဏီ မြစ်မှရေကိုမြောင်းသွယ်ယူဆောင်လျက် လယ်ယာစိုက်ပျိုးကာ အသက်မွေးကြရလေသည်။

ပြင်းထန်သောအပူရှိန်နှင့် ကြုံသည့် တခုသော နယုန်လအခါတွင် ရောဟိဏီမြစ်၌ ရေများ ခန်းခြောက်သဖြင့် နှစ်ဖက်သော တောင်သူလယ်သမားတို့ ရေမလုံလောက်ဖြစ်ကြရာ ကောလိယ လယ်သမားတို့က ''ငါတို့၏ကောက်စပါးသည် တရေလောက် သောက်ရခါမျှဖြင့် ပြည့်ဝအောင်မြင်မည်ဖြစ်၍ ဤမြစ်ရေကို ငါတို့အား ပေးပါ''ဟု တောင်းဆိုလေသည်။

ကပိလ လယ်သမားတို့ကလည်း ''သင်တို့စပါးကျည်၌ စပါးများပြည့်နေသည့်အခါ ငါတို့က မျက်နှာငယ်ငယ်နှင့် သင်တို့အိမ်ပေါက်သို့ လာရောက်ပြီးမဝယ်နိုင်၊ ငါတို့၏စပါးများသည်လည်း ဤတရေသောက်လောက် ရခါမျှဖြင့် ပြည့်ဝအောင်မြင်မည်ဖြစ်၍ ငါတို့အားသာ ဤမြစ်ရေကိုပေးရမည်''ဟု တောင်းဆိုလေသည်။

ဤသို့ ရောဟိဏီမြစ်ရေကို သူရသင့်သည်၊ ငါရသင့်သည်ဟု လယ်ယာလုပ်သားများအချင်းချင်း အငြင်းပွားရာမှ တစတစ ကျယ်ပြန့်ကာ တိုင်းပြည်အုပ်ချုပ်သည့် မင်းစိုးရာဇာ အကြီးအကဲများ ပါဝင်လာသည်အထိ ရန်ငြိုးရန်စ ငြင်းခုံကြသည့်အသံ အလွန် ကျယ်လောင်လျက် တကယ့် စစ်ပွဲကြီးအသွင်ကို ဆောင်လေတော့သည်။

ယင်းသို့ မပြောပလောက်သောမြစ်ရေကိုအကြောင်းပြု၍ ကပိလနှင့် ကောလိယ နှစ်ပြည်ထောင်မင်းတို့ စစ်ခင်းကြရန် ရဲမက်ဗိုလ်အစုံနှင့် ရောဟိဏီမြစ်ကမ်းခြေသို့ စစ်ထွက်ကြလေသောအခါ မြတ်စွာဘုရားသည် ကောင်းကင်ခရီးဖြင့် ကြွလာတော်မူ၍ ရောဟိဏီမြစ်အလယ် အာကာသကောင်းကင်ထက်၌ ထက်ဝယ်ဖွဲ့ခွေ တန်ခိုးတော်ဖြင့် သိတင်းသုံးနေတော်မူလျက်....

၁။ "သုသုခံ ဝတ ဇီဝါမ၊
ဝေရိနေသု အဝေရိနော။
ဝေရိနေသု မနုဿေသု၊
ဝိဟရာမ အဝေရိနော။

၂။ "သုသုခံ ဝတ ဇီဝါမ၊
အာတုရေသု အနာတုရာ။
အာတုရေသု မနုဿေသု၊
ဝိဟရာမ အနာတုရာ။

၃။ သုသုခံ ဝတ ဇီဝါမ၊
ဥဿုကေသု အနုဿုကာ။
ဥဿုကေသု မနုဿေသု၊
ဝိဟရာမ အနုဿုကာ"။

ဤသုံးဂါထာဖြင့် စစ်ပြေငြိမ်းရေးတရား ဟောကြားတော်မူလေသည်။ ဤအချက်သည်လည်း "နှစ်ပြည်ထောင် စစ်ပြေငြိမ်းရေးအတွက် မြတ်စွာဘုရားကိုယ်တော်တိုင် ပါဝင် ဆောင်ရွက်ချက်ပင်ဖြစ်သည်"ဟု ဆိုရမည် မဟုတ်ပါလား။

မာဂဓတိုင်း ရှင်ဘုရင် အဇာတသတ်မင်းသည် ဝဇ္ဇီမင်းတို့နှင့် စစ်ခင်းရန်ကိစ္စ ကြုံကြိုက်၍လာခဲ့ရာ ဝဿကာရပုဏ္ဏားကြီးအား မြတ်စွာဘုရားထံ စေလွှတ်၍ မိမိအလိုရှိအပ်သည့်ကိစ္စကို လျှောက်ထားစေလေသည်။

မြတ်စွာဘုရားထံသို့ရောက်၍ ပုဏ္ဏားကြီးက ဘုရင်မှာကြားလိုက်သောစကားကို လျှောက်ကြားသောအခါ အဇာတသတ်မင်းသည် ယခုအချိန် စစ်ဆင်ခဲ့လေလျှင် တရက်နှစ်ရက်အတွင်းမှာပင် ဝဇ္ဇီတိုင်းကို အောင်နိုင်စွမ်းရှိသည်၊ သို့သော် ဝဇ္ဇီမင်းတို့၌ သုံးနှစ်ခန့်မျှ အသက်တိုး၍ ရှည်ခဲ့ပါမူ ကုသိုလ်တရားတိုးပွားအောင် စွမ်းဆောင်နိုင်ရာသည်ကို မြင်တော်မူသော မြတ်စွာဘုရားသည် အနီးတွင်ရှိသော အရှင်အာနန္ဒာအား "ချစ်သားအာနန္ဒာ ဝဇ္ဇီမင်းတို့ မပြတ်မလပ်စည်းဝေးခြင်း၊ အညီအညွတ်

စည်းဝေးခြင်း၊ ရှေးမင်းတို့၏ ပညတ်ချက်ကို မပယ်ခြင်းစသော အပရိဟာနိယတရားများကို လိုက်နာကျင့်ကြံနေသမျှ ကာလပတ်လုံး ဆုတ်ယုတ်ခြင်းမရှိ၊ တိုးတက်ကြီးပွားရှိနေမည်သာ”ဟု မိန့်တော်မူလေသည်။

ဤသို့ မြတ်စွာဘုရားမိန့်တော်မူသည့် စကားကို မင်းနှင့် ပုဏ္ဏားနှစ်ဦး သားတို့ဆွေးနွေးဝေဘန် အတန်တန်ကောက်ချက်ချပြီးနောက်ဝဿကာရ ပုဏ္ဏားကြီးသည် ဝဇ္ဇီတိုင်းသို့သွားရောက်၍ ဝဇ္ဇီမင်းတို့၏ စိတ်ဝမ်းကွဲရေးကို သုံးနှစ်တိတိ ကြိုးစားရလေသည်။ ယင်းသို့ ကြိုးစားသဖြင့် ဝဇ္ဇီမင်းများသည် တဦးနှင့် တဦး မျက်နှာချင်း မဆိုင်နိုင်လောက်အောင် အကြီးအကျယ် စိတ်ဝမ်းကွဲပြားကြသောအခါ အဇာတသတ်မင်း စစ်ချီလေရာ ဝဇ္ဇီတိုင်းကို လွယ်လင့်တကူ အောင်မြင်တော်မူလေသည်။

ဤအချက်သည်လည်း နှစ်ပြည်ထောင်မင်းတို့၏ စစ်ခင်းမှုညင်သာရေးအတွက် မြတ်စွာဘုရားကိုယ်တော်တိုင် ဝင်ရောက်အားဖြင့် ပါဝင်ဆောင်ရွက်ချက်ပင် မဟုတ်ပါလော။

ဤသည်တို့ကား “ဘုန်းတော်ကြီးများ နိုင်ငံရေးနှင့် ပတ်သက်ကောင်း မပတ်သက်ကောင်း”ဟု သံသယဝင်ရှိလာသောအခါ မိမိတို့ကိုယ်တိုင် ဝိနိစ္ဆယချနိုင်ရန် နောက်ဆုံးပါးလိုက်သောစကား မှတ်စု လက်ဆောင်ဖြစ်ပေ၏။ ထို့ကြောင့် မိမိတို့စိတ်အစဉ်၌ “ဘုန်းတော်ကြီးများ နိုင်ငံရေးဆောင်ရွက်မှု ဆောင်ရွက်ကောင်းပါ၏လော၊ သို့မဟုတ် မဆောင်ရွက်ကောင်းဘဲများရှိနေသလော”ဟု သံသယပဿဂ်ဝင်ရှိလာတိုင်း ဤမှတ်စုမှ ကမ်းလှမ်းရှိနေသော ဗဟုသုတဖြင့် မိမိတို့ကိုယ်တိုင် ဝိနိစ္ဆယချ၍ မိမိတို့၏ သံသယပဿဂ်ကို မှုတ်လွှင့်ပယ်ရှားနိုင်ကြပါစေသောဟု တမ်းတယင်း ဤစာတန်းကို နိဂုံးချုပ်လိုက်ရပါတော့သတည်း။

ရွှေမျက်မှန် ဦးဝိဇယ ၏
နယ်ချဲ့ဆန့်ကျင်ရေးလုပ်ရပ်နှင့် ဝံသာနုရက္ခိတတရား စာတန်း
ဤတွင်ပြီးပါပြီ။

စာနယ်ဇင်းကပြောသော

‘ ရွှေမျက်မှန် ဆရာတော် ဦးဝိဇယ ’

မန္တလေးမြို့

လူထုဒေါ်အမာ ရေးသားဖတ်ကြား ပူဇော်သည်

၁၃၃၈-ခု၊ ပြာသိုလပြည့်နေ့

(၁၉၇၇-ခု၊ ဇန်နဝါရီလ ၃-ရက်နေ့)




စာနယ်ဇင်းကပြောသော ရွှေမျက်မှန် ဆရာတော် ဦးဝိဇယစာတန်းကို
လူထု ဒေါ်အမာက ဖတ်ကြား ပူဇော်အပြီး
လက်ရှိ ကျစ္စာဆရာတော် ဦးလက္ခဏသို့ ဆက်ကပ်စဉ်

## စာနယ်ဇင်းက ပြောသော

## ရွှေမျက်မှန် ဆရာတော် ဦးဝိဇယ

(၁၈၈၈-၁၉၆၈)

လူထုဦးလှနဲ့ တပည့်တော်တို့ကို တာဝန်ပေးတဲ့ စာတန်းရဲ့ ခေါင်းစဉ်က 'စာနယ်ဇင်းကပြောသော ရွှေမျက်မှန်ဆရာတော် ဦးဝိဇယ' ဖြစ်ပါတယ်။

ဆရာတော် ဦးဝိဇယကြီးဟာ အမျိုးသား လွတ်မြောက်ရေး အတွက် ပဌမဆုံးစတင်လှုပ်ရှားလာတဲ့ ဝိုင်အမ်ဘီအေ အသင်းပေါ်တဲ့ ကစပြီး ဒုတိယကမ္ဘာစစ်ကာလကြီးအထိ နိုင်ငံရေးလုပ်ဆောင်သွားတဲ့ ဆရာတော်ကြီး ဖြစ်ပါတယ်။ အဲဒီတော့ နှစ်ပေါင်း ၃၅နှစ်ထက်မနဲ ဆရာတော် လုပ်ဆောင်သွားတော်မူတာများကို ရှာဖွေတွေ့ရှိ သေးတဲ့ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း တွေထဲက ပြန်ပြီး ခြေရာကောက်ထားတဲ့ စာတန်းပါ။

ဒီလို ခြေရာကောက်ထားတဲ့အခါ ဆရာတော်ဟာ ဂျီစီဘီအေ ကြီးနဲ့ဆက်သွယ်တဲ့ သံဃာ့သာမဂ္ဂီလို့ တိုတိုခေါ်တဲ့ 'မြန်မာပြည် သမ္မာ သမ္ဗုဒ္ဓ သာသနာလုံးဆိုင်ရာ သံဃာ့အဖွဲ့ချုပ်ကြီး' ရဲ့ အတွင်းရေးမှူး၊ ဂျီစီဘီအေ အဖွဲ့ချုပ်ကြီးရဲ့ ရုံးအုပ်စတဲ့တာဝန်မျိုး၊ တာဝန်ကြီးတဲ့နေရာ တွေမှာ တက်တက်ကြွကြွ၊ စေတနာ သန့်သန့်နဲ့ ယုံယုံကြည်ကြည် ရိုးရိုး သားသား ဆောင်ရွက်တာများကို တွေ့ရပါတယ်။

အမျိုးသားလွတ်လပ်ရေး လှုပ်ရှားမှုကြီးဟာ....

ဟိုခေတ်က ကမ္ဘာမှာ အင်ပါယာ အကျယ်ဆုံး၊ အင်အား ပရိယာယ်အလွန်ကြွယ်တဲ့ အကြီးဆုံး နယ်ချဲ့သမားနဲ့ ရင်ဆိုင်တိုက်ပွဲ ဝင်ရတာ ဖြစ်လေတော့ အဖိအနှိပ်၊ အခြိမ်းအခြောက်၊ အနှိပ်အကွပ် များအပြင် အကွေ့တွေ အကောက်တွေ၊ အလိမ်အလှည့်တွေ၊ အတက် တွေ၊ အဆင်းတွေ၊ ကျင်းတွေ ချိုင့်တွေနဲ့ ပြည့်နှက်နေတဲ့ ခရီးကြမ်းကို ချီတက်ရတာမျိုးပါ။ ဂျီစီဘီအေ ခေါ်တဲ့ ဗမာအမျိုးသားတပ်ဦးကြီး ဟာ တချိန်မှာ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ အရှိန်အဟုန်ကြီး မားစွာနဲ့ ချီတက်တိုက်ပွဲဝင်တယ်။ ဒိုင်အာခီဆိုတဲ့ ကွေ့တခုကို နယ်ချဲ့ သမားကဖန်တီးလိုက်တဲ့အခါ တပ်ဦးကြီး ဂျီစီဘီအေဟာ ထိုင်းကနဲပြို ကွဲပြီး ၂၁ဦး ဒိုင်အာခီသမားများ ဒီကွေ့မှာ ကွဲထွက်ကျန်ရစ်ပါတယ်။ ရှိသူ ပါသူနဲ့ဆက်လက် ချီတက်ပါသော်ကောလို့ ဦးချစ်လှိုင်တို့နဲ့ချီတက် ပြန်တော့ ခလုတ်ကန်သင်း ကျင်းချိုင့်တွေထဲမှာ ဦးချစ်လှိုင်တို့ဟာ အလဲလဲအပြိုပြိုဖြစ်ကုန်ပြန်လို့ ဦးချစ်လှိုင်တို့ ဦးပုတို့တတွေကို လက်ဘဲ့ ဖြုတ်ခဲ့ပြီး ဦးစိုးသိမ်းတို့နဲ့ ဆက်လက် ချီတက်ရပြန်တယ်။ ဆရာတော် ဦးဝိဇယဟာ လှေခွက်ချည့်သာကျန်ပစေ အလံမလှဲဘူးဆိုတဲ့ စိတ်ဓာတ်နဲ့ ဦးစိုးသိမ်းတို့ ဆရာစံတို့နဲ့ လက်တွဲပြီး ချီတက်ခဲ့တာပါ။ ဒါ့ကြောင့် ဆရာတော်ရဲ့ နိုင်ငံရေးခရီးတာဟာ ကြမ်းတမ်း ခက်ထရော်ပါတယ်။ နို့ပေမယ့် ဆရာတော်က ဘယ်အခက်အခဲကိုမှ မမှုခဲ့ပါဘူး။ အဖိအနှိပ် အခြိမ်းအခြောက်အားလုံးကို ကြံ့ကြံ့ခံနိုင်တော်မူတာများကို သတင်း စာတွေကပြန်တွေ့ရသေးတဲ့ သတင်းတွေအရ အထင်းသား မြင်တွေ့နိုင် ပါတယ်။

စာကြည့်တိုက်ကောင်းကြီးတွေ ရှားတဲ့ဗမာနိုင်ငံ၊ ဥတုရာသီက ပူပြင်းစိုစွတ်ပြီး လူနေမှုနိမ့်သေးတဲ့ နိုင်ငံမှာ စာ၊ နယ်၊ ဇင်း အဟောင်း အမြင်းတွေ စုံစေ့အောင်ရှိဘို့ကတော့ မလွယ်ဘူး။ ဒါပေမယ့် ရှားရှား ပါးပါးဖြစ်တဲ့ ဝံသာနု သတင်းစာတွေက ရှာဖွေတွေ့ရှိသလောက်နဲ့ ဒီစာတန်းကိုပြုစုရပါတယ်။ ဒီ စာတန်းဟာ ဂျီစီဘီအေကြီးရဲ့သမိုင်းကို တစိတ်တဒေသ ပြန်ကြည့်ရတာနဲ့တူနေပါတယ်။

ပြိတိသျှနယ်ချဲ့ရဲ့ ကိုလိုနီကျွန်ဘဝမှာ ဗမာတွေ ပထမဆုံးအကြိမ် အသင်းအပင်းဖွဲ့စည်းပြီး လှုပ်ရှားတာဟာ 'ဗုဒ္ဓဘာသာကလျာဏ ယုဝ အသင်း' ဆိုတဲ့ ဝိုင်အမ်ဘီအေအဖွဲ့ အစည်းနဲ့ ဗမာသက္ကရာဇ် ၁၂၆၇ ခု (ခရစ်သက္ကရာဇ် ၁၉၀၆-ခု) နှစ်မှာဖြစ်ပါတယ်။ ဒီအသင်းတွေစုပေါင်းပြီး အသင်းချုပ်ကြီးဖွဲ့စည်းဖို့ ညီလာခံခေါ်ဆိုတာ ၁၉၁၁ ခု (၁၂၇၃ ခု နှစ်) မှာဖြစ်ပါတယ်။ အမျိုးသား လွတ်လပ်ရေးအတွက် သိသိသာသာ တောင်းဆို လှုပ်ရှားလာတာဟာ ၁၉၁၇ ခုနှစ် ပဉ္စမအကြိမ် ညီလာခံ လောက်ကမှ စတင်ပါတယ်။

နို့ပေမယ့် အမျိုးသားနိုးကြားမှုဟာ အကင်းပါးတဲ့ မြို့မှာ တိုင်းရင်းသားတွေအဖို့ လျင်မြန်မှုလဲရှိတယ်၊ အရှိန်အဟုန်ပြင်းပြင်းနဲ့လဲ ဖြစ်ပေါ်လာတယ်။ ဒါ့ကြောင့် ၁၉၂၁ ခုနှစ်က မန္တလေးမှာကျင်းပတဲ့ နဝမမြောက် ဂျီစီဘီအေ ညီလာခံကိုရောက်တော့ ပြည်သူ့အင်အားဟာ နယ်ချဲ့သမား ကြောက်ရွံ့လောက်တဲ့ အသုအသယ်ကိုရောက်လာပါပြီ။

အဲဒီအချိန်မှာ ပြည်သူတွေ မလွတ်လပ်သမျှ သာသနာတော်လဲ ဘယ်လိုမှ မစည်ပင် မပြန့်ပွားနိုင်ဘူး၊ အမျိုးဘာသာနဲ့ သာသနာဟာ ဘယ်လိုမှ ခွဲခွါလို့မရစကောင်းဘူး။ ဒါ့ကြောင့် တမျိုးသားလုံးရဲ့ လွတ်လပ်ရေးဟာ သာသနာပြန့်ပွား စည်ပင်ရေးဘဲလို့ သဘောပိုက်တဲ့ ဗုဒ္ဓဘာသာ ရဟန်းသံဃာတော်များကလဲ သံဃာ့သာမဂ္ဂီအဖွဲ့များကို နိုးနိုး ကြားကြား ဖွဲ့စည်းတော်မူကြပြီး ဂျီစီဘီအေအဖွဲ့ကြီးနဲ့ နဝမကွန်ဖရင့် ကျင်းပခါနီးမှာ ဆက်သွယ်လိုက်ပါတယ်။

သံဃာတော်များဟာ ကျေးလက် လူထုအပေါ် ဩဇာတိက္ကမ ကြီးမားသူများ ဖြစ်လေတော့ ဘာသာရေးအပြင် အမျိုးသားရေးပါ ဖြေ့စွက်ပြီး သံဃာများက ကျေးလက်လူထုကို စည်းရုံးတဲ့အခါ ကျေး လက် ဝံသာနုအသင်းအဖွဲ့တွေဟာ ထောင်နဲ့ သောင်းနဲ့ချီ ပေါ်ပေါက် လာပြီး အမျိုးသား လွတ်လပ်ရေး တပ်ဦးကြီးကို အင်မတန် အင်အား ကြီးထွားစေခဲ့ပါတယ်။

၁၉၂၂ ခုနှစ်မှာတော့ ဒိုင်အာခီကျော့ကွင်းမှာ ဂျီစီဘီအေကြီး ဝင်ငြိတာကြောင့် ခေါင်းဆောင် ၂၁ဦး ဂျီစီဘီအေကြီးထဲကခွဲထွက်သွား

ကြပါတယ်။ဒါ့ကြောင့် ဂျီစီဘီအေက ဦးချစ်လှိုင်ကို ခေါင်းဆောင်တင်ပြီး ဆက်လက်ချီတက်ပါတယ်။

၁၉၂၅ ခုနှစ်မှာ ငွေရေးကြေးရေး အရှုပ်အထွေးတွေ ဖြစ်ပြီး ဦးချစ်လှိုင်နဲ့ သာယာဝတီ ဦးပုတို့ကခွဲထွက်ပြန်လို့ ဦးစိုးသိမ်းကို သမတ ဥက္ကဋ္ဌတင်မြှောက်ပြီး ဂျီစီဘီအေက ဆက်လက်ချီတက်ပါတယ်။

ဂျီစီဘီအေ အမျိုးသားအဖွဲ့ကြီးဟာ အဲဒီလို အကွေ့အကောက်တွေနဲ့ရှုပ်ထွေးနေချိန်မှာ ဆရာတော် ဦးဝိဇယကြီးအမည်နဲ့ သတင်းစာတွေမှာ ကြေငြာချက်တွေ တွေ့လာရပါတယ်။

## လှည့်စားသူတို့အန္တရာယ်

ပေါင်းတည် ကွန်ဖရင့်လို့ခေါ်တဲ့ ၁၁ ကြိမ်မြောက် ဂျီစီဘီအေ ကွန်ဖရင့်ကြီး (၁၀-၅-၂၄)ဟာ ရဟန်းရှင်လူ မကြုံဘူးအောင်စည်ကားများပြားစွာတက်ရောက်တဲ့ ကွန်ဖရင့်မို့ ခွဲထွက်သွားတဲ့ ဒိုင်အာခီ သမားတွေ တော်တော်တုန်လှုပ်ပုံရတယ်။ဒါ့ကြောင့် သူတို့က ဂျီစီဘီအေ ဘက်တော်သားပြည်သူလူထုကို နည်းပရိယာယ်တမျိုးနဲ့ ဖြိုခွဲဘို့ကြံတဲ့လက္ခဏာပါ။သူတို့ရဲ့နည်းပရိယာယ်က ဂျီစီဘီအေ ဓမ္မကထိကအယောင်ဆောင်ပြီး ဒိုင်အာခီကောင်းကြောင်းကို ဝေ့လယ်လယ် ဆွယ်တရားဟောတဲ့နည်း၊ မလိမ့်တပတ်နဲ့ ဂျီစီဘီအေကို ဖောက်ထွင်းဖဲ့ယူတဲ့နည်းပေါ့။ ဒီနည်းဟာ မရိုးသားတဲ့ ဉာဏ်နဲ့ လုပ်တာမှန်ပေမယ့် တော်တော် ထိရောက်တဲ့ လက္ခဏာဘဲ။ ဂျီစီဘီအေထဲမှာ ဝိဝါဒတွေ အရှုပ်ရှုပ် အထွေးထွေးတွေ ဖြစ်ကုန်တယ်။ လူချင်း အသင်းချင်း ကွဲပြားပြီး ပဋိပက္ခတွေ ပေါ်လာတယ်။ အနယ်နယ်အရပ်ရပ်မှာပဲ ဒိုင်အာခီသမားတွေက ဒီနည်းကိုသုံးပြီး ထွင်းဖောက်နေလေတော့ ဌာနချုပ်ကိုလဲ ဓမ္မကထိက အယောင်ဆောင်တွေရဲ့အကြောင်း တိုင်စာတွေ ဥဒဟိုရောက်ကုန်တော့တယ်။ ဒါ့ကြောင့် အကျိုးတော်ဆောင်လုပ်နေရတဲ့ ဆရာတော် ဦးဝိဇယကြီးဟာနယ်အသင်းတွေနဲ့ အသင်းသူ အသင်းသားတွေကို ဓမ္မကထိကလာယင် သူတို့ဟောပြောတာကို အရမ်းနားမယောင်နဲ့၊ ဆန်းစစ်ကြည့်ကြ၊ မိတ်ဆွေလားရန်သူလား ကွဲပြားအောင်ကြည့်တတ်ဖို့လိုတယ် ဆိုတဲ့အကြောင်းတွေကို

သတင်းစာကနေပြီး ပင့်မန္တန်ဆော်တယ်။ နို့ပေမယ့် မြို့နေအောင်ကျက်ကြ မထိရောက်လေတော့ ဓမ္မကထိကဆိုသူတွေကို ဌာနချုပ်က အသိအမှတ် ပြုတဲ့ ကတ်ပြားထုတ်ပေးဘို့ စီစဉ်ရတယ်။ အဲဒီကတ်ပြားစနစ်နဲ့ တောင်မှ မအောင်မြင်သေးပြန်တော့ ဒိုင်အာခီသမားဓမ္မကထိကတွေကို အကောင်း မှတ်လို့ နားထောင်ကြ၊ နားယောင်ကြယင် နောင်တော့ ကိုယ့်တာဝန် နဲ့ကိုယ် ဖြစ်ကြရလိမ့်မယ်ဆိုတဲ့အထိ ထုတ်ပြန်ချက်တွေမှာ ဖော်ပြထားရ တယ်။ ဆရာတော်ဟာ တဖက်အင်အားစုရဲ့ ထိုးနှက်ချက်ကို တက်နိုင် သလောက် ကာကွယ်ခဲ့ရတဲ့သဘောရှိပါတယ်။ ဒိုင်အာခီရဲ့မက်လုံးကလဲ သေးလှတာ မဟုတ်တော့ ကိုယ့်တပ်ကိုယ်လုံအောင် ကာရသီးရတာကလဲ တဖက်ရှိပါလိမ့်အုံးမယ်။

၁၂၈၆ ခု ဝါခေါင်လဆန်း ၂ ရက် ( ၁၉၂၄ ခု၊ ဩဂုတ်လ ၁ ရက် )နေ့ထုတ် ဝံသာနု မြန်မာသတင်းစာမှာ....

"ဓမ္မကထိက ပုဂ္ဂိုလ်များအတွက်
ရဟန်းရှင်လူ ပြည်သူအများတို့
နားမယောင်ကြရန် ရှင်းလင်းဖော်ပြချက်

"ဓမ္မကထိက ပုဂ္ဂိုလ်တို့သည် ဟုမ္မရူးဘက် တိုက်ရိုက်ဟောသော ဓမ္မကထိက၊ ဒိုင်အာခီဘက် တိုက်ရိုက်ဟောသော မဓမ္မကထိက၊ ဟုမ္မရူး ယောင်ယောင်နှင့် ဝေ့တေ့တေ့နားလှည့်၍ဟောသော မဓမ္မကထိကဟူ၍ ယခုအခါ ဓမ္မကထိကတို့သည် သုံးမျိုးသုံးစားရှိနေသည့်အနက် ဟုမ္မရူး ယောင်ယောင်နှင့် ဝေ့တေ့တေ့ နားလှည့်ဟောပြောသူတို့သည် စင်စစ် ဒိုင်အာခီပုဂ္ဂိုလ်ဟုပင်ဖြစ်ကြောင်း။ သို့သော် ဝေ့တေ့တေ့ နားလှည့် ဟောသည့်အတွက် အချို့သူတို့ဟုမ္မရူးပုဂ္ဂိုလ်ထင်မှတ်၍ နားယောင်ကြ သည်ကို သိရှိရပေကြောင်း။ သို့ဖြစ်၍ နားမယောင်ကြရန် ၎င်းပုဂ္ဂိုလ် တို့ကိုသိရဘို့အကြောင်းမှာ ...

"က-သံဃာ့ အဖွဲ့ချုပ်ကြီးနှင့် ဂျီစီဘီအေ ခေါ် အသင်းချုပ် ကြီး၌ ချွတ်ယွင်းသောပုဂ္ဂိုလ်နှင့် ချွတ်ယွင်းသော လူကြီးများရှိခဲ့လျှင် စည်းမျဉ်းအတိုင်း ၎င်းတို့အကြောင်းကို အစည်းအဝေးကြီး၌သာ ပြော

ဆိုရမည် ဖြစ်ပါလျက် မပြောဆိုမူ၍ စည်းကမ်းလွတ် အပြင်သို့ ထွက်၍ အပြစ်ရှာ ဟောပြောခြင်း၊

"၁-ဂျီ စီ ဘီ အေခေါ် အသင်းချုပ်ကြီးနှင့် ဆက်သွယ်ရန် တိုက်တွန်း နှိုးဆော်ခြင်းကို ထည့်သွင်း၍ မဟောခြင်းတို့ပင်ဖြစ်ကြောင်း။ ၎င်းအထက်ပါ အချက်တို့ကို ကြည့်ရှုနားထောင်၍ ဒိုင်အာခီ အစစ်ပုဂ္ဂိုလ်တို့ ဖြစ်ကြောင်း သိရှိရန် တာဝန်ရှိသည့်အတိုင်း ရှင်းလင်း ဖော်ပြ လိုက်ရကြောင်း။

ဦးဝိဇယ၊ မန္တလေး"

လို့ ပါရှိပါတယ်။

၁၂၈၆-ခု၊ ဝါခေါင်လဆန်း ၁၀-ရက်၊ (၉-၈-၂၄) နေ့ထုတ် ငံသာနု မြန်မာသတင်းစာမှာတော့....

> "မြန်မာပြည် သမ္မာသမ္ဗုဒ္ဓ သာသနာတော်လုံး ဆိုင်ရာ မဟာသံဃာ့သာမဂ္ဂီအဖွဲ့ အစည်းအဝေးချုပ်ကြီးအထွေထွေရေးဌာနမှ ဓမ္မကထိကများနှင့် စပ်လျဉ်းသော သတိပေးနှိုးဆော်ချက်၊

"ယခုအခါ အမြို့မြို့အရွာရွာတို့၌ ဓမ္မကထိကများကို အကြောင်းပြု၍ အလွန်ရှုပ်ထွေး၍ နေကြလေသည်။ အချို့ဓမ္မကထိကများကလည်း တိုင်းပြည်ရှိ သံဃာတို့အားလုံး သဘောတူ စည်းဝေးပြုလုပ်၍ ထားသော စည်းမျဉ်းများကို မလိုက်နာမူ၍ တိုင်းပြည်စည်းမျဉ်းနှင့် ဖီလာ ကန့်လန့် မိမိတို့ထင်ရာ ဟောပြော၍ နေကြသဖြင့် အချို့အရပ်များ၌ မညီမညွတ် ရှိကြလေသည်။ သံဃာ့အဖွဲ့ချုပ်ကြီး လုပ်ငန်းနှင့် ဖီလာကန့်လန့် တလမ်းစီ နေသော တရားတို့ကို ဟောပြောကြ သဖြင့်လည်း ခရီးမရောက် ဖြစ်၍ နေကြ လေသည်။ ဓမ္မကထိကတို့ အချင်းချင်း မညီမညွတ်၊ တယောက်တမျိုး ဖီလာ ကန့်လန့် တရားကို ဟောပြော ကြလေသည်။ သို့ဖြစ်၍ တိုင်းပြည်လုံးရှိ တိုင်းပြည်ကြီးပွားရေးဟောသော ဓမ္မကထိကဟူသမျှကို တိုင်းပြည်လုံးဆိုင်ရာ သံဃာ့အဖွဲ့ချုပ်ကြီးက အုပ်ချုပ်ရမည်ဟု တိုင်းပြည်လုံးရှိ သံဃာတော်တို့အစည်းအဝေးကြီးက အမိန့်ချခဲ့သဖြင့် ယခုသံဃာ့အဖွဲ့ချုပ်ကြီး အမှုဆောင်ဆရာတော်များအဖွဲ့မှ ဓမ္မကထိကများကို လက်မှတ်ထုတ်ပေးနေပြီဖြစ်ကြောင်း။ စည်းမျဉ်းကျကျနှင့်ရှက်ဆောင်လိုသော

ဓမ္မကထိကဟူသမျှတို့သည် ဝမ်းမြောက်စွာနှင့် သံဃာ့အဖွဲ့ချုပ်ကြီး၏ ဓမ္မကထိကလက်မှတ်များကို ယူကြလိမ့်မည်ဖြစ်ကြောင်း။ သံဃာ့အဖွဲ့ချုပ်ကြီး၏လက်မှတ်ကိုမယူဘဲ လှည့်လည်ဟောပြောနေကြသော လက်လပ်ရေးခေါ် ဓမ္မကထိကဟူသမျှတို့သည် စည်းကမ်းမဲ့အဖွဲ့ချုပ်ကြီးလုပ်ငန်းနှင့် တလမ်းစီ ဖီလာလုပ်၍ ဟောပြောလိုသော ရဟန်းတို့ဟု မှတ်ယူသင့်ကြပေကြောင်း။

"သို့ဖြစ်၍ ထိုပုဂ္ဂိုလ်တို့၏တရားများကို အသင်းသူအသင်းသားနှင့် သာမဂ္ဂီဝင်အရှင်မြတ်တို့သည် မနာသင့်ကြပေ၊ အထူးသတိပြုသင့်ကြပေသည်။ ဤသို့ ထိုပုဂ္ဂိုလ်တို့နှင့်စပ်လျဉ်း၍ အကြိမ်ကြိမ်သတိပေးပါလျက် ထိုပုဂ္ဂိုလ်များကိုလက်သင့်ခံ၍ တရားနာခြင်းကိုပြုသည့်အတွက် နယ်ပယ်မှာ နားယောင်ခြင်း၊ စိတ်ဝမ်းကွဲခြင်းစသည်ဖြစ်ခဲ့သော် လက်ခံတရားနာသော လူရှင်ရဟန်းတို့အပေါ် အပြစ်ကျရောက်လိမ့်မည်ဖြစ်ကြောင်း တာဝန်ရှိသည့်အတိုင်း ကြိုတင်၍သတိပေးလိုက်ရပေကြောင်း။ ဓမ္မကထိကများကိုလည်း စည်းကမ်းကျနစွာတင်သွင်းရန် တင်သွင်းပုံ ပုံစံလွှာများကိုလည်း အဖွဲ့အသီးသီးတို့ထံ ပေးပို့သည့်အပြင် သတင်းစာတွင်လည်း ထည့်သွင်းထားပြီးဖြစ်လေသည်။ ၎င်းဓမ္မကထိကတင်သွင်းပုံ ပုံစံလွှာကို မရရှိသေးသောအဖွဲ့တို့သည် မန္တလေးတောင်ပြင်၊ ပိုးကားတိုက်၊ ဆိတ်ကြီးကျောင်း အကျိုးဆောင်ချုပ် ဆရာတော်ထံသို့ဖြစ်စေ၊ ၎င်းဟိုက် ၎င်းကျောင်းအထွေထွေ အကျိုးဆောင်ထံသို့ဖြစ်စေ တောင်းယူနိုင်လေသည်။ ၎င်းအတိုင်းကျနမှသာ ဓမ္မကထိကစာရင်းသွင်း၍ လက်မှတ်ထုတ်ပေးလိမ့်မည်ဖြစ်ကြောင်း။ ယခုတင်သွင်း၍ထားကြသော ဓမ္မကထိကအချို့တို့ကို စည်းကမ်းအတိုင်း မကျနသေး၍ အချို့ထုတ်၍ မပေးရသေးကြောင်း။ သို့ဖြစ်၍ စည်းကမ်း ကျနစွာတင်ပို့ကြရန် တိုက်တွန်း နှိုးဆော်လိုက်ကြောင်း။

ဦးဝိဇယ အကျိုးတော်ဆောင်အထွေထွေဌာန
မြန်မာပြည် သမ္မာသမ္ဗုဒ္ဓသာသနာလုံးဆိုင်ရာ
သံဃာ့အဖွဲ့ချုပ်ကြီး၊ မန္တလေး"

လို့ ပါရှိပါတယ်။

၁၂၈၆ ခု၊ တော်သလင်းလဆန်း ၁၁ ရက် (၈-၉-၂၄)နေ့ထုတ် ဝံသာနု မြန်မာသတင်းစာမှာတော့—

"မြန်မာပြည် သမ္မာသမ္ဗုဒ္ဓ သာသနာလုံးဆိုင်ရာ သံဃာ့အဖွဲ့ချုပ်ကြီး၏ ဓမ္မကထိက အုပ်ချုပ်ရေးဆိုင်ရာဌာနမှ နှိုးဆော်ချက်

"ယခုအခါ သံဃာ့အဖွဲ့ချုပ်ကြီး၏ လက်မှတ်ရမဟုတ်သော ဓမ္မကထိကများကိုအကြောင်းပြု၍ သံဃာ့သာမဂ္ဂီချင်း အသင်းချင်း စိတ်ဝမ်းကွဲပြားကြောင်း တိုင်စာပေါင်းများစွာရသဖြင့် ၎င်း ပုဂ္ဂိုလ်တို့ကို အရေးမယူဘဲနေက အသင်းများ တနေ့တခြား ပျက်စီးမည်ကို များစွာ စိုးရိမ်ရကြောင်း။ သို့ဖြစ်၍ ဒါယကာ ဦးချစ်လှိုင် ကြီးမှူးသော အသင်းချုပ်ကြီးနှင့် ဆက်သွယ်ပြီး ဆက်သွယ်ဆဲဆက်သွယ်လတံ့ အသင်းဟူသမျှတို့သည် သံဃာ့အဖွဲ့ချုပ်ကြီး လက်မှတ်ရမဟုတ်သော ၎င်း ကထိကတို့၏ တရားများကို မနာယူကြရန် ဆုံးဖြတ်ကြစေလိုကြောင်း။ ရှေးကလည်း အကြိမ်ကြိမ်သတိပေးပြီးဖြစ်၍ ၎င်းပုဂ္ဂိုလ်များကိုအကြောင်းပြု၍ ကွဲပြားခဲ့သော် လက်ခံသော လူရှင်ရဟန်းတို့၏ အပြစ်တာဝန်ဖြစ်ကြောင်း သိရှိကြရန် တာဝန်ရှိသည့်အလျောက် နှိုးဆော်လိုက်ရကြောင်း။

ဦးဝိဇယ
အထွေထွေဌာနချုပ်အကျိုးဆောင်
မြန်မာပြည် သမ္မာသမ္ဗုဒ္ဓသာသနာလုံးဆိုင်ရာ သံဃာ့အဖွဲ့ချုပ်ကြီး"

လို့ တွေ့ရပါတယ်။

## ကွန်ဂရက် စစ်ကူ

ဂျီစီဘီအေအဖွဲ့ချုပ်ကြီးက ခွဲထွက်သွားပြီး ဒိုင်အာခီအုပ်ချုပ်ရေးကို လက်သင့်ခံပြီး ဗြိတိသျှနယ်ချဲ့ကို ပူးသတ်မယ်ဆိုတဲ့ ၂၁ဦးသမားတွေဟာ ဗမာ့နိုင်ငံရဲ့ ပညာတတ်တွေ၊ လူလတ်တန်းစားတွေဖြစ်ပါတယ်။ အဲဒီတော့ မသိနားမလည်တဲ့ ဆင်းရဲသား တောင်သူ လယ်သမားတွေကို ဒီလူတွေက ကောင်းကောင်းကြီး လှည့်စား ပြောဆိုနိုင်ပါတယ်။ ဒါကြောင့် ဒိုင်အာခီကိုလက်မခံဘဲ ဂျီစီဘီအေက သပိတ်မှောက်တဲ့နိုင်ငံရေး

လုပ်ရပ် မှန်ကန်ပါတယ် ဆိုတာကို ၀ံသာနုတွေက အိန္ဒိယ မဟတ္တမ ဂန္ဒီကြီးရဲ့ သြဇာကိုပါ ယူသုံးပြီး ရှင်းပြဘို့ကြိုးစားကြတယ်။ တကယ်တော့ ၂၁ဦး ဒိုင်အာခီသမားတွေဟာ ခေတ်ပညာတတ်တွေမို့ လူထုက အထင်ကြီးရတဲ့ လူစားမျိုး၊ အဲဒီ လူမျိုးက ဖောက်ပြန်ပြီး ရာယူးလက်ပ်ကုန်ကြတော့ သူတို့လုပ်တာဟာ ဖောက်ပြန်မှုပါဆိုတာကိုဘဲ ဆင်းရဲသား အလုပ်သမား လယ်သမားကို နားဝင်အောင် မနဲ ပြောဟောနေရတဲ့အခြေပျိုး။ ဒါ့ကြောင့် ဒိုင်အာခီကို လက်မခံဘဲသပိတ်မှောက်တယ်ဆိုတာ မှန်ပါတယ်၊ ဂန္ဒီကြီးလည်း ဒါကိုဘဲ ကျင့်သုံးပါတယ်လို့ ဆရာတော် ဦး၀ိဇယတို့က အိန္ဒိယကွန်ဂရက်နဲ့ ဂန္ဒီကိုစံကူအဖြစ် သုံးလိုက်ရတဲ့သဘောပါဘဲ။

၁၀၊၈၊၂၄ နေ့စွဲပါ ၀ံသာနုသတင်းစာမှာဆရာတော်က ကြေငြာချက်တစောင် ထုတ်ပါတယ်။ ဒီကြေငြာချက်က....

၁၂၈၆ ခု၊ ၀ါခေါင်လဆုတ် ၄ ရက် (၁၀၊၈၊၂၄) နေ့ထုတ် ၀ံသာနုမြန်မာသတင်းစာမှာ ပါတာပါ။

မြန်မာပြည် ရဟန်း ပညာရှိ လူပညာရှိတို့ ဆောင်ရွက် သော သပိတ်မှောက် လုပ်ငန်း မှန်ကန်ကြောင်း မဟတ္တမဂန္ဒီ၏ အိန္ဒိယကွန်ဂရက် ဆုံးဖြတ်ချက်အရ ၁၂၈၆ခု၊ ၀ါဆိုလဆုတ် ၅ရက်နေ့ မန္တလေးအနောက်ပြင် သံဃာ့သာမဂ္ဂီ နှစ်ပတ်လည် အစည်းအဝေးကြီး ပြဋ္ဌာန်းချက် နံပတ် ၉၊ အပိုဒ်ငယ် ၈၂ အရ ကြော်ငြာလိုက်သည်။

ယခုအခါ အိန္ဒိယနိုင်ငံတွင် သပိတ်မှောက် ပြဋ္ဌာန်းချက်ကို မလိုက်နာသူတို့အား ဆိုင်ရာအသင်းမှ နှုတ်သိမ်းရမည်။ နောက်ထပ်ရွေးကောက်ခြင်းကိုလည်း မပြုရဟူသော အဆိုကို မဟတ္တမ ဂန္ဒီကိုယ်တိုင် တင်သွင်း၍ ၎င်းအဆို အောင်မြင်လေသည်။

## သပိတ်မှောက် ပြဋ္ဌာန်းချက်များမှာ

၁-နိုင်ငံခြား အထည်အလိပ်၊ ၂-အစိုးရ ဘွဲ့တံဆိပ်၊ ၃-အစိုးရ စာသင်ကျောင်း၊ ၄-အစိုးရ ရုံးဂတ်၊ ၅-အစိုးရဒိုင်အာခီမင်းတိုင်ပင်အဖွဲ့ တို့ဖြစ်ပေသည်။ ၎င်းပြဋ္ဌာန်းချက် ၅ ရပ်ကို မလိုက်နာသူတို့သည် မိမိတို့ အသင်း၏ ရာထူးမှနုတ်ထွက်ကြရမည် ဟူ၍လည်း မဟတ္တမ ဂန္ဒီကိုယ်တိုင် အဆိုတင်သွင်းသဖြင့် အတည်ပြုကြလေသည်။

ယင်းကဲ့သို့ အိန္ဒိယ နိုင်ငံ၏ဆုံးဖြတ်ပုံကိုထောက်ထားသဖြင့်မြန်မာပြည်ခေါင်းဆောင်တို့၏ အောက်ဖော်ပြရာပါအလုပ် အစီအစဉ်သည် မှန်ကန် ခိုင်မာကြောင်း ထင်ရှားလေသည်။

၁-ဒိုင်အာခီကို သပိတ်မှောက်ခြင်း၊ ၂-ဒိုင်အာခီ မင်းတိုင်ပင် အဖွဲ့ကို စွန့်ပယ်ခြင်း၊ ၃-နိုင်ငံခြားအထည်အလိပ်ကို ကြိုးစားရှောင်ကြဉ်ခြင်း၊ ၄-အစိုးရစာသင်ကျောင်းများကို စွန့်ပယ်ခြင်း၊ ၅-အစိုးရဘွဲ့တံဆိပ်များကို စွန့်ပယ်ခြင်း၊ ၆-အစိုးရ ဂတ်ရုံးများကို ရှောင်ကြဉ်နိုင်သမျှ ရှောင်ကြဉ်ခြင်း၊ ၇-ဒိုင်အာခီလိုလားသူတို့အား ပြဋ္ဌာန်းချက်ကို မလိုက်နာမှုနှင့် ထုတ်ပယ် ထားခြင်း၊ ၈-ပြဋ္ဌာန်းချက် ကျူးလွန်သူတို့အား ဗုဒ္ဓဘာသာကျမ်းဂန်နှင့် အညီ အသင်းထုံးစံ၊ နိုင်ငံရေး ထုံးစံနှင့်အညီ ပြန်လည်စည်းလုံး ညီညွတ်ခြင်းမပြုနိုင်ဟု ငြင်းပယ်ထားရခြင်း၊ ၉-အနောက်တိုင်းပြည်ရှိ အသင်းစည်းကမ်းများနှင့်အညီ ပြည်သူတို့ မနှစ်သက်သော အစိုးရဥပဒေကို မနှစ်သက်ကြောင်း ထင်ရှားစေရန် ပြသသော အားဖြင့် အစိုးရ အဖွဲ့ကို ရှောင်ကြဉ်လျက် အပြင်အပက သာလျှင် အင်အားစုဆောင်းကန့်ကွက်ကြခြင်း၊ ၁၀-သူတပါးတို့ လှည့်ပတ် ဖြားယောင်းခြင်းများကို နားမယောင်မူ၍ မိမိတို့၏အသင်း ပြဋ္ဌာန်းချက်ကြီးများကို ကြံ့ခိုင်တည်မြဲစွာ လိုက်နာ ဆောင်ရွက်ကြခြင်း။

ယင်းကဲ့သို့ မိမိတို့လုပ်ငန်းကို အိန္ဒိယကလည်း ထောက်ခံချက်ရသဖြင့် မြန်မာပြည် ဟုမ္မရူးလိုလားသူ ရှင်လူရဟန်းတို့သည် စိတ်အားထက်သန်စွာ ရှေ့သို့တိုး၍ ကြိုးစားဆောင်ရွက်ကြရန်သင့်ကြောင်း သတိပေးနှိုးဆော် ကြော်ငြာတော်မူလိုက်သည်။

ဦးဝိဇယ<br>
အကျိုးတော်ဆောင်<br>
မန္တလေး အနောက်ပြင် သံဃာ့သာမဂ္ဂီအဖွဲ့ကြီး

## စည်းကမ်းကို ရိုသေသူ

ဆရာတော် ဦးဝိဇယဟာ အဖွဲ့အစည်းနဲ့ အများအကျိုးဆောင်ရွက်တဲ့အခါ အဖွဲ့စည်းမျဉ်းနဲ့ အဖွဲ့ဆုံးဖြတ်ချက်များကို လိုက်နာမှသာ ထမြောက်အောင်မြင်နိုင်တယ်။ ဆုံးဖြတ်ချက်ကို မလိုက်နာယင် အဖွဲ့

အစည်းနဲ့တကွ လုပ်ငန်းအားလုံး ပျက်စီးနိုင်တယ်လို့ယုံကြည်တဲ့ ဆရာတော်၊ ယုံကြည်တဲ့အတိုင်းလဲ လိုက်နာကျင့်သုံးတဲ့ ဆရာတော်လို့ဘဲ တွေ့ရှိတဲ့အထောက်အထားတွေအရ ပြောရပါတယ်။

တခါက မဟာသံဃာ့သာမဂ္ဂီအဖွဲ့ရဲ့ အကျိုးဆောင်ဟောင်း သံဃာတပါး အများဆုံးဖြတ်ချက်ကို ဆန့်ကျင်ပြီး ဘုံပိုင်ပစ္စည်းကိုသုံးစွဲတာ တားမြစ်မရလို့တဲ့ စည်းကမ်းတကျ မညှာမထောက် အရေးယူတာကို ဒီလိုတွေ့ဘူးပါတယ်။

ဦးဝိဇယကိုယ်တော်က အဖွဲ့အတွင်း ဖြစ်ပေါ်တဲ့ အရေးအခင်း ဟူသမျှကို မျက်နှာကြီးငယ်မလိုက်ဘဲ အဖွဲ့ရဲ့စည်းမျဉ်းအတိုင်း အရေးယူ ပုံတခု ပုံသာနုသတင်းစာ ၁၉၂၄ ခု နိုဝင်ဘာလ ၁၃ ရက်နေ့ထုတ်ထဲက ယူပြီး ဖော်ပြပါမယ်။

၁၂၈၆ ခု၊ တော်သလင်းလဆုတ် ၁၅ ရက်နေ့၊ ၁နာရီအချိန်၊ စကုတိုက်ကျောင်းကြီး ဆရာတော် အုပ်ချုပ်သော အမှုဆောင် အစည်း အဝေး၌ အစည်းအဝေးနံပတ် ၃၊ အပိုဒ် ၈၁၈။ ၁၂၈၅ခုနှစ် အကျိုး ဆောင်ဟောင်း ခင်မကန်တိုက် မင်းဒင်ကျောင်း ဦးကဝိန္ဒသည် သံဃာ့ အဖွဲ့ပိုင်ပစ္စည်းများကို ၁၂၈၅ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၈ရက် အထူးအစည်းအဝေးကြီး၏ပြဋ္ဌာန်းချက် နံပတ် ၆ အရ။ အကျိုးဆောင် ချုပ် စကုတိုက် ရွှေဘိုကျောင်း ဘုန်းတော်ကြီး ဦးဇာဂရ က ၂ကြိမ် ၁၂၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၅ ရက်နေ့ အခနောက်ပြင်အဖွဲ့ကြီး၏ ၃ကြိမ်မြောက်နှစ်ပတ်လည် အစည်းအဝေးကြီး၏ ပြဋ္ဌာန်းချက် နံပတ် ၉ အပိုဒ်ငယ် (ခ)အရ။ အကျိုးဆောင်ချုပ် ထီးလင်းတိုက်ဘုံသာကျောင်း ဘုန်းတော်ကြီး ဦးဝိဇယက တကြိမ် ပေါင်း ၃ကြိမ် ၃တန် သံဃာ့အမိန့် နှင့်တောင်းသော်လည်း အကျိုးအကြောင်းမည်သို့မျှ ပြန်ကြားလျှောက် ထားခြင်းမပြုသည်ဖြစ်၍ သံဃာ့အမိန့်ကို အလေးမမူ ဂရုမပြုသောပုဂ္ဂိုလ် တယောက်ဟူ၍၎င်း၊ အဖွဲ့ဝင်သံဃာပိုင်ပစ္စည်းကို သံဃာ့ရာဇဝန်ရေး ဘေး တောကြောက်ရွံ့ခြင်းမရှိ၊ ရဲဝံ့စွာ သုံးစွဲနေသော ပုဂ္ဂိုလ်တယောက်ဟူ၍ ၎င်း မှတ်တမ်းတင်ထားရန်နှင့် ၎င်း ပြဋ္ဌာန်းချက်ကို သတင်းစာတွင်

ထည့်၍ မင်းကြီးတိုက် အမတော်ကျောင်း ဘုန်းကြီးကလျှောက်ရာ မိုး ကောင်းတိုက် ဦးတေဇနိယကဆန္ဒပေး၍ အားလုံးသဘောတူ အတည် ပြုတော်မူကြောင်း။

အနောက်ပြင်အဖွဲ့အကျိုးဆောင်
ဦးဝိဇယ-မန္တလေး

ဦးကဝိန္ဒကိုယ်တော်ဟာ မဟာသံဃာ့သာမဂ္ဂီအဖွဲ့ရဲ့ အကျိုးတော် ဆောင်တဦးဖြစ်ပါတယ်။ ဆရာတော် ဦးဝိဇယဟာ အချင်းချင်းပေမယ့် စည်းကမ်းကျော်လာယင် ဝံ့ဝံ့စားစားလုပ်ရဲတဲ့ ပုဂ္ဂိုလ်ပါ။

## ဆရာတော်နှင့် တိုင်းရင်းဖြစ်

တိုင်းရင်းဖြစ်ကို ဝတ်ဆင်တာဟာ နိုင်ငံရေး လှုပ်ရှားမှုတခုဖြစ် တယ်လို့ ဒီခေတ်မှာ ဟောပြောရေးသားမယ့် လူမရှိတော့လို့ မှောင်ခို ထည်ကို မြိန်ရေရှက်ရေဝတ်စား ဆင်ယင်နေကြသူတွေ အလွန်ပေါများ နေချိန်မှာ ဆရာတော် ဦးဝိဇယကြီးဆင်နွှဲသွားတဲ့ တိုင်းရင်းဖြစ်ဝတ် ဆင် ရေး စစ်ပွဲအကြောင်းကို နဲနဲဖော်ပြပါအုံးမယ်။

ကိုလိုနီသူ့ကျွန်ဘဝက ဗမာမှာ စက်နဲ့ရက်နိုင်တဲ့ အထည်စက်ရုံ ရယ်လို့ မရှိပါဘူး။ တောမှာလက်နဲ့ငင်ပြီး လက်နဲ့ရက်တဲ့ ဖျင်ထည်ဘဲ တိုင်းရင်းဖြစ် အထည်ရယ်လို့ရှိပါတယ်။ အဲဒါကို မြို့နေ လူတန်းစားက ကြမ်းသပါ၊ အလှအပကင်းသပါဆိုပြီး အသုံးမပြုပါဘူး။

ဗြိတိသျှ အထည်စက်ရုံကြီးတွေက ထုတ်လုပ်ပြီး ဗမာနိုင်ငံထဲတင် သွင်းရောင်းချလာတဲ့ ချည်ထည် အချောအပါးတွေကိုသာဘဲ ဝတ်စား ဆင်ယင်ကြပါတယ်။ဒါ့ကြောင့် ဗြိတိသျှစက်ရုံကြီးတွေက တနှစ်တနှစ်မှာ အထည် ကိုက်သန်းပေါင်းများစွာ ဗမာနိုင်ငံထဲ တင်သွင်းရောင်းချပြီး အမြတ်ထုတ်သွေးစုတ်ပါတယ်။

အဲဒီမှာ လက်နက်နဲ့တဖက်ကဖိထားပြီး တဖက်ကစီးပွားရေးအရ ရက်ရက်စက်စက် သွေးစုတ်နေတဲ့ ဗြိတိသျှနယ်ချဲ့ကို ဗမာကလက်နက်နဲ့ ပြန်လည် မတော်လှန်နိုင်သေးမီ စီးပွားရေး စစ်မျက်နှာကနေပြီး ထိုးစစ်

တခုဆင်မယ်ဆိုပြီးတော့ တိုင်းရင်းဖြစ် အထည်အလိပ်ကိုသာ ဝတ်ဆင်ကြ ဆိုတာကို ဂျီစီဘီအေ နဝမ ကွန်ဖရင့်ကြီးကနေပြီး ဆုံးဖြတ်ချက်ချခဲ့တယ်။ ဒါ့ကြောင့် ဝံသာနုလှုပ်ရှားမှုကြီးထဲမှာ ပါဝင်သူတွေ အားလုံးနီးပါး ယောလုံချည်နဲ့ ပင်နီဝတ်ကြတယ်။ သံဃာတော်တွေကလဲ ဖျင်သင်္ကန်းကို ဝတ်ရုံတဲ့ပုဂ္ဂိုလ်တွေ တော်တော်များခဲ့တယ်။ ဒီလှုပ်ရှားမှုဟာ ဗြိတိသျှအရင်းရှင်တွေ အတော်အထိနာတဲ့ တိုက်ပွဲကြီးဘဲ။

နို့ပေမယ့် ပွဲပြီး မီးသေ၊ ဝံသာနုလှုပ်ရှားမှုကြီး ငြိမ်သွားတဲ့အခါ အမျိုးသား အများစုဟာ ပင်နီပင်ဖြူတွေကို စွန့်လွှတ်မြဲ စွန့်လွှတ်လိုက်ကြတယ်။

ဆရာတော် ဦးဝိဇယကြီးကတော့ အမျိုးသားရေးလှုပ်ရှားမှုကြီး အသွင်ပြောင်းသွားပေမယ့်လဲ ဖျင်သင်္ကန်းမချွတ်ဖူး၊ လွတ်လပ်ရေးရပြီး ကိုယ့်နိုင်ငံထဲမှာ အထည်စက်ရုံတွေဆောက်နိုင်ပြီဆိုတော့လဲ ဖျင်သင်္ကန်းကို မချွတ်ဖူး၊ တက်ထရွန်နဲ့ ပေ့ခရစ်သင်္ကန်း ဆင်မြန်းကြတဲ့ ခေတ်မှာ တောင်မှဘဲ ဖျင်သင်္ကန်းကို ပြန်တော် မူတဲ့နေ့အထိ စွဲစွဲမြဲမြဲ ဝတ်ရုံတော်မူသွားပါတယ်။

ဆရာတော်ရဲ့ ယုံကြည်ချက် ဘယ်ကလောက် ပြင်းပြတယ်၊ ယုံတဲ့အတိုင်း ရွတ်ရွတ်ချွန်ချွန် ဘယ်လိုလုပ်တတ်တယ်ဆိုတာ အလွန်ထင်ရှားတဲ့ သာဓကပါ။

ဟိုတုန်းကဆိုယင် ဆရာတော်ဟာ ကိုယ်တိုင် ဟောပြောစည်းရုံးမှု အကြီးအကျယ် လုပ်တဲ့သဘောပါ။

၁၉၂၆ခု၊ ဖေဖော်ဝါရီလ ၃ရက်နေ့ထုတ်ဝံသာနုသတင်းစာမှာ 'ဖျင်သင်္ကန်းလှူဒါန်းခြင်း' ဆိုတဲ့ ခေါင်းစဉ်နဲ့ သတင်းတပုဒ်ပါပါတယ်။ သတင်းက ..

''ဂျီစီဘီအေ ရုံးအုပ်ဟောင်းဆရာတော် ဦးဝိဇယဟောပြောချက်အရ မြင်းခြံမြို့၊ သမုန်းကုန်းရွာ ဂဏာစရိယာ သံဃာ့ သာမဂ္ဂီ အဖွဲ့၏ မန္တလေးမြို့ မဟာသံဃာ့သာမဂ္ဂီ အဖွဲ့ချုပ်ကြီးသို့ ဝံသာနုဖျင်သင်္ကန်း လှူဒါန်းခြင်း။

"မြင်းခြံမြို့၊ သမုန်းကိုင်းရွာ ဂဏာစရိယ သံဃာ့သာမဂ္ဂီအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် ဦးနန္ဒိယသည် သာသနာတော် အဓွန့် ရှည်စွာ တည်ပါစေကြောင်း ကောင်းစွာ နှလုံး ပိုက်တော်မူ၍ သမ္မာ သမ္ဗုဒ္ဓ သာသနာတော်လုံးဆိုင်ရာ သံဃာ့အဖွဲ့ချုပ်ကြီး ကြီးမှူးသော အမျိုးသား ပရိယတ္တိ စာပြန်ပွဲကြီးအတွက် ထက်သန်လှစွာ သဒ္ဓါပဗ္ဗဂ်မ ဖြင့် အစုစု နဝကမ္မအမှုတို့၏ သုံးစွဲရန် ဝိသာနုသက်နိုး သင်းပိုင် ထည်ရေ ၁၀ထည်ကို ရုတ်တရက် အလှူခံ၍ လှူကြိုတွင် လှူဒါန်း လိုက်ပါသည်။ ကြွင်းကျန်သော အဖွဲ့ဝင်သံဃာတော်များထံမှလည်း မကြာမီ ပြီးစီး အောင် ကောက်ခံဆဲပင် ရှိနေပါကြောင်း၊ အားလုံးသော သံဃာ့သာ မဂ္ဂီဝင် အရှင်မြတ်တို့ကလည်း မိမိတို့၏ မိုရာသာသနာအကျိုး မျှော်ကိုး ရည်မှန်း၍ စွမ်းအားရှိသလောက် ထောက်ပံ့တော်မူကြပါရန် လျှောက် ထားအံ့ပါသည် အရှင်မြတ်တို့ဘုရား။

အကျိုးတော်ဆောင် - ဦးနန္ဒိယ

သမုန်းကိုင်းရွာ၊ မြင်းခြံမြို့"

လို့ ဖော်ပြထားပါတယ်။

## ဖိနှိပ်သူနဲ့ တွန်းလှန်သူ

ဂျီစီဘီအေ သက်တန်းတရှောက်မှာ ၁၂၈၆ ခု၊ ကဆုန်လဆန်း ၈၊၉၊၁၀၊၁၁ ရက် (၁၉၂၄ ခု၊ မေလ ၁၁၊၁၂၊၁၃၊၁၄ ရက်) နေ့ တွေမှာ ကျင်းပတဲ့ ၁၁ ကြိမ်မြောက် ပေါင်းတည် ကွန်ဖရင့်ကြီးဟာ ဂျီစီဘီအေသမိုင်းမှာ အကြီးကျယ်ဆုံး ဖြစ်ပါတယ်။

သမ္မာသမ္ဗုဒ္ဓ သာသနာတော်လုံးဆိုင်ရာ မဟာ သံဃာ့ သာမဂ္ဂီ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဖြစ်တဲ့ 'ရေဝတာဘိ ကဝိဓဇ မဟာ ဓမ္မရာဇာဓိရာဇဂုရု' တံဆိပ်တော်နဲ့ 'ရေဝတာလင်္ကာရ သာသနဝံသ မဟာရာဇာဓိရာဇဂုရု' တံဆိပ်တော် ၂ထပ်ရ ဘေးမဲ့ဆရာတော်ဘုရားကြီး၊

'ဉာဏာဘိဓဇ သိရိပဝရမဟာဓမ္မရာဇာဓိ ရာဇဂုရု' တံဆိပ်တော် နဲ့ 'ဉာဏာဘိလင်္ကာရ ကဝိဓဇရာဇာဓိ ရာဇဂုရု' တံဆိပ်တော် ၂ ထပ်ရ ကြေးသီးကုန်း ဆရာတော်၊

'ကေတုမာလာဘိဓဇ သိရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု' ဘွဲ့သိမ်တော်ရ သက်ပန်းဆရာတော်၊

စစ်ကိုင်းတောင် ရေဦးတိုက်ဆရာတော်၊ ရွှေဘိုအသင်းဆရာတော်၊ မန္တလေးစကုတိုက်ကျောင်းကြီးဆရာတော်၊ ရန်ကုန် ဇောတနာရာမ ဆရာတော်၊ အသီတိဆရာတော်၊ ဇေယျဝတီဆရာတော်၊ ဖျာပုံဒယာပြန် ဆရာတော်၊ ပြည်မြို့စကားဆရာတော်၊ သံဃာ့သာမဂ္ဂီ အဖွဲ့ချုပ် အကျိုးတော်ဆောင်ချုပ် ဆရာတော် ဦးပညာသာမိ၊ အာချင်ဥတ္တမ ကိုယ်တော်ကြီးနဲ့ ဦးဝိဇယ၊ ဦးအာလောက အမှူးရှိတဲ့ သံဃာတော်ပေါင်း ၇၀၀၀ကျော် ကြွရောက်ကြပါတယ်။

လူပုဂ္ဂိုလ် အသင်းကိုယ်စားလှယ်များ ဆိုယင်လဲ ဂျီစီဘီအေ အသင်းချုပ်ကြီးနဲ့ ဆက်သွယ်ပြီးသား အသင်းခွဲပေါင်း ၁၀၀၀၀ (တစ်သောင်း) ကျော်က တသင်း ၃ဦးကျ ရွေးချယ်လွှတ်လိုက်တဲ့ ကိုယ်စားလှယ် ၃၀၀၀၀ (သုံးသောင်း)ကျော် တက်ရောက် လာပါတယ်။

တနိုင်ငံလုံးမှာရှိတဲ့ မြို့တွေရွာတွေကလာကြတဲ့ အထူး ဧည့်သည်တော်တွေ၊ အနီးဝန်းကျင် မြို့တွေရွာတွေက တက်ရောက် လာတဲ့ သူတွေ ဆိုယင် ၁၅၀,၀၀၀ (တသိန်းငါးသောင်း) ကျော် ရှိတယ်လို့ ခန့်မှန်းရပါတယ်။

တိုင် ၂၇၅တိုင်နဲ့ ဆောက်ထားတဲ့ မဏ္ဍပ်ကြီးမဆံ့လို့ ပရိသတ်ရာပေါင်း များစွာဟာ အနီးအနားက ရှိသမျှ အဆောက်အဦ တွေရော၊ သစ်ပင်ရိပ်၊ လှည်းရိပ်တွေမှာရော ခိုနေကြရပါတယ်။

ဒီကွန်ဖရင့်ကြီးမှာ သံဃာ့သာမဂ္ဂီ အဖွဲ့ချုပ် အကျိုးဆောင် ဖြစ်တဲ့ ဦးဝိဇယနဲ့ ဦးအာလောကဟာ သံဃာ့ဧည့်ခံရေးအဖွဲ့နဲ့ လူဧည့်ခံရေးအဖွဲ့ ၂ဖွဲ့ကို ဦးစီးတာဝန်ယူရပါတယ်။ ကြွရောက်လာသူများရဲ့ စားရေးသောက်ရေး၊ နေရေးထိုင်ရေးကအစ ကျန်းမာရေး၊ လုံခြုံရေးတွေပါ တာဝန်ခံရပါတယ်။

ပေါင်းတည်ကွန်ဖရင့်က ချမှတ်တဲ့ ဆုံးဖြတ်ချက်တွေထဲမှာ....

(၁) လက်ရှိအစိုးရဟာ တပြည်လုံးမှာရှိတဲ့ လူများစုကြီးက မလိုလားမနှစ်သက်တဲ့ ဒိုင်အာခီ အုပ်ချုပ်ရေးကို ဇွတ်အတင်းအသုံးပြု

အုပ်ချုပ်နေတာ ဖြစ်လေတော့ ဒီအစိုးရရဲ့အုပ်ချုပ်မှုဟာ တရားမဝင်ဘူး။

(၂) ဒီ ဒိုင်အာခီအုပ်ချုပ်ရေးဟာ စားရိတ်ပိုကုန်တဲ့ အုပ်ချုပ်ရေး၊ ဒီစားရိတ်ရအောင် ပြည်သူပြည်သားဆီက အခွန်တိုးကောက်လိမ့်မယ်၊ ဒီလိုတိုးကောက်ယင် မတရားပြုမူခြင်းသာဖြစ်တယ်။ တိုင်းပြည်က သိပ်ဆင်းရဲနေတာ။ ဒါ့ကြောင့် အခွန်ကောက်မှုနဲ့ ပတ်သက်ပြီး ဆူပူလာယင် အစိုးရ တာဝန်သာဖြစ်တယ်ဆိုတဲ့ ဆုံးဖြတ်ချက် ၂ခုပါ ပါတယ်။

အဲဒီခေတ်တုန်းက ဘယ်နိုင်ငံမှာမှမရှိတဲ့ အခွန်တော်တခု နယ်ချဲ့အစိုးရက ဗမာပြည်သူလူထုအပေါ် ကောက်ခံထားတယ်။ အဲဒီ အခွန်ကတော့ အောက်ဗမာပြည်မှာ သဿမေဓ၊ အထက်ဗမာပြည်မှာ လူခွန်တော်ဆိုတဲ့အခွန်ဘဲ။ အဲဒီ တိုက်ရိုက် ကောက်တဲ့အခွန်တော်ကို ဆင်းရဲသားတွေ ဆင်းရဲတော်ပြတ်လွန်းတော့ မပေးနိုင်ရှာကြဘူး။ မပေးနိုင်ယင် သူကြီးတို့ မြို့အုပ်တို့စတဲ့ အုပ်ချုပ်ရေးယန္တရားထဲက လူများကရှိတဲ့ဟာကို ဝါးရမ်းကပ်ပြီး ဇွတ်သိမ်းယူတယ်။ အဲဒီလို ပြုလုပ်မှုတွေဟာ နေရာတကာမှာပါ။ နို့ပေမယ့် ဝံသာနုအသင်းအဖွဲ့-ဖွဲ့စည်းပြီး တိုင်ရမှုန်းသိသူများဆီကသာ တိုင်ကြားကြလို့ ဒီအဖြစ်မျိုးတွေကို ကြားသိရပါတယ်။

သတင်းစာမှာ ၁၉၂၄ခုနှစ်ဆီက ပါတတ်တဲ့ သတင်းတချို့ကို ဒီမှာဖော်ပြပါမယ်။

## ပြည်ဒိစတြိတ်

ပြည်အရေးပိုင် ဦးမဲအား လူခွန် မပေးနိုင်သည့်အတွက် ဆိုင်းငံ့ရန်လျှောက်ထားကြပါလျက်ကနဲ့ မဆိုင်းငံ့ဘဲ လေးလံသော အမိန့်အာဏာကို ဆိုင်ရာကထုတ်ဆင့်၍ တောင်းခံပါသော်လည်း အလွန်တရာဆင်းရဲနွမ်းပါးသဖြင့် မပေးမဆောင်နိုင်သည့်အတွက် ပြည်ဒိစတြိတ် မော်ဇာမြို့ပိုင် ဝဲလောင်ရွာနေ ဦးဝင်းနှင့် ဒေါ်ရွှေမြတို့ပိုင် အောက်ပါပစ္စည်းများကို ရုံးကဝါးရမ်းဖမ်း၍ ပေးအပ်လိုက်သည်။

ပစ္စည်းများမှာ....

၁။ ကွမ်းသီး ၃၀ လုံး၊
၂။ ဆီ ၁၉ ကျပ်သား၊
၃။ နှမ်းပျစ်မုန့် ၁၉ ခု၊
၄။ ငြုတ်သီး ၂၂ ကျပ်သား၊
၅။ အုန်းဆီ ၁၆ ကျပ်သား၊
၆။ ကရေကရာမုန့် ၆ တုံး၊
၇။ ပုဇွန်ခြောက် ၃၂ ကျပ်ခွဲသား၊
၈။ ကြာဆံကလေး ၂ စည်း၊
၉။ ငါးချဉ် ၃ ပိဿာနှင့် ၅ ကျပ်သား၊
၁၀။ ဘဲဥအလုံး ၂၀၊
၁၁။ ပဲလှော် ၆၅ ကျပ်သား၊
၁၂။ မီးခြစ် ၅ ထုပ်၊
၁၃။ ကြက်သွန်ဖြူ ၁၇ ကျပ်ခွဲသား၊
၁၄။ လက်ဖက်ခြောက် ၁ ပဲသား အကြမ်း၊

(ဝံသာနုသတင်းစာ ၁၉၂၄ ခု၊ စက်တဘ်ာ ၂၁)။

## ထားဝယ်

ထားဝယ်စီရင်စု၊ လောင်းလုံးမြို့နယ်၊ ရာဟောင်းဝရွာမှ ဝံသာနု အသင်းလူကြီး ၄ယောက်ကို လူခွန်တော်မပေးဆောင် ပျက်ကွက်သည့် အတွက် ထောင်ရက်ပေါင်း ၂၀ ကျစေဟု လောင်းလုံးမြို့အုပ်က အမိန့်ချ မှတ်သည့်အတိုင်း ထားဝယ်မြို့၌ ထောင်ကျခံနေသည့်အတွင်း ၁၉၂၄ခု၊ ဩဂုတ်လ ၁၇ ရက်နေ့တွင် ပစ္စည်းဖမ်း ဝါးရမ်းအရ၊ ထို ၄ယောက်ပိုင် စပါးများကို သဘောအတိုင်း ချင်တွယ်၍ ရွာသူကြီးကသိမ်းယူသွားပါ ကြောင်း။

၁၉၂၄ ခု၊ ဩဂုတ်လ ၃၀ ရက်နေ့တွင် ထောင်ကျခံရသော လူကြီး ၄ယောက်ကို တစုံတရာအကြောင်း မဖော်ပြမပြောဆိုဘဲ ထောင် ပိုင်က မင်းတို့အဝတ်အစားများကို အစုံအလင်ယူပြီး သွားကြတော့၊ ကူးတို့ခငွေ ၂ပဲကို မင်းတို့အတွက် ပေးလိုက်ဆို၍ ပိုက်ဆံ ၂ပဲပေးပြီး ထောင်မှလွှတ်လိုက်ပါကြောင်း။

၁၉၂၄ ခု၊ စက်တဘ်ာလ ၂ ရက်နေ့တွင် ထောင်မှလွှတ်လိုက်သော ထိုလူကြီး ၄ယောက်အပေါ်တွင် တကိုယ်လျှင် လူခွန်တော် ၅ိနှင့် စရိတ်ငွေ ၈ပဲ၊ ပေါင်း ၅ိ ၈ပဲ ကိုပေးဆောင်ရန် ကြော်ငြာစာနှင့် ဆင့်ဆိုကောင်းခံပါကြောင်း။

ကြော်ငြာစာကို လူကြီး ၄ယောက်အား ပေးအပ်ပြီး အထက်က သိမ်းယူသွားသော စပါးများကို လာရောက်သယ်ယူကြရန် ထိုလူ ၄ယောက်ကိုပင် ရွာသူကြီးက အမိန့်ပေးရာ လူကြီး ၄ယောက်က စပါးများကိုသိမ်းယူစဉ်က ကျွန်တော်တို့ထောင်ကျနေပါသည်၊ စပါးမည်ရွေ့ မည်မျှ ချင်တွယ်သွားသည်ကိုလည်း ကျွန်တော်တို့မသိမြင်ပါ၊ သို့အတွက် ကျွန်တော်တို့သွားရောက် စပါးများကို လက်ခံခြင်းမပြုမလုပ်နိုင်ကြောင်းနှင့် ပြန်ပြောလိုက်ကြောင်း။

ယခုအခါ သိမ်းယူသွားသောစပါးများကို ရွာသူကြီးအိမ်အောက်တွင် မြေကြီးပေါ်၌ ဟာလာဟင်းလင်းပုံထားလျက်ရှိရာ ကြက်၊ ဝမ်းဘဲ၊ ဆိတ်မှစ၍အမျိုးမျိုး တိရစ္ဆာန်များ စားသောက်လျက်ရှိနေသည့်အပြင် ကြက်ချေး၊ ဘဲချေး၊ ဆိတ်ချေးများနှင့်ရောနှောလျက် ရှိနေပါကြောင်း။

လူခွန်တော်အတွက်နှင့် လူကိုဖမ်း၍ ထောင်ချပြီးနောက် ပစ္စည်းကိုပါ ဝါးရမ်းဖမ်းယူခြင်း၊ ထို့နောက် ထောင်ကျသော သူများ ထောင်ကလွှတ်လာရာ လူခွန် ၅ကျပ်နှင့် စရိတ် ၈ပဲ ပေါင်း ၅ကျပ်ခွဲကို ပေးဆောင်ရန် ကြော်ငြာထုတ်ခြင်း၊ ဖမ်းဆီး သိမ်းယူသွားသော စပါးများကို လာရောက်လက်ခံယူရန် ဆင့်ဆိုခြင်းများသည် ဥပဒေနှင့်များစွာ ကွဲလွဲနေပါကြောင်း။

ဝံသာနု ၁၉၂၄ စက်တင်ဘာ ၂၀ ရက်။

**အင်းစိန်**

၁၂၀၆ ခု၊တော်သလင်းလဆုတ် ၂ ရက်နေ့တွင် ကျွန်တော်များ ဝံသာနုမမ္မရက္ခိတအသင်း ဥက္ကဋ္ဌ ဦးဘိုးသင်း၊ ငွေထိန်း ဦးအုန်းညွန့်၊ ကော်မိတီ ဦးဘိုးမိတ်၊ စက္ကရီတေရီ မောင်ထွန်းဘော၊ မောင်စိန်တို့အား ရွာသူကြီး မောင်ထင်က လူခွန်တော်ငွေ ၅ိ ကို ၁၀ ရက်အတွင်း ပေးဆောင်ရမည်၊ မပေးဆောင်လျှင် တရားစွဲမည်ဆိုပြီးလျှင် နို့တစ်တစောင် စီပေးသွားပါသည်။

ကျွန်တော်များကလည်း စားစရာလည်းမရှိ၊ ပေးစရာလည်း ငွေမရှိ၊ ၃ နှစ်တိုင်တိုင်ရေကြီးနေ၍ ရွာသူရွာသား အပေါင်းတို့မှာ များစွာ အတိဒုက္ခ ရောက်နေကြောင်းကိုလည်း သူကြီး မောင်ထင်သိပါသည်။

၎င်းအကြောင်းနှင့်စပ်လျဉ်း၍ များမကြာမီက အင်းစိန်အရေးပိုင်ထံသို့ ချမ်းသာခွင့်ရရန် လျှောက်ထားရာ ရေကြီးသောကြောင့် ချမ်းသာခွင့်ပေးသည်ဟူ၍လည်း ကြားသိရပါသည်။

ပေးစရာဝေးလို့ စားစရာမှ မရှိသောကြောင့် များစွာဒုက္ခရောက်နေသောသူတို့အား လူခွန်တော်မပေးလျှင် တရားစွဲမည်ဟု သူကြီးမင်းက နို့တစ် ပေးနေစရာမလိုပါ။ ထောင်ကိုသာချပါတော့၊ ထောင်ကျခံရန် အသင့်ရှိပါသည်။

ကျွန်တော်တို့ ၅ ယောက်တွင်မျှမက တရွာလုံးရှိ အသင်းသူ အသင်းသားများကလည်း လူခွန်တော် ယခုနှစ်တွင် မယမ်းဆောင်နိုင်ကြသောကြောင့် နို့တစ်ပေးနေတော်မမူဘဲ ချက်ခြင်းထောင်ကိုသာချလျှင် အကျခံရန်အသင့်ရှိပါကြောင်းသိရှိတော်မူရန် သဘင်းစာကနေ၍ ဖော်ပြလိုက်ပါသည်။

မောင်ထွန်းဘေ

အကျိုးဆောင်စက္ကရီတေရီ

ဝံသာနု ၁၉၂၄ ခု စက်တင်ဘာ ၂၉

## သရက်

သရက်မြို့ စီရင်စု၊ ကျင်းတောရွာမနေ ကျွန်တော် ဓာတ်ဆရာ မောင်ရွှေလှသည် မတရားသဖြင့် ကောက်ခံသောသူခွန်တော်ငွေကို မည်သည့်အခါမျှ မပေးနိုင်ပါ။အကယ်၍ ပေးမိခဲ့လျှင် သေသည်၏အခြားမဲ့၌ မဟာအဝိစိငရဲတွင် ကမ္ဘာအစဉ်အဆက် မကျွတ်မလွတ်ဘဲ သံမှိုကြီး နှက်သကဲ့သို့ ခံနေရပါစေသား။ မပေးဘူးဟူသော သစ္စာစကား တည်ခဲ့ပါလျှင် အရိမေတ္တေယျဘုရားသခင်ပွင့်တော်မူသောအခါ လက်ဦးစွာဖူးတွေ့ရ၍ ကျွန်တော် ပန်ဆင်သည့် ပညာဓိက ဘုရားဆု ပြည့်ပါစေသော်။

မောင်ရွှေလှ(ဓာတ်ဆရာ)

(ဝံသာနု ၁၉၂၄ အောက်တိုဘာ ၁ )

## ညောင်လေးပင်

ညောင်လေးပင်မြို့၊ပိန်းဇာလုပ်တိုက်နယ်၊ဖဒိုကျေးရွာရှိ ဘိန်းစား တဦးအား ခိုးရာပါပစ္စည်းနှင့် ဖဒိုဌာနာအုပ်ကဖမ်း၍ ရုံးသို့ပို့ရာတွင်၎င်း ဘိန်းစားသည် ဝံသာနုအသင်းသား မဟုတ်ပါဘဲလျက် (ဝံသာနုတရားခံ) ဟု စာရေးသား၍ ကျောတွင် လူမြင်အောင် ကပ်ဆွဲပြုလုပ်ခြင်းသည် ဝံသာနုတို့၏ဂုဏ်ကို တမင်နှိမ့်ချလိုသောသဘောအနေနှင့် ပြုလုပ်ရာကျသ ဖြင့် များစွာမတရား ပြုကျင့်ကြောင်း။

( ဝံသာနု အောက်တိုဘာ ၁၉ရက် )

## သာယာဝတီ

၁၂၈၆ ခု၊ သီတင်းကျွတ်လဆုတ် ၁၃ရက်နေ့တွင် ပေါက်တော တိုက်နယ်အတွင်း ပေပင်တန်းရွာ၌ ဖြစ်ပျက်သောအခြေအနေမှာ ၎င်းနေ့ နံနက် ၈နာရီ အချိန်လောက်ကစ၍ သာယာဝတီအရေးပိုင်နှင့် ရာဇဝတ် ဝန်ကလေး၊ နယ်ပိုင်၊ မြို့ပိုင်၊ စုံထောက်၊ စစ်ပိုလိ စစ်သားများ ၈၀ကျော် လောက်နှင့် ၎င်းရွာသို့ ဝိုင်းဝန်းပြီးလျှင် လူခွန်တော်ငွေများကို အတင်း အကြပ် တောင်းယူကြပါသည်။ မိန်းမပျိုများပါမကျန် အရမ်းမဲ့ ပုလိပ် သားတို့က လက်ကိုကိုင်၍ တောင်းပါသည်။ ဤအခါ လက်ဝတ်လက်စား နားငွေ့င်းများကို ချွတ်၍ပေးကြရပါသည်။ ၎င်းလူများက အခွန်ပေး ရန် ရက်ကို ဆိုင်းငံ့ရန် ပြောဆိုကြသော်လည်း ၎င်းအစိုးရတို့က မဆိုင်း ဘူး၊ ယခုချက်ခြင်း လက်ငင်းပေးရန် တောင်းပါသည်။ ၎င်းနောက် အိမ်များ အတွင်းရှိပစ္စည်းအမျိုးမျိုးနှင့် ဝက်၊ နွား၊ လှည်းများပါမကျန် အတင်းအကြပ် စစ်ပုလိပ်များက ဆွဲယူကြပါသည်။

( ဝံသာနု အောက်တိုဘာ ၂၀ )

## စစ်ကိုင်း

တန်ဆောင်မုန်းလဆုတ် ၈ ရက်နေ့နံက်တွင် စစ်ကိုင်းမြို့ သူကြီး သားဘိုသည် ယနေ့မှစ၍ ၂ရက်အတွင်း လူခွန်တော် ပေးဆောင်ကြရ မည်။ မပေးဆောင်ခဲ့လျှင် မောင်မင်းတို့ မြို့ကို စစ်တပ်နှင့်နင်းရမည်ဟု မောင်းခတ်ကြေငြာသည်။

( ဝံသာနု ၁၉၂၄၊ နိုဝင်ဘာ ၄ )

## ညောင်လေးပင်မြို့

၁၂၀၆ ခု၊ တန်ဆောင်မုန်းလဆန်း ၈ ရက်နေ့ ညောင်လေးပင်မြို့နယ်၌ သူကြီးများ၊ လူ ၁၀၀ ကျော်နှင့် သေနတ် ဓားများကို ကိုင်ပြီးလျှင် အလယ်ကျွန်းရွာ ၃အိမ်၊ ကျွန်းတောရွာ ၂အိမ်၊ ကြိမ်ရွာ ၄အိမ်၊ ကြိုက်ဂိုရွာ ၁အိမ်၊ အိမ်ပေါင်း ၁၀အိမ်တွင် ၉အိမ်ကို ငွေ ၈°နှင့် လေလံဟင်ရောင်းကြောင်း။ မောင်ပန်းအေး၏အိမ်ကို ငွေ ၇ဝိနှင့် လေလံတင်ကြောင်း။ ဤအိမ်များထဲတွင် အဘိုးငွေ ၁၅၀ဝိတန် အိမ်၂လုံးပါသည့်အပြင် အခြားအိမ်များသည်လည်း အဘိုးတန်အိမ်များဖြစ်ကြောင်း။ အခွန်တော်မပေးသည့်အိမ်ဖြစ်၍ လေလံပစ်သည်။

( ဝံသာနု ၁၉၂၄၊ နိုဝဘာ ၇ )

အိမ်တဆောင်ကို ၈°မျှနှင့် လေလံပစ်ခြင်းမှာ လူခွန်တော် ၅° လေလံပစ်ခကုန်စရိတ် ၃° ပါထည့်ပြီး ၈°နှင့်ပစ်ခြင်းဖြစ်သည်။

## လောင်းလုံးမြို့

၁၂၀၆ ခု၊ သီတင်းကျွတ်လဆုတ် ၆ ရက်၊ လောင်းလုံးမြို့နယ် ခမောက်တောင်ရွာ သူကြီး မောင်မဲချောသည် ရွာသား မောင်ဆွဲမူနှင့် မောင်ရွှေထွန်းတို့ထံ လူခွန်တော်တောင်းခံရာ ကျွန်တော်တို့မှာ အလုပ်အကိုင်ပါးရှား ဆင်းရဲဒုက္ခများနေသဖြင့် ၂လ ဆိုင်းငံ့ပါ၊ ပြေလည်အောင်ပေးပါမည်ဟု တောင်းပန် ပြောဆိုသော်လည်း သူကြီးမင်းက အခါခါလာ၍ မတောင်းနိုင်ဘူး၊ မင်းတို့မပေးလျှင် ပစ္စည်းကိုသိမ်းယူမည်ဆို၍ အတင်းအခမ့ အောက်ပါ ပစ္စည်းများကို သိမ်းယူသွားပါကြောင်း။

၁။ စဉ့်အိုး ၃လုံး၊
၂။ စပါးချင်တောင်း ၁လုံး၊
၃။ ကုလီတောင်း ၄လုံး၊
၄။ ကျွန်းသေတ္တာ ၁ လုံး၊
၅။ မိန်းမဆောင်း ခမောက် ၁ ခု၊
၆။ စပါးပွတ်ခုံ ၁ ခု၊

၇။ ဖျာကြမ်း ၁ ချပ်၊
၈။ ဆန် ၂ ပြည်၊
၉။ ကွမ်းအစ် ၁ လုံး၊
၁၀။ ပုဂံပြား ၂ ချပ် ယူသွားပါကြောင်း၊

မောင်ဒွေးထွန်းထံမှ....

၁။ တယောက်အိပ်ကုတင် ၂ ခု၊
၂။ လက်ဆွဲအိတ် ၁ လုံး၊
၃။ လုံချည် ၁ ထည်၊
၄။ ခြုံစောင် ၁ ပိုင်း၊
၅။ အင်္ကျီ ၂ ထည်၊
၆။ ခေါင်းပေါင်း ၁ ပိုင်၊
၇။ မျက်နှာသုတ်ပုဝါ ၁၊
၈။ စဥ့်အိုး ၁ လုံးကို ယူသွားပါကြောင်း။
(ဝံသာနု ၁၉၂၄ နိုဝင်ဘာ ၇ ရက်)

## မြိတ်မြို့

မြိတ်မြို့ ဒိစတြိတ် ကျောက်ကာရွာ ဘုန်းတော်ကြီး ဦးဓမ္မဝံသ အရှင်မြတ်အား ဒိုင်အာခီ တယောက်အိမ်တွင် ဆွမ်းမခံသဖြင့် သပိတ်မှောက်ဥပဒေဖြင့် မြိတ်မြို့တရားမ တရားသူကြီးမင်းရုံးက အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၆ လ၊ ၁၂၈၆ခု တန်ဆောင်မုန်းလဆန်း ၁၃ ရက်နေ့က အပြစ်ပေးလိုက်သည်။

အုပ်ချုပ်ရေး အခြေအနေအရ လူခွန်တော်ကိစ္စမှာ အခုအကျဉ်းဆုံးနှင့် အကျဉ်းရုံး ဖော်ပြတဲ့အတိုင်း တပြည်လုံး အတိုင်းအတာနဲ့ ဒိစတြိတ်တိုင်း၊ မြို့တိုင်း၊ ရွာတိုင်းမှာ ဗလောင်ဆူအောင်ဖြစ်နေပါတယ်။ ဒီအခြေအနေမျိုးမှာ ဘုရင်ခံ ဆာဟာကုတ်ဘတ္တလာက သရက်မြို့မှာ လူခွန်တော်အကြောင်း မိန့်ခွန်း ချွေသွားပါသေးတယ်။ ဆရာတော် ဦးဝိဇယတို့လုပ်ရတဲ့ နိုင်ငံရေးသမိုင်းမှာ ဒိုင်အာခီ ဘုရင်ခံရဲ့ မိန့်ခွန်းဟာ နဲနဲ အရေးကြီးတဲ့အတွက် အကျဉ်းလောက် ဖော်ပြပါရစေ။

ဘုရင်ခံဟာ သရက်မြို့ကို ၁၉၂၄ ခု အောက်တိုဘာလ ၁၈ ရက် သီတင်းကျွတ်လဆုတ် ၆ ရက်နေ့၊ ၁၂ နာရီရောက်လာပါတယ်။ အရေးပိုင် မစ္စတာဆမတ်နဲ့ အရာရှိတွေ ဘက်တော်သားတွေက ကြိုဆိုကြတယ်။ အဲဒီမှာ မြို့ခံအလိုတော်ရိတွေနဲ့ တွေ့ဆုံနှီးနှောပွဲကြီးလုပ်ပြီး မိန့်ခွန်းပြောသွားပုံကို ဝံသာနုသတင်းစာက ဒီလိုသတင်းပေးပါတယ်။

"သရက်မြို့ စီရင်စုတွင် ကောက်ခံရရှိသော လူခွန်တော်ငွေသည် နှစ်သိန်းလေးသောင်း (၂၄၀၀၀၀) နှစ်စဉ်ထာဝရ ရရှိမြဲဖြစ်ပါလျက် ယခုမှာမူ သုံးသောင်း (၃၀,၀၀၀)သာရရှိသဖြင့် ၈ပုံ၊ ၁ပုံသာ ရရှိကြောင်း။ အတင်းအကျပ်ကား မတောင်းခံခဲ့ဘူးချေ။

"ယခု ဝံသာနုအသင်းများ ဖွဲ့စည်းတည်ထောင်ပြီး၍ လူခွန်တော်ငွေကို အဘယ့်ကြောင့် မကောက်ခံထိုက်ကြောင်း အကြောင်းလည်းမပြ၊ နစ်နာခြင်း၏အကြောင်းလည်း ထုတ်ဖော်မပြောကြပေ။ မတရားသော အသင်းများတို့သည် အစိုးရဥပဒေကို ဆန့်ကျင်ဘက်ပြုပြီးလျှင် တိုင်းရေးပြည်မှု ရှုပ်ထွေးခြင်းကို အားပေးလိုသောဆန္ဒဖြင့် ဖွဲ့စည်း တည်ထောင်ခဲ့ကြလေသည်။

"ကျေးရွာများ၌ အစိုးရအရာရှိများကို စော်ကားရိုင်းပြစွာ ပြုမူပြီးလျှင် သူတို့၏ အာဏာများကို ခုခံကြလေပြီ။ ၎င်းတို့အား မည်ကဲ့သို့ နှိမ်နင်းရန်မဆို ကျွန်ုပ်အလိုရှိခဲ့ပါလျှင် အရာရှိများထံသို့ ဥပဒေ လိုက်နာရန်နှင့် တိုင်းပြည် ငြိမ်ဝပ်ပိပြားအောင် အသုံးပြုရန်အတွက် ကူညီစေရန် လိုသလောက် လွှတ်ရပေလိမ့်မည်။ ယခုလည်း စစ်တပ်တတပ် လမ်းတွင် ရှိနေသည်။

"အတီတေကာလ လွန်ခဲ့သောနှစ်ပေါင်း ၇၀လောက်က လူခွန်တော် ငွေများကို ကောက်ခံ စုဆောင်းသကဲ့သို့ ယခုအခါ ကျွန်ုပ်မှာ ကောက်ခံစုဆောင်းရတော့မည်။ သို့သော် လူခွန်တော် စည်းကြပ် ကောက်ခံခြင်းကို ခံရသော ပြည်သူပြည်သားများ၏ အခြေအနေကို ကောင်းမွန်စွာ ထောက်ထားညှာတာသောအားဖြင့် အခွန်တော်ငွေများကို ကောက်ခံ စုဆောင်းပါသည်။

"ကျွန်ုပ်ဘုရင်ခံကြီးက အသင် သရက်မြို့ စီရင်စု၊ နယ်သူနယ်သားများအား ဤအခြေအနေကို အမှန်သိစေရန်အလို့ငှာ တောင်းပန်ပါသည်။ အာဏာမခံ တော်လှန်ပျက်ကွက် တားမြစ်လျက်ရှိခြင်းဖြင့် ကျရောက်မည့် ဘေးဒုက္ခများကို မခံချင်ကြပါနှင့်။

"ကျွန်ုပ်က ဝံသာနုအသင်းများအား သေချာစွာ စုံစမ်းမေးမြန်းလိုသည်မှာ သင် ဝံသာနုအသင်းများသည် ဥမ္မတ္တကအရူးထ၍ နေကြပါသလား။ သို့တည်းမဟုတ် မမြင်မစမ်း မျက်စိများပင် ကန်း၍ နေကြပါသလား။ ဤမျှလောက် တန်ခိုးအာဏာ ထက်မြက်စွာသော အစိုးရကို ခုခံနိုင်မည်ဟူ၍ အသင်တို့ ထင်မြင်ပါသလား။ အသင်တို့ ယခုကဲ့သို့ ပြုမူပုံကြောင့် မသိ နားမလည်ရှာသော လူယောကျ်ား လူမိန်းမတို့အပေါ်တွင် ကျရောက်မည့် ဘေးဒုက္ခအပေါင်းကို အသင်တို့က ဆင်ခြင်ကြပါဦးတော့လား။ ၎င်းအသင်းများသည် အခြားနေရာ၌ မည်ကဲ့သို့ ပြုခဲ့ပြီးဖြစ်သည်ကို ကောင်းကောင်းကြီး သိမြင်ကြပေသည်။ သပိတ်မှောက်ခြင်းနှင့် ခြိမ်းခြောက်ခြင်းအလုပ်များကို လုံးလုံးကြီး လုပ်နေကြပုံနှင့် ယခု လုပ်ပုံမျိုးသည် နောက်ဆုံးတနေ့၌ ပုန်ကန်ထကြွ သတ်ဖြတ် ထိုးကြိတ်သည့် အခြေအနေသို့ ရောက်မည်မဟုတ်ပါလား" လို့ ပြောသွားပါတယ်။

ဒါပေမယ့် ပြည်သူကတော့ ဘုရင်ခံကြီးရဲ့စကားကို ဂရုမစိုက်ပါဘူး၊ ဂရုစိုက်တဲ့လူတွေကတော့ ဒိုင်အာခီသမားတွေနဲ့ အခွင့်အရေးသမားလောက်ကသာ ဂရုစိုက်တာပါ။

ဘုရင်ခံကြီးရဲ့ မိန့်ခွန်းနဲ့ မရှေးမနှောင်းမှာဘဲ ဝံသာနုအသင်း ၁၀၀ ကျော်လောက်ကို မတရားအသင်းကြေငြာပါတယ်။ ခေါင်းဆောင်အချို့ကိုလဲ ပုဒ်မ ၁၄၄နဲ့တရား မဟောဘို့ ပိုပြီးပိတ်ဆို့လာပါတယ်။

ဒီရက်ပိုင်းထဲမှာ မတရားအသင်းဥပဒေနဲ့ အပိတ်ခံရတဲ့ ဝံသာနုအသင်းတွေဟာ သရက်စီရင်စုက ၂သင်း၊ သရက်မင်းလှမြို့နယ်က ၆သင်း၊ ကာမမြို့နယ်က ၁၅ သင်း၊ မင်းတုန်းမြို့နယ်က ၂ သင်း၊ အာလံမြို့နယ်က ၅သင်း၊ ဆင်ပေါင်ဝဲမြို့နယ်က ၄သင်း၊ ပြည်စီရင်စုက ၇သင်း၊ သာယာဝတီစီရင်စုက ၁၆ သင်းဖြစ်ပါတယ်။

ဘုရင်ခံကြီး သာယာဝတီမှာပြောတဲ့ မိန့်ခွန်းထဲမှာတော့ ရဟန်းတော်များရဲ့လှုပ်ရှားမှုကို အထူး ထဲ့ပြောသွားပါသေးတယ်။

အောက်တိုဘာလ ၂၅ ရက်နေ့က ဘုရင်ခံကြီး သာယာဝတီကို ရောက်ပါတယ်။ သူ့မိန့်ခွန်းက....

"ကျွန်ုပ်ပြောရမှာကိုပင် ဝမ်းနည်းပါသည်။အကြောင်းမှာ အသင်း၏ စည်းမျဉ်း ရည်ရွယ်ချက်ရင်းကို ခုခံသောသူတို့အားဖိနှိပ်ရန် အချို့ ဗုဒ္ဓ ဘာသာရဟန်းတော်များက သို့မဟုတ် မိမိတို့ကိုယ်ကို ဘုန်းကြီးဟုဆိုသော သူများက ဝင်ရောက်ကူညီခြင်းကို များစွာတွေ့ရ၏။ဤကဲ့သို့ ပြုလုပ်ခြင်း သည် အားလုံးသော ဘာသာတရားတော်များကို ဆန့်ကျင်သည့်အပြင် လူကောင်း ရှင်ကောင်းတို့ကလည်း ထို့အတူပင် သဘောရကြသည်ဖြစ် သည်။

"အသင်းများပင်လျှင် လွတ်လပ်စွာ မဆောင်ရွက်နိုင်ပေ။ ဗဟို အဖွဲ့က ကြိုးဆွဲတိုင်း ကကြရသူများဖြစ်ပေသည်။ ၎င်းဗဟိုအဖွဲ့ချုပ်သည် မိမိစိစဉ် ဟောပြောချက်ကြောင့် မည်သို့ ဖြစ်ပေါ်မည်ကို အနည်းငယ်မျှ ဂရုမထားဘဲ အရှက်ကင်းသော နည်းနာများဖြင့် ပြုလုပ်နေသောကြောင့် မသိနားမလည်သော လူယောကျ်ား လူမိန်းမများမှာ ဒုက္ခခံစားနေကြ ရလေပြီ။

"ဤကဲ့သို့ဖြစ်ရှိနေခြင်းကို အကြောင်းပြု၍ အစိုးရ၏ တာဝန်မှာ လွယ်ကူလှသည်ကို အထူးဆိုဘွယ်မရှိ။ အစိုးရက ထိုကဲ့သို့ ဖြစ်ပျက်ပြုမူနေ ကြခြင်းကို ဖျက်ဆီးရန် အစိုးရအာဏာရှိသမျှ အစွမ်းကုန်အောင် ပြုလုပ် တော့မည်ဖြစ်သည်"လို့ ပါပါတယ်။

(ဝံသာနု ၁၉၂၄၊ အောက်တိုဘာ ၁၉)

သရက်မြို့မှာ ပြောသွားတဲ့ မိန့်ခွန်းထဲက လွန်ခဲ့တဲ့နှစ်ပေါင်း ၇၀ ကျော်က အခွန် ကောက်သလိုဆိုတာ ဒုတိယ အင်္ဂလိပ်ဗမာစစ်ပွဲအပြီး တိုက်ခိုက် သိမ်းပိုက်ထားတဲ့ နယ်တွေမှာ အင်္ဂလိပ်တပ်တွေက ရက်ရက် စက်စက်တောင်းခံခဲ့ပုံကို ပြန်ဖော်ပြောတာပါ။

အဲဒီလို အစိုးရက အရှော့မပေးဘဲ တင်းလာတဲ့အခါ မြန်မာပြည် သမ္မာသမ္ဗုဒ္ဓ သာသနာတော်လုံးဆိုင်ရာအဖွဲ့ချုပ်ကြီး ဥက္ကဋ္ဌ ထေရ်ထေရ်ဌာနချုပ် ဆရာတော် ဦးဝိဇယရဲ့ ဘုရင်ခံကြီးကိုတုံ့ပြန် အဖြေပေးလိုက်တဲ့ကြေငြာ ချက်အမိန့်တော် တစောင်ထွက်လာပါတယ်။

# မြန်မာပြည် သမ္မာသမ္ဗုဒ္ဓ သာသနာတော်လုံးဆိုင်ရာ သံဃာအဖွဲ့ချုပ်ကြီး၏ အထွေထွေဌာနမှ ထုတ်ပြန်သော အမိန့်တော်

---

မြန်မာပြည်ရှိ ဝံသာနုအမျိုးကောင်း သားသမီးတို့သိရှိရန် ထုတ်ပြန်လိုက်သည်။

ယခုအခါ မိမိတို့အမျိုး ဘာသာ သာသနာ ပညာ ၄ ဌာနတို့ တနေ့တခြား ရေနည်းငါးကဲ့သို့ ပျက်ပြားဆုတ်ယုတ်၍လာသဖြင့် ထို ၄ ဌာနတို့ ကြီးပွားရာကြီးပွားကြောင်း နည်းလမ်းကောင်းတို့ကို ရှာဖွေသည်ရှိသော်....

၁။ မိမိတို့တိုင်းရင်းဖြစ်ကုန်ကို သုံးစွဲခြင်း၊

၂။ အမျိုးသားကျောင်းများကို တည်ထောင်ဖွင့်လှစ်ခြင်း၊

၃။ အမှုအခင်းပေါ်ပေါက်လာလျှင် ခုံသမာဓိရုံးနှင့်ပြီးပြတ်ခြင်းတို့သည် လွတ်လပ်ကြီးပွားရာ လမ်းတို့ပေတည်းဟု တွေ့မြင်သိရှိရလေသည်။

ယင်းသို့သိရှိကြသည့်အတိုင်း မန္တလေး၊ နဝမကွန်ဖရင့်က တိုင်းရင်းဖြစ်ကုန်များကိုသုံးစွဲကြရန် ဆုံးဖြတ်ချက်ချခဲ့လေသည်။ အမျိုးသားကျောင်းကိုလည်း ယခုအခါ အမြို့မြို့အရွာရွာ၌ ဖွင့်လှစ်၍ထားကြလေပြီဖြစ်ကြောင်း။ ခုံသမာဓိရုံးအတွက်ကိုလည်း သရက်ကွန်ဖရင့်ဆုံးဖြတ်ချက်နံပတ် ၇ တွင် ပုလိပ်အရေးမပိုင်သော အမှုများကို ခုံသမာဓိ တည်ထောင်၍ဆုံးဖြတ်ကြရန်ဟု သမ္မတအကျိုးဆောင် စက္ကရိတေရီဒါယကာကိုပုကအဆိုသွင်း၍ အားလုံးသဘောတူ ဆုံးဖြတ်ကြသည့်အပြင် မြန်မာအသင်းချုပ်ကြီး၏ သမ္မတဥက္ကဋ္ဌကြီးကိုယ်တိုင်ကလည်း နှိုးဆော်ထုတ်ဖော်ပြထားသော ဩဝါဒ ၁၀ ချက်တွင်လည်း ပါရှိလေပြီဖြစ်ကြောင်း။

သံဃာအဖွဲ့ချုပ်ကြီးကလည်း ထိုအထက်ပါအချက်ကို ထမြောက်အောင်မြင်အောင် ဟောပြောရန်ဟု ပြဋ္ဌာန်းဆုံးဖြတ်ပြီးဖြစ်သည့်အပြင် သာသနာရေးဌာန၊ ပညာရေးဌာန၊ အထွေထွေရေးဌာနဟု သုံးဌာနခွဲခြားပြီးလျှင် အသီးသီးတာဝန်ခံ၍ ရွက်ဆောင်တော်မူကြကြောင်း။

စီရင်စုသံဃာအဖွဲ့ချုပ်၊ မြို့နယ်သံဃာအဖွဲ့ချုပ်၊ သံဃာအဖွဲ့ငယ်တို့နှင့် လူစီရင်စုအသင်းချုပ်၊ မြို့နယ်ချုပ် အသင်းတို့ကလည်း ယိုနည်းအတူ ဆောင်ရွက်ကြလေကြောင်း။

သို့ပါလျက် အချို့သော ဝံသာနုတို့သည် ကိုင်းရင်းဖြစ်ကုန်နှင့် အမျိုးသားကျောင်းတို့ကို အားမပေးသည့်ပြင် အချင်းချင်းမေတ္တာကရုဏာ မထားနိုင်ဘဲ အရေးအကြီးဆုံးဖြစ်သော ခုံသမာဓိရုံးကို ကျောမပေး နောက်ခိုင်းကြသည်ဟု ကြားသိရလေကြောင်း။

ယင်းသို့ ခုံသမာဓိရုံးကို ကျောပေးနောက်ခိုင်းသော အကျင့်ကို ပြုကျင့်ကြခြင်းသည် လွတ်လပ်ရေးကိုအားထုတ်သည်မမည်၊အမျိုးသားတို့ နစ်နာပျက်စီးအောင် အကျင့်မျိုးကိုပြုကျင့်သည်မည်သောကြောင့် များစွာဝမ်းနည်းဘွယ်ရာဖြစ်ပေကြောင်း။

သို့ဖြစ်၍ မျိုးချစ် ဝံသာနု အပေါင်းတို့သည် မိမိတို့နယ်ပယ် ရပ်ကွက်၌ မေတ္တာကင်း၍ မည်သည့် အမှုအခင်းမျိုးမှ မဖြစ်ပွား ရအောင် ကျင့်ကြံကြရမည့်အပြင် ခုံရုံးနှင့်ပြီးနိုင်သော အမှုဖြစ်ပွားခဲ့လျှင် ဖြစ်ပွားသည်နှင့် တပိုင်နက် ဆိုင်ရာ သံဃာ့သာမဂ္ဂီ အဖွဲ့ငယ် အဖွဲ့ချုပ် များနှင့် သံဃာ့အဖွဲ့ချုပ်ကြီး အထွေထွေဌာနသို့ အရေးယူ၍ ဟောပြော ဆုံးမ ပေးနိုင်အောင်စာနှင့်အမြန် လျှောက်ထားကြရန်၊ ခုံရုံးနှင့် ပြီးပြတ်သော အမှုပေါင်းနှင့် မပြီးပြတ်သော အမှုပေါင်း ကိုသည်း စာရင်း ပြုလုပ်၍ လျှောက်ထားကြရန်အကြောင်း ထုတ်ပြန်လိုက်သည်။

## အထူးမှတ်ချက်

ဤသံဃာ့အဖွဲ့ချုပ်ကြီး အထွေထွေ ဌာနက အထူး အရေးယူ၍ ဆုံးမဟောပြောမည့်အပြင် ဗဟို အမှုဆောင်အဖွဲ့က မိမိတို့တာဝန် လုပ်ငန်းများကို အစီရင်ခံ ကြရမည်ဟု ဆုံးဖြတ်ချက် ရှိသည်ကို ဦးထိပ်ဘက် ပန်ဆင်ရသည့်အတိုင်း ဆုံးမရသော အမှုပေါင်းမည်မျှ၊ မရသော အမှုပေါင်း မည်မျှရှိကြောင်းများနှင့်တကွ နာယူသူ မနာယူသူ အမှုသည် တို့၏ အမည်နာမကိုပါ ထုတ်ဖော်၍ ဗဟို အမှုဆောင်တွင်မကာ နိုင်ငံလုံး ဆိုင်ရာ သံဃာ့ ကွန်ဖရင့်အစည်းအဝေးတွင်လည်း အစီရင်ခံလိမ့်မည်ဖြစ် ကြောင်း။

## ဦးဝိဇယ

အထွေထွေ ဌာနချုပ်
အကျိုးဆောင်၊ ဆိပ်ကြီးကျောင်း၊ မိုးထားတိုက်၊ မန္တလေးတောင်ပြင်
မြန်မာပြည် သမ္မာသမ္ဗုဒ္ဓ သာသနာလုံးဆိုင်ရာ သံဃာ့အဖွဲ့ချုပ်
(ဝံသာနု ၂၄၊ နိုဝင်ဘာ ၄ရက်)

ဆရာတော် ဦးဝိဇယရဲ့ ဒီကြေငြာချက်ရဲ့ အဆီအနှစ်ကဒိုင်အာခီ ဘုရင်ခံကြီးကို မင်းတို့လဲလုပ်ချင်ရာလုပ်၊ ဒို့နဲ့ပြည်သူကတော့ တရွေးသား မျှ အရှော့မပေးဘဲ မင်းတို့နဲ့ မဆက်ဆံရေးကို ကျယ်ကျယ် ပြန့်ပြန့်ကြီး လုပ်သွား မှာဘဲလို့ ဆိုလိုက်တာပါ။ မင်းတို့ အစိုးရဟာ ဒို့လက်မခံလို့ တရားမဝင်တဲ့ ဒိုင်အာခီအစိုးရ ဖြစ်တယ်လို့လဲ ပြောကြား လိုက်တာပါ။

### စည်းရုံးရေးကောင်းတဲ့ ဆရာတော်

ဆရာတော်က အဟော အပြော ကောင်းတယ်၊ ကောင်းတယ်လို့ ဆိုရာမှာ ဖိနှိပ်မှုဘယ်လောက်ကြီးကြီး ပြောသင့် ဟောသင့်တာကိုရဲရဲကြီး ပြောဝံ့တဲ့ သတ္တိရှိတဲ့အပြင် ပြောစရာကို ပြတ်ပြတ် သားသား ဒိုးဒိုး ဒေါက်ဒေါက်နဲ့ အာရှင်းပါရှင်း ဟောပြောတယ်ရယ်လို့ နာမည်ကြီးပါ တယ်။ ဝံသာနုတရားများ ဟောကြားရာမှာ ဒီလိုဟောပြောနိုင်တဲ့ပုဂ္ဂိုလ် ဟာ ပရိသတ်အကြိုက်ဆုံး ပုဂ္ဂိုလ်မျိုးပါ။ ဒါ့ကြောင့် ခေတ်မီးရောင်မှာ ဆရာတော်က မျက်မှန်ကြီးတဝင်းဝင်းနဲ့ ဟောပြောတဲ့အခါ "ရွှေမျက်မှန် ကြီး ဟောလိုက်မှဘဲ ရှင်းပေတော့တယ်"လို့ ပရိသတ်က ဘဝင်ကျကျနဲ့ နာယူတတ်ပါတယ်။ဆရာတော်ရဲ့ဘွဲ့ရှေ့မှာ'ရွှေမျက်မှန်'ဆိုတဲ့ ဝိသေသန ထဲ့တာ အဲဒီအပြောအဟောကောင်းမှုတွေကြောင့်လဲ ဖြစ်ပါတယ်။

ထိုခေတ်က သတင်းစာတွေကိုကြည့်လိုက်ယင်ဆရာတော်ရဲ့ တရား ပွဲ သတင်းတွေကို မကြာခဏဖတ်ရတတ်တယ်။ ဆရာတော် ဟောမယ် ပြောမယ်ဆိုယင် ပရိသတ်အထူးစည်ကားတာကြောင့်နယ်ဝံသာနုအသင်း တွေက ဆရာတော် မကြွလာဘဲ မနေနိုင်အောင် တချို့က ပုံသေ ကားချ ကြိုတင်စီစဉ်ထားပြီးမှ ဆရာတော် မကြွလာယင် မဖြစ်တော့တဲ့ အနေမှာ ပင့်ကြတာကိုလဲ တွေ့ရရဲ့။

ဆရာတော်ရဲ့တရားပွဲသတင်းတွေမှာ ဆရာစံတို့အတူ ဖဟာပြော မယ်ဆိုတာလဲတွေ့ရပါတယ်။ ဆရာတော်ရော ဆရာစံရောက ဦးစိုးသိမ်း အမျိုးပြုတဲ့ တိုးတက်တဲ့ ဂျီစီဘီအေ တဖွဲ့ထဲသားတွေ မဟုတ်လား။

ဂျီစီဘီအေ ရုံးအုပ်ဟောင်း
ဘုန်းကြီး ဦးဝိဇယ၏ ခရီးစဉ်
(၁၀၊၁၊၂၆)

၁၂၈၇ခု၊ တပို့တွဲလဆန်း ၆ရက်နေ့ည နွားထိုးကြီးမြို့နယ်ထန်းခွ ရွာသို့ရောက်၍ အသင်း လူကြီးများ၊ သာမဂ္ဂီဝင် အကျိုးတော်ဆောင် များနှင့် ဆွေးနွေးပြီးလျှင် ၇ရက်နေ့ညဉ့် ၎င်းရွာ၌ တရားပွဲကြီး ကျင်းပ ကြောင်း။ ၈ ရက်နေ့ညဉ့် ဘုရားကြီးရွာ၌ တရားပွဲ ကျင်းပ ကြောင်း။ ၉ရက်နေ့ညဉ့် သဲတော ကန်ရွာ၌ တရားပွဲ ကျင်းပကြောင်း။ ထိုတရားပွဲ ကြီးများ၌ ပဲချက် ဘုန်းတော်ကြီး ဦးတေဇဝန္တ၊ ၎င်းရွာ သိမ်ကုန်း ဘုန်းတော်ကြီး ဦးကဝိ၊ ထန်းခွရွာ တောင်ကျောင်းအကျိုးတော်ဆောင် ဘုန်းတော်ကြီး ဦးနန္ဒ၊ မှဏ္ဍရာဘုန်းတော်ကြီးများ လိုက်ပါကူညီပြီးလျှင် ပဲချက်ရွာ သိမ်ကျောင်း ဘုန်းတော်ကြီး ဦးကဝိနှင့်တွဲဖက်၍ ၁၀ ရက်နေ့ ဇီးတောရွာ၊ ၁၁ရက်နေ့ ဖုံသာရွာ၊ ၁၂ရက်၊ ၁၃ရက်နေ့များ၌ကနား တိုက်နယ်၊ ၁၄ရက်နေ့လည် သရက်ကန်၊ တံတားဦး၊ ထန်းတောမ ၃ရွာ လုံးဆိုင်ရာ တရားပွဲကြီး ကျင်းပ၍ ၁၅ရက်နေ့ မင်းစု တောင်ရိုးကြီးကို ကျော်နင်း ဖြတ်သန်းပြီးလျှင် ၎င်းနေ့ညဉ့် ပဲချက်အရှေ့ရွာကြီး၌တရားပွဲ ကျင်းပကြောင်း။ ၎င်းလဆုတ် ၁ရက်နေ့၌ ပဲချက်ရွာ တိုက်သစ်ကျောင်း ဦးဝါယမိန္ဒနှင့်တွဲဖက်၍ ဝက်လူးရွာသို့သွားရောက်ပြီးလျှင် ၎င်း လဆုတ် ၂ရက်နေ့ ညဉ့် ၎င်းဝက်လူးရွာ၌ တရားပွဲကြီး ကျင်းပကြောင်း။ လဆုတ် ၂ရက် နေ့လည် ဝက်လူးဆရာတော် ဦးခေမိန္ဒ ဦးဝါယမ တို့နှင့် တကွ နဘဲမြစ်၊ ရေလည်၊ ဇီးကန်၊ သာဇီ၊ မန်ကျည်းကုန်း၊ လက်ပံ၊ ဈေးထိပ် ၇ရွာလုံးဆိုင်ရာ တရားပွဲကြီးကျင်းပကြောင်း။

၎င်းလဆုတ် ၃ရက်ညဉ့် ဝက်လူး ၃ ရွာ၊ သင့်ဘီးရွာ ၄ ရွာလုံး ဆိုင်ရာ တရားပွဲကြီး၊ ၎င်းလဆုတ် ၄ရက် နေ့လည် ဆူးဖြူကုန်းရွာတရား ပွဲကြီး၊ ၎င်းညဉ့် ဖောင်ချင်းရွာ၌ တရားပွဲကြီး၊ ၎င်း ၅ ရက်ညဉ့် ဆူးဖြူ

ကုန်း၊ ၎င်း ၆ရက် နေ့လည် ပဲချက်အနောက်ရွာ၌ တရားပွဲကြီး ကျင်းပပြီးလျှင် ၎င်းညဉ့် ထန်းခွရွာ အကျိုးဆောင် ဦးနန္ဒ တိုက်ကျောင်းသို့ ပြန်လည်၍ ၇ ရက်၊ ၈ ရက်နေ့များ၌ နွားထိုးကြီးမြို့လုံးဆိုင်ရာ သံဃာ့အဖွဲ့ချုပ်၊ လူအဖွဲ့ချုပ်စည်းဝေးရန် အကျိုးဆောင်များ၊ အသင်းလူကြီးများနှင့် တိုင်ပင် စီစဉ်ထားပြီးလျှင် ၉ ရက်နေ့ နွားထိုးကြီးမြို့ အသင်းချုပ်လူကြီး ဦးမြင့်ကလေး၊ အကျိုးတော်ဆောင် ဦးပဏ္ဍိတတို့ နှင့် တိုင်ပင်ဆွေးနွေး၍ ၎င်းလဆုတ် ၁၀ရက်နေ့ ခင်မကန်၊သဲတော၊ တဲရွာ၊ မြောက်ရွာ၊ ဒုံဝင်းရွာလုံးဆိုင်ရာ တရားပွဲကြီး၊ ၁၁- ၁၂ရက်၌ရွာကြီး၌ တရားပွဲကြီး ကျင်းပပြီးလျှင် ၁၃ရက်နေ့ နံနက်သဲတောရွာ၌ ခေတ္တ နား၍ ၁၄ ရက်နေ့ မြင်းခြံမြို့သို့ ပြန်ကြွ သွားပါကြောင်း။ ဘုန်းတော်ကြီး ဦးဝိဇယ လှည့်လည်ဟောပြောသဖြင့် ယခုအခါ နယ်ပယ်သူနယ်ပယ်သားတို့ လွန်စွာ ထကြွနိုးကြား၍ ရတနာသုံးပါး ကြည်ညိုသော အားဖြင့် သံဃာ့အဖွဲ့ချုပ်ကြီး သြဝါဒသို့ လိုက်နာပါမည်ဟု အသီးသီး ဝန်ခံကြသဖြင့် များစွာ ဝမ်းမြောက်ဖွယ် ကောင်းပါကြောင်း။

ဦးပဏ္ဍိတ
ထန်းခွရွာတိုက်ကျောင်း၊ နွားထိုးကြီးမြို့နယ်
မြင်းခြံစီရင်စု
၁၂၈၇ ခု၊ တပေါင်းလဆန်း ၆ ရက်၊
ဝံသာနုမြန်မာသတင်းစာမှ
၁၉၂၆ ခု၊ ဖေဖော်ဝါရီလ ၁၆ ရက်။

ဂျီ စီ ဘီ အေ ရုံးအုပ်ဟောင်း၊ ဘုန်းကြီး ဦးဝိဇယခရီးစဉ်
တပေါင်းလဆန်း ၁ ရက်နေ့ညဉ့် မြင်းခြံမြို့နယ်
ကူရွာကွမ်းစိုက်၌တရားပွဲကြီး

၎င်းလဆန်း ၃ရက်နေ့ စစ်ကိုင်းစီရင်စု၊ ငန်းဇွန်မြို့နယ်၊ မိုးတောင်ရွာ တောင်ကျောင်း ဘုန်းတော်ကြီး ဦးပါရီကျောင်း၌ အသင်းလူကြီးများနှင့် ဆွေးနွေးပြီးလျှင် ၎င်းလဆန်း ၄ ရက်နေ့၌ ဝွေ့ကြီးရွာ၊ နံ့သာလှိုင်ရွာ၊ ပေါက်တောရွာ၊ နေနှင်းရွာ၊ ညောင်ပင်သာရွာ၊ မြစ်သာရွာ၊ မိုးတောင်မြောက်ရွာ၊ မိုးတောင်လယ်ချင်းဦးရွာ၊ မိုးတောင်တောင်ရွာ၊

မိုးတောင်ဒုံဒင်ရွာ၊ မိုးတောင်သာဧ၊ မိုးတောင်ရွာမ၊ ပေါင်း ၁၇ ရွာလုံး ဆိုင်ရာ တရားပွဲကြီးကို မိုးတောင်ရွာမ ဆရာတော်ဘုရားကြီး ဦးဂုဏ ကျောင်း၌ ကျင်းပဟောပြောကြောင်း။

၎င်းလဆန်း ၅ ရက်နေ့ မိုးတောင်တောင်ကျောင်း၌ အာဂပါ ရွာရှိ အသင်း လူကြီးများအား နည်းသစ်တရားကို အထူးဟောပြော ကြောင်း။

၎င်းလဆန်း ၆ ရက်နေ့ညဥ့် ငနန်းရွာအသင်းဥက္ကဋ္ဌလူကြီး ကိုဘဝေ အိမ်၌ ငနန်း၊ ညောင်ပင်သာ၊ မြစ်သာ၊ နံ့သာလှိုင် လေးရွာလုံး ဆိုင်ရာ တရားပွဲကြီး ၂ ပွဲ ကျင်းပ ဟောပြောကြောင်း။

၎င်းလဆန်း ၇-ရက်နေ့ နဂါးပေါက်ရွာဖက်နှင့် အသင်းချုပ်ပွဲရုံကို ကြည့်ရှုပြီးလျှင် ၎င်းမြို့နယ်ဥက္ကဋ္ဌ လူကြီးမင်း ဦးစိန်ပွင့်နှင့် လုပ်ငန်း အရပ်ရပ် တိုင်ပင် ဆွေးနွေး၍ မြင်းခြံမြို့သို့ ပြန်ကြွ သွားပြီးလျှင် ၎င်း လဆန်း ၈-ရက်နေ့ စလေသင်္ဘောဖြင့် ညောင်ဦးမြို့သို့ ကြွသွားကြောင်း။ ၎င်းလဆန်း ၉-၁၀-၁၁ ရက်နေ့ညဥ့် ၃ ညဥ့်တိတိ တရားပွဲကြီး ၃ ပွဲကျင်းပ ဟောပြောတော်မူပြီးလျှင် လဆန်း ၁၂ ရက်နေ့ မြင်းခြံမြို့သို့ပင် ပြန်ကြွ တော်မူ၍ ၎င်းလဆန်း ၁၃-ရက်နေ့ ညဥ့်၌ မြင်းခြံမြို့နယ် ဆားခါးရွာ ဦးသီလကျောင်း၌ တရားပွဲကြီး ကျင်းပ ဟောပြောကြောင်း။

၎င်းလဆန်း ၁၄-ရက်နေ့ညဥ့်၌ တောင်သာမြို့နယ် အလယ်ချိုင့် ရွာ၊ ၁၅-ရက်နေ့ညဥ့် တောင်သာမြို့ ဘုရားကြီး တန့်ဆောင်း အတွင်း၌ တရားပွဲကြီး ကျင်းပ ဟောပြောတော်မူပြီးလျှင် ၎င်းလဆုတ် ၁-ရက်နေ့ မြင်းခြံမြို့သို့ ပြန်ကြွတော်မူ၍ ၎င်းလဆုတ် ၂-ရက်နေ့ နံနက် ၁၁-နာရီ ထွက် ရထားဖြင့် မြင်းခြံမြို့မှ မိတ္ထီလာမြို့သို့ ကြွရောက်သွားပါကြောင်း။

မောင်ဘခင်
စက္ကရီတေရီ
မြင်းခြံစီရင်စု အသင်းချုပ်ကြီး

၁၂၈၇-ခု၊ တန်ခူးလဆန်း ၁-ရက် (၁၃-၃-၂၆)
(ဝံသာနု မြန်မာသတင်းစာမှ။)

ဂျိဗိဘီအေ ရုံးအုပ်ဟောင်း ဦးဝိဇယအရှင်မြတ်အား ပင့်လျှောက်လွှာ

ဂါရဝတရား ရှေ့ထား၍ လျှောက်ပါသည် ဦးဝိဇယ အရှင်မြတ်ဘုရား။ လျှောက်ထားရန်အကြောင်းမှာ ဟသ်ာတ စီရင်စု နယ်လုံး ဆိုင်ရာ သံဃာ့အဖွဲ့ချုပ် ဧပတ် စည်းဝေးပွဲနှင့် ထူးကြီးမြို့မ သာသန ဝေပုလ္လ သံဃာ့သာမဂ္ဂီ ၎င်းစည်းဝေးပွဲ ၂-ခုကို တခုတည်း တပေါင်းတည်း ပေါင်း၍ စည်းဝေးမည်ဖြစ်ပါသောကြောင့် ၎င်းစည်းဝေးပွဲမှာ ဟောပြောစေလိုသည် တကြောင်း၊ ၎င်းအရှင်ဘုရားကို အာရုံပြု၍ တရားပွဲပေါင်းများစွာတို့ကိုစီစဉ်၍ထားပြီး ဖြစ်သည်လည်း တကြောင်း၊ဤကဲ့သို့အကြောင်းတို့ကြောင့် အောက်ပါ နေ့ရက်ကို ဆက်ဆက် ကြွလာတော်မူပါမည့်အကြောင်း လေးမြတ်စွာ လျှောက်ပါသည် အရှင်မြတ်ဘုရား။

ကြွရောက်ရန်နေ့ရက်မှာ ၁၂၈၈ ခု၊ ကဆုန်လဆုတ် ၇ ရက်နေ့ နံနက်ကို ထူးကြီးဘူတာသို့ရောက်အောင် ကြွတော်မူပါဘုရား။ ကြိုဆို၍ နေပါမည်။

ရှင်နန္ဒမာလာ

၁၂၈၈ ခု၊ ကဆုန်လဆုတ် ၄ ရက် (၂၉-၄-၂၆)

(ဝံသာနု မြန်မာသတင်းစာမှ။)

အင်းစိန်ဒိစတြိတ်
နှစ်ပတ်လည်ကွန်ဖရင့် အစည်းအဝေးကျင်းပမည့်အကြောင်း
( ၁၀-၁၉-၅-၂၆ )

"၁၂၈၈ခု၊ နယုန်လဆန်း ၈၊ ၉ ရက် ရွာသာရွာ ၎င်းဘုန်းကြီးကျောင်းတွင် သံဃာ့အဖွဲ့နှင့် လူအဖွဲ့တို့ ၂ဦးတွဲ၍ အင်းစိန်ဒိစတြိတ် နှစ်ပတ်လည်အစည်းအဝေးပြုလုပ် ကျင်းပမည်ဖြစ်ကြောင်း။ ၎င်းနှစ်ပတ်လည်အစည်းအဝေးကြီး ဧည့်ခံအဖွဲ့မှာ ဖက်ဝန်းကုန်းတိုက်နယ်ရှိ အသင်းများဖြစ်သည်။ ၎င်းဧည့်ခံအဖွဲ့ အထွေထွေဥက္ကဌမှာ အိုင်ကလောင်ဆရာတော်ဖြစ်သည်။ ၎င်းအင်းစိန် ဒိစတြိတ်နှစ်ပတ်လည် အစည်းအဝေးကြီးကျင်းပမည့်အခါ ဆိုင်ရာဆရာတော်ကြီးများနှင့် ဂျီဘီအေရုံးအုပ်ဟောင်း ဦးဝိဇယ၊ တောင်ကျောင်းဒွိစံနေတော်မူသော အရှင်ဦးဥတ္တမ

ကြီး၏ညီရင်းဖြစ်သော အရှင်အရိယတို့ ကြွရောက် ချီးမြှင့်ကြမည့်အပြင် အရှင်ဦးဥတ္တမကြီး၏အမိဖြစ်သူနှင့် နှမ အိမ်သိုး၊ မြန်မာပြည်လုံးဆိုင်ရာ ဂျင်းဂျီစီဘီအေ သမတ ငွေထိန်း ဦးထွန်းလှ၊ မော်လမြိုင်မြို့ပိုင် ဘိုလူးကျွန်း ကမာမို ဥက္ကဋ္ဌ ဆရာစံစသော ပုဂ္ဂိုလ်တို့ ကြွရောက်ကြမည် ဖြစ်သည်။ ၎င်းအပြင် အခမ်းအနားမှာ ရဟန်းရှင်လူ ကိုယ်စားလှယ်တို့အား ညှော် လူဒါန်းကျွေးမွေးခြင်းနှင့် တင့်တယ်ခမ်းနားသိမ်မွေ့သော နေရာဌာနတို့ ပေးလှူခြင်း၊ ရေးအစဉ်အလာမပျက် ကန်းဘောင်ဘုရင်လက်ယက်မှစ၍ အသုံးတော်ခံခဲ့သော ရွှေဘိုစည်တော်ကြီး၊ ၎င်းအပြင် မြန်မာ့ဂုဏ်စံ မလေ့မပျက်ကွက်ဘဲ ဆက်လက်၍အသုံးတော်ခံခဲ့သော စောင်းနှင့် ယခု ကာလတွင်ပေါ် ပေါက်သော တူရိယာအမျိုးမျိုးသင်သူတို့ ရာဇပိုဒ်စုံသိဆို ခြင်း၊ သြဘာမင်္ဂလာစာဖတ်ခြင်းတို့ပါ ၎င်းကွန်ဖရင့်ကြီး၌ကျင်းပပြုလုပ် မည်ဖြစ်ကြောင်း”လို့ ဖော်ပြပါရှိပါတယ်။

ဝံသာနုခေတ်က ရဟန်းတော်များ အမျိုးသား လွတ်လပ်ရေး တိုက်ပွဲမှာ တက်တက်ကြွကြွ ရှေ့တန်းက ပါဝင်နေလေတော့ သီလရှင် များလည်း ရဟန်းတော်များရဲ့စည်းရုံးမှုကြောင့် တစုတစည်းထဲ စည်းရုံး လှုပ်ရှားတဲ့အဖြစ်ကို ပဌမဆုံးအကြိမ်အဖြစ် ၁၉၂၆ ခုနှစ်က လှုပ်ရှားလာ ခဲ့ပါတယ်။ သီလရှင်များကို စည်းရုံးရာမှာ ဆရာတော် ဦးဝိဇယ ပါဝင် တယ် ဆိုတာကိုလဲ ဝံသာနုသတင်းစာပါသတင်းတပုဒ်အရ သိနိုင်ပါတယ်။

စစ်ကိုင်းတောင်ရိုးက သီလရှင်တွေ အဲဒီတကြိမ်ကဘဲ စည်းစည်း လုံးလုံး တက်တက်ကြွကြွ ရှိခဲ့ပြီး နောက်တော့ ပြန်ပြီး ငြိမ်သက်သွားပါ တယ်။

စစ်ကိုင်းတောင်လုံးဆိုင်ရာ သီလရှင်ချောင် ဆရာကြီး များနှင့် ခေါင်းဆောင်ကြီးများ အစည်းအဝေးမှတ်တမ်း

“၁၂၈၈ခု၊ သီတင်းကျွတ်လဆုတ် ၈ ရက်နေ့ (၂၈-၁၀-၂၆) နေ့လည် ၃ နာရီအချိန် စစ်ကိုင်းတောင် ခေမာသကချောင် ဓမ္မာရုံကြီး၌ အစည်းအဝေးကြီး ဖွင့်လှစ်ရာ ကြွရောက်သော သံဃာတော်များမှာ ရတနာပုံရိုးအုပ် ဦးဝိဇယ၊ မန္တလေးစီရင်စု သံဃာ့အဖွဲ့ အမျိုးဆောင် ဦးညာဏိန္ဒ၊ ဝံသာနုသတင်းစာတိုက်အုပ်ဟောင်း ဦးကဝိန္ဒ၊ ရေစကြိုတိုက်

သစ် ဆရာတော် ဦးပညာစက္က၊ ဝေပုလ္လတိုက် ဦးကေလာ၊ ဗဟိုလက်မှတ်ရ ဓမ္မကထိက ဦးကောသလ္လ၊ ဦးစန္ဒိမာ တို့နှင့် အခြား ဦးနေမိဿရ၊ ဦးဝါယမတို့ ဖြစ်ကြောင်း။

အစည်းအဝေးသို့ တက်ရောက်သောသီလရှင်များမှာ ခေမေသက ကျောင်း ဆရာကြီး ဒေါ်မေဓာနှင့် ကျောင်းတွင်းရှိ သီလရှင်အားလုံး၊ ဂူနီကျောင်း ဆရာ ဒေါ်ဝိဟာရီနှင့် မကုမာရီ၊ မနန္ဒစာရီ၊ နိဗ္ဗိန္ဒကျောင်း ဆရာ ဒေါ်ခေမာဝတီနှင့် မပညာရီ၊ မရူပ၊ မနန္ဒဝတီ၊ မမေစာရီ၊ မတိက္ခ၊ မဝိလာသီ၊ ဖျာပုံမယ်တော်ကြီးကျောင်း ဆရာဒေါ်ဒေါ်ခင်လေး နှင့် ဒေါ်နန္ဒီ၊ ဘေးငြိမ်းကျောင်း ဆရာ ဒေါ်ဥမ္မာရီနှင့် မနန္ဒဝတီ၊ မဧသာရီ၊ ဂူနီကျောင်း ဆရာ ခင်မလေးနှင့် မနန္ဒာရီ၊ မဝဏ္ဏစာရီ၊ မလေသီ၊ အေးမြို့ ကျောင်း ဆရာ ဒေါ်ကုမ္မာရီနှင့် မဉာဏစာရီ၊ မဣန္ဒဝတီ၊ မစန္ဒာ၊ မသီလဝတီ၊ မောက္ခသိဝံကျောင်း ဆရာဒေါ်ကုမ္မာရီနှင့် မမေဓာရီ၊မဧစာရီ၊ မကုဏာဝတီ၊ သိဝံဂါမိကျောင်း ဆရာ ဒေါ်ဉာဏနှင့် မဝိလာသီ၊ မစန္ဒမာလာ၊သစ်ဆိမ့်ကျောင်း ဆရာ ဒေါ်ဝါယမီနှင့် ဒေါ်ဝိစာရီ၊ ဂူတလုံး အရှေ့ကျောင်း ဆရာရွက်နှင့် မမာလာရီ၊ မဓမ္မစာရီ၊ မဩဘာသီ၊မပညာ၊ မသုစာရီ၊ ဥက္ကလာပကျောင်းဆရာကြီး၊ ဂူတလုံးတောင်ပေါ်ကျောင်း ဆရာ ဒေါ်ကဝိနှင့် မမေဓာရီ၊မသုစာရီ၊ မဝံသ၊ မစန္ဒမာရီ၊ မဂ္ဂင်ကျောင်းဆရာ ဆရာအောင်နှင့် မသုစိတ္တာ၊ မဧသာရီ၊ မနန္ဒ၊ မဣန္ဒစာရီ၊ မဝိနယ၊ သမိဒ္ဓေါကျောင်းဆရာ ဒေါ်မာလာရီနှင့် မဧသာရီ၊ မကဥ္စနာ၊ စရိတ ဩဝါဒကျောင်းဆရာ ဒေါ်စာရီနှင့် မနန္ဒစာရီ၊ မဝါယမီ၊ အေးသီတာ ကျောင်းဆရာ ဒေါ်ပညာရီနှင့် မနန္ဒေသီ၊ မသုမာလာ၊ မဝံသစာရီ၊ မဧသာရီ၊ အေးမြကျောင်းဆရာ ဒေါ်သီရိနှင့် မဧသာရီ၊ မဩဘာသီ၊ သုစိတ္တာရာမကျောင်းဆရာ ဒေါ်စိတ္တာဝတီနှင့် မဧသီ၊ မနန္ဒာ၊ မနန္ဒာရီ၊ ဂူတလုံးအောက်ကျောင်းဆရာ ဆရာနိနှင့် ဒေါ်စန္ဒမာရီ၊ မကေသာရီ၊ ချင် သင်း ကျောင်း ဆရာဒေါ်ဝိစာရီနှင့် ဆရာဖြူ၊ မဝိမလစာရီ၊ မသုနန္ဒီ၊ သိမ့်အမကြီး ကျောင်းဆရာ ဒေါ်အိနှင့် မသီလစာရီ၊ မဥမ္မာရီ၊ မဣန္ဒစာရီ၊ မတ္တာရာဝန်ကတော်ကြီး ကျောင်းဆရာမသုနန္ဒာ၊ဆရာဖြူဖြူ၊ မဧသာရီနှင့် တကွ သီလရှင်တိုက်အုပ် တိုက်ကြပ် စာချပုဂ္ဂိုလ်များပါ ၃၀၀ ကျော် ကြွရောက်ကြလေသည်”လို့ ဖော်ပြပါရှိပါတယ်။

## ဦးချစ်လှိုင်တို့ ပဲ့သွား ပြန်တဲ့ကိစ္စ

ဒိုင်အာခီ ဥပဒေပြုကောင်စီသစ် ရွေးကောက်ပွဲဟာ ဟာနေ့ထက် တနေ့နီးလာတယ်။ ဒီရွေးကောက်ပွဲဂယက်ဟာ ဂျီ၊စီ၊ဘီ၊အေ ကြီးကိုပါ လာပြီးထိတယ်။

အဖွဲ့ကြီးမှာ အလွန်အားကိုးရတဲ့ သမ္မတ အကျိုးတော်ဆောင် ဦးပုဟာ အဖွဲ့ကထွက်ပြီး ဒိုင်အာခီ မင်းတိုင်ပင်အမတ် ဝင်အရွေးခံမယ် ဆိုတဲ့ သတင်းတွေဖြစ်နေတယ်။ သမ္မတ ဦးချစ်လှိုင်က တဖက်လဲ နဲ့ အကျိုးတော်ဆောင် ဦးပုကို ဒိုင်အာခီ ကောင်စီထဲပို့မယ်၊ အောင်မြင် ယင် သူပါလိုက်သွားမယ်ဆိုတဲ့ သတင်းတွေလဲဖြစ်ပေါ်နေတယ်။ အဖွဲ့ရဲ့ ငွေရေးကြေးရေး မကျေနပ်ချက်တွေလဲ ဆူပွက်လာတယ်။

ခုလို အဖွဲ့ထဲမှာမလိုလားအပ်တဲ့ သတင်းပေါ့ ဟာနေ့ဟာမြားတိုး၍ သာ လာနေတော့ ကွန်ဖရင့်ကြီးတခုခေါ်ပြီး ရှင်းမှဖြစ်တော့မယ်လို့ ဗဟိုသံဃာ့သာမဂ္ဂီ အဖွဲ့ချုပ်ကြီးကယူဆပြီး ရွှေဘိုမှာ ကွန်ဖရင့်ကျင်းပ မယ်လို့ခေါ်လိုက်ပါတယ်။

ဒီရွှေဘိုကွန်ဖရင့်ကို ဒွါဒသမမြောက် ကွန်ဖရင့်လို့ ခေါ်ပါ တယ်။ ၁၉၂၅ခု ဇွန်လ ၁၆၊၁၇၊၁၈ ရက်နေ့များမှာ ကျင်းပပါတယ်။ သံဃာ့သာမဂ္ဂီရဟန်းတော်များ အဖွဲ့ခွဲပေါင်း ၇၂၉ဖွဲ့မှ သံဃာအပါး ၈,၀၀၀၊ အရပ်ရပ်ကိုယ်စားလှယ်များနှင့်ဟက်ရောက်တဲ့ ပရိသတ်ပေါင်း ၅၀,၀၀၀ ကျော်ပါတယ်။

ဂျီ၊စီ၊ဘီ၊အေ အဖွဲ့ချုပ်ကြီးရဲ့ ထိပ်ပိုင်းအကျဆုံး အတွင်းရေး တွေကိုရှင်းရမယ်၊ ဒီကွန်ဖရင့်ကိုဥက္ကဋ္ဌဖြစ်တဲ့ သမ္မတဦးချစ်လှိုင်နဲ့ အကျိုး ဆောင် ဦးပုတို့ မတက်ကြဘူး။ ရှောင်နေကြတယ်။ ငွေထိန်း ဦးတွန်း အောင်ကျော်ကတော့ အဖမ်းခံနေရတယ်။

ရင်ဆိုင်ပြီး ရှင်းရမည့်ကိစ္စတွေကို ရင်မဆိုင်ရဲဘဲ ဥက္ကဋ္ဌနှင့်အတွင်း ရေးမှူးတို့ တကြိုတ်ယဲတညာဏ်ထဲ ရှောင်နေကြတယ်ဆိုတော့ ပြောစရာ တွေအများကြီးဖြစ်လာတယ်။ ပြည်သူက အားထင်လှဲနေတဲ့ ကိစ္စဆိုယင် ပြည်သူ့ကိုယ်စားလှယ်တွေစုံညီတဲ့ ကွန်ဖရင့်မှာရှင်းလိုက်ယင် ပြီးနိုင်မယ့် ကိစ္စကို မရှင်းဘဲရှောင်နေတော့ ပိုဆိုးတာပေါ့။

ရွှေဘိုကွန်ဖရင့်ကြီးမှာ ဘေးမဲ့ ဆရာတော်ဘုရားကြီးက တိုင်းပြည်ရဲ့မှီခိုအားထားရာဖြစ်တဲ့ ဂျီ-စီ-ဘီ-အေ အသင်းချုပ်ကြီးမှာ တချို့ ခေါင်းဆောင်တွေကြောင့် ယုံမှားစရာတွေ၊ အားငယ် စိတ်ပျက်စရာတွေ ရှိပေမယ့် သံဃာ့အဖွဲ့ချုပ်ကြီးက ဂျီ-စီ-ဘီ-အေ အသင်းကြီးကို တရားသဖြင့် စောင့်ရှောက်စီမံပြီး အမျိုး ဘာသာ သာသနာ ပညာ ဥစ္စာ စီးပွား တနေ့တခြားထွန်းကား ကြီးပွားအောင် စည်းမျဉ်းနဲ့အညီ တရားသဖြင့် ဆောင်ရွက်သွားစေလိုတယ်လို့ ဩ၀ါဒစကား ပြောကြားပါတယ်။

ဥက္ကဋ္ဌနဲ့ အကျိုးဆောင်ရှောင်နေတဲ့ ကွန်ဖရင့်မှာ ဒီလူတွေရဲ့ ကိုယ်စားထက်မြက်တဲ့ပုဂ္ဂိုလ်ကို အစားထိုးရတော့မှာမို့ ဘေးမဲ့ဆရာတော်ဘုရားကြီးကဘဲ ရေနံချောင်းမြို့ တွင်းစားကြီး ဦးစိုးသိမ်းကို သဘာပတိအဖြစ် တင်မြှောက်ဖို့ မိန့်ကြားတဲ့အခါ အားလုံးကသဘောတူထောက်ခံကြပါတယ်။ အကျိုးဆောင်အဖြစ်တော့ ဦးထွန်းလှကို တင်မြှောက်လိုက်ကြတယ်။

ဒီကွန်ဖရင့်ကဆုံးဖြတ်ချက် ၁၅ ချက် ချမှတ်ခဲ့ပါတယ်။ အထူးသဖြင့် သပိတ်မှောက်ရေးနဲ့ အစိုးရနဲ့မဆက်ဆံရေးပါ။ ပြီးတော့ ဆက်လက်ပြီး ဂျီ-စီ-ဘီ-အေကြီးကိုပဲ့ကိုင်သွားဖို့ ဦးစိုးသိမ်းကိုဘဲ ဥက္ကဋ္ဌအဖြစ် ရွေးချယ်လိုက်ကြပါတယ်။

ဦးချစ်လှိုင်ကလဲ သူနဲ့လက်လှမ်းမှီတဲ့ ၀ံသာနု အဖွဲ့အစည်းတွေကို စုရုံးပြီး ဆက်လက် ခေါင်းဆောင်လုပ်ပြန်တယ်။ အဲဒါကို ဂျီ-စီ-ဘီ-အေ ၂၁ဖွဲ့ ကွဲတယ်လို့ဆိုကြပြီး တခုက ဦးစိုးသိမ်း ဂျီ-စီ-ဘီ-အေ။

တခုက ဦးချစ်လှိုင်ဂျီ-စီ-ဘီ-အေရယ်လို့ အမည်တွင်လာပြန်တယ်။

မူလ ဂျီ-စီ-ဘီ-အေထဲက ရာထူးလက်ခံပြီး အတွင်းလမ်းက တိုက်မယ်ဆိုတဲ့ ၂၁ ဦး ပဲ့ထွက်သွားတော့ ၂၁ ဦးက စည်းရုံးရေးအတွက် ဂျီ-စီ-ဘီ-အေဆိုတဲ့ နာမယ်ကိုမစွန့်နိုင်သလို ဦးချစ်လှိုင်တို့ အလိုအလျောက် အပြင်ကို ရောက်သွားတော့လဲ ဂျီ-စီ-ဘီ-အေဆိုတဲ့ နာမယ်ကို ဆက်ခံကြပြန်တယ်။

ဦးချစ်လှိုင်ဟာ မြန်မာပြည် သမ္မာသမ္ဗုဒ္ဓ သာသနာတော်လုံးဆိုင်ရာ မဟာသံဃာ့သာမဂ္ဂီ အဖွဲ့ချုပ်ကြီး ဩ၀ါဒခံ ဂျီ-စီ-ဘီ-အေ ရဲ့

အပြင်ရောက်သွားပြီး ၄လအကြာ ၁၉၂၅ ခု၊ အောက်တိုဘာလ ၆ ရက်နေ့မှာ လှိုင်-ပု-ကျော် ဂျီ-စီ-ဘီ-အေ ဗဟိုအသင်းချုပ် အစည်းအဝေး ဆိုပြီး တောင်ငူမှာ လုပ်ပါတယ်။

ဒီအစည်းအဝေးမှာ ကာလကြာမြင့်စွာက လက်ဝါး ရိုက်ယားကြတဲ့အတိုင်း ဦးပုက ဝံသာနု ဂျီ-စီ-ဘီ-အေ အသင်းချုပ်ကြီးနဲ့ ဆက်တဲ့ ဟူမ္မရူးအသင်းတွေဟာ အပြင်မှာ သူ့ဟာသူသီးခြားရပ်နေခွင့်ရှိပါတယ်၊ လွတ်လပ်စွာ ဆောင်ရွက်နိုင်ခွင့်လဲရှိပါတယ်၊ ဒါ့ကြောင့် သူ့ဟာဟူမ္မရူး အသင်းမှာ လွတ်လွတ်လပ်လပ် ဆောင်ရွက်ချင်လို့ သူ့ကိုအကျိုးဆောင် အဖြစ်က နုတ်ထွက်ခွင့်ပြုပါလို့ဆိုတယ်။ထွက်ခွင့်ပြုလိုက်ကြပါတယ်။

ဒီအခါ ဦးချစ်လှိုင်က သဘာပတိအနေနဲ့ ဘယ်လိုပြောသလဲ ဆိုတော့ ဟူမ္မရူးအသင်းတွေဟာ ရွေးကောက်ပွဲဝင်ကြဘို့ မိမိ သဘောအတိုင်း ပြုနိုင်တယ်၊ အသင်းဝင်များအနေနဲ့လဲ မိမိတို့ဆန္ဒအလျောက် သင့်တော်မယ်ထင်တဲ့ ဟူမ္မရူးအသင်းသားတွေကို မဲပေးရွေးကောက် သင့်တယ်လို့ ယူဆပါတယ်လို့ နိဂုံးချုပ်လိုက်ပါတယ်။

အဲဒီညမှာဘဲ ဦးပုက ဟူမ္မရူးအသင်းပြန့်ဖွဲ့ဘို့ အစည်းအဝေးတရပ် ခေါ်ပါတယ်။ ပြီးတော့အမှုဆောင်အဖွဲ့ကို ရွေးလိုက်တယ်။

ဖွဲ့လိုက်တဲ့အမှုဆောင်အဖွဲ့ကတော့....

ဥက္ကဋ္ဌ.......................... သာယာဝတီ ဦးပု၊
အကျိုးဆောင်..............ဦးဘဟန်၊
ငွေထိန်း........................ ဦးမောင်မောင်(တောင်ငူ)၊
အမှုဆောင်တွေက ဦးလူကြီး(လက်ပံတန်း)၊
ဆရာကံ(ကျိုက်လတ်)၊
ဦးလူကလေး(မကွေး)၊
ဦးစက်လင်း(ကညွတ်ကွင်း)၊
ဦးဖိုးပြား၊
ဦးစိန်(ဖြူး)၊
ဦးဘိုးကွန်း(ညောင်လေးပင်)၊
ဦးချမ်းသာ(ပြည်)၊
ဦးတိုင်းကျော်(ရန်ကုန်)တို့ဖြစ်ပါတယ်။

ဒီအဖွဲ့က ၁၉၂၅ခု၊ နိုဝင်ဘာလ ၁ရက်နေ့မှာကျင်းပတဲ့ ဒုတိယအကြိမ် ဒိုင်အာခီဥပဒေပြု အမတ်ရွေးကောက်ပွဲကို ဝင်ပါတယ်။

ဂျီ-စီ ဘီ-အေကြီးထဲမှာ ပွစိပွစိဖြစ်နေတဲ့ကိစ္စတရပ်ဟာ ရှင်းသွားပါပြီ။ ဦးချစ်လှိုင်က ဦးပု ဒိုင်အာခီထဲရောက်အောင် လမ်းခင်းပေးပုံဟာ အလွန်ပေါ်လွင်ထင်ရှားလို့ တပြည်လုံး သိကုန်ကြပါတယ်။ ရွှေဘိုကုန်ဖရင့်ကို ဦးချစ်လှိုင်နဲ့ ဦးပု၊ ရင်မဆိုင်ရဲတဲ့ကိစ္စဟာ ဒါ့ကြောင့်ကိုးလို့ ပြည်သူတို့ ရှင်းလင်းသဘောပေါက်ကြပါတယ်။

ဦးချစ်လှိုင်ရဲ့ တောင်ငူ ကွန်ဖရင့်နဲ့ပတ်သက်ပြီးတော့လဲ အရှုပ်အထွေး မပေါ်စေဘို့ ဘေးမဲ့ဆရာတော်ဘုရားကြီးက အောက်ပါအမိန့်တော်ကို ထုတ်ပြန်ပါသေးတယ်။ ဘေးမဲ့ဆရာတော်ဘုရားကြီး ကြီးမှူးသော မြန်မာပြည် သမ္မာသမ္ဗုဒ္ဓ သာသနာတော်လုံးဆိုင်ရာ သံဃာ့အဖွဲ့ချုပ်ကြီး အမိန့်တော်

၁၂၈၇ ခုနှစ် သီတင်းကျွတ်လဆုတ် ၅ ရက်နေ့၌ ရန်ကုန်မြို့၌ကျင်းပခဲ့သော နိုင်ငံလုံးဆိုင်ရာ သံဃာအစည်းအဝေးကြီး ဆုံးဖြတ်ချက်နံပတ် ၇ အရ၊ သတိပေးနှိုးဆော်လိုက်သည်။

၁၂၈၇ခု သီတင်းကျွတ်လဆုတ် ၅ ရက်နေ့ တောင်ငူမြို့၌စည်းဝေးကျင်းပမည်ဖြစ်သော မောင်ချစ်လှိုင် လူတစုတို့၏ အစည်းအဝေးသည် သပိတ်မှောက်ပြီး ဒိုင်အာခီကို တဖန်ပြန်၍ သပိတ်လှန်ပြီးလျှင် ပြည်သူတို့ကိုနစ်နာစေတတ်သော ဒိုင်အာခီ တိုးတက်ခိုင်မြဲအောင် ထိုဒိုင်အာခီ စစ်ကွင်းသို့ အမျိုးသားတို့ကိုဆွဲသွင်းရန်နှင့် မိမိတို့လည်း ဒိုင်အာခီမင်းတိုင်ပင်အမတ် ပြုလုပ်ရန်အတွက် စည်းဝေးသော အစည်းအဝေးဖြစ်လေသည်။

၎င်းတို့ဘိတ်စာတွင် ဒိုင်အာခီ ကောင်စီကိုဖျက်သိမ်းရန်ဟု ပါရှိသော စကားမှာလည်း ဖျက်သိမ်းရန်မဟုတ်၊ ပြည်သူတို့ နားယောင်အောင် နားလှည့်သောစကားမျှသာ ဖြစ်ချေသည်။

ထို့ဖြစ်၍ ဒိုင်အာခီသမား မောင်ချစ်လှိုင်တို့လူစု၏ တောင်ငူမြို့အစည်းအဝေးသို့ ဒိုင်အာခီ သမားမဖြစ်ကြရအောင် မည်သည့်ရဟန်း

ရှင်လူမျှ အားပေးအားရောက် ကြည့်ရှုခြင်းမပြုကြရန် ဆုံးဖြတ်ချက်အရ ၀တ္တရားအတိုင်း ကရုဏာရှေ့ထား၍ သတိပေးလိုက်သည်၊ ရဟန်းရှင်လူ ပြည်သူပြည်သား အပေါင်းတို့။

ရေ၀တာလက်ာရ မဟာဓမ္မရာဇာဓိရာဇဂုရု
တံဆိပ်တော်ဘွဲ့ခံ ဥက္ကဋ္ဌ ဘေးမဲ့ဆရာတော်ဘုရားကြီး
အမိန့်အရ
ရှင်ပညာသာမိ
အကျိုးဆောင်ချုပ်ဆရာတော်

မြန်မာပြည် သမ္မာသမ္ဗုဒ္ဓ သာသနာတော်လုံးဆိုင်ရာ သံဃာအဖွဲ့ချုပ်ကြီး
၀ံသာနုမြန်မာသတင်းစာ ၁၂၈၈ခု ကဆုန်လဆုတ် ၇ရက်
(၁၉၂၆ မေလ ၂ရက်)

မြန်မာပြည် သမ္မာသမ္ဗုဒ္ဓ သာသနာလုံးဆိုင်ရာ မဟာသံဃာသာမဂ္ဂီ အဖွဲ့ချုပ်ကြီး ဥက္ကဋ္ဌ ဘေးမဲ့ဆရာတော်ဘုရားကြီး အမိန့်တော်။ ဆရာတော် အမိန့်ရှိသည်။

မြန်မာနိုင်ငံအတွင်းရှိ သံဃာ့သာမဂ္ဂီ၀င် ဆရာတော် သံဃာတော်များနှင့် ၀ံသာနုရက္ခိတအသင်းသူ အသင်းသား အပေါင်းတို့။

ကေဒသမမြောက် ပေါင်းတည် ကွန်ဖရင့်ကြီး ဆုံးဖြတ်ချက် နံပတ် ၁၁၊ ၁၇ ဂျီ၊စီ၊ဘီ၊အေ မြန်မာအသင်းချုပ်ကြီးကို သာသနာလုံးဆိုင်ရာ သံဃာ့အဖွဲ့ချုပ်ကြီးက ဥပဒေစည်းကမ်း၊ တရားနည်းလမ်းဖြင့် ကောင်းအောင်ပြုပြင်အုပ်ချုပ်ခဲ့ရာ ငွေရေးကြေးရေးမှအစပြု၍ မလိုက်နာ ခြင်းဆံခုခံသော သမတ၊ဥက္ကဋ္ဌ၊စက္ကရီတေရီများကို သံဃာ့အဖွဲ့ချုပ်ကြီးက ဆက်လက်၍ မယုံကြည်နိုင်ကြောင်း အမိန့်ထုတ်ပြန်ကြေငြာခဲ့၍ နည်းလမ်း အရ ဒွါဒသမမြောက် ရွှေဘိုကွန်ဖရင့်ကြီးတွင် ပြည်သူ တင်မြှောက်သော သမတအဖွဲ့ကိုသာ သံဃာ့အဖွဲ့ချုပ်ကြီးက အသိအမှတ်ပြု၍ ဂျီ-စီ-ဘီ-အေ မြန်မာ အသင်းချုပ်ကြီးကို တရားသဖြင့် အုပ်ချုပ်စီမံ စောင့်ရှောက်၍ သာသနာတော် အကျိုးစီးပွား၊ သတ္တလောကကြီး၏ အကျိုးစီးပွားကို ဗဟိုအမှုဆောင် ဆရာတော်ကြီးများက ကြိုးစားအားထုတ် ဆောင်ရွက်

လျက်ရှိသည့်တွင် မောင်ချစ်လှိုင်စသော လူတစုက ဘေးမဲ့ဆရာတော်ကြီး အမှူးရှိသော သံဃာ့အဖွဲ့ချုပ်ကြီးနှင့် မကွဲပါ။ သံဃာ့အဖွဲ့ချုပ်ကြီး ဩဝါဒကိုလိုက်နာပါသည်ဟု အရင်းအမြစ်အကြောင်းခြင်းရာကို သေချာ ဂနမသိကြသော အချို့သံဃာများနှင့် ဝံသာနု အသင်းသူအသင်းသား အချို့တို့ကို လှည့်လည်ပြောကြား ဖြားယောင်းသွေးဆောင် ရှိနေသည် သာမကပျဉ်းမနား သံဃာ့ကွန်ဖရင့်ကြီး၌ သံဃာ့မျက်မှောက် ရှင်းလင်း ကျေနပ်ပြီးသော ဗဟိုအမှုဆောင်ဆရာတော်ကြီးများကိုပင် ပါပိစ္ဆကလူစာ ပကတရှေ့သွားရောက် မတရားစွပ်စွဲပြောဆို ပုတ်ခတ်လျက်ရှိနေကြောင်း များကို ကြားသိတော်မူ၍ ၎င်းတို့သို့ ယောင်မှားလိုက်ပါမရှိစေဘဲ ခိုင်မြဲ တည်တံ့သော သဒ္ဓါစိတ်ဖြင့် သာသနာလုံးဆိုင်ရာ ရွှေဘိုကွန်ဖရင့်ကြီး ပြဋ္ဌာန်းဆုံးဖြတ်ချက်အရ ဆရာတော် ယုံကြည်ခန့်ထားသော ဗဟိုအမှု ဆောင် စီရင်စုတာဝန်ခံဆရာတော်ကြီးများ တရားသဖြင့် စီမံဆောင် ရွက်ရာကိုသာ လိုက်နာကြိုးစား အားထုတ်ကြစေလိုကြောင်း အမိန့်တော် ရှိသည်။

၁။ ရေဝတာဘိ ကဝိဓဇမဟာဓမ္မရာဇဂုရု၊

၂။ ရေဝတာလင်္ကာရ သာသနဝံသ မဟာဓမ္မရာဇာဓိရာဇဂုရု
ဘေးမဲ့ဆရာတော်

(၁၂၈၈-ခု၊ ကဆုန်လဆုတ် ၈ ရက် ဝံသာနုမြန်မာသတင်းစာ)
( ၁၉၂၆ မေ ၂ရက် )

မြန်မာနိုင်ငံလုံးဆိုင်ရာ သာသနာပြုနာယကဆရာတော်ကြီးများ
အမိန့်နိုးဆော်စာ

အထူးတိုက်တွန်းလိုက်သည်။ မြန်မာနိုင်ငံအတွင်းရှိ သံဃာ့သာမဂ္ဂီ ဆရာတော်သံဃာတော်များနှင့် ဝံသာနုရက္ခိတအသင်းသူ အသင်းသား အပေါင်းအသင်းလူကြီးအပေါင်းတို့။

သာသနာတော်လုံးဆိုင်ရာ သံဃာ့အဖွဲ့ချုပ်ကြီးက သာသနာ တော်နှင့်တကွ ဗုဒ္ဓဘာသာလူမျိုးများ တရားသဖြင့် တည်တံ့ကြီးပွား ချမ်းသာကြရန် စီမံဆောင်ရွက်ဆဲတွင်

မောင်ချစ်လှိုင်စသော လူတစုက သံဃာ့အဖွဲ့ချုပ်ကြီး ဩဝါဒကို မနာယူခြင်းဆံ ကျူးလွန်ရုံမျှမက သံဃာ့သာမဂ္ဂီအဖွဲ့ ဝံသာနုရက္ခိတ အသင်းများ ယောင်မှားပျက်ပြားအောင် အတုအပြိုင် အစည်းအဝေး ခေါ်ခြင်း၊ ဖြားယောင်းသွေးဆောင် ပြုလုပ်ခြင်းများကို ကြားသိတော်မူ သောကြောင့် သံဃာ့အဖွဲ့ချုပ်ကြီးဥက္ကဋ္ဌ ဘေးမဲ့ဆရာတော်ဘုရားကြီးက

၁၂၈၇ ခု၊ သီတင်းကျွတ်လ တောင်ငူမြို့ မောင်ချစ်လှိုင်တို့ ဒိုင်အာခီ အားပေး အစည်းအဝေးသို့မသွားကြရန် အမိန့်ထုတ်ပြန်ခဲ့သည့် အပြင်တောင်တွင်းကြီးမြို့နယ်တွင် မောင်ချစ်လှိုင်က ပရိယာယ်အမျိုးမျိုး ဖြင့်လှည့်ပတ်ဖြားယောင်းလျက်ရှိကြောင်းနှင့် အချို့ဗဟိုဆရာတော်များ ကိုမသမာသူများက မတရားကြော်ငြာဖြန့် ဝေပြောဆိုရှိကြောင်းများကို လာရောက်လျှောက်ထား ကြားသိတော်မူ၍ ၎င်းတို့သို့ မယောင်မှား မလိုက်ပါဘဲ ဗဟိုအမူဆောင် ဆရာတော်များ တရားသဖြင့် စီမံဆောင် ရွက်ရာကိုသာလိုက်နာကြရန် ၁၂၈၇ ခု တပေါင်းလကလည်း အမိန့် ထုတ်ပြန်ခဲ့လေပြီ။

ငွေရေးကြေးရေးနှင့်ပတ်သက်၍ ပျဉ်းမနားမြို့ သာသနာလုံးဆိုင်ရာ အထူး သံဃာ့ကွန်ဖရင့်ကြီးတွင် ရှင်းလင်းကျေနပ်ပြီး ဖြစ်သော်လည်း မတရား ကြော်ငြာစာများ တကြိမ်နှင့်တကြိမ်မတူ အကြိမ်ကြိမ်ကဲ့ရဲ့ ကြော်ငြာဖြန့်ဝေကြသည့်အတွက် မိတ္ထီလာသံဃာ့ကွန်ဖရင့်ကြီး၌ ရှင်း လင်းပြောဆိုကြရာ တောင်ငူစီရင်စု၊ သောင်းတိုင်ကုန်း ဘုန်းကြီးနှင့် မန္တလေးမြို့ အညမညသံဃာ့အဖွဲ့များမှာ အခြေအမြစ်မရှိ ဝိနည်းအင်္ဂါနှင့် မဆိုင်၊ အပြစ်မဲ့အပြစ်ရှာပြောဆို ကြော်ငြာသူများဖြစ်ကြောင်း။

ဂျီ-စီ-ဘီ-အေ ငွေများကို မတရားသုံးဖြုန်းသည့်အပြင် ဝန်ရေ ကာတာကျိုးပေါက်စဉ်အခါကရေဘေးအတွက် အသက်မသေ ကြွင်းကျန် ဆင်းရဲငတ်မွတ်သူများသို့ ပြည်သူတို့က ပို့လှူကြသောငွေများတွင် အချို့ ဒုက္ခိတများသို့ လုံးလုံးမပေးဘဲ အငတ်ထား၍ ထောင်သောင်းမကသော ငွေများကို မသနားမငဲ့ကွက် ရက်ရက်စက်စက် စားသုံးကြသူများမှာ ဘယ်အခါမျှ ယုံကြည်အားထားရန်မရှိချေ။ စေ့စေ့စဉ်းစား သင့်ချေ သည်။

လျက်ရှိသည့်တွင် မောင်ချစ်လှိုင်စသော လူတစုက ဘေးမဲ့ဆရာတော်ကြီး အမှူးရှိသော သံဃာ့အဖွဲ့ချုပ်ကြီးနှင့် မကွဲပါ။ သံဃာ့အဖွဲ့ချုပ်ကြီး ဩဝါဒကိုလိုက်နာပါသည်ဟု အရင်းအမြစ်အကြောင်းခြင်းရာကို သေချာ ဂနမသိကြသော အချို့သံဃာများနှင့် ဝိသာနှ အသင်းသူအသင်းသား အချို့တို့ကို လှည့်လည်ပြောကြား ဖြားယောင်းသွေးဆောင် ရှိနေသည် သာမကပျဉ်းမနား သံဃာ့ကွန်ဖရင့်ကြီး၌ သံဃာ့မျက်မှောက် ရှင်းလင်း ကျေနပ်ပြီးသော ဗဟိုအမှုဆောင်ဆရာတော်ကြီးများကိုပင် ပါပိစ္ဆတ္ထ ပကတရှေ့သွားရောက် မတရားစွပ်စွဲပြောဆို ပုတ်ခတ်လျက်ရှိနေကြောင်း များကို ကြားသိတော်မူ၍ ၎င်းတို့သို့ ယောင်မှားလိုက်ပါမရှိစေဘဲ ခိုင်မြဲ တည်တံ့သော သဒ္ဓါစိတ်ဖြင့် သာသနာလုံးဆိုင်ရာ ရွှေဘိုကွန်ဖရင့်ကြီး ပြဋ္ဌာန်းဆုံးဖြတ်ချက်အရ ဆရာတော် ယုံကြည်ခန့်ထားသော ဗဟိုအမှု ဆောင် စီရင်စုတာဝန်ခံဆရာတော်ကြီးများ တရားသဖြင့် စီမံဆောင် ရွက်ရာကိုသာ လိုက်နာကြိုးစား အားထုတ်ကြစေလိုကြောင်း အမိန့်တော် ရှိသည်။

၁။ ရေဝတာဘိ ကဝိဓဇမဟာဓမ္မရာဇဂုရု၊

၂။ ရေဝတာလင်္ကာရ သာသနဝံသ မဟာဓမ္မရာဇာဓိရာဇဂုရု ဘေးမဲ့ဆရာတော်

(၁၂၈၈-ခု၊ ကဆုန်လဆုတ် ၈ ရက် ဝိသာနှမြန်မာသတင်းစာ)
(၁၉၂၆ မေ ၂ရက်)

မြန်မာနိုင်ငံလုံးဆိုင်ရာ သာသနာပြု နာယကဆရာတော်ကြီးများ အမိန့်နိုးဆော်စာ

အထူးတိုက်တွန်းလိုက်သည်။ မြန်မာနိုင်ငံအတွင်းရှိ သံဃာ့သာမဂ္ဂီ ဆရာတော် သံဃာတော်များနှင့် ဝိသာနုရက္ခိတအသင်းသူ အသင်းသား အပေါင်းအသင်းလူကြီးအပေါင်းတို့။

သာသနာတော်လုံးဆိုင်ရာ သံဃာ့အဖွဲ့ချုပ်ကြီးက သာသနာ တော်နှင့်တကွ ဗုဒ္ဓဘာသာလူမျိုးများ တရားသဖြင့် တည်တံ့ကြီးပွား ချမ်းသာကြရန် စီမံဆောင်ရွက်ဆဲတွင်

မောင်ချစ်လှိုင်စသော လူတစုက သံဃာ့အဖွဲ့ချုပ်ကြီး ဩဝါဒကို မနာယူခြင်းဆံ ကျူးလွန်ရုံမျှမက သံဃာ့သာမဂ္ဂီအဖွဲ့ ဝံသာနုရက္ခိတ အသင်းများ ယောင်မှားပျက်ပြားအောင် အတုအပြိုင် အစည်းအဝေး ခေါ်ခြင်း၊ ဖြားယောင်းသွေးဆောင် ပြုလုပ်ခြင်းများကို ကြားသိတော်မူ သောကြောင့် သံဃာ့အဖွဲ့ချုပ်ကြီးဥက္ကဋ္ဌ ဘေးမဲ့ဆရာတော်ဘုရားကြီးက

၁၂၈၇ ခု၊ သီတင်းကျွတ်လ တောင်ငူမြို့ မောင်ချစ်လှိုင်တို့ ဒိုင်အာခီ အားပေး အစည်းအဝေးသို့မသွားကြရန် အမိန့်ထုတ်ပြန်ခဲ့သည့် အပြင်တောင်တွင်းကြီးမြို့နယ်တွင် မောင်ချစ်လှိုင်က ပရိယာယ်အမျိုးမျိုး ဖြင့်လှည့်ပတ်ဖြားယောင်းလျက်ရှိကြောင်းနှင့် အချို့ဗဟိုဆရာတော်များ ကိုမသမာသူများက မတရားကြော်ငြာဖြန့် ဝေပြောဆိုရှိကြောင်းများကို လာရောက်လျှောက်ထား ကြားသိတော်မူ၍ ၎င်းတို့သို့ မယောင်မှား မလိုက်ပါဘဲ ဗဟိုအမှုဆောင် ဆရာတော်များ တရားသဖြင့် စီမံဆောင် ရွက်ရာကိုသာလိုက်နာကြရန် ၁၂၈၇ ခု တပေါင်းလကလည်း အမိန့် ထုတ်ပြန်ခဲ့လေပြီ။

ငွေရေးကြေးရေးနှင့်ပတ်သက်၍ ပျဉ်းမနားမြို့ သာသနာလုံးဆိုင်ရာ အထူး သံဃာ့ကွန်ဖရင့်ကြီးတွင် ရှင်းလင်းကျေနပ်ပြီး ဖြစ်သော်လည်း မတရား ကြော်ငြာစာများ တကြိမ်နှင့်တကြိမ်မတူ အကြိမ်ကြိမ်ကဲ့ရဲ့ ကြော်ငြာဖြန့်ဝေကြသည့်အတွက် မိတ္ထီလာသံဃာ့ကွန်ဖရင့်ကြီး၌ ရှင်း လင်းပြောဆိုကြရာ တောင်ငူစီရင်စု၊ သောင်းတိုင်ကုန်း ဘုန်းကြီးနှင့် မန္တလေးမြို့ အညမညသံဃာ့အဖွဲ့များမှာ အခြေအမြစ်မရှိ ဝိနည်းအင်္ဂါနှင့် မဆိုင်၊ အပြစ်မဲ့အပြစ်ရှာပြောဆို ကြော်ငြာသူများဖြစ်ကြောင်း။

ဂျီ-စီ-ဘီ-အေ ငွေများကို မတရားသုံးဖြုန်းသည့်အပြင် ဝန်ရေ ကာတာကျိုးပေါက်စဉ်အခါကရေဘေးအတွက် အသက်မသေ ကြွင်းကျန် ဆင်းရဲငတ်မွတ်သူများသို့ ပြည်သူတို့က ပို့လှူကြသောငွေများတွင် အချို့ ဒုက္ခိတများသို့ လုံးလုံးမပေးဘဲ အငတ်ထား၍ ထောင်သောင်းမကသော ငွေများကို မသနားမငဲ့ကွက် ရက်ရက်စက်စက် စားသုံးကြသူများမှာ ဘယ်အခါမျှ ယုံကြည်အားထားရန်မရှိချေ။ စေ့စေ့စဉ်းစား သင့်ချေ သည်။

အထူးကြီးကျယ်အံ့ဘွယ်ရှိသော မိတ္ထီလာမြို့ ပဉ္စမသံဃာ့ကွန်ဖရင့်ကြီးနှင့် တေရသမဝံသာနုကွန်ဖရင့်ကြီးတွင် အသက်တော် ရှစ်ဆယ်ကျော်၊ ခုနစ်ဆယ်ကျော် ဆရာတော်ကြီးများနှင့် သံဃာ့အဖွဲ့ ကိုယ်စားလှယ်အများ၊ ဝံသာနုအသင်းကိုယ်စားလှယ် ခေါင်းဆောင် လူကြီးအများ တက်၍ တရားသဖြင့် ထုတ်ဖော်ပြောဆို စီမံဆောင်ရွက် ဆုံးဖြတ်ချက်များကို အားရယုံကြည်ကြသဖြင့် တရှိန်တည်း စည်းလုံးညီညာအားပြည့်လာပြီဖြစ်၍ သာသနာလုံးဆိုင်ရာ သံဃာ့အဖွဲ့ချုပ်ကြီးက တည်တံ့ကြီးပွားချမ်းသာကြရန် စီမံဆောင်ရွက်သာအောင် မပါဝင်သေးသူ ဆုတ်နစ်သူများပါ တရားသဖြင့်သိမ်းသွင်း၍ သံဃာ့သာမဂ္ဂီအဖွဲ့ငယ်၊အဖွဲ့ကြီး၊ အဖွဲ့ချုပ်ကြီးများနှင့် ဝံသာနုရက္ခိတအသင်းငယ် အသင်းချုပ်ကြီးများ ဖွဲ့စည်းဆက်သွယ်ကြပြီးလျှင်—

ရွှေဘိုသံဃာ့ကွန်ဖရင့်ကြီး၊ မိတ္ထီလာ သံဃာ့ ကွန်ဖရင့်ကြီးတို့ ဆုံးဖြတ်ချက်များအရ စီရင်စုတိုင်းက သံဃာ့အဖွဲ့ချုပ် ဥက္ကဋ္ဌဆရာတော်ကိုဖြစ်စေ၊ အများသဘောတူရာ ဆရာတော်တပါးကိုဖြစ်စေ ဗဟိုအမှူးဆောင် ဆရာတော်တပါးစီ ရွေးကောက်တင်သွင်း၍ ဘေးမဲ့ဆရာတော်ဘုရားကြီး အမိန့်တော်နှင့် ဗဟိုအဖွဲ့က ပြဋ္ဌာန်းချက် သံဃာ့ကွန်ဖရင့်ကြီးတို့ ပြဋ္ဌာန်းချက်များအရ သာသနာတော်နှင့်တကွ ဗုဒ္ဓဘာသာလူမျိုးတို့ တည်တံ့ကြီးပွားရေး၊ စီးပွားရေးများကို တရားသဖြင့် ကြိုးစားအားထုတ် ဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်း နှိုးဆော်လိုက်သည် သံဃာ့သာမဂ္ဂီ ဝံသာနုရက္ခိတ ရဟန်းရှင်လူ တိုင်းပြည်သူ အပေါင်း သူတော်ကောင်းတို့။

ဉာဏာဘိလင်္ကာရ ကဝိဓဇ မဟာဓမ္မရာဇဂုရု၊
ဉာဏာဘိဓဇ သိရိပဝရ မဟာရာဇာဓိရာဇဂုရု သက်ပန်းဆရာတော်၊
ဗဟိုအဖွဲ့
နိုင်ငံလုံးဆိုင်ရာ သာသနာပြုနာယကဆရာတော်ကြီးများ၊

၁၂၈၈ ခု ကဆုန်လဆုတ် ၇ ရက်၊ ဝံသာနုမြန်မာသတင်းစာ၊
(၁၉၂၆ မေ ၂ ရက်)

ဂျီ၊စီ၊ဘီ၊အေ ၂၂ ခု စင်ပြိုင်လိုဖြစ်နေတော့ ရဟန်းတော်တချို့နဲ့ လူပုဂ္ဂိုလ်တချို့က ဦးချစ်လှိုင်ကို ပြန်ခေါ်ပါလို့ ပြောလာ ဟောလာ ရေးလာ သွားလာ ကြပါတယ်။

ဒီအခါမှာ ဦးဝိဇယ ကိုယ်တော်က ပြန်ကြားချက်တရပ် ထုတ်ပြန်ပါတယ်။

ဦးချစ်လှိုင်ဟာ တကြိမ်တခါက တိုင်းပြည်အတွက် အများကြီး အနစ်အနာခံပြီး ဆောင်ရွက်ခဲ့တယ်။ ဒါ့ကြောင့် တချို့ကလည်း ရိုးရိုးသားသားဘဲ ဦးချစ်လှိုင်အပေါ် သံယောဇဉ်မကုန်ကြဘူး၊ တချို့ကတော့ ကွဲကြပြဲကြတာထက် စည်းလုံးမိယင် မကောင်းလားဆိုတဲ့ အမြင်နဲ့ ဦးချစ်လှိုင်နဲ့ ပြန်ပေါင်းလို့ရယင် ပေါင်းစေချင်တဲ့ သဘောရှိကြပုံရတယ်။ အဲဒီတော့ ဆရာတော်က ဦးချစ်လှိုင်ရဲ့ အကြောင်းတွေကို ဖွင့်မချချင်ဘဲနဲ့ ဖွင့်ချရပါတော့တယ်။

ဆောင်းပါးသတင်း

ကိုချစ်လှိုင် ဩဝါဒခံလိုသော သံဃာတော်များ
သတိပြုရန်

တပည့်တော်သည် ယခုနယ်သို့ လှည့်လည်ရာ အချို့သံဃာတော်များက ကိုချစ်လှိုင်ကိုပြန်ခေါ်ဘို့၊ ပူးပေါင်းဘို့မိန့်တော်မူကြ၏၊ ထိုအရှင်တို့ သတိပြုစေလိုသည်မှာ နိုင်ငံလုံးဆိုင်ရာ သံဃအဖွဲ့ချုပ်ကြီးကွန်ဖရင့်ဆုံးဖြတ်ချက်ကို မလိုက်နာသမျှ မဖြစ်နိုင်ကြောင်းကို သတိပြုစေလိုပါသည်။ ထိုအရေးကို အမှုဆောင် ဆရာတော်များနှင့်လည်း မပြီးနိုင်ပါ၊ သံဃာ့ကွန်ဖရင့်နှင့်သာဆိုင်ပေသည်။ ကိုချစ်လှိုင်က သံဃအဖွဲ့ချုပ်ကြီး ဆုံးဖြတ်ချက်များကို ကိုစိုးသိမ်း၊ ကိုထွန်းလှတို့ကဲ့သို့ လိုက်နာမည်ဟု ဗဟိုအမှုဆောင်များထံစာတင်သွင်း၍ ထိုဆရာတော်များကသံဃကွန်ဖရင့်၊ လူဘို့ကွန်ဖရင့်အစည်းအဝေးသို့တင်သွင်းပါလျှင် ထိုကွန်ဖရင့်များက ကျေနပ်မှုချက်ချင်းညီညွှတ်မည် ဧကန်သာတည်း။ ကိုချစ်လှိုင်မှာ ယခုအခါ သံဃအဖွဲ့ချုပ်ကြီး ဆုံးဖြတ်ချက်များကို လိုက်နာရန် စိတ်အနည်းငယ်မျှမရှိ၊ ၎င်းဒါယကာ ကိုချစ်လှိုင်၏ ယခုရှိနေသောစိတ်မှာ ဆက်ကြေး ဟူသော

လက်ဝါးကြီးအုပ်၍ ရေးကကဲ့သို့စားသောက်ဖို့ တခုတည်းသာ စိတ်အာရုံထားလေသည်။ ရေလွှမ်းမိုး၍အစာအာဟာရ ပြတ်နေသော ဒုက္ခိတတို့၏ ပါးစပ်ထဲမှ ငွေကိုပင်ရက်ရက်စက်စက်နှိုက်၍စားဝံ့သည့်အတွက် ထိုစိတ်မျိုးကိုမဖျောက်သမျှ ထိုကိုချစ်လှိုင်ကို များစွာကြောက်မက်ဖွယ် ကောင်းပါသည်။ ထိုစိတ်ကို မဖျောက်နိုင်သေးသည့်အတွက် သံဃကွန်ဖရင့်ဆုံးဖြတ်ချက်များကို မလိုက်နိုင်သေးဖြစ်၏။ ဖျောက်နိုင်မှ လိုက်နာလိမ့်မည်။ ထိုကိုချစ်လှိုင်၏ နောက်လိုက် ကိုချစ်လှိုင်၏ လက်အောက်ခံ ကိုယ်တော်များကသာ ကိုချစ်လှိုင်ခိုးချောင်ခိုးဝှက်စိတ်ကိုသာနိုင်နင်းအောင် ဆုံးမတော်မူကြပါ။ တပည့်တော်သည် သံဃကွန်ဖရင့်ဆုံးဖြတ်ချက်ကို မလိုက်နာသေးသမျှ ထိုကိုချစ်လှိုင်ကို တပည့်တော်က ဂုဏ်တင်၍ မဟောနိုင်။ လွန်ခဲ့သော နှစ်များက အလိမ်ခံခဲ့ရသည့်အတွက် ရှက်လှသဖြင့်လည်း ရောက်ရာ ရောက်ရာ၌ပင် ကိုချစ်လှိုင်အကြောင်း မမေးဘဲမဟောမပြောခဲ့ပါ။ ကိုယ့်လုပ်ငန်းကိုယ်သာ တွင်ကျယ်အောင် ဆောင်ရွက်ခဲ့ပါသည်။ ယခု ဤကဲ့သို့ သီးရင့်စွာရေးရသည်မှာလည်း ကိုချစ်လှိုင်ကမိမိကိုယ်ကို သူတော်ကောင်းယောင်ထင်မှတ်စေ၍ ဟောပြောနေပြန်သည့်အပြင်ကြမ်းပိုးကိုလိပ်ဖြစ်အောင်ဟောပြော၊ ရွှေ့နေ ဝတ်လုံတို့၏ စကားကို ဆရာတော်ဘုရားကြီးများ စကားထက်မှန်ကန်သယောင် ထင်မှတ်နေကြသော ဗုဒ္ဓဘာသာဝါးမဝသေးသည့် ရဟန်းတော်အချို့နှင့် လူဒါယကာအချို့တို့အတွက် ထပ်မံ၍ ရေးသားလိုက်ရခြင်းဖြစ်ပါသည် ကိုချစ်လှိုင်ဩဝါဒခံကိုယ်တော်အနည်းငယ်တို့။

ဦးဝိဇယ
ဂျီ-စီ-ဘီ-အေ ရုံးအုပ်ဟောင်း

၁၂၈၇-ခု၊ တပေါင်းလဆုတ် ၁၄ ရက်၊( ၁၁-၃-၂၆)
ဝံသာနုမြန်မာသတင်းစာမှ။

ဦးဝိဇယရဲ့ ထုတ်ပြန်ချက်နဲ့ မရှေးမနှောင်းမှာဘဲ ဦးချစ်လှိုင်ရဲ့ ဆရာရင်းဖြစ်တဲ့ ကတိုးရွာပိဋကတ်တိုက်ကျောင်းဆရာတော်နဲ့ မော်လမြိုင်မိုးကောင်းကျောင်းတိုက် ဆရာတော်က အောက်ပါကြေငြာချက်တစောင် ထုတ်ပြန်ပါတယ်။

“ဝံသာနုများကို ဖျက်ဆီးသော သူပုန်တို့အကြောင်း

(၁) “ပေါင်းတည်မြို့၌ ၁၁ ကြိမ်မြောက်ကျင်းပသော ကွန်ဖရင့်ကြီး၏ ဆုံးဖြတ်ချက်နံပတ် ၁၁ တွင် ဝိနည်းတော်နှင့် မဆန့်ကျင်သော အရာဌာန ဟူသမျှအတွက် သံဃာအဖွဲ့ချုပ်ကြီးက ဂျီ· စီ· ဘီ- အေ ကြီးကို အုပ်ချုပ်ရန် ဆုံးဖြတ်ချက်ကို မောင်ချစ်လှိုင် ကိုယ်တိုင်က ဘားမဲ့ဆရာတော်ကြီး ကြီးမှူးအုပ်ချုပ်သော သံဃာတော် ၈၇,၀၀၀ ကျော်ရှိ သမ္မာသမ္ဗုဒ္ဓ သာသနာတော်လုံးဆိုင်ရာ သံဃာအဖွဲ့ချုပ်ကြီး၏ ဥပဒေ စည်းကမ်း တရားနည်းလမ်းများကို မနာခံနိုင်ကြောင်း ငြင်းပယ်လိုက်ပြီ ဖြစ်ကြောင်း။

(၂) “သရက်မြို့ ၁၀ ကြိမ်မြောက်ကျင်းပသော ကွန်ဖရင့်ဆုံးဖြတ်ချက် နံပတ်၁၀၊ ပေါင်းတည်မြို့၌ ၁၁ ကြိမ်မြောက်ကျင်းပသော ကွန်ဖရင့် ဆုံးဖြတ်ချက် နံပတ် ၃၁၈၊ ဒိုင်အာခီကောင်စီ ဝင်ရောက် လက်ခံခြင်း၊ မဲဆန္ဒပေးခြင်း၊ ၎င်း၏အကိုင်းအခက်ဖြစ်သော စီရင်စုဆာကယ်ဘုတ်ခေါ် တိုက်နယ် ကျေးလက် ကော်မီတီ စသည်တို့ကို ဝံသာနုအသင်းချုပ်ကြီးနှင့် တကွ ဝံသာနုအသင်းသားတို့ပါ လုံးလုံးလျားလျား ရှောင်ကြဉ် ကြရန် သပိတ်မှောက် ဆုံးဖြတ်ချက်ကိုမနာယူမူ၍ ပြည်သူတို့နှင့် ဖီလာဆန့်ကျင်သော ဒိုင်အာခီကောင်စီကို ဝင်ရောက်လက်ခံရန် မောင်ချစ်လှိုင် ကိုယ်တိုင် သဘောတူ တောင်ငူအစည်းအဝေးတွင် သရာဇ ဟုမှုရှုးပါတီအမည်နှင့် မိမိအုပ်ချုပ်သော အသင်း ဖွဲ့စည်း ပေးသဖြင့် ၎င်းအဖွဲ့ဝင် တို့က မောင်ချစ်လှိုင်နှင့် မောင်ချစ်လှိုင် ယခုလက်သစ် ဂျီ·စီ·ဘီ·အေသြဇာခံဖြစ်ကြောင်း မင်းတိုင်ပင် ရွေးကောက်ခံသူတို့၏ကြော်ငြာ၊ ၎င်းတို့၏ စာပေးစာယူ ပြုသောအခါ ထင်ရှားစွာ ဖော်ပြထားလေသည်။

(၃)။ “တောင်ငူ အစည်းအဝေးတွင် ၂၁ ဦးကို မဲဆန္ဒပေးက အဆိပ်ပင်ရေလောင်းသည်နှင့်တူ၏၊ သရာဇ ဟုမှုရှုးပါတီကိုသာ မဲဆန္ဒပေးသင့်ကြောင်း မောင်ချစ်လှိုင်ကိုယ်တိုင် ဟောပြောခဲ့လေသည်။

(၄)။ “မောင်ချစ်လှိုင်သည် ၅၀၁၀ ဝိ စား လုပ်လိုငြားသော်လည်း ဒိုင်အာခီ ရွေးကောက်မည့်အခါက တစုံတရာ ရာဇဝတ်မှုဖြစ်၍ ၎င်းအမှုမပြီးပြတ်နိုင်သဖြင့် မဝင်ရလျက် ကြန့်ကြာ၍နေရှာလေသည်။

(၅)။ "မြန်မာပြည်လုံးဆိုင်ရာ ဝံသာနုအသင်းချုပ်ကြီးသို့ ဆက်သွယ်ကြေးငွေများ ၅၀,၀၀၀ိကျော် ၆၀,၀၀၀ိ ခန့် မောင်ချစ်လှိုင် စားသုံးကုန်ကြောင်း။

(၆)။ "ကျိုက္ခမိစိရင်စု မော်လမြိုင်မြို့အနီး အထရံမြစ် ရေကြီးသဖြင့် ဆင်းရဲဒုက္ခရောက်သူတို့ကိုထောက်ပံ့ရန် အများပြည်သူတို့ လှူဒါန်းသော ငွေပေါင်း ၁၅,၀၀၀ိ ကို မောင်ချစ်လှိုင်ကိုယ်တိုင် လက်ခံ၍ ရေဘေးဖြင့်ဒုက္ခရောက်သူတို့အား မပေးမူ၍ မိမိသုံးစား၍ထားလေသည်။

(၇)။ "သွားလေသူ ၂၁ဦးတို့သည် ဒိုင်အာခီကို လက်ခံရန် တိတ်တဆိတ်လက်မှတ်ထိုးလျှင် ဒိုင်အာခီကိုမနှစ်သက်လေဟန် ရန်ကုန်မြို့ အလယ်ဇေတာရ ဆရာတော်ကြီး ကျောင်း၌ ဒက္ခိဏာသာခါ ဘုရားရေကို သောက်ပြီးလျှင်၊ ဂျီ-စီ-ဘီ-အေကြီးကိုအမျိုးမျိုးဖြားယောင်းသွေးဆောင်မရသဖြင့် မိမိတို့တဂိုဏ်းထောင်ပြီးလျှင် ဒိုင်အာခီကိုဝင်သကဲ့သို့ ထိုနည်းတူ မောင်ချစ်လှိုင်က တဂိုဏ်းထောင်၍ ကွန်ဖရင့်အကြိမ်ပေါင်းများစွာ၌ ကျိန်ဆိုခဲ့သော သစ္စာကိုဖျက်သည့်အပြင် ဆုံးဖြတ်ချက်များနှင့် သံဃာတော်များပါပယ်၍ ဒိုင်အာခီဝင်မည့်ဆဲဆဲ မိမိမှာ အမှုအတွက် မဝင်နိုင်သေးသဖြင့် တပည့်များကို ရှေးဦးစွာဝင်စေသည်။

(၈) "ဦးဥတ္တမကြီးမှာ ၂၁ဦးတို့ မင်းတိုင်ပင်အဖွဲ့ဝင်ရန် ကြံစည်သည့်အခါက ထောင်တခါကျရလေသည်။ ယခုလည်း မောင်ချစ်လှိုင်စသော သူတို့ ဒိုင်အာခီကိုဝင်ရန် တပည့်များနှင့် ကြံစည်သောအခါ၌ ဦးဥတ္တမ ထောင်ကျရပြန်လေသည်။ ထိုကဲ့သို့ထောင်ကျရခြင်းသည် ထိုသူများ၏ ပယောဂကြောင့် ဖြစ်လေသည်။ အဘယ့်ကြောင့် ဆိုသော် ဦးဥတ္တမကြီး အပြင်မှာရှိက တိုင်းသူပြည်သားတို့အား ထိုသူများက လှည့်ပတ် ဖြားယောင်းခြင်း မပြုလုပ်နိုင်သောကြောင့် ဖြစ်လေသည်။

(၉) "ယခု မောင်ချစ်လှိုင် ကွန်ဖရင့်လုပ်ခြင်းသည် အခြားကြောင့်မဟုတ်။ ပါလီမန်မှ စုံစမ်းရေးကော်မီတီများ မြန်မာပြည် ဒိုင်အာခီ တည်မတည် စုံစမ်းရန်လာခဲ့လျှင် မိမိတို့လက်သစ် ဂျီ·စီ·ဘီ-အေ ကွန်ဖရင့် လုပ်နိုင်ခြင်းသည် အများပြည်သူတို့က ယုံကြည်အားထားသည့်အနေသို့

ရောက်အောင် ငှင်းကွန်ဖရင့်၌ ရဟန်းရှင်လူ လာရောက်သူ ပရိသတ် အမြေ အတွက်ကိုယူ၍ တပြည်လုံးကိုယ်စားလှယ်များဖြစ်သည်ဟု တရင်းယူ၍ ထိုသူများသည် ဒိုင်အာခီနှစ်သက်သူများဖြစ်ကြောင်းဗော်ဒီဂါဒ်များအား တင်ပြဘို့ရန်ဖြစ်သည်။ ပါလီမန်က အလိုရှိသောအခါ၌ ဗညီး သိမ်းခြင်းဖြင့် ပေးပို့မည်ဖြစ်ကြောင်း ၂၁ဦးသား ဟိုသည် ဝံသာနုမှ ခွဲ ယူလိုက်သောအခါ သူတို့ဘက်မှာသာ တိုင်းသူပြည်သား လိုလားနှစ်သက်သည့်အမြေရောက် အောင် ပဲခူးမြို့တွင် ကွန်ဖရင့်ပြုလုပ်သကဲ့သို့ဖြစ်သည်။

(၁၀) "ဝံသာနု အမည်တပ်၍ ကွန်ဖရင့် လုပ်ငြားသော်လည်း ဝံသာနုမဟုတ်။ အလိုတော်ရိ ဒိုင်အာခီကွန်ဖရင့်ဖြစ်၍ လာမည့်သူတို့ သည် များသောအားဖြင့် ဝံသာနုတို့ရန်သူဖြစ်သော မဲဆန္ဒပေးသူ၊ ကျေးလက် ကော်မီတီဝင်သူ၊ ဆာကယ်ဘုတ်လက်ခံသူ၊ မင်းတိုင်ပင် အမှုထမ်းဖြစ်သူ များဖြစ်၍မျိုးချစ်ဝံသာနုတို့သည်ကွန်ဖရင့်သို့မသွားသင့်ကြောင်း၊အကယ် ၍ သွားခဲ့ပါလျှင် ဒိုင်အာခီကို နှစ်သက်သဘောတူရာကျသည့်အပြင် ထိုသူ များ၏ ဒိုင်အာခီစာရင်းတွင် ပါသွားမည်ကားမလွဲဖြစ်ပေသည်။

ကတိုးရွာ၊ ပိဋကတ်တိုက်ကျောင်းဆရာတော်၊ မိုးကောင်းဆရာတော်၊ ဒိုင်းဝန်ကွင်း၊ မော်လမြိုင်"ဆိုပြီး ဝံသာနုမြန်မာသတင်းစာ ၁၂၈၄-ခု၊ တန်ခူးလဆုတ် ၃ရက်နေ့ထုတ်မှာ ဖော်ပြထားပါတယ်။

## စီးပွားရေးစစ်ပျက်နာ

သူ့ကျွန်ဘဝမှာ စီးပွားရေးအောက်ကျနောက်ကျ သိပ်ဖြစ်နေရတဲ့အမျိုး သားတွေကို လူရာဝင်လာဘို့ဆိုယင် စီးပွားရေး နာလန်ထူအောင်လဲ လုပ် ပေးနိုင်မှ ဖြစ်မယ်လို့ ဝံသာနုခေါင်းဆောင်တွေက စောစောကဘဲမြင်ခဲ့ ပါတယ်။ဒါ့ကြောင့် သရက်မြို့မှာ (၉၊၁၁၊၂၂) ကကျင်းပတဲ့ ၁၀ကြိမ် မြောက် ဂျီ-စီ-ဘီ-အေ ကွန်ဖရင့်မှာ အမျိုးသား တွေရဲ့ စီးပွားရေး နာလန်ထူအောင် ...

ကုန်ဝယ် ကုန်ရောင်း သမဝါယမတွေဖွဲ့ကြ၊ သမဝါယမတွေမှာ အရင်းအနှီးရရှိရေးအတွက် အမျိုးသားဘဏ်တွေ ဖွင့်လှစ်ပေးကြဆိုတာ ကို ထဲ့သွင်းဆုံးဖြတ်လာပါပြီ။

ဒီဆုံးဖြတ်ချက်နဲ့အညီ ဆရာတော်သံဃာတော်တွေ ဦးစီးဖွဲ့တဲ့ကျေးရွာ ဝံသာနုအသင်းတွေက စီးပွားရေး စစ်မျက်နှာဖွင့်လာတာလဲ တော်တော်များပါတယ်။ ဆရာတော် ဦးဝိစာယဟာ ဒီစစ်မျက်နှာမှာလဲ တော်တော် ထက်ထက် မြက်မြက် ပါဝင် ဆင်နွှဲခဲ့တဲ့ပုံပါ။ ၁၉၂၆ခု မတ်လ ၁၃ရက်နေ့ထုတ် ဝံသာနုသတင်းစာမှာ နှိုးဆော်ချက်နဲ့ မေလ ၅ရက်နေ့ထုတ်မှာ သတင်းဆောင်းပါးတပုဒ် ဒီလိုတွေ့ရပါတယ်။

### အတုယူ၍ အမြန်ထမြောက်အောင် ရှက်ဆောင်ကြရန် နှိုးဆော်ချက်

ဘုန်းကြီးသည် ကြီးပွားရေး လုပ်ငန်းနှင့် စပ်လျဉ်း၍ အမြို့မြို့ အရွာရွာသို့လှည့်လည်ရာ စိတ်ဓာတ် ညံ့ဖျင်းသော ခေါင်းဆောင်များ၊ နောက်လိုက်များနှင့် ရဟန်းတော်အချို့တို့အတွက် လုပ်ငန်းများမတွင်ကျယ်ကြသည်ကိုတွေ့ရပေသည်။ ဤကဲ့သို့ဖြစ်ခြင်း၏ အကြောင်းရင်းကို စီစစ်သော် စိတ်ဓာတ်ညံ့သောရဟန်းတော်များနှင့် ခေါင်းဆောင်နောက်လိုက်တို့အတွက်ဖြစ်ပေသည်။ စစ်ကိုင်းစီရင်စု မြောင်မြို့နယ်ချုပ်၏တည်ရာ နဂါးပေါက်ရွာသို့ရောက်သောအခါ ဘာဏ်များထမြောက် အောင်မြင်၍ နယ်သူနယ်သားများ အကျိုးခံစားရသည်ကို ဒို့ဌကိုယ်တိုင် တွေ့ခဲ့ရပေသည်။ ခံစားရသောအကျိုးတို့ကို ရေးသားသော် သတင်းစာကော်လန်များမည်စိုး၍ မရေးတော့ပါ။ ဤကဲ့သို့ အကျိုးခံစား ရခြင်း၏ အကြောင်းရင်းကိုရှာသော် မြောင်မြို့နယ်ချုပ် ဥက္ကဋ္ဌ ဦးစိန်ပွင့်စသော ခေါင်းဆောင်လူကြီးများနှင့် နောက်လိုက်လူတို့၏ စိတ်ဓာတ် ခိုင်မြဲရင့်သန်ခြင်းကြောင့် ဟူသောအကြောင်းကို တွေ့မြင်ရပေသည်။ ထိုလူကြီးတို့သည် ပုဂ္ဂလဓိဋ္ဌာန် တဦးတယောက်ကို စွဲလမ်းခြင်းမပြုဘဲ သံဃအဖွဲ့ချုပ်ကြီး ဩဝါဒကို အမြဲရိုသေစွာလိုက်နာ၍ ဆောင်ရွက် ကြပေသည်။ ၎င်းတို့သည် မြောင်မြို့ နယ်လုံးဆိုင်ရာ အသင်းချုပ် ဝံသာနုပွဲရုံဟူသော အမည်ဖြင့် မိမိတို့ဌာနတွင်သာမက မန္တလေးမြို့သို့ပင်သွား၍ ပွဲရုံဘာခုဖွင့်လှစ်၍ထားနိုင်လေပြီ။ သို့ဖြစ်၍အမြို့မြို့ရှိ ဝံသာနု အပေါင်းတို့ကလည်း သံဃာကိုပစ်ပယ်သူများကို စွဲမက်၍ မနေဘဲ သာသနာလုံးဆိုင်ရာသံဃအဖွဲ့ချုပ်ကြီး ဩဝါဒကိုခံယူပြီးလျှင် ထက်သန်သောစိတ်ဓာတ်ဖြင့်မြောင်

မြို့ နယ်ချုပ်လူကြီးများကို အတုယူ ပြီးလျှင် နည်းသစ် လုပ်ငန်းများ ထမြောက်အောင်မြင်အောင် အမြန်ကြိုးစားကြရန် တိုက်တွန်းနှိုးဆော် လိုက်ပါကြောင်း။

ဦးဝိဇယ
ဂျီ-စီ-ဘီ-အေ ရုံးအုပ်ဟောင်း
ခေတ္တ၊ မြို့မတိုက်ကျောင်း
မိတ္ထီလာမြို့။
၁၂၇၇ ခု၊ တန်ခူးလဆန်း ၁ ရက်၊ (၁၃-၃-၂၆)
ဝံသာနုမြန်မာသတင်းစာမှ။

ဘဏ်စုအသင်း

၁၂၈၈ ခု၊ ကဆုန်လဆန်း၆ ရက်နေ့ည ညလုံးပေါက် ဦးဝိဇယ၊ ဦးဝိသုဒ္ဓ၊ ဦးဝိမလဗုဒ္ဓိအရှင်သူမြတ် ၃ ပါးတို့ မိတ္ထီလာမြို့နယ် တောမ ရွာတွင် ကြီးပွားရေး စီးပွားရေးတရားဟောကြားရာ တရားနာပရိသတ် တထောင်ကျော် လာရောက်နားထောင်ကြရာ အများပရိသတ်အပေါင်း တို့သည် အထက်ပါ အရှင်သူမြတ်တို့ဟောကြားတော်မူသဖြင့် နှစ်ထောင်း အားရဝမ်းမြောက်စွာနှင့် အမျိုးဘာသာ သာသနာကြီးပွားရာ ကြီးပွား ကြောင်းဖြစ်မည်ဟု ၂ ကြေး၊ ၅ ဝိကြေးကို ထည့်ဝင်ပါမည်ဟု ဝန်ခံပြီး ဖြစ်ပါသည်ဟု ကြားသိရသည်ဖြစ်၍ မိတ္ထီလာမြို့၌ အိပ်ပျော်၍နေသည်ကို ယခုတဖန် နိုး၍လာပြီးလျှင် ဘဏ်ရှယ်ယာအစုသစ်များ ပြုလုပ်သည်ဟု ကြားရ၍ မိတ္ထီလာ မြို့စောင့်နတ်ကလေးက အားရနှစ်သက်၍ များ များကြီး သာဓု သာဓု သာဓု ခေါ်လိုက်ပါသည် သူတော်စင် ဝံသာနု အပေါင်းတို့။

မြို့စောင့်နတ်ကလေး
မိတ္ထီလာမြို့
၁၂၇၇ ခု၊ ကဆုန်လဆုတ် ၁၀ ရက် (၁၉၂၆ ခု၊ မေလ ၅ ရက်)
ဝံသာနု မြန်မာသတင်းစာမှ။

## ထောင်ကျောင်းစံဆရာတော်

ဆရာတော်ဟာ ဗြိတိသျှနယ်ချဲ့ကို ဆန့်ကျင်တဲ့အမျိုးသားအဖွဲ့ကြီး တဖွဲ့မှာ တက်ကြွလှုပ်ရှားတဲ့ စည်းရုံးရေးမှူးကြီး တပါးဖြစ်လေတော့ နယ်ချဲ့ အစိုးရက ဆရာတော့်ကိုမကြာခဏဖမ်းဆီးချုပ်နှောင်မှုနဲ့ ဆရာတော်ရဲ့ လှုပ်ရှားမှုတွေကို ဟန့်တားဘို့ ကြိုးစားခဲ့ပါတယ်။ ဆရာတော်ရဲ့ ထေရုပ္ပတ္တိမှာ ဆရာတော်ဟာ ၄ လကြာ ၂ ကြိမ် အဖမ်းခံရဘူးတယ်။ ထောင်ကျောင်းမှာ ၃ ဝ ါ၊ ၃ နှစ်ကြာ သီတင်းသုံးရဘူးတယ်။ ပဌမတကြိမ် က ၁၂၇၇ ခု၊ နှစ်မှာ အဖမ်းခံရတာဖြစ်တယ်။ အဲဒီတုန်းက ၄ လကြာ တယ်။ ဒုတိယအကြိမ် ၁၂၇၉ ခုနှစ်မှာဖြစ်တယ်။ ပဌမ ဝါဆိုလပြည့်က စပြီး အဖမ်းခံရတယ်။ ထောင်ထဲမှာ ၃ နှစ်လုံးလုံးချုပ်နှောင်ထားတယ်။ တတိယအကြိမ်က ၁၃၃၃ ခုနှစ် ဂဠုန်ဦးစော ဝန်ကြီးချုပ် လက်ထက် မှာ ဖြစ်တယ်။ အဲဒီတုန်းက ၄ လကြာတယ်လို့ ဆိုပါတယ်။ ကျမတို့ ဆီမှာ ရှိတဲ့ သတင်းစာများမှာ ၁၂၇၇ ခုနှစ် အဖမ်းခံရစဉ်က သတင်းကို ရှာဖွေလို့ တွေ့ရပါတယ်။

အဲဒီသတင်းက....

ဦးဝိဇယကိုယ်တော်ကြီးအား
မတရားသဖြင့် ဖမ်းဆီးခြင်း

မြန်မာပြည်လုံးဆိုင်ရာ ဂျီ၊စီ၊ဘီ၊အေ မြန်မာ အသင်းချုပ်ကြီး ဟောင်း ဦးဝိဇယအရှင်မြတ်ကြီးသည် ယခု ၁၂၇၇ ခုနှစ်၌ မန္တလေး မြို့၌ပင် ပြန်လည် ဝါဆိုတော်မူပြီးလျှင် စိတ်အား ပျက်ပြားလျက်ရှိသော အသင်းသူ အသင်းသားများကို ဘုရားတရားနှင့်အညီ စိတ်ဓာတ်တည် ကြည် ဖြောင့်မတ် သမာဓိဖြစ်ကြရလေအောင် တိုင်းပြည်ရေး ရတနာပုံ အသင်းချုပ် ရုံးအုပ်အဖြစ်နှင့်ပင် နှိုးဆော် ဟောပြော ဆောင်ရွက်ပေး နေခြင်းကြောင့် မန္တလေး စီရင်စုအတွင်းရှိ ရဟန်းနှင့်လူ အားလုံးတို့က ယုံကြည်ကိုးစား အားထားကြသည် ဖြစ်ကြောင်း။

ထိုသို့ ယုံကြည်ကိုးစား အားထား ကြသည့်အလျောက် ဦးဝိဇယ အရှင်မြတ်ကြီးသည် ၁၂၇၇ ခု ပြာသိုလဆုတ် ၁၀ ရက်နေ့ နာရီပြန် ၁ ချက်အချိန် မော်တော်ကားစီးနင်း၍ အမရပူရတောင်မြို့နှင့် မြစ်ငယ်

ရေကြည်ပေါက်သို့ အဖြစ်အပျက် အခြေအနေကို စုံစမ်းရန် ကြွသွားတော်မူလေသည်။ မြစ်ငယ်ရေကြည်ပေါက်ဝါဆိုကျောင်းသို့ ၎င်းလဆုတ် ၁၀ ရက်နေ့ ညနေ ၄နာရီ အချိန်လောက်တွင် ရောက်ရှိတော်မူရာ ခရီးနား အညောင်းအညာဖြေလျက် ကျောင်းသားသူငယ်တို့နှင်းနယ်နှိပ်ပေးနေစဉ် ပုလိပ်တို့ကိုခုခံမှုဆို၍ ဦးဝိဇယ ကိုယ်တော်ကြီးကို အစိုးရတို့ကပုဒ်မ ၃၅၃အရဆို၍ ဖမ်းသွားခြင်းသည် စင်စစ်မတရားကြောင်း ထင်ရှားလေသည်။ သို့ရာတွင် ၎င်းတို့သည် မည်သို့မည်ပုံကြံစည်လျှ ပြုပြား၍အမှုကို ဆင်ခြေးဦးမည်ကား မသိရသေးပေ။ သို့ရာတွင် မည်ကဲ့သို့ပင် ဦးဝိဇယ ကိုယ်တော်ကြီးကို ဖမ်းထားစေကာမူ ယခု နယ်သူနယ်သား ရဟန်းရှင်လူများ၏စိတ်ဓာတ်မှာ ဖမ်းဆီးထားခြင်းကိုပင် တရားသည်ဟု မထင်ကြသဖြင့် ဦးဝိဇယ ကိုယ်တော်ကြီးရှိသည်ထက် ၂ဆ ၃ဆလောက်တိုးတက်ပိုမိုအားထုတ် ဆောင်ရွက်ကြမည့် အခြေအနေရှိကြကြောင်း အများသိစေရန် ဖော်ပြလိုက်ရပေသည်။

ဦးကဝိန္ဒ

ဝိသာဒနုသတင်းစာတိုက်အုပ်ဟောင်း

ခေတ္တ၊ ရတနာပုံ မန္တလေးမြို့

(၁၂၈၈ခု၊ တပို့တွဲလဆန်း ၃ရက်၊ ဝိသာဒနုမြန်မာသတင်းစာမှ)

ဒီသတင်း ရပြီးလို့ ၃ရက် အကြာမှာ နောက်ထပ် သေးစိတ်သတင်းကို အောက်ပါအတိုင်း ဖတ်ရပြန်ပါတယ်။

## အမရပူရနယ်သတင်း

၁၂၈၈ ခု၊ ပြာသိုလ်ဆုတ် ၁၀ ရက်နေ့ညနေ ၆ နာရီခွဲ အချိန်တွင် အမရပူရ ဝါဆိုကျောင်း၌ မန္တလေး ရတနာပုံရှီးအုပ် ဦးဝိဇယကိုယ်တော်ကြီးသည် ရထားမမှီ၍ ၇ တိုင်ကျော် ခရီးကို ခြေလျင် ကြွလာရာ အလွန်တရာ ညောင်းညာ ကိုက်ခဲသဖြင့် ကျောင်းသားလေးများ အနှိပ်ခံနေရာ ၎င်းနေသည့်အချိန်က ဝါဆိုကျောင်းရှိ ဦးဝိဇယကလေးက ကျောင်းတာကာနှင့် ရွာသား တယောက် ဝင်လာရာ ပုလိပ်သားတွေ

ကျောင်းပေါက်မှာ သေနတ်ခေါးလွယ်ကိုယ်စီနှင့် ဝိုင်းနေတာကိုမြင်၍ စိုးရိမ်မကင်းသောကြောင့် ၎င်းကျောင်းတကာနှင့် ရွာသားကိုမဝင်ပါနှင့်ဟုတားမြစ်ရာ ၎င်းဘကြောင်းနှင့်ပတ်သက်၍ အဘယ်အကြောင်းကြောင့် ဝိုင်းတာလဲဟုမေးရာ သဿမေဓ မထမ်းဆောင်သေးသူ တယောက် ၎င်းကျောင်းမှာရှိသည်ထင်၍ ရှာလိုသည်ဟုပြောခြင်းကြောင့် အကြောင်းကိုသိသောအခါ အလိုရှိရာရှာရပါသည်ဟု ပြောပြီးလျှင် ၎င်းဝါဆိုကျောင်းအနီး ညောင်ပင်သာကျောင်းပါ ကျောင်းအပေါ်ရော အောက်ရောအရှာခံပါသည်။

ဤကဲ့သို့အရှာခံလျက် ရှာ၍ပြီးသောအခါမှ ၎င်းရတနာပုံဦးဝိဇယကြီးရှိလို့ ဦးဝိဇယကလေးက ခုခံသည်၊ စောစောကတံခါးမဖွင့်ဘဲ ရှာခွင့်မပြု ငြင်းဆိုသည်ဆို၍ အမရပူရမြို့အုပ်အမိန့်နှင့် ဦးဝိဇယကြီးကို လက်ထိပ်ခတ်၍ မြစ်ငယ်ဂတ်သို့ ခေါ်သွားပါကြောင်း၊ ဦးဝိဇယကလေးကို မခတ်ဘဲ ခေါ်သွားပါကြောင်း၊ ၎င်း ပြာသိုလဆုတ် ၁၁ ရက်နေ့ကို မန္တလေးထောင်သို့ ပို့ပါကြောင်း။ ယခု တပို့တွဲလဆန်း ၁ ရက်နေ့ကို အမရပူရရုံးသို့ ထုတ်စစ်ဆေးမည်ဟု ကြားသိရပါကြောင်း။

မန္တလေးစီရင်စု၊ အမရပူရမြို့
ရေကြည်ပေါက်ဝါဆိုကျောင်း ဆရာတော် ဦးပညာ

တပို့တွဲလဆန်း ၆ရက်၊ (၁၉၂၇ခု၊ဖေဖော်ဝါရီလ ၇ရက်)တနင်္လာနေ့ ဝံသာနုမြန်မာသတင်းစာမှ။

သမ္မာသမ္ဗုဒ္ဓသာသနာတော်လုံးဆိုင်ရာ သံဃသာမဂ္ဂီအဖွဲ့ချုပ်ကြီးရဲ့ ဩဝါဒခံ ဦးစိုးသိမ်း ဂျီ-စီ-ဘီ-အေ အသင်းချုပ်ကြီးဟာ ထက်ထက်မြက်မြက် ဆောင်ရွက်တော် မူကြသော ဦးဥတ္တမ၊ ဦးဝိစာရ၊ ဦးဝိဇယ၊ ဦးနာဂိန္ဒ၊ ဦးဝေပုလ္လ၊ ဦးဓမ္မောဓရ၊ ဦးကုမာရိန္ဒာဓိပတိ၊ ဦးဃောသ၊ ဦးဝိသုဒ္ဓ၊ ဦးဓမ္မဓရ၊ ဦးစန္ဒဝရ၊ ဦးဉာဏ၊ ဦးစန္ဒောဘာသ၊ ဦးကေတုအစရှိတဲ့ ရဟန်းတော် အရှင်မြတ်များရဲ့ ကျေးဇူးကြောင့် နေ့ချင်း ညချင်းကြီးပွား တိုးတက်ခဲ့တာဖြစ်ပါတယ်။

ဒီကိုယ်တော်ကြီးတွေ ဆိုတာကလဲ ထောင်ကျောင်းကို မဲဘူးတဲ့ ကိုယ်တော်ကြီးတွေချည့် ဖြစ်ကုန်ကြပါတယ်။ ဦးဝိစာရကိုယ်တော် ပိုယင် အမျိုး ဘာသာ သာသနာ ပညာ အတွက်ထောင်ထဲမှာအ ပက်စုန်သွား တော်မူပါတယ်။ စာရင်းအင်းအတိအကျ မရနိုင်လို့သာ ဖော်မပြနိုင်တာ ပါ။ ထောင်တန်း အကျခံပြီး ဆောင်ရွက်သွားကြတဲ့ ရဟန်းတော်တွေ နဲမယ်မဟုတ်ပါဘူး။

ဂျီ-စီ ဘီ-အော ခေတ်က နိုင်ငံရေးအရ ထောင်ကျတဲ့ ပုဂ္ဂိုလ်တွေ ထဲမှာ လူပုဂ္ဂိုလ်ထက် သံဃာတော်များက ပိုများပါလိမ့်မယ်။

ပဟိုရ်စည်သတင်းစာမှာ ၁၉၅၅ ခုနှစ်က ဆရာတော် ရေးခဲ့တဲ့ ဆောင်းပါးမှာတော့ မန္တလေးအဓိကရုဏ်းကြောင့် ရဟန်းတော်ဦးစန္ဒိမာ ပြန်လွှန်လို့ ကျင်းပတဲ့ဈာပနမှာ ဆရာတော်က တရားဟောပြောမှုနဲ့ ပတ် သက်ပြီး ထောင် ၃နှစ်အပြစ်ပေး ခံရပြန်တယ်လို့ ဖော်ပြထားပါတယ်။ အဲဒီ....

'ဗမာ့လွတ်လပ်ရေး သမိုင်း'လို့ ခေါင်းစဉ်တပ်ထားတဲ့ ဆောင်း ပါးကို ဆရာတော်က 'ခေတ်ဟောင်း ဘုန်းတော်ကြီး' ဆိုတဲ့ ကလောင် နာမယ်နဲ့ရေးတာပါ။ ဆောင်းပါးမှာ ...

၁၂၈၉ ခု၊ တန်ခူးလဆန်း ၁၂ ရက် "ဦးစန္ဒိမာ၏ဈာပနပွဲတွင် တရားဟောမှုနှင့် ပတ်သက်၍ ဦးဝိဇယကိုယ်တော်ကြီး (ရွှေမျက်မှန်) နှင့် ဦးဆောင်တို့ဆက်လက်၍ ထောင် ၃နှစ်စီ ကျကြပြန်သည်" ၁၂၈၉ ခု၊ ဝါဆိုလပြည့်နေ့ ဆရာတော်က ရေးထားပါတယ်။ ဒီနေရာမှာ ထောင်ကျ ကြပြန်သည် ဆိုတဲ့စကားက အဓိကရုဏ်းမှာတုန်းကလဲ လူတွေအများကြီး ဖမ်းပြီး ထောင်ချခဲ့တာကြောင့်ပါ။

## ဆရာတော် ထောင်ကျောင်း သီတင်းသုံးရတဲ့အချိန်

ဆရာတော် ဦးဝိဇယ ၃ နှစ် ၃ ဝါ ထောင်ကျောင်း စံရတဲ့ကိစ္စ ကတော့ မန္တလေးအဓိကရုဏ်းကြီးနဲ့ ဆက်စပ်လို့ဘဲဖြစ်ပါတယ်။

မန္တလေးမှာ ဝံသာနု ခေါင်းဆောင်ဆရာတော်ကြီး ဦးဥတ္တမကို ကြိုဆိုပွဲလုပ်ရာ ပ်မှာဖိနပ်စီးသူများက စည်းကမ်းတကျစီတန်း လှည့်လည်လာတဲ့ လူတွေကို ရန်စစော်ကားလို့ အဓိကရုဏ်းကြီး ၁၂၈၆ ခုနှစ်က ကျောက်သေးတန်းမှာ ဖြစ်ပွားခဲ့တယ်။ ရဟန်းတော် ဦးစန္ဒိမာနေရာတွင် ပွဲချင်းပြီး ပြန်လွန်တယ်။ လူတယောက် သေဆုံးတယ်။ လူပေါင်းမြောက်မြားစွာ ဒဏ်ရာ အနာတရဖြစ်ခဲ့ကြရတယ်။ ဒီအဓိကရုဏ်းကြီး ဘာ့ကြောင့် ဖြစ်ရသလဲလို့ ပြန်သုံးသပ်တဲ့အခါ နယ်ချဲ့ရဲ့ ဘောဥပါယ်အောင်မြင်လို့၊ ရာထူးထောင်ချောက်ထဲ ကိုယ့်တပ်ကကျွံပြီးဝင်လို့ အချင်းချင်း ပဋိပက္ခအဖြစ်မှာ နယ်ချဲ့ကကြားဝင်ပြီး ပစ်ခတ်သတ်ဖြတ်ခွင့် ရယူသွားတာဖြစ်တယ်ဆိုတာ တွေ့ရပါတယ်။

ဖြစ်ပုံကဒီလိုပါ။ အမျိုးသားတပ်ဦးကြီး ဂျီ-စီ-ဘီ-အေ အလွန်အင်အားတောင့်တင်း တက်ကြွနေချိန်မှာ နယ်ချဲ့ဗြိတိသျှက ဗမာနိုင်ငံကို 'တိုးတက်ပြောင်းလဲနိုင်တဲ့ ဒိုင်အာခီအုပ်ချုပ်ရေး'ကို ပေးမယ်လို့ အသံမြည်လာပါတယ်။ ဒီမှာ ဂျီ-စီ-ဘီ-အေအဖွဲ့ချုပ်က ဒိုင်အာခီအုပ်ချုပ်ရေးကိုလက်မခံဘူး၊ သပိတ်မှောက်မယ်လို့ ဆုံးဖြတ်ပါတယ်။ ခေါင်းဆောင်ပိုင်းပညာတတ်လူ ၂၀ကျော်ကတော့ သပိတ်မှောက်လို့မဖြစ်ဖူး၊ လက်ခံပြီး အတွင်းဝင်ပူးသတ်မှ ဖြစ်မယ်လို့ကြွေးကြော်ပြီး ဂျီ-စီ-ဘီ-အေကြီးထဲက ခွဲထွက်လိုက်ကြပါတယ်။ ၂ခြမ်း ၂ပက္ခဖြစ်သွားတဲ့ ဂျီ-စီ-ဘီ-အေကြီးဟာ အကြမ်းမျဉ်းပြောရယင် ရှေးမလူများစု ပြည်သူလူထုနဲ့ ရဟန်းတော်အများစုက ဝံသာနုဂျီ-စီ-ဘီ-အေထဲမှာကျန်ရှိခဲ့ပြီး ပညာတတ် လူလတ်တန်းစားအားလုံးလောက်က ၂၁ဦးဘက်ကို လိုက်ပါသွားခဲ့တယ်။ ဒီလို့ ဝမ်းနဲ့ ကြေကွဲဘွယ်ရာ တပ်ဦးကြီးပြိုကွဲအသွားမှာ သတင်းစာသမားအများစုပါဝင်တဲ့ လူတစုက ဂျီ-စီ-ဘီ-အေကြီး ပြန်လည်ပေါင်းစည်းနိုင်ရေးအတွက် ၂ဖက်မျှတတဲ့ အပေးအယူနဲ့ စေ့စပ်ပေးမယ့် ညီညွတ်ရေးအဖွဲ့ဆိုတာကို ဖွဲ့စည်းလာပြန်ပါတယ်။ နို့ပေမယ့် ဒီညီညွတ်ရေးအဖွဲ့ဟာ ကြားက သမာသမတ်သဘောမျိုးမထားဘဲ ၂၁ဦးဘက်ကို ပင်းတာများတာကြောင့် မကြာခင်မှာဘဲ ၂၁ဦးနဲ့တဂိုဏ်းထဲ ဖြစ်သွားခဲ့ပါတယ်။

အဲဒီလိုဖြစ်နေချိန်မှာ ၁၂၈၆-ခု ဝါခေါင်လဆုတ် ၁ရက်၊ ၂ရက်၊ ၃ရက်နေ့ (၁၉၂၄-ခု၊ ဩဂုတ်လ ၁၅-၁၆-၁၇)များမှာ မန္တလေးမြို့လယ်

ပိဋကတ်တိုက် (နေရှင်နယ်ကျောင်း)မှာ ညီညွတ်အစည်းအဝေးကြီးတခု ပြုလုပ်မယ်လို့ ကြေငြာထားပါတယ်။

ဒီအချိန်က ၂၁ဦး လူနဲ့စုဟာ ခေတ်ပညာတတ်များပီပီ ဂျီ-စီ-ဘီ-အေ ထဲကလူတွေကို သူတို့ဘက်ပါအောင် သိမ်းသွင်း ဟောပြောစည်းရုံးမှု အလွန် ကျွမ်းကျင်ကြတာကြောင့် လိမ်လည်လှည့်ဖြား ဟောပြောချက် တွေကိုနားယောင်မှာ ဂျီ-စီ-ဘီ-အေဘက်က အလွန်စိုးရိမ်ရပါတယ်၊ ဒါ့ကြောင့် ဒီအစည်းအဝေးဟာ လူတွေကိုလှည့်စားဟောပြောမယ့်အစည်း အဝေး နားယောင်ပြီးတက်ရောက်ခြင်းမပြုကြနဲ့၊ အကျိုးအကြောင်း အမှန်အကန်တွေကို ဆရာတော် ဦးဥတ္တမကိုယ်တိုင် လာရောက်ရှင်းလင်း ဟောပြောလိမ့်မယ်ဆိုပြီး ပဋ္ဌမဆရာတော် ဦးဝိဇယက ဦးဥတ္တမကိုယ်တော် ကြီး ကြွလာမယ်ဆိုတဲ့အကြောင်းကို ကြေငြာချက်တစောင် ထုတ်ပြန်ပါ တယ်။ ၂၁ဦး ဒိုင်အာခီသမားတွေရဲ့ လိမ်လည်လှည့်ဖြားတဲ့ ဟောပြော ချက်တွေကို ပြည်သူကနားထောင်မိယင် နားယောင်ကုန်မှာစိုးတဲ့အတွက် နားမထောင်ကြဘို့ ပြောဆိုပိတ်ပင်တာဟာ အဲဒီတုန်းက ဝံသာနုဂျီ စီ-ဘီ-အေရဲ့ လုပ်ရပ်တခုပါ။

ဆရာတော်ရဲ့ ကြေငြာချက်က—

## ဦးဥတ္တမကိုယ်တော်ကြီး

## မန္တလေးသို့ ကြွတော်မူမည့်အကြောင်း၊

ဝါခေါင်လဆုတ် ၁၊ ၂၊ ၃ ရက်နေ့များ၌ မန္တလေး မြို့လည် ပိဋကတ်တိုက်ကြီးတွင် နိုင်ငံကိုရောင်းစားသူ ညီညွတ်ရေးခေါ် ဒိုင်အာခီ သူပုန်လူတစုတို့က တိုင်းပြည်ကိုနားလှည့်သော အစည်းအဝေးတခုပြုလုပ် ရန် ကြွေးကြော်၍ ထားသည်ကို တွေ့မြင်တော်မူရသဖြင့် ထိုလူတစုတို့၏ အစည်းအဝေးကလေးသို့ မည်သည့် လူရှင်ရဟန်းများ အားပေးအား မြှောက် သွားရောက်ခြင်းမပြုကြဘို့ ဟောပြောရန် ဝါခေါင်လဆုတ် ၁ရက်နေ့ ညနေ ၆နာရီထွက်ရထားဖြင့် မန္တလေးမြို့သို့ ဆရာတော် ဦးဥတ္တမ ကိုယ်တော်ကြီး ကြွရောက်တော်မူလိမ့်မည်ဖြစ်၍ လမ်းခရီးအ

ကြား၌ ဆုပ်းကွမ်းစသည်ဖြင့် လူဒါန်းလိုသူ ဖူးမြော်လိုသူတို့ သိရှိရန်ကြား သိစေလိုက်သည်။

ဦး၀ိဇယ(မန္တလေး)
အထွေထွေအကျိုးဆောင်
သံဃာ့အဖွဲ့အစည်းချုပ်ကြီး
၁၂၈၆ခု၊ ၀ါခေါင်လဆုတ် ၁ရက်။ (၁၉၂၄ခု၊ ဩဂုတ်လ ၁၅ရက်)
၀ံသာနုမြန်မာသတင်းစာမှ။

ပြီးတော့....

မန္တလေး စီရင်စု သံဃာချုပ်နယ်လုံးဆိုင်ရာ အထူးအစည်းအဝေး ကြီး ပြဌာန်းချက် အမိန့်ကြော်ငြာနံပတ် ၅ အထွေထွေ (က)ကိုလဲထုတ် ပြန်ပါတယ်။

၁၂၈၆ခု ၀ါခေါင်လဆန်း ၇ရက်၊ မန္တလေး စီရင်စု သံဃာ ချုပ်နယ်လုံးဆိုင်ရာ အထူး အစည်းအဝေးကြီး ပြဌာန်းချက်အမိန့်ကြော် ငြာ နံပတ် ၅ အထွေထွေ(က)အရ။

၁၂၈၆ခု ၀ါခေါင်လဆုတ် ၁ရက် ၂ရက်နေ့များ၌ မန္တလေးမြို့ မြို့လည် ပိဋကတ်တိုက်တွင် စည်းဝေး လတ်သော ညီညွတ်ရေးခေါ် ဒိုင်အာခီ လူတစုတို့၏ အစည်းအဝေးသည် ဘေးမဲ့ ဆရာတော်ဘုရားကြီး ကြီးမှူးအုပ်ချုပ်တော်မူသော မြန်မာပြည် သမ္မာသမ္ဗုဒ္ဓ သာသနာလုံး ဆိုင်ရာသံဃာ့အဖွဲ့ချုပ်ကြီးနှင့် ဒါယကာ မောင်ချစ်လှိုင် ကြီးမှူးသော မြန်မာပြည်လုံးဆိုင်ရာ မြန်မာ အသင်းချုပ်ကြီးများ၏ အမိန့်ပြဋ္ဌာန်းချက် များကိုမလိုက်နာမူ၍ တော်လှန်ဖီဆန်သော လူတစုတို့၏ အစည်းအဝေး ကြီးဖြစ်ခြင်းကြောင့် ရဟန်းရှင်လူ မည်သူမဆို ရှောင်ကြဉ်ကြရန် အ ကြောင်း ကြပ်တည်းစွာတားမြစ်လိုက်သည် ဆိုတဲ့အမိန့်စာကို ထုတ်ပြန် လိုက်ရပါသည်။

ဦးဥတ္တမကိုယ်တော်ကြီး မူလအစီအစဉ်အတိုင်း ၀ါခေါင်လဆုတ် ၂ရက်နေ့က မန္တလေးကို မီးရထားနဲ့ ကြွရောက်လာတယ်။ ရှမ်းစုဘူတာ မှာ ဆင်းသက်စေပြီး ရှမ်းစုဘူတာက ဘုရားကြီး၊ ဘုရားကြီးက ၈၄-လမ်း

အတိုင်း ပင့်ဆောင်လာတယ်။ သကျသီဟဘုရားလမ်းဖြစ်ဘဲ ၃၁-လမ်း အရောက်မှာ မူလအစီအစဉ်ကိုဖျက်ပြီး ရှေ့ဆက်မသွားဘဲ အနောက်ကို ချိုးကွေ့ရမယ်ဆိုလို့ ကြီးမားလှတဲ့ လူထုပရိသတ်ကြီး အနောက်ဖက်ကို ချိုးနေခိုက် ဘယ်ကမှန်းမသိတဲ့ ခဲတွေ လူအုပ်ကြီးအပေါ် ကျလာပြီး အဓိကရုဏ်းကြီးဖြစ်ရတာ ဖြစ်ပါတယ်။

အဲဒီ မန္တလေးအဓိကရုဏ်းနဲ့ပတ်သက်ပြီး ဝံသာနုသတင်းစာက....

"မန္တလေးမြို့သို့ အရှင်ဦးဥတ္တမ ကိုယ်တော်ကြွလာမည့်အကြောင်း နှင့်စပ်လျဉ်း၍ မြို့ပေါ်တွင်အနှံ့အပြား ကြော်ငြာကမ်းလှမ်း၍ ကြော်ငြာ ကြီးများကပ်ထားသည့်အပြင်သတင်းစာများ၌လည်း ပါရှိလေကြောင်း။

"၎င်းအပြင် ဦးဥတ္တမအား ကြိုဆိုရန်နှင့် အခမ်းအနားဖြင့်စီဘန်း ပင့်ဆောင်ရန်ကိုစ္စကိုလည်း မန္တလေး ဒီဝိဇ ဝန်ရှင်တော်မင်းကြီး ထံသို့ အကြောင်းကြားလျက် အခွင့် တောင်းဆိုရာတွင် ပင့်ဆောင်ရန်လမ်းခရီး နှင့်တကွ အမိန့်ပေးထားလေသဖြင့် ဆရာတော်ဦးဥတ္တမကို ပဌမအမိန့်ပေး ထားသော လမ်းစဉ်အတိုင်း ပျော်ရွှင်မြူးတူးစွာနှင့် ငြိမ်သက်ပိပြားစွာ ကြီးကျယ်သော အခမ်းအနားဖြင့် စီတန်းပင့်သွားစဉ် ညီညွတ်ရေးသမား တို့က ပေးထားသော အမိန့်အတိုင်း ၎င်းတို့ နေထိုင်ကြသော တိုက်ရှေ့ လမ်းပေါ်မှ ဖြတ်သန်းခြင်းမပြုရန် ကန့်ကွက်ပြောဆိုချက်အရ၊ ညီညွတ် ရေးသမားတို့၏အလိုဘက်သို့ လိုက်ပြီးလျှင် ရာဇဝတ်ဝန်ထောက် မစ္စတာ စတီးဝပ်က စီတန်းသွားလာရန် ခရီးစဉ်ကိုပြောင်းလဲပြီး ဖြခြားလမ်းမှ သွားရန် ဒုတိယအမိန့်ကို ပေးလေကြောင်း။

"ဝန်ရှင်တော်မင်းကြီး ထုတ်ပြန်သော အမိန့်ကို ရာဇဝတ်ဝန် ထောက်က ပြင်နိုင် ဖျက်နိုင်ခွင့် ရှိ မရှိ စဉ်းစားရန် အကြောင်းရှိသည့်ပြင် ညီညွတ်ရေးသမားတို့ဘက်သို့လိုက်၍ ဒုတိယအမိန့်ကို ကြိုတင်ပြီး ထုတ်ပြန် ခြင်းမပြုဘဲလျက် လမ်းတဝက်ကျမှ အမိန့်ပေးခြင်းသည် မတရားသော အမိန့်ဟု ကျွန်ုပ်တို့ ထင်မှတ်သဘောရရှိလေသည်။

"ဤကဲ့သို့ မတရားသောအမိန့်မှန်း သိလျက် အစဉ်သဖြင့် အကြမ်း မဖက် အနုသက်သက်ဖြင့် ဆောင်ရွက်လေ့ရှိသော ဟုမ္မရူးဘက်တော်သား

တို့က အစိုးရတို့၏အာဏာကို မတော်လှန်ဘဲ မတရားသော အမိန့်အတိုင်း နာခံကြပြီးလျှင် ဒီဘိုးလမ်းတလျှောက်မှ ရွှေ့ရှု၍ သွားသောအခါ ရုတ်တရက် ရှောင်တခင်ညီညွတ်ရေးသမားများ စုရုံးနေသော မျက်နှာချင်းဆိုင်အိမ် ၂အိမ် အထက်ထပ်နှင့်အောက်ဘက်ရှိ ပုဂ္ဂိုလ်များဘက်မှ အခမ်းအနားဖြင့် စီတန်းသွားကြသော ပရိသတ်များအပေါ်သို့ ခဲအုတ်ကျောက်များနှင့် မိုးသီးမိုးပေါက်ကဲ့သို့ ပစ်ခတ်ခြင်းသည် မည်သူက ရုန်းရင်းဆန်ခတ် သောင်းကျန်းအောင်ပြုပါသနည်း။

‘‘ထိုသို့ ပစ်ခတ်ခြင်းဖြင့် စီတန်းသွားသူတို့ ထိခိုက်နာကျင်သည့်အပြင် စီတန်းသွားလာခြင်းကိစ္စမှာ ရွှေ့သို့မတက်ဘဲ ရပ်တန့်နေရကြောင်း။ ထို့နောက် ရာဇဝတ်ဝန်ထောက်နှင့် ၎င်း၏လက်အောက်ခံ ဥရောပတိုက်သားတို့က ရန်စမီးပွားသည်ကို ငြိမ်ဝပ်ပိပြားအောင်မလုပ်ဘဲ ရုတ်တရက် စီတန်းလာသူတို့အား ခြောက်လုံးပြူးများနှင့် ပစ်ခတ်ကြသဖြင့် ရဟန်းတော်များနှင့် လူပရိသတ်တို့ထိမှန်ပြီးလျှင် အချို့ဒဏ်ရာကြီးကျယ်စွာရရှိလေကြောင်း။

‘‘ဤကဲ့သို့ မစူးစမ်းမဆင်ခြင်ဘဲ အရမ်းမဲ့ ပုလိပ်များက သေနတ်နှင့်ပစ်ခတ်သောကြောင့် ပရိသတ်သည် ဖရိုဖရဲ ကစင့်ကရဲဖြစ်၍ ကြောက်ကြောက်လန့်လန့်နှင့် အမှားမှားအယွင်းယွင်း သတိလစ်ဟင်းခြင်းဖြစ်ရကြောင်း။ ထို့နောက် ပုလိပ်တို့၏မတရားနှိပ်စက်ခြင်းကို စိတ်ချုပ်တည်း၍ သည်းညည်းမခံနိုင်သူတို့က တုန့်ပြန်လက်စားချေရာ ခြောက်လုံးပြူးများ၊ နံပတ်ဒုတ်များနှင့် ကျောက်ခဲများဖြင့် ပစ်ခတ်ရိုက်နှက်သောပုလိပ်များက တဖက် လွင့်စင်လာသော အုတ်ကျိုးအုတ်ပဲ့နှင့်ပြန်ပစ်သော လူများက တဖက်၊ စစ်ပွဲကလေးတပွဲကဲ့သို့ အကြီးအကျယ် ပြိုင်ဆိုင်ဖြစ်ပွားလေရာ ၂ဦး ၂ဖက် ထိခိုက်နာကျင် သေကြေကြကြောင်း။

‘‘၎င်းပြင် လူများရှင်းသွားပြီးမှ အကူအပံ့ ပုလိပ်များနှင့် စစ်သားများရောက်လာသောအခါ နောက်ထပ်တကြိမ် ပြင်းထန်စွာရိုက်နှက် ပစ်ခတ်မှုဖြစ်ရပြန်သဖြင့် ဟုမ္မရူးဘက်သားများ အဘယ်မျှလောက် ထိခိုက်နာကျင်သည် ထုတ်ဖော်ပြောဆိုရန်မလို၊ လမ်းပေါ်၌ ကြည့်ရှုသူများနှင့်

လမ်းသွားလမ်းလာများကို လိုက်လံရိုက်နှက်ကြသဖြင့် အစိုးရဘက်သား များ ဘယ်လောက်ရက်စက် ကြမ်းကြုတ်သည်ကို သိရှိနိုင်ပါကြောင်း။

"ယင်းကဲ့သို့ အနိုင့်အထက်နှင့် အစိုးရအရာရှိများက လယ်နက် အားကိုး သောင်းကျန်းခြင်းပြုလုပ်ခြင်းသည် အခြားမဟုတ်။ ဦးဥတ္တမ ကိုယ်တော်ကြီးက အိန္ဒိယနှင့်မြန်မာပြည် မခွဲသင့်သေးဟူသောတရားကို ဟောကြားခြင်းမှ ပိတ်ပင်တားမြစ်ရန်ပြုလုပ်ခြင်းဖြစ်သည်ဟုပြောဆို မျှင် မှားနိုင်မည်မဟုတ်။ အချို့သောသူတို့က ညီညွတ်ရေးအစည်းအဝေးကို ဖျက်ဆီးရန်အတွက် ကြွရောက်လာသည်ဟု ဦးဥတ္တမအပေါ်၌ အပြစ် ပြောဆိုကြကြောင်း။

"၎င်းတို့ပြောဆိုခြင်းသည် ၎င်းတို့၏အပြစ် ကာကွယ်စိမ့်သောငှာ ဖြစ်လေသည်။ ဦးဥတ္တမသည် ညီညွတ်ရေးအစည်းအဝေးကို ဖျက်ဆီးရန် စိုးစဉ်းမျှပဓာနမထားခြင်းကိုကျွန်ုပ်တို့အသိဖြစ်သည်။ ညီညွတ်ရေးသမား များသည် စင်စစ်သော်ကား ၂၁ ဦးတို့၏ လက်အောက်ခံမျှသာဖြစ်၍ ၎င်းတို့သည် အစိုးရနှင့်ပေါင်းသင်းပြီးသကာလ မြန်မာပြည်ကို အိန္ဒိယနှင့် ခွဲရန် အားထုတ်နေကြသောကြောင့် အိန္ဒိယနှင့်မခွဲရန်အရေးအတွက် နား မယောင်ကြစေရန် မန္တလေးမြို့သို့ သွားရောက်ပြောရှင်းခြင်းမျှသာဖြစ်ပါ ကြောင်း။

"ယခု ညီညွတ်ရေးသမားတို့ ရှို့ပေးသော စနက်မီးကြောင့် မစ္စတာစတီးဝပ်နှင့် ၎င်း၏လက်အောက်ခံ အရာရှိတို့သည် ယောကျ်ား မိန်းမ၊ ကလေးသူငယ်မရွေး သေနတ်နှင့် အကြောင်းမဲ့ သက်သက် ပစ် ခတ်ခြင်းသည် အမ္ဗရစတာမြို့တွင် ဆာအိုဒွိုင်ယာနှင့် ဂျင်နရယ် ဒိုင်ယာ တို့က အိန္ဒိယနိုင်ငံသား ဥသေးဥမှား ယောကျ်ားမိန်းမ မကျန် ပိုးမွှား တိရစ္ဆာန်များကဲ့သို့ ရက်ရက်စက်စက် သိမ်းကြုံး သတ်ဖြတ်သော်လည်း နိုင်ငံတော် ငြိမ်ဝပ်ပိပြားအောင်လုပ်သည်ဟု ပြောဆိုဘိသကဲ့သို့ မြန်မာ အစိုးရတို့က အယူရှိကြမည်မှာ ယုံမှားသံသယ်မရှိကြောင်း။

"သို့သော် လွန်ခဲ့သော စနေနေ့က အရာရှိအချို့တို့၏ ရက်စက် ကြမ်းကြုတ်စွာပစ်ခတ် သတ်ဖြတ်ခြင်းဖြင့် ယိုဘက်နာကျင်သေကြေ ပျက်

စီးကြသော ဝံသာနုရဟန်းရှင်လူတို့၏ သွေးသည် မန္တလေးမြို့၏လမ်းများပေါ်တွင် စိုစွတ်ခဲ့လေသဖြင့် မြန်မာပြည် အစိုးရတို့သည် ရက်စက်ကြမ်းကြုတ်စွာ အုပ်ချုပ်ခြင်း ဖြစ်ကြောင်းကို ဟုတ်တိုင်းမှန်ရာ ဖော်ပြသောကြောင့် ၎င်းတို့အစား ရှက်ဖွယ်လိလိ ဖြစ်ပြီးလျှင် မြန်မာလူမျိုးတို့မှာ ကမ္ဘာကြေသော်လည်း မေ့နိုင်ဘွယ်ရာမဲ့ဟုတ်ကြောင်း အကြောင်းအားလျော်စွာ ဖော်ပြလိုက်ရပေသည်" လို့ ၁၂၈၆ ခု၊ ဝါခေါင်လဆုတ် ၆ ရက်နေ့ (၁၉၂၄ ခု၊ ဩဂုတ်လ ၂၀ ရက်နေ့) မှာ သတင်းပေးပါတယ်။

အဲဒီ အဓိကရုဏ်းနဲ့ပတ်သက်ပြီး မန္တလေးက ဂျီ-စီ-ဘီ-အေ ခေါင်းဆောင် အတော်များများ ထောင်ဒဏ် ၇ နှစ်အထိ ကြီးလေးစွာ အပြစ်ပေးတာကို ခံကြရတယ်။

နယ်ချဲ့သမားရဲ့ သေနတ်မှန်လို့ ပြန်လွန်တော်မူရတဲ့ရဟန်းတော် ဦးစန္ဒိမာရဲ့ဈာပနမှာ ဝံသာနု ခေါင်းဆောင်တွေက မတရားတဲ့ဖိနှိပ်မှုတွေကို ဖော်ထုတ်ဖွင့်ချပြီး လူတွေကခံမနေကြဘို့ လှုံ့ဆော်မှုများ ပြုကြပြန်ပါတယ်။အဲဒီမှာ အလွန်တက်တက်ကြွကြွ ဟောပြောစည်းရုံးတဲ့ ဆရာတော် ဦးဝိဇယနဲ့ဦးဆောင်တို့ကို နယ်ချဲ့သမားက ထောင် ၃နှစ်စီအပြစ်ပေးလိုက်ပါတယ်။ ဒါ့ကြောင့် ဆရာတော်ဟာ ထောင်ကျောင်းမှာ ၃ဝါ ဆိုရတာဖြစ်ပါတယ်။

ဆရာတော် ဦးဝိဇယဟာ ဝံသာနု လှုပ်ရှားမှုကြီးထဲမှာ ၃၅ နှစ်လောက်ပါဝင်ခဲ့ပြီး နိုင်ငံရေးက အနားယူနေတဲ့အချိန်၊ နိုင်ငံလဲလွတ်လပ်ရေးရပြီလို့ပြောတဲ့ အချိန်မှာ ပြည်သူ့ လှုပ်ရှားမှုကြီးထဲက သူ့အခန်းကဏ္ဍကို ပြန်လည်သုံးသပ်မှုများလဲ ရှိခဲ့ပုံပါဘဲ။ ဥပမာ "ဒို့လုပ်ခဲ့တာ ဘယ်လောက် ခရီးရောက်ခဲ့သလဲ"ဆိုတာမျိုးပေါ့။ပဟိုရ်စည်သတင်းစာက ၇ ကြိမ်မြောက် လွတ်လပ်ရေး အထူးထုတ်သတင်းစာအတွက် ဆရာတော်ဆီက ဆောင်းပါးတစောင် ချီးမြှင့်ဘို့ လျှောက်ထားတော့ ရေးပေးတဲ့ ဆောင်းပါးထဲမှာ "နှလုံးရည်ဖြင့် လှုံ့ဆော်ပေးခဲ့ကြသော ရဟန်းခေါင်းဆောင်တို့၏ ရည်ရွယ်ချက်မှာ မိမိတို့လက်ထက်တွင် လွတ်လပ်ရေးမရစေကာမူ မိမိတို့လှုံ့ဆော် ပေးသည့်အတွက် အုပ်ချုပ်ရေးလည်း တစတစ

ပြောင်းပေးလာရန်၊ အသိဉာဏ် ပွင့်လင်း၍ အကြောက်တရားလည်း ကင်းကြစေရန်၊ နိုင်ငံရေး တက်ကြွသော စိတ်ဓာတ်သွေးဓာတ် ကိုလည်း နောက်လူငယ်များသို့ ကူးစက်စေရန် ရည်ရွယ်ချက်ဖြင့် လှူ့ဒါန်းပေးကြခြင်းဖြစ်ပေသည်။ထိုရည်ရွယ်ချက် ၃ ခုလုံးထမြောက်အောင်မြင်ပေသည်" လို့ (၄၊၁၊၃၅)နေ့ထုတ် ပဟိုရ်စည်သတင်းစာမှာ ရေးသားပါတယ်။

တပည့်တော်တို့ ရှာဖွေတွေ့ရှိတဲ့ သတင်းပေါ့ဟာ ၁၉၄၂၊ ၁၂၀၆ခုက ၁၉၂၆ခု၊ ၁၂၈၈ ခု အတွင်းဆိုက သတင်းတွေများပါ တယ်။ အဲဒီအချိန်ကာလဟာ ဂျီစီဘီအေရဲ့ နိုင်ငံရေး မီးရလဲအဟက် ဆုံးအချိန်တွေပါ။

နောက်ပိုင်းကျကျမှာ တွေ့ရှိတဲ့ သတင်းတပုဒ်ကတော့ ဆရာကြီး သခင်ကိုယ်တော်မှိုင်းနဲ့ ဆက်စပ်နေပါတယ်။

## ဆရာတော်နဲ့ ဆရာကြီးသခင်ကိုယ်တော်မှိုင်း

ဆရာတော် ဦးဝိဇယဟာ ဆရာကြီး သခင်ကိုယ်တော်မှိုင်းထက် အသက် ၁၃နှစ် ငယ်ပါတယ်။ ဆရာကြီး အနိစ္စရောက်ပြီးလို့ ၄နှစ် ကြာမှ ဆရာတော်ပြန်တော်မူပါတယ်။

ဆရာတော် အမျိုးသား လွတ်လပ်ရေးအတွက် ဝံသာနုလုပ်ငန်း တွေကို ဂျီစီဘီအေ နဲ့အတူ တက်တက်ကြွကြွ ဆောင်ရွက်စဉ် အချိန်တုန်း က ဆရာကြီး သခင်ကိုယ်တော်မှိုင်းက နိုင်ငံရေးမှာ ကိုယ်ထိလက်ရောက် သိပ်မပါဝင်ဘဲ အမျိုးသား ကောလိပ်မှာဝင်ပြီး တာဝန် ယူတာမျိုး၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတွေကနေပြီး ကလောင်နဲ့ အမျိုးသား ညီညွတ်ရေးနဲ့ နယ်ချဲ့ ဆန့်ကျင်ရေးတွေကို လှုံ့ဆော်တိုက်ပွဲဝင်ပေးတာ မျိုးတွေဘဲ အများအားဖြင့် လုပ်ဆောင်တယ်။ သခင်နိုင်ငံရေးကျတော့မှ ဆရာကြီးက တက်တက်ကြွကြွ စတင်ပါဝင်လာတာ ဖြစ်ပါတယ်။

ဆရာတော်က ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားတဲ့အချိန်ကစပြီး နိုင်ငံ ရေးက အနားယူပါတယ်။ ဆရာကြီးကတော့ အဲဒီ အချိန်မှာ တော်လှန် ရေးထဲ ရောက်နေပါပြီ။ စစ်ပြီးလို့ လွတ်လပ်ရေးထိန်းသိမ်းဘို့ ငြိမ်းချမ်း

ရေးလိုအပ်လာပြန်တော့လဲ ဆရာကြီးက ငြိမ်းချမ်းရေး လှုပ်ရှားမှုကြီး ထဲမှာ အင်တိုက်အားတိုက် ရှက်ဆောင်နေတာဟာ အသက် ၉၀နားနီး နောက်ဆုံးအချိန်အထိပါဘဲ။

အဲဒီလို ဆရာတော်နဲ့ ဆရာကြီးတို့ ကိုယ့်လမ်းနဲ့ကိုယ် ရှက် ဆောင် ခဲ့ကြရာမှ တခါတော့ ဆရာကြီး သခင်ကိုယ်တော်မှိုင်းရဲ့ အသက် ၇၀ နှစ်ပြည့် မွေးနေ့ မန္တလေးမှာကျင်းပတော့ မန္တလေးက ငြိမ်းချမ်းရေး တပ်သားတွေက ဆရာတော် ဦးဝိဇယကိုပင့်ပြီး ဆရာကြီးအတွက် ထော မနာစကား မိန့်ကြားဘို့ လျှောက်ထားခဲ့ကြပါတယ်။

ဒီအခါ ကျစ္စာချောင်မှာဘဲ အေးအေးသိတင်းသုံးပြီး သာသနာ ရေးကိုသာ အလေးထားတော့တဲ့ ဆရာတော်ဦးဝိဇယက သူဟာ ဒုတိယ ကမ္ဘာစစ်ကြီး ဖြစ်ချိန်ကစပြီး ၃၅ နှစ်လုံး ကျင်လည်ခဲ့တဲ့ နိုင်ငံရေးက အနားယူပြီး ဇစ်ကိုင်းတောင်ရိုးမှာဘဲ အေးအေးဆေးဆေးနဲ့နေခဲ့တယ်။ သာသနာရေးကိစ္စတွေမှာတောင်မှ ထင်ပေါ်ကျော်ကြားမှုတွေကို ရှောင် လို့ရယင် ရှောင်နေခဲ့တယ်။ အခုတော့ ဆရာကြီးသခင်ကိုယ်တော်မှိုင်းကို ထောမနာစကား ပြောကြားပါလို့ဆိုလာတဲ့အတွက် 'တကာကြီးမှိုင်းဟာ ထောမနာထိုက်တဲ့ပုဂ္ဂိုလ်' ဟုတ်ရဲ့လား၊ မဟုတ်ဖူးလားဆိုတာကို အကြာ ကြီး စဉ်းစားပြီးမှ ထောမနာစကား ပြောကြားဘို့ လက်ခံလိုက်တာဖြစ် ပါတယ်လို့ ဆရာတော်က ပဌမပြောပါတယ်။

ပြီးတော့မှ ဆရာကြီးသခင်ကိုယ်တော်မှိုင်းကို ဆရာတော်က ဘယ် လိုမြင် ဘယ်လိုအကဲဖြတ်လိုက်ပါသလဲဆိုတော့ ဆရာကြီးသခင်ကိုယ်တော် မှိုင်းဟာ "ပုဂ္ဂလ ဝိသေသရှိခဲ့သူ၊ တိုင်းပြည်ကိုအလွန်ချစ်သူ၊ စေတနာဆိုး ဘယ်တော့မှ မထားဘဲ ဆောင်ရွက်သူ ဖြစ်တယ်"လို့ မိန့်ကြားသွားပါ တယ်။ ဆရာတော်ကြီးဦးဝိဇယရဲ့ နိုင်ငံရေးသက်တမ်း ၃၅-နှစ်အတွင်းမှာ ဆရာတော်ဟာ တိုင်းပြည်နဲ့လူမျိုး ကောင်းစားစေချင်တယ်ဆိုတဲ့ နိုင်ငံ ရေးသမား မြောက်မြားစွာနဲ့ လက်တွဲလုပ်ဆောင်ခဲ့ဘူးတယ်။ ဒီလူတွေထဲ မှာ တိုင်းပြည်နဲ့လူမျိုးအတွက် စေတနာမှန် တကယ်ထားနိုင်သူ ဘယ်နှစ် ယောက်သာရှိတယ်ဆိုတာကို ဆရာတော် အများကြီးသိခဲ့မှာကိုး။

ဆရာတော် ဦးဝိဇယကဆက်ပြီး ဆရာကြီးကို ဘယ်လို အမိန့်ရှိပါ သလဲဆိုတော့ "တကာကြီးမှိုင်းရဲ့ တဘဝလုံးဟာ ရေတိမ်ကို မရှောက်ဘဲ

ရေနက်ဘက်က အယူအဆ ခပ်ပြင်းပြင်းနဲ့ သွားသူဖြစ်တယ်”လို့ မိန့်ပါ သေးတယ်။ နိုင်ငံရေးလုပ်ဆောင်ကြရာမှာ ရေသာခိုယင် ဘယ်လို သက် သာတယ်၊ တိုက်ပွဲကို တကယ်ဝင်ယင် ဘယ်လို ရှိတယ်ဆိုတာ ဆရာတော် အသိဆုံးမှတ်လား။ အဲဒီတော့ ဆရာကြီး သခင်ကိုယ်တော်မှိုင်းကျင်လည် တဲ့ နိုင်ငံရေး သံသရာဟာ ဘယ်လို ခက်ရာခဲဆစ်တွေနဲ့ ဖြစ်တယ်ဆိုတာ ဆရာတော်က မြင်ပြီးသားပေါ့။

ဆရာကြီးဟာ“လက်ထိုးခံလိုတဲ့ စိတ်ဓာတ် လုံးဝမရှိဘဲ အနစ်နာ ခံမှုနဲ့ ရေသာ မခို ရာမှာ သူမတူတဲ့ ပုဂ္ဂိုလ်ဖြစ်တယ်။ ဒိုင်အာသီဘတ်၊ သပိတ်ခေတ်၊ သခင်ခေတ် စသဖြင့် ခေတ် အဆက်ဆက်မှာ ဆရာကြီးရဲ့ နိုင်ငံရေး ကြိုးပမ်းချက်တွေကိုပြောပြပြီး မဖောက်မပြား စိတ်ဓာတ် တည် ကြည်တဲ့ တကာကြီး မှိုင်း အသက်ရာကျော် ရှည်ပါစေလို့ ဆုတောင်း ပတ္ထနာပြုသွားတယ်လို့ ၁၃၁၅-ခု၊ တပေါင်းလဆုတ် ၁၅ရက်စနေနေ့ (၃၊၄၊၅၄)ထုတ် လူထုသတင်းစာမှာ ဖော်ပြထားပါတယ်။

ဆရာတော်ရဲ့ ဆရာကြီးအပေါ် ဝေဘန်ချက်ဟာကောင်းမွန် မှန်ကန်ပါတယ်။ ဆရာတော် ဒီလိုမြင်တာဟာ နိုင်ငံရေး လုပ်သက် ရင့်ခဲ့ တဲ့ ပုဂ္ဂိုလ်၊ ဆရာတော် ကိုယ်တိုင်က ကိုယ့်ကျိုး လုံးဝမဖက်ခဲ့ဘဲ တိုင်း ပြည်နဲ့ လူမျိုးအတွက် ကြီးမားတဲ့ မျိုးချစ်စိတ်ထားတဲ့ ပုဂ္ဂိုလ်မို့ ဖြစ်ပါ လိမ့်မယ်။

ဆရာတော်ဟာ ၁၉၆၇ ခု၊ သက်တော် ၇၀ အရမှာ မကျန်း မမာ ဖြစ်တာနဲ့ မန္တလေး ဆေးရုံကြီးကို ပင့်လာပြီး တက်ရောက် ကုသမှု ခံယူပါတယ်။ အဲဒီမှာ သံဃာ့ဆေးရုံပေါ်တင်ပြီး ဆရာဝန်ကြီး ဦးကွန်း သင်က ကြည့်ရှုကုသပေးပါတယ်။ တကာ တကာမများက မမာမကျန်း ဖြစ်နေတဲ့ ဆရာတော်ကို ဟောလစ်၊ နို့မှုန့်၊ ပုဏင်းများကပ်လှူပြီး ဘုဉ်း ပေးဘို့ တိုက်တွန်းကြပါတယ်။ အဲဒီအခါမှာ ဆရာတော်က ငါတသက်လုံး ဖျင်သင်္ကန်းနဲ့ နေလာတာ ခုမှ ဟောလစ်တွေ ပုတင်းတွေနဲ့ လာ တွေ့ နေရတယ်လို့ မိန့်ပါသေးသတဲ့။

ပြီးတော့ ဝိနည်းတော်ကို ရိုသေတဲ့ ဆရာတော်ဖြစ်လို့ ငါ့ကိုနင်တို့ **နတ်မတွေ့ မထိစေနဲ့လို့**လဲ သူနာပြုဖြစ်စေတော့ မာတုဂါမရဲ့ အကိုင်

အတွယ်ကို မခံလိုဘူးလို့ အမိန့်ရှိပါသေးသတဲ့။ ဆရာတော်ဟာ ကင်ဆာရောဂါလို့ ခန့်မှန်းရတဲ့ ရောဂါနဲ့ဘဲ(၁၄၊၁၊၆၇) ၁၃၂၉ ခု၊ ပြာသိုလဆန်း ၁၅ ရက် နေ့မှာ ပြန်လွန်တော် မူလို့ (၁၆၊ ၁၊ ၆၇) ပြာသိုလပြည့်ကျော် ၂ရက်နေ့မှာ ဆေးရုံကြီးက ဆင်ဖြူခံ သုသာန်မှာ အဂ္ဂိစျာပန ကျင်းပရပါတယ်။

ဆရာတော်ဟာ အမျိုး ဘာသာ သာသနာရေးသာမက ပဋိယတ်အရေးများမှာလဲ ထူးထူးခြားခြားရှိတဲ့ပုဂ္ဂိုလ်၊ဝိနည်းတော်ကိုလဲလေးစားဂရုပြုတဲ့ ဆရာတော်ဖြစ်တဲ့အတွက် ဆရာတော်ရဲ့ ဂုဏ်ထူးဝိသေသများကအများကြီးပါ။ ဒါပေမယ့် ဆရာတော်က တခြားလူက ချီးကျူးမယ်ဆိုယင် အသက်ထင်ရှားရှိတဲ့အချိန်မှာ "မျိုးချစ်စိတ်ဓာတ်ထက်သန်တယ်" ဆိုတဲ့ ဂုဏ်ပုဒ်တခုကိုသာ သူနှစ်သက်တယ်၊ ပြန်လွန်တဲ့အချိန် ကြိုက်ရာနဲ့ ဂုဏ်ပြုကြလို့ မိန့်ဆိုဘူးပါသတဲ့။

ယခု ပြန်လွန်တော်မူတာ ၉ နှစ်အပြည့်ဂုဏ်ကျေးဇူးတော် ပူဇော်ပွဲ ၁၀ကြိမ်မြောက်မှာတော့ ကျန်ရစ်သူ တပည့် သားမြေး တကာတကာမ အပေါင်းက ဆရာတော်ကြီးကို နှမြောတသမှု အပြေနဲ့ ခုလို တတ်အား သလောက် ချီးမြှောက်ပူဇော်ကြရတာ ဖြစ်ပါတယ်။

# ကျွန်ုပ်၏ ဆရာတော်ဘုရားကြီးနှင့်
# စစ်ကိုင်းတောင် သာသနာရေး ကိစ္စများ

စာတန်းရှင် ရွှေကိုင်းသား ဦးသောဘိတ

စစ်ကိုင်းတောင်ရိုး၊ အနုရုဒ္ဓါချောင် ဆရာတော်

ရေးသား ဖတ်ကြား ပူဇော်သည်

၁၃၃၈-ခု၊ ပြာသိုလပြည့်နေ့

(၁၉၇၇-ခု၊ ဇန်နဝါရီလ ၃-ရက် နေ့)



အနုရုဒ္ဓါ ဆရာတော် ဦးသေ[illegible]ိတ ( ရွှေကိုင်းသား ) က
'ကျစ္စာ ဆရာတော်ကြီး နှင့် စစ်ကိုင်းတောင်သာသနာရေး ကိစ္စ'
စာတန်းဖတ်ကြားနေစဉ်

# ကျစွာဆရာတော်ဘုရားကြီး နှင့် စစ်ကိုင်းတောင် သာသနာရေးကိစ္စများ

စာတန်းရှင် - ရွှေကိုင်းသား ဦးသောဘိတ

## ကျေးဇူးစကားဆိုရသော်

ကျေးဇူးရှင် ကျစွာ ဆရာတော်ဘုရားကြီး ဘဝနတ်ထံ ပြန်လွန်တော်မူသည့်နှစ်မှ ရေတွက်လျှင် ၉ နှစ်မြောက်၊ အကြိမ်မြောက်အားဖြင့်ဆိုလျှင် ၁၀ ကြိမ်မြောက် ဂုဏ်ကျေးဇူးတော်ပူဇော်ပွဲနှင့် စာတန်းဖတ်ဟောပြောပွဲတွင် '**ကျစွာဆရာတော်ကြီး နှင့် စစ်ကိုင်းတောင် သာသနာရေး ကိစ္စများ**' ခေါင်းစဉ်ဖြင့် စာတန်းကလေး ရေးသားချီးမြှင့် ဖတ်ကြားရန် ကျစွာချောင် ဘုန်းတော်ကြီး ဦးလက္ခဏက တလလောက်က တင်ကြိုပြီး ပန်ကြားခဲ့ပါသည်။

ဤနေရာတွင် ကျေးဇူးရှင် ကျစွာဆရာတော် ဘုရားကြီးနှင့် ပတ်သက်ပြီး ကျေးဇူးစကားကိုဆိုရသော် ဘုန်းကြီး ဦးလက္ခဏ ရွေးချယ်ပေးသည့် ခေါင်းစဉ်အတိုင်း စာတန်းရှင်လက်တွင် '**စစ်ကိုင်းတောင် သာသနာရေး ကိစ္စများ**' ခေါင်းစဉ်နှင့် ဖိုင်တခု ပြည့်ပြည့်စုံစုံ အသင့်ရှိနေပြီးဖြစ်ပါသည်။ ဤသို့အသင့်ရှိနေသည်မှာလည်း ကျေးဇူးရှင် ကျစွာဆရာတော် ဘုရားကြီး၏ နည်းပေးလမ်းပြအတိုင်း စာတန်းရှင်က လိုက်နာဆောင်ရွက်ခဲ့၍သာ အခြားပတ္တမြားစေတီဆိုင်ရာ ဖိုင်များနှင့်အတူ သိမ်းသန့်ဖိုင်တွဲ တခုအဖြစ်ဖြင့် ရှိနေခဲ့ခြင်းဖြစ်လေသည်။

စာတန်းရှင်တို့ ပါဝင်ဆောင်ရွက်ခဲ့ရသော ပတ္တမြားစေတီတော် ပြုပြင် စောင့်ရှောက်ရေး သံဃာ့အဖွဲ့ဝင်များသည် ပတ္တမြား စေတီအဖွဲ့ အပြင် 'သုဓမ္မာနိကာယအဖွဲ့'၊ 'ပဝါရဏာသံဃာ့အဖွဲ့'၊ 'စစ်ကိုင်းမြို့နယ်နှင့် ခရိုင်ကျောင်းထိုင် ဆရာတော်များအဖွဲ့'၊ 'စစ်ကိုင်းတောင်ရိုး ပြုပြင်စောင့် ရှောက်ရေး သံဃာ့အဖွဲ့ပေါင်းစုံ' စသော သာသနာရေးဆိုင်ရာ အဖွဲ့ဝင် များအဖြစ်ဖြင့်လည်း သက်ဆိုင်ရာ ကဏ္ဍအလိုက် ပါဝင်ဆောင်ရွက်ခဲ့ကြ ရလေသည်။ ထိုသို့အဖွဲ့ပေါင်းစုံတွင် ပါဝင်ခဲ့ရသောကြောင့် စည်းဝေး ဆုံးဖြတ်ချက်စသော မှတ်တမ်း မှတ်ချက်နှင့် လက်ကမ်း ကြော်ငြာမှအစ ရရှိလာသောအခါ ယင်းတို့ကို သက်ဆိုင်ရာဖိုင်အလိုက် စောစောစီးစီးက ဖိုင်တွဲမထားမိလျှင် နောင်အလိုရှိသောအခါ လွယ်လွယ်ကူကူနှင့် ရှာမရ ဖြစ်ချိမ့်မည်။ကောက်ရိုးပုံထဲကျသွားသည့် အပ်ကိုရှာရသလိုဖြစ်၍ အလုပ် ဖင့်နွှေးမည်။ ဒါ့ကြောင့် လက်ဖဝါးလောက်ဘဲဖြစ်ဖြစ် သက်ဆိုင်ရာဖိုင်တွဲ မှာ တွဲဖြစ်အောင် တွဲထားဘို့ စကားစပ်မိတိုင်း ဆရာတော်ဘုရားကြီးက မကြာခဏ သွန်သင်လျက်ရှိပါသည်။

ဆရာတော်ဘုရားကြီး ၏ ဤသွန်သင်ချက်ကို စာတန်းရှင်သည် ဦးထိပ်ထက်တွင် အမြဲပန်ဆင်ထားခဲ့သည့်အတိုင်း ကျေးဇူးရှင်ဆရာတော် ဘုရားကြီး၏ ဂုဏ်တော်ကျေးဇူးတော် ပူဇော်ကန်တော့ပွဲတွင် ဆရာတော် ဘုရားကြီး၏အလိုတော်ကျ ဖွဲ့သီထားခဲ့သည့် 'စစ်ကိုင်းတောင် သာသနာ ရေးကိစ္စများ' ဖိုင်နှင့် ပတ္တမြားစေတီဆိုင်ရာဖိုင်များတွင် အနှစ်နှစ်အလလ က သိုမှီးသိမ်းဆည်းထားခဲ့သည့် မှတ်စုမှတ်ရာ စာပဒေသာတို့ဖြင့် ဆရာ တော်ဘုရားကြီး၏ ဂုဏ်ပုဒ်တော်တွေကိုဖော်ထုတ်ကာ ပူဇော်ကန်တော့ခွင့် ရသောကြောင့် စီစဉ်ပေးသော ဘုန်းကြီး ဦးလက္ခဏကို ကျေးဇူးအထူး တင်ပါသည်။

## ပတ္တမြားစေတီအဖွဲ့ပေါ်ပေါက်လာရပုံ

စစ်ကိုင်းတောင် သာသနာရေးကိစ္စများကို တင်ပြရမည်ဆိုလျှင် ပတ္တမြားစေတီတော်အဖွဲ့ပေါ်ပေါက်လာပုံကစရပေမည်။နောက်ကြောင်း ပြန်ရလျှင် လွန်ခဲ့သည့် ၂၄နှစ်ခန့်ကဖြစ်ပါသည်။ ထွက်ရပ်ပေါက် ပဒူကြီး သဃ်ရာဇာတည်ခဲ့သည်ဆိုသော စစ်ကိုင်းတောင်ညွန်း ပေစာအရ ပတ္တမြား

စေတီတော် တည်ရှိရာဌာနကို လောကီဂိုဏ်းဝင်ပုဂ္ဂိုလ်တို့ မျက်စိကျခဲ့ကြသည်။ တနည်းအားဖြင့် စိတ်ဝင်စားခဲ့ကြသည်။ တပည့်တပန်းတွေနှင့် သိုက်သိုက်ဝန်းဝန်းအမြင်အထင်ခံပြီး ရောက်လာကြသူများရှိသလို ကိုယ်ရောင်ဖျောက်ပြီး တဦးချင်းအနေဖြင့် မထင်မရှား လာသူများလည်း ရှိလေသည်။ အချို့လည်း ရိုးရိုးတန်းတန်း အဓိဋ္ဌာန် ပုတီးလာစိပ်ကြသည်။ ကောင်းသောအလုပ်ပင်ဖြစ်၍ လူသာခုခေါ် နတ်သာခုခေါ် ပတ္တမြားစေတီတော်ကြီး ကိုလည်း ဘာမျှ မထိခိုက်ပေ။ သို့သော် ၁၃၁၅ ခု၊ တန်ဆောင်မုန်းလထဲကမူကား အရိယာရူပဝိဇ္ဇာဓိုရ် မာတ်တက်စဉ်နှင့် မနောမယိဒ္ဓိဝိဇ္ဇာဓိုရ်ပညာခွင်ဂိုဏ်းသားများသည် "သာသနာတော် နေလပမာ ထွန်းတောက်ပါစေသတည်း" ဟူသော ကြွေးကြော်သံဖြင့် ရောက်လာကြပြီးလျှင် ပတ္တမြားစေတီတော်ကြီး၏ အရိပ်ကိုခိုလှုံကာ ပတ္တမြားစေတီတော်ကြီးနှင့် စဉ်ပြိုင်စေတီငယ်တဆူ တည်ထားရန် ကြံရွယ်လာကြသည်။ သူတို့၏ ခါတ်စခန်းကတော့ ဝါးချက်ရွာမှာ ဖြစ်လေသည်။ ဒါကို ခါတ်တိုင်စိုက်သည်ဟုဆိုသည်။ တကယ်အားဖြင့်တော့ ဝါးချက်ရွာကို ခြေကုပ်ယူပြီး ပတ္တမြားစေတီတောင်တော်ကြီးကို အပိုင်စီးဘို့ပင် ဖြစ်လေသည်။

သူတို့၏လမ်းစဉ်ကို ကြည့်ပါဦး။ သူတို့၏လက်ကမ်းကြော်ငြာအရ သူတို့၏ လမ်းစဉ်ကိုသူတို့သုံးနှုန်းသည့် ဝေါဟာရနှင့်ဖော်ပြရမည်ဆိုလျှင် ခမည်းတော်ဘုရားရဲ့ ရွှေချက်သို ဘုရားတည်ဘို့တဲ့။ ဒါကို မနောမယိဒ္ဓိဝိဇ္ဇာဓိုရ်ပညာရှင် သိုက်ဝင်ရပ်လောင်းပိုင် တံဆိပ်ရ မဟာဗောဓိဆရှင် သီရိဇေယျပဏ္ဍိတ ကိုယ်တော်ဘုရားက အမိန့်ချတော်မူသည်တဲ့။ အမိန့်ကတော့ ...

"ဇေယျပဆ္စနတိုင်း စစ်ကိုင်းတောင်တန်းတွင်မြောက်အဘို့၌ အမြင့်ဆုံးဖြစ်၍တည်ရှိသော ပတ္တမြား တောင်ထွဋ်သည်ရှိ၏၊ ထိုတောင်ထွဋ်တွင် ပတ္တမြား စေတီတော်သည် တည်ရှိတော်မူလေသည်။ ထိုစေတီ၏ အင်္ဂါဒေါင့်အရပ်၌ အကြင် စကားပင်ကြီးတို့ သည်ရှိကုန်၏၊ ထိုစကားပင်တို့၏အကြား၌ ကိုယ်တော်ဘုရားသည် ၁၂၇၀ ခု၊ ပြာသိုလပြည့်ကျော် ၉ ရက် နံနက်နေတက်စက်နာရီ ၁၀ နာရီ၊ ၃၅ မိနစ်အချိန်တွင် မယ်တော်ဝမ်းမှ မီးရှူး သန့်စင်

ဖွံ့မြင်တော် မူလေသည်။ ထိုဌာနကို ကျောက်တိုင် အမှတ်ပြုခဲ့လေသည်။ ထိုနေရာကား (စကြာမင်းကလေး လွမ်းစေတီတော် ကျောက်တိုင်ဘုရား) နှင့် မျက်နှာချင်းဆိုင် အရှေ့ဘက်မှ ဖြစ်သည်။ထိုနေရာမှာ ပညာရှင်ပါရမီရှင်အပေါင်းတို့က ဉာဏ်တော်ဂတောင်ရှိသောစေတီတော်ကိုလှူနတ်ပြဟ္မာဝေနေယျာအပေါင်းတို့၏ အကျိုးစီးပွားအလို့ငှါ တည်ထောင်ကြရမည်။

''ထိုစေတီတော်၏ အောင်ဗုဒ္ဓစကြာရှင် ဇာတိဘုရားဖြစ်၍ ခမည်းတော်ဘုရား ရွှေချက်သို ဟု ဘွဲ့တော်တွင်စေရမည်။

''တန်ဆောင်မုန်းလပြည့်နေ့ မွန်းတည့်ချိန်တွင် ပန္နက်ချပွဲတော် ကျင်းပစေရမည်။

''ပြာသိုလပြည့်ကျော် ၉ ရက်နေ့ နံနက် စက် ၁၀နာရီ၊ ၃၅ မိနစ်အချိန်တွင် အုဋ်မြစ်ချပွဲတော်သဘင် ကျင်းပစေရမည်၊ စတင်တည်စေရမည်။

၁၃၁၆ ခုနှစ်၊ နှစ်ဆန်း ၁ ရက်နေ့နံနက် စက် ၁၀ နာရီ ၃၅ မိနစ်မှစတင်၍ ထီးတော်တင်လှူရာ မွန်းတည့်အချိန် ပြီးစီးအောင်မြင်ရမည်။

''ဗုဒ္ဓကိစ္စအရပ်ရပ်များပါ အားလုံးအုပ်ချုပ်ရန် ဘိုးတော်ကြီးများ တာဝန်ဖြစ်လေသည်။ ဦးစီးဆောင်ရွက်ရန် သားတော်ကြီး မဟာကေတုဇေယျသိဒ္ဓိ၏ တာဝန်ဖြစ်လေသည်။ အလုံးစုံသောကိစ္စများအောင်မြင် ပြည့်စုံရန်အတွက် ဓာတ်တိုင်ပိုင်များ၊ စခန်းထွက်ဆရာများ၊ တောကျင့်ဆရာများ၊ ပညာရှင် ပါရမီရှင်အားလုံးတို့၏ တာဝန်ဖြစ်လေသဖြင့် ညီညွတ်စွာ စွမ်းနိုင်သည့်ဘက်မှ အားထုတ် ကြရမည်ဖြစ်လေသည်။

ဝိဇ္ဇာပညာ နှစ်ပါးဖြင့် ဓာတ် နှစ်ပါးကို ဖွင့်နှိုး၍ စက်နှစ်ပါး တည်ကြပါစေသော်။ သခိ ဟောသ သဟာဆွေ ပုံနှိပ်တိုက်၊ ဈေးပိုင်း၊ လမ်း ၂၀၊ ပဲခူးမြို့''ဟူ၍ဖြစ်ပါသည်။ ဤစာပုံနှိပ်တိုက် တည်ရာနှင့် ကြော်ငြာခေါင်းစည်းတွင် ဖော်ပြထားသော **'ဓာတ်ရုံတော်ကြီး ဟံသာဝတီ**

ပြည်’ ဟူသောအမည်တို့က ပဲခူးမြို့ကို အခြေခံ ထားပုံ ဖော်ပြ ထားလေသည်။

ဂိုဏ်းဆရာများ၏ ဝါဒဖြန့်ချီချက်တွင် ဖော်ပြပါရှိသော ‘စကြာမင်းကလေး လှမ်းစေတီတော် ကျောက်တိုင်ဘုရား’မှာ ပတ္တမြား စေတီတော် တောင်ဘက် မုခ် အထွက် လမ်းအနောက်ဖက် ကပ်လျက် ရှိသော ရွှေးတောင်ဖီလာ ဆရာတော်များ၏ ဘေးမဲ့ပေးကျောက်တိုင်စေတီ ဖြစ်ပါသည်။ယင်းစေတီမျိုး ခိုတောင်ချောင်းပေါက်တွင်လည်း၊ ကျောင်းမှုတော်ဘုရားအနီး မန်ကျည်းစဉ်တွင် ကဆူအားဖြင့် ပေါင်းလေးဆူ ရှိပါသည်။ ရွှေးတောင်ဖီလာချောင်ဟောင်း တည်ရာမှဆိုလျှင် ပတ္တမြားစေတီအနီး ရှိ ကျောက်တိုင်ဘုရားမှ အရှေ့တောင်ထောင့် အရပ်မှာ တည်ရှိ နေပေသည်။ ထို့ကြောင့် ကျောက်တိုင်တွင် အရှေ့တောင်ထောင့်နယ်သတ်ဟု ကမ္ပည်းထိုးထားပါသည်။

ထိုအချိန်က ပတ္တမြားစေတီတော်ကြီးကို စံနစ်တကျတာဝန်ယူပြီး ထိန်းသိမ်း စောင့်ရှောက်သည့်အဖွဲ့ဟူ၍ မရှိသေးရကား ဂိုဏ်းသမားများ သူဝင်ကိုယ်ထွက်နှင့် ခြေကုပ်ယူနေကြသည့်အခါ ဖြစ်ပါသည်။ ရွှေးသမိုင်းကြောင်းတွေကိုပင် လိုသလိုပုံပြောင်းပြီး မသိနားမလည်သူတွေကို ဘဲ့ဆောင်ကာ သမိုင်းဘုရားကို ဂိုဏ်းဘုရားအဖြစ်သို့ ရောက်အောင် ကြံရွယ်လာကြခြင်း ဖြစ်ပေသည်။ ယင်းသို့ ဂိုဏ်းဆရာများ ခြေလှမ်းပြင်လာကြသောအခါ ပတ္တမြားစေတီတောင်တော်ရိပ်ကို ခိုလှုံကာ သိတင်းသုံးတော်မူနေကြသည့် သံဃာတော်တို့မှာ ဒေနေ၍မဖြစ်တော့ရကား ဒို့ဂါတေ့ ဒီလိုကြည့်နေလို့တော့မဖြစ်တော့ဘူး၊ အချိန်မှီ တားမဖြစ်တော့မည်ဟုဆိုပြီး စစ်ကိုင်းမြို့မ ဝိနိစ္ဆယနှင့် စစ်ကိုင်းခရိုင် ဝန်မင်းတို့အကူအညီဖြင့် ကားရပါတော့သည်။ ဒီတော့မှဘဲ ဂိုဏ်းဆရာများ လက်လျှော့ပြီး သူတို့စိပ်ကိန်းချထားသည့် ခမည်းတော်ဘုရားရဲ့ ရွှေချက်ယိုစေတီ ပန္နက်ချကားသည့် ၁၃၁၅-ခု၊ တန်ဆောင်မုန်းလပြည့်နေ့မှာပင် သံဃာတော်များယံ ဝန်ချတောင်းပန်ပြီးလျှင် ထွက်ခွာသွားကြပါတော့သည်။

ယင်းကဲ့သို့အလားတူကိစ္စမျိုး နောင်တွင် ပတ္တမြားစေတီဘုရားကြီး၏ အရာမ် ဥပစာနယ်မြေအတွင်းတွင် မပေါ်ပေါက်စေရန်နှင့် စေတီတော်

ကြီး၏ ကိုးတက်ရာ တိုးတက်ကြောင်းများကို အစဉ်သဖြင့် ရှေ့ရှု ဆောင်ရွက်သွားနိုင်ကြခြင်းငှာ ဝါးချက်ရွာသူကြီးအမှုးရှိသော ဂေါပကအဖွဲ့ကို စနစ်တကျ ဩဝါဒပေး၍ ထိန်းသိမ်းအုပ်ချုပ်သွားနိုင်မည့် သံဃာ့အဖွဲ့ကြီး တဖွဲ့ အမြဲတမ်းရှိနေသင့်သည်ဟူသော နာယက ကျေးဇူးရှင်ဆရာတော်ဘုရားကြီး၏ ဩဝါဒကိုခံယူကြပြီးလျှင် 'ပတ္တမြားစေတီတော် ပြုပြင် ဆောင်ရွက်ရေး သံဃာ့အဖွဲ့ကြီး' ကို မြန်မာသက္ကရာဇ် ၁၃၁၅ ခု၊ ပြာသိုလပြည့်နေ့တွင် စံနစ်တကျ ဖွဲ့စည်းတည်ထောင်လိုက်ကြလေသည်၊

စင်စစ်အားဖြင့် ဤပတ္တမြားစေတီသံဃာ့အဖွဲ့ကြီးသည် ၁၃၁၅ခု၊ ပြာသိုလပြည့်နေ့တွင်မှ ဘွားကနဲ ပေါ်ပေါက်လာခြင်းမျိုး မဟုတ်ပါ။ ဂိုဏ်းဆရာများလုပ်ရှားစဖြစ်သော တန်ဆောင်မုန်းလထဲကပင် အဖွဲ့ကြီး၏ ရှေ့ပြေးအနေဖြင့် ယာယီသံဃာ့အဖွဲ့ဖွဲ့ပြီးလျှင် ဂိုဏ်းဝင်တို့၏လုပ်ရပ်များကို မျက်ခြေမပြတ်စောင့်ကြည့်ခါ အကြောင်းကိစ္စပေါ်တိုင်း ကန့်ကွက်တားမြစ်ခဲ့ကြရလေသည်။ ထို့ကြောင့်လည်း ၁၃၁၅ ခု၊ တန်ဆောင်မုန်းလဆန်း ၉ ရက်နေ့ ညနေ နှစ်နာရီခွဲအချိန် ဝါးချက်ရွာကျောင်းတွင် ပြုလုပ်သော သံဃာတော်များနှင့် ဝါးချက်တိုက်နယ်သူကြီးအမှုးရှိသော ရပ်ရွာလူကြီးများ အစုံအညီတက်ရောက်ကြသည်၊ အစည်းအဝေးကြီးမှ စည်းဝေးချက်မှတ်တမ်း ၉(၁) ဆုံးဖြတ်ချက်(၁)တွင်—

(၁) အရိယာရူပဝိဇ္ဇာဓိုရ်ဓာတ်တက်စဉ် သာသနပြုဓာတ် မနောမယိဒ္ဓိဝိဇ္ဇာဓိုရ်ပညာခွင်-သတ္တဝါကယ်ဓာတ်၊ ဓာတ်ရုံတော်ကြီး၊ ဟံသာဝတီပြည် ထိုခေါင်းစဉ်တပ်လျက်ပါရှိသော ကြော်ငြာချက်အရ ပတ္တမြားစေတီတောင်ပေါ် နယ်နိမိတ်အတွင်း ဘုရားတည်ခြင်းစသော ပြုလုပ်မည့် အမှုကို ဤအစည်းအဝေးကြီးက လေးနက်စွာ ကန့်ကွက်ကြောင်း။ ထိုကန့်ကွက်ချက်ကို စစ်ကိုင်းအရေးပိုင်မင်းက အမြန်ဆုံးအရေးယူရန် ဆုံးဖြတ်ကြကြောင်း။

ဆုံးဖြတ်ချက်(၂)တွင် ဤအဖွဲ့၏ အခွင့်အမိန့်မရက ဤပတ္တမြားစေတီတောင်နယ်မြေနိမိတ်အတွင်း မည်သည့်အဆောက်အဦကိုမျှ မပြုလုပ်ရဟု ဆုံးဖြတ်ချက်ချကြပါသည်။ ဤဆုံးဖြတ်ချက်နှစ်ရပ်သည် ပတ္တမြားစေတီသံဃာ့အဖွဲ့ကြီး၏ အစည်းအဝေးမှတ်တမ်းများတွင် ပဌမဆုံးချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်ဖြစ်ပါသည်။

ထို့နောက် ၁၃၁၅ ခု၊ ပြာသိုလပြည့်နေ့၊ နေ့ ၂နာရီအချိန်တွင် ကျင်းပသည့် အစည်းအဝေးကြီးမှ ယခင် ယာယီတင်မြှောက်ပြီးသော ဥက္ကဋ္ဌ၊ အကျိုးဆောင်စသော အမှုဆောင်အဖွဲ့ဝင်များကို အသစ်တဖန် ထပ်မံ၍ တင်မြှောက် အတည်ပြုကြပါသည်။ ဤ ၁၃၁၅ ခု၊ ပြာသိုလပြည့်နေ့သည်ကား 'ပဋ္ဌာန်းမြားစေတီတော် ပူပြင် စောင့်ရှောက်ရေး သံဃာ့အဖွဲ့ကြီး' တရားဝင်ရပ်တည်သည့် သမိုင်းဝင်နေ့ကြီးအဖြစ် မှတ်ယူကြရပါမည်။

## မာလိန်မှူးကြီးနှင့်တူသည့် နာယက ကျစွာဆရာတော်

ဤနေရာတွင် အလွန်တရာမှ ကြုံကြိုက်တိုက်ဆိုင်နိုင်မှုသော ကြုံကြိုက်တိုက်ဆိုင်မှုကြီးတရပ်ကို စကားဦးသန်းပြီးတင်ပြပါရစေ။ ယင်းသည်မှာ အခြားမဟုတ်ပါ။

၁၃၁၅ ခု၊ ပြာသိုလပြည့်နေ့တွင် နာယက ကျစွာဆရာတော် ဘုရားကြီး၏ နည်းပေးလမ်းပြသြဝါဒဖြင့် ပဋ္ဌာန်းမြားစေတီ သံဃာ့အဖွဲ့ကြီး ပေါ်ပေါက်လာပါသည်။

ထို ပဋ္ဌာန်းမြားစေတီ သံဃာ့အဖွဲ့ကြီးကို ကည်ကောင် ပေးခဲ့သည့် နာယကကျစွာ ဆရာတော်ဘုရားကြီးသည် ၁၃၂၉ခု ပြာသို လပြည့်နေ့ နေ့ ၁နာရီ အချိန်မှာပင် သူခဲယဉ်းပင်ပန်းစွာ မွေးယုတ် ပေးခဲ့ရသည့် ပဋ္ဌာန်းမြားစေတီ သံဃာ့အဖွဲ့ကြီးနှင့် တပည့်တပန်းအားလုံးတို့ကို အပြီး တိုင်စွန့်ခွါပြီး ဘဝနတ်နန်းသို့ စံမြန်းခိုလှုံ သွားပါတော့သည်။

ပဋ္ဌာန်းမြားစေတီ သံဃာ့အဖွဲ့ကြီးကို "ခဲယဉ်းပင်ပန်းစွာမွေးထုတ် ပေးခဲ့ရသည်" ဆိုသည်မှာ စကားအနေဖြင့် တင်စားပြီးဆိုရသမျှမဟုတ်။ တကယ်လည်း ခဲယဉ်းစွာ ထူထောင် ပေးသွားရခြင်းကို ရည်ညွှန်းပြီးပြော ခြင်းဖြစ်လေသည်။ ယင်းသည်ကို သာမန်အားဖြင့်မမြင်နိုင်ပါ။ ကိုယ်တိုင် ပါဝင်လှုပ်ရှားပြီး တွေ့ကြုံရသမျှတွေကိုလည်း တေးတေးမှတ်မှတ်ပြုထား ပါမှ မြင်နိုင်မည်။

ပဌမ သာသနနယ်မြေအတွင်း ထိုးပေါက် ဝင်ရောက်လာသော ဂိုဏ်းသားများနှင့်ရင်ဆိုင်ရသည်။ ညီညွတ်သောသံဃာအားပြုင့် ပြိုခွင်း

ပစ်ရသည်။ တခါလူငယ်များပြုပြင်ရေးအဖွဲ့ အမည်ဖြင့် ပတ္တမြားစေတီဘုရားတွင်အလှူခံနေသူများကို သံဃာ့လက်အောက်ခံ ဂေါပကအဖွဲ့တွင် ဥက္ကဋ္ဌရာထူးပေးပြီး သိမ်းသွင်းသည်မရပါ။ သူတို့အဖွဲ့၏ ခေါင်းဆောင်လုပ်သူ အခြေအနေက တစထက်တစ သံဃာနှင့်ဝေးဝေး သွားတော့လေရာ နောက်ဆုံးတွင် သပိတ်မှောက် ကံထိုက်သည်အထိ ဖြစ်သွားပါသည်။ စံပြဖြစ်ရမည့် သံဃာ့အဖွဲ့ကြီးအနေကလည်း ဆရာတော်ဘုရားကြီး စိတ်ရှည်ရှည် ဇွဲကောင်းကောင်းနှင့် အကိုင်အတွယ် လိမ္မာ၍သာ သက်ဆိုးရှည်ရသည်ဟုဆိုချင်သည်။ အသင်းအဖွဲ့ မည်သည် ကိုယ်ဖြစ်ချင်သလိုမဖြစ်နိုင်၊ အများဆန္ဒအတိုင်းသာ ဖြစ်ရသည်ကို သဘောမပေါက်သူတို့ကလည်း ကိုယ့်အလိုဆန္ဒ မပြည့်ဝတိုင်း အဖွဲ့မှ နုတ်ထွက်စာတင်တတ်ကြပါသည်။ ထိုအခါ ဆရာတော်ကြီးက "ကိုယ်တော်တို့ အဖွဲ့ကထွက်ဖို့တော့ စိတ်မကူးကြနဲ့၊ အဖွဲ့ဝင်တိုင်းဟာ ရာသက်ပန်အသင်းသားလို့ မှတ်ကြရမယ်။ တပည့်တော် ကိုယ်တိုင်လည်း ဒီအတိုင်း ခံယူထားပါတယ်"ဟု ပြောလျက်ရှိပါသည်။ ဆရာတော် ဘုရားကြီးသည် ပြောသည့် အတိုင်း ၁၃၁၅ခု ပြာသိုလပြည့်နေ့ကစပြီး ၁၃၂၉ခု ပြာသိုလပြည့်နေ့တိုင်အောင် ၁၄နှစ်တင်းတင်းပြည့်၍ ပြန်လွန်တော်မူသည့်နေ့အထိ နာယကအနေဖြင့် အလွန်ကိုင်ရအတွယ်ရခက်သည့် ပတ္တမြားစေတီသံဃာ့အဖွဲ့ကြီးကို ကျွမ်းကျင်လိမ္မာလှစွာသော မာလိန်မှူးကြီးသဖွယ် ကိုယ်လိုရာခရီးသို့ ရောက်အောင် ပဲ့ကိုင်ပြီး ထိန်းသိမ်း သွားခဲ့ပါသည်။

## အဟံ ပဋ္ဌမံ

အဖွဲ့အစည်းနှင့်ပတ်သက်ပြီး အသင်းသားတိုင်း နိုးနိုးကြားကြားနှင့် ထထကြွကြွ ရှိနေသင့်သည်ကိုလည်း ဆရာတော်ကြီး မကြာမကြာ ရွတ်ဆို သတိပေးလေ့ရှိသော "အဟံ ပဋ္ဌမံ" ကို အနည်းငယ် တင်ပြချင်ပါသည်။ ဤစာတန်းမှာ အချိန်ကိုလုပြီး ဖတ်ရမှာမို့ လိုချင်လိုပေမည်။ သို့သော် အကြောင်းအချက်ပြည့်ပြည့်စုံစုံနှင့် မှန်ကန်ဘို့အရေးကြီးသည်။ သို့ဖြစ်၍ မှတ်တမ်းမှတ်စုများအပြင် အစည်းအဝေး မှတ်တမ်းများကိုပြန်ကြည့်ရသည်။ အစည်းအဝေး မှတ်တမ်းဆိုသည်မှာ အဖွဲ့တွင် အခြားစာရင်းအင်းများနှင့် ရှိနေသည့်ထားမြဲဖြစ်သော မှတ်တမ်း စာအုပ်မျိုး

မဟုတ်ပါ။ အစည်းအဝေး ၄င်းစာ ကျောဘက်တွင် ရေးမှတ်ထားသည့် ကိုယ်ပိုင် မှတ်တမ်းများ ဖြစ်ပါသည်။ ယင်း မှတ်တမ်းများမှာ မျက်မြင်ကိုယ်တွေ့နှင့် ကိုယ်တိုင်ခံစားရခြင်းများကိုပါ ရေးမှတ်ခြင်းဖြစ်ပါသည်။ ယင်းမှတ်တမ်းများတွင် အစည်းအဝေးဖွင့်ချိန်ကို အမြဲလိုလို ဖော်ပြလေ့ရှိပါသည်။ သို့ရာတွင် အစည်းအဝေး ပင့်ထားသည့်အတိုင်း ဘယ်တော့မျှအစည်းအဝေးကို မဖွင့်နိုင်။ နောက်ကျပြီးမှ ဖွင့်ရသည်သာ များလေသည်။ ယင်းတို့ကို နမူနာအဖြစ် ဖော်ပြရမည်ဆိုလျှင်....

၁၃၁၀ ခု၊ တော်သလင်းလဆန်း ၅ ရက်၊ နေ့ ၁ နာရီအချိန် ကျစ္စာချောင်တွင် အစည်းအဝေးခေါ်ထားရာ သံဃာမစုံတတ်၍ ၂နာရီ ကျော်မှ အစည်းအဝေးဖွင့်ရသည်။ ၁၃၁၉-ခု၊ ဝါဆိုလဆုတ် ၁၂ ရက် နေ့ ၁ နာရီအချိန် မဟာသစ်ဝင်ချောင်တွင် အစည်းအဝေးခေါ်ထားရာ သံဃာမစုံ၍ နေ့ ၂နာရီမှ အစည်းအဝေးဖွင့်ရသည်။ ၁၃၁၀ ခု၊ ဝါဆို လဆုတ် ၈ရက်၊ ၁၂နာရီအချိန် ပတ္တမြားစေတီတောင်ပေါ်တွင် အစည်း အဝေးခေါ်ထားရာ သံဃာမစုံတတ်၍ ၃နာရီ ၄၅မိနစ်မှ အစည်းအဝေး ဖွင့်ရသည်။ ယင်းအစည်းအဝေးမှာ ပျော်ဘွေးဒကာကြောင့် စေတီတော် ကြီးနှင့်တကွ အာရုံခံစသောအဆောက်အဦများကို အဖွဲ့ဝင်သံဃာများက မျက်မြင်ကိုယ်တွေ့လေ့လာကြပြီးမှ ဦးစားပေးပြီး ဆောင်ရွက်သင့်သည့် အဆောက်အဦကို အများသဘောတူ ဆုံးဖြတ်ပေးရမည့် အစည်းအဝေး ဖြစ်သည်။ အဖွဲ့ဝင်သံဃာ ၁၇ ပါးရှိသည့် အနက် ၇ ပါးသာကြွလာ၍ တဝက်မျှမရှိပေ။ ၁၃၁၀ ခု၊ နယုန်လဆုတ် ၈ရက်နေ့ ကျစ္စာချောင်တွင် ကျင်းပသော နှစ်ပတ်လည်အစည်းအဝေးကြီး၏စည်းဝေးချက်မှတ်တမ်း ၁၆ ဆုံးဖြတ်ချက်အမှတ် ၇အရဆိုလျှင် အစည်းအဝေး မမြောက်သော ကြောင့် ဘာမျှမဆုံးဖြတ်နိုင်ပေ။ သို့သော် ခြွင်းချက်အနေဖြင့် ဆန္ဒပေး လိုက်သောပုဂ္ဂိုလ်သည် အစည်းအဝေးသို့ ကိုယ်တိုင် တက်ရောက်သော ပုဂ္ဂိုလ်များ၏ စာရင်းတွင် အပါအဝင် ဖြစ်စေနိုင်ရမည်။၎င်းပြင် အစည်း အဝေး ဆုံးဖြတ်ချက် အရပ်ရပ်တို့ကိုလည်း သဘောတူညီပြီး ဖြစ်စေရ မည်ဟူသော စည်းမျဉ်းဥပဒေအရ ထိုနေ့က ဆန္ဒပေးလိုက်ကြသော ပုဂ္ဂိုလ်များပါ ရေတွက်လျှင်တဝက်ကျော်သောကြောင့် အစည်းအဝေး ဖွင့်ပြီးလျှင် လိုအပ်သည်များကို ဆုံးဖြတ်ကြရတော့သည်။

ဤသို့လျှင်စည်းဝေးတိုင်း စည်းဝေးကိုင်လိုလို အချိန်မှီမကျင်းပ နိုင်သောအခါ နောက်ကျသည့် ပုဂ္ဂိုလ်များကို ဆရာတော်က "ကိုယ် တော်တို့ အပါယပဋိဋ္ဌမ် ကို ဥုံခံပြီး မရှုတ်ကြဘဲကိုး" ဟု ခနဲ့ တတ်ပါသည်။ မဟာပရိနိဗ္ဗာန သုတ်လာ အပရိဟာနိယတရား ၇ ပါးတွင် ဒုတိယပိုဒ် ဖြစ်သော သမဂ္ဂါပုဒ်ကို အကျယ်ဖွင့်ပြရာ၌ ဝဇ္ဇီမင်းတို့သည် တစုံတခု သော အရေးအခင်း ပေါ်ပေါက်လာသည်ရှိသော် ထိုအရေးအခင်းကို ဘယ်သူသွားပြီး ဆောင်ရွက်ကြမလဲဟု မေးလေ့ရှိသည်။ ထိုအခါ ဝဇ္ဇီ မင်းတို့သည် "အပါယပဋိဋ္ဌမ် အပါယပဋိဋ္ဌမ် ငါရှေးဦးစွာသွားပြီး ဆောင်ရွက် မည်၊ ငါရှေးဦးစွာသွားပြီး ဆောင်ရွက်မည်" ဟု သူ့ထက်ငါ တာဝန်ယူ ကြသောကြောင့် ဝဇ္ဇီမင်းတို့သည် မဆုတ်မယုတ် တိုးတက် ကြီးပွားကြ သည်ဟု ဟောတော်မူသည်။

ဤအတူပင် ကျစွာ ဆရာတော်ဘုရားကြီးသည် ပတ္တမြားစေတီ သံဃာ့အဖွဲ့ကြီးကို စံနစ်တကျတိုးတက်စေလိုသည်။ ထို့ကြောင့်လဲ အခါ အခွင့်ဆိုက်တိုင်း ဘုရားဟောပါဠိတော်နှင့် အဖွင့်ကျမ်းများမှရင်း၊ သူ၏ ဘဝကိုယ်တွေ့များဖြင့်ရင်း ပြောဆိုဆုံးမလေ့ရှိပါသည်။ ထို့ကြောင့်လဲ ပတ္တမြားစေတီ သံဃာ့အဖွဲ့ကြီးသည်အခြား အဖွဲ့အစည်းများနည်းတူ ချို့ယွင်းချက်များရှိနေစေကာမူ ဆရာတော်ကြီး၏ ကျွမ်းကျင်လိမ္မာစွာ ကိုင်တွယ်ပြီး ဦးဆောင်မှု ပေးနိုင်ခဲ့သောကြောင့် အများအလယ်တွင် မျက်နှာမငယ်ဘဲ ထယ်ထယ်ဝါဝါဝင့်ကြွားစွာဖြင့် ရပ်တည်နေနိုင်ခဲ့ခြင်း ဖြစ်လေသည်။

## ပတ္တမြားစေတီသံဃာ့အဖွဲ့နှင့် အခြားသာသနာရေးအဖွဲ့များ

"ပတ္တမြားစေတီသံဃာ့အဖွဲ့သည် အဖွဲ့ဝင်များကို ဝါးချက်ရွာ တိုက်နယ်အတွင်း ပတ္တမြားစေတီဘုရားကြီး၏တောင်တော်နယ်မြေ ဥပစာ အတွင်း၌ အမြဲနေထိုင်သီတင်းသုံးတော်မူသော ပုဂ္ဂိုလ်ဖြစ်စေရမည်" ဟု အခြေခံဥပဒေစည်းမျဉ်းတွင် ကန့်သတ်ထားသော်လည်း သူ့ချည်း ထီး တည်းကြီးရပ်တည်နေသည်မဟုတ်။ သာသနာရေးဆိုင်ရာ ကိစ္စရပ်များ ပေါ်ပေါက်လာပါက ဝင်ရောက်ပူးပေါင်းဆောင်ရွက်နိုင်ရန် အဖွဲ့ခွဲများ တည်ထောင်ထားပေသည်။

နမူနာအားဖြင့် တင်ပြရမည်ဆိုလျှင် ၁၃၁၈ ခု၊ နယုန်လပြည့်ကျော် ၈ ရက်နေ့က ကျစ္စာချောင်တွင်ပြုလုပ်သော ပတ္တမြားစေတီ သံဃာ့အဖွဲ့ နှစ်ပတ်လည်အစည်းအဝေးတွင် ဘုရားကိစ္စများကို ဆွေးနွေးကြပြီးနောက် နာယက ကျစ္စာဆရာတော်ဘုရားကြီး၏ဩဝါဒကိုခံယူကြပြီးလျှင် 'ဝါးချက်ရွာတိုက်နယ် ကျောင်းထိုင်ဆရာတော်များအဖွဲ့'ကို တည်ထောင်တော်မူကြသည်။ ထို့နောက် အဖွဲ့ဝင်ကျောင်းတိုက်များ တဖြည်းဖြည်းများပြားလာသောအခါ ရှင်ဖြူရှင်လှ စောင်းတန်းကြီးမှ မြောက်ဖက်တတန်းကို နယ်သိမ်းပြီးလျှင် 'စစ်ကိုင်းတောင်ရိုး မြောက်ပိုင်းလုံးဆိုင်ရာကျောင်းထိုင်ဆရာတော်များအဖွဲ့'ဟူ၍ တိုးချဲ့ဖွဲ့စည်းတော်မူကြပါသည်။ ယင်းမြောက်ပိုင်းလုံးဆိုင်ရာအဖွဲ့တွင် တောင်မှမြောက်သို့ (၁)ဝါးချက်တိုက်နယ်၊ (၂)အာလောင်တိုက်နယ်၊ (၃)ပါယ်ငါးဆယ်တိုက်နယ်၊ (၄) ချောင်းပေါက်တိုက်နယ်၊ (၅)ကျောက်တာတိုက်နယ်များပါဝင်သည်။ ဤမြောက်ပိုင်းလုံးဆိုင်ရာ ကျောင်းထိုင်ဆရာတော်များအဖွဲ့ကိုပင် 'စစ်ကိုင်းမြို့နယ် ကျောင်းထိုင် ဆရာတော်များအဖွဲ့'ဟူ၍ ကျောင်းထိုင်ဆရာတော်များအဖွဲ့ ဖွဲ့စည်းပုံစံနစ်အရ ပြင်ဆင်လိုက်ပါသည်။

ထို့နောက် ၁၃၂၃ခု တန်ဆောင်မုန်းလပြည့်ကျော် ၅ရက်နေ့တွင် (၁)စစ်ကိုင်းမြို့နယ်၊ (၂)မြင်းမူမြို့နယ်၊ (၃)မြောင်မြို့နယ်၊ (၄)ငါန်းဇွန်မြို့နယ် ကိုယ်စားလှယ်တော်များသည် စစ်ကိုင်းတောင် အထက်မင်းဘူးချောင်တွင် တွေ့ဆုံဆွေးနွေးကြပြီးလျှင် 'စစ်ကိုင်းခရိုင်ကျောင်းထိုင်ဆရာတော်များအဖွဲ့'ကို ၁၃၂၃ခုနှစ်တွင် အောင်မြင်စွာဖွဲ့စည်းလိုက်ကြပါသည်။

## စစ်ကိုင်း တောင်ရိုး ပြုပြင်စောင့်ရှောက်ရေး သံဃာ့အဖွဲ့ပေါင်းစုံ

၁၃၂၃ခု ဝါခေါင်လဆန်း ၁၄ရက် (၂၅၊၈၊၁၉၆၁)နေ့က ဥမင်ကိုးဆယ်အဆင်း ခြေတော်ရာ တန်ဆောင်းအနီးတွင် ဘုရားဖူးတစုအလုခံရသည့်အရေးအခင်းကို အကြောင်းပြုကာ ၁၃၂၃ခု ဝါခေါင်လဆုတ် ၈ရက်နေ့ (၃၊၉၊၁၉၆၁)တွင် ပုညရှင်ရင်ပြင်တော်၌ ပြုပြင်စောင့်ရှောက်ရေး အဖွဲ့ပေါင်းစုံ တွေ့ဆုံ ဆွေးနွေးကြပြီးလျှင် စစ်ကိုင်းတောင်ရိုးကြီး၏ သာသနာတော် စည်ပင်ပြန့်ပွားရေးအတွက် ရွေးရှုပြီး

ဆောင်ရွက်လျက်ရှိကြသော ပြုပြင်စောင့်ရှောက်ရေး သံဃာ့အဖွဲ့များသည် စေတနာနှင့်လုပ်ငန်းရပ်ချင်းတူညီမှုရှိကြသဖြင့် စစ်ကိုင်းတောင်ရိုး သာသနာရေးကိစ္စရပ်များအတွက် ပူးပေါင်းဆောင်ရွက်ကြရန် ဟူသော ရည်မှန်းချက်ဖြင့် 'စစ်ကိုင်း တောင်ရိုး ပြုပြင်စောင့်ရှောက်ရေး သံဃာ့အဖွဲ့ပေါင်းစုံ'ကို ဖွဲ့စည်း လိုက်ကြပါသည်။

ဤသံဃာ့အဖွဲ့ပေါင်းစုံတွင် ၁၊ ပတ္တမြားစေတီသံဃာ့အဖွဲ့။ ၂၊ ဥမင်သုံးဆယ်သံဃာ့အဖွဲ့။ ၃၊ ဥမင်ကိုးဆယ်သံဃာ့အဖွဲ့။ ၄၊ ဆုတောင်းပြည့်သံဃာ့အဖွဲ့။ ၅၊ ပုညရှင်သံဃာ့အဖွဲ့။ ၆၊ ဝိဇ္ဇာမိုရ်သံဃာ့အဖွဲ့။ ၇၊ လှမ်းစေတီသံဃာ့အဖွဲ့။ ၈၊ လေးကျွန်း မာရ်အောင် သံဃာ့အဖွဲ့။ ၉၊ ရှင်ဖြူရှင်လှသံဃာ့အဖွဲ့နှင့် ၁၀၊ မကိုဋ္ဌဆရာတော်လမ်း ပြုပြင်ရေး အဖွဲ့တို့ပါဝင်ကြလေသည်။

ဤအဖွဲ့ပေါင်းစုံတို့က အနယ်နယ် အရပ်ရပ်မှ ရောက်ရှိလာကြသော ဘုရားဖူးများ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာနှင့် အလိုရှိရာဘုရားပုထိုးများကိုဘေးအန္တရာယ်ကင်းရှင်းစွာလှည့်လည်ဖူးမြော်နိုင်ရေးအတွက် တောင်ပုညရှင်ခြသေ့တကောင် စောင်းတန်းဦးမှ မြောက်ကို ပတ္တမြားစေတီ မြစ်ကမ်းတလျှောက်တွင်၎င်း၊ သရက်ပင်ဆိပ်မှ မြောက်ရှင်ဖြူရှင်လှ ဝါးချက်ထိ တာဝန်ယူ၍ စောင့်ရှောက် ပေးကြရန်နှင့် ဘုရားဖူးများကလဲ အချိန်အခါနှင့်နေရာဒေသအလိုက် ဝတ်စားဆင်ယင်ကြရန်၊ ၎င်းပြင်မြန်မာ့ယဉ်ကျေးမှုနှင့် မဟပ်သောဝတ်စား ဆင်ယင်မှု၊ သောက်စားမူးယစ်မှုများကို မပြုလုပ်ကြရန်နှင့် တောင်ရိုးကင်းဂတ်ကလဲ တောင်ပေါ်တောင်အောက် နေ့ကင်း ညကင်းထားပြီး စောင့်ရှောက်ပေးကြရန်ကို မေတ္တာရပ်ခံခဲ့လေသည်။

သာသနာရေးနှင့် ပတ်သက်၍လဲ ဆုံးဖြတ်ချက် (၅) တွင် ဗုဒ္ဓသာသနာတော်ကို နိုင်ငံတော် ဘာသာအဖြစ် လွှတ်တော် နှစ်ရပ်ပေါင်း ဆုံးဖြတ်အတည်ပြုပေးသည်ကို သာဓုအနုမောဒနာခေါ်ကြောင်း'။

ဆုံးဖြတ်ချက် (၆)တွင် ဗုဒ္ဓဘာသာသာသနာတော်ကို နိုင်ငံတော် ဘာသာအဖြစ် ပြဋ္ဌာန်းပေးလိုက်သော ဝါခေါင်လပြည့်နေ့ကို နိုင်ငံတော် ဘာသာနေ့အဖြစ် သတ်မှတ်ပေးရန်၊

ဆုံးဖြတ်ချက်(၇)တွင် ဗုဒ္ဓဘာသာကို နိုင်ငံတော် ဘာသာသာသနာအဖြစ် ပြဋ္ဌာန်းပေးပြီးသည်နှင့်အညီ စစ်ကိုင်းတောင်၊ မင်းဝံတောင်၊ မင်းကွန်းတောင် အပါအဝင် စစ်ကိုင်းတောင်တန်းတခုလုံးကို သာသနာ့နယ်မြေအဖြစ် သတ်မှတ်ပေးရန်၊

ဆုံးဖြတ်ချက်(၈)တွင် စစ်ကိုင်းတောင်ရိုး နယ်မြေအတွင်း၌ ငှက်များကို ဘေးမဲ့ထားပြီး ပစ်ခတ်သတ်ဖြတ်ခြင်း မပြုစေရန်နှင့် ရှေးမင်းများကဲ့သို့ စစ်ကိုင်းတောင်ရိုးနယ်မြေနှင့် စပ်လျက်ရှိသော ဧရာဝတီမြစ်ကမ်းတလျှောက်နှင့် မြစ်စွတ်အင်းများကို ဘေးမဲ့ပေးရန် မေတ္တာရပ်ခံကြောင်း ဆုံးဖြတ်တော်မူကြပါသည်။

ဤဆုံးဖြတ်ချက်များမှာ ယနေ့အဘို့တွင် အဓိပ္ပာယ် မရှိတော့ဟု ပြောမည်ဆိုက ပြောနိုင်ကြပါသည်။ သို့သော် ထိုအချိန်ကမူကား ခေတ်ကာလဒေသနှင့် ကိုက်ညီသော ဆုံးဖြတ်ချက်များဖြစ်ခဲ့ကြပါသည်။

ဤတွင် နိဂုံးချုပ် အနေဖြင့် တင်ပြရမည် ဆိုလျှင် ဖော်ပြခဲ့ပြီးသော စစ်ကိုင်းတောင်ရိုး သာသနာရေးကိစ္စအရပ်ရပ်တို့တွင် ကျေးဇူးရှင်ဖြစ်တော်မူသော ကျစွာဆရာတော်ဘုရားကြီး၏ အမည်နာမတော်ကိုမသုံးသပ်ဘဲ တင်ပြခဲ့သည်ကို သတိပြုမိကြပေလိမ့်မည်။ ယင်းမှာ ဆရာတော်ကြီး၏ အလိုကျဖြစ်ပါသည်။

ဆရာတော်ကြီးကိုယ်တိုင်ကလည်း....

"မိမိသည် စစ်ကြီးဖြစ်ချိန်မှစ၍ ၃၅ နှစ် လုံးလုံး ကျင်လည်ခဲ့သော နိုင်ငံရေးမှ အနားယူခဲ့သည်မှာ ယနေ့အထိဖြစ်ကြောင်း။ စစ်ကိုင်းတောင်ရိုး၌ အေးချမ်းစွာ နေခဲ့ပြီး သာသနာရေး ကိစ္စ များတွင် ပင်လျှင် ထင်ပေါ်ကျော်ကြားမှုကို ရှောင်ရှား၍ အနားယူနေကြောင်း" ဖြင့် ၁၃၁၅ ခု၊ တပေါင်းလပြည့်ကျော် ၁၄ရက် (၂-၄-၅၄)နေ့က မန္တလေးမြို့ သကျသီဟဘုရားတွင် ဆရာကြီးသခင်ကိုယ်တော်မှိုင်း မွေးနေ့ ၇၈နှစ် အထိမ်းအမှတ်ပွဲတွင် ဆရာကြီးအား ထောမနာစကားပြောကြားရာ၌ စကားပလ္လင်ခံခဲ့သည်နှင့်အညီ ထင်ပေါ်ကျော်ကြားမှုကို ရှောင်ရှားခဲ့သည်မှာ အမှန်ပင်ဖြစ်ပါသည်။ သို့ရာတွင် သာသနာရေးကိစ္စရပ်များကို

ကြောင့်ကြမှု နေခဲ့သည်ကား မဟုတ်ပေ။ အမြဲတန်း ကြောင့်ကြစိုက်ပြီး တပည့်သားမြေးတို့ကို သွန်သင်ဆုံးမ ဩဝါဒ ပေးလျက် ရှိနေပါသည်။ စာတန်းရှင်တင်ပြခဲ့သည့် ပတ္တမြားစေတီတော်ပူပြင်စောင့်ရှောက်ရေးတို့၊ ကျောင်းထိုင်ဆရာတော်များအဖွဲ့တို့ကို ကျေးလက်အဖွဲ့မှ မြို့နယ်၊ မြို့နယ်မှ ခရိုင်၊ ခရိုင်မှ ထက်အောက် ကျောင်းထိုင် ဆရာတော်များ အဖွဲ့ကြီးနှင့် ဆက်သွယ်သည်အထိ နည်းပေးလမ်းပြ ပြုလုပ်ခဲ့ ပေသည်။ စာတန်းရှင်တို့ရဲ့ အဖွဲ့အသီးသီး စံနစ်တကျ တိုးတက်မှု ရရှိခဲ့ သည်မှာလည်း ဆရာတော်ကြီး၏ အမြဲတစေ လမ်းညွှန် ပေးမှုကြောင့်သာ ဖြစ်ပါသည်။ ဆရာတော်ကြီး၏ ကျေးဇူးကိုကားမမေ့နိုင်သလို ဆပ်၍လည်းမကုန်နိုင်အောင် ကြီးမားလှ ပါပေသတည်း။

ရွှေကိုင်းသား ဦးသောဘိတ
စာတန်းရှင်

အနုရုဒ္ဒါချောင်၊ စစ်ကိုင်းတောင်။

၁၃၃၀ ခု၊ ပြာသိုလပြည့်နေ့။

မန္တလေးမြို့၊ ပတ်ကုံးပျော်ဘွယ်ရပ် နယူးစီဗီလိုင်း ဝိဇိတာရုံ ကျောင်းတိုက်
ဝိဇိတာရုံ နာယကချုပ် ဆရာတော်ဘုရား
တင်သွင်းအပ်သော

---

# ကျဋ္ဌာမဟာ ထေရဂဏကထာ အဖြာဖြာ
# စာတန်း

---

ဝိဇိတာရုံ တိုက်အုပ်ဆရာတော် အရှင်ဝိစာရိန္ဒ
ဖတ်ကြားပူဇော်သည်။



မန္တလေး ဝိဇိတာရုံကျောင်းတိုက် တိုက်အုပ် ဆရာတော် အရှင်ဝိစာရိန္ဒ က
'ကျစ္စာ မဟာထေရဂုဏကထာ အဖြာဖြာ စာတန်း'ကို
ဖတ်ကြား ပူဇော် နေစဉ်

၁၃၃၈ ခု၊ ပြာသိုလပြည့်နေ့(၃၊၁၊၇၇)
စစ်ကိုင်းတောင်ရိုး၊ ကျစ္စဆရာတော်ဘုရားကြီး၏
၁၀ ကြိမ်မြောက်ဂုဏ်ကျေးဇူးတော်ပူဇော်ပွဲ၌
မန္တလေးမြို့၊ ပတ်ကုံးပျော်ဘွယ်ရပ်၊ နယူး စီ-ဗီလိုင်း၊
ဝိဇိတာရုံကျောင်းတိုက်
ဝိဇိတာရုံ နာယကချုပ်ဆရာတော်ဘုရား တင်သွင်းအပ်သော

## ကျစ္စ မဟာထေရဂုဏကထာ အဖြာဖြာ စာတန်း

### ကျစ္စဆရာတော်ကြီး သင်ပေးတဲ့ဆုပေးတပုဒ်

ဇကော မနော ပသာဒေါ၊
သရဏ ဂမန မဉ္ဇလိ ပဏာမော ဝါ။
ဥဿဟတေ တာရယိတုံ၊
မာရဗလ နိသူဒနေ ဗုဒ္ဓေ။

မာရဗလ နိသူဒနေ-ပါပမိစ္ဆာ နတ်မာယာ၏ များစွာ သောင်းသောင်း ကိုလေသာတည်းဟူသော အဇ္ဈတ္တရန်သူအပေါင်း ဗဟိဒ္ဓရန်သူအပေါင်းတို့ကို နှိမ်နင်းနိုင်သော၊ ဗုဒ္ဓေဝါ ဘုရားရတနာ၌၎င်း၊ ဓမ္မေဝါ-တရား ရတနာ၌၎င်း၊ သံဃေဝါ-သံဃာရတနာ၌၎င်း၊ ဧကော-တ[illegible]မ်တခါ၊ မနောပသာဒေါစ-စိတ်၌ ကြည်ညိုရခြင်း သည်၎င်း၊ ဧကံ-တကြိမ်တခါ၊ သရဏံဂမနံ-ဆည်းကပ် ကိုးကွယ်ရခြင်းသည်၎င်း၊ ဧကော-တကြိမ်တခါ၊ အဉ္ဇလိပဏာမောဝါ-လက်စုံမိုး၍ ရှိခိုးဦးတင်သရခြင်း သည်၎င်း၊ တာရယိတုံ-အပါယ်လေးပါး သွားဘို့အရေး မသွားသေးနှင့်ဟု ပိဘ်ပင်တားမြစ်ခြင်းငှာ၊ ဥဿဟတေ-စင်စစ်မသွေ ကတ်စွမ်း နိုင်ပေ၏။

ခါကိုင်းတော့ ရိုးရိုးပေးနေကြ ဆုပေးအတိုင်း ပေးလိုက်တာက များပါတယ်။ ကနေ့ ဒီဂါထာကို ရွတ်ဆိုပြီး ဆုပေးအနေနဲ့ ပေးလိုက်ရတာကတော့ အခု ၁၀-နှစ်မြောက် အထိမ်းအမှတ် ဂုဏ်ကျေးဇူးတော် ပူဇော်ပွဲကျင်းပ ပူဇော်နေတဲ့ ကျေးဇူးရှင် ကျစွာ ဆရာတော်ကြီးနဲ့ ဆက်စပ်နေလို့ပါဘဲ။ ကျစွာဆရာတော်ကြီးနဲ့ ဘယ်လိုဆက်စပ်နေသလဲ ဆိုတော့....

လွန်ခဲ့တဲ့ နှစ်ပေါင်း ၆၀-ကျော်ခန့်လောက်က ကျစွာ ဆရာတော်ကြီးက ၇-၀ါ၊ ၈-၀ါ၊ ဆရာတော်တို့က ၁၇-နှစ်၊ ၁၈-နှစ်သားလောက်ဆိုပါတော့။ အဲဒီအချိန် အစိုးရ ပဋ္ဌမပြန် စာမေးပွဲကလဲ ဘာသာပြန်ကို မိလိန္ဒပဉှာ ပါဠိတော်ကြီးကို ပြဋ္ဌာန်း ထားတယ်။ အဲဒီ မိလိန္ဒပဉှာ ပါဠိတော်ဆိုတာကလဲ အဲဒီအချိန်က နိဿယ မရှိသေးဘူး။ နောက်မှ အရှင်အာဒိစ္စဝံသ မော်လမြိုင် ကြံခင်းကျောင်းနေစဉ် နိဿယရေးလို့ နိဿယပေါ်ထွက် လာတယ်။

သိကြတဲ့အတိုင်းပေါ့ မိလိန္ဒပဉှာ ဆိုတာက ခက်လဲ ခက်တဲ့ကျမ်း။ တော်တော့ အခြေခံနဲ့ တော်တော့ပုဂ္ဂိုလ် အနက်ထင်နိုင်ဘို့လွယ်တဲ့ကျမ်း မဟုတ်ဖူး။ မေဏ္ဍကပဉှာခန်းများ သာခက်သေးတယ်။

ပဋ္ဌမလတ်တန်း ဘာသာပြန်အတွက်ဆိုတော့ ဆရာတော်တို့ကလဲ မိလိန္ဒပဉှာ တက်ရမှာကိုး။ အဲဒီ အချိန်မှာ ကျစွာဆရာတော်ကြီးကလဲ စစ်ကိုင်းတောင် ရက္ခမူချောင် သီတင်းသုံးနေတော့ ကျစွာဆရာတော်ကြီးကို ချပို့ပေးရန် လျှောက်ထားပြီး ကျစွာဆရာတော်ကြီးထံ မိလိန္ဒပဉှာပါဠိတော်ကြီးကို တက်ခဲ့ရတယ်။

အဲဒီစာတက်ခဲ့စဉ်က ဒီဆုပေးလိုက်တဲ့ဂါထာကို သင်ပေးခဲ့တယ်။ ဒါကြောင့် ကျစွာဆရာတော်ကြီးယယ်ယက ကိုယ်တိုင်သင်ကြားပေးခဲ့တဲ့ ဂါထာဖြစ်လို့ အနက်လဲ ဒီဆရာတော်ကြီး သင်ပေးခဲ့တဲ့အနက်ဘဲ။ ဆရာတော်ကြီးရဲ့ ဂုဏ်ကျေးဇူးတော် ပူဇော်ပွဲမှာ ဆုပေး အနေနဲ့လဲပြီးစီး၊ ဒီဂါထာနဲ့ ကျစွာဆရာတော်ဟာ ဒွန်တွဲနေတာဖြစ်တော့ ဆရာတော်ကြီးကိုလဲ ပူဇော်ရာကျလဲကျ နှစ်ဖက်ရအနေနဲ့ မပါလျှင်မပြီး နိုင်တဲ့ဂါထာဖြစ်နေလို့ ဒီဂါထာကို ပဏ္ဏာမခံပြီး ဆုပေးအနေနဲ့ ရွတ်ဆိုပူဇော်လိုက်ရတယ်။

ဒီဂါထာကလဲ ရာဇဂြိုဟ်ပြည် 'တမ္ဗဒါဌိက'ဆိုတဲ့ သူသတ်သမားကြီး အကြောင်းပြုဖြစ်ပေါ်လာတာ။ တမ္ဗဒါဌိက သေလွန်မယ့် နေ့မှာ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးကချွတ်ဘို့ရာအချိန်တန်ပြီ၊ ယနေ့ငါကြွမသွားခဲ့ယင် တမ္ဗဒါဌိကအဝီစိသွားဘို့ရာ သေချာနေပြီ၊ အဝီစိရောက်ဖို့တန်းနေပြီ၊ ငါကြွရောက်ပြီး ကယ်တင်ချွေချွတ်မှ ဖြစ်တော့မယ်လို့ အကြံဖြစ်ပြီး....

အငြိမ်းစားယူပြီး အဝတ်သစ်တွေဝတ်ဆင် စားကောင်းသောက်ဖွယ်တွေ စားသောက်ဖို့ ပြင်ဆင်နေဆဲအချိန်မှာ တမ္ဗဒါဌိကထံ ကြွသွားတယ်။ တမ္ဗဒါဌိကလဲ မထေရ်မြတ်ကိုမြင်တော့ ကြည်လင် ဝမ်းမြောက်သောစိတ်ဖြစ်လာပြီး သောက်တော့မယ့်နို့ ယာဂုစသည်ကိုလှူဒါန်းတယ်။ မထေရ်မြတ်က တမ္ဗဒါဌိကအား တရားအနုမောဒနာပြုရန် အားသစ်တော်မူတယ်....။ ဒါပေမယ့် တမ္ဗဒါဌိကက တရား၌စိတ်မစွဲနိုင်ဘဲဖြစ်နေတယ်။

မထေရ်မြတ်က ဒါကိုသိလို့ "တမ္ဗဒါဌိက သင်တရားတော်၌ စိတ်မစွဲဘဲဖြစ်နေသလား"လို့ မိန့်တော်မူလိုက်တော့ "မှန်လှပါ တပည့်တော်အနှစ် ၅၀ တိုင်တိုင်များစွာသော လူတို့ကို သတ်ဖြတ်ခဲ့ရပါတယ်၊ ကြမ်းကြုတ်သောအမှုကို ပြုခဲ့မိပါတယ်၊ ထိုမကောင်းမှုတွေကို အောက်မေ့နေမိပါတယ်၊ ထိုမကောင်းမှုတွေဟာ တပည့်တော်မှာအပြစ်ရှိပါသလားဘုရား"လို့ လျှောက်ထားလိုက်တယ်။ဒီတော့ မထေရ်မြတ်က ဓမ္မဝဍ္ဍနာနဲ့ လှည့်ပတ်လိုက်တယ်။ ဓမ္မဝဍ္ဍနာဆိုတာ အာပတ်မသင့်ဘူးတဲ့။

ဘယ်လို ဓမ္မဝဍ္ဍနာနဲ့ လှည့်ပတ်သလဲဆိုတော့ "တမ္ဗဒါဌိကတဲ့ သင်ဟာသင်ကိုယ်တိုင် သတ်လိုလို့သတ်သလား၊သို့မဟုတ် တစုံတယောက်သောသူက အသက်ခိုင်းလို့ သတ်သလား"လို့ မေးလိုက်တော့...."မှန်လှပါ တပည့်တော်က သတ်ရလို့ အခကြေးငွေရတဲ့သူပါဘုရား၊ မျူးကြီးမတ်ရာ သေနာပတိတွေတရားရုံးတွေက သတ်စေလို့အမိန့်ချမှတ်မှ သတ်ရတဲ့သူပါဘုရား"လို့ လျှောက်ထားလိုက်တော့ မထေရ်မြတ်က ဘယ်လိုတရားနဲ့ လှည့်ပတ်လိုက်သလဲဆိုတော့ "တမ္ဗဒါဌိကတဲ့ သင် သတ်လိုလို့ သတ်တာမှ မဟုတ်ဘဲဘဲ သင့်မှာ အပြစ်ရှိပါ့မလား၊ သင့်မှာအပြစ်ဖြစ်ပါ့မလား" လို့ မိန့်လိုက်တော့ ပညာနုံ့တဲ့သူ ဖြစ်တဲ့အတိုင်း ငါ့မှာအပြစ်

မရှိဘူးတဲ့၊ သူများက အသတ်ခိုင်းလို့သတ်တာ အပြစ် မရှိဘူးလို့ထင် သွားပြီး ငါ့မှာအပြစ်မရှိဘူးဟဲ့ဆိုပြီးစိတ်ကြည်လင်သန့်ရှင်း အေးမြသွား သတဲ့။

အဲဒီအချိန်မှာ ကြည်လင်သန့်ရှင်း အေးမြတဲ့စိတ်နဲ့ မထေရ်မြတ် ရဲ့တရားကို ဆက်လက်နာကြားလိုက်တာ နာကြားပဉ်ဘဲ အနုလောမခန္တီ လို့ခေါ်တဲ့ မဂ်အားလျော်စွာ ရှေ့အဘို့၌ဖြစ်တဲ့ ဝိပဿနာဉာဏ်ဖြစ်သွား တယ်။ အနုလောမခန္တီဉာဏ်ကို ရသွားတယ်။

အဲဒီနေ့ဘဲ တမ္ဗဒါဌိကဟာ သေလွန်လို့ တုသိတာနတ်ပြည်သို့ ရောက်သွားတယ်။

တမ္ဗဒါဌိကဟာ တသက်လုံးဆိုကြပါစို့ ကြမ်းကြုတ်စွာ လူတွေ သတ်လာခဲ့တာ သေမယ့်နေ့ မထေရ်မြတ်ကြီးရဲ့ကျေးဇူးကြောင့်—

လကျာ်တော်ရံ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးတည်းဟူသော သံဃာရတနာနှင့်တကွ မထေရ်မြတ်ကြီးဟောကြားတဲ့ တရားတော်တည်း ဟူသော ဓမ္မရတနာများကို—

ကောမနော ပသာဒေါ-တကြိမ်ထဲ စိတ်နဲ့ ကြည်ညိုလိုက်ရတဲ့ ကုသိုလ်၊

ကော် သရဏံ ဂမနံ - တကြိမ်ထဲ ဆည်းကပ် ကိုးကွယ် လိုက်ရတဲ့ ကုသိုလ်၊

ကော အဥ္ဇလိ ပဏာမော-တကြိမ်ထဲ လက်စုံမိုးပြီး ရှိခိုးဦးတင် သလိုက်ရတဲ့ကုသိုလ်ကလေးကဝင်ပြီးတော့ တားလိုက်တော့—

အဝီစိငရဲကျအောင် သွားမယ့် လူသတ်သမားကြီးဟာ၊ အပါယ် လေးပါးလားရတော့မယ့် လူသတ်ကောင် အကုသိုလ်တုံးကြီး အကုသိုလ် ခဲကြီး အကုသိုလ်နှစ်ကြီးဖြစ်တဲ့ တမ္ဗဒါဌိကဟာ.... ချမ်းချမ်းသာသာနဲ့ စုတေသေလွန်ပြီးတော့ တုသိတာနတ်နန်း၌ စံမြန်းရရှာတယ်။ ။ လေးနက်တယ်နော၊

ဒို့ယခုရောက်လာကြတဲ့ ဆရာတော် သံဃာတော်တွေ၊ သီလရှင် ဆရာတွေ၊ ကျောင်းဒကာ ကျောင်းအမတွေက တနေ့ ၂ကြိမ်၊၃ကြိမ် ဘုရားရှိခိုးနေတာ ဘယ်မှာ အပါယ်လေးပါး လားနိုင်ကြပါ့မလဲ။

ဟော..... ကျစ္စာဆရာတော်ကြီးများလဲ ငယ်စဉ်တုန်းက တနေ့ ဗြကြိမ် ဘုရားရှိခိုးတယ်။

ကျစ္စာဆရာတော်အငယ်ဖြစ်တဲ့ ဒီက ဆရာတော်များလဲ စစ်ကိုင်း ရတနာ့မာရ်အောင်နေစဉ်က တနေ့ ဗြကြိမ် ရှိခိုးခဲ့ပါတယ်။ ကျစ္စာဆရာ တော်ကြီး အတုယူပြီးတော့ ရှိခိုးလိုက်တာ ပန်းနဲ့ ရေချမ်းနဲ့။

မန္တလေးကျတော့ အရွယ်ကကြီးလာလို့ ၃ကြိမ်ပဲ ရှိခိုးနိုင်တော့ တယ်။ ၃ကြိမ်ရောသွားတယ်။ ။ထားလိုက်ပါကော့။

ပြောလိုယင်းအဓိပ္ပါယ်က ကျစ္စာဆရာတော်ကြီး သင်ကြားပေး သွားတဲ့ ဂါထာအနက်မို့ ကောင်းမွန်လှလို့ ဒီနေရာမှာ ကျစ္စာဆရာ တော်ကြီးပူဇော်တဲ့ပွဲမှာထဲ့ပြီး ချီးပြီးပြောနေရတယ်။

## ကျစ္စာ ဆရာတော်ကြီး၏ ဇွဲလုံ့လ

၂။ (က) ထို့ပြင် ကျစ္စာ ဆရာတော်ကြီးရဲ့ စိတ်ဓာတ်တော်ဟာ ဟိုအထက် မန်လည်မြို့က ကျော်ဇောတဲ့ မန်လည် ဆရာတော်ကြီးရဲ့ စိတ် ဓာတ်မျိုး စိတ်ထားမျိုး၊ စိတ်ထားက တယ် ထက်သန်တယ်။ မန်လည် ဆရာတော်ကြီးဟာ အထက် အညာ ချောင်ကျတဲ့ တောအရပ်မှာ သူ့ ဘာသာ နေတော်မူတာဘဲ။

ဒါပေမယ့် စာနဲ့မျက်စိတော့ ဘယ်တော့မှမပြတ်ဖူး။ ဘယ်ဆရာ ဆီမှ သိပ်သင်ကြား နေရတာလဲ မဟုတ်ဖူး။ ဒီမန်လည်ဆရာတော် ဘုရား ကြီးရဲ့ အတ္ထုပ္ပတ္တိဖတ်တော့ မန္တလေးမြို့ အနောက်ပြင် ထီးလင်းတိုက်မှာ တဝါထဲဆိုဘူးတယ်၊ ပဋ္ဌာန်း လာလုပ်တယ်လို့ သိရတယ်။

သူ့ဟာသူကြည့်တာနဲ့ ပါဠိ မာဂဓ သက္ကဋတွေ ဗေဒင် နက္ခတ် ကျမ်းတွေ ဆေးကျမ်း ဓာတ်ကျမ်းတွေ အားလုံးကို တတ်တာ နားလည် တာဘဲ။

မန်လည်ဆရာတော်ကြီးက စာကြည့်တဲ့အခါ သူ့ဟာသူ သူ့လက် နဲ့ ခြေထောက်ကို တိုင်မှာကြိုးနဲ့ချည်ပြီး စာကြည့်သတဲ့။

နာကျင်အောင် မဟုတ်ဖူးနော်၊ တဲရုံ သဘောပေါ့။ ဟိုဟို ဒီဒီ မသွား ဖြစ်အောင် စာကြည့် တွင်ကျယ်အောင်၊ ဉာဏ်ရွှေရရ သမာဓိရရ

စာကြည့်နိုင်အောင် လိုတဲ့သဘောပေါ့။ ဒို့ကျေးဇူးရှင် ကျစ္စာ ဆရာတော်ကြီးလဲ အဲဒီလို ဇွဲမျိုးရှိတယ်။ ကြိုးနဲ့ ချည်တာတော့ မမြင် လိုက်ရဘူး။ ဒါပေမယ့် လုပ်တဲ့အလုပ်ကို လုပ်မိယင် ဘယ်တော့မှမလျှော့ဘူး။စာလုပ်တဲ့အခါမှာလဲ မလျှော့ဘူး။ စာမတတ်မနေဘူးဆိုတဲ့ ဇွဲနဲ့ လုပ်တယ်။

နိုင်ငံရေးလုပ်တဲ့နေရာမှာလဲ မလျှော့ဘူး။

ဒါ့ကြောင့် ခပ်ငယ်ငယ်ကထဲက ပါဠိ ဒီဂရီများတဲ့ မျက်မှန်ကြီးစွပ်နေရတာ။ စာကြည့်လွန်းလို့ စာကြည့်များလို့။ အလကားကိုနေတယ် မရှိဘူး။ အမြဲစာကြည့်နေတာဘဲ။ စာနဲ့ မျက်စိနဲ့ ပြတ်တယ်လို့ မရှိဘူး။ ဒါ့ကြောင့် ကျစ္စာ ဆရာတော်ကြီးဟာ မန်လည် ဆရာတော်ကြီးရဲ့ စိတ်ဓာတ်မျိုး၊ စိတ်ထားမျိုး၊ ဇွဲလုံ့လ ဝီရိယမျိုး ရှိတယ်လို့ ပြောရခြင်း ဖြစ်တယ်။

၂။ (၁) ဒီကပရိသတ်အားလုံးသိကြပါတယ်။ထရံကာဆရာကြီး ဦးအုန်းညွန့်ဆိုတာ ဆရာတော်တို့ ဆရာကြီးပါ။ ရတနာမာရ်အောင် နေ့တုန်းက ၂၀ါတိတိ စာလိုက်ခဲ့ဘူးပါတယ်။ အဲဒီ ဆရာကြီး ဦးအုန်းညွန့်ရဲ့သား ဆရာတော် ဦးဝိသုဒ္ဓိလဲ အဲဒီဇွဲမျိုး ရှိတယ်။

ခေါင်းအုံးပြောင့်ပြောင့်ကလေးပေါ်မှာ အုန်းသီး တင်ထားတယ်။ အဲဒီအုန်းသီးကို ခေါင်းအုံးပြီး စာပြန်တယ်။ အိပ်ငိုက်လို့ အုန်းသီးပေါ်က လိမ့်ကျပေမယ့် ခေါင်းအုံးက အပြောင့်ဆိုတော့မနာဘူး၊ကျလာတာနဲ့ တပြိုင်နက် စာပြန်တာဘဲ။

အဲဒီလို ဆရာတော် ဦးဝိသုဒ္ဓိဟာ အုန်းသီး ခေါင်းအုံးပြီး စာပြန်တဲ့ ကိုယ်တော်။ ဒါ့ကြောင့် စာလဲသိပ်ပြီးတော်တာဘဲ။ အဲဒီဆရာတော် ဦးဝိသုဒ္ဓိလို ဇွဲမျိုး ကျစ္စာဆရာတော်ကြီးမှာ ရှိတယ်။

ဆရာတော်ကြီးရဲ့ ဂုဏ်တော် ကျေးဇူးတော်တွေကိုပြောဟောပြီး ဆရာတော်ကြီးကို ပူဇော်တာလဲတကြောင်းပေါ့။ လာကြတဲ့ ပရိသတ်တွေလဲ ဆရာတော်ရဲ့နည်းကိုယူဘို့ အတုခိုးဘို့ ဆရာတော်ကြီးရဲ့စိတ်ထားမျိုး ဇွဲလုံ့လ ဝီရိယမျိုးလဲ ရှိဘို့ပေါ့ ပြောနေရတာ....

## ကျနစ္စာမှ ကျစ္စာသို့

ဒီ ကျစ္စာချောင်နဲ့ စပ်ပြီး....

ကျစ္စာ ဆိုတာက ပုဂံပြည်က ပိဋကတ်ကျမ်းဂန်တတ် ကျစ္စာမင်းကြီး ဆိုတာတဦး၊ စစ်ကိုင်းက ပိဋကတ် ကျမ်းဂန်တတ် ကျစ္စာ မင်းကြီး ဆိုတာတဦး၊ အဲဒီလို ကျစ္စာ နာမယ်ခံ ၂ဦး ရှိနေတယ်။

ဒါနဲ့ ကျစ္စာ ဆရာတော်ကြီး ရှိစဉ်က မေးမြန်း လိုက်ပါတယ်။ ဆရာတော်ဘုရား ဒီ ကျစ္စာချောင်ဆိုတာ ပုဂံပြေက ကျစ္စာမင်းကြီး တည်ထောင်တဲ့ ချောင်ပါလား၊ သို့မဟုတ် စစ်ကိုင်းက ကျစ္စာမင်းကြီး တည်ထောင်တဲ့ ချောင်ပါလား ဘုရားလို့ မေးလျှောက်လိုက်ဖူးတယ်။ ကျစ္စာ ဆရာတော်ကြီးက စစ်ကိုင်း ကျစ္စာအမတ်ကြီး တည်ထောင် ဆောက်လုပ် ကိုးကွယ်သွားတဲ့ချောင်လို့ ဖြေကြားသွားပါတယ်။ ဒါ့ကြောင့် ဒီချောင်ဟာ ကျစ္စာအမတ်ကြီး တည်ထောင်သွားတဲ့ ချောင်လို့မှတ်ရမယ်။

ဒီ 'ကျစ္စာ'ဆိုတဲ့ ပုဒ်နဲ့စပ်လို့ ဒို့မဟာ ဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီးက သူရေးသားတော်မူတဲ့ သရိုင်ရွှာ မဟာစေတီလုကျောက်စာ ဂ နံပတ် ဂါထာအနက်မှာ "ကျစ္စာရညာ-ကျမ်းဂန်ပိဋကတ် ကျနလိမ္မာသော ကျစ္စာ မင်းဇေယသည်"လို့တချက်၊

မော်ကွန်းမှာလဲ "ပိဋကတ္တယ- ကျနခြင်းနှင်း ကျစ္စာမင်းက စ၍ တည်ဆောက်"လို့ တချက် ဒီလိုရေးသားသွားတယ်။

ကျစ္စာ ဆိုတဲ့ ပုဒ်ဟာ ကျနဲ့စ္စာ နှစ်လုံးကြားမှာ နယ်တလုံး ကျေပျောက်နေတယ်တဲ့။ ကျနစ္စာဆိုတဲ့ ပုဒ်က အလယ် န ချေပြီး ကျစ္စာလို့ ခေါ်ခြင်း ဖြစ်ပါတယ်တဲ့။

ဒါဖြင့်ဘာ့ကြောင့် ကျစ္စာမင်းလို့ခေါ်သလဲလို့ဆိုတော့ ပိဋကတ်သုံးသွယ် နိကာယ်ငါးရပ် ကျနစ္စာတတ်မြောက်သောကြောင့်ပါတဲ့။

ဒါ ဘုန်းကြီး ငယ်ငယ်က ကြည့်ထားတာ။

ဒါကို ပြည် ဗာရာဏသီဆရာတော်ထံ ရေးပေး လိုက်တော့ ဗာရာဏသီ ဆရာတော်က သဘောကျပါတယ်၊ စာပြန်ပါတယ်။

ကျနစ္စာ ကျစ္စာ စစ်ကိုင်းက ပိဋက မဂဓ သက္ကဋ ကောင်းစွာတတ်မြောက်တဲ့ ကျစ္စာမင်းကြီး တည်ထောင်သွားတဲ့ ကျစ္စာချောင်။

# ရွှေနဲ့မြ နေနဲ့လ

နောက် ဒီ ကျစ္စာချောင်မှာ ပဥ္စမ မင်းကျောင်း ဆရာတော်ကြီး ဆက်လက်အမွေခံပြီး သီတင်းသုံးတယ်၊ မှီလိုက် ပါတယ်။

"လေ့သင်းမင်းကျောင်း နေတ္တိကောင်း" တဲ့။ လေ့သင်းမင်းကျောင်းဆရာတော်ကြီးရဲ့ ဂုဏ်ကျေးဇူးက အထူးအားဖြင့် "လေ့သင်းမင်းကျောင်း နေတ္တိကောင်း" တဲ့။

နေတ္တိကျမ်းဆိုတာ ကျမ်းဂန်ထဲမှာ ခက်ခဲတဲ့ ကျမ်းတခုပေါ့။ အဲဒီခက်ခဲတဲ့ နေတ္တိပါဠိတော်ကျမ်းကို ကျကျနန သင်ယူချင်တယ်ဆိုယင် ဝါးချက်ရွာက မင်းကျောင်းဆရာတော်ကြီးထံ လာရောက်သင်ယူကြရတယ်။

အဲဒီ အထူးသဖြင့်ခက်ခဲတဲ့ နေတ္တိကျမ်းဂန်ကို နိုင်နင်းတော်မူတဲ့ လေ့သင်းမင်းကျောင်း ဆရာတော်ကြီးဟာ ဟိုဘက်မူလကျောင်းကြီးမှာ မနေဘဲ တောင်ရိုးတောင်စဉ်ဝင်ပြီးတော့ ဒီကျစ္စာချောင်မှာ နေသွားတယ်။ ဟိုဘက်တန်းက မဟာအတုလရုံသီချောင်လို့ခေါ်တယ်။ အတုလရုံသီချောင်နဲ့ ဒီကျစ္စာချောင်ဟာ အတူတူပါဘဲ။

အဲဒီမင်းကျောင်းဆရာတော်ကြီး နေထိုင်သီတင်းသုံးပြီးတဲ့နောက် အလယ်ပေယျာလ ထိုးကြပါစို့ရဲ့။ ဒို့ ကျစ္စာဆရာတော်ကြီး ဦးဝိဇယ ရောက်လာတယ်။ ဒီတော့ ဒီကျစ္စာချောင်ဟာ အလွန်အစဉ်အလာကောင်းတဲ့ချောင်လို့ဆိုရမယ်။

ကျစ္စာ ချောင်ဟာ ပိဋကတ်သုံးပုံနှင့်တကွ သက္ကဋ မဂဓတွေကို ကျကျနနတတ်တဲ့ ကျစ္စာမင်းကြီး တည်ထောင်တဲ့ချောင်။ ထို့နောက် ပိဋကတ်ကျမ်းဂန်နှင့်တကွ ဗေဒင် အင်းအိုင်တို့ကိုတတ်တဲ့ အပြင် အလွန်ခက်ခဲတဲ့ နေတ္တိကျမ်းကို ထူးထူးချွန်ချွန် နိုင်နင်းတော်မူတဲ့ သီလ သမာဓိ ပညာစွယ်စုံ မင်းကျောင်း ဆရာတော်ဘုရား ကြီးဦးသောမ ဒုတိယ နေထိုင်သွားတဲ့ချောင်။ ထို့နောက် အမွေခံသောအားဖြင့် ပိဋကတ်ကျမ်းဂန်နှင့်တကွ သက္ကဋ ဘင်္ဂလီ နာဂရီ ကျမ်းတွေကို နိုင်နင်းတော်မူတဲ့ ကျစ္စာ ဆရာတော်ကြီး ဆက်လက်သီတင်းသုံးခဲ့တဲ့ချောင်။

ဒို့ ကျစ္စာဆရာတော်ကြီးဟာ ဟိုနိုင်ငံရေးလုပ်စဉ် ပုဒ်မ ၁၂၄ အရ မန္တလေးထောင်ထဲမှာနေရစဉ်က အလုပ်ကြမ်းနဲ့ကျသော်လဲ အားလုံးထောင်သားတွေက ဦးပဥ္ဇင်းကြီး ဦးပဥ္ဇင်းကြီးနဲ့ လေးစားကြတယ်။ အရိုအသေပေးကြတယ်။ ထောင်ထဲမှာ ဘာအလုပ်မှမလုပ်ရဘူး။ အဲဒီ ထောင်ထဲနေစဉ်က အင်္ဂလိပ်စာတတ်တဲ့ပုဂ္ဂိုလ်ကြီးတွေ၊ ဟိန္ဒူကုလားကြီးတွေထံက အင်္ဂလိပ်ဘာသာနဲ့ ဟိန္ဒူဘာသာသင်ကြား လေ့လာခဲ့လို့ တော်တော်တတ်ခဲ့ပါတယ်။

အဲဒီ ကျစ္စာဆရာတော်ကြီး ပြန်တော်မူပြီးတဲ့နောက်လဲ အမွေခံ သောအားဖြင့် နေထိုင်သီတင်းသုံးတဲ့ ယခုဘုန်းကြီးလေး ဦးလက္ခဏကလဲ ပါဠိပါရဂူဘွဲ့ရသည့်အပြင် သက္ကဋ ဟိန္ဒူ အင်္ဂလိပ် ဗဟုသုတမသေးလှ ပါဘူး။ အဲဒီလို အစဉ်အဆက်အားဖြင့် ပဏ္ဍာရလှပါတယ်၊ ရွှေနဲ့ မြနေနဲ့လ ဆိုတာလိုပေါ့။

## ဆရာကောင်းတပည့်

ဒီကျစ္စာဆရာတော်ကြီး ဦးဝိဇယကိုက 'ဝိမလာလင်္ကာရ ကဝိဇ မဟာဓမ္မရာဇာဓိရာဇဂုရု'စတဲ့ တံဆိပ်တော် သီဘောဘုရင်က လှူဒါန်းခံရတဲ့ မောင်းထောင်ဆရာတော်ကြီး ဦးဝိမလရဲ့ တပည့်ရင်းတပါးပါ။

အဲဒီ မောင်းထောင်ဆရာတော် ဦးဝိမလဆိုတာ ရွှေကျင်ဆရာ တော်ဘုရားကြီးနဲ့ မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီးတို့က အား ထားရတဲ့ လက်ရုံးတပည့်ကြီး တပါးပေါ့။ ရွှေကျင်တိုက်ကြီးထဲ စာချ သွားတဲ့ ဆရာတော်တပါးပေါ့။

နောက် ၁၂၅၂-ခုနှစ်က ရွှေကျင် ဆရာတော်ကြီး အောက်ပြည် ကြွစဉ် သုံးဆယ်က ဒကာ ဒကာမတွေက ကျောင်းတိုက်ကြီး ဆောက်လုပ် လှူကြတော့ ရွှေကျင် ဆရာတော်ကြီးက မောင်းထောင် ဆရာတော် ဦးဝိမလနှင့် သင့်တော်တယ်ဆိုပြီး အပ်လို့ မောင်းထောင်ကျောင်းလို့ ခေါ်တွင်ပါတယ်။

နောက် မဟာဝိသုဒ္ဓါရာမဆရာတော်ကြီး အောက်ပြည် သာသနာ ပြု ကြွစဉ် ပုသိမ်မြို့ ဦးတက်ဖြိုးက ကျောင်းဆောက်လှူပြီး မန္တလေး

ရောက်ယင် တပည့်တော် ကိုးကွယ်ဘို့ ဆရာတော်တပါး ညွှန်ကြား အပ်နှင်း ပေးပါလျှောက်လို့ မောင်းထောင်ဆရာတော် ဦးဝိမလကို သုံးဆယ်မြို့က ပုသိမ်မြို့ ပင့်ဆောင် ရတယ်။ ကျောင်းတိုက် နာမည်လဲ မောင်းထောင် ကျောင်းတိုက်လို့ ခေါ်တယ်။

ကျစွာဆရာတော် ဦးဝိဇယကတော့ သုံးဆယ် မောင်းထောင်မှာ ရဟန်းဖြစ်ခဲ့ပုံရတယ်။

လို့ပြင် ဝဇီရာရာမဆရာတော်တို့ သီဟိုဠ်ကျွန်း ဘုရားဖူး ကြွကြစဉ်က မန္တလေး နေပြည်တော်က ရာဇဂုရု ဆရာတော်တွေလဲ တော်တော်များများ ပါပါတယ်။ ရန်ကုန်ကနေ ပင်လယ်ကူးသင်္ဘောကြီးနဲ့ သီဟိုဠ်ကြွကြတော့သင်္ဘောပေါ်မှာ သီဟိုဠ်စွယ်တော်ထိန်း နာယကဆရာတော်ကြီးများနဲ့ စွယ်တော်ထိန်းအမတ်တို့ လျှောက်ထားမိတ်ဆက်တဲ့ ပါဠိသန္ဒေသကထာနဲ့ ပါဠိဂါထာ စွယ်တော်ဘုရားရှိခိုး ရေးသားဘို့လိုလာတယ်။ ဒါနဲ့ ဝဇီရာရာမ ဆရာတော်ဘုရားကြီးက တောင်ကြည့် မြောက်ကြည့် ကြည့်ပြီး အကဲခပ်ပြီးတော့ ကော်ပီစာအုပ်နဲ့ခဲတံကိုပစ်ပေးလိုက်တယ်။ ပစ်ပေးလိုက်ပြီးတော့ ပါဠိသန္ဒေသကထာနဲ့ ပါဠိဂါထာ စွယ်တော်ဘုရားရှိခိုးကိုဒိုကိုယ်စား မောင်းထောင် ဆရာတော်ကလေး ဦးဝိမလကရေးလေလို့ အမိန့်ပေးလိုက်တယ်။ အဲဒီလို စေခိုင်းလိုက်တော့ ပင်လယ်ကူးသင်္ဘောကြီးပေါ်မှာ ဘာစာအုပ်မှ ကြည့်စရာရှုစရာမပါဘူး၊ ဒီအတိုင်း ရေးချ သွားတာပဲ။

အစကတော့ နေပြည်တော်က ဆရာတော်တွေက တောကဆရာတော်လေးဆိုပြီးတော့ အထင်သေးကြတယ်။ရေးသားတဲ့စာမြင်ရတော့မှ ဝဇီရာရာမ ဆရာတော်ကြီးနှင့်တကွ အားလုံး ဆရာတော်တွေပါ မောင်းထောင် ဆရာတော်ကလေး ဦးဝိမလ တော်ပါပေတယ်လို့ ချီးကျူးကြတယ်၊ လေးစားကြတယ်။

အဲဒီလို ဆရာတော်က ဆင်းသက်လာတဲ့ ကျစွာဆရာတော် ဦးဝိဇယ။

ထို့ပြင် သီးကွင်းဆိုတာ ကျစွာဆရာတော်ကြီး၏ ဇာတိချက်မြှုပ် ဓမ္မိကာရာမဆရာတော်ဆိုတာ ဆားလင်းကြီးဇာတိပေါ့။ သိရိကုမာရတဲ့။

ဆန်းနိသျှသစ်ရေးတဲ့ ဆရာတော်ပေါ့။ ယခု ရွှေကျင်နိကာယ ဥက္ကဋ္ဌ သက်တော် ၉၁နှစ်ရှိတဲ့ အရှေ့ဝိသုဒ္ဓါရုံဆရာတော်ကြီးက သီးကွင်းဆရာတော် ဦးကုမာရတို့လောက် စာတတ်တဲ့သူ ရှားတယ်ဗျတဲ့။ စာအလွန်အကျွန်တတ်တာ၊ ပိဋကသက္ကဋ မဂဓ အလွန်အကျွန် တတ်တယ်တဲ့။

ဒီ—စစ်ကိုင်းတောင်က ဒို့ကျေးဇူးရှင် အကြိသုဒ္ဓါရုံဆရာတော်ကြီးနဲ့ မန္တလေး ဝိသုဒ္ဓါရုံ စည်ရှင် ဆရာတော်ကြီးကလဲ ထို့အတူဘဲ အမိန့်ရှိဘူးတယ်။

ဒို့ ကျစ္စာဆရာတော်ကြီးက အဲဒီ သိရိကုမာရဆရာတော်ရဲ့ ငယ်တပည့်ရင်းဘဲ။ အဲဒီလို သာသနာ့ဝင်မှာ ထင်ရှားတဲ့ ဆရာတော်တွေမှ ဆင်းသက်လာတဲ့ ကျစ္စာဆရာတော်....

### ဒုလ္လဘလေးပါးရတဲ့ ကျစ္စာ

ထို့ပြင် ကျစ္စာဆရာတော်ကြီး ချပို့နေကြကျမ်းပေါ့၊ ဟိတောပဒေသကျမ်းမှာပြတယ်။ ဘယ်လိုပြသလဲဆိုတော့....

"သတေသု ဇာယတေ သူရော၊
သဟဿေသု စ ပဏ္ဍိတော။
ဝတ္တာ သတ သဟဿေသု၊
ဒါတာ ဇာတိ ဒုလ္လဘော"တဲ့။

ဖြစ်ပေါ်ခဲခြင်း ရခဲခြင်း လေးမျိုး၊ တနည်းအားဖြင့် ဒုလ္လဘ လေးမျိုးလို့လဲ ဆိုနိုင်ပါတယ်။

ဒီရခဲခြင်းလေးမျိုးထဲက အချို့ ပုဂ္ဂိုလ်တွေဟာ ဂုဏ်ပုဒ်တမျိုးနဲ့သာပြည့်စုံကြတယ်၊ အချို့ပုဂ္ဂိုလ်ကတော့ မိမိဆိုင်ရာဂုဏ်ပုဒ်တမျိုးစီ နှစ်မျိုးစီစသည်နဲ့သာ ပြည့်စုံကြတယ်။ ဒီ ကျစ္စာဆရာတော်ကြီးကတော့ ဟိတောပဒေသ ကျမ်းမှာပြတဲ့ ဂုဏ်ပုဒ် လေးမျိုးလုံးနဲ့ပြည့်စုံတဲ့ ဆရာတော်ကြီး။ ဘယ်လို ဂုဏ်ပုဒ်တွေလဲဆိုတော့....

၁။ (က) "သတေသု ဇာယတေ သူရော"
သတေသု-လူပေါင်း တရာတို့တွင်၊ သူရော-ရဲရင့်တဲ့သူသည်၊
ဇာယတေ-တယောက်တလေသာ ဖြစ်ပေါ်လာပေ၏တဲ့။

လူပေါင်းတရာထဲမှာ တယောက်သာ ရဲစွမ်းသတ္တိနဲ့ ပြည့်စုံတတ်တယ်တဲ့ ကျန်ကိုးဆယ်နဲ့ ကိုးယောက်ဟာ ရဲစွမ်းသတ္တိ မပြည့်ကြဘူးတဲ့။

၂။ (ခ) "သဟဿေသု စ ပဏ္ဍိတော"

သဟဿေသု-လူပေါင်း တထောင်တို့တွင်၊
ပဏ္ဍိတော-ပညာရှိသောပုဂ္ဂိုလ်သည်၊
ဇာယတေ-တယောက်တလေသာ ဖြစ်ပေါ်လာပေ၏တဲ့။

လူပေါင်းတထောင်ထဲမှာ အသိဉာဏ်နဲ့ပြည့်ဝတဲ့ ပဏ္ဍိတ ဆိုလောက်တဲ့ ပုဂ္ဂိုလ်ဟာလဲ တယောက်တလေသာ ဖြစ်ပေါ်လာတတ်တယ်တဲ့။

၃။ (ဂ) "ဝတ္တာ သတသဟဿေသု"

သတ သဟဿေသု-လူပေါင်း တသိန်းတို့တွင်၊
ဝတ္တာ-စကား ပြောဟောတတ်သော ပုဂ္ဂိုလ်သည်၊
ဇာယတေ-တယောက်တလေသာ ဖြစ်ပေါ်လာပေ၏တဲ့။

လူပေါင်း တသိန်းထဲမှာမှ အချက်ကျကျ အကွက်ကျကျ စကားပြောဟော တတ်တဲ့ပုဂ္ဂိုလ်က တယောက်တလေသာ ဖြစ်ပေါ်တတ်ပါတယ်တဲ့။

၄။ (ဃ) "ဒါတာ ဇဂတိ ဒုလ္လဘော"

ဇဂတိ-မြေပြင်အလုံး၌၊
ဒါတာ-ပေးကမ်းလှူဒါန်းတတ်သော ပုဂ္ဂိုလ်သည်၊
ဒုလ္လဘော-တယောက်တလေသာ ရခဲလှပါ၏တဲ့။

မြေတပြင်လုံးရှိတဲ့ လူတွေထဲမှာ ပေးကမ်းလှူဒါန်းတတ်တဲ့ အလေ့အလာ ဝါသနာရှိတဲ့ပုဂ္ဂိုလ်လဲ တယောက်တလေသာ ရှိတတ်လို့ ရခဲပါတယ်တဲ့။

အဲဒီ ဒုလ္လဘလေးမျိုး ရခဲပြီး ဖြစ်နိုင်ခဲခြင်းရှိရာမှာ နို့ ကျွဲစွာဆရာ တော်ကြီးကတော့ အားလုံး လေးမျိုးလုံးနဲ့ ဘဲပြည့်စုံနေတဲ့ဆရာတော်ကြီး ဖြစ်နေတယ်။

## သူရဂုဏ်နဲ့ ကျစွာဆရာတော်

ဘယ်ပုံပြည့်စုံသလဲလို့ဆိုတော့....

သတေသ ဇာယတေ သူရောအရ ဘယ်နေရာ ဘယ်ဒေသ ဘယ်ဌာနမှာ ဘာပြောလိုက်ရမလဲ၊ ဟောလိုက်ရမလဲ၊ ဘယ်ပုဂ္ဂိုလ် ဘယ်ပရိသတ်ကိုမှ ကြောက်ရွံ့တုန်လှုပ်ခြင်းမရှိဘူး။ မင်းပရိသတ်လဲ မကြောက်ဖူး၊ စိုးပရိသတ်လဲ မကြောက်ဖူး။ ဘယ်ပညာရှင် ဗိုလ်ပုံအလယ်မှာလဲ မကြောက်ဖူး။ အဲဒီလို မကြောက်လို့ဘဲ နယ်ချဲ့လက်အောက် ကျွန်သဘောက်ဘဝနဲ့ ဗြိတိသျှ အစိုးရလက်အောက် နေရစဉ်က တိုင်းပြည်ကို လွတ်မြောက်ချင်တဲ့စိတ် ပြင်းပြင်းပြပြနဲ့ တနိုင်ငံလုံး လိုက် ဟောလိုက် ပြောလိုက်တာ ဗြိတိသျှအစိုးရက အစိုးရရဲ့ ဂုဏ်သိန်ပျက်တယ် ထိခိုက်တယ်ဆိုပြီး ပုဒ်မ ၁၂၄ နဲ့ဖမ်းပြီး ထောင် ၃နှစ်ချလိုက်တယ်။ ထောင်ထဲ ရောက်လဲ ဆက်လက်ဟောပြောတာဘဲ။ ကြောက်ရွံ့တဲ့စိတ် ရှိကို မရှိဘူး။ မန်ကျည်းနှစ်တုံးကြီးကို ခွဲကြည့်လိုက်တဲ့အခါကာလ ဟိုဘက်ကလဲ အနှစ်နဲ့ပြည့်စုံတယ်၊ ဒီဘက်ကလဲ အနှစ်နဲ့ပြည့်စုံတယ်၊ အနှစ်ချည်းဘဲ အကာ ရှာလို့ကိုမရဘူး။ အဲဒါလိုဘဲ ဒို့ ကျစွာ ဆရာတော်ကြီးရဲ့ သန္တာန်တခုလုံးဟာ မကြောက်မရွံ့တဲ့ သူရဓာတ်ဆိုတဲ့ အနှစ်သာရတွေနဲ့ ပြည့်ဝနေတယ်။ သူရဓာတ်တွေ ထုံမွမ်းပြီးနေတဲ့ ကိုယ်တော်ကြီး။ ဒါ့ကြောင့် ပဋ္ဌမဖြစ်တဲ့ ရခဲတဲ့ သူရဂုဏ်ဆိုတဲ့ ဒုလ္လဘနဲ့ပြည့်ဝတဲ့ ပုဂ္ဂိုလ်လို့ ဆိုရမယ်။

## ကျစွာမဟာပဏ္ဍိတ်

ထို့ပြင်-

သဟဿေသုစ ပဏ္ဍိတော-လူတထောင်မှာမှ အသိဉာဏ်ရှိတဲ့ပဏ္ဍိတ ပုဂ္ဂိုလ်ဟာ တယောက်တလေသာ ဖြစ်ပေါ်တယ်၊ ဖြစ်ပေါ်ခဲ့တယ် ဆိုတဲ့ ဒုတိယအချက်ထဲမှာလဲ ကျစွာဆရာတော်ကြီးဟာ ပါဝင်တယ်၊၊

စောစောက ပြောခဲ့တဲ့အတိုင်းပေါ့။ ထက်သန်တဲ့ ဇွဲလုံ့လနဲ့ ကြိုး စားခဲ့လို့ ငယ်ငယ်ထဲက စာပေကျမ်းဂန် တော်ခဲ့ပါတယ်။

ဘုန်းကြီးတို့ သာမဏေဘဝ၊ ကျစွာဆရာတော်ကြီး ဦးပဥ္စင်း လေးဘာဝကပေါ့။ ဓနုဖြူမှာ ဝါဆိုပြီးတော့ သူ့အရပ်သိးကွင်း ပြန်ကြွ

သွားတယ်။ သူ့အရပ်က နေပြီးတော့ ဂါထာ ၁၁ ဂါထာ ရေးပြီး မန္တလေးဂန္ဓာရုံတိုက် ဆရာတော်ကြီးတွေထံ ပူဇော်လိုက်တယ်။ မှတ်မိပါသေးတယ်၊ မဟာဂန္ဓာရုံဆရာတော်ကြီး ဦးအာစရတို့ဂုဏ်ပုဒ်တွေ၊ ထို့ပြင် အဲဒီအချိန်က ဝိပဿနာ ဆရာတော်ကလဲ မန္တလေးဂန္ဓာရုံတိုက်မှာ နေတော့ အဲဒီ ဝိပဿနာဆရာတော် ဦးကုန္ဒာသဖတို့ ဂုဏ်ပုဒ်တွေရေးပြီး ပူဇော်လိုက်တာ နည်းယူလောက်ပါတယ်။ ကျစ္စာ ဆရာတော်ကြီးဟာ ငယ်ငယ်ကထဲက ဂါထာအရေးအသားလဲ နိုင်နင်းပါတယ်။

ကျစ္စာဆရာတော်ကြီးဟာ ထရံကာဆရာကြီးထံလဲ့ စာလိုက်ခဲ့တယ်။ အဲဒီတုန်းက ထရံကာ ဆရာကြီးနဲ့ သား ဦးဝိသုဒ္ဓိတို့က တဖက်၊ ကျစ္စာဆရာတော်ကြီးက တပါးထဲတဖက် စာငြင်းခုံကြတာ အကြောက်အကန် ပြင်းပြင်းထန်ထန် ငြင်းကြတာပဲ၊ မရှော့ဘူး။

ဆရာကြီး သားအဖကလဲ အကိုးအကားနဲ့ အာဂမသဘာဝယုတ္တိအစုံ အကြောင်းပြပြီးငြင်း၊ ကျစ္စာဆရာတော်ကလဲ အကိုးအကား အာဂမသဘာဝ ယုတ္တိအစုံ အကြောင်းပြနဲ့ပေါ့။ နှစ်ဖက်လုံး မလိုက်ကြပါဘူး။ အဲဒီလို.... ကျစ္စာ ဆရာတော်ကြီးဟာ စာပေပရိယတ်ဘက်မှာ ရာဇဂုရုထရံကာ ဆရာကြီးတို့၊ဆရာတော် ဦးဝိသုဒ္ဓိတို့နဲ့ တောင်ပြိုင်ပြီး ငြင်းနိုင်တဲ့ ပုဂ္ဂိုလ်ကြီးပါ။

ပြောခဲ့တဲ့အတိုင်းပေါ့။

ကျစ္စာ ဆရာတော်ကြီးဟာ မဂဓ သက္ကဋ ဘင်္ဂလီ နာဂရီ ဟိန္ဒူ စာတွေ၊ အင်္ဂလိပ်က ဆေးကျမ်း၊ ဓာတ်ကျမ်းတွေ တတ်သိလိမ္မာတဲ့ ပညာရှိ မဟာပဏ္ဍိတကြီး။ အဲဒါကြောင့် "သဟဿေသုစ ပဏ္ဍိတော" ဆိုတဲ့ ဒုလ္လဘနှင့်ပြည့်ဝစုံလင်တဲ့ ပုဂ္ဂိုလ်ကြီး။

## စကားပြောကောင်းတဲ့ကျစ္စာ

ထို့ပြင်

"ဝတ္တာ သတသဟ ဿေသု" ဆိုတဲ့အတိုင်း လူတသိန်းမှာ တယောက်တလေသာ ဖြစ်နိုင်ခဲလှတဲ့ အချက်ကျကျ ပြောဟောတတ်မှု ဂုဏ်နဲ့လဲ ကျစ္စာဆရာတော်ကြီးဟာ ပြည့်စုံတာဘဲ။ ဒီတတိယအချက်ထဲမှာလဲ ပါဝင်တာဘဲ။

စကားပြောဟောတဲ့ နေရာမှာ ကာလ ဒေသ ပုဂ္ဂလကို နားလယ်တယ်၊ အချက်ကျကျ ပြောဟောနိုင်တယ်။

အဲဒီလို အပြောအဟောက ကောင်းရတဲ့အထဲ အမျိုးချစ်မြတ်နိုးလွန်းတဲ့စိတ်က သိပ် ပြင်းထန်နေတော့ "အမျိုးချစ်တော့ အနစ်နာခံ" ဆိုတဲ့အတိုင်း ၁၂ ဝါတိုင်အနစ်နာခံပြီးတော့ နိုင်ငံလွတ်လပ်ရေး အမျိုးဘာသာ သာသနာ လွတ်မြောက်ရေး လုပ်လိုက်တာ။

နိုင်ငံရေးမလုပ်ဘဲနဲ့ သာသနာရေးဘက်၌ စာသင်တိုက်ကြီးတည်ထောင်ပြီးတော့သာ နေထိုင်လိုက်ရယင် စာသင်တိုက် ခေါင်းဆောင်ဆရာတော်ကြီး၊ စာသင်တိုက်က နာယကဆရာတော်ကြီးတပါး ဖြစ်မှာသေချာပါတယ်။

ပြန့်လွန်တော်မူသွားတဲ့ ဘုရားကြီးတိုက်က ဟံသာဝတီဆရာတော်ဆိုတာ ကျစွာ ဆရာတော်ကြီးအကြောင်း ကောင်းကောင်း သိတယ်။ သိတော့ ဒို့တောင်ဘက်က အလယ်တိုက်ကြီး အားနေတယ်၊ ဒီ ကျောင်းပြင်ပြီးတော့ ဦးဝိဇယကိုယ်တော်ကြီး စာချဆရာတော်အဖြစ်နဲ့ ပင့်ထားဘို့ကောင်းတယ်လို့ ပြောဘူးတယ်။

ဒါ့ကြောင့် စာသင်တိုက်နာယက ဆရာတော်ကြီး တပါးဖြစ်မှာသေချာပါတယ်လို့ ပြောရတယ်။

နိုင်ငံရေး တရားဟောစဉ်က ဒီလို အကွက်မိမိနဲ့ အချက်ကျကျဟောမှု ပြောမှု အဟောအပြော ကောင်းမှုကြောင့် ဗြိတိသျှအစိုးရက ဖမ်းတယ်။

အဲဒီတုန်းက ဒီအမှုစစ်ရတာက ဒုတိယအရေးပိုင် ခရိုင်ဝန် (?) ဦးဖိုးခိုတဲ့၊ တရုတ်ကပြား။ သမိဒ္ဓေါချောင်မှာ ခိုနားပြီးတော့ ရှင်ပြုသွားပါသေးတယ်။သူ့သား ကိုရင်ကလေးတွေ ရတနာမာရ်အောင်မှာနေသွားပါသေးတယ်။ဦးဖိုးခိုလူသွားတဲ့ သပိတ်များယခုထက်ထိ ရတနာမာရ်အောင်မှာ ရှိပါသေးတယ်။

ဒါနဲ့ အဲဒီလိုကိစ္စပေါ်လာတော့ ရင်းနှီးမှုရှိတာနဲ့ ဘုန်းကြီးတို့ရဲ့ ငယ်ဆရာကြီးပါလို့ ဦးဝိဇယကိုယ်တော်ကြီးကို လွတ်နိုင်လွတ်ဖို့ စကားပြောတိုတိုပြောပြီး မေတ္တာရပ်ခံပါသေးတယ်။ ဦးဖိုးခိုလဲ ညာတာတဲ့စိတ်

ရှိပါတယ်။ ဒါပေမယ့် တိုင်းပြည်ခေါင်းဆောင်ဖြစ်တဲ့ ဦးဝိဇယ ကိုယ်တော်ကြီး ဟောပြောတာတွေက တတိုင်းပြည်လုံး နားဝင်နေပြီ၊ ဗြိတိသျှ အစိုးရကို သိပ်အကြည်အညိုပျက် သိပ်မုန်းနေတော့ ဟောပြောမှုက တွင်ကျယ်ခရီးရောက်နေတော့ ထောင် ၃ နှစ်အချခံလိုက်ရတယ်။

ထို့ပြင် မန္တလေးဘုရားကြီးတိုက်ကြီး အနှစ် ၁၀၀ ပြည့်ပွဲ ကျင်းပရန်စီစဉ်တော့ အဲဒီအနှစ် ၁၀၀ ပြည့်ပွဲမှာ ဘုရားကြီးတိုက်ကြီး၏ ဂုဏ်ကျေးဇူးတွေပြောဘို့ ဟံသာဝတီဆရာတော်တို့၊ ရွှေဘုန်းရှိန် ဆရာတော် ဦးကြယ်တို့က ဘယ်ပုဂ္ဂိုလ်နဲ့တော်မလဲလို့ ဂိုဏ်းပေါင်းစုံ သံဃာတော်တွေထဲ လိုက်ရှာကြည့်လိုက်ကြတာ နောက် ဒီစစ်ကိုင်းတောင်က ကျစ္စာ ဆရာတော်ကြီး ဦးဝိဇယကိုမြင်တယ်။ ဒါနဲ့ အဲဒီဘုရားကြီးတိုက် အနှစ် ၁၀၀ ပြည့်ပွဲမှာ ကျစ္စာဆရာတော် ဦးဝိဇယနဲ့ တော်တယ်ဆိုပြီး ပင့်လျှောက်ကြလို့ ရဟန်းပရိသတ် လူပရိသတ်မြောက်မြားစွာထဲမှာ ဘုရားကြီးတိုက်ကြီးရဲ့ ဂုဏ်ကျေးဇူးတွေတက်ပြောတာ အားလုံး လူရောရှင်ရော ရွှေကျင်သုဓမ္မာ ဂိုဏ်းပေါင်းစုံက တယ်စကား တတ်ပါပေတယ်လို့ အံ့သြချီးကျူးခြင်း ထောမနာပြုခြင်းကို ခံခဲ့ရတယ်။

စကားပြောကောင်းဘို့ရာ လွယ်တာမဟုတ်ဖူး၊ တချို့က စာပေကျမ်းဂန်တော့တတ်ပါရဲ့၊ စကားပြောကျတော့လိုတယ်။တချို့ကစကားပြောကောင်းပါရဲ့၊ စာပေကျမ်းဂန်က လိုတယ်။ စုံခဲတယ်။ ဒီ့ကျစ္စာ ဆရာတော်ကြီးကတော့ စာပေကျမ်းဂန်လဲ တတ်တယ်။ စကားပြောလဲ ကောင်းတယ် နှစ်ဖက်စုံပါတယ်။

ဒါ့ကြောင့်...

"ဝတ္တာ သတသဟဿေသု"ဆိုတဲ့ ဒုလ္လဘနဲ့လဲ ပြည့်ဝစုံတဲ့လင်တဲ့ ပုဂ္ဂိုလ်ကြီးလို့ဆိုရတယ်။

## အပေးအကမ်း ရက်ရောတဲ့ကျစ္စာ

ထို့ပြင်....

"ဒါတာ ဇဂတိ ဒုလ္လဘော" မြေတပြင်လုံး၌ရှိတဲ့ သူတွေထဲမှာ ပေးကမ်း စွန့်လှူတတ်တဲ့ အလေ့အသာ ဝါသနာရှိတဲ့ ပုဂ္ဂိုလ်ဟာ

တယောက်တလေသာရှိတယ်၊ ရခဲတယ်ဆိုတဲ့ စတုတ္ထ အချက်ထဲမှာလဲ ကျစွာဆရာတော်ကြီးပါဝင်တာဘဲ။

စောစောကလဲ ပြောခဲ့ပါပြီ၊ သူကိုယ်တိုင်ကတော့ လျော်သလို စား လျော်သလိုဝတ်၊စားပြန်တော့လဲငပိရေနဲ့အတို့ဘဲ၊ ဝတ်ပြန်တော့လဲ ဝံသာနုရက်ကွက်တဖျင်သင်္ကန်းကြီးဘဲ၊ အကောင်းအမွန် အဖိုးတန် ရသမျှ အကုန်လှူဒါန်းနေတာဘဲ။

တခါတုန်းက အဖိုးတန် (၃၀ဝိ ကျော်တန်) အကွက်စိပ်နှစ်ထပ် သင်္ကန်းကြီး တထည်ရလာတယ်။ အဲဒီတုန်းက ၃၀ဝိ ကျော်တန်ကလဲ အတော်ကောင်းတာ။ရထားတော့ သူ့ညာဏ်ထဲလှူဘို့ရာ ပတျာဖြန့်ကြည့် တယ်။ ဖြန့်ကြည့်တော့ ကျစွာဆရာတော် ၉၀ါ၊ ၁၀ ဝါကနေခဲ့ဘဲ့ ညောင်တုံးက ရွှေဟင်္သာ တောရတိုက်က တိုက်အုပ် ဆရာတော်ကလဲ စစ်ကိုင်းတောင် ကြွလာတာနဲ့ တခါထဲ လှူဒါန်းလိုက်တယ်။ သူကတော့ သူ့နှစ်သက်လှတဲ့ဖျင်သင်္ကန်းကြီးနဲ့ နေတာဘဲ။ သင်္ကန်းကောင်း ပရိက္ခရာ ကောင်း ပစ္စည်း ကောင်းတွေရလို့ တော်တော် စုမိယင် ကပ္ပိယနဲ့ သိလရင် သုံးလေးယောက်နဲ့ သက်တော် ၇၇ နှစ်ရှိတဲ့ ရွှေကျင်ဂိုဏ်း ကြီး၏ စစ်ကိုင်းဘက်က ဥက္ကဋ္ဌကြီးဖြစ်တဲ့ အဘိသုဒ္ဓါရုံဆရာတော်ကြီးထံ သွားပြီး လှူဒါန်းပစ်တာပဲ။

ကိုင်းဒါတွေ ထားပါတော့။

ဒီကျစွာချောင်ကြီးဆိုတာ ရေနဲ့ မီးနဲ့ စသည် အားလုံး အဖက် ဖက်က ပြည့်စုံပါတယ်၊ ဒီချောင်မျိုးလဲ စစ်ကိုင်း တောင်ရိုးမှာ ရှိတော့ ရှိတယ်၊ ရှားပါတယ်။

အဲဒီလို ကျစွာချောင်ကြီးကို ယခုသီတင်းသုံးနေထိုင်တဲ့ ဘုန်းကြီး ဦးလက္ခဏအား ပြတ်ပြတ်စဲစဲနဲ့ ဝိဇိတာရုံတိုက်အုပ်ဘုန်းကြီး ဦးစာရိန္ဒတို့ ရှေ့မှာ တခါထဲ စွန့်လွှတ် လှူဒါန်း လိုက်တယ်၊ အာလယပြတ် ပေးလှူ လိုက်တယ်။

ဒါဟာ....ဒါတာ ဇဂတိ ဒုလ္လဘော ပါဘဲ။

ဒါ့ကြောင့် စတုတ္ထမြောက် "ဒါတာ ဇဂတိ ဒုလ္လဘော" ဆိုတဲ့ ဒုလ္လဘနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ကြီး။

## ရှိတာနဲ့ ရောင့်ရဲနိုင်တယ်

ထို့ပြင်....

ကျစ္စာ ဆရာတော်ကြီးဟာ သန္တုဋ္ဌိ သလ္လေခ ဂုဏ်နဲ့လဲ အလွန် ပြည့်ဝတဲ့ ဆရာတော်ကြီးပါ။

သင်္ဂဇာ ဆရာတော်ဆိုတာဒီတောင်တန်းသိထင်းသုံးသွားတာဘဲ။ တောင်နား ဟိုဘက်မှာ သင်္ဂဇာချောင်ဆိုတာရှိတယ်။ အဲဒီ သင်္ဂဇာ ဆရာ တော်ကြီး က ကာယ ပစ္စဝေက္ခဏာ ကျမ်းမှာ ဘယ်ပုံရေးထားသလဲ ဆို တော့....

"ကာယံ အပေ့ါသကာ ပက္ကာ၊
ကာယံ သု ပေါသကာ နဝါ။
သန္တော ပက္ကသာ သံသာရော၊
နန္တော နဝသာ လောလိနော"

လို့ ရေးထားတယ်။

ကာယံ-ခန္ဓာကိုယ် အတ္တဘောကြီးကို၊ အပေ့ါသကာ-စားကောင်း သောက်ဖွယ်တို့ဖြင့် ယုယုယယ မမွေးမြူကြ ကုန်သော သူတို့သည်၊ ပက္ကာ-ပါရမီ ရင့်ကျက်ကြကုန်၏။

ကျစ္စာ ဆရာတော်ကြီးဟာ အကောင်းအမွန်ကြက်၊ ဝက်၊ ဘဲ၊ ဆိတ် စတဲ့ အသားတွေကို ရှောင်နိုင်သမျှ ရှောင်တယ်။ ကျဲသား၊ နွားသားတို့ ဆိုတာကတော့ ငယ်စဉ်ဘုန်းကြီးတို့ကိုရင်ဘ၀ ၁၇နှစ်သား၊ ညောင်တုံး နေတုန်းကဘဲ လယ်တီဆရာတော်ဘုရားကြီး ညောင်တုံးလာ တရားဟော စဉ် ကျစ္စာဆရာတော်တို့ ဘုန်းကြီးတို့တတွေ လယ်တီ ဆရာတော်ဘုရား ကြီး လှူလိုက်ကြပြီးသား။ ရာသက်ပန် မစားကြတော့ဘူး။

ငပိရေနဲ့ မှိုနတို ကလေးနဲ့၊ မြင်းခွါရွက် ကလေးနဲ့၊ သို့မဟုတ် ကဇွန်းရွက်ပြုတ်ကလေးနဲ့ စားရှာတာဘဲ။

တခါတခါ ကျစ္စာ ဆရာတော်ကြီး ဟိုဂန္ဓာရုံသွားပြီး ဝိပဿနာ မှာ ဆွမ်းစားတယ်။ ဒီနေ့ သက်သတ်လွတ်ဆွမ်း တယ်စားဝင်တယ်ကွတဲ့။ သက်သတ်လွတ်လဲ သဘောကျတာဘဲ။

သီလရှင်က ဘယ်လောက်ပဲ ပြုစုချက်ပြုတ်ကပ်သော်လဲ သူ့ ကိုယ် တော်တွေ ကျွေးလိုက်တာပဲ၊ သူ့ကိုယ်တော်တွေမကျွေးဘဲလဲ နေကို မနေ နိုင်ဘူး။ သူ့တပည့်တွေ ကျွေးရမှ ပေးရမှ စွန့်ရမှ နေနိုင်တယ်။

မနှစ်က ပြောဘူးတဲ့ အတိုင်းပေါ့။ ကျစွာ ဆရာတော် ကြီးဟာ သက်န်းကောင်းရလဲအခြားဆရာတော်တွေလှူ၊ သူ့တပည့်တွေလှူရသမျှ လှူဒါန်းပြီးတော့ သူကတော့ တိုင်းရင်းဖြစ် ဝံသာနုရက္ခိတ ဖျင်သက်န်း ကြီးနဲ့နေရှာတာဘဲ၊ သူ့ဖျင်သက်န်းကြီးကိုအလွန်မြတ်နိုးတယ်၊ နှစ်သက် တယ်။

ဗုဒ္ဓဂါယာစတဲ့ မဇ္ဈိမဒေသ ဆရာတော်တို့ ဘုရားဖူးရောက်စဉ်တုန်း က ဣန္ဒိယပြည်မှာရှိတဲ့ မြစ်ကြီးတွေ အနေအထားရှောက်ကြည့်ခဲ့ပါတယ်။ ဟိုဘက်က ဟိမဝန္တာ တောင်တန်းတွေရောက်တော့ ကပိလဝတ်တို့ နီပေါ တို့ သွားတဲ့လမ်းတွေပေါ့။ တောင်တန်းကြီးတွေဟာ ဒီ စစ်ကိုင်းတောင် တန်းနဲ့ ရောဝတီဆိပ်ကမ်းလိုပေါ့၊ သိပ်ပဏာရတယ်၊ အဆင်ပြေတယ်။ ဆာဒူးရသေ့ကြီးတွေ၊ ဟိန္ဒူရသေ့ကြီးတွေဟာ မီးဖိုကြီးတွေ အမြဲဖိုပြီး တော့ အဲဒီ မီးဖိုထဲမှာ မျောက်အုကြီးလို ပိန်းအုကြီးလို သစ်အုသစ်ဖု ခပ် ကြီးကြီးတလုံး မီးထဲမှာ အုံးထားတယ်။ တောင်တန်းပေါ်က ညတရား အားထုတ်၊ နံနက်ခင်းစောစော မြစ်ဆိပ်ဆင်းပြီး လက်စွဲတော် မပါမပြီး တဲ့ ကြေးခရားကြီးဆွဲပြီးတော့ မျက်နှာသစ်ကြ၊ ကိုယ်လက် သုတ်သင်ကြ၊ ချိုးကြ အထွေထွေပေါ့လေ။ ကိစ္စပြီးတော့ ကြေးခရားနဲ့ ရေတပုံးခပ်၊ နေရာ တောင်တန်း ရှိုထဲ ပြန်ဝင်လာပြီးတော့ ခုတင်က မီးအုံး ထားတဲ့ ပိန်းအုမျောက်အုပမာရှိတဲ့ အုကြီးကို သုံးဆောင်ပြီး တရားအားထုတ် နေ ကြတယ်။

အဲဒီရေကလဲ ဟိန္ဒူကျမ်းဂန်အလို ပျားသကာလိုချိုသတဲ့။ အဲဒီ ပျားသကာလိုချိုတဲ့ရေတခရားနဲ့ မီးဖိုထဲက ဖုတ်ထားပြီးအုကိုစားသုံးပြီး တော့ ဟိန္ဒူရသေ့တွေ တနေ့လုံး တရားအားထုတ်ကြတယ်တဲ့။

အဲဒါ မန္တလေး ဆောက်စ လွန်ခဲ့တဲ့ ၂၅ နှစ် သောက်က။ မန္တလေး ရောက်တာက ၂၇နှစ်ရှိသွားပြီ၊ ၂၅နှစ်လောက်က ညနေစောင်းကျအချိန် အချည်းနှီး မဖြစ်စေနဲ့ဆိုပြီး ဗေဒဓိကုန်းက ပဏ္ဍားပညာရှိ ဆရာ မာဓဝ တို့ထံသွားပြီး ကိုယ်ကလဲပြောတယ်၊ သူတို့ပြောတာလဲ ကိုယ်ကနားထောင် ခဲ့တယ်။ ဟိန္ဒူကျမ်းတွေလဲထုတ်ပြပါတယ်။ ဒီအကြောင်းအရာတွေ တွေ့ ပါတယ်။ ဘာတွေ့သလဲဆိုတော့ "ဧကောဝ ကမဏ္ဍလု အကုံ၊ အညံ နတ္ထိ

မပဿိ ဂေဟ” မမန္တိကေ-ငါ့သံ၌၊ ဧကောဝ ကမဏ္ဍလု-ကြေးခရား တလုံး သာလျှင်၊ အတ္ထိ-ရှိ၏၊ အညံ-တပါးသော ပရိက္ခရာသည်၊ နတ္ထိ- မရှိ”တဲ့။ ငါ့ပရိက္ခရာဟာ ကြေးခရားတလုံးပဲတဲ့။

အဲဒီ ဟိန္ဒူဆရာကြီးတွေဟာ မိမိတို့ကြေးခရားကြီးကို မြတ်နိုးကြ၊ နှစ်သက်ကြ တာပဲ။ ထို့အတူ ဒို့ကျစွာ ဆရာတော်ကြီးကလဲ သူ့ ဖျင်သင်္ကန်းကြီးကို သူသိပ်မြတ်နိုးတယ်၊ နှစ်သက်တယ်။

ထို့ပြင် ဟို ရှင်မဟာကဿပကိုယ်တော်ကြီး ရဟန်း ပြုမယ်လို့ လာတော့ ဝတ်ထားလိုက်တဲ့သင်္ကန်းဟာ အဖိုးတသိန်း တန်သတဲ့။

မြတ်စွာဘုရားက ပဌမသံဂါယနာတင်နာယက ဓုတင်တေရသဧတဒဂ် ရမယ့်ပုဂ္ဂိုလ်ကြီး ဖြစ်မှာကိုမြင်တော်မူတော့ လာမယ့်လမ်းကိုကိုယ်တော် တိုင် ထွက်ပြီး ကြိုဆိုရတယ်။

ဘုရားရှင်နဲ့တွေ့တော့ဘုရားရှင်က“ငါ့ရှင်ကဿပ သင်ဝတ်လာတဲ့ သင်္ကန်းဟာ အဖိုး တသိန်းတောင်ထိုက်တန်တဲ့ သင်္ကန်းပါလား”လို့ ပြောလိုက်တယ်။ ဒီလို ပြောလိုက်တာနဲ့တပြိုင်နက် ရှင်မဟာကဿပက သိလို့—

“ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်များ ဝတ်လာတဲ့ အဖိုးတသိန်းတန်သင်္ကန်းကို မြတ်စွာဘုရားအား လှူဒါန်း ပါရစေဘုရား”လို့ လျှောက်ထားပြီးတော့ ဘုရားရှင်အား လှူဒါန်း လိုက်တယ်။ ဘုရားရှင်ကအလှူခံပြီးတော့ ကျွန်မတယောက်သေလွန်လို့ သုသာန်၌ စွန့်ပစ်ချထားတဲ့ လောက်တွေတဖွားဖွားနဲ့အဝတ်ကို ပံ့သကူ ကောက်ပြီး ကိုယ်တော်တိုင်လျှော်ဖွတ်ပြီးသကာလ ပံ့သကူသင်္ကန်း ချုပ် ဆိုးထားတဲ့ အဲဒီသင်္ကန်းကို ရှင်မဟာကဿပအား စွန့်လိုက်တယ်။ အဲဒီ ဘုရားရှင်စွန့်တော်မူတဲ့ ပံ့သကူသင်္ကန်းကြီးကို ရှင်မဟာကဿပ ကိုယ် တော်မြတ်ကြီး ပရိနိဗ္ဗာန်ပြုသည့်နေ့တိုင်အောင် မြတ်မြတ်နိုးနိုးဝတ်ရုံပြီး ဒီသင်္ကန်းကိုဘဲခြုံပြီး ပရိနိဗ္ဗာန်စံသွားတယ်။ ဒို့ဆရာဖြစ်တဲ့ ကျစွာဆရာ တော်ကြီးလဲထိုရှင်မဟာကဿပကြီးလိုပါပဲ၊တိုင်းပြည်ကိုချစ်ခင်တဲ့မျိုးချစ် စိတ်က ထက်သန်လှတာနဲ့ တိုင်းသူပြည်သားတွေ သနားငဲ့ညှာပြီးတော့ တိုင်းတပါးဖြစ်အဝတ်တွေ မဝတ်ရုံပဲ တိုင်းရင်းဖြစ် လက်ငင်ချည် ဖျင်

သက်န်းကြီးကို ပြန်လွှန်တော်မူသည့်တိုင်အောင် မြတ်မြတ်နိုးနိုး ဝတ်ရုံတော်မူသွားရှာတယ်။

သက်တော်ရှယ်တော်ကလဲ ကြီးလာ၊ ကျန်းမာရေးကလဲ ရှေးကလောက်မပြည့်စုံတော့လို့ ခန္ဓာကိုယ်အင်အား နည်းပါးနေပါတယ်။လေးလံလှတဲ့ ဖျင်သက်န်းကြီးနဲ့မလျော်ပါဘူး၊ ပိတ်သက်န်းလေး ပေါ့ပေါ့ပါးပါးဝတ်ရုံတော်မူပါဘုရားလို့ ဆိုင်ရာတပည့်ဒကာတွေက လျှောက်ကြပါတယ်။ဆရာတော်က လက်မခံဘူး။ ပြန်လွှန်တော်မူသည့်တိုင်အောင် ဖျင်သက်န်းကြီးကို ဝတ်ရုံသွားတဲ့ကိုယ်တော်ကြီး။ ဒါလောက်မျိုးချစ်စိတ်ထက်သန်လှလို့ ဗမာ့ဂန္ဓီကြီးလို့ ခေါ်ဆိုကြပါတယ်။

အဝတ်နဲ့ပတ်သက်လို့ သို့ကလောက် 'အပ္ပေါ သကာဂုဏ်'နဲ့ ပြည့်စုံတဲ့ ကျစွာ ဆရာတော်ကြီး။ နေရေးနဲ့စပ်လို့လဲ ကျောင်းဒကာ ဦးစိန်းညိုတို့ - ဒေါ်အမာစိန်တို့က တခမ်းတနား ဆောက်လုပ်ထားတဲ့ တိုက်ကောင်းပေါ် မနေဘူး။ သင့်တော်တဲ့ ကျောင်းကလေးနဲ့နေပြီး တပည့်တွေကို ကျောင်းကောင်းကြီးပေါ် တင်ထားတယ်။

ပါရမီရင့်ကျက်ပြီးသားဆိုတော့"သန္တော ပက္ကသ သံသာရော" ဆိုတဲ့အတိုင်း နိဗ္ဗာန်ရောက်ဘို့ရာ နီးကပ်နေတယ်။ နိဗ္ဗာန်လက်တကမ်းကလေးဘဲ ရှိတော့တဲ့ ကျစွာဆရာတော်ကြီး။

## နိဂုံး

အဲဒီလို ပါရမီရင့်ကျက်ပြီးဖြစ်တဲ့ ကျစွာ ဆရာတော်ဘုရားကြီးသည် နှစ်စဉ်နှစ်စဉ် ပြုလုပ်ခဲ့ကြရတဲ့ ကုသိုလ်တွေ ယနေ့ယခု ပြုပြုသမျှ ကုသိုလ်တွေ ဤကုသိုလ်အဝဝ၏ အဖို့ဘာဂကြောင့် တဆင့်ထက်တဆင့် မြင့်ပြီး ဘဝဘုံထိပ် အက္ကနိဋ္ဌမှတဆင့် နိဗ္ဗာန်ကို ဧကန်ရောက်ပါစေ၊ ရပါစေသတည်း။

ကြွရောက်လာသည့် ဆရာတော် သံဃာတော်များနှင့်တကွ သီလရှင်များ၊ ဆွမ်းဒကာ ဆွမ်းဒကာမများ၊ ကျောင်းဒကာ ကျောင်းအမများ စသော ပရိသတ်အပေါင်း သူတော်ကောင်းတို့လဲဘဲ လူချမ်းသာ နတ်ချမ်းသာတို့ထက် သာလွန်တဲ့ နိဗ္ဗာန်ချမ်းသာ တိုင်အောင်အသီးအသီး ရောက်ကြပါစေ....။

အမျိုးဘာသာ သာသနာ အကျိုး

သည်ပိုး ရွက်ဆောင်တော်မူသည့်

# ကျွဲဝ ဆရာတော်ဘုရားကြီး

စာတန်း ပြုစုသူ

ဆရာတော် ဦးသောဘိတ ( ရွှေကိုင်းသား )

အနုရုဒ္ဓါချောင်၊ စစ်ကိုင်းတောင်ရိုး

## ၁၃၂၉-ခု၊ ပြာသိုလဆုတ် ၈-ရက်၊ အထိမ်းအမှတ်ပွဲတွင်

## စစ်ကိုင်းတောင်ရိုး၊ ပတ္တမြားစေတီတော် ပြုပြင်စောင့်ရှောက်ရေး သံဃာ့အဖွဲ့ကြီးမှ တင်သွင်းဖတ်ကြားပါသည်

ဘဝနတ်ထံ ပြန်လွန်တော်မူတဲ့ ကျေးဇူးတော်အရှင် ကျစွာချောင် ဆရာတော်ဘုရားကြီးရဲ့ အထိမ်းအမှတ် ( ဆွမ်းကျွေး ) ပွဲကို ကြွရောက် ချီးမြှင့်တော်မူလာကြတဲ့ ဆရာတော် သံဃာတော် အရှင်သူမြတ် များနဲ့ ဆရာတော်ကြီးရဲ့ တပည့် ဒါယကာ ဒါယိကာမ အပေါင်းတို့....

သက်တော် ၈၀၊ ဝါတော် ၆၀ ကာလပတ်လုံး အမျိုး၊ဘာသာ၊ သာသနာတော်ရဲ့အကျိုးကို သည်ပိုး ဆောင်ရွက်တော် မူသွားတဲ့ ကျစွာ ချောင် ဆရာတော်ဘုရားကြီးဟာ တိုင်းပြည်ရဲ့ ကျေးဇူးရှင် ဖြစ်သလို ဘုန်းကြီးတို့ရဲ့ ပတ္တမြားစေတီတော် ပြုပြင်စောင့်ရှောက်ရေး သံဃာ့ အဖွဲ့ ကြီးရဲ့ ကျေးဇူးရှင်လဲ ဖြစ်ပါတယ်။

ပတ္တမြားစေတီတော် ပြုပြင်စောင့်ရှောက်ရေး သံဃာ့ အဖွဲ့ကြီးကို ၁၃၁၅-ခု၊ တန်ဆောင်မုန်း လထဲမှာ ဆရာတော်ကြီး ကိုယ်တိုင် ဖွဲ့စည်း တည်ထောင် ပေးခဲ့ပါတယ်။ အဖွဲ့ တည်ထောင်သည်က စပြီး ပြန်လွန် သည်အထိ ၁၅နှစ်ခန့်မျှ ဩဝါဒါစရိယနဲ့ နာယကဆရာတော်အဖြစ်နဲ့ အဖိုးတန်တဲ့ ဩဝါဒများပေးပြီး ဦးဆောင်ခဲ့ပါတယ်။ စေတီတော်ကြီး ရဲ့ တိုးတက်ရာ တိုးတက်ကြောင်းများသာ မကပါဘူး၊ အဖွဲ့ ကြီး စနစ် တကျ တိုးတက်မှု ရှိအောင်လဲ အမြဲတစေ လမ်းညွှန်မှု ပြုခဲ့ ပါတယ်။ ဒီအတွက်အဖွဲ့ ဝင် သံဃာတော် အားလုံးတို့ဟာ ဆရာတော်ကြီးရဲ့ ကျေး ဇူးကို မမေ့နိုင်အောင် ရှိကြပါတယ်။ ဘယ်တော့မှ မေ့ပစ်၍ မရနိုင် စကောင်းတဲ့ ပုဂ္ဂိုလ်ကြီးလဲ ဖြစ်ပါတယ်။

ဒီလို အဖွဲ့ဝင် သံဃာတော်အားလုံးတို့ရဲ့ မှီခိုအားထားရာဖြစ်တဲ့ ကျေးဇူးရှင် ကျစွာချောင် ဆရာတော်ဘုရားကြီး မန္တလေး ပြည်သူ့ဆေးရုံ

ကြီးမှာ ပြန်လွန်တော်မူတယ်ဆိုတဲ့သတင်း အဖွဲ့ဝင်သံဃာများထံ ရောက်လာတဲ့အခါ အားလုံးပင် ယူကြုံးမရ နှမြောတသ ဖြစ်ကြရပါတယ်။

ဆရာတော်ကြီး ပြန်လွန်တော် မူသွားတာဟာ အဖွဲ့ဝင် သံဃာတော်များ အဖို့မှာ အခက်အလက် ဝေဝေဆာဆာနဲ့ အရိပ် အာဝါသ ကောင်းလှတဲ့ ငှက်အပေါင်း မှီခိုရာဖြစ်တဲ့ ပညောင်ပင်ကြီး ရုတ်တရက် လေပြင်းမိပြီး လဲပြိုသွားတာနဲ့ တူပါတယ်။

ဥပမာအဖြစ်သာ ပညောင်ပင်ကြီးနဲ့ တင်စား လိုက်ရပေမယ့် တကယ်ဆိုတော့ လဲပြိုသွားတဲ့ ပညောင်ပင်အစား အခြား တပင်ပင်ကို ရှာမယ်ဆိုယင် ရနိုင်ပါသေးတယ်။ တပည့် ဒါယကာများကို နောက်ဆုံး စွန့်ခွာ သွားခြင်းမျိုးနဲ့ စွန့်ခွာ သွားပြီဖြစ်တဲ့ ဆရာတော်ကြီးကတော့ ဘယ်တော့မှ အစားပြန်မရနိုင်တော့ပါဘူး။ ဆရာတော် ပြန်လွန်တော် မူသွားတာဟာ ဆရာတော်နဲ့ နီးစပ်ဆက်သွယ်နေတဲ့ လူသားတိုင်းအဖို့ ကြီးစွာသော ဆုံးရှုံးခြင်းတရပ်ဖြစ်ပါတယ်။

ဒါပေမယ့် ဖြေသိမ့်စရာတော့ ကျန်ရှိရစ်ခဲ့ပါသေးတယ်။ အဲဒါက ဘာလဲဆိုတော့ ဆရာတော်လို့ ခေါ်ဝေါ် ပညတ်ထားတဲ့ ဥတုဇရုပ် ကလာပ်ကြီး သူ့သဘာဝအတိုင်းဖောက်ပြန်ပျက်စီး ချုပ်ဆုံးပျောက်သွားပေမယ့် ဆရာတော်ရဲ့ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်ဆိုတဲ့သတင်း ရနံ့ကတော့ သင်းပျံ့ပြီး ကျန်ရှိနေခဲ့ခြင်းဖြစ်ပါတယ်။ အဲဒီ ရနံ့ဟာလဲ အမြဲတမ်း သင်းပျံ့ပြီး တကြိုင်ကြိုင် လှိုင်နေဦးမှာဖြစ်ပါတယ်။

ဆရာတော်ကြီးရဲ့ ဂုဏ်ပုဒ်တွေကို ဖော်ထုတ်တင်ပြတဲ့ နေရာမှာ ပရိယတ္တိဝိသာရဒဂုဏ်တို့၊ ဘာသန္တရဆေကဂုဏ်တို့၊ ဝိနိစ္ဆယကောသလ္လ ဂုဏ်တို့၊ ဗဟုသုတဓရဂုဏ်တို့၊ ကုလဝံသဟိတကာရီ ဂုဏ်တို့ဆိုတာတွေနဲ့ လဇ္ဇီပေသလ၊ သိက္ခာကာမ၊ ဝိနယဂရုကဆိုတဲ့ ပညာရှိသူတော်ကောင်း တို့ရဲ့အသွင်အပြင် လက္ခဏာတွေဟာ စကားမို့ဆို ပျားမို့ချိုတာမဟုတ် ပါဘူး။ဆရာတော်ကြီးမှာ တကယ်ရှိနေတဲ့ ဂုဏ်ပုဒ်များဖြစ်ကြပါတယ်။

အဲဒီ ဂုဏ်တွေအပြင် တကယ့်အာဇာနည်စိတ်ဓာတ်မျိုးနဲ့အမျိုး ဘာသာ သာသနာ ပညာရေး ကိစ္စရပ်တွေကို ရွတ်ရွတ်ချွန်ချွန် စွန်းစွန်း တမန် နောက်မတွန့်ဘဲ မကြောက်မရွံ့ ဆောင်ရွက်ပံ့တဲ့၊ ဆောင်လဲ

ဆောင်ရွက်ခဲ့တဲ့ ရှေ့ဆောင် လမ်းပြပုဂ္ဂိုလ်တွေမှာ ရှိသင့်ရှိထိုက်တဲ့ ဂုဏ် အရည်အချင်းမျိုးလဲ ဆရာတော်မှာ စုံတင်ထားရလောက်အောင် အပြည့် အဝရှိနေပါသေးတယ်။ အဲဒီ ဂုဏ်အရည်အချင်းတွေတော့ ဆရာတော့် ဘဝတသက်တာမှာ ကြိုးပမ်းဆောင်ရွက်ခဲ့တဲ့ အမျိုးသားရေး လှုပ်ရှား မှုတွေမှတွေ့နိုင်ပါတယ်။

ဆရာတော့်ဘဝကို လေ့လာတဲ့အခါမှာ ဆရာတော်ရဲ့ အမျိုး သားရေးလှုပ်ရှားမှုနဲ့ 'ရွှေမျက်မှန် ဦးဝိဇယ'ဆိုတဲ့ အမည် တွဲနေတာကို တွေ့ရပါတယ်။ ရွှေမျက်မှန် ဦးဝိဇယဆိုယင် နိုင်ငံရေး ဘုန်းကြီးလို့မြင် တတ်ကြပါတယ်။ ဒီအမြင်ဟာ တကယ်တော့ ဆရာတော်ကို ဂရုဟာစိတ် ထားနဲ့ တဖက်စောင်းနင်း ကြည့်ပြီး မြင်တဲ့အမြင်မျိုးပါ။

ဘုန်းကြီးဘဝနဲ့ အမျိုးသားရေး လုပ်ရတယ်ဆိုတာ ဘုန်းတော် ကြီး အချင်းချင်းကလဲအထင်အမြင်သေးချင်၊ လူတွေကလဲ နှာခေါင်းရှုံ့ ချင်ကြပါတယ်။



စစ်ကိုင်း ငွေတောင် ဆရာတော်ကြီးနှင့် ကျစွာဆရာတော်ကြီးတို့ ပတ္တမြားစေတီ ကားလမ်းဖွင့်နေပုံ

တကယ်တော့ သာသနာရေးဆိုတာ သူ့ချည်းသက်သက်ရပ်တည် နေနိုင်တဲ့ တာမျိုးမဟုတ်ပါဘူး။အမျိုးသားရေးတို့ စီးပွားရေးတို့အပေါ်မှာ ကြာပင်ဟာညွန့်ကို မှီပြီးနေသလို မှီနေရတာမျိုးပါ။ အမျိုးသားရေးတို့ စီးပွားရေးတို့ အခြေခံကောင်းမှ ဘာသာရေး၊ သာသနာရေး၊ပညာရေး တို့ဟာ ဖွံ့ဖြိုးစည်ပင်သာယာနိုင်ပါတယ်။ ဒါ့ကြောင့်မို့လဲ ဘာသာ၊ သာသနာ၊ ပညာ အထက်တန်း ရောက်ရေးကို လိုလား တောင့်တတော် မူကြတဲ့ရဟန်းတော်အချို့ဟာ သူများကဲ့ရဲ့မှာတို့၊ထောင်တန်းကျမှာတို့၊ ကိုယ့်ကျိုး ကိုယ့်စီးပွား ထိခိုက်နစ်နာမှာတို့ကို မကြောက်တော့ဘဲ လုပ် ဆောင်ကြတာဖြစ်ပါတယ်။ ဒီနေရာမှာ သတိပြုဘို့ကတော့ ရဟန်းတော် များအနေနဲ့ နိုင်ငံရေး လုပ်တော့မယ်ဆိုယင် ဝိနည်းဘောင်အတွင်းက နေပြီး ရဟန်းသိက္ခာကိုမထိခိုက်စေရအောင်တရားတော်နဲ့အညီ သိမ်သိမ် မွေ့မွေ့ ဆောင်ရွက်သွားကြဘို့နဲ့ အမျိုး ဘာသာ သာသနာတော် အထက်တန်း ရောက်ရေးအတွက် ရှေ့ရှုဦးတည် ထားနိုင်ကြဘို့ ဖြစ်ပါ တယ်။

တချို့က အမျိုးသားရေးအလုပ်ကို ရဟန်းတော်များမလုပ်သင့် ဘူးလို့ တထစ်ချမှတ်ထားကြပါတယ်။ ဒီလိုမဟုတ်ပါဘူး။ ရဟန်းတော် များကိုမဆိုထားနဲ့ ဘုရားရှင် ကိုယ်တော်မြတ်ပင် အမျိုးသားရေး ဆောင်ရွက်သင့် ဆောင်ရွက် ထိုက်တဲ့ကိစ္စမျိုး ပေါ်ပေါက်လာယင် ပေါ် ပေါက်လာသလိုကိစ္စအား လျော်စွာဆောင်ရွက်တော်မူခဲ့တဲ့သာဓကတွေ ရှိပါတယ်။

ဝိဋ္ဋူဍဘမင်းက သာကီဝင်မင်းတွေကို တိုက်ဖျက်ဘို့ သွားတဲ့ အခါမှာ မြတ်စွာဘုရားသခင်ဟာ ဆွေတော် မျိုးတော်တို့ရဲ့ ကျေးဇူး စကားကို မိန့်မြွက်တော်မူပြီး ဝိဋ္ဋူဍဘရဲ့အကြံကို ဟန့်တားတော်မူခဲ့ဘူး ပါတယ်။

တခါ အဇာတသတ်မင်းက လိစ္ဆဝီမင်းတွေကို တိုက်ဖျက်ဖို့အကြံ ရှိတာနဲ့ ဝဿကာရပုဏ္ဏားကို ဘုရားထံလွှတ်ပြီး နည်းနာ ခံယူစေပါ တယ်။ ဒီအခါ မြတ်စွာဘုရားသခင်က လိစ္ဆဝီမင်းမျိုးတို့ရဲ့ ညီညွတ်ခြင်း ကျေးဇူးစကားကို မိန့်ကြားတော် မူတဲ့အတွက် အဇာတသတ်ဟာ ရတ်

တရက် စစ်ရေးကိုအသုံးမပြုဘဲ ဘေဒဥပါယ်သုံးပြီး အချင်းချင်းကွဲပြား အောင်ပြုနေရတာမို့ ၃နှစ်ကြာပြီးမှ ဝေသာလီကို ဖျက်ဆီးနိုင်ပါတယ်။ ဘုရားရှင်ကြောင့် လိစ္ဆဝီမင်းတို့ရဲ့ သက်တမ်း ၃နှစ်တိုးပြီး နေသွားရ ပါတယ်။

တခါ ကပိလဝတ်နဲ့ကောလိယ နှစ်ပြည်ထောင်က သာကီဝင်မင်း တွေ ရောဟိဏီမြစ်ရေကို အကြောင်းပြုပြီး ကြောက်မက်ဖွယ် စစ်ကြီးဖြစ် တော့မယ့်ဆဲဆဲမှာ ဘုရားရှင်ကြွရောက်တော်မူပြီး ငြိမ်းချမ်းရေး တရား ဟောတာနဲ့ စစ်ပြေငြိမ်းခဲ့ဘူးပါတယ်။

အလားတူပင် သီဟိုဠ်ကျွန်းမှာ စူဠောဒရနဂါးမင်းနဲ့ မဟောဒရ နဂါးမင်းတို့ ပတ္တမြားပလ္လင်အတွက် စစ်ခင်းကြတော့မယ့် ဆဲဆဲမှာ ဘုရား ရှင်ကြွရောက်တော်မူပြီး ဖြန်ဖြေတော်မူလိုက်ပါတယ်။

ဒီအဖြစ်အပျက်တွေဟာ ဘုရားရှင်ကိုယ်တော်တိုင် နိုင်ငံရေးအရ ဝင်ရောက် ဆောင်ရွက်တော်မူခဲ့ဘူးတဲ့ သာဓကများဖြစ်ကြပါတယ်။

တခါ ရဟန္တာအသျှင်မြတ်တို့အနေနဲ့လဲ နိုင်ငံရေးအရဖြစ်ပွားခဲ့တဲ့ ရန်ပွဲအချို့ကို ဖြန်ဖြေပေးခဲ့ရဘူးပါတယ်။ သာဓကကတော့ မဟာဝင်မှာ ပါတဲ့ ဒုဋ္ဌဂါမဏိမင်းနဲ့ ညီတော် တိဿတို့ရဲ့ စစ်ပွဲမှာ ဈာန်အဘိညာဉ် ရတော်မူကြတဲ့ ရဟန္တာအရှင်မြတ်တို့ ဝင်ဆောင်ရွက်တော်မူခဲ့ခြင်း ဖြစ်ပါ တယ်။စစ်ပွဲတပွဲမှာ ဒုဋ္ဌဂါမဏိရှုံးလို့ပြေးရတဲ့အခါ နောက်ကသတ်ဖို့လိုက် လာတဲ့ ညီတော် တိဿနဲ့ မတွေ့နိုင်အောင် ညီတော်နောင်တော်နှစ်ပါးတို့ ရဲ့ကြားမှာ တောင်ကြီးတလုံးဖန်ဆင်းပြီး ကွယ်ပေးလိုက်ပါတယ်။ ဒုတိယ အကြိမ်ကတော့ ညီတော် တိဿရဲ့ အလှဲ့ကျပါတယ်။ ဒီအခါမှာလဲ ရဟန္တာအရှင်မြတ်တို့က ညီတော်ကို အကာအကွယ်ပေးခဲ့ကြပါတယ်။

သီဟိုဠ်ကျွန်းမှာဘဲ ဝဋ္ဋဂါမဏိမင်းကို မကျေနပ်တဲ့အမတ်အချို့ ဟာ ဝဋ္ဋဂါမဏိမင်းနဲ့ဆန့်ကျင်ဘက်ဖြစ်တဲ့ ကျေးကုလားမင်းထံဝင်ရောက် ခစားဘို့ သွားကြတဲ့အခါမှာ နိကာယ်လေးရပ် ပိဋကတ်တော်ကို နှုတ်ငုံရ တော်မူတဲ့အသျှင်တိဿမထေရ်မြတ်ဟာ အဲဒီအမတ်တွေကို ဟန့်တားပါ တယ်။ ဘယ်လို ဟန့်တားထားသလဲဆိုတော့ "သင်တို့သွားယင် မှားတော့

မပေါ့၊ ကျေးကုလားက သာသနာကိုလဲ ဖျက်ဆီးနေတယ်။ အသင်တို့ကို အကြောင်းပြုပြီး အသင်တို့ကို တယ်ကြက်ပမာ ထားပြီးတော့ သီဟိုဠ် အမျိုးသားတွေကို ထိမ်ကောဆုတ်ယုတ်အောင် ပြုလုပ်လိမ့်မယ်။ ဝဋ္ဋဂါ မဏိမင်းဟာ သင်တို့ကို သတ်ပစ်စေဦးတော့ သင်တို့ တယောက်ထဲသာ ပျက်စီးမယ်၊ သင့်အမျိုး မတိမ်ကောနိုင်ဘူး၊ သာသနာတော်ကိုလဲ ပြုစု သွားလိမ့်မယ်၊ မသွားကြလေနဲ့”လို့ တားမြစ်တော်မူပါတယ်။ အရှင် တိဿ မထေရ်ဟာ အမျိုးသားရေးနဲ့ ဘာသာ သာသနာအရေး တွေကို မြော်တွေးတော်မူမိတဲ့ အတိုင်း ဝင်ရောက် ဆောင်ရွက်လိုက်ခြင်း ဖြစ်ပါ တယ်။

မြန်မာရာဇဝင်မှာလဲ ရဟန်းတော်များ နိုင်ငံရေးမှာ ပါဝင်ဆောင် ရွက်ပုံတွေကိုတွေ့နိုင်ပါသေးတယ်။ အင်းဝ ဘုရင်မင်းခေါင်လက်ထက်မှာ ဟံသာဝတီဘုရင် ရာဇာဓိရာဇ်ဟာ အင်းဝကိုလုပ်ကြံသိမ်းပိုက်ဖို့ ရေတပ် ကြီးနဲ့ချီတက်လာပြီး စစ်ကိုင်းရေဝန်းမှာ တပ်စွဲထားပါတယ်။ အင်းဝ တမြို့လုံးဟာလဲ ရေကြောင်းဘက်က ပိတ်မိပြီးဖြစ်နေပါတယ်။ ဒီအခါမှာ ဘုရင် မင်းခေါင်ဟာ စစ်ရေးမသုံးဘဲ ရာဇာဓိရာဇ်ရဲ့ရေတပ် အင်းဝက ခွါသွားဘို့ နှုတ်ရေးကောင်းတဲ့ ရဟန်းဝါ ၁၁ဝါ၊သက်တော် ၃၁နှစ် မျှသာရှိသေးတဲ့ အသျှင်စာကြို့သူမြတ်ကို လွှတ်လိုက်ရပါတယ်။ အသျှင် စာကြို့ သူမြတ်ကလဲ ရာဇာဓိရာဇ်ကို အကျိုးအကြောင်းနဲ့တကွ တရား သဖြင့် ဆုံးမတော်မူလိုက်တဲ့အတွက် ရာဇာဓိရာဇ်ဟာ အရုံတပ်ဖြုတ် ပြီး အင်းဝက ထွက်ခွါတော်မူသွားပါတယ်။ ပြည်တွင်း ငြိမ်းချမ်းရေး အတွက်အသျှင်စာကြို့သူမြတ်က ဝင်ရောက်ဆောင်ရွက်လိုက်ခြင်း ဖြစ်ပါ တယ်။

တခါ ရာဇဝင်ဆရာများက မေ့ကျန် ခဲ့ပေမယ့် ကျောက်ရေး ဆရာတို့က ကျောက်ထက်အက္ခရာ ရေးတင်ထားခဲ့တဲ့အတွက် ပဂံခေတ်က အရေးကြီးတဲ့ တိုင်းရေးပြည်ရေး ဆောင်ရွက်ချက်တရပ် ပေါ်လာရပါ တယ်။ ဆောင်ရွက်တဲ့ ပုဂ္ဂိုလ်ကလဲ ရဟန်းတော်တပါး ဖြစ်နေတာမို့ ပိုပြီး စိတ်ဝင်စားစရာ ဖြစ်လာပါတယ်။

ရဟန်းတော်ဘွဲ့အမည်ကတော့ သင်္ကန်ရှင့်ဆံဆံ‘သျှင်ဒိသာပြာမုက်’ လို့ ရေးထိုးထားပါတယ်။ ဒီနေရာမှာတော့ အများနားယဉ်ပြီး ဖြစ်တဲ့ ပါဠိအသံအတိုင်း ‘ဒိသာပါမောက္ခ’လို့ဘဲ ခေါ်သွားပါမယ်။

ခေတ်ကတော့ နရသီဟပတေ့ခေါ် တရုတ်ပြေးမင်း လက်ထက်မှာ ဖြစ်ပါတယ်။ သက္ကရာဇ်ကတော့ ၆၄၇ ခုနှစ်ပါ။ အင်အားကြီးမားတဲ့ တာတာစစ်သည်တွေ ဘေးကြောင့် တရုတ်ပြေးမင်းကိုယ်တိုင် ပုဂံနေပြည်တော်ကို စွန့်ပစ်ပြေးလာပြီး ပြည်အနောက် 'လှည်းကျ'ဆိုတဲ့ အရပ်မှာ စစ်ပြေးဘုရင်အဖြစ်ဖြင့် ခေတ္တစံမြန်းတော်မူနေခိုက်ဖြစ်ပါတယ်။ တာတာစစ်တပ်ကြီးကတော့ သင်းတဲလို့ခေါ်တဲ့ တကောင်းမှာတပ်စွဲထားပြီး ပုဂံဝင်ဘို့ရာအချိန်စောင့်နေခိုက် ဖြစ်ပါတယ်။

ဒီလို တိုင်းပြည် အခြေအနေက ပရေမရာ ဖြစ်နေတဲ့ အခါမှာ နရသီဟပတေ့မင်းက အနန္တပစ္စည်း မဟာဗိုလ်ကိုခေါ်တော်မူပြီး "နင်တို့တရုတ်ရဲ့ အလားအလာကို သိအောင်သွားပြီး စုံစမ်းကြချေ" လို့ အမိန့်ပေးပါတယ်။ အနန္တပစ္စည်းမဟာဗိုလ်ကလဲ 'ဤအမှုကားကြီးစွတကား၊ အသျှင် ဒိသာ ပါမောက္ခသာလျှင် စွမ်းဆောင် နိုင်လိမ့်တကား'လို့ အရေးကိုမြော်တွေးမိတဲ့အတိုင်း မင်းကို လျှောက်တားတဲ့အခါ မင်းကလဲ သဘောတူတာမို့ သျှင်ဒိသာပါမောက္ခ ဆရာတော်ကိုဘဲ သံတမန်သဘောမျိုးနဲ့ တရုတ်မင်းထံ လွှတ်လိုက်ရပါတယ်။

သျှင် ဒိသာပါမောက္ခ ဆရာတော်လဲ ဟန်လင်း၊ သစ်သိမ့်ခရီးအတိုင်း မြစ်ကြောင်းအလိုက် ဆန်တက်သွားပါတယ်။ မကြာခင် သင်းတဲခေါ် တကောင်းကိုရောက်တော့ ခရီးတထောက်ရပ်နားပါတယ်။

အဲဒီ တကောင်းမှာဘဲ တရုတ်ဘုရင်က ပုဂံကို သိမ်းပိုက်ဖို့လွှတ်လိုက်တဲ့ 'သုသုတ္တကီ'မင်းသား ခေါင်းဆောင်တဲ့ တာတာစစ်သည် ဘို့မဟုတ် မှန်ဂိုစစ်သည်နှစ်သောင်း(၂၀,၀၀၀)နဲ့ ကျောင်း ၇၀ သံဃာများကို အုပ်ချုပ်လာတဲ့ ပုညဓမ္မိကမဟာထေရ်နဲ့ သီရိဓမ္မိကာသင်္ဃာထေရ်တို့နဲ့ သာ သျှင်ဒိသာပါမောက္ခ တွေ့ပါတယ်။

တရုတ်မင်းဟာ မဟာယာနဗုဒ္ဓဝါဒီဝင်တဦး ဖြစ်ပါတယ်။သင်္ဃာများလဲ မဟာယာနဂိုဏ်းဝင် တရုတ်ဘုန်းကြီး၊ ဒါမှမဟုတ် တိဘက်လာမာဘုန်းကြီးများ ဖြစ်စရာရှိပါတယ်။ အပေါင်းကလာခဲ့ကြတဲ့ ပုဂ္ဂိုလ်တွေမို့ ပုဂံလိုပူပြင်းတဲ့ ဒေသကိုသွားရမှာကို ကြောက်နေကြဟန် ရှိပါတယ်။ ဒါ့ကြောင့်မို့ သူတို့ကိုပုဂံမလွှတ်ဖြစ်အောင် သျှင်ဒိသာပါမောက္ခ က ဆောင်ရွက်ပေးပါလို့ တောင်းပန်လိုက်ကြပါတယ်။

သျှင်ဒိသာပါမောက္ခလဲ တကောင်းကထွက်ခဲ့ပြီး ခရီးစဉ်အတိုင်း လာခဲ့ရာ တရုတ်ပြည် ယူနန်နယ်ကဲက 'ယဆည်'ကိုရောက်တဲ့အခါ ဝါကပ် ချိန်ရောက်တာမို့ ယဆည်မှာဘဲ ဝါဆိုလိုက်ရပါတယ်။ ဝါကျွတ်ပြီး တန်ဆောင်မုန်းလရောက်မှ တရုတ်ပြည်တွင်းခရီးကိုဆက်ရပါတယ်။ပြာသို လကျမှ အခုပီကင်းခေါ်တဲ့ တရုတ်ခန်းမင်းကြီး (ကုဘလိုင်ခန်)နေထိုင်တဲ့ 'တယ်တူ'မြို့တော်ကို ရောက်ပါတယ်။

တရုတ်မင်းကြီးနဲ့ သျှင်ဒိသာပါမောက္ခတွေ့ဆုံကြတဲ့အခါ တရုတ် မင်းကြီးက သျှင်ဒိသာပါမောက္ခကို သူရဲ ၂သောင်း (၂၀,၀၀၀)နဲ့ မဟာထိသဿာထိရှင်တို့ကို ခေါ်သွားပြီး ပုဂံမှာသာသနာပြုခိုင်းပါတယ်။

အဲဒီအခါသျှင်ဒိသာပါမောက္ခအရှင်သူမြတ်က တရုတ်မင်းကြီးကို "မဟာရစ်ဥ္စသူရဲအားလုံး သံဃာအားလုံး စပါးရှိမှနေထိုင်ကြအံ့၊စပါး သည် တိုင်းချေပြည်မြစ်မဟုတ်လော၊ အခု ပုဂံမှာလူသူမနေဝံ့လို့ စပါး မရနိုင်၊ မဟာရစ်ဥပမာဆောင်အံ့၊ ဥယျာဉ်စိုက်တဲ့ ယောကျ်ားဟာ ရေ သွန်းပြီး သစ်ပင်ကို ကြီးစေတယ်။ အညွန့်မဆိတ်တကား၊ အသီးသီးပြီး သော် အသီးစား၏၊ဒီဥပမာအတိုင်း တမ္ပဒီပပုဂံပြည်ကြီးကိုရေသွန်းပါဦး၊ လယ်ပယ်လည်း စိုက်လေဦး၊လယ်ပယ်ကောက်ပဲသီးနှံစိုက်ပြီးမှသူရဲများနှင့် သဿာတော်များကို လွှတ်ပါလေ"လို့ ဥပမာ ဥပမေယျတို့ဖြင့် တရုတ် မင်းကြီးနားဝင်အောင် ပြောဟောတော်မူပါတယ်။

တရုတ်မင်းကြီးကလဲ ဒီစကားဟာ ငါ့ဖို့ခဲပါတယ်။ ပဏ္ဍိတ်လာ၍ သာ ပြေပြေပြစ်ပြစ်ဖြစ်ရလေတယ်လို့ ဝမ်းမြောက်ဝမ်းသာ ပြောဟော ပြီး သျှင်ဒိသာပါမောက္ခကို ပြန်စေပါတယ်။

မူရင်းကျောက်စာမှာတော့ သျှင်ဒိသာပါမောက္ခနဲ့ တရုတ်မင်းကြီး တို့အခြေအတင် ဆွေးနွေးကြတာကို "ပြည်မူပြည်ထဲရေး စကားဆိုကြ တယ်"လို့ ရေးထိုးပါတယ်။ အခုခေတ်စကားနဲ့ ပြောရယင် နိုင်ငံရေး အခြေအတင် ဆွေးနွေးကြတယ်လို့ ပြောရပါမယ်။

သျှင်ဒိသာပါမောက္ခ လိမ်မာပါးနပ်စွာ ဆောင်ရွက်တော်မူခဲ့တဲ့ အတွက် မြန်မာနိုင်ငံဟာ တရုတ်လက်အောက်ခံဘဝက လွတ်မြောက်ခဲ့ ပါတယ်။ သာသနာရေးဘက်ကလဲ မဟာယာဉ် ဗုဒ္ဓဘာသာရဲ့ ထိုးဖောက်

မှုဘေးက သီသီကလေး လွတ်လာခဲ့ရပါတယ်။ သျှင်ဒိသာပါမောက္ခရဲ့ ဆောင်ရွက်ချက်ဟာ တိုင်းပြည်လူမျိုးနဲ့ ဘာသာ သာသနာလွတ်မြောက် ရေးအတွက် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။

အခု ဘုန်းကြီးတင်ပြခဲ့တဲ့ ဗုဒ္ဓဝင် မဟာဝင် ရာဇဝင်နဲ့ သမိုင်း ကျောက်စာများကရရှိတဲ့ သာဓကတို့နဲ့ဘဲ ဘုရားရှင်ကိုယ်တော်တိုင်က စပြီး ရဟန္တာအရှင်မြတ်များနဲ့ ကျမ်းဂန်တတ်ပုဂ္ဂိုလ်ကျော်များ ဖြစ် ကြတဲ့ ရဟန်းတော်များကိုယ်တိုင် တိုင်းပြည်လူမျိုးနဲ့ ဘာသာ သာသနာ တော် ကြီးပွားတိုးတက်ရေးနဲ့ အများသတ္တဝါ ချမ်းသာရေးအတွက် ဝိနည်းဘောင်အတွင်းကနေပြီး ပြေပြေပြစ်ပြစ်နဲ့ ကျစ်လျစ်သပ်ယပ်စွာ ဆောင်ရွက်သွားကြမယ်ဆိုယင် ဒီလိုဆောင်ရွက်ခြင်းဟာ ကောင်းသော ဆောင်ရွက်ခြင်း၊ အပြစ်ကင်းသောဆောင်ရွက်ခြင်း၊ ဘုရားအစရှိသော သူတော်ကောင်းတို့ ဆောင်ရွက်ခြင်းမျိုးလို့ဘဲ ဆိုရပါမယ်။

အခု ကျွန်ုပ်ဆရာတော်ဘုရားကြီး ဆောင်ရွက်တော်မူခဲ့တဲ့ အမျိုး သားရေးလုပ်ငန်းဟာလဲ ဒီလမ်းစဉ်အတိုင်းဘဲဖြစ်ပါတယ်။ ဆရာတော်



ပတ္တမြားစေတီ ကားလမ်းဖွင့်အပြီး ပဌမ စတင်တက်ရောက်ကြသော ဘုရားဖူးပရိသတ်

ကြီး နိုင်ငံရေးနယ်ပယ်ထဲ ဝင်ရောက် ဆောင်ရွက်ခဲ့တဲ့ အချိန်ကဆိုယင် နယ်ချဲ့အင်္ဂလိပ်လက်အောက်မှာ ကျွန်သပေါက်အဖြစ် ကျရောက်နေတဲ့ အချိန်မို့ တိုင်းပြည်နဲ့လူမျိုးဟာ အောက်တန်းကျပြီး အမျိုး၊ ဘာသာ၊ သာသနာ၊ပညာဆိုတဲ့အခြေခံတရားလေးပါးက မျက်နှာငယ်နေတဲ့ အချိန်ဖြစ်ပါတယ်။ ဒါကိုမရှုစိမ့်နိုင်တဲ့အတွက်ဒီတရားလေးပါးကိုတော့ ပြန်လည်ထွန်းပြောင်စေရမယ်၊ အထက်တန်း ပြန်ရောက်စေရမယ်၊ ဒီအတွက်လဲ မြန်မာပြည်လွတ်လပ်မှ စိတ်ကြိုက်ဖန်တီးနိုင်မယ်၊ လွတ်လပ်ရေးကိုလဲ နိုင်ငံရေးနဲ့သာ လုပ်ဆောင်ယူနိုင်မယ်လို့ ဆရာတော်ကြီးနဲ့တကွ အားလုံးကဘဲ မြင်လာကြပါတယ်။

ဒီလို မြင်လာကြတဲ့အတိုင်း ကိုင်းပြည်နဲ့လူမျိုး လွတ်လပ်ရေးအတွက် လူများဘက်ကလဲ လူများအလိုက် ဥပဒေဘောင်အတွင်းကနေပြီး ဆောင်ရွက်ကြဘို့၊ ရဟန်းတော်များဘက်ကလဲ ရဟန်းတော်များ စောင့်ထိန်းအပ်တဲ့ ဝိနည်းလမ်းကြောင်းက မတိမ်းမစောင်းစေဘဲ ရိုက်ယင်ခံမယ်၊ ဖမ်းယင်ခံမယ်၊ သတ်ပစ်ယင်လဲခံမယ်၊ ကိုယ်ကတော့လက်တုံ့မပြန်သည်းခံစိတ်နဲ့ ငုံ့ခံမယ်ဆိုတဲ့ ရဟန်းကောင်းရဟန်းမြတ်တို့ ထားအပ်တဲ့ မြင့်မြတ်တဲ့ စိတ်ဓာတ်နဲ့ တိုင်းပြည်နဲ့လူမျိုး လွတ်လပ်ဖို့ ဘာသာ သာသနာ အထက်တန်းရောက်ဖို့ဆိုတဲ့ ဦးတည်ချက်နဲ့ ဆောင်ရွက်တော်မူကြခြင်း ဖြစ်ပါတယ်။ ကျေးဇူးရှင် ကျစွာဆရာတော်ဘုရား ဆောင်ရွက်တော်မူခဲ့တဲ့ လုပ်ငန်းစဉ်တွေကို ပြန်လည်သုံးသပ်ကြည့်မယ်ဆိုယင် ဒီလမ်းကြောင်းအတိုင်း လိုက်လာတာကို တွေ့ရပါတယ်။

ဒီနေရာမယ် ရဟန်းတော်များ အမျိုးသားရေးလုပ်ငန်းတွေထဲ ပါဝင် ဆောင်ရွက်လာပုံကို ရှင်ပုညာနန္ဒရဲ့ သံဃာ့သာမဂ္ဂီသမိုင်းအရ အတိုချုံ့ပြီး တင်ပြလိုပါတယ်။ ရဟန်းတော်များရဲ့ နိုင်ငံရေး အစဟာ ဆရာတော်ဦးဥတ္တမကလို့ ဆိုရပါမယ်။ ဆရာတော်ဦးဥတ္တမဟာ ၁၂၈၀ ပြည့်နှစ်လောက်မှာ ဂျပန်ပြည်ကပြန်ကြွလာပါတယ်။ နောက်သူရိယ သတင်းစာကနေပြီး ဝံသာနုရက္ခိတ တရားနဲ့ နိုင်ငံခြားဖြစ် အထည်အဝတ်တွေကို တတ်နိုင်သမျှ ရှောင်ကြဉ်ကြဘို့နဲ့မြန်မာပြည်ဖြစ် ပင်နီနဲ့ ယောလုံချည် ယောထမိတို့ကိုသာ ဝတ်ဆင်ကြဘို့ နှိုးဆော်တဲ့ ဆောင်းပါးများ ရေးပါတယ်။ ဆရာတော်ရဲ့ ဆောင်းပါးများဟာ နိုင်ငံရေး မျက်စိဖွင့်ပေးခဲ့တဲ့ ဆောင်းပါးများ ဖြစ်ပါတယ်။

အဲဒီအခါမှာ ရဟန်းတော်များဘက်က နိုင်ငံရေးလုပ်ဖို့ မဝံ့မရဲ ဖြစ်နေကြပါသေးတယ်။ ဒါ့ကြောင့်မို့ ဆရာတော် ဦးဥတ္တမဟာ ရဟန်းတော်များဘက် ဦးလှည့်လာပါတယ်။ တိုင်းပြည်နဲ့လူမျိုး လွတ်လပ်မှ သာသနာတော်လဲ ကြီးပွား တိုးတက်နိုင်မှာမို့ ရဟန်းတော်များ ကျိန်းစက် မနေကြပါနဲ့၊ သံဃာ့သာမဂ္ဂီများ ဖွဲ့ပြီးတော့ ဆောင်ရွက်တော်မူကြပါလို့ တိုက်တွန်းလာပါတယ်။ ကိုယ်တိုင်လဲ မနေမနား ကြိုးစားလာတာမို့ ၁၂၈၁ ခုနှစ်ထဲမှာ သံဃာ့သာမဂ္ဂီအသင်း စပေါ်လာပါတယ်။ အထက်မြန်မာပြည်မှာတော့ ၁၂၈၂ ခုနှစ်မှ ဖွဲ့စည်းနိုင်ပါတယ်။

အထက်မြန်မာပြည်မှာ သံဃာ့သာမဂ္ဂီအသင်း စတည်ထောင်တဲ့ နှစ်မှာဘဲ ဆရာတော်ဟာ ရွှေမျက်မှန်ဦးဝိဇယအမည်နဲ့ နိုင်ငံရေးထဲ ရောက်လာပါတယ်။ ဆရာတော် ရဟန်းဝါ ၁၂ ဝါအရ ဖြစ်ပါတယ်။ (အင်းဝခေတ် ပင်းယစာကြိုသူမြတ် နိုင်ငံရေးဆောင်ရွက်စဉ်က ၁၁ ဝါ ဖြစ်ရာ ဆရာတော်ထက် တနှစ်သာစောပါတယ်)။ ဆရာတော်ရဲ့နိုင်ငံရေး သက်တမ်းဟာ သံဃာ့သာမဂ္ဂီအသင်းနဲ့တပြိုင်တည်း မွေးဖွားလာခြင်း ဖြစ်ပါတယ်။

အဲဒီနောက် ၁၂၈၃ ခုနှစ်မှာ ဆရာတော် ဦးဥတ္တမအဖမ်းခံရပါတယ်။ ဆရာတော် ဦးဥတ္တမအဖမ်းခံလိုက်ရတဲ့အတွက်လဲ သံဃာတော်များဟာ အမျိုးသားရေးလုပ်ငန်းတွေမှာ နိုးနိုးကြားကြား ဖြစ်လာကြပါတယ်။ သံဃာ့သာမဂ္ဂီအသင်းများ အပြိုင်အဆိုင် ဖွဲ့လာကြပါတယ်။ နောက်တော့ အဲဒီအစိတ်စိတ်ဖြစ်နေတဲ့ အဖွဲ့ငယ်ကလေးတွေကို ရန်ကုန်နဲ့မန္တလေးမှာ စုစည်းပေါင်းဖွဲ့ပြီး သံဃာ့သာမဂ္ဂီ အဖွဲ့ချုပ်ကြီး ၂ခု စင်ပြိုင်ဖွဲ့မိပါတယ်။ ဒီလိုမြို့ကြီး၂မြို့မှာ သံဃာ့အဖွဲ့ကြီး စင်ပြိုင်ဖြစ်နေတာဟာ တနေ့မှာ နိုင်ငံရေးအန္တရာယ်ကြီးကျဖြစ်လာနိုင်တာကို ခေါင်းဆောင်ပိုင်းကမြင်လာကြပါတယ်။ ဒါ့ကြောင့် တဖွဲ့တည်းဖြစ်ဖို့ လုံးပန်းကြရပါတယ်။

သံဃာ့အဖွဲ့ချုပ်ကြီး တဖွဲ့တည်း ဖြစ်မြောက်ရေးအတွက် ကော်မီတီဖွဲ့တဲ့အခါ အထက်အောက်လေးပါးစီ ရွေးချယ်ကြပါတယ်။ အထက်ပိုင်းအတွက် (၁) ရွှေပြည်ဆရာတော်၊ (၂) စံကျောင်းဆရာတော်၊

(၃) မိုးထားတိုက် ဦးဝိဇယနဲ့ (၄)ဆင်တဲတိုက် ဦးအာလောကတို့ ဖြစ်ကြပါတယ်။ ဆရာတော် ဦးဝိဇယဟာ နိုင်ငံရေးသက်တမ်း တနှစ်သားအရမှာ တာဝန်ကြီးတခုကို ထမ်းဆောင် လာရပါတယ်။

နောက် တဖြည်းဖြည်း တဖွဲ့တည်း ဖြစ်ဖို့ ကြိုးစားချက်ဟာ ၁၂၈၅ ခု နှစ်ဝါဆိုလမှာ အကောင်အထည်ပေါ်လာပါတယ်။ ပျဉ်းမနားမြို့ ကန်ဦးကျောင်းမှာပြုလုပ်တဲ့ အစည်းအဝေးကြီးက 'မြန်မာပြည်သမ္မာသမ္ဗုဒ္ဓသာသနာလုံးဆိုင်ရာ သံဃာ့သာမဂ္ဂီအဖွဲ့ချုပ်ကြီး'လို့ အမည်ပေးလိုက် ပါတယ်။ အဲဒီအခါ ဆရာတော် ဦးဝိဇယဟာ ၁၅ ဝါရလို့ သက်တော် ၃၅နှစ် ရှိနေပါပြီ။ နိုင်ငံရေးသက်နဲ့ ဆိုယင်တော့ ၃ နှစ်သားရှိပါပြီ။

အဲဒီနောက် ဆရာတော် ဦးဝိဇယဟာ နိုင်ငံရေးကို ဆက်လက်ဆောင်ရွက်တော်မူလာခဲ့ရာ ၁၂၈၈ ခုနှစ် သက်တော် ၃၈နှစ်၊ ဝါတော် ၁၈ ဝါအရမှာ မြစ်ငယ်သဿမေမ အခွန်တော်နဲ့ပတ်သက်ပြီး ကျေးရွာလူထုဘက်က လိုက်ပါဆောင်ရွက်ခဲ့တဲ့အတွက် ခုခံမှုနဲ့တရားဆင်ပြီး ၄လ အချုပ်ခံရပါတယ်။

နောက် ၁၂၈၉ ခုနှစ် သက်တော်၃၉-နှစ်၊ ဝါတော် ၁၉-ဝါ အရမှာ ဦးဥတ္တမကြိုဆိုရေးနဲ့ ပတ်သက်ပြီးတော့ ကျောက်သွေးတန်းမှာ သေနတ်မှန်ပြီး ပြန်လွန်တော်မူသွားတဲ့ ဦးစန္ဒိမာဈာပနနဲ့ ပတ်သက်ပြီးတော့ ထောင်ဒဏ် ၃နှစ် အပြစ်ပေးတာခံရပါတယ်။

အဲဒီနောက် ၁၃၀၃ ခုနှစ် ဂဠုန်ဦးစောလက်ထက်မှာဆရာတော် ဦးဝိဇယဟာ တတိယအကြိမ်မြောက် အဖမ်းခံရပါတယ်။ ၄လသာကြာပါတယ်။

ဆရာတော်ဟာ ပြင်းပြတဲ့ မျိုးချစ်ဝံသာနုစိတ်တို့နဲ့ ရှတ်ရှတ်ချွန်ချွန်စွန်းစွန်းတမန် ဆောင်ရွက်ခဲ့တဲ့အတွက်လဲ ထောင်အကြိမ်ကြိမ် ကျခံခဲ့ရပါတယ်။ ဒီလို ထောင်အကြိမ်ကြိမ်ကျခံပြီး နိုင်ငံရေးကို ဆောင်ရွက်ခဲ့တဲ့အတွက်ကြောင့်လဲ ဖေဘီယန် ဦးဘခိုင်က 'မြန်မာပြည်နိုင်ငံရေးရာဇဝင်' ဆိုတဲ့ စာအုပ်ထဲမှာ တိုင်းပြည်အတွက် အနစ်နာခံပြီး ထောင်တန်းကျခံခဲ့ရတဲ့ သံဃာတော်စာရင်းမှာ ရွှေမျက်မှန် ဦးဝိဇယကို ထည့်သွင်းဖော်ပြခဲ့ခြင်းဖြစ်ပါတယ်။

ဆရာတော် ဦးဝိဇယဟာ နိုင်ငံရေးကိုစတင်ဆောင်ရွက်တဲ့ အချိန်ကစပြီး ပြန်လွန်တော်မူတဲ့အထိ လက်ငင်ချည် ဖျင်သင်္ကန်းကိုသာ ဝတ်ရုံသွားပါတယ်။ တိုင်းပြည်နဲ့လူမျိုး၊ ပြီးတော့ တိုင်းရင်းဖြစ် ကုန်ပစ္စည်းအပေါ်မှာ နှစ်နှစ်ကာကာ အဘယ်မျှ သံယောဇဉ်ခင်တွယ်ပြီး ချစ်ခင်မြတ်နိုးတယ်ဆိုတာကို ပြသွားခြင်းဖြစ်ပါတယ်။ ပြီးတော့ လွတ်လပ်ရေးမရမချင်း ကျောင်းမထိုင်ပါဘူးဆိုတဲ့ သန္နိဋ္ဌာန်ကို သံမဏိစိတ်ဓာတ်နဲ့ ကြံ့ကြံ့ခိုင်ခိုင်ရှိကြောင်း ပြသွားပါသေးတယ်။

ဆရာတော်ကြီး အနှစ်နှစ်အလလက် မြော်မှန်း တမ်းတသွားတဲ့ လွတ်လပ်ရေးကိုတော့ မြင်သွားခဲ့ရပါတယ်။ ဆရာတော် ပြန်လွန်တော်မူတာဟာ ဆရာတော်ကြီး နှစ်နှစ်ကာကာ ချစ်မြတ်နိုးတဲ့ လွတ်လပ်တဲ့ သခင်ဘဝနဲ့ဘဲ ပြန်လွန်တော် မူသွားရခြင်း ဖြစ်ပါတယ်။ ဒါပေမယ့် ဆရာတော်ကြီး မြော်မှန်းထားတဲ့အတိုင်း ပြည့်စုံမပြည့်စုံဘူး ဆိုတာကိုတော့ အခုစာတန်းရှင် ဘုန်းကြီးအနေနဲ့ အထူးရှင်းပြဘို့မလိုတော့ဘူးလို့ ထင်ပါတယ်။

ဆရာတော်ကြီးဟာ နိုင်ငံရေးထဲမှာ ကိုယ်နဲ့စိတ်ကို မြှုပ်နှံထားသလို ဘဝသက်တမ်း တလျှောက်မှာ ဆောင်ရွက် နေခဲ့ပေမယ့် ရဟန်းတို့အလုပ်ဖြစ်တဲ့ ပရိယတ္တိ လုပ်ငန်းစဉ်ကိုတော့ မေ့မလားပါဘူး။ဆရာတော်ကြီးရဲ့ ပရိယတ္တိ လုပ်ငန်းစဉ်ကို ဆရာတော်ကြီး အသက်ရှိစဉ်က အရှင်သီလာနန္ဒ ရေးမှတ်ယူထားတာကတော့...

ပဌမ သင်ပုန်းကြီး က၊ ခ၊ ချကို ဦးအာဒိစ္စ၊ ဦးဝါယမ၊ ဦးဥတ္တမ စတဲ့ ငယ်ဆရာများက ကန့်ကူလက်လှည့် သင်ကြားပေးကြ ပါတယ်။

အခြေပြုစာတွေတော့ သုံးဆယ်မြို့ မောင်းထောင်တိုက်စာချဆရာတော် ဦးပဏ္ဍဝ၊ ဦးသုဝဏ္ဏ တို့က ပို့ချ ပေးပါတယ်။ စာချ ဆရာတော် ဦးပဏ္ဍဝဟာ ကျေးဇူးအပြုဆုံးလို့လဲ ဆိုပါတယ်။

ကစ္စာယနသာရနဲ့ သုတ်နက်ကို စလုပ်ရ ပါတယ်။ အဲဒီ နောက် ဆန်း နိသျသစ် ရေးတဲ့ သီးကွင်း ဆရာတော် အသျှင် သိရိကုမာရ ထံမှာ ဆန်းနဲ့ နေတ္တိအဋ္ဌကထာ တက်ပါတယ်။ သက္ကဋ မုဒ္ဒဗောဓကို နာမ် ကုန် သည်အထိတက်ပြီး အမရကောသကတော့ တစ်ဝဂ် နှစ်ဝဂ် ကုန်ပါတယ်။

နောက် ညောင်တုံးမြို့ ရွှေဟင်္သာတောရ စံကျောင်းဆရာတော်၊ ပုပ္ဖာရုံဆရာတော် ဦးသုရိယ၊ ဗိုလ်ကျောင်း ဆရာတော် ဦးဓမ္မသာမိတို့ထံ မှာလဲ သင်ယူခဲ့ပါတယ်။

ဓနုဖြူမြို့ မဟာဂန္ဓာရုံ အရှင် အာစာရ ထံမှာလဲ စာလိုက်ခဲ့ ပါတယ်။ အဲဒီ ဆရာတော်ဟာ စံကင်း ဆရာတော်နဲ့ သူငယ်ချင်း ကန်ကြီးကုန်းသား ဖြစ်ပါတယ်။

စစ်ကိုင်း အတိသုဒ္ဓါရုံ ဆရာတော် ထံမှာလဲ မုဒ္ဒဗောဓ ကျန်တာ အကုန်နဲ့ ဝိနည်း အဋ္ဌကထာကို တက်ခဲ့ပါတယ်။

ထရံကာ ဆရာကြီးထံမှာတော့ သမ္ဗော၊ မူလဋီကာ၊ နေ့တနာရီမှာ ကခါ၊ ညဝါတို့ကို ဆိုခဲ့ပါတယ်။ ဗောဓိ ချောင်မှာ ပို့ချတယ်လို့ အမိန့်ရှိပါတယ်။

မန္တလေးဘုရားကြီးတိုက် ဆရာတော် ဦးအာစရ၊ ငုင်းတိုက် ဆရာတော် ဦးပုခန်း၊ ဆရာတော် ဦးဇာဂရကြီး၊ ဆရာတော် ဦးဝိုင်း၊ ဆရာတော် ဦးငြိမ်း၊ ဆရာတော် ဦးသာသနတို့ထံမှာ စာလိုက်ခဲ့ပါတယ်။

ညောင်ကန် ဆရာတော် ဦးဥက္ကဋ္ဌ၊ ရွှေရေး ဆောင် ဆရာတော် ဦးကြည်၊ မိုးထားတိုက် ဆရာတော် ဦးပညိန္ဒြိယတို့ထံမှာလဲ စာလိုက်ခဲ့ပါတယ်။ မိုးထားဆရာတော် ဦးပညိန္ဒြိယထံမှ သဒ္ဒါဋ္ဌ ဒဏ္ဍီ အလင်္ကာကျမ်း၊ ဆန္ဒောမဉ္ဇရီ၊ မာဓဝ နိဒါန်းကျမ်းကို မဓုကောသ ဋီကာနှင့်တွဲပြီး တက်ခဲ့ပါတယ်။

ခင်မကန်တိုက် မန်ကျည်းပင်ကျောင်း ဆရာတော် ဦးသီလာစာရ၊ သူငွေး ဆရာတော် ဦးရေဝတတို့ထံမှာတော့ ကြုံတာနဲ့ မတ်တပ်ရပ် နားထောင်ခဲ့ပါတယ်။ ခေမာသီဝံ ဆရာတော် ထံမှာလဲ ဒီလိုဘဲ စာနာခဲ့ ပါတယ်။ ဒါဟာ အသျှင် သီလာနန္ဒရဲ့ မှတ်တမ်းအရ ဖြစ်ပါတယ်။

ဆရာတော်ဟာ နိုင်ငံရေး ဆောင်ရွက်နေတဲ့ အကြားကာဘဲ အခါအားလျော်စွာ ပရိယတ်စာပေများကိုလဲ ပို့ချတော် မူခဲ့ပါသေးတယ်။

ဒုတိယ ကမ္ဘာစစ်ကြီးပြီးလို့ နိုင်ငံရေးလုပ်ငန်းမှ အနားယူပြီးတဲ့ နောက်မှာတော့ စာပေပို့ချမှုလုပ်ငန်းကိုဘဲ အလေးဂရုပြုပြီး ဆောင်ရွက်တော် မူခဲ့ပါတယ်။

ကျစ္စာချောင်ကို မရောက်မီ ပြန့်ကြီးချောင်မှာ သီတင်း သုံးတော် မူခဲ့စဉ်ကဘဲ ရှုပသိဒ္ဓိစတဲ့ ကျမ်းများကို ပို့ချတော် မူခဲ့ပါတယ်။ ကျစ္စာ ချောင် ရောက်ပြီးတဲ့နောက်မှာလဲ တပည့်များကို စာပေပို့ချ ပေးခဲ့ပါ တယ်။ ဆရာတော်အထူးဝါသနာပါတဲ့ သက္ကဋကျမ်းများကိုလဲ တပည့် များအား ပို့ချပေးခဲ့ပါတယ်။ စာပို့ချတဲ့အခါမှာလဲ ဆရာတော်ဟာ အလွန်ဇွဲရှိတော်မူပါတယ်။ ဆရာတော် စာတဝါချယင် သုံးနာရီလောက် ကြာတတ်ပါတယ်။ စာတက်သူတပည့်များ ပြည့်ပြည့်ဝဝ နားလည်စေ ချင်တဲ့စေတနာကြောင့် ဆရာတော်ကြီးမှာ ပြောပြလို့ အားမရနိုင် အောင်ရှိတဲ့အတွက် အချိန်ကုန်လို့ကုန်မှန်းမသိဖြစ်ပြီး သုံးနာရီလောက် အထိကြာသွားခြင်း ဖြစ်ပါတယ်။

ဆရာတော်ဘုရားကြီးဟာ မိမိတတ်တဲ့ပညာကို ကျွန်ုပ်နိုင်သာမျ နောက်သားတို့အတွက် ချန်ထားခဲ့ချင်တဲ့စေတနာကြောင့် သက္ကဋကျမ်း ဂန်တွေကိုအမှီပြုပြီး ဓာတ္တတ္တဘေဒနီအမည်နဲ့ ပါဠိဓာတ်ကျမ်းတစောင် ပြုစုဘို့ ရည်ရွယ်ချက် ရှိခဲ့ပါတယ်။ ဒီကျမ်းမပြုမီမှာ ဆရာတော်ပြန်လွန် တော်မူသွားရတဲ့အတွက် သာသနာတော်မှာ ဆုံးရှုံးမှု တရပ်အဖြစ်နဲ့ မှတ်တမ်းတင်ရမှာ ဖြစ်ပါတယ်။

ယခုကျစ္စာချောင်ကို ဆရာတော်ကိုယ်တိုင် လွှဲအပ်ခြင်းကို ခံရတဲ့ ဘုန်းကြီး ဦးလက္ခဏ၊ ပြီးတော့ ရတနာ မာရ်အောင်ချောင် ဦးပြဟ္မဝံသ၊ မန္တလေးထီးလင်းတိုက်ဘုန်းကြီးဦးသာဓိနတို့ဟာ ဆရာတော် အထံမှာ သက္ကဋဘာသာကို ကျနစွာသင်ယူခဲ့ကြတဲ့ နောက်ဆုံးတပည့် များဖြစ်ကြပါတယ်။

ဤကဲ့သို့ ပညာဗဟုသုတ ကုံလုံကြွယ်ဝသော ရွှေမျက်မှန်ဆရာ တော် ဦးဝိဇယဟု ထင်ရှား ကျော်ကြားတော်မူသည့် သက်တော် ၇၀၊ ဝါတော် ၆၀ ရှိ ကျေးဇူးရှင် ကျစ္စာချောင် ဆရာတော်ကြီးသည် ၁၃၂၉ခုနှစ် ပြာသိုလပြည့် (၁၄၊၁၊၆၈) တနင်္ဂနွေနေ့ နေ့ ၁နာရီ အချိန်တွင် မန္တလေးပြည်သူ့ဆေးရုံကြီး၌ ဘဝနတ်ထံပြန်လွန်တော်မူခဲ့ရာ သာသနာတော်တွင် အစားထိုး၍ မရနိုင်လောက်အောင် ဆုံးရှုံးမှုတရပ် ဖြစ်သဖြင့် ကြားရသူ အပေါင်းမှာ ဝမ်းနည်း ကြေကွဲ၍မဆုံး ဖြစ်ကြရ လေသည်။

ကျစွာဆရာတော်ဘုရားကြီး

( ရွှေမျက်မှန် ဦးဝိဇယ ) ၏

# ထူးခြားသောဂုဏ်တော်များ

စာတန်းပြုစုသူ
အရှင်လက္ခဏ
ကျစ္စာချောင်၊ စစ်ကိုင်းတောင်ရိုး

# ဂုဏ်ပြုသင့်ကဂုဏ်ပြုကြ

အို....ရဟန်းရှင်လူ စာရှုသူအပေါင်းတို့—

ကျေးဇူးတော်ရှင် ကျစွာ ဆရာတော် ဘုရားကြီး ( ရွှေမျက်မှန် ဦးဝိဇယ )၏ ဂုဏ်ကျေးဇူးတော်တွေကို ပြည့်ပြည့်စုံစုံ ဖတ်ရှု ကြည်ညိုပြီး ကြပေပြီ။

သီလ သမာဓိ ပညာတော် ဂုဏ်တို့နှင့် ပြည့်စုံတော်မူကြသော သူတော်ကောင်းတို့၏ ဂုဏ်တို့ကား 'ဖြူဟွာဖြူဟွေ့ လျှာကုဋေဖြင့်' ချီးကျူးသော်လည်း ကုန်နိုင်ဘွယ်မရှိပါ။ အရည်ကောင်း အရောင်ကောင်းသော အဖိုးတန် စိန်ကောင်းတလုံးကို မည်သည့်မျက်နှာဘက်က လှည့်ကြည့်ကြည့် အရောင်တလက်လက် ထွက်နေသည်ကို တွေ့မြင်ကြရမည်ဖြစ်ပေသည်။

ထိုနည်းတူစွာ ကျေးဇူးရှင် ကျစွာ ဆရာတော်ဘုရားကြီး၏ ဂုဏ်ကျေးဇူးတော်တို့သည်လည်း အဝေးကဖြစ်စေ၊ အနီးကပ်ကပင်ဖြစ်စေ၊ ပရိယတ်ရှုဒေါင့်ကပင်ဖြစ်စေ၊ ကိုယ်ကျင့်သီလ ပဋိပတ်ရှုဒေါင့်ကပင်ဖြစ်စေ မည်သည့်ရှုဒေါင့်ကမဆို ကြည့်ရှုကြည်ညိုတတ်မည်ဆိုလျှင် ကြည့်ရှု ကြည်ညို၍ ဆုံးအံ့မထင်ပါ။

ဂုဏ်ပြုသင့်ဂုဏ်ပြုထိုက်သော ပုဂ္ဂိုလ်တဦးအား ဟုတ်တိုင်းမှန်ရာ ဂုဏ်ကျေးဇူးတော်များကို အခွင့်အခါ သင့်သည့်အားလျော်စွာ ဂုဏ်ပြုကြရပေါ်ကျူး ကြရမည် ဖြစ်ပေသည်။

အခါတပါး မြတ်စွာဘုရားရှင် ပေါတလိယပရိဗိုဇ်နှင့် တွေ့တော်မူသောအခါ မြတ်စွာဘုရားက ပေါတလိယပရိဗိုဇ်ကို မေးတော်မူပါသည်။

"ပေါတလိယ လောကမှာ ပုဂ္ဂိုလ်လေးမျိုးလေးစားအထင်အရှားရှိတယ်။ အဲဒီပုဂ္ဂိုလ်များကတော့....

၁။ ။"ကဲ့ရဲ့ရှုံ့ချထိုက်တဲ့ပုဂ္ဂိုလ်အားဟုတ်တိုင်းမှန်ရာကဲ့ရဲ့ရှုံ့ချ စကားကိုသာ အခါအားလျော်စွာ ပြောဆိုရှုံ့ချပြီး ချီးမွမ်း ထိုက်တဲ့ ပုဂ္ဂိုလ်အား ဟုတ်တိုင်းမှန်ရာ ချီးမွမ်းစကားကိုတော့ အခါအားလျော်စွာ မပြောဘဲနေတဲ့ပုဂ္ဂိုလ်ကတမျိုး၊

၂။ ။"ကဲ့ရဲ့ရှုံ့ချထိုက်တဲ့ ပုဂ္ဂိုလ်အား ဟုတ်မှန်ရာ ကဲ့ရဲ့ရှုံ့ချ စကားကို အခါအခွင့်သင့်တဲ့အခါ မပြောဘဲ ချီးမွမ်းထိုက်တဲ့ ပုဂ္ဂိုလ်အား ဟုတ်တိုင်းမှန်ရာ ချီးမွမ်းစကားကိုသာ အခါအ ခွင့်သင့်တဲ့အခါ ပြောတဲ့ပုဂ္ဂိုလ်ကတမျိုး၊

၃။ ။"ကဲ့ရဲ့ ရှုံ့ချထိုက်တဲ့ပုဂ္ဂိုလ်အား ဟုတ်မှန်ရာ ကဲ့ရဲ့ရှုံ့ချ စကားကိုလည်း အခါအခွင့် သင့်တဲ့အခါ မပြော၊ ချီးမွမ်း ထိုက်တဲ့ ပုဂ္ဂိုလ်အား ချီးမွမ်းစကားကိုလည်း အခါအခွင့် သင့်တဲ့အခါ မပြောတဲ့ပုဂ္ဂိုလ်ကတမျိုး၊

၄။ ။"ကဲ့ရဲ့ရှုံ့ချထိုက်တဲ့ ပုဂ္ဂိုလ်အား ဟုတ်မှန်ရာ ကဲ့ရဲ့ရှုံ့ချ စကားကိုလည်း အခါအခွင့်သင့်တဲ့အခါ ပြောပြီး ချီးမွမ်း ထိုက်တဲ့ ပုဂ္ဂိုလ်အား ဟုတ်မှန်ရာ ချီးမွမ်းစကားကိုလည်း ပြောတဲ့ ပုဂ္ဂိုလ်ကတမျိုးလို့ ပုဂ္ဂိုလ် လေးမျိုး လေးစား ရှိ တယ်။

"ပေါတလိယ အဲဒီ ငါပြောတဲ့ ပုဂ္ဂိုလ်လေးမျိုးထဲမှာ အဘယ် ပုဂ္ဂိုလ်ဟာ အကောင်းဆုံး အမြတ်ဆုံးလို့ သင်နှစ်သက်ခံယူထားသလဲ"ဟု မြတ်စွာဘုရားက မေးမြန်းတော်မူပါသည်။

ပေါတလိယပရိဗိုဇ်၏အဖြေကား "မြတ်စွာဘုရား.... အရှင်ဘုရား အမိန့်ရှိတော်မူတဲ့ ပုဂ္ဂိုလ်လေးမျိုးထဲမှာ ၃နံပတ်ဖြစ်တဲ့ ကဲ့ရဲ့ရှုံ့ချထိုက် တဲ့ ပုဂ္ဂိုလ်အား ဟုတ်မှန်ရာ ကဲ့ရဲ့ရှုံ့ချစကားကိုလည်း အခွင့်အခါ မသင့် တဲ့အခါ မပြောမဆို၊ ချီးမွမ်းထိုက်တဲ့ ပုဂ္ဂိုလ်အား ဟုတ်မှန်ရာ ချီးမွမ်း စကားကိုလည်း အခါအခွင့်သင့်တဲ့အခါ မပြောမဆိုဘဲ နေတဲ့ ပုဂ္ဂိုလ်ဟာ အကောင်းဆုံး အမြတ်ဆုံးလို့ တပည့်တော် နှစ်သက် ခံယူထားပါတယ် ဘုရား။"

“ဘာ့ကြောင့်လဲဆိုယင် ကောင်းတာ ဆိုးတာကို ဘာမျှမပြောဘဲ လျစ်လျူရှုပြီးနေခြင်းဟာ အကောင်းဆုံးလို့ ယူဆထားလို့ပါဘုရား”ဟု ပြန်လျှောက်လေ၏။

ထိုအခါ မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏ “ပေါတလိယ ငါအမိန့်ရှိတဲ့ ပုဂ္ဂိုလ်လေးမျိုးထဲမှာ ကဲ့ရဲ့ ရှုံ့ချထိုက်တဲ့ပုဂ္ဂိုလ်အား ဟုတ်မှန်ရာ ကဲ့ရဲ့စကားကိုလဲ အခါအခွင့်သင့်ယင် ပြောပြီး ချီးမွမ်းထိုက်တဲ့ ပုဂ္ဂိုလ်အား ဟုတ်မှန်ရာ ချီးမွမ်းစကားကိုလဲ အခါအခွင့်သင့်ယင် ပြောတဲ့ ပုဂ္ဂိုလ်ဟာအကောင်းဆုံးအမြတ်ဆုံးဘဲ၊ ဘာ့ကြောင့်လဲဆိုယင် အကောင်း အဆိုးကို ပြောဆိုခြင်း၌ အခါအခွင့်သိတဲ့(ကာလညူ) ပုဂ္ဂိုလ်ဖြစ်လို့ ပါဘဲ”ဟု မိန့်တော်မူလေသည်။

မြတ်စွာဘုရားရှင်၏ခံယူတော်မူချက်ကား ရှုံ့ချကဲ့ရဲ့ရမည့်ပုဂ္ဂိုလ်ကို အခါအခွင့်ကြည့်ပြီး ဟုတ်မှန်သည့်အတိုင်း ကဲ့ရဲ့ရှုံ့ချရမည်၊ ချီးမွမ်းရမည့် ပုဂ္ဂိုလ်ကို ချီးမွမ်းဘို့ အခွင့်အခါ ရောက်လာလျှင် ဟုတ်မှန်သည့် အတိုင်း ချီးမွမ်းရမည်၊ ဤသို့ ချီးမွမ်းမှု ကဲ့ရဲ့မှုပြုသောသူသည်သာ အခါ အခွင့်ကို သိတတ်သည့် (ကာလညူ)ပုဂ္ဂိုလ်ဖြစ်သောကြောင့် အကောင်း ဆုံး အမြတ်ဆုံး ပုဂ္ဂိုလ်ဟု မြတ်စွာဘုရားက ရွေးချယ် ထောမနာပြုထားပါ သည်။

ဤအချိန်အခါသည်လည်း ကျေးဇူးရှင် ကျစွာဆရာတော်ဘုရား ကြီး၏ ဂုဏ်ကျေးဇူးတော်များကို ဖော်ကြူးပူဇော်နေသော အချိန်အခါ ဖြစ်၍ ဆရာတော်၌ အထင်အရှားရှိသော ဂုဏ်ကျေးဇူးတို့ကို ဟုတ်မှန် သည့်အတိုင်း ချီးကြူးပူဇော်ရမည် ဖြစ်ပေသည်။

## ဖျင်သက်န်းနှင့် မောဃရာဇထေရ်

ဘုရားရှင်သည် သူ၏ အရိယာ သာဝကကြီးများကို ဂုဏ်ဖော် ချီးကြူးတော်မူသည့်အခါ ထင်ရှား ရှိသမျှသောဂုဏ်တို့တွင် အထူးချွန် အမွန်မြတ်ဆုံး ဂုဏ်ကို ရွေးထုတ်ကာ တေဒဂ်ဘွဲ့တပ်၍ ချီးကြူးတော်မူ လေ့ရှိပါသည်။

ဘုရားရှင် လက်ထက်တော်က မောဃရာဇ အမည်ရှိတော်မူသော ရဟန္တာမထေရ်မြတ်တပါးရှိ၏။ ထိုမထေရ်မြတ်သည် ခေါင်းပါး(ညံ့ဖျင်း) ခြင်းသုံးမျိုးရှိသော သင်္ကန်းကို ဝတ်ရုံ သုံးဆောင်တော်မူလေ့ရှိ၏။

ခေါင်းပါး (ညံ့ဖျင်းခြင်း) သုံးမျိုးဆိုသည်မှာ....

၁။ ။သင်္ကန်းစ အဝတ်အထည်သည် ဖျင်ကြမ်း အဝတ်ဖြစ်၍ အညံ့အဖျင်းဆုံးဖြစ်ခြင်း၊

၂။ ။သင်္ကန်းချုပ်ရိုးနှင့် အပ်ချည်သည် အညံ့အဖျင်းဆုံး ဖြစ်ခြင်း။

၃။ ။သင်္ကန်းဆိုးရည်သည် အရောင်မပြောင်မလက် အပ်စပ်ရုံ အရောင်သာထွက်ရှိ၍ အညံ့စား ဆိုးရည်ဖြစ်ခြင်း။

ဤသို့ချုပ်ရိုးထောင်ထောင် အရောင်ညစ်နွမ်းဖျင်သင်္ကန်းနှင့်အမြဲ တန်းဆင်မြန်းတော်မူသော မောဃရာဇမထေရ်မြတ်အား မြတ်စွာဘုရားက "ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ လူခစီဝရဓာရဏာနံ ယဒိဒံ မောဃ ရာဇတ္ထေရော" (ရဟန်းတို့ ငါဘုရား၏ခေါင်းပါး ညံ့ဖျင်းသောသင်္ကန်း ကို ဝတ်ရုံသုံးဆောင်သော တပည့် သာဝကတို့တွင် ဤမောဃရာဇထေရ် သည် အမွန်ဆုံးအမြတ်ဆုံး အသာလွန်ဆုံးပေတည်း) ဟု ဧတဒဂ်ဘွဲ့ထူး ချီးကျူးပေးအပ်တော်မူပါသည်။

မှန်ပေသည်၊ မောဃရာဇ ထေရ်မြတ်ကား ဘုရားရှင်၏ အရိယာ မဟာသာဝကကြီးဖြစ်၍ သီလ သမာဓိ ပညာတော်ဂုဏ်တို့ကား ချီးကျူး ၍ဆုံးအံ့မထင်။ သို့သော် ထိုဂုဏ်ထူးတွင် လူခစီဝရဓာရဏ ( အညံ့စား သင်္ကန်းကို သုံးဆောင်သော )ဂုဏ်ကသာ သာလွန်ထူးကဲနေ၍ မြတ်စွာ ဘုရားရှင်က လူခစီဝရဓာရဏ ဧတဒဂ်ဘွဲ့တပ်ကာ ချီးကျူးပေးအပ်တော် မူခြင်းဖြစ်ပါသည်။

ထိုနည်းမခြား အလားတူစွာ ကျေးဇူးရှင် ကျစွာဆရာတော် ဘုရားကြီးသည်လည်း ပရိယတ္တိဝိသာရဒဂုဏ်၊ ဝံသာနုရက္ခိတ ဝံသပါလက ဂုဏ်စသော ဂုဏ်တော်ထူးများ အများအပြားပင် ရှိသော်လည်း မြန်မာ

ပြည်တွင်းဖြစ် လက်ငင်ချည်ဖျင်ကြမ်း သက်န်းအရောင်နွမ်းကြီး များကိုသာ သေတပန်သက်ဆုံး ဝတ်ရုံသုံးဆောင်တော်မူသွားသဖြင့် ဘုရားရှင်သာ ရှိတော်မူမည်ဆိုက 'လူခစီဝရမာရဏ' ဇေတဒဂ်ဘွဲ့ထူးဖြင့် ချီးကြူးဂုဏ်တင်ဘွဲ့ထူးဆင် သွားတော်မူမည်ဖြစ်ပေသည်။

## ကျစ္စသာဆရာတော်နှင့် ဖျင်သင်္ကန်း

မောသရာဇမထေရ်မြတ်သည် မည်သည့်ရည်ရွယ်ချက်ဖြင့် ဖျင်သင်္ကန်းဝတ်ရုံ သုံးဆောင်သည်ကို စာပေ၌ ဖော်ပြထားခြင်း မရှိသော်လည်း ကျစ္စသာဆရာတော်ဘုရားကြီး ဖျင်သင်္ကန်း ဝတ်ရုံသုံးဆောင်တော်မူခြင်းကားခံ ယူချက် အပြည့်အဝရှိပါသည်။

မြန်မာနိုင်ငံသည် သူတပါးလက်အောက် ကျွန်သားပေါက်အဖြစ်နှင့် နေရစဉ် လူမှုရေး စီးပွါးရေး ပညာရေးနှင့် ဘာသာရေး အဆင့်အတန်းတို့မှာ အဖိအနှိပ်ခံဘဝအဖြစ် အနိမ့်ကျကြီးနိမ့်ကျ၍ နေရကား စီးပွါးရေးအဆင့်အတန်းမြင့်မှ လူမှုရေး ပညာရေးနှင့် ဘာသာသာသနာရေးပါ အဆင့်အတန်းမြင့်လာမည်၊ စီးပွါးရေး အဆင့်မြင့်အောင် ကိုယ့်နိုင်ငံရှိတာနှင့်ရောင့်ရဲတင်းတိမ်ကာ ချွေတာ သုံးစွဲနိုင်မှဖြစ်ပေမည်ဟု ခံယူချက်အပြည့်အဝ ထားရှိတော် မူပါသည်။

ထို့ကြောင့် အများသုံး ပစ္စည်းများကို နိုင်ငံခြားမှ မတင်မသွင်း အဝင်မခံဘဲ မြန်မာပြည်တွင်းဖြစ် ပစ္စည်းများကိုသာသုံးစွဲဘို့ ဝံသာနုစိတ်ဓာတ်နှိုးဆွ၍ ပေးတော်မူခဲ့လေသည်။ ကိုယ်တော်တိုင်လည်း ဝံသာနုစိတ်ဓာတ်ကိန်းဝပ်တော် မူသည့် အချိန်ကစ၍ ပြန်လွန်တော် မူသည်အထိ နှစ်ပေါင်း ငါးဆယ်နီးပါး ပြည်တွင်းဖြစ် လက်ငင်ချည်ဖျင်သင်္ကန်း ဖျင်လွယ်အိတ်၊ ဖျင်လက်သုတ်၊ ဖျင်မျက်နှာသုတ်၊ ဖျင်လက်ကိုင်ပုဝါစသော ဖျင်ကြမ်းထည်တို့ကိုသာသုံးစွဲ၍ ခေါင်းပါးစွာ ကျင့်သုံး သွားတော်မူခဲ့ပါသည်။

ဆရာတော်ကြီးသည် ပြည်တွင်းဖြစ် လက်ငင် ချည်ဖျင်ကြမ်း သင်္ကန်းအရောင်နွမ်းကြီးဖြင့် အပွဲပွဲတွင် ဦးဆောင်ဝင်နွှဲလျက် ရှိပေသည်။ ဆရာတော်ကြီး၏ မွန်မြတ်သောအတွင်း စိတ်ဓာတ်ကိုမသိ ပကတိအသွင်အပြင်ကိုသာ မြင်ကြရသူတို့မှာ ဆရာတော်ကြီးကို တောကျွက်ရဟန်း

ဗရမ်းဗတာထင်၍ ရှိသေလေးစားအရေးထားရမှန်းမသိကြပေ။ သို့သော် ဆရာတော်ကြီးကား သူတပါးတို့၏ အလေးထားမှု အရေးယူမှုကို ဂရုမစိုက်၊ သူ၏ခံယူချက် ဦးတည်ချက်တို့ကိုသာ ဦးလည်မသုံ ချီတက်ကြွမြန်းတော်မူလျက်ရှိခဲ့လေသည်။

## အောက်ပြည်သို့ တရားဟောကြွစဉ်က

အခါတပါး ကျစွာ ဆရာတော်ဘုရားကြီးသည် ဝံသာနုတရားဟောရန် ပျဉ်းမနားမြို့မှပင့်၍ မီးရထားနှင့် ကြွတော်မူစဉ် မိမိဝတ်ရုံနေကျ အရောင်ညစ်နွမ်းဖျင်သင်္ကန်းကိုဝတ်ရုံ၍ ဖျင်လွယ်အိတ်ကိုလက်စွဲကာ မီးရထားရိုးရိုးတန်းအတွဲဖြင့် ကြွတော်မူပါသည်။

ဆရာတော်ကြီးကား ထိုအချိန်က ဂျီ၊ စီ၊ ဘီ၊ အေ ရုံးအုပ်ကြီးနှင့် နယ်လှည့် ဝံသာနုဓမ္မကထိကတာဝန်ကို ထမ်းရွက်နေသော အချိန်ဖြစ်၍ သူ့ခေတ်နှင့်သူ့အခါ နိုင်ငံကျော် ဓမ္မကထိကအဖြစ် ကျော်စောတော်မူခဲ့ပေသည်။ အရွယ်တော်အားဖြင့်လည်း သုံးဆယ်ကျော် လေးဆယ်လောက်သာရှိသေး၍ ဘဝင်တော်မြင့် မာန်တော်ဝင့် ကောင်းသည့်အရွယ်တော် ဖြစ်ပေလိမ့်မည်။

သို့သော် ဆရာတော်က ထိုသို့ မဟုတ်ပါပေ။ ဆရာကောင်းတို့၏ တပည့်တပါး ဖြစ်ခဲ့သည့်အားလျော်စွာ ပရိယတ် ပဋိပတ် အနှစ်အသားအဆံတို့ဖြင့် ပြည့်ဝတော်မူခဲ့ခြင်း၊ မျိုးချစ်ဝံသာနုစိတ်ဓာတ်များ ကိန်းဝပ်နေခဲ့ပြီး ဖြစ်ခြင်းတို့ကြောင့် ဘဝင်တော်မမြင့် မာန်မဝင့်ဘဲ ဖျင်ကြမ်းသင်္ကန်း ညစ်နွမ်းနွမ်းကို ဆင်မြန်းလျက် မီးရထားရိုးရိုးတန်းမှ နောက်တော်ပါပင်မခေါ် တကိုယ်တော်တည်း ချွေတာရေးခရီးကြွတော်မူခဲ့ခြင်း ဖြစ်တန်ရာပါသည်။

လမ်းကဘူတာတခုသို့ရောက်သောအခါ ဟင်းသီးဟင်းရွက်ရောင်းသည့် ဈေးသည်အမျိုးသမီးကြီးတစုသည် ဆရာတော် စီးနင်း လိုက်ပါလာသော မီးရထားတွဲပေါ်သို့ ဟင်းသီးတောင်း ဟင်းရွက်ထုပ်များကို ဆရာတော်၏ ထိုင်ခုံ ရှေ့နောက်ဝဲယာမှာ ပစ်တင်ထားကြကုန်၏။ ဆရာတော်က မည်သို့မျှ ပိတ်ပင်တားမြစ်ခြင်းမပြု၊ ခပ်ပုပု ခပ်ကြုံ့ကြုံ့ ကလေးထိုင်ကာ

ဆင်းရဲသားတို့အပေါ် ကရုဏာပွားလျက် သည်းခံ၍ သိတင်းသုံးနေတော်မူပါသည်။ ဟင်းသီးဟင်း ရွက်သည်အမျိုးသမီးတစုကား ဆရာတော်ကိုတောထွက်ရဟန်းကြီးအထင်နှင့် အရိုအသေမပေး အလေးမထား ပေါက်ကရ စကားတွေပြောကာ တသောသော ရယ်မောလျက် လိုက်ပါလာကြပါသည်။ . မီးရထားကြီး ပျဉ်းမနားဘူတာသို့ ဆိုက်သည့်အခါ မြို့ပေါ်မှ ဂုဏ်သရေရှိ ၀ံသာနုလူကြီးလူကောင်းတွေကလည်း ဖျင်ပင်နီအင်္ကျီ ယောလုံချည်ဆင်မြန်းကာ ခေါင်းပေါင်းစတလူလူဖြင့် စီတန်း စောင့်ကြလျက် ၀ံသာနု အမျိုးသမီး ကြီးငယ်တို့ကလည်း ဖျင်ပင်နီ အင်္ကျီ ယောထမိနှင့် ခေါင်းပေါ်မှာ ရေချမ်းအိုးကိုယ်စီရွက်ကာ စီတန်းလျက် စောင့်ကြ နေကြပါသည်။

မီးရထား ခရီးသည်များလည်း ‘ငါတို့စီးလာတဲ့ ရထားပေါ်မှာ ဘယ်လိုပုဂ္ဂိုလ်ထူးများ ပါလာပါလိမ့်မလဲ’ ဆိုတဲ့ အသိတို့ဖြင့် မီးရထားအထူးတန်းတွဲဆီသို့ မျက်နှာများ မူနေကြပေသည်။ ကြိုဆိုနေကြသောလူကြီးလူကောင်း ၀ံသာနုတွေထဲက အချို့ ခေါင်းဆောင်ပုဂ္ဂိုလ်များသည် မီးရထားအထူးတန်းတွဲဆီသို့ပြေးသွားကြပြီး (ရွှေမျက်မှန်ဦး၀ိဇယ)ဆရာတော်အား ရှာဖွေကြပါသည်။

သို့သော် ဆရာတော်ကိုကား မတွေ့ကြ၍ စိတ်အားလျော့သည့်အမူအရာဖြင့် ရိုးရိုးတန်း တွဲများဆီသို့ တွေ့လိုတွေ့ငြား ရှာဖွေကြည့်ကြတော့မှ ဟင်းရွက်ထုပ် ဟင်းသီးတောင်းများ၏အကြားတွင် ကြပ်တည်းစွာ သိတင်းသုံးလျက် လိုက်ပါလာသော ဆရာတော်အား တွေ့ကြရသဖြင့် ၀မ်းမြောက်၀မ်းသာ ပင့်ဆောင်သွားကြပါသည်။ ဆရာတော်ကား မီးရထားမှမဆင်းမီ သင်္ကန်းကို အ၀န်းညီစွာ၀တ်ရုံ၊ ဖျင်လွယ်အိတ်ကို လက်တဖက်မှဆွဲကာ သမဏသြန္ဒြေအပြည့်အ၀ဖြင့် ဆင်းကြွသွားသည်ကို မီးရထားစီး ခရီးသည်များနှင့်တကွ ဟင်းရွက်သည်မိန်းမများ မြင်ကြရသောအခါ နိုင်ငံကျော် ၀ံသာနုဓမ္မကထိက (ရွှေမျက်မှန် ဦး၀ိဇယ) ဆရာတော်မှန်း သိကြရတော့မှ ဆရာတော်အား မလေးမစား အရေးမထားမိတဲ့ မိမိတို့၏အပြစ်တွေကြောက်မိကြပြီး အကြိမ်ကြိမ်ဦးချကာ ကန်တော့လျက် မီးရထားတွဲပေါ်မှာ ကျန်ရစ်ရှာကြလေ၏။

## ဆရာ့ဩဝါဒအတိုင်း လက်တွေ့ကျင့်သုံးတော်မူခြင်း

ကျစွာဆရာတော်ဘုရားကြီးသည် ငယ်စဉ်ကစပြီး ကျမ်းဂန်တတ် အကျင့်ကောင်း ဆရာတော်ကြီးများကို မှီခိုလျက် အရေးထားကာ လေးစားတော်မူခဲ့ပါသည်။

ဆရာတော်သည် ရဟန်းရှစ်ဝါအရ ၁၂၇၀-ခုနှစ် ဝါဆိုဦးမှာ မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး ပြန်လွန်တော်မူစဉ် ဆရာတော်ဘုရားကြီး၏ ဈာပနပွဲသို့ ကြွယင်း အထက်မြန်မာနိုင်ငံတော် မန္တလေးသို့ ခြေချတော်မူခဲ့ပါသည်။ မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး၏ ဈာပနပွဲအပြီး မင်းကွန်းတောင်ရိုးဘက်မှတဆင့် ခြေလျင်ခရီးဖြင့် စာရေးရွာ အဘယာရာမ ဆရာတော်တို့နှင့်အတူ စစ်ကိုင်းတောင်ရိုးသို့ ကြွရောက်ကာ ရက္ခမူ ချောင်၌ သီတင်းသုံးယင်း အတိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးထံမှ သဒ္ဒါစသော ကျမ်းဂန်များ သင်ယူ၍ ရဟန်းကျင့်ဝတ်တို့ကို နိသျည်းယူခဲ့ပါသည်။

သက်သတ်လွတ်အမြဲ ဘုဉ်းပေးတော်မူသော ချမ်းအေးချောင် ဆရာတော်ဘုရားကြီးထံ ဆည်းကပ်ပြီး ခြိုးခြံသောအကျင့်တို့ကို နိသျည်းရအောင်ယူခဲ့ပါသည်။ ထို့ကြောင့် ရဟန်း ကျင့်ဝတ်တို့ကို နိသျည်းအတိုင်း လက်တွေ့ကျင့်သုံးတော်မူနိုင်ခြင်းဖြစ်ပါသည်။

"ဆရာကောင်းတပည့် ပန်းကောင်းပန်" ဆိုသည့် စကားအတိုင်း ကျစွာဆရာတော်ကြီးကား ရဟန်းတို့ ပြုကျင့်ရမည့် ပရိယတ် ပဋိပတ် တာဝန်နှစ်ရပ်ကို ထမ်းဆောင်တော်မူလျက် ယင်းသာသနာ့တာဝန်နှစ်ရပ်၌သာ လုံ့လစိုက်ထုတ် ကြိုးကုတ်တော်မူခြင်း၊ ပြုမူနေထိုင်တော်မူသည့်အခါ၌လည်း ဟိတ်ဟန်နည်းပါးခြင်း၊ ပစ္စည်းလေးပါး၌ ခင်တွယ်မှုမရှိဘဲ ရှိတာနှင့်ရောင့်ရဲနိုင်ခြင်း၊ သီတင်းသုံးဖော် ပုဂ္ဂိုလ်တို့နှင့်ဆန့်ကျင်ဘက်မပြု ညီညွတ်စွာနေထိုင်တော်မူခြင်း စသော ဂုဏ်တော်ပန်းတို့ကိုလည်း ပန်ဆင်တော်မူရကား....

"ရဟန်းကိစ္စ၊ နှစ်မူရ၍၊ လုံ့လအားသည်း၊ ဟိတ်ဟန်နည်း၍၊ ပစ္စည်းမသို၊ စိတ်မတို၊ ခင်ပျိုကြီးပွားကြောင်း" ဟူသော မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီး၏ ဩဝါဒတော်သည် ကျစွာဆရာ

တော်ကြီးတို့လို ပုဂ္ဂိုလ်များအတွက် ထားတော်မူခဲ့လေသလားဟု ရေးရလျှင် လွန်အံ့မထင်။

## အစားအသောက်၌ ခြိုးခြံတော်မူခြင်း

ကျစ္စာဆရာတော်ဘုရားကြီးသည် မန္တလေး ဝင်းလိုက် ရုပ်ရှင်ရုံအနီးရှိ ရတနာပုံအသင်းတိုက်ကြီးမှာ သီတင်းသုံးလျက် ဂျီ၊စီ၊ဘီ၊အေ ရုံးအုပ်တာဝန်ထမ်းဆောင်တော်မူစဉ် ဆွမ်းရေးအတွက် အသင်းရုံပုံငွေထဲမှအသုံးမပြုဘဲ ဆရာတော်ကြီး၏ တူများဖြစ်ကြသော ဦးကျော်ဒင် (ယခု ရန်ကုန်မြို့ ကမာရွတ် သံလမ်း၊ နဂါးပျံဘိနပ်လုပ်ငန်း ပိုင်ရှင်)နှင့် ဦးကျော်ခင်တို့ခံယူပေးသော ဆွမ်းဖြင့်သာရောင့်ရဲတော်မူပါသည်။

ထိုအချိန်က ဆွမ်းလောင်းလှူသော ဒကာ ဒကာမများမှာ ယခု ဝင်းလိုက်ရုံအနီး အောင်ဇေယျလက်ဘက်ရည်ဆိုင် အမေဂျန်းတို့ မိသားစု၊ ရွှေနန်းတော် ဦးဟန်တို့မိသားစု၊ အသက်အာမခံ ဦးအုန်းသင် ဒေါ်သိန်းရင်တို့မိသားစု၊ မန္တလေး ၂၀ လမ်း ဈေးချိုသံဖြူတန်း ဒေါ်တင်ဦး၊ ဒေါ်ငွေခင်၊ ဦးစိန်းညို၊ဒေါ်အမာတို့မိသားစုနှင့် သခင်ဗဟိန်း၏ မိဘများဖြစ်ကြသော ဦးမှင် ဒေါ်ဦး မိသားစုစသည်တို့ ဖြစ်ကြပါသည်။

ဆရာတော်ကြီးသည် ရန်ကုန်မှ ထုတ်ဝေသော ဝံသာနုသတင်းစာ၏စေတနာဝန်ထမ်း အယ်ဒီတာအဖြစ် တာဝန်ယူစဉ်က တနေ့လျှင် ခြောက်ပြားတန် ပေါင်မုန့်ဖြင့် ဝမ်းရေးအတွက် မျှတသုံးဆောင်တော်မူ၏။ တခါတရံ ခြောက်ပြားတန် မုန့်ဟင်းခါးဖြင့်သာ တင်းတိမ်ရောင့်ရဲတော်မူပါသည်။

ဆရာတော်ကား မိမိသည်တိုင်းပြည်အတွက် ပေးအပ်ထားသော တာဝန်ကို ကျေပွန်အောင် ဆောင်ရွက်မည်။ တိုင်းပြည်အတွက် ပေးအပ်သောကြေးငွေကို အပိုမဖြုန်းတီးဘဲခြိုးခြံချွေတာသုံးစွဲမည်ဟု သန္နိဋ္ဌာန်ချထားတော်မူပုံရပါသည်။

ဆရာတော်သည် အမျိုးသားရေး နိုင်ငံရေးမှအနားယူပြီးနောက် စစ်ကိုင်းဘက်သို့ သီတင်းသုံးနေတော်မူစဉ် ပြန့်ကြီးချောင် သီလရှင်ဆရာကြီး ဒေါ်မြမေဆက်ကပ်သော ဆွမ်းကွမ်းဖြင့် ဘုဉ်းပေးလျက် တင်းတိမ်

ရောင့်ရဲတော်မူပါသည်။ ကျစ္စာချောင် ဖွားစာရိက ကျစ္စာချောင်ကို ဆရာတော်ကြီးအား လှူဒါန်းပြီး ကျစ္စာချောင်မှာ ကျောင်းဘုန်းကြီးအဖြစ် စတင် သီတင်းသုံးတော်မူစဉ်ကလည်း ဆရာတော်သည် တပည့်ရဟန်းသာမဏေတို့ကိုသာ ကောင်းမြတ်သည့်အစားအသောက်များကျွေး၍ ကိုယ်တော်တိုင်ကား နံနက် စောစောအချိန်မှာဆွမ်းရည်(ထမင်းရည်)ကို ချက်နေသဲ ဆွမ်းကလေး အနည်းငယ်ထည့်၍ ကျက်အောင်ကျိုစေပြီး ချိုပြန်ခေါ် ကိုင်းနှစ်ဖက်တပ် ချိုင့်ကလေးဖြင့် အေးအောင်ထည့်ထားစေသည်။ အတော်အတန် အေးသည့်အခါ ချိုပြန်၏ကိုင်း နှစ်ဖက်ကကိုင်ပြီး အရသာခံမနေဘဲ ဝမ်းပြည့်ရုံမျှ၍ ဆေးအဖြစ် သုံးဆောင်တော်မူပါသည်။ နေ့ခင်း ဆယ်နာရီခွဲလောက်မှာ ချဉ်ရည်ဟင်း ပဲပြုတ် ငပိရည်အတို့ဖြင့် နေ့ဆွမ်းအဖြစ် ဘုဉ်းပေး သုံးဆောင်တော်မူလေ့ ရှိပါသည်။ ဟင်းကောင်းကျွေးကောင်းများကို တို့ရုံသာတို့၍ တပည့်ရဟန်းသာမဏေတို့အတွက် ဝေ့ကွက် ထားရှိတော်မူပါသည်။

## ဆဋ္ဌသံဂါယနာတင်ပွဲသို့ ကြွတော်မူခြင်း

သာသနာ ၂၅၀၀-အထိမ်းအမှတ်အဖြစ် ဆဋ္ဌသံဂါယနာတင်ပွဲကြီး စတင်ကျင်းပနေသောအချိန်သို့ ရောက်လာပေပြီ။ တိုင်းပြည်အဝှန်းရှိ ရဟန်းရှင်လူအပေါင်းတို့သည် သံဂါယနာပွဲသဘင်သို့ ကြွရောက်ကြရန် ဟန် တပြင်ပြင် ပြုလုပ် နေကြပေပြီ။ ကျစ္စာ ဆရာတော်ဘုရားကြီးသည် အရေးပါသော(ပါဠိဝိသောဓက)ဆရာတော် တပါးအဖြစ်ဖြင့်ဝန်ဆောင်သံဃာ့အဖွဲ့က ပင့်ဖိတ်သဖြင့် ကြွရောက်ရန် ပန်ပြင်တော်မူရလေပြီ။ ဆဋ္ဌသံဂါယနာသို့ ကြွခါနီးရက် ရောက်လာသည့်အခါ ရှိရင်းစွဲ ဖျင်သင်္ကန်းများထဲမှ အပ်စပ်သော အရောင်ရှိသည့် သင်္ကန်းများကို ရွေးကြရသည်၊ အရောင်မတည့်သေးက အပ်စပ်သော ပိန္နဲရေဖြင့် ဆိုးကြရသည်။ (ဤသို့သင်္ကန်းရောင် ရွေးချယ်ရခြင်းကား သံဃာမရိသတ်ကို ရိုသေ လေးစားသော အားဖြင့် ပရိသ ဒူသန မဖြစ်အောင် ရွေးချယ်ရခြင်း ဖြစ်ပါသည်)။

မှတ်စုမှတ်တမ်း စာအုပ်များထည့်ရန် ဖျင်ကြမ်းလွယ်အိတ်ချုပ်၍ ဆေးမရှိ၍ နန္နင်းဖြင့်ဆိုးပေးရသည်။ ဖျင်မျက်နှာသုတ်၊ ဖျင်လက်သုတ်၊

ဖျင်လက်ကိုင်ပုဝါများ စီမံပေးရသည်။ လမ်းခရီး၌ သောက်သုံးရေထည့်ရန် ဗူးသီးခွံ ရေဗူး ရှာ၍ ပခုံးလွယ်ရန် လျှော်နီကြိုးဖြင့် ခက်ပေးရသည်။

ရန်ကုန်သို့ကြွမည့်နေ့၌ကား စီမံထားသော ဖျင်သင်္ကန်းထဲမှ သင်းပိုင်တထည်ကို ခါးမှာဝတ်၊ ရေသနုတ်လုပ်ရန် ခပ်နွမ်းနွမ်းသင်းပိုင်ကိုကိုယ်မှာ အံသကိုက်အဖြစ်ပတ်ပြီး ကျန်သင်းပိုင်တထည်ကို အိပ်ရာခင်းလုပ်ရန် သပိတ်ပေါ်မှာခေါက်၍ တင်တော်မူသည်။ ကေသိတထည်းကို ကိုယ်မှာ လွှမ်း၍ ကျန်ကေသီတထည်ကိုခေါက်လျက် ပခုံးပေါ်မှာတင်ပြီး သပိတ်နှင့် ဗူးသီးခွံရေဗူးကို ပခုံးတဖက်မှာလွယ်ကာ ဖျင်လွယ်အိတ်ကို လက်တဖက်ဖြင့်ဆွဲလျက် (ငှက်ကဲ့သို့ အတောင်သာဝန်ရှိသည်ဖြစ်၍) ပေါ့ပါးစွာ ကြွသွားတော်မူပါသည်။

ဆင္ဌသံဂါယနာ ပွဲတော်ကြီး၌ကား ရက်ကြာကြာ နေတော်မမူဘဲ ဝန်ဆောင်ဆရာတော်တို့ ကျေနပ်ရှိသာ လိုအပ်သည်များ ညွှန်ကြားတော်မူ၍ ကျစွာချောင်သို့ပြန်ကြွကာ အဝေးမှသာ အကြံပေးတော်မူပါသည်။

ကျဍ္ဍာဆရာတော်ဘုရားကြီး

( ရွှေမျက်မှန် ဦးဝိဇယ )

၏

# နောက်ဆုံးနေ့များ

စာတန်းပြုစုသူ

အရှင်လက္ခဏ

ကျဍ္ဍာချောင်၊ စစ်ကိုင်းတောင်ရိုး

## အချိန်ကာလ သမယသည်ကား....

၁၃၂၉ ခုနှစ်နတ်တော်လ မြောက်လေဆော်သွင်း နှင်းပွင့်ကလေးများ ဆွတ်ဖျန်း၍ အချမ်းဓာတ်ဒီဂရီ တိုးတက်စအချိန်၊ လောကဓာတ်တခုလုံး မြူလုံးမြူခဲ ရစ်ဝဲလွှမ်းချုပ် အုပ်ဖုံးစ အချိန်၊ သန့်စွမ်းကျန်းမာလူသန်မာတို့သည်ပင် အနွေးထည် ခြုံစောင်တို့ဖြင့် လုံအောင်ကွေးလျက် မီးမွေးလက်ကင် အအေးဓာတ်ကို ဆန့်ကျင်ခုခံနေရသည့် ဟေမန္တ ဆောင်းရာသီအချိန်ကာလ သမယ ဖြစ်ပေသည်။

ကျစွာဆရာတော်ဘုရားကြီးဟု သမုတ်အပ်သော နာမရာဇာ မင်းကြီး၏ ခန္ဓာပူရ မြို့တော်ကြီးသို့ မရဏာသန္န မင်းကြီးက ဇာတိဇရာ တပ်မတော်ကြီးများနှင့်အတူ ဗျာဓိ စစ်ဗိုလ်ချုပ်ကြီး ဦးဆောင်ကွပ်ကဲသော တပ်မတော်ကြီးကို နာမရာဇာမင်းကြီးအား လက်ရဖမ်းယူရန် လွှတ်လိုက်လေပြီ။

ကျစွာဆရာတော်ဘုရားကြီးဟု နာမကျော်ဟည်း နာမရာဇာ မင်းကြီးသည်ကား သက်တော်ရှယ်တော်အားဖြင့် ၈၀ တွင်းသို့ပင် ချင်းနင်းဝင်ရောက်နေပြီဖြစ်ရကား ဇရာစစ်ဗိုလ်ချုပ်ကြီးကွပ်ကဲသည့် ဇရာ တပ်မတော်၏ဒဏ်ချက်ကို အလူးအလိမ့် ခံနေရသည့်အချိန် ဗျာဓိ တပ်မတော်ကြီးက ခန္ဓာပူရမြို့တော်၏ အဓိကအချက်အချာဖြစ်သော အဘုတ်နှင့်အသဲနယ်မြေသို့ တပ်စွဲရန်ကြိုးပမ်းတိုက်ခိုက်လာချေပြီ။

လွန်ခဲ့သော ဆယ်နှစ်ခန့်ကာလကလည်း ခန္ဓာပူရမြို့တော်၏အချက်အချာဖြစ်သော အသဲနယ်မြေသို့ ရောက်အောင် တိုက်ပွဲဆင်ခဲ့သော်လည်း နာမရာဇာ မင်းကြီး၏ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ဟူသော ဓာတ်လေးပါးအမတ် စစ်ဗိုလ်ချုပ်ကြီးများ၏ ကာကွယ် ဆေးဝါး ဓာတ်စာ လက်နက်ကောင်းတို့ဖြင့် အညီအညွတ် ကြံ့ကြံ့ခံကာ ခုခံတိုက်ခိုက်နိုင်ခဲ့သဖြင့် ဗျာဓိတပ်မတော်ကြီးသည် အသဲနယ်မြေသို့ မရောက်ဘဲ အဆုတ်နယ်မြေ၌ အခိုက်အတန့်မျှတပ်စွဲကာ တပ်ပြန်၍ ရုပ်သိမ်းခဲ့ရလေသည်။

မရဏာသန္နမင်းကြီးကား "အနိုင်မခံ အရှုံးမပေး၊ မနိုင်မချင်း စစ်ပြိုင်ခင်းလော့"ဟူသောကြွေးကြော်သံကိုကြွေးကြော်စေလျက် နာမရာဇာမင်းကြီး၏ ခတ်လေးပါး စစ်ဗိုလ်ချုပ်ကြီးများ၏ ပျော့ကွက် အားနည်းချက်ကို စောင့်ကြည့်ယင်း ဇရာတပ်မတော်ကြီးကို စစ်မြေပြင်သို့လွှတ်ထားရာ ဆယ်နှစ်ဆယ်ပိုးပင် ကြာမြင့်ခဲ့ပေပြီ။

ဇရာတပ်မတော်ကြီးကလဲ တဖက်ကဖိ၊ ဗျာဓိ တပ်မတော်ကလဲ အလစ်မပေးဘဲခါတ်လေးပါး စစ်တပ်ထဲသို့မကြာမကြာ ဝင်ရောက်နှောင့်ယှက်ခဲ့ရာ ခါတ်လေးပါး တပ်မတော်ကြီးတို့သည် ညီညွတ်ရေးပျက်ပြားလာကာ စစ်တပ်တခုနှင့်တခု ထောက်တည်ရာမရ ကစင့်ကလျားဖြစ်နေသည့်အချိန် ဗျာဓိတပ်မတော်ကြီးသည် စစ်တက်စစ်ဆင် ကျွမ်းကျင်လိမ္မာစွာတိုက်ရည်ခိုက်ရည် စစ်ဆင်နည်းအလီလီတို့ဖြင့် တအားဖိ၍ထိုးစစ်ဆင်နိုင်သဖြင့် ခန္ဓာပူရ မြို့တော်ကြီး၏ အဆုတ်နယ်မြေမှတဆင့် အဓိကအချက်အချာကျလှသော အသဲနယ်မြေတွင်းသို့ ချင်းနင်းဝင်ရောက်ကာ အခိုင်အမာ တပ်စွဲနိုင်ခဲ့ချေပြီ။

ကျစ္စာဆရာတော် ဘုရားကြီး တည်းဟူသော ခန္ဓာပူရမြို့တော်သေဌ်နင်း နာမရာဇာ မင်းကြီးသည်ကား ဗျာဓိစစ်ဗိုလ်ချုပ်ကြီး၏ လက်တွင်းသို့ စစ်သုံ့ပန်းအဖြစ် မရှုမလှဖမ်းဆီး နှိပ်စက်ခြင်းကို ခံနေရပြီးဖြစ်ရကား စားမဝင်အိပ်မပျော် ခန္ဓာတော် နွမ်းလျခွေကာကျ၍ မထနိုင်မသွားနိုင် ယိမ်းယိုင် မူးဝေမနေသာ မထိုင်သာအောင် ရှိနေပါတော့သည်။

ထိုအချိန်တွင် ခါတ်လေးပါး အမတ်စစ်ဗိုလ်မှူးတို့အတွက် စစ်ကူရလိုရငြားသမားကောင်းတို့၏ ဆေးဝါးခါတ်စာ လက်နက်အစွမ်းထက်မြက်ရာနေရာ ဒေသသို့ ပြောင်းရွှေ့ ကုသခံရန်အတွက်—

၁၃၂၆ ခု၊ နတ်တော်လဆုတ် ၄ ရက်နေ့မှာ မန္တလေးရတနာပုံ ဝိဇိတာရုံကျောင်းတိုက်သို့ ကြွမြန်းတော်မူခဲ့ရပါသည်။

နေ့ရက်တို့သည် တနေ့ပြီးတနေ့တရွေ့ရွေ့ကုန်ဆုံးလာခဲ့ရာ ပြာသိုလဆန်း ၄ ရက်နေ့ တိုင်ရောက်ခဲ့ပေပြီ။ ကျစ္စာဆရာတော်ဘုရား နာမ

ရာဇာမင်းတြား၏ခန္ဓာပုရမြို့တော်၌ အခိုင်အမာတပ်စွဲနေပြီဖြစ်သောဗျာဓိစစ်တပ်ကြီးကား နည်းအမျိုးမျိုးတို့ဖြင့် အခဲမကျေနိုင်အောင် အနှိပ်စက်ကြီး နှိပ်စက်နေပြီ ဖြစ်ရကား စစ်ရှုံးဘုရင် နာမရာဇာ မင်းကြီးသည် အနှိပ်စက်ခံဘဝမှမလွတ်မြောက် နိုင်သည်ကို မြင်တော်မူသဖြင့် “မရဏာသန္ဓမင်းကြီး၏ အစွမ်းထက်လှသော ဇာတိ၊ ဇရာ၊ ဗျာဓိစစ်တပ်ကြီးတို့၏ အနှိပ်စက်ကို နောက်ထပ်တဖန် ငါမခံလိုတော့”ဟု ကြုံးဝါးကာ ဇရာနှင့် ဗျာဓိစစ်တပ်နှင့်တကွ မရဏာသန္ဓမင်းကြီးအား မွေးဖွားပေးသော ဇာတိ တပ်မတော် ဗိုလ်ချုပ်ကြီး၏ အမြောက်စိန်ဗုံး ဒုံးကျည် လယ်နက်တို့နှင့် ပမာတူသည့် လောဘတဏှာသမုဒယလက်နက်တို့ကို ချိုးဖျက်တော်မူရန် မိမိပိုင်ဆိုင် သိမ်းပိုက်ထားသော ကျစ္စာချောင်ကျောင်း ကိုက်တာအရာမ် နှင့်တကွ ဂရုဘဏ် လဟုဘဏ်ပစ္စည်းတို့ကို တွယ်တာမှု အာလယရှင်းရှင်း ပြတ်အောင် တပည့်ကြီးအား နှင်းအပ်ခဲ့လေပြီ။

ယင်းသို့ နှင်းအပ်ပြီးသောနေ့ နေ့လည် ၁ နာရီအချိန်တွင် ဝိဇိတာရုံ ကျောင်းတိုက်မှ မန္တလေး ပြည်သူ့ဆေးရုံကြီးအတွင်းရှိ သံဃာ့ဆေးရုံသို့ တဖန် ရွှေ့ပြောင်းကာ သမားတော်ကြီးများဖြင့် ဆေးဝါး အကုအသ ခံတော်မူပြန်သည်။

ဗျာဓိ တပ်မတော်ကြီးသည် ခန္ဓာပုရမြို့တော်ကြီး၏ အချက်အချာ နေရာဖြစ်သော အဆုတ်နယ်မြေနှင့်တကွ အသဲနယ်မြေကိုပါ အခိုင်အမာ တပ်စွဲမိပြီဖြစ်၍ မည်သည့်ဆေးဝါး ဓာတ်စာ,လက်နက်ကောင်းတို့ဖြင့် ပစ်ခွင်း တိုက်ခိုက်သော်လည်း ဗျာဓိစစ်တပ်သို့ မထိမမှန် တပ်လန်၍ ပြေးခဲ့ရ ပေပြီ။

အချိန်မှာ ၁၃၂၉-ခု ပြာသိုလဆန်း ၁၃ရက် နံနက်စော အချိန် နာမရာဇာ အမည်သာသည့် ကျစ္စာဆရာတော်ဘုရားကြီးသည် အိပ်ရာမှ အထ နှုတ်တော်မှ မြွက်ဟတော်မူသည်မှာ “ဦးပဥ္ဇင်းတို့ ငါ မနေ့ညက တညလုံး ရောဂါဒဏ်ချက်ကြောင့် ဒုက္ခဝေဒနာ အပြင်းအထန် ခံရသဖြင့် အိပ်စက်လို့မရခဲ့၊ တရားလက်နက်ဖြင့် ခုခံတိုက်ခိုက်ကြည့်ရာ ဒုက္ခဝေဒနာ မှာ အတော်အတန် ငြိမ်းအေးမှုသဘောကို တွေ့ထင်လိုက်မိတယ်၊ စိတ်တဲ

မှာလဲ စေတီပုထိုး အမျိုးမျိုးသော ရှုမောဘွယ် အာရုံတို့ကို တွေ့မြင်နေရတယ်၊ ငါဘယ်မှာရောက်နေသလဲ'' ဟု မေးမြန်းတော်မူပါသည်။ ဂိလာနုပဋ္ဌက( သူနာပြု)တပည့်တို့ကား သာခုအနုမောဒနာပြုကြယင်း ဦးညွတ်မိကြပါသည်။

ခန္ဓာပူရမြို့တော်သေဋ္ဌနင်း ကျစ္စာဆရာတော် ဘုရားကြီး တည်းဟူသော နာမရာဇာ မင်းကြီးသည်ကား မရဏာသန္ဓမင်းကြီး၏ မြို့တော်တံခါး၀၌ အမြဲမပြတ်စောင့်ကြပ်လျက်ရှိသော ရာဇာနှင့်ဗျာဓိစစ်တပ်ကြီးများ၏ အနှိပ်စက်ကို နောက်ထပ်တဖန် မခံရအောင် ဇာတိ တပ်မတော်နယ်မြေမှ အပြီးတိုင် ကင်းဝေးရာဖြစ်သော နိဗ္ဗာန်အောင်မြို့ တံခါး၀သို့ ချဉ်းနင်း ၀င်ရောက်နိုင်ရှေ့သလားဟု တွေးတောကာ သာခုခေါ်ကာ ဦးညွတ်မိခြင်း ဖြစ်ပါသည်။



တပည့် ရဟန်း သာမဏေများ က ကျစ္စာဆရာတော် ဘုရားကြီး ၏ ရုပ်ကလာပ်တော်ကို နောက်ဆုံး ပူဇော်နေကြစဉ်

၁၃၂၉-ခုနှစ် ပြာသိုလဆန်း၁၅ရက် (၁၄-၁-၆၈)တနင်္ဂနွေနေ့ နံနက် ၁၁နာရီအချိန်မှာ သာသနာရေးလောကတွင် ကျော်ကြားသော ဆရာတော်ကြီး၏ အခင်မင်ဆုံး အားအထားဆုံး ဖြစ်သော မန္တလေးမြို့ စိန်ပန်းရပ် အဘယာရာမ ရွှေကူတိုက် ဒုတိယနာယကဆရာတော် ဦးသီလာနန္ဒာဘိဝံသ နှင့် စစ်ကိုင်းတောင်ပြန့်ကြီးချောင် ဘုန်းတော်ကြီး ဦးဇယန္တတို့သည် ဆရာတော်ကြီးထံသို့ အမေးအမြန်းရောက်ရှိလာကြသည်။ ဆရာတော်ဘုရားကြီး ဆေးရုံတက်ရောက် ကုသနေကြောင်းမသိရ၍ ယနေ့မှလာရောက်မေးမြန်းရသော ဆရာတော် ဦးသီလာနန္ဒာဘိဝံသမှာ ဆရာတော်ဘုရားကြီးကို ကြည့်ယင်း ယူကျုံးမရဖြစ်နေပုံရပါသည်။

ဆရာတော်ကြီးမှာကား ဦးသီလာနန္ဒကို မြင်လိုက်ရတဲ့အချိန်မှာ ရှင်လန်းသောမျက်နှာနှင့် ကြည်လင်တောက်ပြောင်သော မျက်လုံးတော်အစုံတို့ကို အမှတ်မထင်တွေ့မြင်လိုက်ရပါသည်။

"ငါ မင်းကိုစောင့်မျှော်နေရတာကြာပြီ၊ မင်းလာမှလာသကိုး၊ မင်းကိုငါတွေ့ရတာ အားရဝမ်းသာရှိလိုက်တာ" ဟု နှုတ်မြွက်ကာ မပြောသော်လည်း ပြောသယောင် ရှိနေပါတော့သည်။ ဆရာတော်ကြီးသည် ဦးသီလာနန္ဒနှင့် ပြန့်ကြီးဘုန်းကြီး ဦးဇယန္တတို့အား ကျန်းမာရေး၊ သာသနာရေးအကြောင်းတို့ကိုအားယူကာပြောကြားပြီး ခေတ္တမျှရပ်နားလျက်"မောင်သီလာနန္ဒတို့ ပြန့်ကြီးဘုန်းကြီးတို့ပြန်ကြတော့ ပြန်ကြတော့ ငါတော့မထူးတော့ပါဘူး" ဟု မြွက်ဟ၍ စကားဆုံးသည်နှင့် တပြိုင်နက် ထိုနေ့နေ့လည် ၁ နာရီမှာ ကျော်ကြားဆရာတော်ဘုရားကြီး တည်းဟူသော နာမရာဇာမင်းကြီးကား မိမိ၏ပိုင်ဆိုင်ရာ ခန္ဓာပုရမြို့တော်ကြီးမှအပြီးတိုင် ထွက်ခွာ၍ မရဏာသန္တမင်း၏ နိုင်ငံတော်သို့ စစ်ရှုံးဘုရင်အဖြစ် လိုက်ပါကြွမြန်းတော်မူရရှာချေပြီတကား။

## ကျော်ကြားဆရာတော်ဘုရားကြီး၏ အန္တိမစျာပန ဆင်ယင်ကျင်းပခြင်း

ကျော်ကြားဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော်ကို ပြည်သူ့ဆေးရုံကြီးအတွင်းမှာပင် ဥတုဇ ရုပ်ကလာပ်မပျက်ပြားအောင် ဆေးများသွင်း

နှင့်၍ လုံခြုံစွာထားစေပြီးလျှင် အန္တိမစျာပနသဘင် ဆင်ယင်ကျင်းပရေးအတွက် မန္တလေးမြို့ လေးပြင်လေးရပ်မှ ဆရာတော်ကြီးများ၊ ကျစွာဆရာတော်ကြီး၏တပည့်ကြီးငယ် ဒကာ-ဒကာမများသည် ဝိဇိတာရုံကျောင်းတိုက်သို့ စုရုံးရောက်ရှိလာပြီး စျာပနဖြစ်မြောက်ရေးကော်မီတီ ဖွဲ့စည်းကာ ဆောင်ရွက်ကြပါသည်။

ကျစွာဆရာတော် ဘုရားကြီးမှာကား "ကိုယ့်ကြောင့် သူ့မှာ မသက်သာ ဘယ်ဟာကိုမျှ မပြုလေနှင့်" ဟူသော ဝါးချက်မင်းကျောင်းဆရာတော် ဘုရားကြီး၏ဆုံးမစာ ဆောင်ပုဒ်ကို အမြဲနှလုံးသွင်းကာ လက်တွေ့ကျင့်သုံးတော် မူခဲ့ဟာများပါသည်။

သို့ဖြစ်၍လည်းဆေးရုံတက်နေစဉ် ပြာသိုလဆန်း ၁၄ ရက်နေ့ညက မန္တလေးဝိဇိတာရုံဆရာတော် ကျစွာကျောင်းဒကာ ဦးစိန်းညို-ဒေါ်အမာတို့ မိသားစုအစုံအညီ ရောက်နေခိုက်တွင် မှာတမ်းတော် ထားခဲ့သည်မှာ "ဝိဇိတာရုံတို့ ကျောင်းဒကာ ကျောင်းအမတို့ ငါမနေရလို့ သေရယင် ငါ့အလောင်းကို ကျော့ပူအောင်မထားနဲ့ သံဃာ ၁၀ ပါးပင့်ပြီး တပါးလျှင် ဝတ္ထု ၁၀/-ကံတော့ပွဲနှင့် သရဏဂုံ တင်လိုက်ယင်ပြီးတာဘဲ" ဟု သူ့အတွက်နှင့်တပါးသူများ တာဝန်မလေးအောင် နောက်ဆုံးညွှန်ကြားမှာ တမ်းတော်ထားတော်မူခဲ့ပါသည်။

သို့သော်ကျန်ရစ်သူ တပည့်သံဃာ ဒကာဒကာမ အပေါင်းတို့သည် ဆရာတော်ကြီး၏ သီလ၊ သမာဓိ၊ ပညာဂုဏ်တို့ကို ကြည်ညိုမြတ်လေးအရေးထားကြသည်ဖြစ်ရကား မန္တလေးဝိဇိတာရုံဆရာတော်၊ ဘီ ဘီ အိုအေ မိဘမဲ့ ဆရာတော်ဘုရားတို့ကို အမှူးထား၍ အနောက် ဝိသုဒ္ဓာရုံတိုက်သစ် ဇေယမေဒနီ ဝါသိုဆရာတော်၊ ဝိဇိတာရုံတိုက်အုပ် ဆရာတော်ဦးဝိစာရိန္ဒာဘိဝံသ၊ စစ်ကိုင်း ရတနာမာရ်အောင် ဘုန်းတော်ကြီးဦးဗြဟ္မဝံသ၊ ကျစွာချောင် ဦးလက္ခဏစသောတပည့်သံဃာ ဒကာ ဒကာမအပေါင်းတို့သည် အန္တိမ စျာပနအတွက် စည်ကားသိုက်မြိုက် အထိုက်အလျောက်ဖြစ်စေခြင်းငှါ စီစဉ်ဆောင်ရွက်ကြပါသည်။

တပည့်ဒကာ ဒကာမများဘက်က ကျောင်းဒကာ ဒကာမများဖြစ်ကြသော မန္တလေးမြို့၊ ၃၂ လမ်း၊ ယွန်းတန်းရပ် ဦးစိန်းညို-ဒေါ်အမာ

မိသားစု၊ ဒီဘိုးလမ်း၊ ပြည်ကျောင်ဈေး သံဖြူ လုပ်ငန်းဌာန ဦးဗိုလ် ဒေါ်သောင်းမိသားစု၊ ၂၉ လမ်း ၈၃ လမ်းထောင့် ခေတ်ဆီဆိုင် ဦးမှင် ဒေါ်ဦး မောင် ဦးထွန်းအောင် မောင်နှမမိသားစု၊ ၂၈ လမ်း၊ ဈေးချို သံဖြူတန်း ဦးလူကလေး-ဒေါ်ရှင် သား ကိုကိုအေး မိသားစု၊ ရတနာပုံ ဆပ်ပြာ ဦးလှမောင် ဒေါ်သိန်းရင် မိသားစု၊ အသက်အာမခံ ဦးအုန်းသင် ဒေါ်သိန်းရင် မိသားစု၊ နေရှင်နယ် ကျောင်းအုပ်ကြီး ဦးဘခင် ဇနီး ဒေါ်လှဝင်း သမီး ဒေါ်တင်လှ မိသားစု၊ အရှေ့တိုင်း နို့ဆီ ဦးစောလှ မိသားစု၊ အောင်ဇေယျာလဘက်ရည်ဆိုင် အမေရှမ်း မိသားစု၊ ဈေးချို တော် ဂျီရုံ ကိုဘသန်း မခင်ထူး မိသားစု၊ မျက်ပါးရပ် ပုတီးတန်း ဒေါ်ထွေး မောင်နှမတစု၊ ဗိသုကာဆရာကြီး ဦးဆိုင် မိသားစု၊ ပြည်မြို့ နဝင်းရပ်၊ ကျောင်းအမကြီး သခင်မဒေါ်သိန်းတင် (ကျော်ဆရာတော် ကြီး၏ ဝံသာနုတပည့်မကြီး)နှင့် မြင်းခြံမြို့-သပြေပင်ရပ် ဦးတင်မောင် ဒေါ်သိန်းတို့မိသားစု၊ စစ်ကိုင်းတောင်ရိုး ကျစ္စာချောင် ဆွမ်းအမကြီး ဒေါ်ကုန္ဒာစာရီစသော တပည့် ရဟန်းရှင်လူ သီလရှင်များက အန္တိမ ပူဇာအဖြစ် ကုသိုလ်ပါဝင်လှူဒါန်းကြသည်။

၁၃၂၉ ခု ပြာသိုလဆုတ် ၂ရက် (၁၆-၁-၆၈)အင်္ဂါနေ့ နေ့လည် ၁နာရီအချိန်တွင် မန္တလေးပြည်သူ့ဆေးရုံကြီးမှ ဆင်ဖြူကန်သုသာန်သို့ ရုပ်ကလာပ်တော်ကို ကရဝိက်ယာဉ်ဖြင့်ပင့်ဆောင်ကာ မန္တလေးဝိဇယာရုံ တိုက်မှ သံဃာတော်များ၊ အရှေ့ဝိသုဒ္ဓါရုံတိုက်မှ သံဃာတော်များ၊ အနောက်ဝိသုဒ္ဓါရုံတိုက်မှ ဘတ်စ်ကားခုစင်းနှင့် သံဃာတော်များ ဘုရား ကြီးတိုက်၊ နန္ဒိသေနာရာမတိုက်၊ ယဉ်းလင်းတိုက်၊ မိုးထားတိုက်၊ ညောင် ကန်တိုက်၊ ဇီးဗန်နီတိုက်၊ ရွှေရေးဆောင်တိုက်၊ မြင်းဝန်တိုက်၊ အနောက် ခင်မကန်တိုက်၊ စကုတိုက်၊ ဘေးမဲ့တိုက်စသော မန္တလေး လေးပြင် လေးရပ်မှ ဆရာတော် သံဃာတော်များ၊ စစ်ကိုင်းတောင်ရိုး၊ ပတ္တမြား စေတီပြုပြင် ဂေါင့်ရှောက်ရေးသံဃာ့အဖွဲ့မှ မဟာသမ်ဝင် ဆရာတော်၊ အနုရုဒ္ဓါချောင်ဆရာတော် ဦးသောဘိတ (ရွှေကိုင်းသား)တို့ ဦးဆောင် သော သံဃာတော်များ၊ သီလရှင်ဆရာကြီး ဆရာလေးများနှင့် ရပ်နီး ရပ်ဝေးမှ တပည့် ဒကာ-ဒကာမများက လိုက်ပါပို့ဆောင် ပူဇော်ကြပါ သည်။

ဆရာတော်ဘုရားကြီး ၏ ရုပ်ကလာပ်တော်ကို ကရဝိက်ယာဉ်မှ သုသာန်ဇရပ်သို့ ပတ္တမြားစေတီ ပြုပြင်စောင့်ရှောက်ရေးသံဃာ့အဖွဲ့ ဆရာတော်များကပခုံးဖြင့်ထမ်းဆောင်ကာ ပူဇော်ကြပါသည်။စစ်ကိုင်းတောင်အနီး စခန်းဆရာတော်ဘုရားက သံဝေဇနီယကထာများ မိန့်ကြားတော်မူပြီး ရေစက်သွန်းချအမျှပေးဝေစေတော်မူပါသည်။ ရုပ်ကလာပ်တော်ကို ကျစ္စာရဟန်း သာမဏေများနှင့် ဝိဇိတာရုံရဟန်းသာမဏေများက ဇရပ်မှ



ပတ္တမြားစေတီ ပြုပြင် စောင့်ရှောက်ရေး သံဃာ့ အဖွဲ့ ကျစ္စာဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကို ကရဝိက်ယာဉ်မှ ဧည့်ခံအုတ်တိုက်သို့ ပင့်ဆောင် လာစဉ်

နံ့သာထင်းပုံသို့ ပခုံးဖြင့်ထမ်းကာ ပို့ဆောင်ပူဇော်ကြပြီး အန္တိမစျာပန အမှုအပြီးအဆုံးသို့ ရောက်ပါသတည်း။

## ကျစွာဆရာတော်ဘုရားကြီးအား
## ဂုဏ်ကျေးဇူးတော်ပူဇော်ပွဲ နှစ်စဉ်မပျက် ကျင်းပကြခြင်း

ကျစွာဆရာတော်ဘုရားကြီးသည် အမျိုးဘာသာ၊သာသနာကော် အတွက် ကိုယ်နှင့်အသက်ကိုနှင်းအပ်၍ မြန်မာနိုင်ငံတော်ကို နယ်ချဲ့အင်္ဂလိပ် တို့လက်ခြေအောက်မှာ နင်းပြားဘဝ၊ ကျွန်သဘောက်အဖြစ်မှ လွတ်မြောက်အောင်ရုန်းထွက်ရာတွင် ကိုယ်စွမ်းဉာဏ်စွမ်း ရှိသလောက် အသက်ကိုပင် ပဓာန မထားဘဲ အချုပ်ထောင် ကျောင်းအမှတ် ထားကာ ကိုယ်ဆင်းရဲ၊စိတ်ဆင်းရဲခံ၍ရွတ်ရွတ်ချွန်ချွန်ဆောင်ရွက်တော်မူခဲ့ကြောင်း ကို ဆရာတော်ဘုရားကြီးအား သိမှီသူများနှင့် ဤဖော်ပြခဲ့ပြီး စာတန်းများကို ဖတ်ရှုရသူများသည် သိရှိကြည်ညိုခွင့် ရကြပြီဖြစ်ပါသည်။

ဘုရားလောင်းလျာ သူတော်စဉ်တို့၏ ကျင့်ထုံး၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ ညွှန်ကြား ဦးဆောင်ချက် လမ်းစဉ်အတိုင်း မသွေမဖိ လိုက်နာ ကျင့်ဆောင်တော် မူခဲ့သည်ဖြစ်ရာ ဆရာတော် ဘုရားကြီးသည် တိုင်းပြည်နှင့်လူမျိုးအပေါ် သစ္စာစောင့်သိ ရိုသေမှုသစ္စာတရား၊ သူတပါး လက်အောက် ကျွန်သဘောက်အဖြစ်ဖြင့် လူမှုရေး စီးပွားရေး ပညာရေး မှစ၍ ဘာသာသာသနာရေးပါ အောက်ဆုံးအဆင့်သို့ ရောက်ကာ အလူးအလဲ အတိဒုက္ခရောက်ရှိနေသူ တိုင်းသားပြည်သူ ရဟန်းရှင်လူတို့အပေါ်၌ ညှာတာထောက်ထားသနားခြင်း၊ ကရုဏာတရား ရန်သူမိတ်ဆွေ ဤနှစ်ထွေအပေါ်၌ စိတ်ဝမ်းမကွဲတသားတည်း အညီအမျှထားကာ ရန်သူတို့အား လက်နက်မသုံး ဉာဏ်ရည်နှလုံးရည်ဖြင့် ကြည်ကြည်ဖြူဖြူပြုမူ ဆက်ဆံကျင့်ကြံနိုင်ခြင်း မေတ္တာတရား၊ ဤတရားသုံးပါးတို့ကို ရှေ့တန်းတင် သျက် ရိုသေအပ်သော သီလတရား၊ တည်တံ့ခိုင်မာရမည့် သမာဓိတရား၊ ဒူးရှထက်မြက်လှသည့် ပညာတရားတို့ဖြင့် ကိုယ်ကျိုး မငဲ့မကွက် အများအကျိုးအတွက် ဆောင်ရွက်တော်မူခဲ့သော ဂုဏ်ကျေးဇူးတော် တို့ကား ကြီးမားပါဘိတောင်း။

ဂုဏ်တော်ကျေးဇူးတော်တို့သည် ပုဂ္ဂိုလ်လိုက်၍ အများအားဖြင့် ၌တတ်ကြပါသည်။ ယင်းသို့ရှိသော်လည်း ဂုဏ်ကျေးဇူးတရား ရှိကြောင်း

ကို သိမြင်သူရှားပါးတတ်ပါသည်။ ဂုဏ်ကျေးဇူးရှိကြောင်းကို သိပင်သိငြားသော်လည်း ဂုဏ်ကိုဖော်ထုတ် နှုတ်ဖြင့်ချီးကျူးရန်နှင့် ကျေးဇူးလည်ပြန် ပြန့်လှန် ပေးဆပ်ဖို့ကိစ္စ၌ ကိုယ်လက်နွေးကွေး တာဝန်လေးတတ်ကြပါသည်။ သို့ဖြစ်၍ "ရှိရန်မခက်၊ သိရန်ခက်၏၊ သိရန်မခက် ကျင့်ရန်ခက်၏" ဟု ရှေးပညာရှိတို့ မှတ်တမ်းတင်ခဲ့ကြသည်။

ပညာရှိ သူတော်ကောင်းစိတ်ဓာတ် တင်းပြည့်ကျပ်ပြည့် ကိန်းဝပ်သူတို့မှာမူ ကတညုတာ=သူတပါးတို့က မိမိတို့အပေါ် ပြုဘူးပေးဘူးသော ဂုဏ်ကျေးဇူးတရားများကို အမှန်အတိုင်းသိရှိကြသည်။ ကတဝေဒီ=ထိုပြုပေးဘူးသော ဂုဏ်ကျေးဇူးတရားတို့ကို သိသည့်အတိုင်း ထုတ်ဖော်ပြောဆိုလေ့ ချီးကျူးလေ့ရှိကြသည်။ ယထာဝါဒီ တထာကာရီ ပါးစပ်ပြောနှင့်ပင် ရပ်တန့်မနေဘဲ ပြောဆိုချီးကျူးသည့်အတိုင်း ကိုယ်ထိလက်ရောက် ကျေးဇူးတရား ပြန်လည်ပေးဆပ်နိုင်ကြပေသည်။

ကျစ္စာ ဆရာတော်ဘုရားကြီး၏ တပည့်သံဃာ ဒကာ ဒကာမ အပေါင်းတို့သည် ပညာရှိသူတော်ကောင်းတို့၏ နည်းထုံးကို နှလုံးမူကြကုန်လျက် ပြန်လှန်တော်မူရာ၆ ရက်မြောက်ဖြစ်သော ၁၃၂၆-ခု ပြာသိုလဆုတ် ဂရက်(၂၂-၁-၆၇)နေ့မှစ၍ နှစ်စဉ် ပြာသိုလပြည့်နေ့တိုင်း ဆရာတော်ဘုရားကြီး၏ ဂုဏ်ကျေးဇူးတော်ပူဇော်ပွဲများကို တခမ်းတနား ဆင်ယင်ပြုလုပ်ကျင်းပ ပူဇော်ခဲ့ကြပါသည်။

ယင်း၏ ပဌမအကြိမ်ပူဇော်ပွဲ၌ သံဃာတော် ၁၅၀ ကျော်တို့အား မန္တလေးမြို့ ဒိဘိုးလမ်း ပြည်ကျော်ဈေး အရှေ့ဘက်နေ ကျစ္စာ ကျောင်းဒကာ ဦးဗိုလ်-ဒေါ်သောင်း မိသားစုတို့က ဆွမ်းဆက်ကပ်ပါသည်။ ကျစ္စာ ဆွမ်းအမ သီလရှင်ဆရာကြီး ဒေါ်ဣန္ဒာစာရီနှင့် မောင် ကိုဘာသန်း-မခင်ထူး၊ သား မောင်သန်းနိုင်ဦးတို့က သီလရှင် ၁၀၀ ကျော်တို့အား လှူဘွယ်ဝတ္ထုများ လှူဒါန်းကြပါသည်။ ဂုဏ်ကျေးဇူးတော်ပူဇော်ပွဲ မဏ္ဍပ်သဘင်၌ မိဂဒါဝုန်ဆရာတော်ဘုရားကြီးက ဂုဏ်ပြုပူဇော် ချီးမြှင့်တော်မူပါသည်။ နောက်နောက်နှစ် ပူဇော်ပွဲတို့၌လည်း မန္တလေးမြို့ နယူးစီဗီလိုင်း ဝိဇိတာရုံကျောင်းတိုက် နာယကချုပ် ဝိဇိတာရုံ ဆရာတော်၊ မန္တလေး အနောက်ဝိသုဒ္ဓါရုံတိုက်သစ် ဇယမေဒနီ ဝါဆိုဆရာတော်ဦးအဂ္ဂိယ၊ စစ်ကိုင်းတောင်ရိုး အနီးစခန်းဆရာတော်၊ မဟာဂန္ဓာရုံ ဝိပဿနာဆရာတော်၊ ဇေယျာသိန်ပါဠိတက္ကသိုလ်ဆရာတော် ဦးပညိန္ဒာဘိဝံသ၊ မြတောင်ချောင်ဆရာတော်

ဦးဝါသဝတို့က ဩဝါဒကထာ၊ သံဝေဇနီယမေ္မကထာများ မိန့်ကြားတော်မူကြပါသည်။

နှစ်စဉ်မပျက် ဂုဏ်ကျေးဇူးတော် ပူဇော်ပွဲ ဖြစ်မြောက်ရေးအတွက် ဝိဇိတာရုံဆရာတော်၊ ဘိဘိအိုအေ မိဘမဲ့ဆရာတော်များ အမှူးပြုသော တပည့်သံဃာတော်များ၊ ကျောင်းဒကာ ကျောင်းအမများ၊ မန္တလေးမြို့ ၈၄လမ်း အောင်ဇေယျာ လဘက်ရည်ဆိုင် အမေဂျူမ်းနှင့် သားသမီး မြေးမြစ်များ၊ ၂၉ လမ်း ရွှေခြံမန်း ထမင်းဆိုင် ဦးကျော်စိန် - ဒေါ်မှို - ဒေါ်သောင်း မိသားစု၊ ၂၉ လမ်း ၈၃ လမ်းဒေါင့် ခေတ်ဆိုင် ဒေါ် မမလေး – ဒေါ်သိန်း တူ-တူမ မိသားစုများ၊ ၄ ၁လမ်း ဥပုသ်တော်ကုန်း ရောင်ခြည်ဦး ဆန်းကိတ်မုန့်ပိုင်ရှင် အမိ ဒေါ်လှခင် အမှူးပြုသော ဦးညို၊



ကျစွာ ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကို မန္တလေးမြို့တွင်း၌ လှည့်လည်၍ ဆင်ဖြူခံသုသာန်သို့ ကရဝိက်ယာဉ်ဖြင့် ပင့်ဆောင်စဉ်

ဂိုင်း-ဒေါ်ဂျိုမိုန်၊ ညီမ မသိန်းတင် မိသားစု၊ ၂၈ လမ်း ဈေးချို သံဖြူ
တန်း ကိုဂိုအေး-ခင်မြသိ မိသားစု၊ မလွန် ကျောက်စိမ်းတန်း သွင် စက်မှု
လက်မှု ဒေါ်အုန်းညွန့် တူမ ငွေးငွေး မိသားစု၊ ဈေးချို ဂျီရှံ ကုန်မျိုးစုံ
ရောင်းဝယ်ရေး ကိုဘသန်း-မခင်ထူး၊ သား သန်းနိုင်ဦး၊ အလယ်ဘောင်
ရပ် ဦးဘအိမ်-ဒေါ်တုတ်ပု မိသားစု၊ ပြည်မြို့ နဝင်းရပ် ကျောင်းအမကြီး
ဒေါ်သိန်းတင်၊ မြင်းခြံမြို့ ဦးတင်မောင်-ဒေါ်သိန်း မိသားစု၊ ရန်ကုန်မြို့
ကမာရွတ်သံလမ်း နဂါးပုံဘိနပ်လုပ်ငန်း ဦးကျော်ဒင်-ဒေါ်ခင်ရီမိသားစု၊
ပြောင်းမြို့ ဘောင်ဒရီလမ်း အမှတ် ၆-၇ ဒေါ်စိန်သင်(ဆရာတော်ကြီး၏
တူမ)သမီး ဒေါ်နှင်းမြိုင်-ဒေါ်ထွေးရင်၊ သား-ဦးကျော်ရင်တို့ မိသားစု
များ၊ ပုသိမ်မြို့ တဂေါင်းဘုရားလမ်း ဒေါင်းတံဆိပ် ဟာလဝါ ဦးသာခ
(ဆရာတော်ကြီး၏ ညီအရင်း) ဒေါ်ခွေး၊ သား ဦးကျော်ခင်၊ ဦးအောင်
မြင့် မိသားစုများ စသော တပည့် ဒကာ-ဒကာမများက ကုသိုလ်ပါဝင်
လှူဒါန်း ပူဇော်ကြပါသည်။

၁၃၄၀ ပြည့်နှစ် ပြာသိုလပြည့်နေ့ ဒသမ အကြိမ်မြောက် ဂုဏ်
ကျေးဇူးတော်ပူဇော်ပွဲ၌ ဆရာတော်ဘုရားကြီး၏ ဂုဏ်တော်ကျေးဇူးတော်
တို့ကို သိမ့်လိုက်ကြသော ဆရာတော် သံဃာတော်များနှင့် လူပုဂ္ဂိုလ်တို့
တံမှ မှတ်တမ်းမှတ်ရာအဖြာဖြာတို့ကို စုဆောင်းရေးသားလျက် ဂုဏ်
ကျေးဇူးတော် စာတန်းဖတ်ပူဇော်ပွဲအဖြစ် အထူးအစီအစဉ် အနေဖြင့်
ခမ်းနားစွာ ကျင်းပခဲ့ပါသည်။

ယင်း စာတန်းဖတ်ပူဇော်ပွဲ၏ကျေးဇူးကြောင့် ယခုကဲ့သို့ ဆရာ
တော်ဘုရားကြီး၏အဖြစ်တော်စဉ် ထေရုပ္ပတ္တိဂုဏ်တော်တို့ကို ကြည်ညိုခွင့်
ပူဇော်ခွင့်ရကြသည် ဖြစ်ပါသောကြောင့် ကျစွာ ဆရာတော်ဘုရားကြီး
အား ဂုဏ်ကျေးဇူးတော်စာတန်းများဖြင့် ရေးသားပူဇော်ကြသော ဆရာ
တော်ဘုရားကြီးများနှင့် စာတန်းရှင်အပေါင်းတို့အားရင်း၊ နှစ်စဉ်မပျက်
ပူဇော်ပွဲကြီး ဖြစ်မြောက်ရေး၌ ကုသိုလ်ပါဝင် ပူဇော်ကြသော တပည့်
ဒကာ-ဒကာမအပေါင်းတို့အားရင်း ဝမ်းမြောက်ဝမ်းသာ ကျေးဇူးတင်
ဂုဏ်ပြုမှတ်တမ်းတင် အပ်ပါသတည်း။

အရှင်လက္ခဏ
(ဓမ္မာစရိယ-ပါဠိပါရဂူ)
ကျစွာချောင် စစ်ကိုင်းတောင်ရိုး

ကျေးဇူးတော်ရှင် ကျွန်ုပ်ဆရာတော်ဘုရားကြီး

( ရွှေမျက်မှန် ဦးဝိဇယ )

၏

# ဂုဏ်တော်ဖွဲ့

မဟာထေရဂုဏာကယာ ဂါထာ ကဗျာများ

၁၃၂၉-ခုနှစ်၊ ပြာသိုလပြည့်နေ့၌
သက်တော် ၈၀၊ ဝါတော် ၆၀ အရတွင် ဘဝနတ်ထံပြန်လွန်တော်မူသော
စစ်ကိုင်းတောင် ကျစွာချောင် ဆရာတော်ဗရေးကြီး ၏
အန္တိမဗျာပန

# သံဝေဂ ဂီတိကာ ဂါထာ

မဟာမေရု ပဘိန္နောနော၊ ကပ္ပရုက္ခောပိ ပတိတော။
သုဝဏ္ဏပဗ္ဗတော နဋ္ဌော၊ ထေရော မစ္စုဝသံ ဂတော။

မဟာမေရု-ရွှေ့ငွေ့မြ့ဖလ်၊ရောင်လေးတန်ဖြင့်၊ ပြောင်လျှံပရွှန်း၊ လေးကျွန်းပဟို၊ တောင်မြင့်မိုရ်သည်၊ ပဘိန္နောနော-မခိုင်မြဲပဲ၊ ယိုင်လဲပြိုကွဲလေသလော၊နော-ကမ္ဘာပျက်ရန်၊ချိန်မတန်သေးသဖြင့်၊ကေန်မသွေ၊ မဟုတ်နိုင်ပါပေ၊ ကပ္ပရုက္ခောပိ-ကမ္ဘာသူသား၊ လူအများတို့၏၊ ယူစားသုံးဖွယ်၊ သီးမျိုးကြွယ်သည့်၊ ကြီးကျယ်ဝေဆာ၊ ပဒေသာပင်ကြီးသည်လည်း၊ ပတိတောနော-ကမ္ဘာလေကြမ်း၊ မွှေ့သရမ်း၍၊ ထက်ခြမ်းပြိုကွဲ၊ ယိုင်လဲလေသလော၊ နော-အမှန်စင်စစ်၊ မဖြစ်နိုင်ပါပေ၊ သုဝဏ္ဏပဗ္ဗတော-ရတနာရောင်တို့ဖြင့်၊ ပြောင်ပြောင်ထိန်ညီး၊ ရွှေတောင်ကြီးသည်၊ နဋ္ဌောနော-ကမ္ဘာမြေအောက်၊ မမြင်လောက်အောင်၊ ကွယ်ပျောက်ဆုံးရှုံးလေပြီလော၊ နော-စင်စစ်မသွေ၊ မဟုတ်ပါပေ၊ နော ထေရော-မြန်မာပြည်သား၊ ရှင်လူများတို့၏ အားထားကိုးကွယ်ရာ 'ကျစွာချောင် ဆရာတော်ဗရားကြီး' သည်၊ ဒါနီ- ၁၃၂၉-ခု၊ရတုပဟမန်၊ လေပြန်သွင်းစ၊ ငွေ့နှင်းခသည့်၊ သင်းမြခွာညို၊ ပြာသိုလပြည့်၊ ယခုနေ့ တနာရီအချိန်၌၊ မစ္စုဝသံ-သုံးဆယ့်တစ်ဘုံ၊ လုံးစုံပိုင်နင်း၊ ရှင်သေမင်း၏၊ ထန်ပြင်းအာဏာ၊ ပင့်ခေါ်ရာသို့၊ ဂတော-ဖြစ်ပြန် ပျက်ပြန်၊ ရုပ်နှင့်နာမ်တို့၊ ကေန်မြဲတည်၊ မရှိသည်ကို၊ ယုံကြည်စေခြား၊ လက်တွေ့အားဖြင့်၊ တရားပြကာ၊ လိုက်ပါတော်မူရှာလေပြီတကား။

ဥက္ကဋ္ဌောပိ အနုက္ကဋ္ဌော၊ ဝိဇယောပိ ပရာဇယော။
ဟ္လာဿယောပိ အနိဿယော၊ အဟောဟော ဂတိ လောကိယာ။

ထေရော-မြန်ပြည် ခပင်း၊ ကျွန်အတွင်းမှ၊ လွတ်ကင်းစေရန်၊ ဇာတိမာန်ဖြင့်၊ ဇွဲသန်ရှေ့ဆောင်၊ သမိုင်းပြောင်ခဲ့သည့်၊ စစ်ကိုင်းတောင်

ကျစ္စာဆရာတော်ဘုရားကြီးသည်၊ ဥက္ကဋ္ဌောပိ-အမျိုး,ဘာသာ၊ သာသနာ အတွက်၊ ကိုယ့်အသက်ကို၊ ငဲ့ကွက်မညှာ၊ အရာရာဝယ်၊ ကောင်းစွာ အားထုတ်၊ အချုပ်ပဓာန၊ ဥက္ကဋ္ဌဆရာတော် ဖြစ်တော်မူပါလျက်လည်း၊ အနုက္ကဋ္ဌော - ဥက္ကဋ္ဌဘွဲ့ ရုပ်သိမ်းလျက်၊ အငြိမ်းစား ပင်စင်ယူ၊ ရပ်နား တော်မူလေပြီတကား၊ ဝိဇယောပိ-ဝံသာနုစွဲ၊ စိတ်ဓာတ်ဇွဲဖြင့်၊ အပွဲပွဲ၌၊ ဝင်နွှဲထိပ်က၊ အောင်တံဆိပ်ရခဲ့ပါသော်လည်း၊ ပရာဇယော - သူပုန်သေ မင်း၊ အယုံသွင်း၍၊ စစ်ခင်းယှဉ်ပြိုင်၊ မနိုင်လုံးလုံး၊ ရှုံးတော်မူလေပြီ တကား၊ ဋ္ဌာယရောပိ-'စစ်ကိုင်းရွှေတောင်၊ ကျစ္စာချောင်'ဟု၊ ဂုဏ်ရောင် ကျော်ဟည်း၊ကျောင်းတိုက်ကြီးအရှင် ဖြစ်တော်မူပါလျက်လည်း၊ အနိုဿ ရော-အနတ္တသဘာဝ၊ ဘာတခုမျှ မယူနိုင်၊ မပိုင်ဆိုင် အစိုးမရတော့ပြီ တကား၊ လောကိယာဂတိ-ဖြစ်လျှင်ပျက်မြဲ၊ ဖောက်လွဲဖောက်ပြန်၊ ဤ လောကကြီး၏ ဖြစ်ဟန်သည်ကား၊ အဟောဟော - နှစ်သက် ပျော်ရွှင်၊ ခင်မင်စရာ၊ ဘယ်မှာတစ်၊ မရှိလုံးလုံး၊ ရွံမုန်းဖွယ်ရာ ကောင်းပါပေစွ တကား။

နာမရူပါ နိရုဇ္ဈန္တိ၊ ကျစ္စာထေရောတိ သမ္မတာ။
ဂုဏာမတ္တာဝ သေသေတိ၊ သဒ္ဒါရာ န ဟိ သဿတာ။

ကျစ္စာ ထေရောတိ - လောကဓမ္မ၊ နှစ်ဌာန၌၊ ပါကဋဂုဏ်ရည်၊ သာသနာ့အာဇာနည်ဟု၊ မြန်ပြည်ကျော်ကြား၊ 'ရွှေမျက်မှန် ဦးဝိဇယ ကျစ္စာဆရာတော်ဘုရား'ဟူ၍၊ သမ္မတာ-ဘွဲ့တော်ပညတ် သမုတ်အပ်ကုန် သော၊ နာမရူပါ-ရုပ်နာမ်နှစ်ရပ်၊ ပရမတ်သဘောတရားတို့သည်။ နိ ရုဇ္ဈန္တိ-ရုတ်တရက်အနေ၊ ချုပ်ပျက်ကြလေကုန်၏၊ ဂုဏာမတ္တံ ဝေ - ဆရာ တော်ဘုရား၏ ထင်ရှားပြည့်စုံ ပရိယတ္တိဝိသာရဒဂုဏ်၊ ဘာသန္တရဆောက ဂုဏ်၊ သီလစသော ဂုဏ်အပေါင်း မျှသာလျှင်၊ အဝသေသေတိ-လူရှင် နှုတ်ဖျား၊ တသောအားဖြင့်၊ ပြောကြားမသွေ၊ ကျန်ရစ်ခဲ့ပါပေ၏၊ သဒ္ဒါရာ-ကံ့စိတ်,ဥတု၊ အာဟာရစုကြောင့်၊ ဖြစ်မူမှန်ငြား၊ သင်္ခါရ တ ရားတို့သည်၊ န ဟိ သဿတာ - ကေန်မမြဲ၊ ပြိုကွဲ ပျက်စီး တတ်ကြလေ သည်တကား။

မဟာဝိသုဒ္ဓါရုံ
ဦးပညာသိရီဘိဝံသ(ပါဠိပါရဂူ)
ရေးသားပူဇော်သည်

စစ်ကိုင်းတောင်ရိုး

# ကျစွာ ဆရာတော်ဘုရားကြီး၏
## နှစ်လည်အထိမ်းအမှတ် ဓမ္မလက်ဆောင်

### ဝပ္ပသဘာဝ သံဝေဂ

ကျစွာသပင်၊ ထွဋ်ဘုန်းရှင်ကား....
ကျင့်စဉ်ရနံ့၊ ကြိုင်လှိုင်ပျံ့လည်း၊
အငံ့မကြာ၊ ခဏသာတည်း။
သမာဓိဇွဲ၊ လွန်ခိုင်မြဲလည်း၊ နတ်ပွဲဝင်ရာ၊ ဓမ္မတာတည်း။
ပညာတန်ဆောင်၊ ထွန်းလင်းပြောင်လည်း၊
မြင့်ခေါင်မကြာ၊ တသက်လျာတည်း။
အမျိုးဘာသာ၊ သာသနာနှင့်၊ ပြည်ရွာကောင်းကျိုး၊
သည်ဆောင်ပိုးလည်း၊ ဖြစ်ရိုးတံထွာ၊ ဓမ္မတာပို့၊
နတ်ရွာထက်နန်း၊ တက်ကာမြန်းကြွ၊ လိုက်ပါရသည်၊
များစွာလူတို့ သံဝေဘော်။

### အရှုံးထဲမှ အမြတ်

မြင့်မိုရ်တောင်မင်း၊ တောင့်ခိုင်ရင်းက၊
ပျက်ယွင်းယိုင်လဲ၊ ပြိုသည့်နဲ့သို့၊
ဝမ်းထဲမချမ်း၊ နှလုံးကျွမ်းမျှ၊
ပင်ပန်းဟိုက်မော၊ နှမြော တ သ၊
မရယူကျုံး၊ ဖြေမဆုံးအောင်၊
အရှုံးထဲမှ၊ ယူကြအမြတ်၊ သဒ္ဓါဓာတ်ဖြင့်၊
မပြတ်ရည်ရွယ်၊ ထေရ်မဟော်၏၊
ဂုဏ်တော်အထူး၊ မြတ်ကျေးဇူးကို၊
ကြည်နူးအောက်မေ့၊ ကုသိုလ်မွေ့လျက်၊
အနေ့နေ့တိုင်း၊ ဆုတ်ဆိုင်းမတွ၊ ဖို့ ဘာဂကို၊
အချုစုရုံး၊ ပေးဝေအုံးမူ၊
အရှုံးထဲမှ အမြတ်တည်း။

**ကျစွာဘုန်းကြီး**
၁၃၃၁-ခု ပြာသိုလပြည့်၊ (၂၂-၁-၇၀)

၁၃၃၇ ၊ ခု၊ ပြာသိုလပြည့်နေ့၊ စစ်ကိုင်းတောင်ရိုး
ကျစွာဆရာတော်ဘုရားကြီး၏
၄ ကြိမ်မြောက် ဂုဏ်ကျေးဇူးတော်ပူဇော်ပွဲ၌
ရတနာမာရ်အောင် အသျှင်ပြဟ္မဝံသ သိကုံးဖတ်ကြားအပ်သော

**မဟာထေရ**

# ဂုဏကထာ ဂီတိ ဂါထာများ

**ပညာဂုဏ်လွှင် ထေရ်အရှင်**

ဒက္ခာဇေရော မဟာဝီရော၊ မဂဓေ ဆောက လောဂကော။
ပရေ ဒေသိယဘာသာယံ၊ ဝိဇယော တေဟိ သာသနေ။

မဟာဝီရော - ဟာသဇဝန တိက္ခဂမ္ဘီ စသည့်ဂုဏ်လွှမ်းဘိ မြင့်သော ရဲစွမ်းသတ္တိလည်း ရှိတော်မူထသော၊ အာဇေရော-စာပေသမုဒ္ဒရာ ငါးအာနန္ဒာသို့ လိမ္မာကျက်စား ကျေးဇူးရှင် ကျစွာဆရာတော်ဘုရားသည်၊ မဂဓေ-ပါဠိအဋ္ဌကထာ ဋီကာ အနု မဓု ယောဇနာ အစဖြာသည့် မဂဓဘာသာ အစုစု၌လည်း၊ဆောကလောခကော-စာချစာသင် လက်မလွှတ်ချင်သည့်'ကျစွာနိယံ'စသော ကျမ်းဂန်ကိုစီစဉ်သဖြင့် ဂန္ထကာရကစာရေးဆရာ့အကျော်အမော် ဆရာတော်လည်း ဖြစ်တော်မူပါပေ၏၊ ပရေ-ဆွရ ဆတိ ပါဏိနိ စ သက္ကဋဘာသာရပ်၌လည်း၊ ဆောကလောခကော-ဘာသာစုံလင် တတ်ကျွမ်းချင်ကြသည့် ရဟန်းရှင်လူ ပညာသင်တို့အတွက် ဒုဏ္ဍိစသော သက္ကဋကျမ်းဂန်ကို မြန်မာနိသျှပြန်ဆိုရေးသားခြင်းဖြင့် ဂန္ထကာရက စာရေးဆရာအကျော်အမော် ဆရာတော်လည်း ဖြစ်တော်မူပါပေ၏၊ ဒေသိယဘာသာယံ - ရောက်တတ်ရာရာ မြို့ရွာအလိုက် ခေတ်အါ ်ကန်နှင့်စရိုက်ညီထွေ ဟောရာပြောရာ စကားအထွေထွေ၌လည်း၊ ဒက္ခော-အငြြ အနေအရပ်ရပ် လျှင်မြန်စွာ သုံးသပ်တတ်သဖြင့် လ နှစွာ လိမ်မာပါးနပ်တော်မူလှပါပေ၏၊ သာသနေ-ဘုန်းသမ္ဘာ ရှိသူတို့၏ ပျော်ပါးရာ နန္ဒဝံ ဥယျာဉ်သာအလား ထူးခြားတေဇာ ဘုန်းသမ္ဘာရှင် သူတော်စင်တို့ ကပ်ဝင်ခိုမှီး သာသနာတော်မြတ်ကြီး၌၊ တေဟိ-ထိုဆိုအပ်ပြီး ဂုဏ်အသီးသီးတို့ဖြင့်၊ ဝိဇယော - ခက်ဆစ်ခက်ရာ အပြာပြာ၌ လွန်စွာချက်ပိုင်အောင်တံခွန်လွှင့်ထူနိုင်သဖြင့် အောင်နိုင်သူအစစ် ဖြစ်ကြီးဖြစ်တော်မူပါပေသတည်း။

# ဆင်ပြောင်ပမာ ဒို့ဆရာ

ဟေရော ရတော ဝသာည္တေ၊ ယာမော ဇလည ဂဇောဝနေ။
သိနိဒ္ဓေါ စရပဏ္ဍာယေ၊ နိဋ္ဌာယံ ပိဋကတ္တယေ။

တာမော - သစ်ဓိဘာစ်ပင် သစ်ရက်ဆင့်၍ စိမ်းလင့်နေတုန်း လတ်ဆတ်စွာ စားသုံးရသောကြောင့် ဝန်ကိုရှုံးထမ်း အင်အားကြီးမားသော အားစွမ်းလည်းရှိထသော၊ ဂဇော-ဘုရင်နေပျိုး မြတ်သတိုးတို့ မြတ်မိုးသိမ်းဆည်း ရတနာထိုက်သော ဆင်ပြောင်ကြီးသည်၊ သဉ္ဇာငွေ - တောင်အထပ်ထပ် လျှိုမြောင်ပတ်လျက် လုံးရပ်ဖုံဖုံ အပင်မျိုးစုံတို့ဖြင့်လွှမ်းခြုံအပ်သော၊ ဝနေ - စားသောက်ဖွယ်ရာ လွန်စွာပြည့်ကြွယ် ဘေးမသွယ်သော တောအလည်၌၊ ရတော္တဝ = နှစ်မြိုက်ရွှင်ပျော် မွေ့လျော်ဘိသကဲ့သို့။

တလာ-ထိုနည်းမခြား အလားတူသာလျှင်၊ သိနိဒ္ဓေါ-ပေါင်းသင်းဆက်ရာ ခက်မပါဘဲ မေတ္တာဓာတ်ပျင်း အလွန်နည်း သိမ်မွေ့ခြင်းလည်းရှိထသော၊ ယာမော-ပရိယတ် ပဋိပတ် သီးရွက်ဖတ်ကို လတ်ဆတ်မနွမ်းနေ့စဥ်စားသုံးရသောကြောင့် သဒ္ဓါစလာ ခုနစ်ဖြာသောဥစ္စာကို ပိုးကာထမ်းနိုင် ကြီးခိုင်သောအားအစွမ်းလည်း ရှိတော်မူထသော၊ ထေရော-ကျစွာကျစွာ ထေရ်ဆရာဟု သညာထင်ရှား ကျေးဇူးတော်ရှင် ကျစွာဆရာတော်ဘုရားကြီးသည်၊ သဉ္ဇာနွေ-နေ့ဝါညဝါ အဋ္ဌကထာနှင့် ဋီကာအနုမဂ္ဂ ဂဏ္ဌိ ယောဇနာ အစရှိသည်တို့ဖြင့် ကောင်းစွာ လွှမ်းခြုံအပ်သော၊ ပိဋကတ္တယေ စ - သုတ် ဝိနည်း အဘိဓမ္မာ လုံးစုံ ပိဋက သုံးပုံ ၌ရင်း၊ အညေစ-သက္ကဋ နာဂရီ ဘင်္ဂါလီနှင့် ဟိန္ဒီတဝ အင်္ဂလိပ် သီဟိုဠ်စသော တပါးသော ဘာသန္တရ၌ရင်း၊ စရံစရန္တော-လူးလာတို့ခေါက် လမ်းဖုံလောက်အောင် ပေါက်ရောက်ကြိမ်များ အထပ်ထပ်ညက်ဖြင့် ကျက်စားတော်မူလျက်၊ နိဋ္ဌာယံ-ပါဠိ ဤသို့ မြန်မာဤနှယ် မိပ္ပါယ်ဆက်စပ် ဒေါင့်မျိုးစုံသုံးသပ်လျက် ဆုံးဖြတ်တော်မူရခြင်း၌ရင်း၊ အဇ္ဈာယေ-ပဋိပတ်ညက်မိုးသို့လျှံအောင် နာခံမှတ်သား တပည့်များတို့ကို သင်ကြားပို့ချ ကြည့်-ကြံ-စု-မှတ်ခြင်းဟုဆိုအပ်သော စာဖတ်ခြင်းအဝဝ၌ရင်း၊ ရတော-မောတယ် ပန်းတယ် နွမ်းမနယ်ဘဲ ကျင့်ဘွယ်ပျော်ပိုက် ထေရ်ကျော့စက်၌ နှစ်ခြိုက်ရွှင်ပျော် အော်.... မွေ့လျော်တော်မူခဲ့ပါပေသတည်း။

## ပြည့်ဖြိုးလနွယ် ဗိုဘုန်းကြွယ်

ဘာဏီ ပိဝေတိ ပဏ္ဏိန္နော၊ မာရမာသာ မဟာဇနေ။
ထေရော နော ပေါသကောဝမ္မ၊ ရသာဝိဏ္ဏံ မဟိတလေ။

ပဏ္ဏိန္နော-အရောင်အဆင်း ဝန်းဝိုင်းခြင်းနှင့် ကြည်တင်းလျှံနံ သဏ္ဌာန်လုံးပတ် ဤလေးရပ်တို့ဖြင့် ဂုဏ်ထပ်ပျံ့ပြော ရှုမောဖွယ်ရာ ကျော်လ ရတနာကြီးသည်၊ အာသာ-အရောင်မပို့ အပျောင်ဖုံ့သဖြင့် လင်းရောင် အာဟာ (ရေစာ) ချို့တဲ့သောကြောင့် စွဲမက်အာသာ လွန်စွာလိုလား ကြီးမားကြကုန်သော၊ မဟာဇနေ-များစွာထောင်သောင်း လူအပေါင်း တို့ကို၊ ဓာရံ-စိတ်ထားဖြူစင် မြတ်သူခင်လောက်တဲ့ မိမိ၏ရောင်ဝါတည်း ဟူသော ရေယဉ်တို့ကို၊ ပိဝေတိယထာ-ဝေနေများစွာ သတ္တဝါကို အာသာ ပျောက်ပြေ သောက်ဘိစေသကဲ့သို့၊ တထာ-ပုံမှီးပမာ ထို့အတူသာလျှင်၊ ဘာဏီ-တရားစကား စာစကားကို မရပ်မနား အာဝဇ္ဇာန်း ဉာဏ်သွားဖြင့် အချိန်ကြာမြင့်စွာ ပြောကြားနိုင်လေ့ရှိတော်မူထသော၊ ပေါသကော-ပစ္စယာနုဂ္ဂဟ ဓမ္မာနုဂ္ဂဟနှစ်ဌာနတို့ဖြင့် တောက်ပံ့ဖေးကူ ပေးကမ်းစောင့်ရှောက် မွေးမြူတော်မူတတ်ထသော၊ ထေရော-သီလ သမာဓိ ပညာဖြင့် ဂုဏ်ဝါမြင့်ကြွား ကျေးဇူးတော်ရှင် ကျက္ကာဆရာတော် ဘုရားကြီးသည်၊ မဟိတလေ-ကမ္ဘာတခွင် မြေအပြင်၌၊ အာဝိဏ္ဏံ - သက်တော် ရှစ်ဆယ် ဝါခြောက်ဆယ်ဟု ရွယ်တော်သတ်မှတ် တိုင်သို့လက်အောင် အမြဲမပြတ် လေ့ကျင့်တော်မူအပ်သော၊ ဓမ္မရသံ- ပရိယတ် ပဋိပတ် စွယ်စုံလတ်၍ ပြည့်ဝပ်ကိုန်းတည် သီလတော်စသော ဓမ္မရသာရည်ကို၊ နော - အာလောင်မွတ်သိပ် ကုသိုလ်စိတ်ဖြင့် တွင်ထိပ်တရား နိဗ္ဗာန်ကို လိုလားကြကုန်သော အကျွန်ုပ်တို့အား၊ ပိဝေတိ - အားအင်ပြည့်မောက် နိဗ္ဗာန်ပေါက်အောင် ဆိုက်ရောက်နိုင်စေ အော်....တိုက်ကျွေးသောက်စေတော်မူပါပေသတည်း။

**အလင်းပေးနေ ဂုဏ်မမေ့**

ယထာ ဥဒယ မာဒိစ္စော၊ ဓမ္မိဋ္ဌံ ၀ါ ဇုတိန္ဓဒေါ။
ပဝိဒ် သေတိ အာစေရော၊ ပါဏိနံ သမ္မ စာရိနော။

ဥဒယံ ဥဒယန္တော - မြင့်မိုရ်တောင်၀န်း ဥဒည်စွန်းမှ တက်တွန်း ပေါ်ထွက်၍လာသော၊ အာဒိစ္စော-ရောင်ခြည်တထောင် အလင်းဆောင် လျက် ကွန့်ပြောင်ထိန်လင်း ရှင်နေမင်းသည်၊ ပါဏိနံ-၀ဋ္ဋဘုံအတွင်း ဒပင်းများစွာ သတ္တ၀ါဝေနေယျတို့အား၊ ဠဋ္ဌံ ၀ါ - မြင်သူနှလုံး ပီတိဖုံး အောင် စွဲသုံးစေတတ် ဠဋ္ဌာရုံအရပ်ရပ်ကိုရင်း၊ အနိဋ္ဌံ ၀ါ-မြင်သူအများ ဒေါမာန်ပွားအောင် ဆွဲဆောင်နိုင်လတ် အနိဋ္ဌာရုံအရပ်ရပ်ကိုရင်း၊ ပဝိဒ် သေတိယထာ-ဤကားအကောင်း ဤမကောင်းဟု ဆိုးကောင်းပြတ်သား သိထင်ရှားအောင် မှတ်သားနိုင်စေ ညွှန်ပြလေဘိသကဲ့သို့-

တထာ - ထိုနည်းတမူ အလားတူသာလျှင်၊ ဇုတိန္ဓဒေါ - လောက အလယ် တင့်တယ်ဘွယ်ရာ အသိအလိမ်မာ ဉာဏ်ပညာဟု ဆိုအပ်သော ရောင်၀ါကို ပေးတော်မူတတ်ထသော၊ သမ္မစာရိနော - ကိုယ်နှုတ်နှလုံး သုံးပါးလုံးကို စောင့်သုံးနိုင်ဘိ တည်ငြိမ်ကောင်းမြတ်သော အကျင့်လည်း ရှိတော်မူထသော၊ အာစေရော - အုံ့ဘွယ်ရှစ်ဖြာ ဂုဏ်အင်္ဂါနှင့် စုံစွာ ရောင် ဖိတ် သာသနာတော်တည်း ဟူသော တောင်ထိပ်မှ ဂုဏ်ဟိတ်မြင့်ကြွား ကျေးဇူးတော်ရှင် ကျစွာဆရာတော် ဘုရားကြီးသည်၊ (၀ါ အာစေရော- သီလသမာဓိ ပညာရောင် အလင်းဆောင်လျက် အမှောင်ဖယ်ရှား ကျေး ဇူးတော်ရှင် ကျစွာဆရာတော်ဘုရားကြီးသည်)၊ ပါဏိနံ-ပုပ္ပုရွှ သတ္တ၀ါ ဝေနေယျတို့အား၊ ဓမ္မံ ၀ါ - အရိယာရှင် သူတော်စင်တို့ ခုံမင်မြတ်နိုး ကောင်းကျိုးပေးတတ်သော မြတ်တရားမျိုးကိုရင်း၊အဓမ္မံ ၀ါ-ဘာသိဉာဏ် နဲ့ လူမိုက်ခဲတို့ သုံးစွဲမပြတ် မကောင်းကျိုးပေးတတ်သော အဓမ္မမျိုး ကိုရင်း၊ ပဝိဒ်သေတိ - ဉာဏ်ဖြင့်ချင့်ချိန် မြတ်ကဝိန်တို့ ထိန်ထိန် တောက် ကြွား သိထင်ရှားအောင် စံထားပုံသေ အော်....ညွှန်ပြတော် မူခဲ့ပါပေ သတည်း။ ။

ရေးသား ပူဇော်သူ
**အရှင်ဗြဟ္မစံသ**
သာသနဓဇ သိရိပ၀ရ ဓမ္မာစရိယ
ရတနာမာရ်အောင်ချောင်၊ စစ်ကိုင်းတောင်

၁၃၃၄-ခု၊ ပြာသိုလပြည့်နေ့
စစ်ကိုင်းတောင်ရိုး ကျေးဇူးရှင် ကျစွာဆရာတော်ဘုရားကြီး၏
၆ ကြိမ်မြောက် ဂုဏ်ကျေးဇူးတော် ပူဇော်ပွဲကြီး၌
ဖတ်ကြားပူဇော်အပ်သော

# မဟာထေရဂုဏကထာ-ပဏ္ဍိဒါန

# ဂါထာများ

### မဟာထေရ ဂုဏကထာ

သွာစေရာ ဂခမာ နော ထေရော၊ ဝံသဘာသာ နုရက္ခကော။
ဘာသန္တရာဒိ ကောသလ္လော၊ နုဒ္ဒယော အာဘိပူဇိတော။

သွာစေရာဂမော - အသျှင်မဟာကဿပ ထေရ်မှစ၍ မြတ်စွာဘုရား ပင်ယှက် ရှေ့ကျင် ဝိသုဒ္ဓါရုံ ဆက်ရုံနွယ်လာ 'ဝိမလာလင်္ကာရ ကဝိဓဇ မဟာမဏ္ဍလဓဇာဓိရာဇဂုရု' သုန်းထုခတ်နှိပ် တံဆိပ်တော်ရ ပထမ မောင်းထောင် ဆရာတော် စဖော်ရေတွက် ဆရာကောင်းအဆက်ဆက်တို့မှ ဆင်းသက်၍ လာသော ဘုန်းပေါ်ထ ပေထသော၊ ဝံသဘာသာနုရက္ခကော-နယ်ခွဲခါခေါင်ထိပ် အင်္ဂလိပ်ကို ဟိုး ကိုတ်ရိုက်နှက် လက်နက်မသုံး ဉာဏ်နှလုံးဖြင့် ချေပနှိမ်ချက်ချိုး မြန်လူ မျိုးတို့ မညှိုးဘာသာ သာသနာစက် ဂုဏ်ဝါလက်ဘို့ ငဲ့ကွက်ပံ့ပိုးသောက် အစဉ် စောင့်ရှောက်တော် မူပေထသော၊ ဘာသန္တရာဒိကောသလ္လော - သက္ကဋ ဟိန္ဒီ ဗင်္ဂလီနှင့် သုံးလီပိဋကတ် ကျမ်းဂန်မြတ်တို့ကို တဟုံတဟုံထင် ထင် သိမြင် လိမ္မာတော်မူပေထသော၊ အနုဒ္ဒယော - သ၁းငါးပါးရဲ့ဘန် မကျန် မကြွင်း ခပင်းများစွာ သတ္တဝါကြီးသေး ဘေးမဲ့ပေးသဖြင့် မနေ့း အပျဉ် သနားခြင်းကရုဏာနှင့် ယှဉ်တော်မူပေထသော၊ နောထေရော-ငါ တို့ဆရာ ဂုဏ်ဝါကြီးမား ကျေးဇူးရှင် **ကျစွာဆရာတော်ဘုရားကို**၊ နော အမှေဟိ-ထေရ်ရှင်ဘုန်းဂုဏ် စိတ်ဝယ်ထုံလျက် ကြည်ယုံလေးစား တပည့် သံဃာ ဒကာ ဒကာမ များတို့သည်၊ အာဘိပူဇိတော - အလှန်လေးမြတ် သဒ္ဓါခတ်ဖြင့် **မပြတ်ကော်ရော် ပူဇော်အပ်ပါ၏ဘုရား။**

## ပတ္တိဒါန ဂါထာ

မဟာထေရဿ ဝဏ္ဏော၊ မယာမာရဗ္ဘ သဿတံ။
ကရောမ ဒါနိ ပုညာနိ၊ သေံ ပတ္တိံ သုဝိန္ဒတံ။

မယံ-ထေရ်ရှင်ဆိုးမ ဩဝါဒကို တစမသေ့ လိုက်နာပေတောင်း တပည့်တော် သံဃာ ဒကာ ဒကာမအပေါင်းတို့သည်၊ မဟာထေရဿ-အမျိုးဘာသာ သာသနာရေး ကိုယ်စိတ်ပေး၍ အလေးတမူ မယူကိုယ်ကျိုး ဆောင်သည်ပိုးသည့် အမျိုးချစ်သား ကျေးဇူးရှင် ကျစွာဆရာတော်မြတ်ဘုရား၏၊ ဝါ-နတ်တို့ရွှေဘုံ ခိုလှုံစံစား မြတ်တရားကို မနားကြိုးကုတ် အားထုတ်နေငြား ကျေးဇူးရှင် ကျစွာဆရာတော်မြတ်ဘုရား၏၊ ဝဏ္ဏေ-ထေရ်မြတ်သန္တာန် အမှန်တည်ငြား ဂုဏ်ကျေးဇူးတော်များကို၊ သဿတံ ဧဝ-နေ့ရောညဥ့်ပါ ဘယ်ခါမစဲ အမြဲသာလျှင်၊ အာရဗ္ဘ-စိတ်ဝယ်ကြည်ယုံ သဒ္ဓါဟုန်ဖြင့် အာရုံရှေးရှု အကြောင်းပြု၍ ၊ဒါနိ-နတ်ပြည်ဘုံနန်း ပျော်စံမြန်းသည်မှ ယခုကျအောင် ပြည့်ထင်းဝါ ဤယနေ့အခါ၌၊ ပုညာနိ-ဘုရားမှူးရှိ အရိယနွယ်လာ သမုတိထေရ်သံဃာတို့အား ရသာ ချိုချဉ် ဘောဇဉ်အရပ်ရပ် ဆက်ကပ်ပြီးထ မမ္မသဘင် နွဲဆင်ရာဝယ် သဒ္ဓါစင်ဖြူ နာယူကြငြား သီလရှင် အများတို့အားလည်း တတ်အားသမျှ လှူဒါန်းရသည့် များလှအစု မြတ်ကောင်းမှုတို့ကို၊ ကရောမ-စေတနာဖွေးဖြူ အလေးမူလျက် ပေးလှူပြုလုပ်ကြပါကုန်၏ဘုရား၊ သောထေရော - အနန္တဂိုဏ်းဝင် ကျေးဇူးရှင် ထိုကျစွာဆရာတော်ဘုရားကြီးသည်၊ သေံပတ္တိံ-ယနေ့ယခု ပြုစုပါရ ဤကုသိုလ်မျိုးတို့၏ အဖို့ဘာဂကို၊ သုဝိန္ဒတံ-မြေကြီး လက်ကိုင် မလွဲနိုင်သို့ ကိုယ်ပိုင်မသေ့ ရရှိတော်မူပါစေသတည်း။

ရေးသားပူဇော်သူ

**အသျှင်လက္ခဏ**

( ဓမ္မာစရိယ-ပါဠိပါရဂူ )
ကျစွာချောင်၊ စစ်ကိုင်းတောင်ရိုး

၁၃၃၅-ခု ပြာသိုလပြည့်နေ့

**စစ်ကိုင်းတောင်ရိုး**

# ကျဋ္ဌာဆရာတော်ဘုရားကြီး၏

၇ ကြိမ်မြောက် ဂုဏ်ကျေးဇူးတော်ပူဇော်ပွဲ၌
ဖတ်ကြားအပ်သော

## ကျဋ္ဌာ မဟာထေရဂုဏဂယာ ဂါထာများ

## ဂုဏ်ပြုသင့်က ဂုဏ်ပြုကြ

ဝဏ္ဏာရဟဿ ဝဏ္ဏံဝ၊ ဘူတံ ကာလေန ဘာသိတံ။
အဘိက္ကန္တတရော တေန၊ ဣမံ ဘာသန္တိ ပဏ္ဍိတာ။ ။

ကာလေန-ဂုဏ်ပြုဘို့ အရေးဆိုက် အကြောင်းညီညွတ်စွာ ကြုံကြိုက်သည့်အခါ၌၊ ဝဏ္ဏာရဟဿ- သီလ သမာဓိ ပညာတော်ဟူ၍ ဂုဏ်ပေါင်းစုံ ပြည့်ဝသဖြင့် ရှိသမျှအဖြစ်မှန် ဂုဏ်ပြုဘို့ရန် ထိုက်တန်လှသူ၏၊ ဝဏ္ဏံဝ- လုပ်ကြံဂုဏ်ပုံမပါ အရှိအတိုင်းသာဖော်ကျူး ကောင်းသမျှ ဂုဏ်ကျေးဇူးကိုသာလျှင်၊ ဘူတံ - မလုပ်မဆိုင်း ဟုတ်မှန်သည့်အတိုင်း၊ ဘာသိတံ- အပြောကြီးဘိ အတိပ္ပဟဒေါသပယ်ဖျက် ညီစီဖြာဂုဏ်တက်အောင်အချက် ကျဋ္ဌာ ချီးမွမ်းပြောဆိုအပ်ပါ၏၊ တေန ကာရဏေန- ဂုဏ်ပြုသင့်က ဂုဏ်ပြုရသည့် မြတ်လှစိတ်ကောင်း တို့အကြောင်းကြား၊ ဣမံ ပုဂ္ဂလံ - ဂုဏ်ကျေးဇူးတော် ရှိတိုင်းဖော်၍ ပူဇော်သောအခါ၊ [illegible]ကြားသောသူကို၊ ပဏ္ဍိတာ - ဘုရားစသား ဂုဏ်သူးရှင် ပညာရှိအများတို့သည်၊ အဘိက္ကန္တတရော - လောကကြီးတခုလုံး ပြိုင်လာချင် ရှုံးလောက်သည့် အကောင်းဆုံး အမြတ်ဆုံးဟူ၍၊ ဘာသန္တိ- မုံ အာရွှေနှုတ် ကြာကုမုဒ်မှ လှစ်ထုတ်မြွက်ဖော် မိန့်ကြားတော်မူလေကုန်သတည်း။

## နောင်ရေးဖြစ်အင် သူမြော်မြင်

အနာဂတေ ပ၀တ္တညု၊ ပုဗ္ဗေနုသာသနံ ဂတော။
ဇ၀ံ ဒါနိ ဒိဋ္ဌေ၀နော၊ အဟော ထေရဿ ဇာနကော။

အနာဂတေ – မဖြစ်ပေါ် သေးရာ နောင် အနာဂတ်အခါ၌၊ ပ၀တ္တညု - လောကီရေးက သည်နှယ် လောကုတ် နယ်ကသည်ပုံဟု စနစ်ကုန် ၀ေဘန်ကြည့်လို့မို့ အဖြစ်စုံအမှန်သိသည်ဖြစ်၍၊ပုဗ္ဗေ-မဖြစ်ပေါ်ခင် ရှေ့အလျင်က၊ အနုသာသနံကတော-သည်လိုကျင့် သည်လိုကြံ သည်လိုဖန် သည်လိုနေဟု ပေါင်းသိသော တပည့်များကို မြွက်ကြားမိန့်ဟာ ကြိုတင်ကာ ဆုံးမတော်မူခဲ့ပါပြီဘုရား၊ ဘော မဟာထေရ-နတ်တို့ဘုံနန်း ထက်ကြငှန်းသို့ ကြွမြန်းစံစား အို-ကျစ္စာဆရာတော် မဟာထေရ်မြတ်ကြီး ဘုရား၊ ဒါနိ ဣဒါနိ-လောကသာသနာ နှစ်ဖြာအရေး စိတ်နွေးစရာ ဤယခုလိုအခါ၌၊ ဇ၀ံ-မဖြစ်ပေါ်ခင် ရှေ့အလျင်က ကြိုတင်မြွက်ကြား ဟောကိန်းထုတ်ထားသည့် အတိုင်းသာလျှင်၊ နော အမှေဟိ-ဆရာတော် ဆုံးမ ဩ၀ါဒကို တစမသွေ မြက်ခြေမပြတ် စောင့်ကြပ်ကြည့်ကာ လိုက်နာနေကြွား တပည့်တော် တပည့်တော်မများတို့သည်၊ ဒိဋ္ဌော-မျက်၀ါး ထင်ထင်တွေ့မြင်နေရပါပြီဘုရား၊ဘောဋ္ဌော-အိုသူတော်ကောင်းအပေါင်း များတို့၊ ထေရဿဇာနကော - ကျစ္စာအကျော် ထေရ်မဟော်၏ ဉာဏ်တော်ထူးမြတ် ကြိုတင်၍သိပုံ အသိဓာတ်သည်၊ အဟော-ဦးရစ်ပေါင်း မြှောက် လက်ပန်းပေါက်ရိုက်ဟည်း လက်ဖျစ်တီးကာ အော်....အံ့ခြီးဘွယ် ရာကောင်းလှပါတော့သည်တကား။ ။

# မြန်မာဂန္ဒီ ဘွဲ့ထူးချီ

သကရဋ္ဌေ ကာံ ဝတ္တံ၊ မုဝံ ဝါ လက်တော ဂိယံ။
တဇတော ကျစ္စာမဟာထေရော၊ မြန်မာဂန္ဒိတိ သမ္ဘုတော။

သကရဋ္ဌေ-သုံးဆောင်ဘိုရန် သယံဇာတပေါကြွယ်ဝသည့် မြန်မာ့နယ်ရင်း ကိုယ့်ပြည်တွင်း၌၊ ကတံ-မြန်မာနည်း မြန်မာ့ဟန် ကိုယ့်ကြမ္မာ ကိုယ်သာဖန်လျက် တရံသန်တိုင်းတပါး၏ စွမ်းအားကိုမကိုး ကိုယ့်ဘာသာ ကိုယ့်လူမျိုးတို့ မရိုးအောင် ဉာဏ်စွမ်းထွင်၍ ကိုယ့်စွမ်းယှဉ်ခါ ရက်လုပ် အပ်ပေထသော၊ ဝတ္ထံ-မျက်နှာသုတ် လွယ်အိတ် သပိတ်အိတ် စောင် မြားမြောင်အခဏ်းခဏ်း သက်န်းအစဖြာ လက်ငင်ချည် ပရိက္ခရာကို၊ မုဝံဝ-ဝံသာနုစိတ်ဓာတ် ဝင်ကိန်းဝပ်ရာ ချိန်အခါမှစ၍ နေ့ညမပြတ် အမြဲဒလာပ်သာလျှင်၊ ပိယံ-မျိုးချစ်စိတ်ပြင်းပြ လွန်မင်းစွာဆက်သန်လှ၍ ၎ုမ်းလျှမည်ိုး စုံမက်မြတ်နိုးစွာ၊ အလက်တော-တိုင်းပြည်ကိုချစ်ခင် အမျိုးဂုဏ်မြှင့်တင်၍ အစဉ်အဒလေးမူ မြန်ပြည်သူတို့ နည်းယူလိုက်နာ ပြုစိမ့်ငှာဟု ဦးစွာတင်လှမ်း ဆင်မြန်း ဝတ်ရုံတော်မူခဲ့လေပြီ၊ တဇော-ပြည်တွင်းဖြစ် အဝတ်ထည် ဖျင်ပင်နီအထည်ကြမ်း တင်လှမ်းဘိတောင်း ထိုအကြောင်းကြောင့်၊ ကျစ္စာမဟာထေရော - ဝံသာနုအကျော်အမော် ရွှေမျက်မှန် ဦးဝိဇယ အမည်ကျော်သည့် ထိုမျိုးချစ် ကျစ္စာဆရာတော်ကို၊ မြန်မာဂန္ဒိတိ-အိန္ဒိယနယ်ဘွား မျိုးချစ်ခေါင်းဆောင် မဟတ္တမဂန္ဒီအလားကဲ့သို့ တင်စားရှုဇ္ဈံ မြန်မာဂန္ဒီဟူ၍၊ သမ္ဘုတော-အမျိုးချစ်ခင် များလူရှင်တို့ တီတွင်မြွက်ဖော် ခေါ်ဝေါ်အပ်လေပြီတကား။

## တိုင်းပြည်အကျိုးဆောင် ဉာဏ်ပြင့်ပေါင်

ဒုက္ခိတာနံ ဒယာပေတော၊ ရဋ္ဌိကာနံ ဟိတာဝဟော။
ဉာဏီကရော အညာဏီနံ၊ ဟိတာဝဟောကိ ဉာဏိကော။

ဒုက္ခိတာနံ - လိုတာကိုမရ၍ ငိုကာပင် တလောက်အောင် ကျွန်သဘောက်ဘဝနှယ် ဒုက္ခသယ်အပူနွှောက်လျက် ဆင်းရဲတွင်းရောက်နေကြကုန်သောသူတို့အား၊ ဒယာပေတော-ချမ်းသာရဘို့မနေးအရှည် ငါကိုယ်တိုင်ကယ်တင်မည်ဟု အတည်ငံ့စား သနားခြင်းကရုဏာစိတ်ထားရှိတော်မူထသော၊ ရဋ္ဌိကာနံ-မြန်မာတိုင်းဘွား လုပ်သားပြည်သူများရှင်လူတို့၏၊ ဟိတာဝဟော-အမျိုးဘာသာ သာသနာအတွက် ယိပ်တန်းရောက် တိုးတက်အောင် အားပျက်လို့မတိမ်းရှောင် ကိုယ်တော်တိုင် အကျိုးဆောင်တော်မူထသော၊ အညာဏီနံ-လောကနှင့်သာသနာ ဤနှစ်ဖြာအရေးအခင်း အသိဉာဏ်မပွင့်လင်း အမြင်ကျဉ်းအလိုက်မှား ဉာဏ်နည်းသူငမိုက်သားတို့ကို၊ ဉာဏီကရော-မျိုးချစ်စိတ်ကိုနိုးဆွ ဘာသာရေးတက်ကြွစေလျက် အချက်ကျကျအမြင်သန်အောင် အသိဉာဏ်ရင့်ကျက်သည့် အမျိုးအဆက်ဆက်သမိုင်းဝင်ဉာဏ်ကြီးရှင်ဖြစ်အောင် ပြုပေးတော်မူနိုင်ထသော၊ သော မဟာထေရော - ထိုအမျိုးချစ်သား ကျေးဇူးရှင် ကျစွာဆရာတော် မြတ်ဘုရားကို၊ တေန ဂုဏေန-အမျိုးဘာသာ သာသနာ့ဘောင် ကောင်းကျိုးဆောင်၍ ဉာဏ်ရောင်ဝင်းလက် ဂုဏ်မြင့်တက်အောင် ရွက်ဆောင်ပြုစု ထိုဂုဏ်အစုစုကြောင့်၊ ဟိတာဝဟောတိစ-မြန်မာ့တိုင်းဘောင် သမိုင်းပြောင်သည့် အကျိုးတော်ဆောင် ပုဂ္ဂိုလ်ဟူ၍၎င်း၊ ဉာဏိကောတိစ-လောကရေးရာ သာသနာအရေးအခင်း ဉာဏ်ပွင့်လင်းသည့် ဘွင်းဘွင်းသိမြင် ဉာဏ်ကြီးရှင်ဟူ၍၎င်း၊ သမ္မတော-အမျိုးချစ်ခင် ဉာဏ်ကြီးရှင်တို့ တီထွင်မြွက်ဖော် ခေါ်ဝေါ်သမုတ်အပ်လေတော့သတည်း။

**အရှင်လက္ခဏ**
ဓမ္မာစရိယ ပါဠိပါရဂူ
ကျစွာချောင် စစ်ကိုင်းတောင်ရိုး
၁၃၃၅ ခု ပြာသိုလဆန်း ၁၅ ရက်

၁၃၃၆-ခုနှစ် ပြာသိုလပြည့်နေ့

စစ်ကိုင်းတောင်ရိုး

# ကျစွာချောင် ဆရာတော်ဘုရားကြီး၏

၈ကြိမ်မြောက် ဂုဏ်ကျေးဇူးတော် ပူဇော်ပွဲ

အခမ်းအနားတွင်

**မန္တလေးမြို့ တောင်ပြင် ဝိဇိတာရုံကျောင်းတိုက် အရှင်ကောဝိဒ (ပချ)**

**ရေးသားပူဇော်အပ်သော**

**(၅၅-ပဒ အချီအချညီ၊ အားလုံး ၁၆၅ ပဒစီ)**

**မဟာထေရဂုဏကထာ ပိုဒ်စုံရတုစာ**

၁။ **မြန်ကိုင်းဒေသာ။** ။သတင်းဖြွာသား၊ ရောဝတီ၊ မြစ်ရေကြည်တို့၊ လျှံ့လည်ရစ်ဝိုင်း၊ စိမ်းညို့မှိုင်းသည့်၊ စစ်ကိုင်းရွှေတောင်၊ ကျစွာချောင်ဝယ်၊ အခေါင်နာယက ဥက္ကဋ္ဌဟု၊ သာသနာ့အလယ်၊ လသဖွယ်သို့၊ တင့်တယ်ထင်ပေါ်၊ မြတ်ကျော်မော်သည်၊ သက်တော်ရင့်ကာ၊ ကြီးပြင်းလာ၍၊ ကျစွာသာသနာ၊ စည်ပင်သာအောင်၊ ဆက်ကာဆော်အာ၊ ပုဂ္ဂိုလ်မြတ်ကို၊ ဉာဏ်လှပ်ဖုံဖုံ၊ ဆင်ခြင်တုံက၊ ဝိဇိတာရုံမည်ခေါ်၊ ဆရာတော်ကို၊ ဉာဏ်တော်အစဉ်၊ လင်းလင်းတင်၍၊ ပေါ်လွင်ကျော်ကြား၊ တပည့်များဖြင့်၊ ကြီးမားဘုန်းကံ....၊ ကျမ်းဂန်ပြုကျော်၊ ဆရာတော်သို့၊ ဖိတ်ခေါ်မသွေ၊ မိန့်ကြားလေက၊ မြွက်ထေရ်အကျော်၊ ဆရာတော်ကား၊ ထံတော်ပါး၌၊ ထင်ရှားစာချ၊ များသိသတင်၊ တပါးဝင်သည့်၊ အရှင်လက္ခဏ၊ စာချမမွှာစရိ၊ ဘွဲ့အရှိနှင့်၊ ပါဠိပါရဂူ၊ ခေါ်တော်မူ၍၊ ကြည်ဖြူလွန်မင်း၊ ကျစွာရင်းသို့၊ အပ်နှင်းလေက၊ အရှင်လက္ခဏကို၊ တွေ့ရသောခါ၊ စိတ်ချမ်းသာ၍၊ တိုးကာသက်ရှည်၊ ရှစ်ဆယ်ညီသော်၊ လူ့ပြည်မှ ရွှေ့၊ နတ်ပြည်မွေ့သည်၊ မမေ့နိုင်ကြပါတကား။

၂။ **စံနိုင်ငွေရှာ။** ။မရပါတည့်၊ ကျစွာသခင်၊ ဒို့ဘုန်းရှင်ကား၊ ဖြူစင်ညိုမျ၊ ခိုင်မြဲလှသည်၊ သီလသိက္ခာ၊ မြတ်သမာဓိ၊ ပညာပြည့်လျက်၊ ပါဠိမဂဓ၊ ပိဋကနှင့်၊ သက္ကဋဟိန္ဒီ၊ ပဏ္ဍိတ်မည်သား၊ မြန်ပြည်ခပင်း၊ သူ့ကျွန်တွင်းမှ၊ လွတ်ကင်းစေမူ၊ ရွှေဆောင်ပြုလျက်၊ ဝံသာနုဘက်လိုင်း၊ ဝိတ်ခေတ်ကိုင်း၍၊ ပွဲတိုင်းထိပ်က၊ တံဆိပ်ရရှင့်၊ မြန်မာ့အမျိုး၊ တောက်ပြောင်တိုးဘို့၊ အမျိုးဘာသာ၊ သာသနာတွက်၊ ခါခါဆက်၍၊ အသက်ပညာ၊ ဆောင်ခဲ့ပါတည့်၊ လောကာဓမ္မ၊ နှစ်ဌာန၌၊ လုံ့လသည်းရှိ၊ စွမ်းသတ္တိနှင့်၊ ဉာဏ်ပြည့်စုံညီ၊ ပြုဂုဏ်ရည်ကြောင့်၊ ဇာနည်ဘွဲ့ခံ၊ ရွှေမျက်မှန်ဟု၊ နိုင်ငံတလျှောက်၊ တံခွန်ဆောက်လျက်၊ ချွန်မောက်မြင့်ကြွား၊ ဆင့်ဆင့်အားဖြင့်၊ ထင်ရှားအစဉ်၊ မော်ကွန်းတင်၍၊ လူရှင်နှုတ်ဖျား၊ တ-သောအားဖြင့်၊ ပြောကြားဂုဏ်ရည်၊ ကမ္ဘာတည်အောင်၊ ကြာရှည်သမျှ၊ မြတ်ထေရ၏၊ ဂုဏစုံညီ၊ တောက်ပြောင်မည်တည့်၊ မြတ်သည်ထေရ၊ ပြုသမျှ၏၊ ဂုဏစုံစေ့၊ ဘယ်မမေ့သည်၊ ယနေ့တိုင်ရပါတကား။

၃။ **မှန်တိုင်းကြွေ။** ။ဂုဏ်ပေါင်းဖြာသား၊ နတ်ရွာမြန်းကြွ၊ မြတ်ထေရကို၊ သိသာများစုံ၊ စုပေါင်းကုန်လျက်၊ မြတ်ဂုဏ်ကျေးဇူး၊ အထူးထူးကို၊ ရည်စူးနှစ်စဉ်၊ ပွဲကြီးယင်သား၊ အစဉ်ကျရောက်၊ ရှစ်ကြိမ်မြောက်လည်း၊ ဆွမ်းတော်ကြီးနှင့်၊ သစ်သီးမုန့်စုံ၊ မီးရောင်စုံဖြင့်၊ အရုဏ်တက်စ၊ မြတ်ဗုဒ္ဓအား၊ ဦးစွာလှူကာ၊ မြတ်သံဃာလည်း၊ တရာကျော်မျှ၊ ဆွမ်းကပ်ကြ၍၊ ဓမ္မသဘာ၊ လာရောက်ပါသည့်၊ တရာပြည့်လွှင်၊ သီလရှင်တို့၊ ဝိစဉ်ချိုးကျ၊ ဒါနဝတ္တု၊ လှူဘွယ်စုတို့၊ ခဲ့မှုညီညာ၊ လှူဒါန်းပါတည့်၊ ရောက်လာများလတ်၊ ပရိသတ်လည်း၊ မလပ်စေရေး၊ ထမင်းကျွေးလျက်၊ မြိုက်ဆေးဓမ္မ၊ ဟောပြောကြ၍၊ ဂုဏကထာ၊ စုံလင်စွာဖြင့်၊ များစွာသိသာ၊ ရှိကြတာဝန်၊ ကြိုးအားသွန်၍၊ ထေရ်မွန်ကျစွာ၊ နတ်ပြဟ္မာမှ၊ နိဗ္ဗာန်ကျအောင်၊ သုခထက်တန်း၊ ရစေမှန်းလျက်၊ လှူဒါန်းဘာဂ၊ ပေးဝေငှသား၊ ထေရကျစွာ၊ နတ်မဟာသည်၊ စံရာနန်းဗွေ၊ နတ်တို့ပြေမှု၊ ပေးဝေယနေ့၊ ကုသိုလ်စေ့ကို၊ အတွေ့ပိုင်လှုပါတကား။

# အမှား အမှန် ပြင်ဆင်ချက်

| အမှား | အမှန် | စာမျက်နှာ | ကြောင်းရေ |
|---|---|---|---|
| ဖော်ကြူး | ဖော်ကျူး | ၁ | ၂၄ |
| ။ | ။ | ၁၅ | ၂၆ |
| ။ | ။ | ၁၆ | ၂၄ |
| ။ | ။ | ၂၅၉ | ၁၀ |
| ။ | ။ | ၂၆၁ | ၁၉ |
| ၁၃၀၂ | ၁၃၁၂ | ၂၅ | ၆ |
| မယ်သန် | မယ်ထန် | ၃၃ | ၁ |
| တထာ တေန အာကာရေန၊ | တထာတေန အာကာရေန | | |
| လလလက္ကယ်ံ | — — — — | ၃၅ | ၁၇ |
| (ဝါစသွကျ) | (ဝါစသွတျ) | ၄၂ | ၂၂ |
| သိမိကုမာရ | သိရိကုမာရ | ၄၅ | ၁၁၊၂၇ |
| ။ | ။ | ၄၆ | ၂၄ |
| ။ | ။ | ၄၇ | ၃၊၁၀ |
| ။ | ။ | ၄၀ | ၁၅၊၂၅၊၂၆ |
| ။ | ။ | ၆၄ | ၁၀ |
| အဂါမံပိ | အဂါခံပိ | ၄၇ | ၂၀ |
| အဂါမံ | အဂါခံ | ၄၇ | ၂၂ |
| အဝိရာမံ | အဝိရာခံ | ၄၀ | ၃ |
| စန္ဒြေဂါမိန် | စန္ဒြေဂေါမိန် | ၄၈ | ၈ |
| ရဟနမတိ | ရတနမတိ | ၄၉ | ၁၄ |
| ကိသန္တသမာသ် | ကိတန္တသမာသ | ၅၄ | ၂၁ |
| ပ္ပဟိကများသည် | မပ္ပကထိကများသည် | ၈၆ | ၆ |
| ဦးသုဂန္ဓရ | ဦးယုဂန္ဓရ | ၉၀ | ၂၄ |
| နည်းသစ် စနစ်ဆိုလျှင် | နည်းသစ်စနစ်သစ်ဆိုလျှင် | ၁၀၁ | ၂ |
| ကျစွာအမတ်ကြီး | ကျစွာမင်းကြီး | ၂၂၇ | ၁၀၊၁၂ |
| နတ်မာယာ၏ | နတ်မာရာ၏ | ၂၂၁ | ၁၃ |
| ဦးစာရိန္ဒတို့ | ဦးဝိစာရိန္ဒတို့ | ၂၃၇ | ၂၃ |
| သျှင်ဒိသာပါမောက | သျှင်ဗိသာပါမောက္ခ | ၂၄၉ | ၂၀ |

# အမှား အမှန် ပြင်ဆင်ချက်

| အမှား | အမှန် | စာမျက်နှာ | ကြောင်းရေ |
|---|---|---|---|
| စစ်လျဉ်း၍ | စပ်လျဉ်း၍ | ၁၄၅ | ၉ |
| တောင်ကျောင်း၌ | ထောင်ကျောင်း၌ | ၁၇၀ | ၂၇ |
| မမေစာရီ | မမေဓာရီ | ၁၇၂ | ၇ |
| မကုဏာဝတီ | မဂုဏာဝတီ | ၁၇၂ | ၁၃ |
| ကြိုဆိုပွဲလုရပ်မှ | ကြိုဆိုပွဲလုပ်ရာမှ | ၁၈၂ | ၂ |
| ဘောဓဥပါယ် | ဘောဒဥပါယ် | ၁၈၂ | ၇ |
| ရ့ဇာ | ဇရာ | ၂၇၄ | ၇ |
| ရွှေကူတိုက် | ရွှေဂူတိုက် | ၂၇၅ | ၄ |